
www.burmeseclassic.com

# ဌာနေတိုင်းရင်းသားများ
# နှင့်
# ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ
# သဘောတူစာချုပ်

## ပညာရေးလက်စွဲစာအုပ်



www.burmeseclassic.com

www.burmeseclassic.com

# ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်

## ပညာရေးလက်စွဲစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



# ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ပညာရေးလက်စွဲစာအုပ်

မူပိုင် © **TEBTEBBA** ၂၀၁၀

ယခုစာအုပ်၏မည်သည့်အစိတ်အပိုင်းကိုမဆို -
ထုတ်ဝေသူ၏ ခွင့်ပြုချက်စာမရှိဘဲ မည်သည့်နည်းနှင့်မျှ (သို့မဟုတ်) မည်သည့်ပုံစံနှင့်မျှ ပြန်လည် ထုတ်လုပ်ခြင်းခွင့်မပြု။

ထုတ်ဝေသူ
**Tebtebba Foundation**
**No.1 Roman Ayson Road**
**2600 Baguio City Phillipines**
**Tel: 63 74 4447703  Tel/Fax: 63 74 4439459**
**Email: tebtebba@tebtebba.org**
**Website: www.tebtebba.org**

| | |
|---|---|
| မူရင်းစာအုပ်ရေးသူ | **Jill Carino** |
| စာမူအယ်ဒီတာ | **Raymond de Chavez. Judy Carino ESihf Len Regpala** |
| လက်ထောက် | **Marty Carino** |
| မျက်နှာဖုံးဒီဇိုင်း စီစဉ်သူ | **Paul Michael Q. Nera** နှင့် |
| ထုတ်လုပ်သူ | **Raymond de Chavez** |
| ရှေ့မျက်နှာဖုံး | မြန်မာနိုင်ငံ ပဲခူးရိုးမအနောက်ခြမ်း တောင်ပေါ်ဒေသမှ ဌာနေကရင်တိုင်းရင်းသူများ ရိုးရာသဘာဝနည်းဖြင့် ချောင်းအတွင်းမှ ငါးများဖမ်းယူနေပုံ |
| နောက်မျက်နှာဖုံး | မြန်မာနိုင်ငံ ပဲခူးရိုးမအနောက်ခြမ်း တောင်ပေါ်ဒေသမှ ဌာနေကရင်တိုင်းရင်းသူတစ်ဦး ရိုးရာယက်ကန်း ယက်လုပ်နေပုံ<br>မြန်မာနိုင်ငံ ပဲခူးရိုးမအနောက်ခြမ်း တောင်ပေါ်ဒေသမှ ဌာနေကရင်တိုင်းရင်းသူတစ်ဦး ဆန်ဖွတ်နေပုံ |
| အတွင်းရှေ့မျက်နှာဖုံး | မြန်မာနိုင်ငံ ပဲခူးရိုးမအနောက်ခြမ်း တောင်ပေါ်ဒေသမှ ဌာနေကရင်တိုင်းရင်းသားတစ်ဦး တောင်ယာစပါး သယ်ဆောင်လာပုံ |
| မူရင်းရိုက်နှိပ်သည့်နေရာ | ဖိလစ်ပိုင်နိုင်ငံ **Baguio** မြို့ **Valley Printing Speciallst** |
| ဘာသာပြန်စာအုပ်စီစဉ်သူ | **POINT (Promotion of Indigenous and Nature Together)**<br>ပွိုင့် ( ရိုးရာဝန်းကျင် မြှင့်တင်ရေး အဖွဲ့ )<br>အမှတ် (၁၁၀၂)၊ ဦးအောင်ကျော်လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်။<br>ဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄ ၊ ၀၉-၄၅၀ ၀၀၅ ၃၉၅<br>အီးမေးလ် - **point.org.mm@gmail.com**<br>အင်တာနက် လိပ်စာ - **www.pointmyanmar.org** |
| ဘာသာပြန်သူနှင့် တည်းဖြတ်သူ | **Sane Sane @ Green (REAM)**<br>**(Renewable Energy Association Myanmar Local NGO)**<br>**နော်ဖေအေးစင်းစင်းဦး**<br>**နော်အိအိစင်း၊ မိုးထိုထို၊ နော်ဝင်းမိုးဝေအေး၊ စောထင်တာ**<br>**နိုင်ထီတာဝေအေးချော်၊ Sဝေဘုရှာ** |

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


မိတ်ဆက်-နောက်ခံ၊ ရည်ရွယ်ချက်နှင့်နည်းပညာ

၁။ ဌာနေတိုင်းရင်းသားများ၊ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် အခြေခံမိတ်ဆက်ခြင်း။

အပိုင်း ၁။ ဌာနေတိုင်းရင်းသားများနှင့် နိုင်ငံရေးရာ နှုတ်ခွန်းဆက်စည်းရုံးမှု။

အပိုင်း ၂။ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို နားလည်ခြင်း။

အပိုင်း ၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ဌာနေတိုင်းရင်းသားများပတ်သက်မှု။

အပိုင်း ၄။ ဌာနေတိုင်းရင်းသားများ၏ လှုပ်ရှားမှုများနှင့် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်။

၂။ အဓိက အကြောင်းအရာများနှင့် ကိစ္စရပ်များ။

အပိုင်း ၅။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ရိုးရာဗဟုသုတ။

အပိုင်း ၆။ ရိုးရာဗဟုသုတနှင့်တကွ မျိုးဗီဇအရင်းအမြစ်၏ အကျိုးကျေးဇူး မျှဝေခြင်းနှင့်ရယူခြင်း။

အပိုင်း ၇။ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်။

အပိုင်း ၈။ ဌာနေတိုင်းရင်းသားများနှင့် ဇီဝနည်းပညာ။

အပိုင်း ၉။ ဌာနေတိုင်းရင်းသားများ၊ ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် ရာသီဥတုပြောင်းလဲမှု။

အပိုင်း ၁၀။ ဌာနေတိုင်းရင်းသားများနှင့် ကာကွယ်ဧရိယာများ။

၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖေါ်ခြင်း။

အပိုင်း ၁၁။ အမျိုးသားရေးအဆင့်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အား အကောင်အထည်ခြင်း။

အပိုင်း ၁၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟာစနစ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှု။

အပိုင်း ၁၃။ ဇီဝမျိုးစုံမျိုးကွဲနှင့် ၄င်းနှင့်ဆက်စပ်သော ရိုးရာဗဟုသုတကာကွယ်မှု။

အပိုင်း ၁၄။ ဆက်သွယ်ရေး၊ ပညာရေးနှင့် လူထုသတိပြုမှု။

၄။ သင်ထောက်ကူပစ္စည်းများနှင့်နည်းလမ်းများ

- ကားချပ် တင်ဆက်မှု။
- အတွေးဝိုင်းကွင်းဆက်ရေးဆွဲခြင်း။
- အပိုင်းများရေးဆွဲခြင်း။


www.burmeseclassic.com

www.burmeseclassic.com



၅။ အတိုကောက်အခေါ် အဝေါ် နှင့်အရင်းအမြစ်များ။

- အတိုကောက်အခေါ် အဝေါ် များ။
- အရင်းအမြစ် ကိုးကားချက်စာရင်း။

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဆက် ၊ နောက်ခံ။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် **Convention on Biological Diversity (CBD)** အပေါ်တွင် ဌာနေတိုင်းရင်းသားများအား နှုတ်ခွန်းဆက်စည်းရုံးမှုနှင့် စွမ်းရည်မြှင့်တင်မှု တက်တီဘာ[၁] စီမံချက်အားအစပြုဆောင်ရွက်သည့် ၂၀၀၅ခုနှစ်ဇန္နဝါရီလကတည်းကပင် ညီလာခံနှင့်ဆက်နွယ်သည့် အခြေခံပညာပေးသင်ထောက်ကူပစ္စည်းများကို စုဆောင်းပြုစုပြီးဖြစ်ပါသည်။ ၄င်းတို့ကို ၂၀၀၅ မှ ၂၀၀၈ခုနှစ်အတွင်း ကျင်းပသည့် ဒေသတွင်း၊ ပြည်တွင်းနှင့် ပြည်ပတွင်ပြုလုပ်သော စွမ်းရည်မြှင့်တင်မှု အလုပ်ရုံဆွေးနွေးပွဲများ၌ အသုံးပြုခဲ့ပါသည်။

အချို့မှာပြုပြင်ပြီးဖြစ်၍ လုပ်ငန်းစဉ်တလျှောက် ဆန်းသစ်ခဲ့ပြီးဖြစ်သည်။ ၂၀၀၆ခုနှစ် မတ်လ၌ တက်တီဘာသည် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ဇီဝမျိုးစုံမျိုးကွဲအစည်းအဝေးကြီး (IIFB) ၏ ပံ့ပိုးမှုနှင့်အတူ ဘရာဇီးနိုင်ငံ၊ ကူရီတီဘာ[၂] ရှိ ဌာနေပညာပေးသူများ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့သည်။

ဤတွင်ပါဝင်သူများက အစောပိုင်းတက်တီဘာက စွမ်းရည်မြှင့်တင်မှုအလုပ်ရုံဆွေးနွေးပွဲများတွင် အသုံးပြုခဲ့သည်၊ ပညာပေးသင်ထောက်ကူပစ္စည်းသုံးမျိုးကို ခွဲခြားဆန်းစစ်ခဲ့သည်။ ၄င်းတို့မှာ ကွန်ပျူတာပါဝါပွိုင့်တင်ဆက်မှုများဖြစ်သော (၁) ဇီဝမျိုးစုံမျိုးကွဲအကြောင်းညွှန်းခြင်း၊ (၂) ဌာနေတိုင်းရင်းသားများ ၏ ပါဝင်ပတ်သက်မှုများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် (၃) အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ဇီဝမျိုးစုံမျိုးကွဲအစည်းအဝေးကြီး (IIFB) တို့ဖြစ်သည်။

ကူရီတီဘာ ၂၀၀၆ခုနှစ် အလုပ်ရုံဆွေးနွေးပွဲ၌ ၊ ဌာနေတိုင်းရင်းသား ပညာပေးသူများ၏ ဝေဖန်ချက်များကို ညီလာခံတွင် ဌာနေတိုင်းရင်းသားတို့၏ စွမ်းရည်မြှင့်တင်မှုအတွက် မိတ်ဆက်အပိုင်းများအဖြစ် ဆက်လက်အသုံးပြုနိုင်ရန်၄င်း၊ အချိန်နှင့်အမီ ဆန်းသစ်ရန်၄င်း၊ တိုးတက်စေရန်၄င်း၊ ကောင်းစွာအထောက် အကူဖြစ်ခဲ့သည်။

လက်တွေ့တွင် မော်ဂျူးအပိုင်းများက ဒေသခံပါဝင်သူများအား ညီလာခံ၌ ပါဝင်သည့်အချက်များ ဖြင့်၄င်း၊ ဆုံးဖြတ်ချက်ချနိုင်မှု လုပ်ငန်းစဉ်များ အဆင့်ဆင့်များတွင် ဒေသခံတိုင်းရင်းသား အဖွဲ့အစည်းများပါဝင်မှုကို ပေးနိုင်လက်ခံစွမ်းသော အမျိုးကွဲပြားသော နေရာမျိုးမျိုးဖြင့်၄င်း၊ မိတ်ဆက်ရာတွင် ထိထိရောက်ရောက်ရှိကြောင်း သက်သေပြပြီးဖြစ်သည်။

၂၀၀၆ခုနှစ် မတ်လအတွင်း ကူရီတီဘာဒေသခံပညာပေးသူများ၏ အလုပ်ရုံဆွေးနွေးပွဲအတွင်းပါဝင် သူများသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသားတို့နှင့် သက်ဆိုင်သောအပိုင်းများကို အဆိုပြုခဲ့ကြသည်။ အဆိုပြုအချက်များနှင့်အတူ ထပ်ပေါင်းထည့်ထားသော ခေါင်းစဉ်များမှာ အခေါ်အဝေါ်များ၏ အဓိပ္ပါယ်သတ်မှတ်ချက် (ဇီဝမျိုးစုံမျိုးကွဲ၊ ယဉ်ကျေးမှုနှင့် ရိုးရာဗဟုသုတ)၊ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ သမိုင်း၊ ဌာနေတိုင်းရင်းသားများ၏ အရေးများ၊ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ညီလာခံ၏ ဒေသပိုင်းဆိုင်ရာ၊ နိုင်ငံတွင်းဆိုင်ရာ၊ နယ်မြေပိုင်းဆိုင်ရာ အကောင်အထည်ဖော်ခြင်းတို့ပါဝင်သည်။ အချို့က ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များ၊ ပါဝင်ရမည့်အကြောင်းများနှင့် ပါဝင်သူများထံမှ မျှော်မှန်းရလဒ်များကို အပိုင်းများတွင်ထည့်သွင်းရန် အဆိုပြုသည်။

ဤအကြံပြုချက်သည် ပညာပေးသင်ထောက်ကူပစ္စည်းကို ပိုမိုတိုးတက်စေရန်နှင့် တက်တီဘာအတွက် ယခုပညာပေးလက်စွဲစာအုပ် - ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် - တွင် အပိုင်းခွဲများအဖြစ်ထည့်သွင်းရန် အခြေခံဖြစ်သည်။

ဤပညာပေး လက်စွဲစာအုပ်၏ရည်ရွယ်ချက်မှာ ပညာပေးသူများ၏ စွမ်းရည်မြှင့်တင်ရန် ပညာပေးခြင်းနှင့် ပြည်သူသတိပြုမိမှုကိုတိုးမြှင့်ရာတွင် ကွဲပြားခြားနားသောပရိသတ်၊ အထူးသဖြင့် ဌာနေတိုင်းရင်းသားများ၏ ပတ်သက်မှုများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အတွက် လက်စွဲလမ်းညွှန်ကောင်းတစ်ခုအဖြစ် အသုံးပြုနိုင်ရန်ဖြစ်သည်။

ဤပညာပေးလက်စွဲစာအုပ်၏ မူလပထမစုဆောင်းခြင်းမှုသည် တက်တီဘာသည် ဂွာမာလာနိုင်ငံ ဘွန်မြို့၊ ၂၀၀၈ခုနှစ် ဇွန်လ (၁)ရက်မှ (၃)ရက်နေ့အထိကျင်းပသော သင်တန်းပေးနိုင်သည့် သင်တန်းဆရာများနှင့် ပညာပေး

---

၁ Tebtebba
၂ Curitiba

burmeseclassic.com

www.burmeseclassic.com



သူများ၏ - ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အလုပ်ရုံဆွေးနွေးပွဲ - နှင့် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနှင့် ဇီဝမျိုးစုံမျိုးကွဲအစည်းအဝေးကြီး (IIFB) ကျင်းပရေးအမှုဆောင်အဖွဲ့၏ ဆက်သွယ်ရေး၊ ပညာရေးနှင့် လူထုသတိပြုမိမှု (EPA) တို့ကိုပူးပေါင်းစေခဲ့သည်။

ဤအလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်သူများက ဝေဖန်ချက်များပို့၍ပေးခြင်း၊ အပိုင်းများကို အားကောင်းအောင်ဖြည့်စွက်ခြင်းနှင့် ဒေသခံပညာပေးသူများ၏ ၎င်းတို့ဒေသနှင့် နယ်ပယ်အလိုက်သုံးသော အတွေ့အကြုံများ၊ နည်းလမ်းများ ပညာပေးမှုဝေခြင်းများ ပြုကြသည်။

သင်တန်းဆရာများ၏ သင်တန်းနှင့် ပညာပေးသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များကြောင့် ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့်ဆိုင်သော ဤအခြေခံပညာပေးလက်စွဲစာအုပ်ကို စုဆောင်းပြုစုခြင်းနှင့် အဆုံးသတ်ရာတွင် လိုအပ်ချက်များကို ပိုမိုအလေးပြုဆောင်ရွက်ခဲ့သည်။ ဤလက်စွဲမှာ သင်တန်းဆရာများနှင့် ပညာပေးသူများ၏ စွမ်းရည်မြှင့်တင်မှုကို ဆက်လက်ဆောင်ရွက်ပေးခြင်းနှင့်၊ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အပေါ် ရှေးဦးနှုတ်ခွန်းဆက် စည်းရုံးမှုပြုရာ၌ မူလပထမအခြေခံအဖြစ် အသုံးပြုနိုင်သည်။

ဤပညာပေးလက်စွဲစာအုပ်အတွင်း အခန်းကြီး (၃)ခန်း အဓိကပါဝင်သည်။

ပထမအခန်းကြီးကား - ဌာနေတိုင်းရင်းသားများကို နှုတ်ခွန်းဆက်စည်းရုံးမှုနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ကိုအခြေခံမိတ်ဆက်ပေးခြင်းဖြစ်သည်။ အပိုင်း(၄)ပိုင်းပါဝင်သည်။

(၁) ဌာနေတိုင်းရင်းသားများနှင့် နိုင်ငံရေးရာ နှုတ်ခွန်းဆက်စည်းရုံးမှု။

(၂) ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် (CBD) ကို နားလည်ခြင်း။

(၃) ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အပေါ် ဒေသခံတိုင်းရင်းသားများ၏ ပတ်သက်မှုနှင့်

(၄) ဌာနေတိုင်းရင်းသားများ၏ လှုပ်ရှားမှုများနှင့် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ဇီဝမျိုးစုံမျိုးကွဲ အစည်းအဝေးကြီး (IIFB) ဟူသည့်အပိုင်း (၄)ပိုင်းဖြင့် အခြေခံမိတ်ဆက်ဖြစ်သည်။

ဒုတိယအခန်းကြီးတွင် ညီလာခံ၏ အဓိကအကြောင်းအချက်များနှင့် ကိစ္စရပ်များကို သီးခြားစီဖြစ်သော အပိုင်းများဖြင့် ကွဲပြားခြားနားသော အကြောင်းအချက်များ တင်ပြထားသည်။ ၎င်းအပိုင်းတို့မှာ၊ -

(၅) ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ရိုးရာဗဟုသုတ

(၆) ရိုးရာဗဟုသုတနှင့်တကွ မျိုးဗီဇအရင်းအမြစ်၏ အကျိုးကျေးဇူးမျှဝေခြင်းနှင့် ရရှိခြင်း။

(၇) ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်။

(၈) ဌာနေတိုင်းရင်းသားများနှင့် ဇီဝနည်းပညာ။

(၉) ဌာနေတိုင်းရင်းသားများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတုပြောင်းလဲမှု။

(၁၀) ဌာနေတိုင်းရင်းသားများနှင့် ကာကွယ်ဧရိယာများဖြစ်သည်။

တတိယအခန်းကြီးသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည်။

(၁၁) နိုင်ငံတွင်း ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်း။

(၁၂) ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟစနစ်ပိုင်းဆိုင်ရာချဉ်းကပ်မှု။

(၁၃) ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်မှုနှင့် ၎င်းနှင့်ဆက်စပ်သော ရိုးရာဗဟုသုတ။

(၁၄) ဆက်သွယ်ရေး၊ ပညာရေးနှင့် လူထုသတိပြုမှုတို့ဖြစ်သည်။

၎င်းအပြင် အခြားအသုံးဝင်သော သင်ထောက်ကူပစ္စည်းများနှင့် နည်းလမ်းများ၊ အတိုကောက် အခေါ်အဝေါ်များ၊ အရင်းအမြစ်ကိုးကားချက်များ၊ စီဒီချပ် နောက်ဆက်တွဲ (အရင်းအမြစ်ပစ္စည်းများ၊ ပါဝါပွိုင့် တင်ဆက်မှုများ) အားဖြင့် ပညာပေးအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ကွဲပြားသောခေါင်းစဉ်များတင်ဆက်ခြင်း၌ ပံ့ပိုးဖြည့်ဆည်း

www.burmeseclassic.com

www.burmeseclassic.com



ကူညီနိုင်သည်။

ဤပညာပေးစာအုပ်ကို ပရိသတ်(သို့မဟုတ်) မိမိရည်ညွှန်းသူများနှင့် ဝိသေသလက္ခဏာများ၊ ရည်မှန်းချက်များ၊ မျှော်မှန်းချက်များနှင့် တိတိကျကျလိုအပ်သည်များအပေါ် မူတည်၍ နည်းမျိုးစုံဖြင့် အသုံးပြုနိုင်သည်။ ရက်အနည်းငယ်အတောအတွင်း ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် သင်တန်းကို ကောင်းစွာနားလည်စေရန်အလို့ငှာ ကွဲပြားသောအခန်း၊ အပိုင်းများဖြင့် အောင်မြင်စွာဆွေးနွေးနိုင်သည်။ (သို့မဟုတ် - မြင်သာထင်ရှားသော သင်တန်းအတူတကွ ပေးနိုင်သည်ဖြစ်သည်။)

ကွဲပြားခြားနားသောအပိုင်းများကို သီးခြားခေါင်းစဉ်များတပ်၍ အုပ်စုလိုက် သို့မဟုတ် လူတစ်ဦးချင်းစီ စိတ်ဝင်စားမှု အပေါ် မူတည်၍ ပို့ချနိုင်သည်။ အရေးကြီးသည်မှာ ကွဲပြားသော ခေါင်းစဉ်များအရ အပိုင်းများ၊ ရည်ညွှန်းချက်များသည် မေးခွန်းများကိုလည်း ဖြေနိုင်မည်။ ရည်စူးသော ပရိသတ် သို့မဟုတ် သီးသန့်အစုအဖွဲ့၏ လိုအပ်ချက်အပေါ် တုန့်ပြန်၍ ဌာနေတိုင်းရင်းသား ပြည်သူများ၏ အရေးများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တို့နှင့်ဆက်စပ်သည့် အကြောင်းအချက်များကို ရှင်းလင်းအောင် ပြောနိုင်မည်ဖြစ်သည်။

ဤပညာပေးစာအုပ်၌ ပါဝင်သောနောက်ဆက်တွဲရင်းမြစ် **CD** ချပ်၊ အကြံပြုထားသောနည်းလမ်းများနှင့် သင်ကြားရေးကိရိယာများသည် နိုင်ငံအလိုက် သို့မဟုတ် ဒေသအလိုက် ဆီလျော်သလို သင်တန်းပေးသူများနှင့် ပညာပေးသူများမှ သူတို့၏ရည်ရွယ်ချက်အတိုင်းဆုံးဖြတ်ကာ အသုံးပြုနိုင်သော လမ်းညွှန်းချက်မျှသာဖြစ်ပါသည်။ ထင်မြင်ခံယူချက်များနှင့် ကိစ္စဖြစ်ရပ်များကို ရှင်းလင်းတင်ပြရာတွင် အမြဲပင်ထိရောက်ဆုံးသော အရာဖြစ်သော ဒေသခံနမူနာဥပဒေများနှင့် ဖြစ်ရပ်များကို ထည့်သွင်းပြောဆိုနိုင်ပါသည်။ ရည်ရွယ်သော ပါဝင်တက်ရောက်သူများ၏ လိုအပ်ချက်များအတွက် ပညာပေးရာတွင် လိုက်လျောညီထွေစွာတင်ပြပေးခြင်းသည် အဓိကသော့ချက်ဖြစ်သည်။

ဤပညာပေး လက်စွဲစာအုပ် ထွက်ပေါ်လာအောင် လုပ်ငန်းစဉ်တလျှောက်တွင် ဆွက်ဘိုင်အို **(SwedBio)** ၏ အဖိုးမဖြတ်နိုင်သောပံ့ပိုးကူညီမှုများစွာကို အထူးကျေးဇူးတင်မှတ်တမ်းတင်အပ်ပါသည်။ **CBD** အကောင်ထည်ဖော်ရေးအတွက် ရှေ့ဦးစည်းရုံးဆောင်ရွက်မှုနှင့် ဌာနေတိုင်းရင်းသားတို့၏ စွမ်းဆောင်ရည်မြှင့်တင်ပေးမှုဆိုင်ရာ စီမံကိန်းတွင် ဆွက်ဘိုင်အိုသည် တက်တီဘာ၏ ရေရှည်လက်တွဲလုပ်ဖော်ဆောင်ဘက်ဖြစ်နေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရည်မှန်းချက်များ ၊ မာတိကာ နှင့် သင်တန်းပို့ချနည်းများ။

ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် **CBD** ပညာပေးအပိုင်းများသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းအတွက် လုပ်ငန်းစဉ်တွင် ချိတ်ဆက်ရန် စိတ်ဝင်စားသော်လည်း ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အကြောင်း ကောင်းစွာမသိသေးသော ပညာပေးသူများ၊ ခေါင်းဆောင်များ၊ ဌာနေတိုင်းရင်းသား စိတ်အားထက်သန်သူများ၏ စွမ်းဆောင်ရည်တိုးမြှင့်ရန် ရည်ရွယ်သည်။

**ခြုံငုံသောရည်မှန်းချက်များ။**

သင်တန်းပြီးလျှင် သင်တန်းသားများသည် -

- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၊ ၎င်း၏ကွဲပြားသော အဖွဲ့အစည်းများ၊ အစီအစဉ်များနှင့် အရေးကိစ္စများ၊ ဌာနေတိုင်းရင်းသားများ၏ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ဆက်နွယ်သော လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင်ဆက်သွယ်မှုတို့၏ အရေးပါပုံကို နားလည်လာမည်။
- ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးအဆင့်မြင့်မှုနှင့် ကာကွယ်မှုအတွက် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပတွင် အခွင့်အလမ်းများ၊ ခြိမ်းခြောက်မှုများကို ဆန်းစစ်လာနိုင်မည်။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော် ရာတွင် ဒေသခံတိုင်းရင်းသားများ၏ ပါဝင်မှုအတွက် လှုပ်ရှားမှုစီမံချက်နှင့် နည်းဗျူဟာများကိုဖွံ့ဖြိုးလာစေမည်။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၊ ၎င်းနှင့် ဌာနေတိုင်းရင်းသားများ၏ ပတ်သက်နေခြင်းကို သတိပြုမှုမြှင့်တင်ပေးခြင်းနှင့် ပညာပေးခြင်းများ ဆောင်ရွက်လာနိုင်မည်။

**အခန်းတစ်ခုစီအတွက် အထွေထွေရည်မှန်းချက်များ -**

**အခန်း ၁။** ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အခြေခံမိတ်ဆက်ခြင်း

၁။ အပြည်ပြည်ဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များတွင် ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုကို ဆက်စပ်စဉ်းစားရန်။

၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကိုဦးတည်လျက် ဌာနေတိုင်းရင်းသားများအတွက် ဘက်စုံပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီမှုများ၏ ဆက်နွယ်မှုကို ပြသရန်။

၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ချိတ်ဆက်ရန် ပါဝင်သူဌာနေတိုင်းရင်းသားများအကြား စွမ်းဆောင်ရည်များကို ဖွံ့ဖြိုးလာစေရန်ဖြစ်သည်။

**အခန်း ၂။** အဓိကအကြောင်းရင်းများနှင့်ကိစ္စရပ်များ

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အောက်တွင် ညှိနှိုင်းဆွေးနွေးပြီးသည့် အဓိကကိစ္စရပ်များကို နားလည်မှု ပိုမိုနက်ရှိုင်းလာစေရန်။

၂။ ဤအဓိကကိစ္စရပ်များကို ဆောင်ရွက်သည့် ဇီဝမျိုးစုံမျိုးကွဲညီလာခံ၏ လုပ်ငန်းစဉ်များနှင့်အတူ ဌာနေတိုင်းရင်းသားများ၏ ဆက်စပ်ပတ်သတ်သော ဗဟုသုတနှင့် စွမ်းဆောင်ရည်များအားကောင်းအောင် ဆောင်ရွက်ရန်။

၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ခြင်းတွင် ဌာနေတိုင်းရင်းသားများ၏ အမြင်နှင့်ပါဝင်လုပ်ဆောင်မှုများအား တန်ဖိုးထား၍ ရှင်းလင်းစွာထုတ်ဖော်ပြောဆိုနိုင်ရန်။

၄။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အဓိကကိစ္စရပ်များကို မည်သို့မည်ပုံ ပြောဆိုဆောင်ရွက်ရမည်ကို အခြားသူများ၏အတွေ့အကြုံမှ သင်ယူမှုဝေနိုင်ရန်ဖြစ်သည်။

**အခန်း ၃။** ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အဆင့်အားလုံးတွင် မည်သို့အကောင်အထည်ဖော် ဆောင်ရွက်မည်ကို ဥပမာများ၊ ပစ္စည်းများနှင့် သင်ယူရန်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၊ အထူးသဖြင့် အမျိုးသားမူဘောင်နှင့် ဂေဟစနစ်ချဉ်းကပ်မှုမူဘောင်အား အကောင်အထည်ဖေါ်မှုကိုနားလည်လာရန်။
၃။ ဒေသတွင်းနှင့် ပြည်တွင်းကိုဦးစားပေးလျက် ဇီဝမျိုးစုံမျိုးကွဲညီလာခံကို အကောင်အထည်ဖေါ်ရာတွင် ပူးပေါင်းပါဝင်သူများအတွက် နည်းဗျူဟာနှင့် လှုပ်ရှားမှုစီမံချက်များ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်။
၄။ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အကြောင်း ပညာပေးဆောင်ရွက်ရန် ပူးပေါင်းပါဝင်သူများ၏ စွမ်းဆောင်ရည်အားမြှင့်တင်ရန်တို့ ဖြစ်သည်။

**အခန်း ၄။** သင်ထောက်ကူပစ္စည်းများနှင့်နည်းလမ်းများ။
၁။ ပညာပေးအလုပ်ရုံ ဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် ခေါင်းစဉ်များကို နားလည်ခြင်း၊ တင်ဆက်မှုကို ကူညီဖြည့်ဆည်းပေးသည်။

## အပိုင်းတစ်ခုစီအတွက် သီးသန့်ရည်မှန်းချက်များနှင့် နည်းလမ်းများ

| အပိုင်း (လိုအပ်သောအချိန်) | သီးသန့်ရည်မှန်းချက်များ | အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| အခန်း-၁။ ဌာနေတိုင်းရင်းသားများကို နှုတ်ခွန်းဆက်စည်းရုံးမှုနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အခြေခံမိတ်ဆက်။ | | |
| အပိုင်း၁။ ဌာနေတိုင်းရင်းသားများနှင့် နိုင်ငံရေးရာ မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်သြခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာကျွမ်းကျင်မှု။ ( ၃-နာရီ) | ၁။ ဌာနေတိုင်းရင်းသားများ၏ လူမှုရေး လှုပ်ရှားမှုပန်းတိုင်များနှင့် အခန်းကဏ္ဍကို နှစ်သက်စေရန်။<br>၂။ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ဌာနေပြည်သူတို့၏ ပူးပေါင်းပါဝင်မှု အရေးပါခြင်းကို နားလည်စေရန်။<br>၃။ ကိုယ်စားပြုသောနိုင်ငံရေးနယ်ပယ်များ၊ ထိရောက်သော နိုင်ငံရေးရာ နှုတ်ခွန်းဆက်စည်းရုံးမှု၏ အရေးပါမှုကို သဘောပေါက်စေရန်။<br>၄။ ဘက်စုံပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များနှင့် ဌာနေတိုင်းရင်းသားတို့၏ ဆက်နွယ်မှုသမိုင်းကို ပြန်လည်သုံးသပ်ရန်။ | ■ အတွေးအခေါ် ကွင်းဆက် ပုံဆွဲခြင်း။<br>■ တင်ပြချက်နှင့် ဆွေးနွေးချက်များ။<br>■ အုပ်စုငယ်ဖွဲ့၍ ဆွေးနွေးခြင်း။<br>■ ဖိတ်ခေါ် အစည်းအဝေး။ |
| အပိုင်း ၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို နားလည်ခြင်း။ ( ၃နာရီ ၃၀ မိနစ် ) | ၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရည်မှန်းချက်များနှင့် ၎င်းဌာနေတိုင်းရင်းသားများအတွက် ၎င်းတို့၏ အရေးပါထင်ရှားမှုကို နားလည်သဘောပေါက်ရန်။<br>၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ နောက်ခံသမိုင်း၊ ၎င်း၏အဖွဲ့အစည်းများနှင့် ကွဲပြားသော ကဏ္ဍများ၏ မည်သို့မည်ပုံ အလုပ်လုပ်သည်ကို နားလည်ရန်။<br>၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ပိုင်းခြားခွဲထုတ်ရသော ကိစ္စများနှင့် အဓိကအကြောင်းရင်းများ ကို မိတ်ဆက်ရန်။<br>၄။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရည်ရွယ်ချက်များနှင့် ပန်းတိုင်များ အကြောင်း သိရှိရန်။ | ■ ပို့စတာကြော်ငြာ တင်ဆက်မှု။<br>■ တင်ပြချက်နှင့် ဆွေးနွေးပွဲများ။<br>■ အလုပ်ရုံဆွေးနွေးပွဲ။ |

www.burmeseclassic.com

www.burmeseclassic.com



| အပိုင်း (လိုအပ်သောအချိန်) | သီးသန့်ရည်မှန်းချက်များ | အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| | ၅။ ညီလာခံနှင့်စပ်လျဥ်း၍ ပေးထားသောဂတိများကို အကောင်အထည်ဖေါ်ရန် နိုင်ငံတော် အစိုးရအဖွဲ့များ အတွက် အလုပ်လုပ်မှု ယန္တရားကို နားလည်ရန်နှင့်၊ ဌာနေတိုင်းရင်းသားများက ၄င်းတို့၏ အရေးအရာများကို ပြောဆိုရာတွင် ထိုဆောင်ရွက်မှု ယန္တရားများအသုံးပြုပုံကို နားလည်ရန်။<br>၆။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရည်မှန်းချက်များကို ပြည့်စုံစေရန် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်အသုံးပြုမှုနှင့် ကာကွယ်ထိန်းသိမ်းရေးအတွက် ရပ်ရွာအဖွဲ့များက မည်သို့မည်ပုံ ရှေ့ပြေးဆောင်ရွက်ခဲ့သည်ကို နားလည်ရန်။ | |
| အပိုင်း၃။ ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ဌာနေတိုင်းရင်းသားများ၏ အရေးကိစ္စများ။<br>( ၄-နာရီ ) | ၁။ ဇီဝမျိုးစုံမျိုးကွဲနှင့်ဆက်စပ်သည့် လက်ရှိ ဒေသန္တရ ဗဟုသုတ စနစ်များနှင့် ငြိမ်းခြောက်မှုအပါအဝင် ပူးပေါင်းပါဝင်သူ အုပ်စုများရှိ ဇီဝမျိုးစုံမျိုးကွဲ အခြေအနေကိုတင်ပြရန်။<br>၂။ ဌာနေတိုင်းရင်းသားများနှင့် အများဆုံးဆက်နွယ်သည့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က ပံ့ပိုးပေးခြင်းများကို သင်ယူရန်။<br>၃။ ဌာနေတိုင်းရင်းသားများဆီသို့ ဦးဆောင်နေသော ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အန္တရာယ်များနှင့် ကိစ္စရေးရာများကို သတိပြုမိရန်။<br>၄။ မူဘောင်နှင့်လမ်းညွှန်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများ ကြေငြာချက်ကိုသုံးပြီး ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် နီးနွယ်သည့် ဌာနေတိုင်းရင်းသားများ၏ အနေအထားကို အားကောင်းစေမည့် နည်းလမ်းများ ရှာဖွေရန်။ | ■ ပိုစတာကြော်ငြာတင်ဆက်မှု။<br>■ တင်ပြချက်နှင့်ဆွေးနွေးချက်။<br>■ စာသားစိစစ် စစ်ဆေးခြင်း။<br>■ အလုပ်ရုံဆွေးနွေးပွဲ။ |
| အပိုင်း၄။ ဒေသခံတိုင်းရင်းသားများ၏ လှုပ်ရှားမှုများနှင့် အပြည်ပြည်ဆိုင်ရာ ဒေသခံတိုင်း ရင်းသားများ၏ ဇီဝမျိုးစုံမျိုးကွဲ အစည်းအဝေး (IIFB)။<br>(၂-နာရီ) | ၁။ ဇီဝမျိုးစုံမျိုးကွဲအလုပ်တွင် ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုနှင့် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ဇီဝမျိုးကွဲအစည်းအဝေး (IIFB)၏ သမိုင်းစဥ်ကို ခြေရာခံရန်။<br>၂။ (IIFB) ၏အခန်းကဏ္ဍ၊ မည်သို့မည်ပုံ အလုပ်လုပ်ခြင်းနှင့် လုပ်ပိုင်ခွင့်တို့ကိုနားလည်သဘောပေါက်ရန်။ | ■ တင်ပြချက်နှင့် ဆွေးနွေးခြင်း။<br>■ အမြင်ထောက်ကူပစ္စည်း။<br>■ အလုပ်ရုံဆွေးနွေးပွဲ။ |

www.burmeseclassic.com

www.burmeseclassic.com



| အပိုင်း (လိုအပ်သောအချိန်) | သီးသန့်ရည်မှန်းချက်များ | အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| | ၃။ (IIFB) ၏ အနာဂါတ်၊ ဦးတည်ရာနှင့် ဌာနေတိုင်းရင်းသားများပူးပေါင်းနိုင်ပုံကို သိမြင်လာရန်။ | |
| အခန်း ၂။ အဓိကအကြောင်းရင်းများနှင့်ကိစ္စရပ်များ | | |
| အပိုင်း ၅။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ရိုးရာဗဟုသုတ။ ( ၃နာရီ ၃၀မိနစ် ) | ၁။ အလုပ်ရုံဆွေးနွေးပွဲသို့ စုစည်းတင်ပြချက်အဖြစ် ဌာနေတိုင်းရင်းသား ပူးပေါင်းပါဝင်သူများ၏ ရိုးရာအလေ့အကျင့်များနှင့် ရိုးရာစနစ်များကို မျှဝေကာ နှစ်သက်နားလည်လာရန်။<br>၂။ ရိုးရာဗဟုသုတနှင့် ဆက်စပ်လျက် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်မှ ပေးဝေနေခြင်းများကို နားလည်သဘောပေါက်ရန်။<br>၃။ ရိုးရာဗဟုသုတအပေါ် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ကတိပေးမှုကို အကောင်အထည်ဖော်ရန် လုပ်ခဲ့ခြင်းနှင့် လုပ်ငန်းစဉ်၏စာချုပ်တွင် ပါဝင်သော အပိုဒ်-၈(ည) အဓိကအချက်များကို သိရှိရန်။<br>၄။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုနှင့် ကိုယ်စားလည်များပါဝင်မှုက ရိုးရာဗဟုသုတဆိုင်ရာ လုပ်ဆောင်ခြင်းတွင် မည်သို့ပါဝင်လုပ်ဆောင်နိုင်သည်ကို ဖော်ထုတ်ရန်။ | ■ တင်ပြချက်နှင့် ဆွေးနွေးချက်။<br>■ အတွေးကွင်းဆက်ပုံဆွဲခြင်း။<br>■ ဖိတ်ခေါ် အစည်းအဝေး။ |
| အပိုင်း ၆။ မျိုးဗီဇအရင်းအမြစ်များနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော ရိုးရာဗဟုသုတများကိုရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း။ (၂ နာရီ) | ၁။ မျိုးဗီဇအရင်းအမြစ်၏ အကျိုးကျေးဇူးများကို မျှဝေခြင်းနှင့် ရယူခြင်းခံယူချက်များကို သဘောပေါက်ရန်။<br>၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ပါ အပိုဒ်ခွဲများအရ ရရှိလက်ခံနိုင်ခွင့်နှင့် မျိုးဗီဇအရင်းအမြစ်၏ အကျိုးကျေးဇူး၏ မျှဝေခြင်း၊ ရိုးရာဗဟုသုတနှင့်တကွ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် လုပ်ငန်းစဉ်များကို သိရှိရန်။<br>၃။ ဌာနေတိုင်းရင်းသားများက ဉာဏပိုင်းဆိုင်ရာ မူပိုင်ခွင့်များ၊ မျိုးဗီဇအရင်းအမြစ်၏ အကျိုးကျေးဇူးမျှဝေရေးနှင့် ရယူရေးဆိုင်ရာ အကြောင်းအရာများကို ရင်ဆိုင်နိုင်ရန် သဘောပေါက်ရန်။ | ■ စာရင်းပြုခြင်း။<br>■ တင်ပြချက်နှင့် ဆွေးနွေးချက်။<br>■ ဥပမာဖြစ်ရပ်များကို လေ့လာခြင်း။<br>■ လူအများ စီစီညံညံ စကားပြောမှု (ဆိုကြမယ် ပြောကြမယ်) |

www.burmeseclassic.com

www.burmeseclassic.com



| အပိုင်း (လိုအပ်သောအချိန်) | သီးသန့်ရည်မှန်းချက်များ | အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| | ၄။ ဇီဝမျိုးစုံမျိုးကွဲအရင်းအမြစ်၏ အကျိုးကျေးဇူး မျှဝေရန်နှင့် ရယူရန် ဌာနေတိုင်းရင်းသားများကို ညွှန်ပြပေးသည့်အဓိကမူများကို သဘောတူရန်။ | |
| အပိုင်း ၇။ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ( ၃ နာရီ ) | ၁။ အမျိုးသမီးနှင့် ကျားမညီမျှမှုဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အစီအစဉ်များနှင့် ပံ့ပိုးပေးခြင်းများကိုသိရှိရန်။<br>၂။ ရိုးရာဗဟုသုတနှင့် ဇီဝမျိုးစုံမျိုးကွဲကို ကာကွယ်ရမည့် ဌာနေတိုင်းရင်းသားများ၏ အခန်းကဏ္ဍကို နှစ်သက်ရန်။<br>၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင် ကျား/မ ညီမျှမှုကို အာမခံနိုင်သော လှုပ်ရှားမှုများ အခိုင်အမာရှိရန်ကို ခွဲခြားနိုင်ရှိရန်။ | ■ ပုံပြောခြင်း။<br>■ အတွေးကွင်းဆက်ပုံဆွဲခြင်း။<br>■ တင်ပြချက်နှင့် ဆွေးနွေးချက်။<br>■ ဥပမာ ဖြစ်ရပ်များ လေ့လာခြင်း။<br>■ အလုပ်ရုံဆွေးနွေးပွဲ။<br>■ အုပ်စုလိုက် ဆွေးနွေးခြင်း။ |
| အပိုင်း ၈။ ဌာနေတိုင်းရင်းသားများနှင့် ဇီဝနည်းပညာ။ ( ၂ နာရီ ) | ၁။ မျိုးဗီဇအင်ဂျင်နီယာ၊ မျိုးဗီဇပုံပြောင်းထားသည့် အော်ဂဲနစ်များနှင့် ဌာနေတိုင်းရင်းသားများအပေါ် ၄င်း၏ သက်ရောက်မှုကို နားလည်လာရန်။<br>၂။ စိတ်ဝင်စားအရ သို့မဟုတ် စီးပွားရေးအရ တန်ဖိုးရှိနိုင်သည့် မျိုးဗီဇနှင့်မျိုးစိတ် များကိုရှာဖွေခြင်း(**Bio-prospecting)** နှင့် မျိုးဗီဇအရင်းအမြစ်များခိုးယူခြင်း **(Biopiracy)** ကိုနားလည်ရန်နှင့် ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်မှုကို နားလည်သဘောပေါက်ရန်။<br>၃။ ကာတီဂျီးနား **(Categena Protocol)** သဘောတူညီချက်နှင့် ဌာနေတိုင်းရင်းသားများနှင့် ၄င်း၏ ဆက်နွယ်မှုကို သိရှိရန်။<br>၄။ ဌာနေတိုင်ရင်းသားများ၏ နယ်မြေပိုင်နက်များတွင် တန်ဖိုးရှိသော မျိုးစိတ်များနှင့် မျိုးဗီဇအရင်းအမြစ်များ ရှာဖွေခြင်းပြဿနာကို ဌာနေတိုင်းရင်းသားများက ဖော်ထုတ်ရန်၊ မည်သို့ လုပ်ဆောင်ရန် လိုအပ်ကြောင်း စူးစမ်းရှာဖွေရန်။<br>၅။ မျိုးဗီဇအရ ပြုပြင်ပြောင်းလဲသည့် အော်ဂဲနစ်များ **(GMOs)** နှင့် ဇီဝနည်းပညာနှင့် စပ်လျဉ်း၍ ဒေသခံတိုင်းရင်းသားများ၏ ရှေ့ဦးဆောင်ရွက်မှုနှင့် လှုပ်ရှားမှုများကို မီးမောင်းထိုးပြရန်။ | ■ ဗွီဒီယိုပြသခြင်း။<br>■ တင်ပြချက်နှင့် ဆွေးနွေးချက်။<br>■ ဥပမာ ဖြစ်ရပ်များ လေ့လာခြင်း။<br>■ လူအများ စီစီညံညံ စကားပြောမှု<br>(ဆိုကြမည် ပြောကြမယ်) |

www.burmeseclassic.com

www.burmeseclassic.com



| အပိုင်း (လိုအပ်သောအချိန်) | သီးသန့်ရည်မှန်းချက်များ | အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| အပိုင်း ၉။ ဌာနေတိုင်းရင်းသားများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတု ပြောင်းလဲမှု။<br>( ၃ နာရီ ) | ၁။ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဌာနေတိုင်းရင်းသားများ၏ရိုးရာဗဟုသုတများအပြန်အလှန်ဆက်စပ်မှုကို နားလည်စေရန်။<br>၂။ ဌာနေတိုင်းရင်းသားများ၏ လက်ရှိ မူဝါဒများနှင့် ရာသီဥတုပြောင်းလဲမှု အစီအစဉ်များအပေါ်တွင် နားလည်မှုမြှင့် တင်ရန်။<br>၃။ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအရည်အသွေးကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း၊ သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို သဘောပေါက်စေရန်။<br>၄။ ဌာနေတိုင်းရင်းသားများ၏ သက်ဆိုင်သောမူဝါဒများ၊ ပုံဖေါ်ခြင်းနှင့်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဌာနေတိုင်းရင်းသားများကို ရာသီဥတုပြောင်းလဲမှုကြောင့် ဆိုးကျိုးကွင်းဆက်များဆိုင်ရာ လှုပ်ရှားမှုများ၌ ထိရောက်စွာပူးပေါင်းပါဝင်မှုကို အားပေးရန်။ | ■ ရုပ်ရှင်ပြသခြင်း။<br>■ တင်ပြချက်နှင့် ဆွေးနွေးချက်။<br>■ ဖိတ်ခေါ် အစည်းအဝေး။ |
| အပိုင်း ၁၀။ ဌာနေတိုင်းရင်းသားများနှင့် ကာကွယ်မြေဧရိယာများ။<br>( ၃ နာရီ ၃၀ မိနစ် ) | ၁။ ကာကွယ်ကြိုးဝိုင်းများ (PAs)၊ အမျိုးသားပန်းခြံများ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း (သို့) သိပ္ပံနည်းကျချဉ်းကပ်မှု၏ သမိုင်းအဆက်ဆက် ပြောင်းလဲမှုဖြစ်စဉ်ကို နားလည်ရန်။<br>၂။ ကာကွယ်ကြိုးဝိုင်းများ၏ အုပ်ချုပ်မှုစနစ်နှင့် ကွဲပြားသော စခန်းများကို နားလည်ရန်။<br>၃။ ကာကွယ်ကြိုးဝိုင်းများက ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် နေထိုင်ရာဘဝများကို မည်သို့သက်ရောက်မှုရှိသည်ကို မီးမောင်းထိုးပြရန်။<br>၄။ ကာကွယ်ကြိုးဝိုင်းများက ဌာနေတိုင်းရင်းသားများ၏ မျိုးကွဲထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့သော အသုံးပြုမှု ဆိုင်ရာအတွေးအခေါ် ကို မီးမောင်းထိုးပြရန်။<br>၅။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က မည်သို့မည်ပုံ ကာကွယ်ကြိုးဝိုင်းများကို ကိုင်တွယ်ခြင်း/ထိန်းသိမ်းခြင်းနှင့် တိုးချဲ့ခြင်း အလုပ်အစီအစဉ်များကို ရှင်းပြရန်။ | (ဖတ်စာအုပ်စာမျက်နှာ ၉၁) ပြည့်စုံသော စာရင်းပြုရန် အောက်ပါ အရင်းအမြစ်များကို အသုံးပြုသည်။<br>■ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဆူရီနာမီ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ခိုင်မြဲစေခြင်း။<br>■ ကင်မရွန်းဒေသတွင်း ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ တိုင်းရင်းသားများ၏ အခွင့်အရေးများကို ပြန်လည်သုံးသပ်ခြင်းနှင့် မြှင့်တင်ခြင်း။ |

www.burmeseclassic.com

www.burmeseclassic.com



| အပိုင်း (လိုအပ်သောအချိန်) | သီးသန့်ရည်မှန်းချက်များ | အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| | | ■ ဇန်ဂါ-ဆန်ဂါန စုပေါင်းကာကွယ်ကြိုးဝိုင်း အကောင်အထည်ဖေါ်ခြင်းနှင့် မူဝါဒပြန်လည်သုံးသပ်ချက် ဌာနေတိုင်းရင်းသားများ၏ ထိန်းသိမ်းမှုအခွင့်အရေးကို လုံခြုံစေခြင်း။<br>■ ဌာနေတိုင်းရင်းသားများနှင့်ထိန်းသိမ်းမှု ဒါဆန်းမှစ၍ လုပ်ငန်းစဉ်ကိုဆန်းစစ်ခြင်းနှင့် တိုင်းတာခြင်း။ |
| **အခန်း ၃။ CBD အကောင်အထည်ဖေါ်ခြင်း** | | |
| အပိုင်း ၁၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အမျိုးသားရေး တစ်ရပ်လုံး၌ အကောင်အထည်ဖေါ်ခြင်း။<br>( ၃-နာရီ ) | ၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်းဆိုင်ရာသတင်းများ မည်သို့ရယူသည်ကို လေ့လာရန်။<br>၂။ အမျိုးသားဇီဝမျိုးကွဲဗျူဟာနှင့် လုပ်ဆောင်မှုစီမံချက်နှင့် နိုင်ငံအစီရင်ခံစာများတွင် ပါဝင်သော ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ဆက်နွယ်နေသည့် အပြည်ပြည်ဆိုင်ရာ အစိုးရများ တာဝန်ဝတ္တရားများကို သတိပြုရန်။<br>၃။ အစိုးရ၏ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် တာဝန် တတ္တရားများကို လက်တွေ့ တကယ့်အတွေ့အကြုံများဖြင့်ယှဉ်ပြီး အကောင်အထည်ဖေါ်ဆောင်ရွက်မှုကို အကဲဖြတ်ရန်။<br>၄။ နိုင်ငံနှင့် ဒေသခံအဆင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖေါ်မှုကို ပူးပေါင်းပါဝင်သူများ ဆောင်ရွက်နိုင်ရန် လက်တွေ့ကနဦး အစပျိုးမှုနှင့် စီမံကိန်းများအကြောင်း ဆွေးနွေးချက်များ လှဲ့ဆော်ရန်။ | ■ တင်ပြချက်နှင့်ဆွေးနွေးခြင်း။<br>■ စာရွက်စာတမ်းသုံးသပ်ချက်။<br>■ ဥပမာဖြစ်ရပ်များ လေ့လာခြင်း။<br>■ အတူတကွ စဉ်းစားဆွေးနွေးခြင်း။<br>■ စစ်ဆေးတိုင်းတာခြင်းဆိုင်ရာ အချက်အလက်များ။ |
| အပိုင်း ၁၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟဗေဒစနစ် ချဉ်းကပ်မှု။<br>( ၃ နာရီ ) | ၁။ ဌာနေတိုင်းရင်းသားများထုံးတမ်း စဉ်လာဖြစ်သော အရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ရေရှည်တည်တံ့သော အသုံးပြုမှုဆိုင်ရာ ဂေဟစနစ်ချဉ်းကပ်မှုကိုအသုံးပြုရာတွင် မည်သို့မည်ပုံ အပြောင်းအလဲ မရှိသည်ကို နှစ်သက်ရန်။ | ကြားမြင်ထောက်ကူများ<br>■ ပုံပြောခြင်း/သင်ခန်းစာတင်ဆက်ခြင်း။<br>■ တင်ပြချက်နှင့်ဆွေးနွေးချက်။<br>■ နှိုင်းယှဉ်ခြင်း။<br>■ အုပ်စုငယ်ဖွဲ့၍ ဆွေးနွေးခြင်း။ |

www.burmeseclassic.com

www.burmeseclassic.com


| အပိုင်း (လိုအပ်သောအချိန်) | သီးသန့်ရည်မှန်းချက်များ | အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| | ၂။ CBD ဂေဟစနစ်ချဉ်းကပ်မှု၊ ၎င်း၏ မူများနှင့် အလုပ်လုပ်ရန် လမ်းညွှန်များ မည်သို့ဖြစ်သည်ကို လေ့လာရန်။<br>၃။ အုပ်စုအဖွဲ့အစည်းများ၊ အစိုးရနှင့် အခြားဆောင်ရွက်သူများ ဂေဟစနစ် အတွင်း မည်သို့မည်ပုံ ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟစနစ်ချဉ်းကပ်မှုကို အသုံးပြုရာတွင် အခြားသူများ၏ ကြိုးပမ်းမှုများကို ဖြည့်စွမ်းနိုင်သည်ကို စဉ်းစားရန်။ | |
| အပိုင်း ၁၃။ ဇီဝမျိုးစုံမျိုးကွဲနှင့် ၎င်းနှင့် ဆက်စပ်သော ရိုးရာဗဟုသုတများကို ကာကွယ်ခြင်း။ ( ၃ နာရီ ) | ၁။ ဌာနေတိုင်းရင်းသားများ၏ ရိုးရာ ဗဟုသုတ (TK) ကိုကာကွယ်ရန် မည်သည်တို့ လုပ်ကိုင်ကြသည်ကို သင်ခန်းစာပေးရန်။<br>၂။ (TK, UNESCO, UNDRIP, WIPO) ရိုးရာဗဟုသုတ၊ ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း၊ ကမ္ဘာ့ကုလသမဂ္ဂဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးကြေငြာချက်၊ ကမ္ဘာ့ဉာဏပိုင်းဆိုင်ရာမူပိုင်ခွင့်အဖွဲ့အစည်းကို ကာကွယ်မှု၊ အသိအမှတ်ပြုမှု အတွက် ကွဲပြားသော တရားဝင်မူဘောင်များကို နားလည်ရန်။<br>၃။ ရိုးရာဗဟုသုတကို ကာကွယ်ရန် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် နိုင်ငံဥပဒေများမှ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေများ၏ ဆက်နွယ်မှုကို နားလည်ရန်။<br>၄။ ရိုးရာဗဟုသုတဆုံးရှုံးပျောက်ကွယ်စေသည့် ဌာနေတိုင်းရင်းသားများ ရင်ဆိုင်တွေ့ကြုံနေရသည့် ကွဲပြားသော အခြေအနေအမျိုးမျိုးများ၌ ပေးသည့် ရိုးရာဗဟုသုတကိုကာကွယ်ရန် လက်တွေ့ကျသောနည်းများ ဆွေးနွေးရန်။ | ■ အောက်ပါရည်ညွှန်း ထောက်ကူမှုများကို အသုံးပြုနိုင်ပါသည်။<br>■ UNPFII (၆) ကြိမ်မြောက်အစည်းအဝေးတွင် တိုင်းရင်းသားများ၏ ရိုးရာ ဗဟုသုတဆိုင်ရာ အတွင်းရေးမှူး၏ အစီရင်ခံစာ။<br>■ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေနှင့် ဆက်နွယ်သည့် ဌာနေတိုင်းရင်းသားများ အဖွဲ့အစည်းများ၏ ဥပဒေ၊ တရားစီရင်မှုနှင့်အပြည်ပြည် ဆိုင်ရာ ဥပဒေ လိုက်နာမှုကို လေ့လာရန်။<br>■ ရိုးရာဗဟုသုတကို စီးပွားဖြစ်သုံးခြင်းမှ ကာကွယ်ရန်အတွက် စနစ်များအပေါ် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲအစီရင်ခံစာ။<br>■ ဘာတပ်စ်ရှိဒနောင်း<br>■ ပျက်ဆီးခြင်းထဲရောက်သွားသော ကျွန်ုပ်တို့၏ ရိုတ်သိမ်းမှု။<br>■ ကျွန်ုပ်တို့ထိန်းသိမ်းမှုဒုက္ခ၊ အစားအစာ လုံခြုံမှုအတွက် ဒေသခံတိုင်းရင်းသားများ၏ ဗဟုသုတတိုးမြှင့်စေခြင်း။<br>■ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အပေါ် ဌာနေတိုင်းရင်းသားများ၏ ဖော်သက်မှုများ။ (ပါဝါပွိုင့်) |

www.burmeseclassic.com

www.burmeseclassic.com



| အပိုင်း (လိုအပ်သောအချိန်) | သီးသန့်ရည်မှန်းချက်များ | အသုံးပြုမည့်နည်းလမ်းများ |
|---|---|---|
| အပိုင်း ၁၄။ ဆက်သွယ်ရေး၊ ပညာရေးနှင့် လူထုသတိပြုမှု (CEPA) ( ၅ နာရီ ) | ၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဆက်သွယ်ရေး၊ ပညာရေးနှင့် လူထုသတိပြုမှု (CEPA) ဆက်သွယ်ရေး၊ ပညာရေးနှင့် လူထုသတိပြုမှုကျယ်ပြန့်သောမူဘောင်ကို နားလည်သဘောပေါက်ရန်။<br>၂။ အပြည်ပြည်ဆိုင်ရာ ဌာနေပြည်သူများ ဇီဝမျိုးစုံမျိုးကွဲ အစည်းအဝေး (IIFB)က ဆောင်ရွက်မှုများကို သင်ယူရန်။<br>၃။ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲဆယ်ခုနှစ်ကို ဦးတည်သော အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ အစည်းအဝေးနှစ်ကို မီးမောင်း ထိုးပြရန်။<br>၄။ အချို့သောလက်တွေ့ကျကျပညာရေးဆိုင်ရာနည်းလမ်းများ၊ အတိုအထွာများ၊ ဆောင်ရွက်ချက်များကို မျှဝေကြရန်။ | အောက်ပါတို့ကိုအသုံးပြုနိုင်သည် ၊-<br>■ CBD သို့ (၈) ကြိမ်မြောက် ပါတီများညီလာခံမှ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အစည်းအဝေးအတွက် ယူထားသော ဆုံးဖြတ်ချက်များ။<br>■ ဇီဝမျိုးစုံမျိုးကွဲအစီအစဉ်အပေါ် အခြေခံသည့် CEPA ဆိုင်ရာ IIFB အစီအစဉ်။ (ပါဝါပွိုင့်)<br>■ CBC COP ဆုံးဖြတ်ချက်များ ပိုဒ်ခွဲ(၁၃) (ပြည်သူများ၏ သတိပြုမှု) နှင့် IIFB အလုပ်အမှုဆောင်အဖွဲ့ EPA အဓိကချက်များစုဆောင်းခြင်း။<br>■ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှစ်အတွက် အကောင်အထည်ဖော်ခြင်းနည်းဗျူဟာ။<br>■ အပြည်ပြည်ဆိုင်ရာ မျိုးစုံမျိုးကွဲနှစ်ကို နှစ်ကိုကြိုဆိုခြင်း။ |

နည်းလမ်းများ။

သင်တန်း၏နည်းလမ်းမှာ ပူးပေါင်းပါဝင်သူများ၏ ဆွေးနွေးခြင်းနှင့် လေ့ကျင့်ခန်းတွင် တက်ကြွစွာပါဝင်မှုကို အားပေးရန် ရည်ရွယ်သည်။ သင်ခန်းစာများနှင့် ယူဆချက်များဆိုင်ရာ ဆွေးနွေးခြင်းများကို ဦးဆောင်နေသော အရင်းအမြစ်ပေးသော ပုဂ္ဂိုလ်အားဖြင့်၎င်း၊ ကူညီမှုများအားဖြင့်၎င်း၊ ကြိုးပမ်းအားထုတ်သင့်သည်။ သို့သော် ဖြစ် နိုင်ချေရှိသော ဆီလျော်သော မည်သည့် အချိန်တွင်မဆို ပါဝင်သူများ၏အတွေးအခေါ်များကို အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိတ်ခေါ်အစည်းအဝေး၊ ပို့စတာ တင်ဆက်မှု၊ အတွေးကွင်းများရေးဆွဲခြင်းနှင့် အခြားနည်းများဖြင့် အားကောင်းလာစေရန် သို့မဟုတ် ပူးပေါင်း လုပ်ဆောင်လာစေရန် သင်တန်းအတွင်း အသုံးပြုဖို့ အားထုတ်မှုများ ပြုသင့်သည်။ လေ့ကျင့်ခန်းများက ပါဝင်သူများအား ယူဆချက် အတွေးအခေါ်များကို သူတို့ကိုယ်တိုင် မြင်ကြားသိရန်နှင့် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများ၊ အခြေအနေများနှင့် သက်ဆိုင်ရာ အုပ်စုအဖွဲ့အစည်းအတွင်း ကိစ္စရပ်များကို ချိတ် ဆက်ခြင်းဖြင့် ကူညီသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၁

## ဒေသခံတိုင်းရင်းသားများနှင့် နိုင်ငံရေးရာ နှုတ်ခွန်းဆက်စည်းရုံးမှု

ရည်မှန်းချက်များ။
၁။ လူမှုရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ဌာနေတိုင်းရင်းသားများ၏ ကဏ္ဍနှင့် ရည်ရွယ်ချက်ပန်းတိုင်ကိုလေးစားတန်ဖိုးထားတတ်ရန်။
၂။ နိုင်ငံရေးရာလုပ်ငန်းစဉ်တွင် ဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်မှု၏ အရေးကြီးမှုကို သဘောပေါက်ရန်။
၃။ ကွဲပြားသော နိုင်ငံရေးရာနယ်ပယ်များတွင် ထိရောက်သော နိုင်ငံရေးရာ နှုတ်ခွန်းဆက်စည်းရုံးမှု၏ အရေးပါမှုကို သဘောပေါက်ရန်။
၄။ ဌာနေတိုင်းရင်းသားများအတွက် ဘက်စုံပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီမှုများနှင့် ၎င်းတို့၏ ဆက်နွယ်မှုသမိုင်းကို ပြန်လည်သုံးသပ်ရန်။

အရင်းအမြစ်များ။
♦ ဌာနေတိုင်းရင်းသားများနှင့် နိုင်ငံရေးရာ နှုတ်ခွန်းဆက်စည်းရုံးမှု ပါဝါပွိုင့်။
♦ ရေရှည်ဖွံ့ဖြိုး တိုးတက်မှု။
♦ ဌာနေတိုင်းရင်းသားများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ကမ္ဘာ့ညီလာခံ။
♦ ကျွန်ုပ်တို့ ဌာနေတိုင်းရင်းသားများ၊ ဌာနေတိုင်းရင်းသားများ၏ ကြေငြာစာတမ်းများစုဆောင်းမှု။

အချိန်
၃ နာရီ

ဆောင်ရွက်ချက်။

ဌာနေတိုင်းရင်းသားများသည် ကွဲပြားခြားနားသော နိုင်ငံတကာဆောင်ရွက်မှုများနှင့် လုပ်ငန်းစဉ်များတွင် မရေမတွက်နိုင်သော နည်းလမ်းများဖြင့် ပါဝင်သည်။ ကျွန်ုပ်တို့ကိုယ်ပိုင်အုပ်စု အဖွဲ့အစည်းအတွင်းတွင်ပင် ကျွန်ုပ်တို့ မကူညီနိုင်သော်လည်း စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုရေးရာ ဖွံ့ဖြိုးမှုများသည် ကမ္ဘာပေါ်တွင် ဆက်နွယ်လျက်သော်၎င်း၊ သက်ရောက်မှုရှိ၍သော်၎င်း ရှိကြသည်။ ဥပမာ - ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် ဒေသခံတိုင်းရင်းသားများ၏ နေ့ဒူတကွဘဝများကို တိုက်ရိုက်ထိရောက်မှုရှိသည့် ကျွန်ုပ်တို့အစိုးအရများ၏ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိလာခြင်းဖြစ်သည်။ သို့အတွက် ဌာနေတိုင်းရင်းသားများနှင့် အုပ်စုအဖွဲ့အစည်းများသည် ကျွန်ုပ်တို့အနာဂါတ်ကို သက်ရောက်သောကိစ္စများ၌ စိတ်အားထက်သန်သည့်ပါဝင်သူများ ဖြစ်လာရန် အရေးကြီးသည်။

www.burmeseclassic.com



**လေ့ကျင့်ခန်း-၁။**

အတွေးကွင်းဆက်ရေးဆွဲခြင်း - ဒေသမှ ကမ္ဘာသို့အဆက်အသွယ်များ၊ ၁နာရီ။

ဌာနေတိုင်းရင်းသားများ၏ ဦးစားပေးကိစ္စများကို အပြည်ပြည်ဆိုင်ရာ/ကမ္ဘာ့လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ခြင်း။

၁. သင်တန်းသူ/သားများကို နိုင်ငံ(သို့) မူရင်းဒေသ အုပ်စုအဖွဲ့အစည်းဖွဲ့ပါ။ ဥပမာ - ကရင်၊ ကယား၊ ကချင်

၂. ပံ့ပိုးကူညီသူက - အတွေးကွင်းဆက်ရေးဆွဲခြင်း - ကို မိတ်ဆက်မှုအတိုဖြင့် ဝေါဟာရအဓိပ္ပါယ်ရှင်းလင်း၍ ပုံစံတစ်ခုဆွဲပြပါ။

၃. မိနစ်-၃၀အတွင်း အုပ်စုတစ်စုစီမှ ၎င်းတို့၏ ဦးစားပေးကိစ္စရပ်ကို အလယ်ဗဟိုချ၍ အတွေးကွင်းဆက်များ ရေးဆွဲပါ။ နိုင်ငံတကာဖြစ်ရပ်များနှင့် လုပ်ငန်းစဉ်များနှင့်ပါ ချိတ်ဆက်ထည့်သွင်းရေးဆွဲပါ။

၄. အုပ်စုတစ်စုမှ တင်ဆက်သူတစ်ယောက်ဖြင့် ပုံကိုတင်ဆက်ရန် အုပ်စုကိုယ်စားပြု တာဝန်ပေးပါ။

၅. ပံ့ပိုးကူညီသူမှ ဌာနေတိုင်းရင်းသားများ၏ ဒေသကိစ္စရပ်များက ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကဲ့သို့ ကမ္ဘာ့လုပ်ငန်းစဉ်များ၌ မည်သို့မည်ပုံ ချိတ်ဆက်မှုရှိသည်ကို ဆွေးနွေးပါစေ။

တင်ပြချက်နှင့် ဆွေးနွေးချက်။ ၁ နာရီ။

ခေါင်းဆောင် အိုရန်လီအွန် (အိုနန်ဒဂါနိုင်ငံနှင့် ဟော်ဒဲနိုဆွန်နီ ကွန်ဖီဒန်ရေစီ)မှ ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားလူဦးရေ အလုပ်အမှုဆောင်အုပ်စုသို့ **UNWGIP** ၁၉၉၇ ခုနှစ်၏ ဌာနေတိုင်းရင်းသားများ အနှစ်(၂၀)နှင့် စပ်လျဉ်း၍ ပြောသည်မှာ -

- ကျွန်ုပ်တို့ ဒီကိုလာတာဟာ ကျွန်ုပ်တို့အားထုတ်မှုကို ပံ့ပိုးပေးဖို့ ကမ္ဘာကြီးကို တောင်းဆိုဖို့ လူတန်းစားခွဲခြားမှု၊ ထုတ်ယူသုံးစွဲမှု၊ လူမျိုးခွဲခြားမှု၊ လူမျိုးတုံးသတ်ဖြတ်မှုများ၊ လူအုပ်စုကြီးလုံးဝ ပျက်စီးဆုံးရှုံးမှုတို့အတွက် မှုတသော အဖြေရှာလာပါတယ်။ ကျွန်ုပ်တို့၏ အားထုတ်မှုတို့ကို ပံ့ပိုးဖို့ ကမ္ဘာကြီးကို မေတ္တာရပ်ခံဖို့လာပါတယ်။ ကျွန်ုပ်တို့လာတာဟာ အုပ်ချုပ်သူအစိုးရများနှင့် ကော်ပိုရေးရှင်းများ (အဖွဲ့) များက ခိုးယူ၊ လုယူထားသော သဘာဝကမ္ဘာမြေကိုယ်စား စကားပြောဖို့လာပါတယ်။

ကျွန်ုပ်တို့က စက်လွှမှမလွတ်နိုင်တဲ့ သစ်ပြစ်တွေကိုယ်စားပြောပါတယ်။ ကျွန်ုပ်တို့ဟာ ဆော်လမွန် ဟယ်ရင်၊ ကျူနာ၊ ဟက်ဒေါ့ငါတို့ စုပေါက်ဖားတဲ့မြေမှာ သူတို့အသတ်ခံရတဲ့အတွက် သူတို့ကိုယ်စားပြောပါတယ့်။ ကျွန်ုပ်တို့ဟာ ငါး၊ တောရိုင်းတိရိစ္ဆာန်၊ ငှက်များကို အရပ်လေးမျက်နှာမှ ညစ်ညမ်းစေသည်များ၊ ဖျားနာ၊ ပျောက်ဆုံးစေသည်များနှင့် ဆိုင်၍ သတိပေးသတင်းရပါတယ်။ ပြီးတော့ ကနေ့သူတို့ဟာ အရင်ကထက် ပျောက်ကွယ်ဆုံးရှုံးနေပြီး၊ အခြေအနေဆိုးဝါးနေပြီကို ပြောပါတယ်။ သည်လိုအချိန်မျိုးမှာ ကျွန်ုပ်တို့လူသားများဟာ အသက်ရှင်ဖို့တင် မဟုတ်ဘဲ ကျွန်ုပ်တို့အားလုံးကို အကာအကွယ်ပေးတဲ့ သိမ်မွေ့တဲ့အတွင်းပိုင်း ပတ်သက်ဆက်နွယ်မှုဘဝကို ကာကွယ်ဖို့အတွက် ကမ္ဘာ့တန်ဖိုးပေါ် အခြေခံတဲ့ ရှင်သန်မှုဘဝရဲ့ အရည်အသွေးအတွက် အတူတကွ အလုပ်လုပ်ရပါမယ်။

ဇီဝမျိုးစုံမျိုးကွဲဗေဒဆိုတာ ဆေးခန်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ အတွင်းကျကျ ချိတ်ဆက်နေတဲ့ အခေါ်အဝေါ်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့ကို ရေရှည်ဖွံ့ဖြိုးရှင်သန်ဖို့ အင်မတန်မှ ထိခိုက်လွယ်တဲ့ ချည်ခင်ယှက်နွယ်ဘဝကို ကာကွယ်ဖို့ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဌာနေတိုင်းရင်းသားများက ပြောပါတယ်။ ကျွန်ုပ်တို့တစ်တွေဟာ ဘဝနဲ့ဆက်နွယ်နေတယ်။ ဒါမို့ သယံဇာတအရင်းအမြစ်များဟာ ကျွန်ုပ်တို့ရဲ့ပတ်သက်မှုတွေပါ။ သင်ဒါကို ဘယ်လိုမြင်မလဲ၊ အဲဒီမြင်တဲ့ သင့်အမြင်အားလုံး ဒါပါ့ဲပဲ

ဒေသခံပြည်သူများက ရှင်သန်ဖို့ရာ ဤညီမျှခြင်းမှာ တစ်ခုခုပေးဖို့ရှိခဲ့တယ်။ ကျွန်ုပ်တို့မှာ သာမန်ပန်းတိုင်များ၊ တာဝန်များရှိပါတယ်။ ပြောပါရစေ။ ကမ္ဘာကုလသမဂ္ဂ - ကမ္ဘာပြည်သူလူထုရဲ့ကြီးမားတဲ့မျှော်လင့်ချက် သင်တို့ခေါင်းဆောင်များက ငြိမ်းချမ်းမှုအတွက် ကျွန်ုပ်တို့ဆိုပါမယ်။ မိခင်မြေကို ဆန့်ကျင်ပြီး စစ်ပွဲပြုလုပ်နေသမျှ ဘယ်တော့မှငြိမ်းချမ်းမှာ မဟုတ်ပါဘူး။

www.burmeseclassic.com



## ၁။ အပြည်ပြည်ဆိုင်ရာ ဇာတ်ကောင်များအဖြစ်လဲ ဌာနေတိုင်းရင်းသားတို့၏ပန်းတိုင်ကား အဘယ်နည်း။

ဌာနေတိုင်းရင်းသားများသည် အမျိုးမျိုးသော အပြည်ပြည်ဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပို၍ပို၍ဆက်စပ်ပတ်သက်နေသည်။ သို့ဖြစ်၍ ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာ ဇာတ်ကောင်များအဖြစ် အရေးကြီးသော ကဏ္ဍ၌ ပါဝင်သရုပ်ဆောင်နေကြသည်။ ၎င်းတို့၏အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပန်းတိုင်များမှာ ၊-

- ♦ ဌာနေတိုင်းရင်းသားများအတွက် လူ့အခွင့်အရေးများနှင့် တရားမျှတမှုအတွက် တောင်းဆိုမှုများကို အသိအမှတ်ပြုခံရရန်။
- ♦ ကျွန်ုပ်တို့အားလုံးကိုပံ့ပိုးသည့် ဘဝကွန်ယက် ကျွန်ုပ်တို့အတွင်းပိုင်း ဆက်နွယ်ပတ်သက်မှုအပေါ် အခြေပြုသည့် ငြိမ်းချမ်းရေးအတွက် နိုင်ငံအားလုံးနှင့် ပြည်သူများအတူ ဆောင်ရွက်ကြရန်ဖြစ်သည်။

ဌာနေတိုင်းရင်းသားများသည် ဤရည်မှန်းချက်ပန်းတိုင်များရရှိရန် ကြီးမားစွာ အဓိကပေးဆပ်သူများ ဖြစ်သည်။ သို့အတွက် ကျွန်ုပ်တို့နောင်အနာဂါတ်အကြောင်း ယနေ့အချေအတင်ပြောဆိုမှုများသည် အစိတ်အပိုင်းလေးမျှသာ ပါဝင်သည်မဟုတ်၊ ဗဟိုခေါင်ချက်ကဏ္ဍကြီးသာလျှင် ဖြစ်သည်။

## ၂။ ပေါ်လွင်သောပူးပေါင်းပါဝင်မှု။

ကမ္ဘာ့ကုလသမဂ္ဂ လူမှုရေးဖွံ့ဖြိုးမှု **(UNRISD)** သုတေသနတက္ကသိုလ်က ပေါ်လွင်သော ပါဝင်ပတ်သက်မှုကိုသတ်မှတ်သည်မှာ ၊-

-ရရှိသော လူမှုရေးအခြေအနေများ၌ အရင်းအမြစ်များကို ထိန်းချုပ်မှုနှင့် တိကျမှန်ကန်သော အဖွဲ့ အစည်းများနှင့် ၎င်းထိန်းချုပ်မှုမှ ယနေ့တိုင်အောင် လွတ်နေသော အုပ်စုအချို့လှုပ်ရှားဆောင်ရွက်မှုများ ထိန်းချုပ်မှုကို မြှင့်တင်စွမ်းသော စည်းရုံးအားထုတ်ချက်များ - ဟုဆိုသည်။

ထို့အပြင် ကျောင်းသား စတီဖဲလ်နှင့်ဝေါ့ဖ်က ဖွံ့ဖြိုးမှုတွင် ပေါ်လွင်သော ပူးပေါင်းပါဝင်မှုကို

- ဖွံ့ဖြိုးမှုဆိုသည်မှာ ရိုးရာဗဟုသုတအုပ်စုများ၏ ဆက်နွယ်မှုများနှင့် အဖွဲ့အစည်းများ တဖြည်းဖြည်း ပူးပေါင်းသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ သို့ရာတွင် မလွဲမရှောင်သာ ခေတ်မှီသော သစ်ဆန်းသော ကြီးမားသော စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးရာ ပူးပေါင်းပါဝင်ခြင်း တစ်ရပ်ဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် မူလရှိပြီးဖြစ်သော စားဝတ်နေရေး စီစဉ်မှုများ၊ ယေဘုယျအားဖြင့် နှုတ်ဖြင့်ပြောဆိုတင်ဆက်သော နည်းလမ်းများနှင့် တန်ဖိုးမှုထွက်လိမ့်မည်။ အချို့လူမှုရေး အုပ်စုများသည် ပြိုကွဲ၍ အသစ်အသစ်တို့ ပေါ်ထွန်းလာမည်။ အားလုံးမှာ ပို၍ကြီးမားသော လူမှုရေးစနစ်သစ်ကို ရှာဖွေရန်ရုန်းကန်လှုပ်ရှားကြလိမ့်မည်ဟု ဆက်စပ်စဉ်းစားသည်။

ပူးပေါင်းပါဝင်သော အားထုတ်မှုများသည် - ပူးပေါင်းမှုအတွက်ရုန်းကန်မှုများ - ဟုမြင်နိုင်ပါသည်။ ဤတွင် အချို့ကပါဝင်မည်၊ အချို့ကမပါဝင်သည်က ပြဿနာမဟုတ်။ ပြဿနာမှာ ပို၍ဆင်းရဲသောအဖွဲ့/အုပ်စုများမှာ ၎င်းတို့လွှန်မင်းစွာ မနှစ်သက်သည့်ပုံစံဖြင့် ပါဝင်မှု၊ ပူးပေါင်းခံရမှုသာ ဖြစ်သည်။ ၎င်းတို့၏ လုပ်ငန်းစဉ်များကို လွှမ်းမိုးသော ဥပဒေအပြုအဖွဲ့အစည်းများနှင့် ဆုံးဖြတ်ချက်များချခြင်းတွင် ပါဝင်နိုင်ခြင်း မရှိခြင်းပင်ဖြစ်သည်။

## ၃။ ဌာနေတိုင်းရင်းသားများသည် လူမှုရေးသင်ယူသူများနှင့် ဇာတ်ကောင်များဖြစ်သည်။

အရေးကြီးသည်က ဌာနေတိုင်းရင်းသားတို့သည် ၎င်းတို့ကိုယ် ၎င်းတို့ လူမှုရေး သင်ယူသူများ ဇာတ်ကောင်များအဖြစ် သတိပြုမိရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် မျက်မှောက်ခေတ် လူမှုရေးရာနှင့် ဂေဟဆိုင်ရာဒုက္ခများကို ရင်ဆိုင်တွေ့ကြုံနေရသည်။ အဖြေရှာနိုင်ပါသည်။ ဤသည်မှာ ကျွန်ုပ်တို့နေရာများ၊ အုပ်စုအဖွဲ့အစည်းများ၊ မြို့များနှင့် အခြားအဖွဲ့အစည်းများ စသည်ကို ကျွန်ုပ်တို့နှင့် ဆီလျော်သော သင်ယူနိုင်သည့်နေရာအတွင်းတွင်ပင် လက်ရှိကမ္ဘာ့ကပ်ဆိုင်ရာ ဘေးဒုက္ခများကို ဆောင်ရွက်လှုပ်ရှားခြင်းများဖြင့် လွတ်မြောက်ရန်သင်ယူခြင်းဖြစ်သည်။

## ၄။ ဌာနေတိုင်းရင်းသားများနှင့် ထိရောက်သော ဌာနေတိုင်းရင်းသားများနှင့် နိုင်ငံရေးရာ မူဝါဒ လျှောက်လဲခြင်း၊ စည်းရုံးဆော်ဩခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာကျွမ်းကျင်စွာစည်းရုံးမှု။

နိုင်ငံရေးရာ နှုတ်ခွန်းဆက်စည်းရုံးမှုဟူသည် ဌာနေတိုင်းရင်းသားတို့၏ ရင်တွင်းဖြစ် -၎င်းတို့၏အသံ- ကို

www.burmeseclassic.com

www.burmeseclassic.com


၎င်းတို့၏လူမှုရေးနှင့် ဂေဟဆိုင်ရာအနာဂါတ်များအတွက် အားကောင်းစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ နှုတ်ခွန်းဆက်စည်းရုံးမှုတွင် ဌာနေတိုင်းရင်းသားတို့ကို ပံ့ပိုးသောနိုင်ငံရေးရာချင့်ချိန်မှုကို ပြောင်းလဲလာစေသော လှုပ်ရှားမှုများပါဝင်သည်။ ၎င်းလှုပ်ရှားမှုတွင် ပညာရေး၊ လူထုသတိပြုမှုတို့ကို မြှင့်တင်ခြင်း၊ စီမံချက်များပြုခြင်း၊ ဆက်သွယ်ရေးပူးတွဲပါဝင်သော သုတေသနနှင့် စည်းရုံးသော အလုပ်တို့ပါဝင်သည်။

၅။ နိုင်ငံရေးနယ်ပယ်တစ်ခုဆိုသည်မှာ၊ -

♦ နိုင်ငံရေးနယ်ပယ် တစ်ခုဆိုသည်မှာ အုပ်ချုပ်မှု၊ ပထဝီအနေအထား၊ ဘာသာစကား၊ နိုင်ငံရေးရာယဉ်ကျေးမှုတို့၏ ခြားနားသောအဆင့်များတွင် ဆက်စပ်ပါဝင်မှုအပိုင်းများ သတ်မှတ်သည့် ဆုံးဖြတ်ချက် ချခြင်းလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

♦ နိုင်ငံရေးရာ ကြီးမားသောနယ်ပယ်များမှာ ပထဝီအနေအထားအရ ဖွဲ့စည်းထားသည့်ဒေသအလိုက်၊ နိုင်ငံအလိုက်၊ ရပ်ရွာအလိုက် ဖြစ်သည်။

♦ အချို့မှာ လှုပ်ရှားနေသောပစ်မှတ်များ ဥပမာ- ရှစ်နိုင်ငံအစည်းအဝေး (၈)

♦ အချို့မှာ အလွှာစုံသည်။ ဥရောပသမဂ္ဂ ၊ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထိထိမိမိဆောင်ရွက်ရာ ဘရပ်ဆဲလ်နိုင်ငံ၌ အနည်းဆုံးခြေတစ်နေရာ ၊ တစ်ချိန်တွင်းပင် ဥရောပသမဂ္ဂ ဥက္ကဋ္ဌအဖြစ်အခြားနိုင်ငံတစ်နေရာ စသည် လိုအပ်သည်။

♦ အချို့မှာ အဖွဲ့အစည်းပိုင်းဆိုင်ရာ ဥပမာ- ကမ္ဘာ့ဘဏ်။

နိုင်ငံရေးရာနှုတ်ခွန်းဆက်စည်းရုံးမှုကို ရပ်ရွာ၊ နိုင်ငံ၊ နိုင်ငံတကာ တိုင်းပြည်များတွင် ကွဲပြားသော နယ်ပယ်များ၌ ဆောင်ရွက်ကြရပေမည်။ နိုင်ငံရေးနယ်ပယ်တစ်ခုစီသည် စဉ်းစားရန်လိုသည့် ၎င်းကိုယ်ပိုင်နိုင်ငံ ရေးရာ အရှိန်အဟုန်ရှိသည်။ လိုအပ်သည်မှာ နယ်ပယ်တစ်ခုစီ၏ အားသာမှု၊ အားနည်းမှု၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများဖြစ်သည်။ စီစစ်၍မည်သည့်နယ်ပယ်၌ ဌာနေတိုင်းရင်းသားများပူးပေါင်းရန် ရွေးချယ်သည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ အကြောင်းမှာ နိုင်ငံရေးရာနယ်ပယ်တစ်ခုစီ၌ ကွဲပြားသော ဝိသေသလက္ခဏာရှိသည် ထိရောက်သောနိုင်ငံရေးရာနှုတ်ခွန်းဆက်စည်းရုံးမှုသည် နိုင်ငံရေးဇာတ်ကောင်များနှင့် ၎င်း၊ လုပ်ငန်းစဉ်များနှင့် ၎င်း၊ ကျွမ်းဝင်ခြင်းနှင့် အသေးစိတ်ဗဟုသုတရှိရန်လိုအပ်သည်။

အောက်ဖော်ပြပါ ဇယားသည် ကွဲပြားသော နိုင်ငံရေးရာ နယ်ပယ် ကျွန်ုပ်တို့နှင့်ဆက်စပ်သည့် ရပ်ရွာပိုင်း၊ ပြည်တွင်းပိုင်း၊ ပြည်ပပိုင်းကိုပြသည်။ အလွှာအသီးသီးတစ်ခုစီတွင် ပတ်သက်ဆက်နွှယ်မှုအတွက် လမ်းများကို၎င်း၊ စံပြပုံစံချ ယန္တရားကို၎င်း၊ ဇာတ်ကောင်များကို၎င်း ခွဲခြားပြသည်။

| | | |
|---|---|---|
| အပြည်ပြည်ဆိုင်ရာ<br>♦ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း<br>♦ အစိုးရများ<br>♦ စက်မှုအုပ်စုများ<br>♦ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့်အခြား | ♦ စာချုပ်များ<br>♦ သဘောတူစာချုပ်များ<br>♦ ကြေငြာချက်များ<br>♦ ချမှတ်မှုစံညွှန်းများ<br>♦ လမ်းညွှန်များ<br>♦ ဆောင်ရွက်ခြင်းအစီအစဉ် | ♦ လူ့အခွင့်အရေး<br>♦ ငြိမ်းချမ်းရေး<br>♦ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး<br>♦ ပတ်ဝန်းကျင်<br>♦ စီးပွားရေးရာ<br>♦ ကုန်သွယ်ရေး<br>♦ ငွေကြေး |
| ဒေသဆိုင်ရာ<br>♦ ဒေသဆိုင်ရာကွန်ယက် | ♦ ဒေသဆိုင်ရာ ပူးပေါင်းမှုနှင့် ပူးတွဲဆောင်ရွက်မှု | ♦ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ |

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| အမျိုးသားရေးရာ (ပြည်တွင်းရေးရာ)<br>♦ ပြည်တွင်းပူးပေါင်းမှုနှင့် စီမံချက်များ | ♦ တရားဝင်နှင့် စည်းမျဉ်းမူဘောင် | ♦ အလုပ်အမှုဆောင်/အုပ်ချုပ်မှုဥပဒေ ပြဋ္ဌာန်းရန် အာဏာရှိသောတရားစီရင်မှု |
| ♦ ပြည်တွင်းရေးရာခွဲ/ဒေသဆိုင်ရာ | ♦ စည်းရုံးရေးနှင့်ပညာရေး<br>♦ ပြည်သူ့သတင်းနှင့်<br>♦ ပြန်ကြားရေးမီဒီယာ | ♦ ချိတ်ဆက်ကွန်ယက်ပြုဆောင်ရွက်ခြင်း၊ စည်းရုံးမဲဆွယ်ခြင်း၊ သုတေသန |

ကွဲပြားသော ဌာနေတိုင်းရင်းသားများ၏ စီစဉ်ဆောင်ရွက်ခြင်းများသည် အမျိုးမျိုးသော ကွဲပြားသည့်နိုင်ငံရေးနယ်ပယ်တွင် ကွဲပြားသောအဆင့်များတွင် ပတ်သက်နေသည်။ လက်ရှိ ဌာနေတိုင်းရင်းသားများ၏ စီစဉ်ဆောင်ရွက်မှုများအနက် နိုင်ငံရေးရာ နှုတ်ခွန်းဆက်စည်းရုံးမှုတွင် စိတ်အားထက်သန်သည်တို့မှာ ၊-

- ♦ ဒေသခံပြည်သူတို့၏ ကမ္ဘာ့ညီလာခံများ (ဥပမာ-အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်)
- ♦ ဒေသပိုင်းဆိုင်ရာ ဉာဏမူပိုင်ခွင့် IP ညီလာခံများ (ဥပမာ- အာရှ ညီလာခံ)
- ♦ အမျိုးသမီး ပါတီညီလာခံ (ဥပမာ- ဌာနေအမျိုးသမီး ဇီဝမျိုးစုံမျိုးကွဲကွန်ယက်)
- ♦ ဒေသခံအစိုးရ မဟုတ်သောအဖွဲ့များနှင့် ကမ္ဘာ့ကုလသမဂ္ဂ လူမှုစီးပွားရေးကောင်စီ (ECOSOC) အခြေအနေ
- ♦ နိုင်ငံအဆင့် ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများ (ဥပမာ- အင်ဒိုနီးရှားနိုင်ငံ AMAN)
- ♦ ဌာနေတိုင်းရင်းသားများ/နိုင်ငံများ
- ♦ ဌာနေတိုင်းရင်းသားများ ဉာဏမူပိုင်ခွင့် အဖွဲ့အစည်းများနှင့် ရပ်ရွာလူမှုအခြေပြု အဖွဲ့အစည်းများ။

## ၆။ နိုင်ငံရေးအပိုင်းအဝန်း တစ်ခုသဖွယ် ဘက်စုံပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များနှင့် ညှိနှိုင်းခြင်းများ။ (MEA)

ဘက်စုံပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက် (MEA) အားလုံးသည် ကမ္ဘာ့ကုသလမဂ္ဂ ခန်းမကြီးမှ မြစ်ဖျားခံအစပြုသည် မဟုတ်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ညီလာခံပွဲကြီးများမှ များစွာပေါ် ထွက်လာသည်ဖြစ်၏။ ၁၉ရာစု နှောင်းပိုင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာချုပ်များနေ့စွဲကို ပြန်လှန်လျှင် MEA ၏ ကြီးမားကျယ်ပြန့်သော အများစုမှာ ၁၉၇၂ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ လူပတ်ဝန်းကျင် ညီလာခံ (UNCHE) ကတည်းကပင် မွေးဖွားခဲ့ပြီးဖြစ်သည်။ တနည်းအားဖြင့် စတော့ဟုန်းညီလာခံဟု မကြာခဏ ရည်ညွှန်းသည်။ ဤစတော့ဟုန်းညီလာခံမှ (UNEP) ကမ္ဘာ့ကုလမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ်ကို မွေးဖွားခဲ့သည်။

- UNEP သည် သဘာဝပတ်ဝန်းကျင်ရံပုံငွေတစ်ရပ်၊ စတော့ဟုမ်းကြေငြာချက်နှင့် လှုပ်ရှားမှု စီမံချက်တစ်ခုဖြစ်သည်။ ညီလာခံတွင် (၁၁၃) နိုင်ငံတက်ရောက်၍ လက်ခံအတည်ပြုမှုမှ ပေါက်ဖွားလာသော ဤကြေငြာချက်သည် ပထမဦးဆုံးသော ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များ၏ အရေးကြီးလှသော စာတမ်းဖြစ်သည်။ ၄င်း၏အခြေခံစည်းမျဉ်းနံပါတ်(၂၆)သည် MEA တွင် နောင်နေရာယူလာသော ယူဆချက်များ ထင်ရှားဖြစ်စေသည်။ အသိများဆုံးသော စတော့ဟုမ်း ကြေငြာချက် အခြေခံစည်းမျဉ်းမှာ နံပါတ်(၂၁)ဖြစ်၍ ဖော်ပြသည်မှာ၊ -

ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံစည်းမျဉ်းများနှင့်အညီ နိုင်ငံများတွင် မိမိ၏ကိုယ်ပိုင်အရင်းအမြစ်မှာ ၄င်းတို့ကိုယ်ပိုင် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒအရထုတ်ရန် အချုပ်အခြာအာဏာနှင့် နိုင်ငံ၏တရားစီရင်မှု သတ်မှတ်ချက်များအလွန် ဧရိယာများ သို့မဟုတ် အခြားသော နိုင်ငံများ၏ ပတ်ဝန်းကျင်ပျက်စီးမှုကို မဖြစ်စေရန် ထိန်းချုပ်မှု သို့မဟုတ် တရားစီရင်ခွင့်အတွင်း လှုပ်ရှားဆောင်ရွက်မှုကို အာမခံနိုင်သည့် တာဝန်ရှိသည်။

MEA အများစုမှာ UNHCE ကို နောက်ဆက်တွဲဖြစ်သည့် အနှစ်(၂၀)အတွင်း လက်ခံအတည်ပြုခဲ့သည်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



အများဆုံးသောသတိပြုစရာမှာ ။-

- ၁၉၇၂ခုနှစ် လက်ခံအတည်ပြုခဲ့သော - စွန့်ပစ်အညစ်အကြေးနှင့် အခြားအရာများဖြင့် ပင်လယ်ရေညစ်ညမ်းမှုကို ကာကွယ်ခြင်းသဘောတူစာချုပ် - (လန်ဒန်စွန့်ပစ်ပစ္စည်းသဘောတူစာချုပ်)။
- **မျိုးသုန်းပျောက်ကွယ်နီးနီးဖြစ်သော မျိုးစိတ်များအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးသဘောတူစာချုပ် (CITES)**
- ၁၉၇၃ ခုနှစ် - သင်္ဘောများကြောင့်ဖြစ်လာသော ညစ်ညမ်းမှုမှကာကွယ်ခြင်း အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်။
- သားရိုင်းတိရစ္ဆာန်များ၏ ပြောင်းရွှေ့မျိုးစိတ်များ ထိန်းသိမ်းခြင်းသဘောတူစာချုပ် - ၁၉၇၉ခုနှစ်တွင် လက်ခံအတည် ပြုသည်။ - ဘွန်းသဘောတူစာချုပ် - ဟု အမည်တွင်သည်။
- ကမ္ဘာ့ကုလသမဂ္ဂ ပင်လယ်ပြင် ဥပဒေ သဘောတူစာချုပ် - **(UNCLOS)** အမည်တွင်သည့် ၁၉၈၃ ခုနှစ်တွင် လက်ခံအ တည်ပြုသည်။
- အိုဇုန်းလွှာကာကွယ်ခြင်းသဘောတူစာချုပ် - ၊ ၁၉၈၅ခုနှစ်တွင် လက်ခံအတည်ပြုသည်။
- အိုဇုန်းလွှာကို ပါးလွှာစေသောအရာများ မွန်ထရီယဲယ်သဘောတူစာချုပ် - ၁၉၈၇ခုနှစ်တွင် လက်ခံအတည်ပြုသည်။ -မွန်ထရီယဲလ်သဘောတူညီချက် -
- အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ၎င်းတို့၏ပျက်စီးမှု နယ်စည်းလွန်ရွှေ့ရှားမှုများ ထိန်းသိမ်းသဘောတူစာချုပ် ဘဆဲလ်သဘောတူစာချုပ် - ၁၉၈၉ခုနှစ် လက်ခံအတည်ပြုသည်။

## ၁၉၉၂ ခုနှစ် ရီယိုညီလာခံ

ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှုညီလာခံ **(UNCED)** ကို ၁၉၉၂ခုနှစ် ဘရာဇီးနိုင်ငံ ရီယိုမြို့တွင် ကျင်းပခဲ့သည်မှ ရေရှည်တည်တံ့ခိုင်ခံ့သော ဖွံ့ဖြိုးမှုယူဆချက်ကို - အနာဂါတ်မျိုးဆက်တို့၏ ကိုယ်ပိုင်လိုအပ်ချက်များကို ဖြည့်တင်းနိုင်မှုအား မပျက်ပြားစေဘဲ ပစ္စုပ္ပန်လိုအပ်ချက်များ ဖြည့်တင်းမှုဖွံ့ဖြိုးရေး - ဟု အဓိပ္ပါယ်သတ်မှတ်သည်။ အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် မူဝါဒဖြစ်တည်လာရန် အဓိကအရာဖြစ် အပြည်ပြည်ဆိုင်ရာ ပံ့ပိုးကူညီမှုကို ကျယ်ပြန့်စွာရခဲ့သည်။

လူထောင်ပေါင်းများစွာ တက်ရောက်သော ရီယိုညီလာခံမှာ နိုင်ငံပေါင်း (၁၇၆) နိုင်ငံမှဖြစ်သည်။ (၁၀၃)နိုင်ငံ နိုင်ငံအစိုးရ ခေါင်းဆောင်များက ကိုယ်စားပြုတက်ရောက်သည်။ ရီယိုညီလာခံ၏ ရလဒ်များမှာ ။-

- ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်း မူဘောင်သဘောတူစာချုပ်ကို လက်ခံအတည်ပြုခြင်း။ **(UNFCCI)** ဟု အမည်တွင်သည်။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို လက်ခံအတည်ပြုခြင်း။ **(CBD)**ဟု အမည်တွင်သည်။
- သဲကန္တာရတိုက်ဖျက်ရေး သဘောတူစာချုပ်ကို ညှိရန်ဆုံးဖြတ်သည်။
- ၂၁ ရာစုကိုညွှန်းပြီး အစီအစဉ် - ၂၁ ဆောင်ရွက်ရန် စီမံကိန်းချသည်။ **(Agenda - ၂၁)**
- ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ကော်မတီရှင်လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချသည်။
- အခြေခံစည်းမျဉ်း (၂၇)ချက်ပါသော ရီယိုကြေငြာချက် အများစုသည် အပြည်ပြည်ဆိုင်ရာနှင့် အမျိုးသား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် မူဝါဒကို နောက်ဆက်တွဲ ဆက်လက်ခိုင်မြဲ ဆင့်ပွားသွားရန် အတွက်ပါ အကျုံးဝင်သည်။

## ရီယိုကြေငြာချက်အခြေခံစည်းမျဉ်းနံပါတ် - ၂၂ မှာ

ဌာနေတိုင်းရင်းသားများ၊ ၎င်းတို့၏ အဖွဲ့အစည်းအုပ်စုများနှင့် အခြားသောဒေသခံပြည်သူ အုပ်စုအဖွဲ့အစည်းများ၌ အရေးကြီးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးမှုအတွက် အရေးကြီးသော ကဏ္ဍတစ်ရပ်ရှိသည်။ အကြောင်းမှာ ၎င်းတို့၏ဗဟုသုတနှင့် ရိုးရာအလေ့အကျင့်များကြောင့် ဖြစ်ပါသည်။ နိုင်ငံများက ၎င်းတို့၏ စီစစ်ရေးကဒ်ပြား၊ ယဉ်ကျေးမှု၊ စိတ်ဝင်စားမှုကို ပံ့ပိုးပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် ထိရောက်သောပါဝင်မှု ပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရီယိုကတည်းကပင် များစွာသော အခြားMEA များက လက်ခံအတည်ပြုသည်များမှာ ၁-

- ♦ သဲကန္တာရဖြစ်ထွန်းခြင်းနှင့် အလွန်ပြင်းထန်သော အစာရေစာ ငတ်မွတ်ခေါင်းပါးမှုကို ကြုံတွေ့နေရသော နိုင်ငံများ (အထူးသဖြင့် အာဖရိကနိုင်ငံ) ၌ - ကမ္ဘာ့ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းခြင်းကို တိုက်ဖျက်ခြင်းသဘောတူစာချုပ် -(သဲကန္တာရဖြစ်ထွန်းသဘောတူစာချုပ်)ဟု အသိများသည်။ (၁၉၉၄ ခုနှစ်တွင် လက်ခံ အတည်ပြုသည်။)
- ♦ လန်ဒန်အမှိုက်သဘောတူစာချုပ် သဘောတူညီချက်- (၁၉၉၆ခုနှစ်တွင် အတည်ပြုသည်။)
- ♦ ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်း မူဘောင်သဘောတူညီချက်၊ -ကျိုတိုသဘောတူညီချက်-ဟု အသိများသည်။ (၁၉၉၇ ခုနှစ် လက်ခံအတည်ပြုသည်။)
- ♦ အချို့သောဘေးအန္တရာယ်ရှိ ဓါတုပစ္စည်းများနှင့် ပိုးသတ်ဆေးများ နိုင်ငံတကာကုန်သွယ်ရေးတွင် ဦးစားပေး အသိပေးထားသည့် သဘောတူညီမှု လုပ်ထုံးလုပ်နည်း - ရော့တာဒမ် သဘောတူစာချုပ် - ဟုလူသိများသည်။ (၁၉၉၈ ခုနှစ်တွင် လက်ခံအတည်ပြုသည်။)
- ♦ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ နယ်စည်းကျော် ရွှေ့လျားမှုကြောင့် အပျက်အဆီးများအတွက် တာဝန်ရှိခြင်းနှင့် လျော်ကြေးပေးခြင်း - ဘေဆဲလ်သဘောတူစာချုပ်သဘောတူညီချက်။ (၁၉၉၉ခုနှစ်တွင် လက်ခံအတည်ပြုသည်။)
- ♦ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ဇီဝလုံခြုံမှု - ကာတီဂျီးနား သဘောတူညီချက် - (၂၀၀၀ ပြည့်နှစ်တွင် အတည်ပြု သည်။) ဇီဝလုံခြုံမှုသဘောတူညီချက်ဟု အသိများသည်။
- ♦ မပျက်စီးဘဲ ခံနိုင်ရည်ရှိသော ညစ်ညမ်းစေသည့် အော်ဂဲနစ်ပစ္စည်းများ - စတော့ဟုမ်း သဘောတူစာချုပ်။ (၂၀၀၁ ခုနှစ်လက်ခံအတည်ပြုသည်။)

## ၂၀၀၂ ခုနှစ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေးကြီး။

၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၌ လက်ခံအတည်ပြုသည့် ဆုံးဖြတ်ချက် (၅၅/၁၉၉)အရ ၂၀၀၂ခုနှစ် ရီယိုကမ္ဘာမြေညီလာခံကို (၁၀)နှစ်ပြန်လည်သုံးသပ်ချက် စတင်ဆောင်ရွက်ရန် ဆုံးဖြတ်သုံးသပ်ချက်၏ ရည်ရွယ်ချက်မှာ ရီယိုကတည်းကပင် ပြုလုပ်ခဲ့သည့် ဆောင်ရွက်ချက်လမ်းကြောင်းအတိုင်း နှစ်ဆဆောင်ရွက်ရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကမ္ဘာ့လှုပ်ရှားမှုခြေလှမ်းများ ရွေ့သို့ချီရန်ဖြစ်သည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ညီလာခံကို ၂၀၀၂ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ ဂျိုဟမ်နက်စ်ဘက်တွင် ကျင်းပခဲ့သည်။ အကြီးဆုံး - နိုင်ငံအစိုးရများ - ညီလာခံ-ဖြစ်သည်။ အဓိကအကြောင်း အချက်များအဖြစ် ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန် ဦးတည်သည်။ ဤသည်မှာ နိုင်ငံရေးရာကြေငြာချက်အပိုဒ်(၅) ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ကွယ်တိုကြည့်ရှုတိုင်ဖြစ်သော စီးပွားရေးတိုးတက်မှု၊ လူမှုရေးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုတိုင်ကြီး(၃)တိုင်ကို၊ ရှင်းလင်းစွာထပ်လောင်း အတည်ပြုသည့် ရလဒ်ဖြစ်သည်၊ နိုင်ငံအစိုးရများကလည်း ဂျိုဟမ်နက်စဘက် စီမံချက်အကောင်အထည်ဖေါ် ဆိုင်ရာပန်းတိုင်နှင့် ဦးစားပေးချမှတ်ထားသော နေရာများကိုလည်း လက်ခံအတည်ပြုသည်။

ဌာနေတိုင်းရင်းသားများက ဘက်စုံပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်ကို ညှိနှိုင်းဆောင်ရွက်ရာတွင် ညီညွတ်စွာပါဝင်ကြသည်။ ရီယိုမှ နယူးယောက်သို့ ၄င်းမှသည် ကင်ဘာလီတိုင် ကွဲပြားသောကိစ္စများ၊ ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ လူ့အခွင့်အရေးနှင့် ကျန်းမာရေးစသည်ဖြင့် ဌာနေတိုင်းရင်းသားများက ၄င်းတို့၏အမြင်များ၊ အခြေအနေများကိုပေါင်းစု၍ ၄င်းတို့အား တိုက်ရိုက်သက်ရောက်သော ကိစ္စများကို ပြောဆိုသည်။ အလွန်ကြီးမားသော သတ်မှတ်ချက်များရှိသော်လည်း ဒေသခံပြည်သူများသည် နိုင်ငံတကာအဖွဲ့အစည်းကြီးများ၊ ညီလာခံများတက်ရောက်ပါဝင်ရာ ၄င်းတို့ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်ကြောင်းကို ၄င်းတို့၏ ကိစ္စရပ်များနှင့် အသံများကို ကြားသိစေခဲ့ပြီဖြစ်သည်။ -ကျွန်ုပ်တို့ ဌာနေတိုင်းရင်းသားများ-စာအုပ်သည် ဌာနေတိုင်းရင်းသားများစွာအနက် -**(CBD)** ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၊ **(WTO)** ကမ္ဘာ့ကုန်သွယ်စင်တာ၊ **(WSSD)** ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ကမ္ဘာ့ထိပ်သီးညီလာခံ၊ **(UNFF)** ကမ္ဘာ့ကုလသမဂ္ဂ သစ်တောအစည်းအဝေး၊ **(UNFCCC)** ကမ္ဘာ့ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံအပါအဝင်၊ နှစ်များစွာကပင် အပြည်ပြည်ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းများသို့ တင်ပြသည့် ကွဲပြားခြားနားသော ကြေငြာချက်များ စုပေါင်းထားသည့်စာအုပ် တစ်အုပ်ဖြစ်သည်။

**(MEA)** ဥပမာတစ်ခုမှာ မည်သည့်ဌာနေတိုင်းရင်းသားများက နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာအဆင့်များတွင် နိုင်ငံရေးရာနယ်ပယ်တစ်ခုအဖြစ် တက်ကြွစွာပါဝင်ခဲ့ရသော ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် **CBD** ဖြစ်သည်။ **CBD** သည်ကမ္ဘာတဝှမ်းရှိ ဌာနေတိုင်းရင်းသားများဘဝကို ထင်ရှားစွာသက်ရောက်မှုများရှိသည့် နိုင်ငံတကာသဘောတူညီကတိကတ်များ ပြုလုပ်ပြီးဖြစ်သည်။ ထို့ပြင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတနှင့် ဇီဝမျိုးစုံမျိုးကွဲအခွင့်အရေးများကို အလေးမူရသည်။

ဌာနေတိုင်းရင်းသားများက **MEA** (ဘက်စုံပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်) များ အကောင်အထည်ဖေါ်ရာတွင် ကျွန်ုပ်တို့သည် မည်သို့ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်သည်ကို စူးစမ်းရန်လိုသည်။ ထို့အပြင် ကျွန်ုပ်တို့အစိုးရများ၏ ကတိပေးပြီးသောအလုပ်များဖြစ်သည့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို အသိအမှတ်ပြုရန်အတွက် နိုင်ငံရေးရာနှုတ်ခွန်းဆက်စည်းရုံးမှုကို မည်သို့သုံးနိုင်သည်တို့ကို သိရန်လိုပါသည်။

**လေ့ကျင့်ခန်း - ၂။**

ဤ **MEA** ဘတ်စုံပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်များအား ဌာနေတိုင်းရင်းသားများအတွက်မည်မျှအသုံးဝင်သနည်း။ (၃၀ မိနစ်)

၁. နိုင်ငံရေးရာ လုပ်ငန်းစဉ်များတွင် ဆက်နွယ်ချိတ်ဆက်ပုံ ဥပမာများကို ပါဝင်တက်ရောက်သူများမှ မျှဝေသည်။

၂. ပေးထားသော ဥပမာများဖြင့် ပါဝင်တက်ရောက်သူများက ၄င်းတို့အတွက် မည်မျှအသုံးဝင်သနည်းကို ဆုံးဖြတ်သည်။

၇။ ဌာနေတိုင်းရင်းသားတို့၏အခြေခံအခွင့်အရေးများ။

ကျွန်ုပ်တို့နိုင်ငံရေးရာ မူဝါဒလျှောက်လဲခြင်း၊ စည်းရုံးဆော်သြခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုစည်းရုံးမှု၏ ဗဟိုအချက်အခြာရည်မှန်းချက်မှာ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို အပြည့်အဝအသိအမှတ်ပြုရန်ဖြစ်သည်။ ဤအခွင့်အရေးများသည် **(UNDRIP)** ကမ္ဘာ့ကုလသမဂ္ဂ ဌာနေပြည်သူတို့၏ အခွင့်အရေးကြေငြာချက်တွင် အလေးထားသည်။ ဤ **UNDRIP** သည် ဌာနေတိုင်းရင်းသားတို့(၂၅)နှစ်ထက် ပိုညှိနှိုင်းကြပြီး ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ၂၀၀၇ခုနှစ် စက်တင်ဘာလ၌ လက်ခံအတည်ပြုသည်။

**UNDRIP** ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကြေငြာချက်သည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို စုပေါင်းသည့်အာမခံသော အနိမ့်ဆုံးအဆင့်များချမှတ်သည့်, အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနှင့် အထောက်အပံ့တစ်ခုဖြစ်သည်။ ဤသည်မှာ ဌာနေတိုင်းရင်းသားများ နှစ်ကာလပေါင်းများစွာကြုံတွေ့ကျင်သားရပြီးဖြစ်သည့် ပေါင်းစုထိုက်သည့်အခွင့်အရေးများ အခိုင်အမာပြောဆိုခြင်းတစ်ရပ် ဖြစ်သည်။ အခြားအစိုးရများက အာမခံသည့်အခွင့်အရေးအသစ် တစ်စုံတစ်ရာမဟုတ်ဘဲ ၄င်းသည်မွေးရာပါ အခွင့်အရေးများကို အသိအမှတ်ပြုခြင်း တစ်ရပ်ဖြစ်သည်။ ၄င်းအခွင့်အရေးများကို အလေးမူသောအစိုးရများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်သည်။

**(UNDRIP)** ကမ္ဘာ့ကုလသမဂ္ဂ ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးကြေငြာချက်တွင် ပါဝင်သည့် ဌာနေတိုင်းရင်းသားများ၏ အခြေခံအခွင့်အရေးများ အောက်ပါတို့သည် အသိအမှတ်ပြုသင့်သည်များ ဖြစ်သည်။

- မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ချပိုင်ခွင့်၊
- ဌာနေတိုင်းရင်းသားတို့ကို တပေါင်းတစုတစည်းတည်းအဖြစ် အသိအမှတ်ပြုခြင်း။
- နယ်နိမိတ်များ၊ မြေနှင့်အရင်းအမြစ်များကို လွှဲပြောင်းပေးပိုင်ခွင့်မရှိသော အခွင့်အရေးအဖြစ်၄င်း၊
- ဌာနေတိုင်းရင်းသားများ မြေနေရာအပေါ် မည်သည့် အစပျိုးဖွံ့ဖြိုးမှုမဆိုကို ထိန်းချုပ်ရန်။
- ဌာနေတိုင်းရင်းသားများ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နှင့် ဉာဏပိုင်းဆိုင်ရာ မူပိုင်ခွင့်တို့ အလေးမူရန်၊
- ဌာနေတိုင်းရင်းသားများ၏ကိုယ်ပိုင်အဖွဲ့အစည်းများကို အသိအမှတ်ပြုခြင်း ၊

www.burmeseclassic.com

www.burmeseclassic.com



♦ ကျွန်ုပ်တို့၏ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အလေ့အကျင့်များအရ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေ လေ့ကျင့်ရန် အခွင့်အရေး။

သီးသန့်ဖြစ်သော မှတ်စုမှတ်တမ်းကို ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ စုပေါင်းအခွင့်အရေးအဖြစ် နယ်နိမိတ်များကို ထိန်းရေး၊ ကျွန်ုပ်တို့၏အရင်းအမြစ်များရရှိရန်၊ ကျွန်ုပ်တို့၏နိုင်ငံရေးရာနှင့် တရားဝင်အဖွဲ့အစည်းများကို အသိအမှတ်ပြုခြင်း၊ ရိုးရာဗဟုသုတကို ထိန်းချုပ်ရန်၊ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း သဘောတူညီချက်မျိုး စသည့်ဖြင့် ဒေသခံတို့၏ အခွင့်အရေးများကို ပြုလုပ်ဆောင်ရွက်သင့်သည်။

**(UNDRIP)** ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကြေငြာချက် အပိုဒ်ခွဲ-၀ ၂၉က၊ ဒေသခံတို့၏ မြေနေရာနယ်နိမိတ်များ ပတ်ဝန်းကျင်ကိုကာကွယ်ရန်နှင့် ထိန်းသိမ်းရန် အားလုံးအကျုံးဝင်သော အခွင့်အရေးအတွက်ပေးခြင်း ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုကိစ္စရပ်များအကြောင်းကို ဖွင့်ဆိုသည်မှာ ဌာနေတိုင်းရင်းသားများသည် ပတ်ဝန်းကျင်ကိုကာကွယ်ရန်နှင့် ထိန်းသိမ်းရန် အခွင့်အရေးရှိသည်။ ၄င်းတို့၏ မြေနေရာသို့မဟုတ် နယ်စည်းများနှင့် အရင်းအမြစ်များ၏ ထုတ်လုပ်နိုင်စွမ်းရည်နှင့် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းသည့် အခွင့်အရေးရှိသည်။ အစိုးရများသည် ဤသို့ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းကို ကျောသားရင်သားခွဲခြားမှုမရှိ၊ ဌာနေတိုင်းရင်းသားများအတွက် အထောက်အကူပြု အစီအစဉ်များ ဆောင်ရွက်အကောင်အထည်ဖေါ်သင့်သည်။ အစိုးရများသည် ဌာနေတိုင်းရင်းသားများတို့၏ မြေ၊ နယ်နိမိတ်များအတွင်း ၄င်းတို့ကို ကြိုတင်အသိပေးမထားသော လွတ်လပ်သည့် ဦးစားပေးသဘောတူညီချက် မရှိထားဘဲ ဘေးအန္တရာယ်ရှိပစ္စည်းစွန့်ပစ်ခြင်းနှင့် နေရာယူသိုလှောင်ခြင်း မရှိကြောင်း အာမခံရန် ထိရောက်သော တိုင်းတာစစ်ဆေးချက်များ ပြုသင့်သည်။

အစိုးရများသည် လိုအပ်လျှင်လိုအပ်သလို အစီအစဉ်များကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဤသို့ ဘေးအန္တရာယ်ရှိဝတ္ထုများက ဒေသခံပြည်သူကိုသက်ရောက်လျှင် ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ထိရောက်သော တိုင်းတာမှုများဖြင့် ဒေသခံပြည်သူကို အာမခံမှုလည်း ပေးသင့်သည်။

၈။ နိဂုံး

ဌာနေတိုင်းရင်းသားများ ရင်ဆိုင်တွေ့ကြုံရသော မရေမတွက်နိုင်သော ပတ်သက်မှုများနှင့် စိန်ခေါ်မှုများကို တင်ပြပေးခဲ့သည်မှာ ဌာနေတိုင်ရင်းသားများသည် ၄င်းတို့၏အခွင့်အရေးနှင့် ဖွံ့ဖြိုးမှုအတွင်း အခိုင်အမာဖေါ်ပြ ပြောဆိုရန်နှင့် ထောက်ခံလျှောက်လဲရာတွင် ထိရောက်သော စွမ်းရည်ပိုအားကောင်းလာရန် လိုအပ်သည်။

ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးပန်းတိုင်များမြှင့်တင်ရန် ဌာနေတိုင်းရင်းသား များ၏ ဒေသအဆင့်၊ ပြည်တွင်းအဆင့်၊ နိုင်ငံတကာအဆင့်များတွင် ၄င်းတို့၏အမြင်နှင့် ရည်မှန်းချက်ပန်းတိုင်များကို ၄င်းတို့၏ တက်ကြွသော ချိတ်ဆက်မှုများနှင့် ပြဌာန်းထားသော လက်ရှိယန္တရား၊ အစီအစဉ်များနှင့် နေရာများကို အသုံးပြုခြင်းဖြင့်သာလျှင် ရရှိနိုင်သည်။

လေ့ကျင့်ခန်း ၃။

ဖိတ်ခေါ် အစည်းအဝေး။ (၃၀-မိနစ်)

မေးခွန်းနှင့်အကြောင်းရပ်များကိုရှင်းလင်းခြင်း။

၁။ ပူးပေါင်းပါဝင်သူများက ခေါင်းစဉ်နှင့်ဆက်နွယ်သော မေးခွန်းကိုပေးသည်။ မှတ်ချက်ပေးသည်။ အကြံပေးသည်။

၂။ သက်ဆိုင်သူက မေးခွန်းကိုတုံ့ပြန်သည်။ မှတ်ချက်လည်းပေးသည်။

၃။ ပံ့ပိုးကူညီသူက ခေါင်းစဉ်ကို အကျဉ်းချုပ်ပြီး ဆွေးနွေးပွဲ အဆုံးသတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# Notes:

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း

## ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို နားလည်ခြင်း

ရည်မှန်းချက်များ။

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရည်မှန်းချက်များနှင့် ဌာနေတိုင်းရင်းသားများအတွက် ၎င်း၏ထင်ရှားသိသာခြင်းကို သဘောပေါက်ရန်။

၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏သမိုင်း၊ ၎င်း၏အဖွဲ့အစည်းများနှင့် ကွဲပြားသောအဖွဲ့များ၏ မည်သို့ဆောင်ရွက်သည် ကိုသင်ယူရန်။

၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ပြောဆိုဆွေးနွေးရန်အကြောင်းနှင့်ကဏ္ဍများတွင် ပိုင်းခြားမရ (cross cutting issues) ပါဝင်နေသောအကြောင်းအရာများကို မိတ်ဆက်ခြင်း။

၄။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်မန်းတိုင်များနှင့် ရည်မှန်းချက်များကို သိရန်။

၅။ နိုင်ငံတော်အစိုးရများအနေဖြင့် သဘောတူစာချုပ်၌ ကတိပြုထားသည်များကို အကောင်အထည်ဖော်ရန်နှင့် ဌာနေတိုင်းရင်းသားများ မည်သို့စည်ပုံ ၎င်းတို့၏ အကြောင်းအရာများကိုတင်ပြရာတွင် ကြိုးစားနားလည်ရန်။

၆။ ရပ်ရွာလူထုများသည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စွာသုံးနိုင်ရန် ထိန်းသိမ်းလာခဲ့ခြင်းကို ရှေးဦးအစမျိုးမှုသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရည်မှန်းချက်များကို ဖြည့်ဆွက်ခြင်းနှင့် ချိတ်ဆက်ခြင်းဖြစ်သည်ကို သဘောပေါက်ရန်။

အရင်းအမြစ်များ။

- ဇီဝမျိုးစုံမျိုးကွဲညှိနှိုင်းခြင်း - ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် လွှမ်းဆင်းလမ်းညွှန် (ပါဝါပွိုင့်)။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်း သားများ၏ ပူးပေါင်းပါဝင်ခြင်းနှင့် ဦးစား ပေးအကြောင်းကြားသည့် သဘောတူညီချက်။
- ဇီဝလုံခြုံမှုဆိုင်ရာ ကားတာဂျီနား သဘောတူညီချက် အကောင်အထည်ဖော် ဆောင်ရွက်မှုကို ဖြည့်ဆည်းထူညီရန် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စွမ်းရည်မြှင့်တင်ခြင်း။

အချိန်

၃ ၁/၂ နာရီ

လေ့ကျင့်ခန်း-၁။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရည်မှန်းချက်များကို နားလည်ခြင်း။

ကြိုတင်ပြင်ဆင်မှုတစ်ခုအဖြစ် အချိန်မစမီ ပူးပေါင်းပါဝင်သူများကို ၎င်းတို့၏အုပ်စုအဖွဲ့အစည်း အတွင်း အဓိကအကြောင်းကိုပြသော ပိုစတာပြင်ဆင်ရန် နေရာချပေးသည်။ ဆောင်ရွက်ရာမှာ ၊-

- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း။
- ဇီဝမျိုးစုံမျိုးကွဲရေရှည်တည်တံ့သောအသုံးပြုခြင်း။
- ဇီဝမျိုးစုံမျိုးကွဲရရှိနိုင်မှုနှင့် အကျိုးအမြတ်မျှဝေခြင်း။

၁။ ပါဝင်တက်ရောက်သူများစုလာ၍ တစ်အုပ်စုလျှင် အုပ်စုတစ်အုပ်စုစီက ၎င်းတို့၏ပိုစတာဘောင်၌ ပြင်ဆင်ထားသည့် မိမိပိုစတာကို တိုတိုရှင်းပြသည်။

၂။ ပါဝင်တက်ရောက်သူက ၎င်းတို့အုပ်စု၏စိတ်ကူးကို ရှင်းပြနေစဉ်ပွဲပိုးကူညီသူက ပါဝင်သူများက အဓိကယူဆချက်များအား ဖေါ်ပြသည်ကို ကဒ်ပြားပေါ်တွင်ရေး၍ ဘုတ်တွင်တင်ကာ တူညီသောအတွေး အခေါ်များကို အုပ်စုဖွဲ့ပါ။

၃။ ပွဲပိုးကူညီသူက ပါဝင်သူများမှ ထွက်ပေါ်လာသော အတွေးအခေါ်များကို အနှစ်ချုပ်ပြီး ကမ္ဘာ့ကုလသမဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com



## တင်ပြချက်နှင့်ဆွေးနွေးချက်။ (၂ နာရီ)

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၊ ၎င်း၏သမိုင်းနှင့် ရည်မှန်းချက်များမှာအဘယ်နည်း။

၁၉၉၂ ခုနှစ် ကမ္ဘာ့မြေညီလာခံ ရီယိုဒီဂျနိန်းရိုမြို့ ကမ္ဘာ့ခေါင်းဆောင်များက နောင်အနာဂါတ် မျိုးဆက်များအတွက် ကျန်းမာရှင်သန်နေထိုင်စားသောက်နိုင်သော ကမ္ဘာတစ်ခုအဖြစ်အာမခံပြီး ကျွန်ုပ်တို့၏ လိုအပ်ချက်များကို ရရှိရန် ရေရှည်တည်တံ့ဖွံ့ဖြိုးသော ဖွံ့ဖြိုးမှုအတွက် ကောင်းစွာမြင်သာ နားလည်စေသော ဗျူဟာတစ်ရပ်ကို သဘောတူညီခဲ့ကြသည်။ ရီယိုတွင်လက်ခံအတည်ပြုခဲ့သည့် အဓိကသဘောတူညီချက်များအနက်တစ်ခုမှာ **(CBD)** ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည်။ ဤစာချုပ်သည် ကမ္ဘာ့အစိုးရများ အများစုအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ ကမ္ဘာ့ဇီဝမျိုးကွဲကို ထိန်းသိမ်းစီမံခြင်းအတွက် ၎င်းတို့၏ကတိကဝတ်များ ချမှတ်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် စတင်အလုပ် လုပ်သည်။ (၉) ကြိမ်မြောက် ပါတီများညီလာခံကို ဂျာမဏီနိုင်ငံ ဘွန်းမြို့တွင် ၂၀၀၈ ခုနှစ် မေလ၌ ကျင်းပခဲ့၍ အမေရိကန်နိုင်ငံမှ လွဲ၍ နိုင်ငံပေါင်း (၁၉၀) ကျော်က သဘောတူစာချုပ်ကို အတည်ပြုခဲ့သည်။

ညီလာခံအဓိကအခြေခံရည်ရွယ်ချက် (၃) ခုမှာ ၊-

- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရန်။
- ၎င်း၏အစိတ်အပိုင်းများကို ရေရှည်တည်တံ့ ခိုင်မြဲစွာ အသုံးပြုရန်။
- မျိုးဗီဇအရင်းအမြစ်၏ အသုံးချမှုမှ ပေါ်ထွက်လာသည့်အကျိုးများကို သင့်တင့်မျှတစွာ မျှဝေရန် ဖြစ်သည်။

၂။ အဓိကအခေါ် အဝေါ် များအဓိပ္ပါယ်ဖွင့်ဆိုချက်။

- ဇီဝပိုင်းဆိုင်ရာကွဲပြားမှု - တနည်း ဇီဝမျိုးစုံမျိုးကွဲ ဆိုသည်မှာ၊ ကမ္ဘာပေါ်ရှိ အားလုံးသော သက်ရှိ ပုံစံများ (အပင်၊ သတ္တဝါ၊ လူ) တို့၏ ကွဲပြားခြားနားမှုများ - မျိုးဗီဇမှ သည်ဂေဟစနစ်များ အရာအားလုံးအကျုံးဝင်သည်။ ဇီဝမျိုးကွဲ ဟူသည် ကျွန်ုပ်တို့၏စိတ်ပိုင်းဆိုင်ရာ တည်မှီရာ ခန္ဓာကိုယ်များ ဖြစ်ကြသည်။ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ၏ အနောက်တိုင်းသိပ္ပံနည်းကျ ဗဟုသုတပညာတွင် ကြီး မားသော ကွာဟမှုများရှိသည်။
- ယဉ်ကျေးမှုဆိုင်ရာကွဲပြားမှု ဆိုသည်မှာ ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းနှင့် မလွတ်ကင်းနိုင်အောင် ချိတ်ဆက်နေသည့် ကမ္ဘာရှိ ကွဲပြားသောလူများ၏ ရှင်သန်နေထိုင်မှု ဘဝကွဲပြားမှုများ ဖြစ်သည်။ သိပ္ပံပညာရှင်များသည် လူသားတို့၏ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားမှုကဏ္ဍကို ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းတွင် ပိုမို စူးစမ်းလေ့လာလျက်ရှိသည်။ ထူးခြားသည့်ယဉ်ကျေးမှု တစ်ခုစီ၏ ဆုံးရှုံးမှု သည် လူသားတို့အတွက် ဖြစ်နိုင်သောရွေးချယ်မှုများနှင့် စုပေါင်းသည့် စိန်ခေါ် မှုများကို တုန့်ပြန်သည့် တီထွင်မှုအတွက် ဖြစ်နိုင်သောအခွင့်အရေးများ စုပေါင်းဆုံးရှုံး ခြင်းကို ကိုယ်စားပြုသည်။
- ရိုးရာဗဟုသုတ - ဆိုသည်မှာ၊ ကမ္ဘာတလွှားရှိ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူ အုပ်စုအဖွဲ့အစည်းများက ၎င်းတို့၏နေထိုင်ရာမြေ၊ နယ်မြေအတွင်းရှိ အပင်၊ သတ္တဝါနှင့် အခြားမျိုးစိတ်များ အကြောင်းရှုပ်ထွေး အနုစိတ်လှသော ဗဟုသုတအသေးစိပ်သော ဗဟုသုတများကို ပိုင်ဆိုင်သည်။ ဂေဟစနစ်များပျောက်ဆုံးခြင်းသည် ရိုးရာနေထိုင်မှု အကျင့်ဓလေ့၊ ရိုးရာဗဟုသုတနှင့် ဘာသာစကားမျိုးကွဲများ ဆုံးရှုံးခြင်းဖြစ်သည်။

၃။ သဘောတူစာချုပ်၏အဖွဲ့အစည်းများ။

*ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ၎င်း၏အသင်းအဖွဲ့အစည်းများ၏ အသင်းတည်ဆောက်ပုံပြ အမြင်ထောက်ကူကားချပ်သုံးပါ။*

www.burmeseclassic.com

www.burmeseclassic.com


သဘောတူစာချုပ်၏ အသင်းအဖွဲ့အစည်းများမှာ၊ **COP** (ပါတီများညီလာခံ) **SBSTTA** (သိပ္ပံ၊ နည်းနှင့် နည်းပညာဆိုင်ရာ အကြံပေးအထောက်အပံ့ပြုအဖွဲ့)၊ အုပ်ချုပ်မှုရုံး၊ ငွေကြေးနှင့် **CBD** အတွက် သတင်းဖလှယ်ရာ သတင်းအိမ် **CHM** တို့ဖြစ်သည်။

ပါတီများညီလာခံသည် ဇီဝမျိုးစုံမျိုးကွဲ၏ ဆုံးဖြတ်ချက်ချမှတ်သော ကိုယ်ထည်ဖြစ်သည်။ ပါတီများ တနည်း နိုင်ငံအစိုးရများနှင့် နိုင်ငံများ၏အစိုးရများအကြား (ဥပမာ - ဥရောပသမဂ္ဂ) ဖွဲ့စည်းပြီး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်သည်။ (၂) နှစ်လျှင်တစ်ကြိမ်တွေ့ဆုံသည်။ ညီလာခံ၏ ပါတီမဟုတ်သောအစိုးရများ (ဥပမာ-အမေရိကန်နိုင်ငံ)၊ လေ့လာသူများ၊ တခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် စိတ်ဝင်စားသောအုပ်စုများ (ဥပမာ-ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများ)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများပါဝင်သည်။ ၁၉၉၂မှ၂၀၁၀ ပြည့်နှစ်အတွင်း ပါတီများညီလာခံသည် (၁၀)ကြိမ် ကျင်းပပြီး ဖြစ်သည်။ ၂၀၁၄ ခုနှစ် တောင်ကိုရီးယားနိုင်ငံတွင် နိုဝင်ဘာလ၌ ကျင်းပမည်ဖြစ်သည်။

- ပါတီများညီလာခံ (၁၉၉၄) - နာဆောမြို့၊ ဘဟာမားနိုင်ငံ
- ပါတီများညီလာခံ (၁၉၉၅) - ဂျာကာတာမြို့၊ အင်ဒိုနီးရှားနိုင်ငံ
- ပါတီများညီလာခံ (၁၉၉၆) - ဘူနိုအေးရိမြို့၊ အာဂျင်တီးနားနိုင်ငံ
- ပါတီများညီလာခံ (၁၉၉၈) - ဘရာတီစလာဗားမြို့၊ ဆလိုဗက်ကီးယားနိုင်ငံ
- ပါတီများညီလာခံ (၂၀၀၀) - နိုင်ရိုဘီမြို့၊ ကင်ညာနိုင်ငံ
- ပါတီများညီလာခံ (၂၀၀၄) - ဒန်ဟာကမြို့၊ နယ်သာလန်နိုင်ငံ
- ပါတီများညီလာခံ (၂၀၀၆) - ကွာလာလမ်ပမြို့၊ မလေးရှားနိုင်ငံ
- ပါတီများညီလာခံ (၂၀၀၈) - ကူရီတီဘာမြို့၊ ဘရာဇီးနိုင်ငံ
- ပါတီများညီလာခံ (၂၀၁၀) - နာဂိုယာမြို့၊ ဂျပန်နိုင်ငံ

**SBSTTA** (သိပ္ပံ၊ နည်းနှင့် နည်းပညာဆိုင်ရာ အကြံပေးအထောက်အပံ့ပြုအဖွဲ့)သည် ပါတီများညီလာခံကို အကြံပြုချက်၊ ထောက်ခံမှုနှင့် အဆိုပြုချက်အကြမ်းများကို ပေးသည်။ (၁)နှစ်တစ်ခါဆုံသည်။ ၎င်းအဖွဲ့ ဝင်များမှာ အစိုးရမှ နာမည်ပေးသွင်းသည့် ပညာရှင်များဖြစ်သည်။ ဌာနေတိုင်းရင်းသားများနှင့် အခြားအစိုးရများသည် လေ့လာသူများအဖြစ် တက်ရောက်နိုင်သည်။

အုပ်ချုပ်မှုရုံးမှာ အလုပ်အမှုဆောင်အတွင်းရေးမှူး ဒေါက်တာအာမက်ဂျော့လစ်၏ ခေါင်းဆောင်မှုအောက်တွင်(၇၆)ယောက် ပါသည့်အဖွဲ့ဖြစ်သည်။ ကနေဒါနိုင်ငံ မွန်ထရီယဲလ်မြို့တွင် အခြေစိုက်သည်။ ဝန်ထမ်းသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အစည်းအဝေးများကို ပြင်ဆင်ခြင်းနှင့် ဆောင်ရွက်ပေးခြင်းတို့အတွက် မူလအားဖြင့် တာဝန်ရှိသည်။ မစ္စတာဂျွန်စကော့စ်သည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်ဖို့ဆက်သွယ်ရန် အရင်းအမြစ်လူဖြစ်၍ ရိုးရာဗဟုသုတ အစီအစဉ်အရာရှိလည်းဖြစ်သည်။ (အခြားအချက်အလက်အတွက် အခြားဝန်ထမ်း၊ လုပ်ငန်းနှင့် ဆက်သွယ်ရန်အသေးစိပ်ကို **www.cbd.int** ၌ ကြည့်ပါ။)

– ငွေကြေးဆိုင်ရာအဖွဲ့မှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အကောင်အထည်ဖေါ်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ငွေကြေးအရင်းအမြစ်ကိုပေးသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ပစ္စည်းအကူ(**GEF**)သည် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုပြောဆိုရန် အဓိကအစိုးရများအတွင်းရှိ ငွေကြေးဆိုင်ရာအဖွဲ့အစည်းဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အတွက် နိုင်ငံတကာ ရံပုံငွေရှာပေးသည့် အဓိကယဉ်ကြီးသဖွယ် ဆောင်ရွက်သည်။

**GEF** ကမ္ဘာ့ပတ်ဝန်းကျင် ပစ္စည်းအကူအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် (**CBO**)၊ ကမ္ဘာ့ကုလသမဂ္ဂရာသီဥတု၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(**UNFCCC**)၊ ကမ္ဘာ့ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးညီလာခံ (**UNCCD**)နှင့် မပျောက်မပျက်ထာဝရမြဲသော သက်ရှိညစ်ညမ်းစေသည့်အရာများ စတော့ဟုမ်းညီလာခံ အိုဇုန်းလွှာပါးစေသော ဝတ္ထုများဗီယင်နာညီလာခံ၏ မွန်ထရီယဲယ်သဘောတူညီချက်နှင့် အပြည်ပြည်ဆိုင်ရာရေများကာကွယ်ရန် အမျိုးမျိုးသော သဘောတူညီချက်များကိုလည်းပေးသည်။

**GEF** ကမ္ဘာ့ပတ်ဝန်းကျင် ပစ္စည်းအကူအဖွဲ့သည် အထူးအခွင့်အရေးပေးသော ငွေကြေးရံပုံငွေနှင့် စီမံကိန်း

www.burmeseclassic.com

www.burmeseclassic.com


အတွက် ငွေခွင့်ပြုမှုအား လက်ခံအစိုးရများကို အောက်ပါဦးတည်(၆)နေရာတွင် ကမ္ဘာ့ပတ်ဝန်းကျင် ကာကွယ်ရန် ဆောင်ရွက်မှု အလုပ်များအတွက် ရည်ရွယ်လျက်ပေးသည်မှာ ။-

- ဇီဝမျိုးစုံမျိုးကွဲ
- ရာသီဥတုပြောင်းလဲမှု
- အပြည်ပြည်ဆိုင်ရာရေများ
- အိုဇုန်းလွှာပါးလွှာခြင်း
- မြေအရည်အသွေးနိမ့်ကျခြင်း
- မပျောက်မပျက်ထာဝရမြဲသော သက်ရှိညစ်ညမ်းစေသောဝတ္ထုများ **(POPs)**

**GEF** ကမ္ဘာ့ပတ်ဝန်းကျင်ပစ္စည်းအကူအဖွဲ့၏ ဒေသဆိုင်ရာပြည်တွင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စီမံကိန်းများ အတွက် လုပ်ငန်းငွေကြေးပေးသည်မှာ ။-

- အပြည်အဝစီမံချက် (အမေရိကန်ဒေါ်လာ ၁ သန်းကျော်)
- အလတ်စားစီမံချက် (အမေရိကန်ဒေါ်လာ ၁ သန်းအထိ)
- လုပ်နိုင်သောဆောင်ရွက်မှု
- အမျိုးသားစွမ်းရည် ကိုယ်တိုင်ဆန်းစစ်ကောက်ယူချက်
- အချိန်တိုတုန့်ပြန်မှုအတိုင်းအတာများ
- စီမံကိန်းပြင်ဆင်ရန်ငွေကြေး (အမေရိကန်ဒေါ်လာ ၁ သန်းထိ)
- အသေးစားငွေကြေး (အမေရိကန်ဒေါ်လာ ၅၀၀၀၀ ထိ)

ဇီဝမျိုးစုံမျိုးကွဲဦးတည်ဧရိယာအတွင်းတွင် ကမ္ဘာ့ဝန်းကျင်ပစ္စည်းအကူအဖွဲ့ **GEF**၏ အစောဦးဆုံး ပရောဂျက်များက အပြည့်အဝစီမံချက်များကို ငွေကြေးပူးပေါင်း ဆောင်ရွက်သည်။ အထူးသဖြင့် ကာကွယ်ဧရိယာများကို ငွေကြေး ပံ့ပိုးခြင်းနှင့် တည်ဆောက်ခြင်းအတွက်ဖြစ်သည်။

၁၉၉၆ ခုနှစ် နှင့် ၁၉၉၈ ခုနှစ်အတွင်း သိသာထင်ရှားသော ကမ္ဘာ့ဝန်းကျင်ပစ္စည်းအကူအဖွဲ့ **GEF** ၏ ဇီဝမျိုး စုံမျိုးကွဲ ဘတ်ဂျက်ကို **UNDP** ကုလသမဂ္ဂဖွံ့ဖြိုးမှုစီမံကိန်းက စီမံသော စွမ်းဆောင်ရည်မြင့် စီမံချက်များ လုပ်ဆောင်မှု အတွက် လျာထားသုံးစွဲသည်။ ၁၉၉၆ ခုနှစ် ကတည်းက **GEF** သည် **(NBSAPs)** အမျိုးသားဇီဝမျိုးကွဲ ဗျူဟာများနှင့် ဆောင်ရွက်မှုအကြံအစည်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်ဒေါ်လာ (၂၆.၇) သန်း စုစုပေါင်းတန်ဖိုး ဖြစ်သည့် ငွေကြေးပံ့ပိုးမှု (၁၃၃) ခုကို ပံ့ပိုးခဲ့သည်။

**GEF** ကမ္ဘာ့ဝန်းကျင်ပစ္စည်းအကူအဖွဲ့ ဇီဝမျိုးစုံမျိုးကွဲယူနစ်ကြီး၏ အဓိကရည်ရွယ်ချက် တစ်ခုမှာ (ကမ္ဘာ့ကုလ သမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ဆုံးဖြတ်ချက် ၆/၂၆) အရ အားလုံးသောသက်ရှိများ၏ အကျိုးစီးပွား နှင့် ဆင်းရဲမှုလျှော့ ချရေးပေးမှုတစ်ရပ်အဖြစ် ဒေသပိုင်းဆိုင်ရာ၊ နိုင်ငံတွင်း၊ နိုင်ငံတကာအဆင့် ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှု လက်ရှိနှုန်းကို သိသာထင်ရှားသော လျှော့ချမှုတစ်ရပ်ကို ၂၀၁၀ ပြည့်နှစ်တွင် အောင်မြင်ပြီးမြောက်စေရန်၊ ၂၀၀၂ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ (၆) ကြိမ်မြောက် **COP** ပါတီများညီလာခံ တွင် လက်ခံအတည်ပြုသည့် ၂၀၁၀ ဇီဝမျိုးစုံမျိုးကွဲပန်းတိုင်ကို ပံ့ပိုးခြင်းဖြစ်သည်။

သတင်းအိမ်ဟူသည် အစိုးရများနှင့် အဖွဲ့အစည်းများက တည်ထောင်ထားသည့် သဘောတူစာချုပ် ဝက်ဘ်ဆိုဒ် **(www.cbd.int)** သို့ ချိတ်ဆက်သည့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် သတင်းအချက်အလက် များဖလှယ်ရာ အင်တာနက်ဆိုဒ်အ တွဲများ ဖြစ် သည်။ **CBD** ဝက်ဘ်ဆိုက်အတွင်း ရိုးရာဗဟုသုတတံခါး **http://www.cbd.in/.tk/** ဌာနေတိုင်းရင်း သားများအတွက် အထူးစိတ်ဝင်စားဖွယ် ဝက်ဘ်ဆိုက် ဖြစ်သည်။

ရိုးရာဗဟုသုတ သတင်းအချက်ဂိတ်ဝသည် ဇီဝမျိုးစုံမျိုးကွဲရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန်နှင့်ထိန်းသိမ်းရန် ဆက်စပ်သည့်အလေ့အကျင့်များ၊ တီထွင်မှုများနှင့် ရိုးရာဗဟုသုတ သတင်းအချက်အလက်များကို ဌာနေတိုင်းရင်း သားများနှင့် ဒေသခံပြည်သူအုပ်စုအဖွဲ့အစည်းများမှ တိုးမြှင့်လက်ခံရရှိရန်၊ သတိပြုမှုများတိုးတက်လာစေရန် အတွက် ဖွံ့ဖြိုးလာစေသည်။ ၎င်းသည်အသုံးဝင်သော ချိန်ခါမီသတင်း၊ အထူးသဖြင့် ပိုဒ်ခွဲ-၈ (ည) **[Articles 8(j)]**နှင့် ပတ် သက်သောပံ့ပိုးမှု အလုပ်များနှင့် ဆက်စပ်သည့် ရိုးရာဗဟုသုတကို ပေးရန်ရည်ရွယ်သည်။ ဤရိုးရာဗဟုသုတ သတင်း အချက်ဂိတ်ဝသည် ပိုဒ်မ-၈ (ည) မူလစာကိုယ်ပင်မမှ နည်းလမ်းများစွာ ကွာခြားသည်။ ပိုဒ်ခွဲ-၈ (ည) ပင်မစာမျက် နှာသည် ပိုဒ်ခွဲ- ၈ (ည) နှင့်ဆက်စပ်သည့် ပံ့ပိုးသတင်းအချက်များကို ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘော

www.burmeseclassic.com



တူစာချုပ် CBD နောက်ခံအစီအစဉ်အတွင်း ပေးသည်။

ရိုးရာဗဟုသုတ သတင်းအချက်အလက်ဂိတ်ဝသည် ဆက်သွယ်မှုနည်းလမ်းသစ်များနှင့် (အီလက်ထရောနစ် သတင်းအချက်ဝက်ဘ်ဆိုဒ် အချိတ်အဆက်များ၏ ပံ့ပိုးမှုများအားဖြင့်) ရိုးရာဗဟုသုတ သုတေသနအတွက် အီလက်ထရောနစ်ဆိုင်ရာ ကျယ်ပြန့်လှသော အကြောင်းကြီးလည်းဖြစ်သည်။

ဂိတ်ဝသည် ပင်ကိုယ်အားဖြင့် ရိုးရာဗဟုသုတ စာရွက်စာတမ်းမဟုတ်သကဲ့သို့ ရိုးရာဗဟုသုတ စာတမ်းကိုလည်း မပေးပါ။ ၄င်းသည် ရိုးရာဗဟုသုတအကြောင်း၄င်း၊ ၄င်းနှင့်ဆက်စပ်သည်တို့ သတင်းကိုဦးတည်သည်။ ရင်းမြစ်နေရာ၊ အဖြစ်အပြက်ပြက္ခဒိန်၊ ဓါတ်ပုံအဲလ်ဘမ်၊ ဌာနေတိုင်းရင်းသား ပြည်သူအဖွဲ့အစည်းအုပ်စုများတင်ပြရာ ညီလာခံတွင် အသုံးပြုသော အီလက်ထရောနစ်ပစ္စည်းများနှင့် အီလက်ထရောနစ်စာများ ပေးစာပြုရန်အခွင့်အရေးကြီးကိုပေးသည်။ ၄င်း၏ရည်ရွယ်ချက်သည် စကားပြောများလှုံ့ဆော်ရန်၊ ဌာနေတိုင်းရင်းသား ပြည်သူလူထု အဖွဲ့အစည်းများ မြင်သာနိုင်မှု တိုးမြှင့်ရန်၊ ပူးပေါင်းအလုပ်ကို အားဖြည့်ကူရန် သတင်းအချက်ဖလှယ်ရန် အားပေးရန်၊ သတိပြုမှုတိုးမြှင့်ရန်တို့ ဖြစ်သည်။

အကြောင်းမှာ ဌာနေတိုင်းရင်းသားများမှာ သတင်းရယူရန်နှင့်မျှဝေရန် အခက်အခဲများစွာရှိသည်။ ဌာနေပြည်သူတို့သည် ၄င်းတို့ကိုယ်ပိုင်ဒေသခံက ထိန်းချုပ်ကွပ်ကဲသည့် ဝက်ဘ်ဆိုဒ်များကို တည်ဆောက်ရန် လွတ်လပ်သော အားထုတ်မှုများဖြင့် အားထုတ်နေကြသည်။ ဤသည် အနက်တစ်ခုမှာ ဌာနေပြည်သူဂိတ်ဝ **(http://www.indigenoursportanl.com/)**ဖြစ်သည်။ ၄င်းဂိတ်ဝစီမံချက်မှာ ဌာနေတိုင်းရင်းသားများ ကိုယ်ပိုင်ဆောင်ရွက်သည့် ဌာနေပြည်သူတို့အတွက် အားထားလောက်သောသတင်းအချက် ပြန့်ပွားစေခြင်းကို တီထွင်သည့် အဓိကရည်ရွယ်ချက်ဖြင့် ဒေသခံပြည်သူဂိတ်ဝဘုတ်အဖွဲ့ အုပ်ချုပ်သောစီမံချက်လည်းဖြစ်သည်။ ဘုတ်အဖွဲ့-ဌာနေတိုင်းရင်းသားများအကြား အီလက်ထရောနစ် ခေတ်မီဒစ်ဂျစ်တယ်လ်ကဏ္ဍများဖြင့် ပေါင်းကူးဆက်စပ်ပေးခြင်းဖြင့် ကမ္ဘာ့ဒေသခံပြည်သူအုပ်စု အဖွဲ့အစည်းများ အားကောင်းလာစေခြင်းကို ဆက်စပ်လွှမ်းခြုံမှုအမြင်ရှိသည်။

ဒေသခံပြည်သူများဂိတ်ဝ ဝက်ဘ်ဆိုဒ်ဖော်ပြထားသကဲ့သို့ ဂိတ်ဝတစ်ခုသည် အင်တာနက်ဝက်ဘ်ဆိုဒ်ကြားခံ တစ်ခုထက်မက ဖြစ်သည်။ ကျွန်ုပ်တို့ပြည်သူများနှင့် ပါဝင်ဆက်စပ်သူများ ဒေသခံတိုင်းရင်းသားတို့ အပိုင်းပါဝင်လာစေနိုင်သည့် ဗဟိုပြုဆုံမှတ်နေရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ဂိတ်ဝသည် အနာဂါတ်အတွက် ကျွန်ုပ်တို့၏ ရည်မှန်းချက်ကဲ့သို့ပင် ကျွန်ုပ်တို့ရိုးရာ၊ တန်ဘိုး၊ သမိုင်း၊ ဘာသာစကားနှင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ရင်တွင်း ကြွေးကြော်သံများနှင့်အတူ ကျွန်ုပ်တို့ကို မျှဝေခွင့်ပြုလိမ့်မည်။ ( **WSIS** ဒေသခံတိုင်းရင်းသားပါတီ အစည်းအဝေးအဆိုပြုချက် )

၄။ အထောက်အကူ ဖြစ်သောအဖွဲ့များ။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အလုပ်ကိုကူညီသောအထောက်အကူအဖွဲ့များရှိသည်။ ၄င်းတို့မှာ၊ အထူးစီမံထားသောလွတ်လပ်သော အလုပ်အမှုဆောင်အဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များနှင့် အထူးစီမံထားသော နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်အဖွဲ့များ ပါဝင်သည်။

လွတ်လပ်သော အလုပ်အမှုဆောင်အဖွဲ့များအစိုးရမှ နာမည်စာရင်းပေးသောပုဂ္ဂိုလ်များနှင့် ပညာရှင်များဖြင့် အထူးစီမံထားသည်မှာ ဖွဲ့စည်းထားသော်လည်း လိုအပ်သည့်အချိန်တွင်သာဖြစ်သည်။ အမြဲအတွက်မရည်ရွယ်ပါ။ အချိန်ပိုင်းအားဖြင့် အလုပ်ပြီးရန်အတွက်သာဖြစ်သည်။ ၄င်းအဖွဲ့လွတ်လပ်သည်ဆိုသည်မှာ အားလုံးသောပါတီများနှင့် လေ့လာသူများကို ဖိတ်ခေါ်ခြင်းကြောင့်ဖြစ်သည်။ အလုပ်လုပ်ရန်အဖွဲ့ (၄)ဖွဲ့ ဖွဲ့ပြီးဖြစ်ရာ ပိုဒ်ခွဲ-၈ (ည)၊ ၄င်းနှင့် ဆက်စပ်သည့် ပေးနိုင်သည်များရရှိမှုနှင့် အကျိုးအမြတ်မျှဝေခြင်း **(ABS)**၊ ကာကွယ်တောများ **(PA)**၊ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်မှု သုံးသပ်သောအလုပ်အဖွဲ့ **(WGRI)** တို့ဖြစ်သည်။ အလုပ်လုပ်သောအဖွဲ့ပိုဒ်ခွဲ-၈ ၏ (ည) တွင် ဌာနေတိုင်းရင်းသားတစ်ဦးသည် ဒု-ဥက္ကဌအဖြစ် ဆောင်ရွက်သည်။

ပညာရှင်များအဖွဲ့တွင် ပါတီများညီလာခံက အစိုးရက နာမည်ပေးသော ပညာရှင်များကို အချိန်ပိုင်းအလိုက် အသုံးပြုသည်။

အထူးစီမံနည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့က ပါတီများညီလာခံ သို့မဟုတ် သိပ္ပံနည်းကျနည်း နှင့် နည်းပညာ အကြံဉာဏ်ပေး အထောက်အကူအဖွဲ့ကို အထူးပြုအပိုင်းများတွင် ရှေ့သို့ တိုးအောင်တွန်းအားပေးသည်။ ၄င်းကိုဖွဲ့စည်းခြင်းမှာ ဇီဝမျိုးစုံမျိုးကွဲနှင့် ရာသီဥတု၊ သစ်တော ဇီဝမျိုးစုံမျိုးကွဲ၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်းကာကွယ်ဧရိယာများ၊ ခြောက်သွေ့မြေ၊ ပူးတွဲဂေဟစနစ်များနှင့် ပညာရေးနှင့်လူထုသတိပြုမှု ပူးတွဲအလုပ်တို့အ

www.burmeseclassic.com

www.burmeseclassic.com



တွက်ဖြစ်သည်။ အဖွဲ့ဝင်များမှာ နိုင်ငံတကာပညာရှင် လူနည်းစုဖြစ်သည်။

၅။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အထောက်အကူသဘောတူညီမှုများ။

သဘောတူညီချက်များမှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ သီးသန့်အထူးပြုဧရိယာများအကြောင်း ဖော်ပြထားသောနိုင်ငံတကာသဘောတူညီမှုကို တရားဝင်ချုပ်ဆိုကြသည်။ သဘောတူညီချက်သည် ပါတီများနှင့် ညီလာခံ၏ ပါတီမဟုတ်သောအဖွဲ့များအတွက် ဖွင့်ထားသည်။ လွတ်လပ်မှုရှိပြီး သူတို့ကိုယ်ပိုင်အားမာန်ဖြင့် တရားဝင်ချုပ်ဆိုထားသော လုပ်ငန်းစဉ်များဖြစ်သည်။ သဘောတူညီချက်တစ်ခု ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်မှ ထွက်ပေါ်လာသည်မှာ ကာတီဂျီးနားဇီဝလုံခြုံမှု သဘောတူညီချက်ဖြစ်၍ ဌာနေတိုင်းရင်းသားများအတွက် အထူးအရေးကြီးသော ၄င်းတို့ကိုခြောက်လှန့်နေသည့် မျိုးဗီဇပြုပြင်ပင်သီးနှံများ တင်သွင်းမှုဖြစ်၍ အခြားသဘောတူညီချက်မှာ ယခုလက်ရှိဆွေးနွေးနေဆဲရရှိမှုနှင့် အကျိုးအမြတ်မျှဝေခြင်းဖြစ်ဘ်သည်။

၆။ ကာတီဂျီးနား သဘောတူညီချက် ဆိုသည်မှာ အဘယ်နည်း။

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ(၂၉)ရက်နေ့တွင် ဇီဝလုံခြုံမှုဆိုင်ရာ ကာတီဂျီးနားသဘော တူညီချက်ဟု လူသိများသော နောက်ဆက်တွဲသဘောတူညီမှုကို ပါတီများ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က လက်ခံအတည်ပြုခဲ့သည်။ သဘောတူညီချက်သည် ခေတ်မီဇီဝနည်းပညာမှရရှိလာသည့် သက်ရှိတို့၏ ပြုပြင်ပြောင်းလဲထားသော ဇီဝရုပ်များကြောင့်ဖြစ်နိုင်ချေစွန့်စားမှုများမှ ဇီဝမျိုးကွဲကို ကာကွယ်ရန်ရှာဖွေသည်။

၄င်းသည် ဤသက်ရှိတို့ကို ၄င်းတို့၏နယ်နိမိတ်များသို့ တင်သွင်းရန် သဘောမတူညီမီ အကြောင်းကြားပြီး ဆုံးဖြတ်ချက်များပြုလုပ်ရန် လိုအပ်သည့်အချက်အလက်အား တိုင်းပြည်များမှပေးအပ်ရန် အာမခံသောအဆင့်မြင့် သတင်းပို့ပြီး သဘောတူညီချက် **AIA** လုပ်ထုံးလုပ်နည်းတစ်ရပ်ကို တည်ဆောက်သည်။

ဤသဘောတူညီချက်သည် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ရီယိုကြေငြာချက်စည်းမျဉ်း နံပါတ်-၁၅ ပါ သတိပေးခြင်းကို ပြန်လည်အတည်ပြုပြီး သတိပေးချဉ်းကပ်မှု တစ်ရပ်ကိုညွှန်းသည်တို့ပါဝင်သည်။ ဤသဘောတူညီချက်သည် သဘောတူညီချက် အကောင်အထည်ဖေါ်သည့် နိုင်ငံများကိုအကူအညီပေးရန် နှင့် သက်ရှိပြုပြင်ပြောင်းလဲထားသော ဇီဝရုပ်ပိုင်းဆိုင်ရာသတင်းအချက်များ လဲလှယ်မှုကိုကူညီရန် ဇီဝလုံခြုံမှုရှင်းလင်းသော ဌာနနေတစ်ခုလည်း တည်ဆောက်ပေးသည်။

ဇီဝလုံခြုံမှုဆိုင်ရာ ကာတီးဂျီးနားသဘောတူညီချက်သည် ထိန်းသိမ်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲတို့၏ ရေရှည်တည်တံ့ဖွံ့ဖြိုးသော အသုံးပြုမှုအပေါ်တွင် ပြောင်းပြန်သက်ရောက်မှုဖြစ်စေနိုင်သည့် ခေတ်မီဇီဝနည်းပညာမှ ရရှိလာသည့် သက်ရှိပြုပြင်ပြောင်းလဲထားသော ဇီဝရုပ်များလုံခြုံစွာ ပြောင်းရွှေ့ခြင်း၊ ကိုင်တွယ်ခြင်းနှင့် အသုံးပြုခြင်းကို တိကျမှန် ကန်စေသည်။ အဓိက နိုင်ငံတကာတရားဝင် ချည်နှောင်သည့်စာချုပ် ဖြစ်သည်။

ဇီဝလုံခြုံမှု သဘောတူညီချက်သည် အလွန်အရေးကြီးသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုအရေးကြီးသည်။ အကြောင်းမှာ ၄င်းသည် မျိုးဗီဇအရ ပြုပြင်ပြောင်းလဲထားသော ဇီဝရုပ်ပစ္စည်းများကို ဥပဒေပြုထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ်ဖြစ်သည်။ ဤသည်မှာ **(GMO)** မျိုးဗီဇအရ ပြုပြင်ပြောင်းလဲထားသော သက်ရှိရုပ်များမှာ မွေးရာပါထူးခြား၍ အထူးဖြစ်သောစွန့်စားမှုနှင့် အန္တရာယ်များကို ဆောင်ကြဉ်းလာသည်။ သို့အတွက် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ရန်လိုသည်။

နိုင်ငံများသည် မျိုးဗီဇအရ ပြုပြင်ပြောင်းလဲထားသော သက်ရှိရုပ်များနှင့် ၄င်းတို့၏ထုတ်ကုန်များကို စည်းမျဉ်းစည်းကမ်းချမှတ်ရန် နိုင်ငံတော်အဆင့် အချုပ်အခြာအာဏာရှိသော သဘောတူညီချက်သည် နိုင်ငံတကာနှင့် ချည်နှောင်ထားသော အနိမ့်ဆုံးအဆင့်မူဘောင်ကို ယခုတည်ဆောက်သည်။

၇။ ဇီဝလုံခြုံမှုဆိုင်ရာ ကာတီးဂျီးနား သဘောတူညီချက်သမိုင်း။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်(**CBD**) ၏ **COP** ပါတီများညီလာခံက ဇီဝလုံခြုံမှုအတွက် လွတ်လပ်သည့် အထူးစီမံထားသော အလုပ်လုပ်သည့်အဖွဲ့ကို တည်ထောင်သည်။ သဘောတူညီချက်အရ နည်းစည်းများ ကျော်ဖြတ်ပြီး မည်သည့်သက်ရှိပြုပြင်ပြောင်းလဲထားသည့် ရုပ်ဇီဝမဆို ခေတ်မီနည်းပညာနှင့် ရရှိလာရမည်။ သဘောတူညီချက်သည် ဇီဝမျိုးစုံမျိုးကွဲ ရေရှည်အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းပေါ် ဆန့်ကျင်သက်ရောက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သော ခေတ်မီဇီဝနည်းပညာမှ ရရှိလာသည်။

ဇီဝနည်းပညာအရ ပြုပြင်ပြောင်းလဲထားသော သက်ရှိမှန်သမျှ၏ နယ်စည်းကျော်သော ရွှေ့ပြောင်းမှုများအပေါ် အထူးသဖြင့် အာရုံစိုက်လိမ့်မည်။ အလုပ်ဝန်ဆောင်သည့်ဖွဲ့သည် ကိုလံဘီယာရှိ ကာတီဂျီးနား၌ ၁၉၉၉ခုနှစ် ဖေဖော်ဝါရီလ (၂၂)ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် ပထမဦးဆုံး အထူးအစည်းအဝေးဆွေးနွေးခြင်း ပါတီများညီလာခံသဘောတူညီချက် စာကြမ်းတစ်ခုထုတ်သည်။

ပါတီများညီလာခံသည် ၄င်းအစည်းအဝေးအလုပ်ကို အဆုံးသတ်ရန်မတတ်နိုင်ဘဲ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ (၂၄)ရက်မှ (၂၉)ရက် မန်ထရီယယ်လ်မြို့ အစည်းအဝေးတွင် ပြန်လည်စတင်ရသည်။ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ (၂၉) ရက်နေ့တွင် **(COP)** ပါတီများညီလာခံက ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၊ ဇီဝလုံခြုံမှု ကာတီဂျီးနား သဘောတူညီချက်ကို လက်ခံအတည်ပြုသည်။ ကြားခံစီစဉ်မှုများဖြင့် ဆုံးဖြတ်ချက်ကိုစောင့်ရန် သဘောတူညီသည်။ ၂၀၀၉ခုနှစ် အောက်တိုဘာလသဘောတူညီချက်ကို (၁၅၇) ပါတီမှ သဘောတူခဲ့သည်။

၈။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ရှိ တူရာစုစည်းပြီးဆောင်ရွက်ရန် အစီအစဉ်များ။

ပါတီညီလာခံသည် ကမ္ဘာဂြိုလ်ရှိ အဓိကဇီဝဂေဟအချို့နှင့် ဆက်စပ်လျက်သော (အောက်တွင်စာရင်းပြုထားသည်။) တူရာစုစည်းပြီးဆောင်ရွက်သွားရန် အစီအစဉ်(၇)ခုကို တည်ထောင်ခဲ့သည်။ အစီအစဉ်တစ်ခုစီတွင် အနာဂါတ်အလုပ်အတွက် လမ်းညွှန်ရန် အခြေခံလုပ်ထုံးများနှင့် အမြင်တစ်ရပ်တည်ဆောက်ပေးသည်။ စဉ်းစားရန်ဖြစ်နိုင်သောရလဒ်များကို ခွဲခြားစိစစ်ရန် အဓိကကိစ္စများချမှတ်သည်။ ၄င်းတို့အောင်မြင်ပြီးမြောက်အောင် နည်းလမ်းများနှင့် အချိန်ဇယားတစ်ခုကိုလည်း အကြံပေးသည်။ အလုပ်အစီအစဉ်များ အကောင်အထည်ဖော်ခြင်းသည် ပါတီများမှ ပံ့ပိုးမှုများအပေါ် မူတည်သည်။ အုပ်ချုပ်မှုရုံး၊ ဆက်နွယ်သော အစိုးရများအကြားနှင့် အခြားသောအဖွဲ့အစည်းများက ပံ့ပိုးမှုများအပေါ် တွင်လည်း မူတည်သည်။ အချိန်ပိုင်းအားဖြင့် ပါတီများညီလာခံနှင့် သိပ္ပံနည်းကျနည်းနှင့် နည်းပညာပိုင်းဆိုင်ရာ အကြံပေးအထောက်အကူ အဖွဲ့**SBSTTA**တို့က လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ခြင်း အခြေအနေကို သုံးသပ်သည်။

ပြောဆိုရေးသားရန် နေရာများတစ်ခုစီ၌ တိကျသောအစီအစဉ်များမှာ တွေ့မြင်နိုင်မည်ဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင်တွေ့ရှိနိုင်သည်။

၁) ပြည်တွင်းရေနေဇီဝမျိုးစုံမျိုးကွဲ

ပြည်တွင်းရေကြောင်း စနစ်များ၊ ရေကန်များ၊ မြစ်များ၊ ကန်များ၊ စမ်းချောင်းများ၊ မြေအောက်ရေ၊ ရေပူစမ်းများ၊ ဂူတွင်းရေများ၊ ရေလွှမ်းကုန်းမြင့်များ၊ ထို့နည်းတူ ရွံ့နုံ၊ ရေဝပ်မြေနိမ့်ပိုင်း၊ ထွက်ကိုင်းနွံများ ပါဝင်သည်။ ပြည်တွင်းရေကြောင်းများရှိ ဇီဝမျိုးစုံမျိုးကွဲများသည် အစာ၊ ဝင်ငွေ၊ နေထိုင်စားသောက်ရေ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသများ၏ အရေးကြီးသော အရင်းအမြစ်ကြီး တစ်ခုဖြစ်၏။

ပြည်တွင်းရေကြောင်း ဂေဟစနစ်များအား အားလုံးသောခြိမ်းခြောက်ခံရမှု အများဆုံး ဂေဟစနစ်များအနက်မှ တစ်ခုဖြစ်ပြီး လူတို့၏ လွှမ်းမိုးမှုပြုပြင်မှုကို မကြာခဏခံရသည်။ ပါတီများညီလာခံက ပြည်တွင်းရေကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် ဆက်စပ်သော ပရောဂျက်စီမံကိန်းများကို ဦးစားပေးရန် နိုင်ငံတော်စီမံကိန်းများတွင် ပါဝင်သော ပြည်တွင်းရေကြောင်း ဂေဟစနစ်များကို ပြောဆိုသော အလုပ်အစီအစဉ်များ အကောင်အထည်ဖော်ရန် မူဘောင်လုပ်ဆောင်ရန် ပါတီများကို တိုက်တွန်းသည်။

၂) အဏ္ဏဝါနှင့် ကမ်းရိုးတန်း ဇီဝမျိုးစုံမျိုးကွဲ

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က ဂျကာတာ အဏ္ဏဝါနှင့် ကမ်း

www.burmeseclassic.com

www.burmeseclassic.com



တန်း ဇီဝမျိုးစုံမျိုးကွဲအမည်ရှိ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် အစီအစဉ်တစ်ရပ်ဖြစ်သည်။ ၎င်းသည် အဏ္ဏဝါနှင့် ကမ်းရိုးတန်းဧရိယာ စီမံခန့်ခွဲမှုပူးတွဲဆောင်ရွက်ခြင်း၊ သက်ရှိရင်းမြစ်များကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်း၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်းကာကွယ်ဧရိယာများ၊ အဏ္ဏဝါမွေးမြူရေးနှင့် အခြားဖြင်ပမျိုးစိတ်များကို ဦးတည်ဖော်ပြသည်။

ဒေသခံပြည်သူများ၏ ငါးလုပ်ငန်းနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်သက်သော ဗဟုသုတအတွက် နေရာအလျောက်၊ ဒေသခံပြည်သူတို့က အထူးအားဖြင့် အစာအတွက်မှီးရာ ရေဇီဝမျိုးစုံမျိုးကွဲ အပေါ် ဆက်လက် မှီခိုအားထားရသည် ဖြစ်သည်။ မှီရာနေရာတွင် ဇီဝမျိုးစုံမျိုးကွဲ ဖမ်းယူစုဆောင်းခြင်းသည် ဒေသခံပြည်သူတို့၏ ယဉ်ကျေးမှုအလေ့အကျင့်၏ အရေးပါသော အပိုင်းတစ်ခုဖြစ်သည်။ ဒေသခံပြည်သူတို့၏ ရေပိုင်းဆိုင်ရာ မှီခိုအားထားမှုကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်သည့်တိုင်းတာမှုများ အကောင်အထည်ဖော် ရန် လိုအပ်သည်။

(၃) သစ်တော ဇီဝမျိုးစုံမျိုးကွဲ

သစ်တောဇီဝမျိုးစုံမျိုးကွဲသည် ကုန်းနေစနစ်များအားလုံး အချမ်းသာဆုံးဖြစ်သည်။ အပူပိုင်း၊ သမပိုင်းနှင့် မြောက်ကမ္ဘာလုံးခြမ်း **Boreal** သစ်တောများသည် အပင်၊ သတ္တဝါနှင့် အနုစိတ်သက်ရှိများအတွက် ကွဲပြားခြားနားသော နေရပ်ဒေသများကိုပေးသည်မှာ ကမ္ဘာကုန်းနေ မျိုးစိတ်များအတွက် ကျယ်ပြန့်သော အစိတအများနေရာဒေသ ဖြစ်သည်။ တချိန်တည်းမှာပင် သစ်တောများက ကမ္ဘာတလွှား ဒေသခံပြည်သူများအပါအဝင် လူသန်းရာပေါင်းများစွာအတွက် အလုပ်အကိုင်နှင့် စားဝတ်နေမှုကိုပေးသည်။ သစ်တော ဇီဝမျိုးစုံမျိုးကွဲတွင် ဒေသခံအုပ်စုအဖွဲ့များနှင့် များစွာသော ဒေသခံပြည်သူများ၏ ရှင်သန်မှုဘဝများဆိုင်ရာ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးအရေးပါသော ကဏ္ဍများရှိသည်။

(၄) စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ

စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲတွင် အကျုံးဝင်သည့်မှန်ပြောင်းဖြင့်သာ မြင်ရသော သက်ရှိနှင့် မျိုးမျိုး ဇီဝအရင်းအမြစ်များ အလားတူအစားအစာနှင့် စိုက်ပျိုးရေးအတွက် အသုံးပြုသော အပင်နှင့် သတ္တဝါ မျိုးဗီဇရင်းမြစ်များအားလုံး ပါဝင်သည်။ စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲသည် အစာနှင့် ဝင်ငွေသာမက အဝတ်အစား၊ အိမ်၊ အမိုးအကာ၊ ဆေးအတွက် ကုန်ကြမ်းများကို ပေးသည်။ ကွဲပြားသောမြေဆီလွှာနှင့် ရေကိုထိန်းသိမ်းသည်။ မျိုးသစ်မျိုးစပ်ရန် ပေးသည်။ မြေဩဇာကောင်းစေသည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲလုပ်ငန်း အစီအစဉ်သည် စီမံမှုနှင့် ဆက်နွယ်သည့် ဒေသဗဟုသုတကဲ့သို့ပင် ကမ္ဘာ့စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးကွဲလမ်းကြောင်းများနှင့် အခြေအနေတို့စောင့်ကြည့်မှတ်သားရန် ဦးတည်သည်။ စိုက်ပျိုးရေးအတွက် တန်ဖိုးဖြစ်သည့် မျိုးဗီဇအရင်းအမြစ် ရေရှည်တည်တံ့သော အသုံးပြုမှုနှင့် ထိန်းသိမ်းမှုကို မြှင့်တင်သည်။ ၎င်းသည် နည်းပညာသစ်များဖွံ့ဖြိုးရန် ဥပမာ-မျိုးဗီဇအသုံးပြုမှု တားဆီးခြင်းနည်းပညာများ (GURT)သို့ ဦးတည်သည်။ စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲအပေါ် နည်းပညာများ အသုံးပြုနိုင်ပုံ ဖြစ်နိုင်ခြေကို လေ့လာသည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်မှ ဒေသခံအုပ်စုအဖွဲ့အစည်းများနှင့် ဌာနေတိုင်းရင်းသားများအပါအဝင် လယ်ယာအုပ်စုအဖွဲ့အစည်းများ၏ ရှေ့ပြေးမှု၊ ဖွံ့ဖြိုးမှု၊ စီမံထိန်းသိမ်းမှုနှင့် ၎င်းတို့၏ ဗဟုသုတနှင့် အလေ့အကျင့်များကို ထိန်းသိမ်းရာတွင်၎င်း စိုက်ပျိုးရာ၌ ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရန်အသုံးပြုမှုအတွက် ကောင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)ခြောက်သွေ့၍ စိုစွတ်မှုရှိသော မြေနေရာဇီဝမျိုးစုံမျိုးကွဲ

ခြောက်သွေ့၍ စိုစွတ်မှုလည်းရှိသော မြေသည် လူဦးရေ (၂) ဘီလီယံကျော်အတွက် သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၃၅%ဝန်းကျင်အတွက် နေရာအိမ်ဖြစ်သည်။ ဤမြေတို့သည် ကြီးစွာသောဇီဝဆိုင်ရာ တန်ဖိုးရှိ၍ ကမ္ဘာ့စားနပ်ရိက္ခာသီးနှံနှင့် မွေးမြူရေးအတွက် နေအိမ်ကြီးလည်းဖြစ်သည်။ အာဖရိကတိုက်၏ ၇၀%သည် ၎င်းတို့၏ နေ့စဉ်စားသောက်နေရေးအတွက် တိုက်ရိုက်မှီခိုနေရသည်။

နည်းပညာရှင် အထူးကျွမ်းကျင်အုပ်စုသည် ခြောက်သွေ့၍ စိုစွတ်မှုလည်းရှိသော မြေတွင် (၂) ကြိမ်တွေ့ဆုံ၍ **SBSTTA** အလုပ်တွင် ဖြည့်စွက်တည့်သွင်းမှုပြုခဲ့သည်။ ခြောက်သွေ့၍ စိုစွတ်မြေ ဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်းအစီအစဉ်သည် နောင်ပြုလုပ်မည့် **(COP)** ပါတီများညီလာခံနှင့် ဆွေးနွေးအဆင့် သုံးသပ်ချက်ဖြစ်သည်။

(၆)တောင်ပေါ် နေ ဇီဝမျိုးစုံမျိုးကွဲ

တောတောင်ဂေဟစနစ်များမှာ တောရှင်းလင်းခြင်းနှင့် သစ်တောတစ်မျိုးတည်းပင် စိုက်ပျိုးခြင်း စသည်တို့ဖြစ်သော သစ်ခုတ်ခြင်း၏ ရေရှည်မတည်တံ့သောနည်းများနှင့် စိုက်ပျိုးလယ်ယာမြေ ချဲ့ထွင်ခြင်းတို့ကြောင့် နစ်နာပျက်စီးနေခဲ့ပြီ။ အခြားအကြောင်းများဖြစ်သော ခရီးသွားလုပ်ငန်း၊ ရေအားလုပ်ငန်း၊ သတ္တုတူးဖေါ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ လေညစ်ညမ်းမှုနှင့် မျိုးစိတ်သစ်များ ကျော်ဝင်ရောက်ခြင်းကြောင့်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် တောင်ပေါ် နေဇီဝမျိုးစုံမျိုးကွဲများလုပ်ငန်း၊ အစီအစဉ်အတွက်အရေးကြီးသည်။ အစိုးရများကို ၎င်းတို့၏တောင်တော ဂေဟစနစ်များကာကွယ်ရန်နှင့် တောင်တန်းနေ ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုနှုန်းကို ကာကွယ်ရန်၎င်း တောင်တန်းများ၏ ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုနှုန်းသိသိသာသာလျော့နည်းရန်၎င်း ဖိအားပေးခံရသည်။ ၂၀၁၀ ခုနှစ် ဤသည်မှာ တောင်များအပေါ် မှီခိုအားထားနေထိုင်သည့် ဌာနေအုပ်စု ပြည်သူအများအကျိုးအတွက် ဆင်းရဲမှုလျော့နည်းအောင်ပြုသည်။

(၇)ကျွန်းနေဇီဝမျိုးစုံမျိုးကွဲ

ကျွန်းများသည် သီးသန့်အထူးပြုဂေဟစနစ်များကဲ့သို့ပင် မျက်နှာပြင်ဧရိယာယူနစ် တစ်ခု၌ တွေ့ရလေ့ရှိသော အထူးအမျိုးစိတ်များအတွက် ဂေဟာဖြစ်သည်။ သို့တစေ ၎င်းတို့၏ ပေါကြွယ်လှသော ဇီဝမျိုးစုံမျိုးကွဲသည် ၎င်းတို့၏သဘာဝဒဏ်ကို တုန့်ပြန်အသက်ရှင်သည်။

ကျွန်းငယ်များရှိ ဌာနေပြည်သူအုပ်စုများ၏ ယဉ်ကျေးမှုကွဲပြားခြင်းနှင့် ရိုးရာဓဟုသုတ အလေ့အကျင့်များမှာ အများနှင့်မတူ တမူထူးခြားသောကြောင့် အထူးစဉ်းစားပေးရန်လိုသည်။ ကျွန်းနေ ဇီဝမျိုးစုံမျိုးကွဲအလုပ် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အစီအစဉ်၏ အားလုံးသော ကဏ္ဍာရှုဒေါင့်များကို ဌာနေတိုင်းရင်းသားများအုပ်စုများ၏ အခွင့်အရေးနှင့် ၎င်းတို့၏ အပြည့်အဝထိထိရောက်ရောက်ပါဝင်မှု၊ ကျေနပ်မှုတို့ကို အလေးထားခြင်း၊ အသိအမှတ်ပြုခြင်းများနှင့်အတူ တည်ဆောက်ရမည်ဖြစ်သည်။

၉။ ပိုင်းခြားမရသောအကြောင်းများ

ပါတီဝင်များ ညီလာခံသည်လည်း အားလုံးသောအကြောင်းအချက် နယ်ပယ်များနှင့် ဆက်စပ်သည့် အဓိကအကြောင်းများ အစပျိုးဆောင်ရွက်သည်။ ဤပိုင်းခြားမရနိုင်သော အကြောင်းများတွင် သဘောတူစာချုပ်၏ အခြေအမြစ်ဖြစ်သော ပေးဆောင်မှု ပိုဒ် ၆-၂၀နှင့် တူညီရာစုစည်းပြောဆိုရေးသားရန် အစီအစဉ်များအကြား ပေါင်းကူး

www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆက်မှုပေးသည့် အကြောင်းအရာများနှင့် တုန့်ပြန်ဆက်နွယ်လျက်ရှိသည်။ ဤသည်တို့မှာ ၊-

- မျိုးဗီဇရင်းမြစ်နှင့် အကျိုးအမြတ်မျှဝေခြင်း ရရှိမှု
- ဖွံ့ဖြိုးမှုအတွက် ဇီဝမျိုးစုံမျိုးကွဲ
- ရာသီဥတုပြောင်းလဲခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ
- ဆက်သွယ်ရေး ၊ ပညာရေးနှင့် လူထုသတိပြုမှု
- စီးပွားရေး ၊ ကုန်သွယ်ရေးနှင့် ဆွဲဆောင်မှုအတိုင်းအတာများ
- ဂေဟစနစ်ချဉ်းကပ်မှု
- အပင်များထိန်းသိမ်းရန် ကမ္ဘာ့ဗျူဟာ
- ကမ္ဘာ့အပင်ဗေဒရှေးဦး
- သက်ရောက်မှု ကွင်းဆင်းမှတ်သားခြင်း
- မျိုးကွဲခြင်း၊ စောင့်ကြည့်ထိန်းသိမ်းကွပ်ကဲခြင်း၊ အညွှန်းများနှင့် ကွင်းဆင်းမှတ်သားမှုများ
- ကျူးကျော် ပြင်ပမျိုးစိတ်များ
- တာဝန်ရှိခြင်းနှင့် တရားသဖြင့်ဖြစ်စေခြင်း
- ကာကွယ်တော/ဧရိယာများ
- ဇီဝမျိုးစုံမျိုးကွဲကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်း
- နည်းပညာပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- ခရီးသွားခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ
- ရိုးရာဗဟုသုတ၊ တီထွင်မှုများနှင့် အလေ့အကျင့်များ

အချို့အတူတွဲလျက်ရှိသော အစပျိုးမှုများသည် မူလရှေ့ဦးစွာ ဆောင်ရွက်ထားသော တူရာစုစည်းမှု အစီအစဉ်များအောက်ရှိ အလုပ်ကို ပံ့ပိုးကူညီသည်။ ဥပမာ- အညွှန်းများကို ဆောင်ရွက်ခြင်းက အားလုံးသောဂေဟစနစ်များအတွက် ဇီဝမျိုးစုံမျိုးကွဲများ၏ အခြေခံအနေနှင့် လမ်းကြောင်းဆိုင်ရာ သတင်းအချက်များပေးသည်။ ဤအလုပ်များသည် ဥပဒေများ၊ လမ်းညွှန်များနှင့် အခြားသောအကူများဖြင့် ဇီဝမျိုးစုံမျိုးကွဲ ၂၀၁၀ခုနှစ် ပန်းတိုင်ရောက်ရှိမှုနှင့် ညီလာခံအကောင်အထည်ဖော်ခြင်းကို ပံ့ပိုးစေရန်ဦးဆောင်သည်။

၁၀။ ဇီဝမျိုးစုံမျိုးကွဲ ၂၀၁၁-၂၀၂၀ နည်းဗျူဟာစီမံကိန်း

**နည်းဗျူဟာပန်းတိုင်များ**

| | |
|---|---|
| နည်းဗျူဟာပန်းတိုင်(က) | အစိုးရနှင့် လူထုအဖွဲ့အစည်းတို့ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှု အကြောင်းရင်းများကို မြင်သာအောင် မီးမောင်းထိုးအကြောင်းကြားသည်။) |
| နည်းဗျူဟာပန်းတိုင်(ခ) | ဇီဝမျိုးစုံမျိုးကွဲအပေါ် တိုက်ရိုက်ကျရောက်သော ဖိအားပေးမှုကို လျှော့နည်းစေသည်။ ရေရှည်တည်တံ့အောင် အသုံးပြုခြင်းတိုးမြှင့်လာအောင် ဆောင်ရွက်သည်။ |
| နည်းဗျူဟာပန်းတိုင်(ဂ) | ဂေဟစနစ်များ၊ မျိုးစိတ်များနှင့် မျိုးဗီဇကွဲပြားမှုကို စောင့်ရှောက်ခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲ အခြေအနေအဆင့် ကောင်းမွန်တိုးတက်စေသည်။ |
| နည်းဗျူဟာပန်းတိုင်(ဃ) | ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲအားလုံးမှ ရရှိသောအကျိုးအမြတ်များကို တိုးမြှင့်စေသည်။ |
| နည်းဗျူဟာပန်းတိုင်(င) | ပူးပေါင်းပါဝင်စီမံမှု၊ ဝတ္ထုသုတစီမံခန့်ခွဲမှုနှင့် စွမ်းရည်မြှင့်တင်မှုတို့ကို တိုးတက်စေအောင် အကောင်အထည်ဖော်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



၁၁။ အခြားသောအပြည်ပြည်ဆိုင်ရာ ညီလာခံများနှင့်ဆက်သွယ်ခြင်း။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် အခြားသော အပြည်ပြည်ဆိုင်ရာညီလာခံများဖြင့် သဘောတူညီချက်များနှင့် ဆက်နွယ်မှုကို စီမံထိန်းသိမ်းသည်မှာ ၊-

- အုပ်ချုပ်ရေးရုံးများနှင့် ဆက်သွယ်ရေး
- ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးရေး
- အရာရှိများပူးတွဲအစည်းအဝေးကျင်းပရေး
- ညီလာခံနှင့်သဘောတူညီမှုများ အကြားဆက်နွယ်သော တာဝန်ရှိအုပ်စုများ

၁၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ရှိ မိတ်ဖက်ညီလာခံများ

ရီယိုညီလာခံသုံးခုဖြစ်သော -ဇီဝမျိုးစုံမျိုးကွဲ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဲကန္တာရဖြစ်ထွန်းခြင်း- မှာ ၁၉၉၂ ခုနှစ် ကမ္ဘာမြေညီလာခံမှ တိုက်ရိုက်ဆင်းသက်လာသည်။ တစ်ခုစီသည် လုပ်ငန်းစဉ် (၂၁) ရေရှည်ဖွံ့ဖြိုးမှု ပန်းတိုင်များသို့ လမ်းတစ်ခုအဖြစ် ကိုယ်စားပြုသည်။ ညီလာခံ (၃) ခုမှာ တူညီသော ဂေဟစနစ်များ အလုပ်လုပ်ခြင်းကို ပင်ကိုယ်အားဖြင့် ချိတ်ဆက်၍ အပြန်အလှန်မှီခိုမှုရှိသော အကြောင်းများကို သီးခြားပြောဆိုစေသည်။

| | |
|---|---|
| **CBD** | ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် - ရည်မှန်းချက်များမှာ ဇီဝမျိုးစုံမျိုးကွဲကို ထိန်းသိမ်းခြင်း၊ ၎င်း၏အစိတ်အပိုင်းများကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် မျိုးဗီဇရင်းမြစ်များ၏ စီးပွားဖြစ်နှင့် အခြားသောအသုံးပြုခြင်းများမှရရှိ ပေါ် ထွက်လာသည့် အကျိုးအမြတ်များ မျှတညီမျှစွာ ခွဲဝေပေးခြင်းဖြစ်သည်။ သဘောတူညီချက်သည် အားလုံးသော ဂေဟစနစ်များ မျိုးစိတ် နှင့် မျိုးဗီဇရင်းမြစ်များအတွက် အကျုံးဝင်သည်။ |
| **UNCCD** | ကမ္ဘာ့ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေး ညီလာခံ- ရည်မှန်းချက်မှာ သဲကန္တာရဖြစ်ထွန်းမှုကို တိုက်ဖျက်ရန်၊ အလွန်အမင်း မိုးခေါင်ရေရှားမှုကြုံတွေ့ရသည့်နိုင်ငံများရှိ ဝေါ်မွတ်ခေါင်းပါးမှု အဖြစ်များမှ လျော့ပါးသက်သာစေရန်နှင့် သဲကန္တာရဖြစ်ထွန်းခြင်းကို လျော့ပါးစေရန်နှင့် အထူးသဖြင့် အာဖရိကတိုက်၌ အလွှာအဆင့်အားလုံး ထိရောက်သော လှုပ်ရှားမှုများကို နိုင်ငံတကာပူပေါင်းဆောင်ရွက်မှု၊ အလုပ်လုပ်ဖက်စီစဉ်မှုတို့ဖြင့် ပံ့ပိုးထားသော ပူးတွဲချဉ်းကပ်မှု မူဘောင်အတွင်း လုပ်ငန်းစဉ်၂၁ ပါဝင်ခြင်းအမြင်ဖြင့် ထိခိုက်ခံရသည့် ဧရိယာများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်လှုပ်ရှားမှုများဖြစ်သည်။ |
| **UNFCCC** | ကမ္ဘာ့ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံသည် အစိုးရများအကြား ဆောင်ရွက်အားထုတ်မှုများအတွက် ရာသီဥတုပြောင်းလဲမှုကြောင့် ဆောင်ရွက်အားထုတ်မှုများအတွက် ရာသီဥတုပြောင်းလဲမှုကြောင့် စိန်ခေါ်မှုများကို ဖြေရှင်းရန် အားလုံးလွှမ်းခြုံသော မူဘောင်ချမှတ်ရန်ဖြစ်သည်။ ရည်ရွယ်ချက်မှာ၊ လေထုတွင်ရှိ အစိမ်းရောင် ဖန်လုံအိမ်ဓါတ်ငွေ့ အာနိသင်ကို ရာသီဥတုစနစ်တွင် လေထုမှ ဝင်ရောက်နှောင့်ယှက်အန္တရာယ်ပေးမှုမှ အဆင့်တစ်ခုတွင်ကာကွယ်ရန်၊ ရာသီဥတုပြောင်းလဲမှုကို သဘာဝအားဖြင့် ထိန်းညှိစေသော ဂေဟစနစ်များအား အချိန်ဘောင်အတိုင်းအတာ လုံလောက်သည့် ပမာဏအတွင်းခွင့်ပြုရန်၊ အစာထုတ်လုပ်မှု ထိခိုက်ခြိမ်းခြောက်မှု မရှိသည်မှာ သေချာရန်၊ ရေရှည်တည်တံ့သောအသွင်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေနိုင်ရန် ဖြစ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



ရီယိုညီလာခံတစ်ခုစီအတွက် ပါတီဝင်များညီလာခံသည် လုပ်ရှားမှုများထပ်နေသည်များကို လျှော့နည်းစေရန် နှင့် စုပေါင်းသည့်အား တိုးမြှင့်စေရန် ညီလာခံများအကြား ပူးတွဲဆောင်ရွက်ခြင်းများကို တိုးမြှင့်စေရေး လိုအပ်သော ဆုံးဖြတ်ချက်များနှင့် မရေတွက်နိုင်သော ဆောင်းပါးများအားဖြင့် မီးမောင်းထိုးပြောကြားကြသည်။

၂၀၀၁ခုနှစ် ဩဂုတ်လညီလာခံက စာအုပ်ကြီးအတိုင်းမဟုတ်သော အစည်းအဝေးတစ်ခုအဖြစ် သတင်းဖလှယ်ရန် စုပေါင်းအားဖြင့်လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းရှာရန်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းကို တိုးမြှင့်ရန် ပူးတွဲတာဝန်ယူထားသော အုပ်စုတစ်စု တည်ထောင်ခဲ့သည်။ ပူးပေါင်းလုပ်ဆောင်သည့် နည်းလမ်းသွယ်တို့မှာ အစည်းအဝေး အချို့နှင့် စာရွက်စာတမ်းအချို့မှရှာဖွေခဲ့ပြီး၊ ပူးပေါင်းလုပ်ဆောင်သည့် လုပ်ရှားဆောင်ရွက်မှုများမှ ဆောင်ရွက်နေဆဲဖြစ်သည်။

၁၃။ အမျိုးသားရေးအဆင့် အကောင်အထည်ဖေါ်မှု။

ပါတီများ သို့မဟုတ် နိုင်ငံအစိုးရများညီလာခံ အကောင်အထည်ဖေါ်ရန် မည်သို့မျှော်လင့်သနည်း။ မည်သို့စောင့်ကြည့်ကြပ်မတ်သနည်း။

ဇီဝမျိုးစုံမျိုးကွဲရင်းမြစ်များကို ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းကို အမျိုးသားရေးအဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အမျိုးသားစီးပွားရေးနှင့် မူဝါဒပြုခြင်းမူဘောင်၏ အခန်းကဏ္ဍများအားလုံးပါသည့် ခေတ်ရေစီးကြောင်းကိုတွဲဖက်စဉ်းစားရမည်မှာ ညီလာခံ၏အခရာသော့ချက်ပေါင်းယှက်နေသည့်စိန်ခေါ်မှုများဖြစ်သည်။

ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းအတွက် ယေဘုယျအတိုင်းအတာများဆိုင်ရာ သဘောတူစာချုပ်ပိုဒ်ခွဲ (၆)က ဖေါ်ပြသည်မှာ စာချုပ်ချုပ်ဆိုသည့် ပါတီတစ်ပါတီစီသည် ၄င်း၏သီးခြားဖြစ်သောအခြေအနေနှင့် စွမ်းဆောင်ရည်များနှင့် လိုက်လျှောညီထွေဖြစ်သင့်သည်။

- ♦ အမျိုးသားရေးအဆင့် ဗျူဟာများ၊ အစီအမံများ၊ အစီအစဉ်များကို ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းအတွက် ဖွံ့ဖြိုးအောင်ဆောင်ရွက်သည့်၊ သို့မဟုတ် စာချုပ်ချုပ်ဆိုသည့် ပါတီပတ်သက်သည့် ညီလာခံနှင့် ဆက်စပ်သော အတိုင်းအတာများချမှတ်ခြင်းကို တုန့်ပြန်သင့်သော လက်ရှိဗျူဟာများ၏ ရည်ရွယ်ချက်၊ အစီအမံ၊ အစီအစဉ်ကိုများကို လိုက်လျှောညီ ထွေဖြစ်စေရန် ထိန်ညှိပေးသည်။
- ♦ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့ရန် အသုံးပြုခြင်းကို သက်ဆိုင်သည့်ကဏ္ဍများ သို့မဟုတ် ပိုင်းခြားမရသော ဆက်စပ်ကဏ္ဍများ၊ အစီအမံ၊ အစီအစဉ်များနှင့် တတ်နိုင်သ၍ အဆီလျော်ဆုံးဖြစ် ရန်တွဲဖက်သည်။

### *(က) ဇီဝမျိုးစုံမျိုးကွဲဗျူဟာနှင့် လုပ်ငန်းစီမံချက်။*

ညီလာခံပါတီများသည် အမျိုးသားရေးအဆင့် ဇီဝမျိုးစုံမျိုးကွဲစီမံချက်အတွက် တာဝန်တစ်ရပ်ရှိသည်။ အမျိုးသားရေးအဆင့် ဇီဝမျိုးစုံမျိုးကွဲဗျူဟာနှင့် လုပ်ငန်းစီမံချက် **(NBSAP)** တစ်ခုသည် နိုင်ငံက ညီလာခံရည်မှန်းချက်များကို မည်သို့ဖြည့်ဆည်းရန် ရည်ရွယ်၍ သီးသန့်ဖြစ်သော အမျိုးသားရေးအခြေအနေများနှင့် ဆက်နွယ်သည့်လုပ်ရှားမှု၊ စီမံချက်များက ဤရည်မှန်းချက်များ ပြည့်ဝစေရန် မည်သို့အဆင့်များ ကွင်းဆင်းသုံး၍ ဖွဲ့စည်းမည်ကို စီမံသင့်သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် နိုင်ငံအဆင့်ဆောင်ရွက်ရန် ပါတီများညီလာခံက ပါတီအားလုံးကို ၄င်းတို့၏ (အမျိုးသား ဇီဝမျိုးစုံမျိုးကွဲဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ) **(NBSAP)** တက်လာရန် ဆင့်ခေါ်သည်။ ယနေ့အထိ အမျိုးသားစီမံမျိုးကွဲဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ပါတီ(၁၆၆) ခုက ဖွံ့ဖြိုးစေခဲ့သည်။ (၉) ကြိမ်မြောက် ပါတီများညီလာခံက ၂၀၁၀ခုနှစ်တွင် ၄င်းတို့၏ **NBSAP** များ ဖွံ့ဖြိုးရန် ကျန်ရစ်သောပါတီ (၂၆)ကိုလည်းခေါ်သည်။

### *(ခ) အမျိုးသားအစီရင်ခံစာ*

ပိုဒ်ခွဲ ၂၆က ပါတီများအား ညီလာခံရည်မှန်းချက်ကို ရောက်စေမည့် ၄င်းတို့၏ ထိန်းသိမ်းမှု၊ ထိရောက်မှု၊ အကောင်အထည်ဖေါ်စေသည့် သတင်းအချက်အတိုင်းအတာများ အမျိုးသားစီရင်ခံစာများဖြင့် ပါဝင်ရန်ဆင့်ခေါ်သည်။

ပိုဒ်ခွဲ ၁၀ (က) က ပါတီများအား ဇီဝမျိုးစုံမျိုးကွဲအရင်းအမြစ်များ ထိန်းသိမ်းခြင်းနှင့် ရေရှည်ကိုးတက်အောင် အသုံးပြုခြင်းအတွက် စဉ်းစားခြင်းကို အမျိုးသားဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ယှဉ်၍တွဲဖက်စဉ်းစားစေသည်။ ပါတီများ

www.burmeseclassic.com



ညီလာခံ စတင်ကတည်းက (၄) ကြိမ်မြောက် အမျိုးသားအစီရင်ခံစာကိုတင်ရန် သဘောသက်ရောက်စေပြီးဖြစ်သည်။ သို့တစေ ပါတီအားလုံးက ၄င်းတို့၏ အစီရင်ခံစာများ မပို့ကြပါ။

### *(ဂ) အမျိုးသားရေးအဆင့်အဓိက ဆက်သွယ်ရန်နေရာ (အရင်းအမြစ်လူ)*

နိုင်ငံတစ်ခုစီ၏ (ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ပါတီတစ်ခု)က **NFP** အမျိုးသားရေးအဆင့် အဓိကဆက်သွယ်ရန်နေရာကို ညီလာခံအတွက်ပြင်ဆင်သည်။ သာမန်အားဖြင့် အဓိကဆုံမှတ်ဆက်သွယ်ရန်နေရာကို သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနကဲ့သို့သော အစိုးရတစ်ဖွဲ့အတွင်း ညီလာခံကိုတာဝန်ယူရန် အုပ်ချုပ်မှုအာဏာမြင့်သူတစ်ဦးက အဆိုပြုသည်။ အမျိုးသားရေးအဓိကဆက်သွယ်ရန် ဆုံမှတ်ပို့င့်၏ မူလအလုပ်မှာ ၄င်းတို့၏ ပါတီများကိုယ်စားအတွင်း ၄င်းနှင့်အတူ တာဝန် ယူရသည်။ ၄င်းတို့ရှိသည့် တာဝန်များမှာ ၊-

၁. ညီလာခံနှင့်ပတ်သက်သည့် သတင်းအချက်အလက်လက်ခံခြင်း၊ ပြန်ပို့ခြင်း။
၂. ညီလာခံတွင် ပါတီများက ကိုယ်စားပြုခြင်းကို သေချာစေခြင်း။
၃. အထူး အာမခံထားသော ပညာရှင်အဖွဲ့များ၊ မှတ်တမ်းကောက်သည့် အစီအစဉ်များနှင့် ညီလာခံ၏ အခြားလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ရန် ပညာရှင်များကို စိစစ်ခြင်း။
၄. အုပ်ချုပ်ရေးရုံးနှင့် ပါတီများညီလာခံမှ ပါတီများထည့်သွင်းရန် အခြားတောင်းဆိုချက်များကို တုန့်ပြန်ရန်။
၅. ညီလာခံအကောင်အထည်ဖေါ်မှုကူညီရန် အခြားနိုင်ငံများမှ အမျိုးသားအဓိက ဆက်သွယ်ရန် ပို့င့်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။
၆. ညီလာခံနှင့် အမျိုးသားရေးအဆင့်အကောင်အထည်ဖေါ်မှုကို ကူညီရန်အတွက်နှင့် စောင့်ကြည့်ကြီးကြပ်ရန်၊ မြှင့်တင်ရန် တို့ဖြစ်သည်။

### *(ဃ)အမျိုးသားရေးအဆင့် သတင်းအိမ်။ (သတင်းရှင်းလင်းဖြန့်ဝေခြင်း)*

အမျိုးသားရေးအဆင့်သတင်းအိမ် **NCHM** သည်သီးခြားနိုင်ငံတစ်ခု၏ ညီလာခံနှင့်ပတ်သက်သော သတင်းအဖြစ်အပျက်များကိုပေးသည့် ဝက်ဆိုက်တစ်ခုဖြစ်သည်။ ၄င်းသည် နည်းပညာသတင်းအချက်အလက်အများကို အသုံးပြုခြင်း၊ ဥပမာ- ကမ္ဘာတစ်လွှားကွန်ယက်အသုံးပြုခြင်းကို ကွဲပြားသောဒေသများမှ ပြည်သူလူထုအများ ဈေးချိုသာစွာနှင့် ဝက်ဆိုက်သုံး စွဲစေသည်။

ပါတီများစွာက အမျိုးသားရေးအဆင့်သတင်းအိမ်များကို ထူထောင်ဖြစ်သော်လည်း ထင်ရှားမှုတူညီသော နံပါတ်များ အီးမေးရကြသည်။ အလွန်အနည်းငယ်သာလျှင် အမျိုးသားသတင်းအိမ်ဝက်ဆိုက်ကို ထူထောင်သည်။ အမျိုးသားသတင်းအိမ်ဝက်ဆိုက်တစ်ခုသည် မူဝါဒပြုသူများ၊ စိတ်ဝင်စားသည့် အရင်းနှီးပြုသူများကို ညီလာခံတာဝန်ဝတ္တရားတရားများနှင့်အညီ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့လျှက် အသုံးပြုရန်အတွက်ကို ထောက်ကူနိုင်သည့် လိုအပ်သော သတင်းအချက်အလက်နှင့်ဆက်စပ်သည့် အမျိုးသားရေးရာဇီဝမျိုးစုံမျိုးကွဲအားလုံး ပါဝင်သင့်သည်။

၁၄။ ဒေသခံပြည်သူအများစုအတွက် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ပတ်သက်မှုနှင့် အသုံးဝင်မှု။

ဒေသခံပြည်သူအများစုသည် အစိုးရကအသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ဇီဝမျိုးစုံမျိုးကွဲကို ရေရှည်တည်တံ့အောင် လက်တွေ့အသုံးပြုနေကြသည့် ဓါးမဦးချ မူလမူရင်းပြည်သူများဖြစ်သည်။ အစိုးရကအသိအမှတ်ပြုခြင်း၊ မပြုခြင်းကို ဂရုမထား။ မျိုးရိုးအမွေခံအခွင့်အရေးများ၊ လူ့အခွင့်အရေးအဖြစ် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင်အသုံးပြုခြင်းကို အစိုးရအသိအမှတ်ပြုပြု၊ မပြုပြု လက်တွေ့ဆောင်ရွက်နေကြသည်။

ဇီဝမျိုးစုံမျိုးကွဲများ၏ အကျိုးအမြတ်မျှဝေခြင်း၊ ရရှိခြင်းနှင့် ရေရှည်တည်တံ့အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်း ရည်ရွယ်ချက်များမှာ အချိန်ယူပြီး ၄င်းတို့ကိုယ်ပိုင်အုပ်စု အဖွဲ့အစည်းများအတွင်း ဌာနေတိုင်းရင်းသားများက တိုးတက်စေသောရည်ရွယ်ချက်များ ဖြစ်သည်။ ယခုရည်ရွယ်ချက်များမှာ နိုင်ငံတကာသဘောတူညီချက် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏အစိုးရများ တရားဝင်ချုပ်ဆိုထားသောပန်းတိုင်မှာ တာဝန်ဝတ္တရားများမှတ်ထားသည့် ရုပ်လုံးပေါ်ခဲ့ပေပြီ။ သို့အတွက် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အောင်မြင်စွာ

www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ဖေါ် နိုင်ခြင်းအတွက် ဒေသနေလူထုများ၊ ဌာနေတိုင်းရင်းသားများ အားလုံးအတူတကွ အလုပ်လုပ်သင့်သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် တရားဝင်ချုပ်ဆိုထားသည့် အကြောင်းအရာတစ်ခုဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖေါ် ရန် တာဝန်ယူဆောင်ရွက်ရန် ပါတီများ၌ တာဝန်ရှိသည်ဖြစ်၏။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရည်မှန်းချက်များကို ဌာနေတိုင်းရင်းသားများ ၎င်းတို့၏အုပ်စုအဖွဲ့အစည်းအတွင်း ပြုလုပ်နှင့်နေပြီးလည်း ဖြစ်သည်။ ထို့ကြောင့်အစိုးရများက ညီလာခံရည်မှန်းချက်များရောက်ရှိရန် ဒေသခံပြည်သူအုပ်စုအဖွဲ့အစည်းများနှင့်အတူ သို့မဟုတ် ၎င်းတို့မှတဆင့် အလုပ်လုပ်ရပေလိမ့်မည်။

တချိန်တည်းမှာပင် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများက ၎င်းတို့၏အကြောင်းအချက်များ ပတ်သက်သည်များကို ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင်ပြုခြင်းနှင့်ဆက်စပ်လျက် အစိုးရများအာရုံ ရောက်အောင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အသုံးပြုနိုင်သည်။ ဤနည်းအားဖြင့်ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် ၎င်းတို့၏ အခွင့်အရေးများနှင့် စိတ်ဝင်စားမှုများအတွက် ပိုအားကောင်းလာရန် ဆောင်ရွက်နိုင်သည်။ ဤသည်ကို နိုင်ငံတကာအဆင့်မူဝါဒပုံဖေါ် ခြင်းသာမဟုတ်ဘဲ အမျိုးသားအဆင့်၊ ဒေသများအသီးသီးအဆင့် အောက်ခြေအဆင့်၊ အလွှာအဆင့်ဆင့် ဆောင်ရွက်နိုင်သည်။ ဤသို့ဆောင်ရွက်ရန် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများက ပါတီညီလာခံ၏ သီးသန့်လုပ်ငန်းအစီအစဉ်နှင့် ဒေသအခြေအနေ၊ ၎င်းအဖွဲ့ဝင်အကျိုးအတွက် အသုံးပြုရန် အကောင်းဆုံးဆက်စပ်သည်ကို စတင်ရှာဖွေရန် လိုအပ်သည်။ ၎င်းတို့သည် အမျိုးသားဇီဝမျိုးစုံမျိုးကွဲ၊ ဗျူဟာနှင့် ၎င်းတို့၏အစိုးရ၏ အကောင်အထည်ဖေါ် မှု အစီအမံ၊၎င်းတို့၏ အခွင့်အရေးများကို အဆိုပြုရန်နှင့် ၎င်းတို့ဒေသခံတို့က ကိုယ်တိုင်တာဝန်ယူရန် လိုအပ်သည်။

လေ့ကျင့်ခန်း-၂။

အလုပ်ရုံဆွေးနွေးပွဲ ဌာနေတိုင်းရင်းသားများ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ၎င်းတို့အုပ်စုအဖွဲ့အစည်းများ၏ ဦးစားပေး အကြောင်းအချက်များဖေါ် ပြရန် မည်သို့အသုံးပြုနိုင်သနည်း။
( ၁ နာရီ )

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ဒေသခံပြည်သူတို့အသုံးပြုရန် နည်းလမ်းများ ဖွေရှာခြင်း။

ရည်ညွှန်းချက်များ။

၁။ ပါဝင်သူများကို နိုင်ငံအလိုက်၊ မူရင်းအုပ်စုအလိုက် ခွဲခြားပါ။ တစ်ခုလျှင် မိနစ် ၃၀ ဆွေးနွေးပါ။

၂။ လမ်းညွှန်များ။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လမ်းညွှန်များကို ပြန်သတိရစေပါ။

(ဆောင်းပါး၊ တူရာစုစည်းဆောင်ရွက်ချက်၊ အစီအမံများ၊ အတူယှဉ်တွဲနေသောကိစ္စများ၊ အမျိုးသားရေးအဆင့် ဇီဝမျိုးစုံမျိုးကွဲ ဗျူဟာမြောက်လုပ်ရှားမှုအစီအမံများ) ဌာနေတိုင်းရင်းသားများသည် သက်ဆိုင်ရာအသိုင်းအဝိုင်းတွင် ရင်ဆိုင်ရသည့်ဦးစားပေးအကြောင်းများကိုဖေါ် ပြရန်နှင့်ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို မည်သို့ သုံးနိုင်သည်ကို ဆွေးနွေးပါ။

၃။ တစ်အုပ်စုလျှင် အုပ်စုတစ်ခုစီ၏ အလုပ်ရလဒ်များကိုတင်ပြရန်။ ၁၀ မိနစ်စီပေးပါ။

၄။ ကူညီဖြည့်ပေးသူက အုပ်စုအစီရင်ခံစာများ၊ သာမန်စိတ်ကူးများ၊ မှတ်သားမှုနှင့် ဆွေးနွေးခြင်းကို သုံးသပ်ရန် အကျဉ်းချုံ့၍ စုစည်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၃

## ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် နှင့် ဌာနေတိုင်းရင်းသားများ၏ ဆက်နွယ်ပတ်သက်မှု

**ရည်မှန်းချက်များ။**

၁။ ပူးပေါင်းပါဝင်သူ အုပ်စုများအတွင်း ခြိမ်းခြောက်မှုများနှင့်၊ ဇီဝမျိုးစုံမျိုးကွဲနှင့်ဆက်စပ်သော လက်ရှိ ဌာနေဗဟုသုတစနစ်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲအခြေအနေကို တင်ပြရန်။

၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ပံ့ပိုးကူညီမှုသည် ဌာနေတိုင်းရင်းသားများနှင့် အများဆုံးစပ်ဆိုင်ကြောင်း သင်ယူရန်။

၃။ ဌာနေတိုင်းရင်းသားများအတွက် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အန္တရာယ်များနှင့် သတိပြုရန်ကိစ္စများကို သတိပြုမိလာစေရန်။

၄။ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ဆက်စပ်မှုအခြေအနေအားကောင်းစေရန် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကြေငြာချက် (UNDRIP) ကို မူဘောင်နှင့် လမ်းညွှန်သဖွယ်သုံးပြီး နည်းလမ်းများရှာဖွေရန် တို့ဖြစ်သည်။

**အရင်းအမြစ်များ။**

- ဇီဝမျိုးစုံမျိုးကွဲကို ညှိနှိုင်းမှု ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကွင်းဆင်းလမ်းညွှန် (ပါဝါပွိုင့်)
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် - ဌာနေတိုင်းရင်းသားများ၏ ဆက်နွယ်ပတ်သက်မှု။
- ကမ္ဘာ့ကုလသမဂ္ဂကြေငြာချက် ဌာနေတိုင်းရင်းသားများ အခွင့်အရေး။

**အချိန်**

**၄ နာရီ**

ဆောင်ရွက်ချက်။

**လေ့ကျင့်ခန်း - ၁။**

ပိုစ္စတာဖြင့်တင်ဆက်ခြင်း၊ ဌာနေဇီဝမျိုးစုံမျိုးကွဲအခြေအနေ၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများ။ (မိနစ် ၃၀)

*ဇီဝမျိုးစုံမျိုးကွဲ လက်ရှိအခြေအနေတို့ပြခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၏ အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုများကို ခွဲခြားစီစစ်ခြင်း။*

**လမ်းညွှန်ချက်။**

၁။ ပြင်ဆင်ဆောင်ရွက်မှုတစ်ရပ်အဖြစ် အချိန်မစမီ ပူးပေါင်းပါဝင်သူများအား မိမိဒေသအလိုက် အုပ်စုဖွဲ့ပါစေ။ တစ်စုစီမှာ ၄င်းတို့၏ဌာနေ ဇီဝမျိုးစုံမျိုးကွဲအခြေအနေ၊ ဇီဝမျိုးစုံမျိုးကွဲကို ခြိမ်းခြောက်မှုများနှင့် ၄င်းတို့၏ ရိုးရာဗဟုသုတ၊ အခြားသော အပြုသဘောအချက်များနှင့် ၄င်းတို့မှာ မိမိအုပ်စုအတွင်းရှိဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရန် ကူညီသည်ကိုဖော်ပြစေသည့် ကားချပ်ပိုစတာတစ်ခုစီ ဆွဲရန်ဖြစ်သည်။

၂။ အချိန်အစတစ်ခုစီ၏ ကားချပ်နံရံတွင် အုပ်စုအား ကားချပ်အကြောင်း ရှင်းပြပြီး ပါဝင်သူများက မေးခွန်းများ၊ မရှင်းပြသည်များ မေးစေသည်။

၃။ အုပ်စုအားလုံးတင်ပြခြင်းပြီးသော် အဓိကအချက်များ အကျဉ်းချုပ်ခေါင်းစဉ်၊ ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို မိတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## တင်ပြချက်နှင့်ဆွေးနွေးချက်။ ၂ နာရီ

၁။ ဌာနေတိုင်းရင်းသားများနှင့် ဇီဝမျိုးစုံမျိုးကွဲယေဘုယျအချက်များ။

ကမ္ဘာ့လူဦးရေသန်း (၃၇၀) မှ သန်း (၅၀) ရှိ ဌာနေတိုင်းရင်းသားများသည် အပူပိုင်းဇုန်သစ်တောတွင် နေသည်။ ဌာနေတိုင်းရင်းသားများသည် ကမ္ဘာ့လူဦးရေ၏ (၄) ရာခိုင်နှုန်းထက်နည်းသော်လည်း ယဉ်ကျေးမှုကွဲပြားခြင်း၊ (၉၅) ရာခိုင်နှုန်းခန့်ရှိ၍၊ များစွာသော ဇီဝမျိုးစုံမျိုးကွဲရှိသည့် ဧရိယာများ၌ လူဦးရေ၏ (၂၀) ရာခိုင်နှုန်းကျော်နေထိုင်ကြသည်။ ရုရှားနိုင်ငံတွင် ဌာနေတိုင်းရင်းသားများသည် စုစုပေါင်းမြေဧရိယာ၏ (၆၀) ရာခိုင်နှုန်းတွင် နေသည်။

ကမ္ဘာသုံးဘာသာစကားကွဲ အမျိုးပေါင်းခြောက်ထောင်ကျော်အနက် ဌာနေတိုင်းရင်းသားများက လေးထောင်မှ ငါးထောင်ကို သုံးစွဲသည်။ ဘာသာစကားအားလုံး၏ ထက်ဝက်မှာ လူတစ်သောင်းထက်နည်းသော အုပ်စုတို့ပြောဆိုသုံးစွဲကြသည်။ ထူးခြားသော ယဉ်ကျေးမှုတစ်ခုစီ၏ ဆုံးရှုံးမှုသည် လူသားမျိုးနွယ်၏ တီထွင်မှုကို ဖြစ်နိုင်သောရွေးချယ်မှုများနှင့် ဖြစ်နိုင်သောအခွင့်အလမ်းများ စိန်ခေါ်မှုအပေါင်းနှင့်ဆိုင်သော စုပေါင်းဆုံးရှုံးမှုကို ကိုယ်စားပြုသည်။

ဂေဟစနစ်များ ဆုံးရှုံးမှုသည် ရိုးရာလူနေမှုစရိုက်ဆုံးရှုံးမှု၊ ဘာသာဗေဒကွဲပြားမှုနှင့် ရိုးရာဗဟုသုတဆုံးရှုံးမှုကို ဦးဆောင်သည်။ အကြောင်းမှာ ဌာနေတိုင်းရင်းသားများ နှစ်ပေါင်းသောင်းချီ၍ မျိုးစိတ်များကွဲပြားမှုကို ပျိုးထောင်ခဲ့ကြသည်။ လက်ရှိ ဇီဝမျိုးစုံမျိုးကွဲကျယ်ပြောရန် လုပ်ဆောင်နိုင်ခဲ့သည်။ ဌာနေတိုင်းရင်းသား၏ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် ရေရှည်တည်တံ့သောမူများအပေါ် အခြေခံသည့် နားလည်မှုရှိသည်။ မျိုးစိတ်များပြားတီထွင်ကြဲဖွံ့ဖြိုးစေရန် အစဦးပြုစုပျိုးထောင်ခဲ့ကြ အားပေးကြသည်ဖြစ်၍ -အိမ်မွေး- နှင့် -အရိုင်း- ဟူ၍ကွာခြားမှုမှာ အတော်အသင့်လျော့ပါးသွားသည်။

၂။ ဌာနေတိုင်းရင်းသားများအခြေခံတောင်းဆိုချက်များ။

ဌာနေတိုင်းရင်းသားများ၏ ကွဲပြားသောအခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကြေငြာစာတမ်း (UNDRIP)ပိုဒ်ခွဲ
အကိုးအကားကို ဌာနေတိုင်းရင်းသားများ၏ ကွဲပြားသောလူ့အခွင့်အရေးများကို ဆွေးနွေးချိန်တွင် အသုံးပြုနိုင်သည်။

အောက်ပါတို့မှာ ဌာနေတိုင်းရင်းသားများ၏ အခြေခံလူ့အခွင့်အရေးများ ဖြစ်ကြပြီး ဌာနေတိုင်းရင်းသားများတို့ ကွဲပြားသောအခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကြေငြာစာတမ်း၌ အသိအမှတ်ပြုထားသည်မှာ ၊-

» (က) ကျွန်ုပ်တို့ပိုင်နက်များပေါင်းစု ဆိုင်ရာအခွင့်အရေးများ (ပိုဒ်ခွဲ ၂၆၊ ၂၇)
» (ခ) ကိုယ်ပိုင်ဆုံးဖြတ်ချက်အခွင့်အရေး (ပိုဒ်ခွဲ ၃၊၃၂)
» (ဂ) ကျွန်ုပ်တို့၏လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့စရိုက်များအလိုက် ထုံးတမ်းစဉ်လာ
» ဥပဒေများကိုင်စွဲမှု အခွင့်အရေး (ပိုဒ်ခွဲ ၅၊ ၁၁)
» (ဃ) ကျွန်ုပ်တို့ကိုယ်ပိုင်အသင်း အဖွဲ့အစည်းများမှတဆင့် နိုင်ငံရေးအရသော်၄င်း၊ တရားရေး
» အရသော်၄င်း နှစ်မျိုးစလုံး တင်ပြနိုင်သည့် အခွင့်အရေး (ပိုဒ်ခွဲ ၁၈၊ ၁၉)
» (င) ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဌာနေ ဗဟုသုတကို ထိန်းသိမ်းနိုင်မှု အခွင့်အရေး (ပိုဒ်ခွဲ ၃၁)
»
»




» ဌာနေပြည်သူများ၏ စီမံခန့်ခွဲမှုအလေ့အကျင့်
»
»
» ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုနှင့် တိုးမြှင့်စေမှု
»
»
» ရုပ်ပုံပြခြင်း။ ဗဟုသုတကွဲပြားမှု။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဌာနေဗဟုသုတနှင့် ဇီဝမျိုးစုံမျိုးကွဲအအသုံးပြုမှုအတွက် အရေးကြီးသောမူဝါဒများ။

- ဌာနေတိုင်းရင်းသားများသည် နယ်ပိုင်းမြေများတွင်နေထိုင်သည်။ ဤသည်မှာ ဌာနေတိုင်းရင်းသားများ နှင့် ၎င်းတို့၏ အုပ်စုအဖွဲ့များသည် စုပေါင်းပတ်ဝန်းကျင်ဖြစ်လာသော မြေ၊ အောက်ခံ မြေဆီလွှာ၊ သစ်ပင်၊ အပင်ငယ်၊ သတ္တဝါများ၊ ငှက်များထိန်းသိမ်းရန်နှင့် အသုံးပြုရန်အတွက် တာဝန်ရှိလာသည်။ နေရာတစ်ခု၏ အားလုံးသော အရင်းအမြစ်များတွင် မြေ၊ ပင်လယ်ရေယာများ၊ ကျွန်းများ၊ မြစ်များ၊ အိုင်များ၊ ကမ်းခြေများ ပါဝင်သည်။
- ဌာနေတိုင်းရင်းသားများ၏ နယ်မြေများကို လွှဲပြောင်းမရသော/ထာဝရနယ်မြေများဟု ဆိုရသည်။ ၎င်း နယ်မြေများကို လူထုတစ်စုတစည်းတည်းအနေဖြင့် တစ်ခုလုံးကို ပိုင်ဆိုင်သည်။ အဖိုးအဖွားများမှ ဆက်ခံသူများကို အမွေအဖြစ် လက်ဆင့်ကမ်းဆင်းသက်လာသည်။ ဌာနေတိုင်းရင်းသားဖြစ်စေ၊ ဌာနေတိုင်းရင်းသား မဟုတ်သူဖြစ်စေ နှစ်မျိုးလုံး ဌာနေနယ်မြေများကို ရောင်းချခွင့်မရှိ။ စွန့်ပစ်ခွင့်လည်းမရှိပေ။
- ဌာနေတိုင်းရင်းသားများတွင် ၎င်းတို့၏ နယ်မြေပိုင်ဆိုင်မှုအတွက် ၎င်းတို့ကိုယ်ပိုင်ခံယူချက် ရှိကြသည်။ ၎င်းတို့၏အရင်းအမြစ်များကို သဘောတူညီသောကျေနပ်မှုဖြင့်သာ သုံးနိုင် ရောင်းနိုင်သည်။ သီးခြားအိမ်ခြေများ၊ မြေများသည် နယ်နိမိတ်ကို တစ်ခုတည်းအဖြစ် မူဘောင်အတွင်း၊ ၎င်းတို့လိုအပ်ချက်အတွက် သီးသန့်ရေယာများ၌ အလုပ်လုပ်ကြသည်။
- နယ်မြေများမှာ ကမ္ဘာကြီးတစ်ခုလုံးကို လွှမ်းခြုံကြည့်မြင်ရသည့် အပိုင်းတစ်ခုဖြစ်၍ အရင်းအမြစ် အသုံးပြုခြင်းကို နိုင်ငံရေးအရထိန်းခြင်း၊ သစ်တောဘဝ ဘာသာရေးရှုဒေါင့်အရ မျက်မြင်မရသော စိတ်ပိုင်းဆိုင်ရာကိုးကွယ်မှုနှင့် ဌာနေတိုင်းရင်းသားများ၏ လှုပ်ရှားသက်ဝင်မှုကြောင့် ပုံစံကွက်ဒီဇိုင်းဖြစ်လာသော သစ်တောတစ်ခု၏ မြင်ကွင်းနှင့် သမိုင်းအပါအဝင်ဖြစ်သည်။

၄။ ဌာနေတိုင်းရင်းသားများနှင့် ဒေသနေပြည်သူအုပ်စုများ၏ သဘောတူစာချုပ်ပိုဒ်ခွဲများ။

အောက်ပါတို့သည်ဌာနေတိုင်းရင်းသားများနှင့်ဒေသနေပြည်သူအုပ်စုများကိုရည်ညွှန်းသော ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ပေးဆောင်မှုများနှင့် ပိုဒ်ခွဲများဖြစ်သည်။ ၎င်းတို့မှာ ၊-

အောက်ပါ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ သက်ဆိုင်သောပိုဒ်ခွဲများကို ပါဝင်သူများအား လက်ကမ်းစာစောင်အဖြစ် ပေးရန်ဖြစ်သည်။

အဖွင့်။

ဇီဝဆိုင်ရာအရင်းအမြစ်များအပေါ်ဖွဲ့တည်သည့် ရိုးရာနေထိုင်မှု ဘဝစရိုက်များဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုအဖွဲ့အစည်းများ၏ နီးကပ်သောရိုးရာ မှီတင်းအားထားမှုကိုငှင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှုနှင့် ၎င်း၏အစိတ်အပိုင်းများကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်းတို့နှင့် ဆက်စပ်သည့် ရိုးရာဗဟုသုတ၊ အသုံးပြုခြင်း၊ တီထွင်ခြင်းနှင့် အလေ့အကျင့်တို့မှ ထွက်ပေါ် ရရှိလာသော အကျိုးအမြတ်များကို အညီအမျှ မျှဝေခြင်းကို နှစ်သက်မှုကိုငှင်း အသိအမှတ်ပြုခြင်း။

အမျိုးသမီးများ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် မူဝါဒချမှတ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုအတွက် အကောင်အထည်ဖော်ခြင်း အားလုံးသောအဆင့် အလွှာများမှ အမျိုးသမီးများအပြည့်အဝပါဝင်ရန် လိုအပ်ချက်အားအခိုင်အမာ အတည်ပြုခြင်းကိုလည်း အရေးကြီးသောကဏ္ဍအဖြစ် အသိအမှတ်ပြုခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မခွဲ ၈(ည)။ ရိုးရာဗဟုသုတ (သဘာဝနေရာ/အနေအထား၌ပင် ထိန်းသိမ်းခြင်း)

စာချုပ်ချုပ်ဆိုသည့် ပါတီတစ်ခုစီသည် အဖြစ်နိုင်သမျှအဖြစ်နိုင်ဆုံး ဆီလျော်အောင် လုပ်သင့်သည်မှာ ၊-

(ည)။ ၄င်း၏နိုင်ငံ့ဥပဒေကိုလိုက်နာ၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့သော အသုံးပြုခြင်းအတွက် ဆက်နွယ်သော ရိုးရာလူနေမှုဘဝစရိုက်များဖွဲ့တည်သည့် ဌာနေတိုင်းရင်းသားများနှင့် ဒေသနေပြည်သူများ၏ ဗဟုသုတအစဦးတီထွင်မှုများနှင့် အလေ့အကျင့်များကို လေးစားရန်၊ ထိန်းသိမ်းရန်၊ စိမ့်ထိန်းသိမ်းမှုပြုရန်နှင့် ၎င်း ဗဟုသုတ၊ တီထွင်မှုများနှင့် အလေ့အကျင့်များရှိ သူများ၏ သဘော၊ ပူးပေါင်းမှုပါဝင်မှုကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းမြှင့်တင်ရန်၄င်း၊ ၎င်းဗဟုသုတ တီထွင်မှုများနှင့် အလေ့အကျင့်များ အသုံးပြုခြင်းမှ ထွက်ပေါ် ရရှိလာသည့် အကျိုးအမြတ်များကို အညီအမျှ မျှဝေခြင်းကို အားပေးရန်၄င်း၊ တို့ဖြစ်သည်။

ပုဒ်မခွဲ ၁၀။ ရေရှည်တည်တံ့အောင် အသုံးပြုခြင်း။

စာချုပ်ချုပ်ဆိုသည့် ပါတီတစ်ခုစီသည် တတ်နိုင်သမျှ အဖြစ်နိုင်ဆုံး ဆီလျော်အောင် လုပ်သင့်သည်မှာ ၊-

(ဂ)။ ထိန်းသိမ်းခြင်း သို့မဟုတ် ရေရှည်တည်တံ့သော အသုံးပြုခြင်း လိုအပ်ချက်များနှင့် လိုက်လျောညီထွေ ရှိသည့် ရိုးရာယဉ်ကျေးမှု အလေ့အကျင့်များနှင့်အညီ ဇီဝအရင်းအမြစ်များ အစဉ်အလာဖြစ်သော အသုံးပြုမှုကို အားပေးရန်နှင့် ကာကွယ်ရန်။

ပုဒ်မခွဲ ၁၅။ မျိုးဗီဇအရင်းအမြစ်များရယူခြင်း။

သဘာဝအရင်းအမြစ်များအပေါ် နိုင်ငံတော်အချုပ်အချာအာဏာ သက်ရောက်ခြင်းကို အသိအမှတ်ပြုရန်။

နိုင်ငံတော်အစိုးရနှင့်အတူ မျိုးဗီဇအရင်းအမြစ်များရှိခြင်းကို ရယူရန်၊ ဆုံးဖြတ်ချက်ချရန်၊ အာဏာပိုင်များနှင့် ၄င်းတို့၏ နိုင်ငံ့ဥပဒေလိုက်နာရန်။ ပုဒ်မ-၁၅ (၁)။

ပါတီတစ်ခုစီသည် မျိုးဗီဇအရင်းအမြစ်များ ပတ်ဝန်းကျင်နှင့်လျော်ညီအောင် အသုံးပြုခြင်းကိုကူညီ၍ သဘောတူစာချုပ်၏ ရည်မှန်းချက်များကို ဆန့်ကျင်သည့်တားမြစ်ခြင်းများကို အခွင့်အရေးယူမည်မဟုတ်။ ပုဒ်မ-၁၅ (၂)

မျိုးဗီဇအရင်းအမြစ်များ ရရှိခြင်းမှာ အပြန်အလှန် သဘောတူညီမှုဖြင့်သာ ဖြစ်သင့်ပြီး အရင်းအမြစ်များကို ပေးသောစာချုပ်ချုပ်ဆိုသည့်ပါတီက ဦးစားပေးအကြောင်းကြားသော ကျေနပ်မှုကို လိုက်နာသင့်သည်။ သို့မဟုတ်ပါက ပါတီ ပိုဒ်ခွဲ-၁၅ (၄) နှင့် ၁၅ (၅) တို့က ဆုံးဖြတ်ပေးသင့်သည်။

ပုဒ်မခွဲ ၁၆။ နည်းပညာဖြန့်ဝေခြင်းနှင့်ရယူခြင်း။

မူပိုင်ခွင့် အခွင့်အရေးများကို စဉ်းစားသောကြောင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင်အသုံးပြုခြင်းနှင့် ဆက်စပ်သောနည်းပညာအပါအဝင် နည်းပညာဖြန့်ဖြူးခြင်းနှင့် ရယူခြင်းများ တိုးမြှင့်မှုနှင့် သက်ဆိုင်သည်။

ပုဒ်မခွဲ ၁၇။ သတင်းအချက်အလက်ဖလှယ်ခြင်း။

၎င်းသို့သတင်းအချက် ဖလှယ်ခြင်းသည် သင်တန်း၊ ကွင်းဆင်း ကြည့်ရှု စစ်တမ်းမှတ်သားခြင်း၊ အထူးပြုဗဟုသုတ၊ ဌာနေနှင့် ရိုးရာဗဟုသုတ စသည်ဖြင့် ပိုဒ်ခွဲ ၁၆ စာပိုဒ် (၁) ကို ညွှန်းသည့်နည်းပညာနှင့် ပေါင်းလျက် သတင်းအချက်များကဲ့သို့ပင် လူမှုစီးပွားရေးသုတေသန၊ နည်းပိုင်းဆိုင်ရာ သိပ္ပံနည်းကျ အချက်များ ဖလှယ်မှုတို့ ပါဝင်သင့်သည်။ ၎င်းသည်ဖြစ်နိုင်က သတင်းအချက်ကို မူရင်းဌာနေသို့ ပြန်ပို့ပေးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုဒ်ခွဲ ၁၈။ နည်းပညာပိုင်းဆိုင်ရာ သိပ္ပံနည်းကျပူးပေါင်းခြင်း။

စာချုပ်ချုပ်ဆိုသည့် ပါတီများသည် နိုင်ငံဥပဒေနှင့် မူဝါဒများနှင့်အညီ ဖွံ့ဖြိုးရေးနှင့် နည်းပညာ အသုံးပြုခြင်းအတွက် သဘောတူစာချုပ်အစီအစဉ် အတိုင်းဖြစ်ခြင်း၊ ဌာနေနှင့် ရိုးရာနည်းပညာများအပါအဝင် နည်းပညာဖွံ့ဖြိုးမှုနှင့် အသုံးပြုမှုအတွက် ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို အားပေးမှုနှင့် ပူးပေါင်း လုပ်ဆောင်သည့် နည်းလမ်းများ ဖွံ့ဖြိုးစေသင့်သည်။ ဤရည်ရွယ်ချက်ကြောင့် စာချုပ်ချုပ်ဆိုသည့် သင်တန်း တွင် ၄င်း၊ ပညာရှင်များလဲလှယ် ခြင်းတွင်၄င်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း တိုးမြှင့်ရန်။

ပုဒ်မ-၁၉။ နည်းပညာကိုင်တွယ်ခြင်းနှင့် အကျိုးအမြတ်ဖြန့်ဝေခြင်း။

ဖွံ့ဖြိုးဆဲနိုင်ငံ၏ ဇီဝနည်းပညာသုတေသန ပူးပေါင်းပါဝင်ခြင်းကို မြှင့်တင်သည်။

မျိုးဗီဇ ပစ္စည်းများပေးခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရလဒ်များနှင့် အကျိုးအမြတ်များ ဦးစားပေး ရယူမှု တိုးမြှင့်စေသည်။

လေ့ကျင့်ခန်း ၂။

ဖတ်စာပိုင်းခွဲခြားစိစစ်ခြင်း။ (၃၀-မိနစ်)

၁.ပါဝင်သူများအား အုပ်စု (၃) စုခွဲပါ။

၂.တစ်အုပ်စုလျှင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ပိုဒ်ခွဲ-၈ (ည) ၊ ၁၀(ဂ) ၊ ၁၅ နှင့် ၁၈ ဖတ်ပါစေ။

၃.အုပ်စုများ အတူတကွ ဌာနေပြည်သူလူထု အခွင့်အရေးနှင့် အမြင်ရှုဒေါင့်မှ ပိုဒ်ခွဲတစ်ခုစီ၏ အားသာမှု၊ အားနည်းမှု၊ အခွင့်အလမ်း နှင့် ခြိမ်းခြောက်မှုကို ဝေဖန်ပါ။

၅။ ဌာနေတိုင်းရင်းသားများ၏ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့်ပတ်သက်မှုများ
- သဘောတူစာချုပ်နှင့်ဆိုင်သော အန္တရာယ်များ။

ဌာနေတိုင်းရင်းသားများနှင့်ပတ်သက်သည့် သဘောတူစာချုပ်၏အန္တရာယ်အချို့ကိုလည်း အလေးမူရန်လို အပ်သည်။

**နိုင်ငံများအကြား သဘောတူညီမှု တရပ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်။**

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် ဇီဝမျိုးစုံမျိုးကွဲ၏ မျိုးဗီဇဆိုင်ရာ မျိုးစိတ် နှင့် ဂေဟစနစ်အဆင့်များဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးကို အသိအမှတ်ပြုသည်။ သဘောတူစာချုပ်သည် နိုင်ငံ အစိုးရများသဘောတူညီချက်တစ်ခုဖြစ်၍ တောင်ပိုင်းမှမျိုးဗီဇများကို တောင်နှင့်မြောက်နိုင်ငံများ နှစ်ဖက်လုံး ရယူလိုမှု အချင်းပွားနေသော စိတ်ဝင်စားမှုများကို အဆင်ပြေရန်ကြိုးစားသည်။ သဘောတူစာချုပ်၏ အကျိုး ခံစားသူများ၏ အဓိကအာရုံပြုမှုမှာ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုကို မကြာခဏ အားတက်သရောလျှို့ဆော်ပေးသော အစိုးရဖြစ်သည်။

အကယ်၍ ထိထိရောက်ရောက် မထိန်းနိုင်လျှင် နိုင်ငံတကာညာဏမူပိုင်ခွင့် အုပ်ချုပ်မှုအာဏာများကို မြောက်ပိုင်းစိတ်ဝင်စားမှုများက အားကောင်းလွှမ်းမိုးသည်။ တောင်ပိုင်းဖွံ့ဖြိုးဆဲနိုင်ငံများက ၄င်းတို့၏ အရင်း အမြစ်များကို အုပ်ချုပ်မှုအချုပ်အခြာအာဏာ ရရှိလိုသည်။ နိုင်ငံတကာ စိတ်ဝင်စားမှုရှိခြင်းမှ လွတ်ကင်းမှု ဆန့်ကျင်သည်။ တောင်ပိုင်းနိုင်ငံများက အခွန်လိုအပ်သည်။ ၄င်းတို့ကို ကိုယ်ပိုင်စီးပွားရေး စိတ်ဝင်စားမှုရှိ သည်။ ဌာနေတို့၏ ဒေသပြည်သူတို့၏ အခွင့်အရေး များမှာ မကြာခဏလျစ်လျူရှုခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် မြောက်နှင့်တောင်နိုင်ငံများအကြား စိတ်ဝင်စားမှု တင်းမာမှုကိုဖြေရှင်းရန် ကြိုးစားသည်။ ထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့သော အသုံးပြုမှုမူဘောင် တစ်ရပ်အတွင်း လက်ခံရရှိမှုများအားကူညီဖို့ နိုင်ငံ၏အချုပ်အခြာအာဏာက အရင်းအမြစ်များအပေါ်တွင် အသိအမှတ်ပြုသည်။ မျိုးဗီဇအရင်းအမြစ်များသည် လူတို့၏အုံပိုင်ဆိုင်မှု အရှည်မဟုတ်တော့ပေ။ သို့သော်၎င်း အကျိုးအမြတ်များသည် နိုင်ငံတစ်ခုအဆင့်လုံခြုံမှုရှိစေလျှင် ၎င်းတို့သည် ကြီးမားသောစီးပွားရေး ပိုင်ဆိုင်သည့် ပစ္စည်း ယခုထိဖြစ်နိုင်သည်။ နိုင်ငံတစ်ခုမသင့်တော်သော သဘောတူညီမှုတစ်ခု ပြုလုပ်သင့်သလား။ သို့အတွက် မြောက်နှင့်တောင်ပိုင်းနိုင်ငံနှစ်ဖက်စလုံးက အမျိုးသားကော်ပိုရေးရှင်းပေါင်းစုံနှင့် အခြားသောစီးပွားရေးကို လိုက်သူများ၏စိတ်ဝင်စားမှုအပေါ် အရင်းအမြစ်များကို ညှိနှိုင်းမှုများအကြား ပိတ်မိနေသည်ဖြစ်သည်။

**ပိုကြွမ်းလုပ်ငန်းစဉ်။**

သဘောတူစာချုပ်သည် ကမ္ဘာမြေညီလာခံတွင် အရှိန်အဟုန်ဖြင့် ဆွေးနွေးခဲ့သည်။ ဖြင့်ဆင်ရေး ကော်မတီသည် အတွင်းနှင့် အချို့သော ဆွေးနွေးချက်များရှိသော်လည်း ဌာနေတိုင်းရင်းသားများအတွက် ဤလုပ်ငန်းစဉ်သည် ချွင်းချက်အားဖြင့် မြန်ဆန်သည်။

ဌာနေတိုင်းရင်းသားများအတွက် ဆွေးနွေးမှု လုပ်ငန်းစဉ်တစ်ရပ်၏ နှစ်သက်ဖွယ်ပုံစံမှာ ၂၀၀၇ ခုနှစ် စက်တင်ဘာလ (၁၃) ရက်နေ့က အတည်ပြုခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားအခွင့်အရေး ကြေငြာစာတမ်းကို (၁၃) နှစ်ကြာ ဖွံ့ဖြိုးစေသောလုပ်ငန်းစဉ်ဖြစ်သည်။

**နိုင်ငံ့အချုပ်အခြာအာဏာ။**

ဌာနေတိုင်းရင်းသားများသည် နိုင်ငံများ၏ နယ်နမိတ်များအတွင်း နေထိုင်ကြသည်။ ၎င်းတို့သည် နိုင်ငံ စဉ်းဖြစ်တည်သည့် အချိန်ကတည်းကပင် မိမိမဟုတ်သော ဘိုးဘွားစဉ်ဆက် နယ်မြေအခွင့်အရေးများရှိကြသည်။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့်ယှဉ်လျက် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေငြာစာတမ်းက နိုင်ငံမူဘောင်အတွင်းဌာနေတိုင်းရင်းသားများနယ်မြေအခွင့်အရေးများကို အလေးဂရုမှုပြင်းခံရစေရန် သေချာစေသည့် ကြိုးပမ်းမှုပြုသည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က ဤပြဿနာကိုမဆို သို့သော် တစ်ဦး/တစ်စု တည်း နိုင်ငံအုပ်ချုပ်မှု အာဏာကို အတည်ပြုစေသည်။

**ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူအုပ်စုများ။**

ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူ အုပ်စုကို့အဖွဲ့သည် ရိုးရာဘဝနေထိုင်မှု ပုံစံများသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို အသိအမှတ်ပြုခြင်းကို မလိုဘဲ ရှုပ်ထွေးစေခဲ့သည့်အကြောင်း မှာ ဌာနေတိုင်းရင်းသားများ၏ အသက်ရှင်နေထိုင်ခြင်းကို ဥပက္ခာပြုထားသောကြောင့် ဖြစ်သည်။

— ရိုးရာ- (ရိုးရာလူနေမှု ဘဝပုံစံများကို ဖွဲ့စေသော) ဟူသောခံယူချက်သည် ပြဿနာကြီးကြီးဖြစ်၏။ ပိုဒ်ခွဲ ၈ (ည) က ထီးထီးကုပ်စုပ္ပံ နေထိုင်သော၊ ယနေ့ခေတ်၌ ပြောင်းလဲမှုမရှိသော ၊ယဉ်ကျေးမှု ပုံသေဖြစ်နေသော ဌာနေတိုင်းရင်းသားများကို ညွှန်းသည့်အမြင်ကို ပေးသည်။

**ဌာနေတိုင်းရင်းသားများနှင့် တာကွယ်ဧရိယာများ။**

ဌာနေတိုင်းရင်းသားများသည် ၎င်းတို့ကို ၎င်းတို့၏မြေများမှ မောင်းထုတ်စေသည့် အရင်းအမြစ်များ အခွင့်အရေးနှင့် ကာကွယ်ဧရိယာများ သုံးခြင်းကိုဆန့်ကျင်သည်။

၎င်းတို့နှင့်ပတ်သက်သည်မှာ ထိန်းသိမ်းရေး အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ သက်စုံ ဖွံ့ဖြိုးရေးအဖွဲ့ များအပြင် နိုင်ငံများက ဒေသတွင်းနေထိုင်သည့်လူများ၊ အများအားဖြင့် တိုင်းရင်းသားဌာနေများ တည်ရှိခြင်း နေထိုင်ခြင်းကို အသည်းသွင်းကျင့်အားဖြင်းမပြုဘဲ ထိန်းသိမ်းဧရိယာများအဖြစ် သတ်မှတ်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အရင်းအမြစ်များရရှိနိုင်မှု။**

နေရာပြင်ပ စောင့်ရှောက်ခြင်းကို မူလနိုင်ငံအတွင်း အမျိုးသားရေးအဖွဲ့များက အမျိုးသားရေးအဆင့် စိတ်ဝင်စားမှု ဌာနေတိုင်းရင်းသားများ မျိုးဗီဇအရင်းအမြစ်ယူရန် ဆောင်ရွက်နိုင်သည်။ ၎င်းတို့ ခြိမ်းခြောက်ခံနေရမှု အခြေအနေမှလည်း ၎င်းတို့ကိုဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်၍ အလျော်ပေးရခြင်းလည်း မလိုအပ်တော့ပေ။

ဌာနေတိုင်းရင်းသားများ အခွင့်အရေးကို မြောက်ပိုင်းနိုင်ငံများက တောင်ပိုင်းနိုင်ငံများ၏ အရင်းအမြစ်အပေါ် အခွင့်အရေးရှိသည်ကို အပြန်အလှန်အားဖြင့် အသိအမှတ်ပြုရန် မြောက်ပိုင်းနိုင်ငံများက အရင်းအမြစ်များ လက်ခံရရှိသည်တွင် လျစ်လျူရှုခံရသည်။

ညာအမူပိုင်ခွင့် အညွှန်းကို ပိုဒ်ခွဲ-၈ (ည) ကိုမြင့်တင်ပေး၍ နောက်ပိုင်း၌ သဘောတူစာချုပ်ကို နိုင်ငံတော် အချုပ်အခြာအာဏာ၏ နောက်ခံတွင် ကန့်သတ်ထားရှိသည်။

**ငွေကြေးရံပုံငွေယန္တရားများ။**

ကမ္ဘာ့ပတ်ဝန်းကျင်ပစ္စည်းများ (GEF) က ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စီမံကိန်းများတိုးမြှင့်ရန် ဆွဲဆောင်မှုနှင့် စွမ်းရည်လျော့ကျစေသော နှစ်တိုးလစာ ကုန်ကျငွေများသာပေးသည်။ နိုင်ငံအစိုးရက ရုံးတွင်းကုန်ကျငွေများကို ပေးရသည်။

ဤသည်မှာ (GEF) သည် အကယ်၍ ၎င်းတို့၏ စိတ်ဝင်စားမှုများမှာ အမျိုးသားအကျိုးအမြတ် အတွက် မဟုတ်ဟု ငြင်းခုံလျှင် ၎င်းတို့အား ကျွန်ုပ်တို့နိုင်ငံအစိုးရများနှင့် ဆက်ဆံရေး၌ ၎င်းတို့ကို ခက်ခဲသောအခြေအနေရှိစေလျက် ဌာနေတိုင်းရင်းသားများ စီမံကိန်းများအတွက်သာ ငွေပေးသည်။

(GEF) မှာ ဘက်စုံဖွံ့ဖြိုးမှုဘဏ်များ ရင်ဆိုင်ရသည့် ပြဿနာအားလုံးကို ခံစားရသည်။ အထက်မှသည် အောက်ခြေသို့ စီမံကိန်းများ ဆွေးနွေးခြင်းနှင့် ပူးပေါင်း ပါဝင်ခြင်းအားနည်းမှုကို ပံ့ပိုးကူညီသည်။ (ဌာနေတိုင်းရင်းသားများ ပါဝင်ရာတွင် ကျေနပ်မှု ၊ ထိန်းချုပ်မှုတို့ကို မပေါ်ပြချေ။)

**ပေါ်ထွက်လာသည့်ကိစ္စရပ်များ။**

သဘောတူစာချုပ်က ကမ္ဘာ့ကုလသမဂ္ဂ၏ အခြားသောအပိုင်းများ။ အထူးသဖြင့် လူ့အခွင့်အရေးကောင်စီ (HRC)၊ ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (UNDRIP) နှင့် ဌာနေတိုင်းရင်းသားကိစ္စရပ်များ ကမ္ဘာ့ကုလသမဂ္ဂ အမြဲတမ်းအစည်းအဝေး (UNPFII) တို့မြှင့်ဖို့ ဆောင်ရွက်ရန်ကား မလုပ်နိုင်ပေ။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် မြေယာနှင့်အရင်းအမြစ်ကို ထိန်းသိမ်းရန် ၎င်း၊ ဘာကွယ်တောင်ရီယာများ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်၎င်း၊ နိုင်ငံများနှင့် စီးပွားရေးအကိုးတန်သဘွယ်ရှိသည့် မျိုးဗီဇ၊ မျိုးစိတ်များရှာဖွေသည့်ကုမ္ပဏီများအကြား သဘောတူညီချက်များ ဖြည့်ဆည်းတိုးမြှင့်စေသည်။ ဤသည်မှာ ဌာနေတိုင်းရင်းသား နယ်မြေများအတွင်း မျိုးဗီဇအရင်းအမြစ်များရရှိရန်အတွက် ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲကို ပံ့ပိုးနိုင်ရန် အထက်မှအောက်ခြေစီမံကိန်းများကို အတိုင်းအတာပမာဏ တစ်ခုအဖြစ် အလုပ်လုပ်နိုင်ရန်ငွေကြေးနှင့် ဖြစ်နိုင်ချေ ယန္တရားများဖွင့်ပေးသည်။

**အကောင်းနှင့်အဆိုးရှုထောင့်များ။**

အကောင်းရှုထောင့်။

၂၀၀၈ ခုနှစ် မေလတွင်ကျင်းပသော (၉) ကြိမ်မြောက်ပါတီများအတွင်း ဆုံးဖြတ်ချက်များက သီးသန့်ရေးရန် ပြောရန်အချက်များနှင့် ပိုင်းခြားမရနိုင်သော အကြောင်းကိစ္စရပ်များ အစီအစဉ်နှင့် ရည်မှန်းချက်ပန်းတိုင်များ တည်ဆောက်ရာ၌ ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူ့အုပ်စုများ အပြည့်အဝထိထိရောက်ရောက် ပါဝင်နိုင်ရန် လိုအပ်ချက်ကို UNDRIP ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးကြေငြာစာတမ်းက အသိအမှတ်ပြုထားသည်ကို မှတ်သားမှတ်တမ်းယူသည်။ ဌာနေတိုင်းရင်းသားများသည် ဤ UN-

www.burmeseclassic.com

www.burmeseclassic.com



DRIP ၏ အနိမ့်ဆုံးစံ နှင့် မူဘောင်အဖြစ် မူငါးချမှတ်ခြင်းအားဖြင့် အဆိုပြုမှတ်သားခြင်း မှတ်တမ်းပြုသင့်သည်။ ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်မှုရှိသော အစီအစဉ်များကို ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ညှိနှိုင်းခြင်း၊ လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖေါ်ခြင်းမှ အခြေပြုသင့်သည်။

အဆိုးရှုဒေါင့်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် ဌာနေတိုင်းရင်းသားများ၏ ဓုစည်းသော မျိုးရိုးဆက်ခံသော တစ်မိးမဟုတ်သော မြေယာနှင့်အရင်းအမြစ်များအပေါ် အချုပ်အခြာအာဏာ အခွင့်အရေးကို အသိအမှတ်ပြုခြင်းမရှိပေ။ ဌာနေတိုင်းရင်းသားများသည် ဇီဝမျိုးစုံမျိုးကွဲလုပ်ငန်းစဉ်များတွင် အပြည့်အဝ ထိထိရောက်ရောက် ပါဝင်မှုပေါင်းခြင်းမရှိပေ။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် နိုင်ငံများ၏ မူလရေးကျသော သိပြီး သဘောတူမှုများကို အသိအမှတ်ပြုသော်လည်း ဤဌာနေတိုင်းရင်းသားများ၏ သဘောတူညီမှုကို ဗိုးရာဝဟုသုတနှင့် ဆက်စပ်လျက်သာလျှင် အသိအမှတ်ပြုသည်။

**အမျိုးသားရေးအဆင့် အကောင်အထည်ဖေါ်မှု**

နိုင်ငံက ဌာနေတိုင်းရင်းသားနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို အသိအမှတ်မပြုသည့်အခါ ယေဘုယျအားဖြင့် ၎င်းတို့သည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အစီအစဉ်များကို အကောင်အထည်ဖေါ်မည်၊ ကာကွယ်တောဧရိယာများ၊ ရရှိမှု၊ အကျိုးအမြတ်မျှဝေခြင်းဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို အလေးမူဂရုပြုသကဲ့သို့ ဌာနေတိုင်းရင်းသားများအား မြှမ်းခြောက်သည့် စီမံကိန်းများကို အကောင်အထည်ဖေါ်မည်ဟု ဆိုလိုသည်။ အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲဗျူဟာနှင့် လုပ်ငန်းယန္တရားတွင် ထိုကဲ့သို့ အမျိုးသားအဆင့် ပါဝင်ဆောင်ရွက်သည့် တာဝန်ဝတ္တရားများနှင့် ပဋိပက္ခကိစ္စရပ်များရှိပါသည်။

၆။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသားများ၏ အခြေအနေကို အားကောင်းစေခြင်း။

**နိုင်ငံအချုပ်အခြာအာဏာနှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်မှု။**

-" ၎င်းတို့ ကိုယ်ပိုင်ဇီဝအရင်းအမြစ်များအပေါ်၌ "- ဆိုသည့်စကားစုသည် နိုင်ငံများကို ရည်ညွှန်းဆိုလိုသည်။ ဤနေရာတွင် အငြင်းပွားနိုင်သည်မှာ ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သောအရင်းအမြစ်များရှိသောနေရာ ဧရိယာများမဟုတ်ဘဲ အစိုးရမြေနေရာများကိုသာ တိတိကျကျရည်ညွှန်းခြင်း ဖြစ်သည်။ နိုင်ငံများစွာမှာ ဌာနေတိုင်းရင်းသားနယ်မြေများအား ပြည်သူ့မြေများအဖြစ် ခွဲခြားသည်။ ဤအဆိုသည် ဌာနေတိုင်းရင်းသားများ၏ နယ်မြေများနှင့် အရင်းအမြစ်များ မပိုင်ဆိုင်မှုကို သွယ်ဝိုက်ဆိုခြင်း မပြုသင့်ပေ။

ညီလာခံက နိုင်ငံများ၏ အချုပ်အခြာအာဏာအခွင့်အရေးများကို ညွှန်းဆိုရာ၌ ဤသည်မှာမည်သည့် အစိုးရမဆို ဌာနေတိုင်းရင်းသားများ၏ မြေများကို တခြားတစ်မိးတရံစာ မဖြစ်စေရန် ပြုသည့်အခွင့်အရေး၊ တနည်းဆိုသော် မြေပိုင်ဆိုင်ဥပဒေကို တဖက်သတ်ပြောင်းလဲပစ်ရန် ညွှန်းသည်မဟုတ်ကို ရှင်းလင်းကွဲပြားရန်ပြုသင့်သည်။ ပြည်သူလူထုက နိုင်ငံများ၏ နယ်နိမိတ်များအတွင်း နေထိုင်ကြသည်ဖြစ်ရာ ဌာနေပြည်သူဖြစ်သော ဌာနေတိုင်းရင်းသားများမှာ ၎င်းတို့၏အရင်းအမြစ်များကို ထိန်းချုပ်ရန် အခွင့်ရေးရှိသင့်သည်။

ပုဒ်မ-၂၂ က ပြောသည်မှာ သဘောတူစာချုပ်က မည်သည့်လက်ရှိ နိုင်ငံတကာသဘောတူညီချက်မဆိုမှ ဆင်းသက်လာသည့် စာချုပ်ချုပ်ဆိုသည့် ပါတီ၏တာဝန်နှင့် အခွင့်အရေးများကို သက်ရောက်မှုမဟုတ်ပါ။ ဌာနေတိုင်းရင်းသားများ၏ ခွင့်အရေးများ၊ ၎င်းတို့ ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ၏အခွင့်အရေး ကြေငြာစာတမ်းအပေါ် ရပ်တည်သကဲ့သို့ ဌာနေတိုင်းရင်းသားများ၏ အနိမ့်ဆုံးသောအဆင့် အခွင့်အရေးများ ဖြစ်ကြ၍ ၎င်းတို့သည် မည်သည့် အခြေအနေနှင့်မျှ မထိခိုက်စေသင့်ပါ။ အားမနည်းစေသင့်ပါ။

**ဌာနေတိုင်းရင်းသားနှင့် ဌာနေပြည်သူအုပ်စု အဖွဲ့အစည်းများက ရှိးရာလူနေမှု ဘဝပုံစံများ ဖွဲ့ခြင်း။**

ဌာနေတိုင်းရင်းသား အုပ်စုတစ်ခုသည် ဌာနေပြည်သူအုပ်စုတစ်ခုနှင့် ကွာခြားသည်။ (ဥပမာ-လယ်သမား)

www.burmeseclassic.com

www.burmeseclassic.com



ဌာနေပြည်သူအုပ်စုသည် နိုင်ငံနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည်။ ဌာနေတိုင်းရင်းသားအုပ်စုမှာ ဦးဆုံးပထမဆုံး ဌာနေတိုင်းရင်းသားများ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။ ယေဘုယျအကျဆုံးအဖြေမှာ ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူအုပ်စုများကို ညွှန်းတစ်ခုနှင့်အတူ ညီလာခံရှင်းလင်းရန် ဖြစ်သည်။

-ရိုးရာ- ဟူသောအခေါ်အဝေါ်မှာ "ပြောင်းလဲမှုမရှိသော လူထု" ဟု မှတ်ချက်မချသင့်ပေ။ ဌာနေတိုင်းရင်းသားများ၏ နည်းသစ်တီထွင် ဆောင်ရွက်ခြင်းများ၏ အရေးပါမှုကို ကောင်းစွာမှတ်တမ်း ပြုစုပြီးဖြစ်သည်။

ကိုယ်ပိုင်သတ်မှတ် မျိုးမည်ခွဲခြားမှုမှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းမှ ကြေငြာချက်အမှတ် **(ILO-169)** အား အသိအမှတ်ပြုထားခဲ့သည်ဖြစ်၍ -ရိုးရာ- စသည်ကဲ့သို့ အခေါ်အဝေါ်များကို ပါဝင်မှုထက် ပိုသာ၍ ရှေ့ဆက်လုပ်ငန်းစဉ်များကို အားကောင်းရာကြည့်မြင်နိုင်ရန် ခွဲခြားသတ်မှတ်ရန် အသုံးပြုသင့်ပါသည်။ ဤအကြောင်းအရာတွင် -ရိုးရာ-အဓိပ္ပါယ်ကို ရှင်းလင်းစေရန် -ထုံးတမ်း စဉ်လာဖြစ်သော- ဟူသည့် အခေါ်အဝေါ်သည် အသုံးဝင်သော ရှင်းလင်းချက်တစ်ရပ် ဖြစ်လိမ့်မည်။

**ကာကွယ်တောများ**

ဌာနေတိုင်းရင်းသားများသည် ဇီဝမျိုးစုံမျိုးကွဲအပေါ်တွင် ထိခိုက်မှုသက်ရောက်စေသည့် မည်သည့်အစီအစဉ်/မူဝါဒကိုမှ ထောက်ခံမည့်အခြေအနေ လုံးဝမရှိပေ။ အစိုးရများက ဇီဝမျိုးစုံမျိုးကွဲ၏ ဘေးအန္တရာယ် ဒုက္ခရင်ဆိုင်ရသော် ၎င်းတို့သည် အခြားနိုင်ငံအစိုးရများအား အသိပေးရန်တာဝန်ရှိသည်။ နိုင်ငံတွင်းနေပြည်သူတို့ကလည်း သတင်းပေးသင့်သည်လည်း ဖြစ်သည်။ ပါတီများညီလာခံက ပေးဆပ်မှုများကို ဆောက်တည်သင့်၍ ဌာနေတိုင်းရင်းသားများက ၎င်းတို့နယ်မြေပိုင်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲအခြေအနေကို အစီရင်ခံနိုင်သည်။

လိုအပ်သည်တစ်ခုမှာ ဌာနေတိုင်းရင်းသားများအား ၎င်းတို့၏ နယ်နိမိတ်အတွင်းများရှိ ကာကွယ်ဧရိယာများ၏ ပိုင်ဆိုင်သူများ၊ မန်နေဂျာများအပြင် အပြည့်အဝအသိအမှတ် ပြုရန်ဖြစ်သည်။ နယ်မြေတွင်း၊ သဘာဝ အရပ်ဒေသ ထိန်းသိမ်း စောင့်ရှောက်ခြင်းများကို ဌာနေတိုင်းရင်းသားများ၏ သဘောတူညီချက်နှင့်အတူ ၎င်းတို့၏ အုပ်ချုပ်မှုအောက်မှာရှိသည်။ ဌာနေတိုင်းရင်းသားများနှင့် အဖွဲ့အစည်းများက ၎င်းတို့ကို သက်ရောက်စေမည့် မည်သည့်ဆုံးဖြတ်ချက်မဆိုတွင် ပါဝင်သည်။

**မျိုးဗီဇ ရင်းမြစ်ရယူခြင်း။**

ထိန်းသိမ်းခြင်း သို့မဟုတ် ရေရှည်တည်တံ့စေသော အသုံးပြုခြင်းကို သတ်မှတ်ရန် စံ သတ်မှတ်သောမူ မှန်သမျှ ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်သတ်မှတ်ချက်အပေါ် အခြေခံရမည်။ ၎င်းသတ်မှတ်ချက်တို့သည် ပြင်ပ ပဂ္ဂိုလ်များ၏ ဖိအားပေးခြင်းမဖြစ်သင့်ပါ။ ၎င်းတို့သည် ကိုယ်ပိုင်အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် အသုံးပြုခြင်းနှင့် ၎င်းတို့၏ လူမှုယဉ်ကျေးမှု လူနေမှုဘဝပုံစံများကို ရောင်ပြန်ဟပ်သည့်မူများအပေါ် သဘောတူညီမှုတစ်ရပ် လိုသည်။

အကျိုးအမြတ်များသည် အားလုံးသော တိုင်းရင်းသားဌာနေများ ပါဝင်သဘောတူညီချက် အပြန်အလှန် စီစဉ်ပြီးဖြစ်ရမည်။ ဗဟုသုတဟူသည် အရောင်းအဝယ်တစ်ခု အသွင်ဆောင်သော အကျိုးအမြတ်များသည် လုပ်ငန်းစဉ်တစ်ရပ်အသွင် မပြောင်းသင့်တော့ပေ။ လက်ခံရယူခြင်းသည် ကျယ်ပြန့်လှသော ကိစ္စရပ်တစ်ခုဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားများ၏ နယ်မြေအပေါ် လှုပ်ရှားဆောင်ရွက်မှုများ ကြိုတင်အသိပေးသဘောတူညီမှု၊ ထိန်းသိမ်းမှုမရှိပါက လက်ခံရယူမှုကို ငြင်းပယ်ရန်အခွင့်အရေးရှိသည်ကိုသိထားရန် အလွန်အရေးကြီးသည်။ ၎င်းကို အလေးမူသည်ရှိသော် အကျိုးအမြတ်ထုတ်ခြင်း သုံးခြင်းများကို စေ့စပ်ညှိနှိုင်းသွားနိုင်သည်။

**ငွေကြေးယန္တရား။**

ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏ နယ်မြေများနှင့်ပတ်သက်သော သဘောတူစာချုပ်၏ ငွေကြေးယန္တရားမှာ ပြဿနာများကြောင့်ပင် ၎င်းတို့သည် အများဆုံးထိခိုက်ခံရသည်ကို ရှေးရှုရပေမည်၊ သေချာစွာ စဉ်းစားပြင်ဆင်မှုမှာ ဇီဝမျိုးစုံမျိုးကွဲကိုကာကွယ်ရန် ဌာနေတိုင်းရင်းသားများ၏ စွမ်းရည်ကို အစစ်အမှန်ပေးဆောင်ရန် လိုအပ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင် ပစ္စည်းပစ္စယ ကူညီမှုရံပုံငွေတို့ကို မစဉ်းစားမိ ငွေတိုးပေးရသည့် ငွေကုန်ကြေးကျမှုများကို ဖျက်သိမ်းရမည်ဖြစ်သည်။ အကြောင်းမှာ ၎င်းလက်ကျန်များ ရှိနေပါက ငွေကြေးယန္တရား အလုပ်လုပ်မည်မဟုတ်ပေ။

ပိုဒ်ခွဲ-၈(ည)ပထမစာပိုဒ်၌ ၎င်း၏အမျိုးသားရေးတရားဝင်ဥပဒေအောက်ဟုဆိုရာ၌ သတ်မှတ်ချက်ရှိပါသည်။

www.burmeseclassic.com



ပို၍အပြုသဘောဆောင်သည့် ချဉ်းကပ်မှုတွက် ပြောသည်မှာ -အမျိုးသားရေးဥပဒေပြုခြင်းသည် ပိုဒ်ခွဲပါ ပေးဆောင်မှုများကို အကျုံးဝင်စေရမည်- ဟူ၍ဖြစ်သည်။

ဉာဏပိုင်ခွင့်အမြင်မှ ကြည့်လျှင် ပိုဒ်ခွဲ-၈(ည)မှာ ဉာဏပိုင်းဆိုင်ရာ သတ်မှတ်ထားသည့် မှတ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေသည်။ ဌာနေတိုင်းရင်းသားများအတွက် စဦးတီထွင်ခြင်းနှင့် အလေ့အကျင့်သည် ရိုးရှင်း ရိုးစင်းသော ဉာဏပိုင်းဆိုင်ရာ မဟုတ်ဘဲ အဖွင့်တွင်ပြဆိုထားသည့်အတိုင်း ဇီဝအရင်းအမြစ်များအပေါ် မှီတင်း မှီခိုရသည်နှင့် ဆက်သွယ်နေသည်။

သက်ရောက်မှုမှာ သဘောတူစာချုပ်၏ ဘာသာစကားမှာ အရင်းအမြစ်မှရယူခြင်း ကျယ်ပြန့်သည့်မူကိုငှင်း၊ ယဉ်ကျေးမှုဖွံ့ခြင်းကိုငှင်း၊ ဉာဏပိုင်းဆိုင်ရာနှင့် သိပ္ပံဗဟုသုတနှင့် အလေ့အကျင့်များ ဖွံ့ခြင်းကို ဦးဆောင်သည်။

အမျိုးသားဥပဒေပြုခြင်းမှ အကောင်အထည်ပေါ်ခြင်း စတင်ပေမည်။ နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို **(UNDRIP)** ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းမှတဆင့် နိုင်ငံတကာရေးရာ၌ ၎င်း၊ ကွဲပြားသော ဥပဒေဆိုင်ရာ ယန္တရားများမှတဆင့် ပြည်တွင်းရေးရာ၌ ၎င်း၊ နှစ်မျိုးလုံးကို လေးစားသင့်သည်။ တရားဝင်ပေးဆောင်မှုများ လုံခြုံစေရန်အတွက် ယန္တရားများမှာ ဗဟုသုတ၊ တီထွင် ဆန်းသစ်မှု၊ ဓလေ့ထုံးတမ်းကိုကာကွယ်ရန်၊ ထိန်းသိမ်းရန်နှင့် လေးစားရန်လိုသည်။

အမျိုးသားရေးရာဥပဒေကြမ်းမှာ ဌာနေတိုင်းရင်းသားများနှင့်အတူ ဆွေးနွေးခြင်းလုပ်ငန်းစဉ်တစ်ရပ်၏အခြေခံအပေါ်တွင် အုပ်ချုပ်ရေးရုံးက ပြင်ဆင်ပေးနိုင်သည်။ ဤအကြောင်းရင်းခံမှ အထူးတလှယ်ထူးခြားသော အခွင့်အရေးများ ဆွေးနွေးခြင်းတစ်ရပ် ပေါ်ထွန်းလာပေလိမ့်မည်။ အကယ်၍ ဤချဉ်းကပ်မှုကို ဌာနေတိုင်းရင်းသားများက ကူညီပံ့ပိုးလျှင် အထူးဥပဒေများက ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကိုကာကွယ်ရန်နှင့် ဌာနေတိုင်းရင်းသားများ၏ အရင်းအမြစ်များကို လှည့်ဖျားလုယူလိမ်လည်မှုများ အခွင့်အရေးများအား နိုင်ငံအစိုးရများကို ရိုးသားစွာမပေးမိစေရန် မရှိမဖြစ်လိုအပ်သည်။

၇။ နိဂုံးချုပ်။

ဌာနေတိုင်းရင်းသားများ ပါတီညီလာခံတွင်ပါဝင်မှုမှာ အဓိပ္ပါယ်ပြည့်ပြည့်ဝဝရှိသော လုပ်ငန်းစဉ်တစ်ရပ်မှတဆင့်သာ ဖြစ်သင့်သည်။ ပါတီများက ဌာနေတိုင်းရင်းသားများနှင့် ညီလာခံမေးခွန်းများချက်ချင်းကြီး ဖြေရှင်းရန်ကြိုးစားဖို့လည်း မပြုသင့်၊ မလိုအပ်ပေ။ ၎င်းတို့မှာ အပြုသဘောဆောင်ပြီး မျှတမှုရှိသော စီစဉ်မှုများမှတဆင့် သဘောတူညီမှုများရရှိရာ လုပ်ငန်းစဉ်တစ်ရပ်ကို လုပ်ဆောင်သင့်သည်။ ပံ့ပိုးမှုသည် ဌာနေတိုင်းရင်းသားများ အခွင့်အရေးများ၊ ဗဟုသုတနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဆိုင်ရာအတွက် ၎င်းတို့ကိုယ်ပိုင် အပြန်အလှန်ဆွေးနွေးမှု လုပ်ဆောင်ကြရန် ဌာနေတိုင်းရင်းသားများကို ကူညီရန်လိုအပ်ပါသည်။

လေ့ကျင့်ခန်း-၃။

အလုပ်ရုံဆွေးနွေးပွဲ။

**UNDRIP** ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းကို ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် **CBD** နှင့် နှိုင်းယှဉ်ခြင်း။ (၁ နာရီ)

လမ်းညွှန်။

၁. ပါဝင်တက်ရောက်သူများကို အုပ်စုငယ်များဖွဲ့ပါ။

၂. မိနစ်-၃၀ ပေး တစ်အုပ်စုလျှင် မေးခွန်းကိုဖြေရန်။

မေးခွန်း။ **UNDRIP** ကမ္ဘာကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းကိုကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသားများ ပတ်သက်မှုကို ပြောပြရန် မည်သို့ အသုံးပြုနိုင်သနည်း။

၃. စာရွက်ကြမ်းပေါ် အဖြေများစာရင်းပြုပါ။ စာကိုယ်ကိုရှင်းရန် အုပ်စုခေါင်းဆောင် တစ်ယောက်ကို တာဝန်ပေးပါ။

၄. ပံ့ပိုးကူညီသူက အစီရင်ခံစာများ အနှစ်ချုပ်၍ ခေါင်းစဉ်တစ်ခုပြီးတစ်ခု အဆုံးသတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၄

## ဌာနေတိုင်းရင်းသားများ၏ လှုပ်ရှားမှုများနှင့် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်

ရည်မှန်းချက်များ။
၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သမိုင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသားများနှင့် ပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်မှုကို ခြေရာခံရန်။
၂။ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အခန်းကဏ္ဍနှင့် အခွင့်အလမ်းကိုင်ငင်း မည်သို့အလုပ်လုပ်သည်ကိုငင်း နားလည်ရန်။
၃။ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အနှစ်ချုပ်နှင့် ဦးစားပေးချက်။
၄။ ဌာနေတိုင်းရင်းသားများက မည်သို့ပူးပေါင်းပါဝင်နိုင်သည်ကို သတိပြုကြရန် ဖြစ်သည်။

အရင်းအမြစ်များ။
♦ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲဖိုရမ် (ပါဝါပွိုင့်)။
♦ www.indegenousportal.com မှ ဓါတ်ပုံများ။
♦ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲ အစည်းအဝေး အသိပြုချက် နမူနာပုံစံများ။

အချိန်
၂
နာရီ

### တင်ပြချက်နှင့် ဆွေးနွေးချက်။ (၁ နာရီခွဲ)

၁။ မိတ်ဆက်။

ဘဟာမားနိုင်ငံ နာဆောပါတီများညီလာခံ၏ ပထမဆုံးသော ဇီဝမျိုးစုံမျိုးကွဲဖိုရမ်နှင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ နောက်ဆုံးပါတီများညီလာခံ နံပါတ် (၂) တွင် ဌာနေတိုင်းရင်းသား ပြည်သူများပါရှိမှုသာ ပါခဲ့သည်။ ဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်မှုကို ဌာနေတိုင်းရင်းသားများက ညီလာခံ၏ အချေအတင် ပြောဆိုမှုများ၌ ပူးပေါင်းပါဝင်ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ် ရှိသည်ကို ပါတီများအား စည်းရုံးရန် ကြိုးပမ်းမှုတစ် ရပ်မှ စတင်သည်။

၁၉၉၆ ခုနှစ် ဘူနိုအေရီးစ် ကျင်းပသော ပါတီများညီလာခံ နံပါတ် (၃) COP3 အတောအတွင်း ပိုဒ်ခွဲ- ၈(ည) ရှီးရာဗဟုသုတအပိုင်း ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ လုပ်ငန်းစဉ် အစီအစဉ်တစ်ခု အဖြစ် ပါဝင်သည်။ ၄င်းကပင်ဌာနေတိုင်းရင်းသားများ ၄င်းတို့ကိုယ်တိုင် လုပ်ငန်းစဉ်တွင် ထိထိရောက်ရောက် ပါဝင်လာစေရန် စည်းရုံးသည်။ ဤသို့အားဖြင့် ၄င်းတို့သည် နိုင်ငံတွင်းနှင့် နိုင်ငံတကာအတွင်း အဖွဲ့အစည်းများ၏ (၃) ကြိမ်မြောက် ပါတီများညီလာခံအကြိုဆွေးနွေးပွဲ ကျင်းပစေသည်။ ဤနိုင်ငံတကာ ဌာနေတိုင်းရင်းသား အစည်းအဝေးကို အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲ နှီးနှောဖလှယ်ပွဲ ဟုခေါ် တွင်သည်။

ဤပထမဆုံးသော အပြည်ပြည်ဆိုင်ရာ အစည်းအဝေးကို ကျင်းပသူများမှာ ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများ (အပူပိုင်းဇုန် သစ်တောများ၏ မျိုးနွယ်စုများနှင့် ဌာနေတိုင်းရင်းသားများ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့) အာဂျင်တီးနားနိုင်ငံမှ ဌာနေတိုင်းရင်းသား ဌာနေအဖွဲ့အစည်းများ၊ အလားတူ ဒေသများအကြား ဆက်သွယ်ရေးကို ကူညီနိုင်သည်။ ၄င်းအပြည်ပြည်ဆိုင်ရာ အစည်းအဝေး၌ ဌာနေတိုင်းရင်းသား ပူးပေါင်းပါဝင်သူများ၏ ဒေသဆိုင်ရာ ချိန်မှုမှုကို ကျင်းပသူများက စဉ်းစားပေးသည်။

၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က မဒရပ်ရှိ ရိုးရာဗဟုသုတ အလုပ်ရုံ၏ ဆွေးနွေးပွဲတစ်ခုကို ညီလာခံအတွင်းတွင် ပါဝင်စဉ်းစားရမည့် ဌာနေတိုင်းရင်းသားများ၏ ဗဟုသုသတ အကြောင်းအချက်ကို ပြောဆိုရန်နည်းလမ်းများ၊ လမ်းကြောင်းနှင့် ပါဝင်စဉ်းစားရမည့်အကြောင်းများကို ဆုံးဖြတ်ရန် အတွက် ကျင်းပခဲ့ကြသည်။ တဖန်ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများက **(IIFB)** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အဖြစ် ပြန်လည်တွေ့ဆုံပြီး နည်းပညာဆိုင်ရာ အဖွဲ့များတွင် ၎င်းတို့ အလုပ်အတူတူလုပ်ဆောင်ကြမည်။

ကမ္ဘာတလွှားမှ ဌာနေတိုင်းရင်းသား (၁၀၀) ကျော်တက်ရောက်သည်။ ၎င်းတို့သည် ဆွေးနွေးပွဲတွင် ၎င်းတို့ ပါဝင်ခြင်းကို အာမခံရန် အကောင်းဆုံးအလုပ်အဖြစ် ပိုဒ်ခွဲ-၈(ည) နှင့် ၎င်းပတ်သက်သည့် ပေးဆောင်မှုများကို အလုပ် အမှုဆောင်အဖွဲ့ဖွဲ့ရန် ရှေးဦးညှိနှိုင်းမိတ်ဆက်ခြင်းကို ပါတီများရှေ့တွင် ပေါင်းစုခဲ့ကြသည်။

၁၉၉၈ ခုနှစ်တွင် (၄) ကြိမ်မြောက် ပါတီများညီလာခံ၏ ဦးစွာ (IIFB) အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲဖိုရမ်က ၎င်း၏ ကြိုတင်အစည်းအဝေးကို တဖန်ဆောင်ရွက်ခဲ့သည်။ ဌာနေတိုင်းရင်းသားအဖွဲ့ အစည်းများ၏ စုပေါင်းအားထုတ်မှုတွင် မိတ်ဆွေနိုင်ငံများမှ ပံ့ပိုးမှုဖြင့် အချို့သောပါတီများမှ ဆန့်ကျင်မှုများအစား ပိုဒ်ခွဲ-၈(ည) အလုပ်အမှုဆောင် အဖွဲ့ကိုဖွဲ့ခဲ့သည်မှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ညှိနှိုင်းသော ဌာနေတိုင်းရင်းသားများအဖွဲ့အစည်းများ၏ အဓိကအကြီးမားသော အောင်မြင်မှုကြီးတစ်ရပ် ဖြစ်သည်။

ထိုအချိန်မှစ၍ **(IIFB)** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် အလုပ်အမှုဆောင်များနှင့် ပါတီများညီလာခံအစည်းအဝေးများအားလုံးကို ရှေ့တန်းတင်၍ ၎င်း၏ အစည်းအဝေးအပိုင်းများကို ကျင်းပခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများညီလာခံ၏ ဌာနေ တိုင်းရင်းသား ကိုယ်စားလှယ်များ အုပ်စုငယ်တစ်ခုက ဌာနေတိုင်းရင်းသားများ ကော်မတီ၏ ကာကွယ်ဧရိယာများ ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများကို စောင့်ကြည့်ကြပ်မတ်၍ ရယူခြင်း၊ အကျိုးအမြတ်မျှဝေခြင်း၊ အကြောင်းကိစ္စကို ဆောင်ရွက်သည်။

ဌာနေတိုင်းရင်းသူ အမျိုးသမီးများ ဇီဝမျိုးစုံမျိုးကွဲကွန်ယက်ကလည်း **(IIFB)** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်း ရင်းသားညီလာခံ၏ အပိုင်းတစ်ပိုင်းဖြစ်သည်။ ၎င်းအဖွဲ့မှာ **(IIFB)**၏ ၂၀၀၀ ပြည့်နှစ် မတ်လ ဆဗင်းလ်တွင် ကျင်းပသော စတုတ္ထမြောက် အစည်းအဝေး၌ ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးကွန်ယက်က **(IIFB)** အစည်းအဝေးပြုတိုင်း တွေ့ဆုံ၍ ဌာနေ တိုင်းရင်းသူများ ရှုဒေါင့်တစ်ခုမှ ညီလာခံ၏ဆုံးဖြတ်ချက်နှင့် ကျား/မ ရှုဒေါင့်မှ ဆင်ခြင်စဉ်းစားမှုဆောင်ရွက်ရန် ကြိုးစားသည်။ ဤကွန်ယက်မှာ မစ္စလူစီမူလာ ကီမာဆိုင်းအုပ်စုက ဥက္ကဋ္ဌဖြစ်သည်။

ပါတီညီလာခံ (၅) ကြိမ်မြောက်အစည်းအဝေးမှာ ၂၀၀၀ ပြည့်နှစ် နိုရိုဘီ၌ ကျင်းပသည်။ ပါတီများက ပိုဒ်ခွဲ-၈(ည) အကောင်အထည်ဖေါ်ခြင်း၊ **(IIFB)**၏ အရေးကြီးသောကဏ္ဍကို တရားဝင်မိတ်ဆက် အသိအမှတ်ပြု သည်။ ဤသည်မှာ ဌာနေတိုင်းရင်းသားပြည်သူများ၏ နောက်ထပ်အဓိကအောင်မြင်မှုကြီးတစ်ရပ်ဖြစ်၍ ကမ္ဘာ့ကုလ သမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လုပ်ရှားမှုကို ဌာနေတိုင်းရင်းသားများမှ ကောင်းစွာကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ခြင်းကို အားဖြည့်ကူညီသည့် ဌာနေတိုင်းရင်းသားများ၏ အောင်ပွဲကြီးလည်း ဖြစ်ပါသည်။

(၅) ကြိမ်မြောက် ပါတီများညီလာခံဆုံးဖြတ်ချက် ၅/၁၆ က အဆိုပြုသည်မှာ၊-

> ပါတီများသဘောတူစာချုပ် ပိုဒ်ခွဲ-၈(ည) နှင့်ပတ်သက်သည်များ လုပ်ဆောင်ရာ ပါတီများညီလာခံ၏ ပြောဆိုမှုများကို (၃) ကြိမ်မြောက် ပါတီများညီလာခံ ကတည်းကပင် **(IIFB)** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်း ရင်းသားများ သဘောတူစာချုပ်၏အခန်းကဏ္ဍကို အသိအမှတ်ပြုသည်။
>
> ပိုဒ်ခွဲ-၈(ည) နှင့်ဆက်စပ်သည့်လုပ်ဆောင်မှုများ အကောင်အထည်ဖေါ်ရာ၌ ပါတီများညီလာခံကို အကြံ ဉာဏ်ပေးခြင်းနှင့် ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုများကို ကိုယ်စားပြုသော ဆက်နွယ်သည့် အဖွဲ့ အစည်းများနှင့်အလားတူ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ညီလာခံ၏ ပူးပေါင်းပါဝင်မှုကို ပံ့ပိုးရန် ပါတီများနှင့် အစိုးရအဖွဲ့အစည်းများကို ဖိတ်ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဌာနေတိုင်းရင်းသားများ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အလုပ်တွင် ပူးပေါင်းပါဝင်မှု။

ပုံနှင့်ပစ္စည်းများသုံး၍ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လုပ်ငန်းတွင် ဤကွဲပြားခြားနားသောလှုပ်ရှားမှုများဖြင့် ပါဝင်နေကြသည်ကို ပြသပါ။

ဌာနေတိုင်းရင်းသားများသည် ၁၉၉၄ခုနှစ် ကတည်းကပင် ယခုချိန်တိုင်အောင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လုပ်ငန်းအတွက် တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိသည်။ အောက်ပါဇယားမှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လုပ်ငန်း နှစ်စဉ်အလိုက် အတိုင်းအတာများက အပြည်ပြည်ဆိုင်ရာအဆင့် ညီလာခံလုပ်ငန်းစဉ်များမှ ဌာနေတိုင်းရင်းသားများ အကြောင်းအချက်များ ပါဝင်လာရန် ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များ မည်သည့်နေရာများတွင် ကောင်းစွာတိုက်ပွဲဝင်နေကြရသည်ကို ပြသည်။

| ခုနှစ် | ဌာနေတိုင်းရင်းသားများပူးပေါင်းပါဝင်မှု အဖြစ်အပျက် |
|---|---|
| ၁၉၉၄-၅ | ပထမပါတီညီလာခံနှစ်ခု၌ ဌာနေတိုင်းရင်းသား အနည်းငယ်ပါဝင်သည် ဆိုရုံသာပါသည်။ **(IIFB ဆွေးနွေးပွဲ)** |
| ၁၉၉၆ | ဘူနိုအေရီးစ် (၃) ကြိမ်မြောက်ပါတီညီလာခံ၏ ရှေးဦးကျင်းပသော ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲအစည်းအဝေးကြီး။ (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၁၉၉၇ | ရိုးရာဗဟုသုတနှင့် ဇီဝမျိုးစုံမျိုးကွဲအစည်းအဝေးကြီး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၁၉၉၈ | (၃) ကြိမ်မြောက်ပါတီညီလာခံများ (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၀ | အလုပ်အမှုဆောင် ပထမအကြိမ်စည်းအဝေး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၀ | ပါတီများ (၅) ကြိမ်မြောက် ပါတီညီလာခံ (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၁ | ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း **ABS** ပထမအကြိမ်အစည်းအဝေး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၂ | အလုပ်အမှုဆောင် ဒုတိယအကြိမ်စည်းအဝေး ပိုဒ်ခွဲ-၈(ည) (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၂ | (၆) ကြိမ်မြောက် ပါတီများညီလာခံအစည်းအဝေး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၃ | ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း **ABS** ဒုတိယအစည်းအဝေး တတိယမြောက် အလုပ်အမှုဆောင်အစည်းအဝေးအပိုဒ်ခွဲ-၈(ည) (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၄ | (၇) ကြိမ်မြောက်ပါတီများ သတ္တမအကြိမ်မြောက် ညီလာခံ (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၅ | ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း **ABS** တတိယအကြိမ်မြောက်အစည်းအဝေး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၅ | ကာကွယ်ဧရိယာအလုပ်အမှုဆောင် ပထမအစည်းအဝေး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၆ | (၄) ကြိမ်မြောက် အလုပ်အမှုဆောင် အစည်းအဝေး ပိုဒ်ခွဲ-၈(ည) နှင့် ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း အလုပ်အမှုဆောင်အစည်းအဝေး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၇ | (၅) ကြိမ်မြောက် အလုပ်အမှုဆောင် အစည်းအဝေး ပိုဒ်ခွဲ-၈(ည) နှင့် ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း အလုပ်အမှုဆောင်အစည်းအဝေး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၈ | (၆) ကြိမ်မြောက် အလုပ်အမှုဆောင် ရယူခြင်းနှင့် အကျိုးအမြတ် မျှဝေခြင်းအစည်းအဝေး။ ကာကွယ်ဧရိယာများ ဒုတိယအကြိမ်မြောက်အစည်းအဝေး နှင့် (၉) ကြိမ်မြောက် ပါတီများ ညီလာခံ (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |
| ၂၀၀၉ | (၇) ကြိမ်မြောက် အလုပ်အမှုဆောင် အစည်းအဝေးရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း အစည်းအဝေး (ရှေးဦး **IIFB** ဆွေးနွေးပွဲ) |

www.burmeseclassic.com

www.burmeseclassic.com


၄။ **IIFB** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများညီလာခံ၏ အလုပ်နှင့် အလုပ်ခွင့်အာဏာ။

အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများညီလာခံသည် ဌာနေတိုင်းရင်းသားများအခွင့်အရေး ရှေးဦးမိတ်ဆက်ညှိနှိုင်းရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လုပ်ငန်းစဉ်တွင် ဌာနေတိုင်းရင်းသားများ ပြည့်ပြည့်ဝဝနှင့် ထိထိရောက်ရောက်ပါဝင်မှုကို ကူညီပံ့ပိုးမှုအခွင့်အာဏာနှင့်အတူ ဌာနေတိုင်းရင်းသားများ ဖိတ်ခေါ် ညီလာခံဖြစ်သည်။ ဌာနေတိုင်းရင်းသားများအဖွဲ့ စည်း သို့မဟုတ် ကိုယ်စားလှယ်မည်သူမဆို ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ တရားဝင်ကျင်းပသော အစည်းအဝေးများ၏ ရှေးဦးစွာ **IIFB** ဆွေးနွေးပွဲများတွင် ပါဝင်နိုင်သည်။

**(IIFB)** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများညီလာခံ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်များတွင် ၎င်းတို့၏ နည်းလမ်းများဖြင့် တိုးတက်လှုပ်ရှားလျက်ရှိသည်မှာ အဖွဲ့ အစည်းအတွင်းသော်၎င်း၊ အဖွဲ့ အစည်းအတွင်းများ အကြောင်းတွင်၎င်း နှစ်များစွာဆောင်ရွက်လျက်ရှိသည်။

**IIFB** က **CBO** ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် မည်သို့သောလမ်းများဖြင့် ပါသည်ကို ကြည့်သော် ၊-

- ဌာနေတိုင်းရင်းသားများ၏ အမှုတွဲများသုတေသနပြုခြင်းနှင့် တင်ဆက်ခြင်း။
- တွဲဖက်ဥက္ကဋ္ဌများ ဆက်သွယ်ရန်အုပ်စုများ၊ ဆက်သွယ်နေသည့်အုပ်စုများ၊ အထူးစီစဉ်ဖွဲ့ စည်းထားသော ကျွမ်းကျင်ပညာရှင်အုပ်စုများ **(AHTEGs)** ပြောရေးဆိုခွင့်ရှိသူများ (စသည်ဖြင့်)။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လုပ်ငန်းစဉ်တွင် ဌာနေတိုင်းရင်းသားများပတ်သက်မှုနှင့် ဖွံ့ဖြိုးမှုတို့တွင် ထုတ်ဝေသော စာစောင်များ၊ အသိပေးကြော်ငြာစာများ။
- အလုပ်အမှုဆောင်အဖွဲ့ များ၏ အညွှန်းများ၊ ဆက်သွယ်ရေး၊ ပညာရေးနှင့် လူထုသတိပြုမှု (CEPA) နှင့် ဌာနေတိုင်းရင်းသားများ ထိန်းသိမ်းခြင်း ပူးပေါင်းဆောင်ရွက်မှု ကော်မတီ (IPCCC) နှင့် ရေးသားပြောဆိုမည့်အဖွဲ့ များ ဖွဲ့ စည်းခြင်း။
- သတင်းပုံနှိပ်ခြင်းအလုပ်။
- ညှိနှိုင်းဆွေးနွေးပွဲများအတွင်း စည်းရုံးသည့်ဗျူဟာများ။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အတွင်း အပြိုင်ဖြစ်ပျက်မှုများ။

အဖွဲ့ အစည်းအတွင်းနှင့် တစ်ဖွဲ့ နှင့်တဖွဲ့ အကြား အားကောင်းစေရာ **IIFB** အပြည်ပြည်ဆိုင်ရာဌာနေ တိုင်းရင်းသားများညီလာခံသည် ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကော်မတီများ အပေါ် အခြေခံသည့် ဒေသဆိုင်ရာ အဆောက်အအုံတစ်ခုကို ကျစ်ကျစ်လစ်လစ်ဖြစ်စေရန် ကြိုးပမ်းခဲ့သည်။ သို့သော် အောင်မြင်မှုမရှိဘဲ ကွဲပြားခြားနားသော ပြောဆိုရေးသားရန် အချက်များဖြစ်သော အညွှန်းများ၊ **CEPA** နှင့် **IPCCC** ကော်မတီများ၏ အလုပ်အမှုဆောင်အုပ်စုများဖွဲ့ စည်းရာ၌ ပို၍အောင်မြင်ခဲ့သည်။ ယခုအချိန်တွင် **IIFB** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ညီလာခံမှ အလုပ်များကို အထူးဖွဲ့ သော်ကော်မတီများအားဖြင့် အစည်းအဝေးကျင်းပစဉ်အတွင်းနှင့် မကျင်းပမီဟူ၍ ပူးပေါင်းဆောင်ရွက်သည်။ ၎င်း၏ ခေါင်းဆောင်မှုတွင် ခဏရပ်နားရန်အတွက် ယန္တရားတစ်ရပ် တည်ဆောက်ရန် **IIFB** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ညီလာခံ၏ ထောက်ခံမှုလည်းဖြစ်သည်။

၅။ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ညီလာခံအကြောင်း လက်တွေ့ ကျသော သတင်းအချက်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်များတွင် ဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်မှုများအတွက် ခေါင်းဆောင်ရွေးချယ်နိုင်ရန် နည်းဗျူဟာချမှတ်ရာများဆောင်ရွက်ရာ ဌာနေတိုင်းရင်းသားများ၏ နည်းဟာချမှတ်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းကို ပံ့ပိုးရန်အတွက် ပေါင်းမိုးသဖွယ်နေရာယူသည်။ ဌာနေတိုင်းရင်းသားများအတွက် စည်းလုံးသော အသံပြုရာဆုံမှတ်တစ်နေရာလည်း ဖြစ်သည်။ ညီလာခံတက်ရောက်သူ ဌာနေတိုင်းရင်းသားများအားလုံးကို အဖွင့်နေရာဖြစ်သော်လည်း မည်သို့မည်ပုံ ပုံစံချထားခြင်းမရှိပါ။ ဒုတိယဥက္ကဋ္ဌများကိုလည်း အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကျင်းပရန် ရည်ရွယ်ချက်များဖြင့် ရွေးချယ်ထားသည်။ အထူးဖွဲ့ စည်းထားသော အကူလုပ်ဆောင်သည့် ကော်မတီကိုလည်း ဒေသဆိုင်ရာ

www.burmeseclassic.com



ပြောဆိုရမည့် ဦးဆောင်သူများနှင့်ဖွဲ့စည်းလျက် ပထမပြင်ဆင်ရန်နှင့် ညီလာခံများတွင် ဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်ရန် ဖြည့်ကူသည်။

အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အောက်၌ ရှိသောဒေသဆိုင်ရာခေါင်းဆောင်များ ရွေးချယ်မဲပြုသည့်နေရာ၊ နည်းဗျူဟာချမှတ်သည့် အစည်းအဝေးများသည် ကမ္ဘာ့ကုလသမဂ္ဂလက်တင် အမေရိကန်နှင့် ကရေဘီယံ၊ အာဖရိက၊ အာရှ၊ ပစိဖိတ်၊ မြောက်အမေရိက၊ အာတစ်ဒေသနှင့် ရုရှားနိုင်ငံများရှိ ဌာနေတိုင်းရင်းသားများ၏ အကြောင်းအချက်များကို အမြဲတမ်းညီလာခံ၌ ခွဲခြားစီစစ်ထားသည့် ကမ္ဘာ့ဒေသ (၇) ခုတွင်တစ်ခုစီအတွက် ဌာနေတိုင်းရင်းသားများ၏ သတင်းအချက်မျှဝေရန်၊ လှုပ်ရှားမှုများ အတူတကွပူးပေါင်းဆောင်ရွက်ရန် ဆုံတွေ့သည်။

လွန်ခဲ့သောနှစ်များက ပိုမိုအားထုတ်မှုများက ကွန်ယက်ဆက်သွယ်ရေးနှင့် စိတ်ဝင်စားမှုရှိသော ဌာနေတိုင်းရင်းသားများ အဖွဲ့အစည်းများကို ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အကြောင်းရပ်များအတွက် ပူးပေါင်းလုပ်ဆောင်ခြင်းများတွင်ပိုမိုအားကောင်းစေသည်။ ၎င်း၏ရလဒ်မှာ (IPCC) ဌာနေတိုင်းရင်းသားများထိန်းသိမ်းခြင်းအတွက်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အလုပ်အမှုဆောင်အဖွဲ့များ၊ အဖွဲ့နှင့် ဆက်သွယ်ရေး၊ ပညာရေးနှင့် ပြည်သူလူထု သတိပြုမိမှုအဖွဲ့တို့ တည်ထောင်နိုင်ခြင်းဖြစ်သည်။

(IIFB) အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲဖိုရမ်(IIFB) အလုပ်အမှုဆောင်အဖွဲ့ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ဗျူဟာစီမံကိန်း ၂၀၁၀ ပြည့်နှစ် ဇီဝမျိုးစုံမျိုးကွဲပန်းတိုင်နှင့် ထောင်စုနှစ်ရည်မှန်းချက်တွင် ဌာနေတိုင်းရင်းသားများနှင့် ဆက်နွယ်သည့်အညွှန်းများ ဖွံ့ဖြိုးလာစေရန် တည်ထောင်သည်။ ကွဲပြားသောဒေသအသီးသီးမှာ ဌာနေတိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည်။ စုပေါင်းဆောင်ရွက်မှု ကော်မတီတစ်ရပ်ကို ၎င်း၏ဆောင်ရွက်ချက်များအား စောင့်ကြည့်မြင်သာရန်ဖွဲ့စည်းထား၏။ တက်တက်ဘာသည် အစည်းအဝေး၌ အလုပ်အမှုဆောင်အဖွဲ့အတွက် အတွင်းဝန်ဖြစ်သည်။ (IIFB) အလုပ်အမှုဆောင်အဖွဲ့က ဖိလစ်ပိုင်နိုင်ငံ ဘောနေ့ာတွင် ၂၀၀၇ ခုနှစ် မတ်လ၌ ကျင်းပသော အညွှန်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဆွေးနွေးပွဲကို ဦးဆောင်သည့်ဒေသဆိုင်ရာနှင့် အကြောင်းအချက်များ အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းဆောင်ရွက်သည်။ ၎င်းအစီရင်ခံစာအား ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၀) ကြိမ်မြောက်ပါတီညီလာခံမှ လက်ခံအတည်ပြုပြီး ကမ္ဘာ့အညွှန်းများ အဆိုပြုချက်များကို နိုင်ငံတွင်း ဆန်းစစ်ထောက်ခံသည့် WG8j5 သို့တင်ရသည်။

အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲဖိုရမ် အလုပ်အမှုဆောင်အညွှန်းများအဖွဲ့နှင့် ဆက်သွယ်ရေး၊ ပညာရေးနှင့် ပြည်သူသတိပြုမိမှုအဖွဲ့ (CEPA)ကို ပါတီများညီလာခံ (၈) ကြိမ်မြောက်အစည်းအဝေး ၂၀၀၆ ခုနှစ်မတ်၌ ဌာနေတိုင်းရင်းသားများ ပညာပေးသူများ အလုပ်ရုံဆွေးနွေးပွဲပြီးနောက် တည်ထောင်သည်။ ဤဆွေးနွေးပွဲက ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ဌာနေတိုင်းရင်းသားများ မိတ်ဆက်အပိုင်း (CEPA) နှင့် လှုပ်ရှားမှုစီမံချက်တစ်ခုကို ဖြစ်စေသည်။ အဖွဲ့ဝင်များက ၂၀၀၇ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ၌ (၉) ကြိမ်မြောက် ပါတီများညီလာခံအပြီးတွင် ကွန်ယက်ဆက်သွယ်မှု ဆောင်ရွက်ချက်များဆွေးနွေးရန်နှင့် သင်တန်းနည်းပြသင်တန်းစီမံရန် အလုပ်ရုံဆွေးနွေးပွဲကို ဂျာမနီနိုင်ငံ ဘွန်းမြို့၌ တွေ့ဆုံခဲ့ကြသည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်ရန် ငွေကြေးကို ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ပါဝင်မှုအတွက် လုပ်အားပေးရံပုံငွေမှ ထောက်ပံ့သည်။ အခြားသောနေရာများကို အထူးဖွဲ့စည်းထားသော ပူးပေါင်းဆောင်ရွက်မှုကော်မတီဖြင့် ငွေကြေးရံပုံငွေက မြှင့်တင်ရှာဖွေသည်။

၆။ **IIFB** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဖိုရမ်၏ ဦးတည်ရာနှင့် အနာဂါတ်-

ဤအချက်တွင် အောက်ဖော်ပြပါ စီစစ်ခွဲခြားထားသော (IIFB) ၏အနာဂါတ်အတွက် လိုအပ်ချက်များကို ပြောဆိုရန် (အလုပ်လုပ်ရန်) လိုအပ်သည်တို့မှာ ၊-

- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အမျိုးသားအဆင့်၊ ဒေသအဆင့်သို့ချပါမှ ဌာနေတိုင်းရင်းသားများ ပိုမိုပူးပေါင်းပါဝင်နိုင်သည်။ ၎င်းသည်အထူးတလည် ယနေ့လိုအပ်သည်မှာ နောက် (၁၀) နှစ်အတွက် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဦးစားပေးမှုများသည် အမျိုးသားရေး

www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည် ဖေါ်ခြင်းပင်ဖြစ်သည်။

♦ ဌာနေတိုင်းရင်းသားများ အဖွဲ့အစည်းများ လူထုသတိပြုမှု ဆောင်ရွက်ချက်များနှင့် ပညာရေးကိုဆောင်ရွက်ရန်၊ အမျိုးသားစွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်များ ဆောင်ရွက်ရန် လိုအပ်သည်။ သို့မှသာ ပြည်တွင်းအဖွဲ့အတွင်းများက ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်နိုင်သည်။

♦ ဌာနေတိုင်းရင်းသားများ၏ အပြည်ပြည်ဆိုင်ရာ၊ အမျိုးသားဆိုင်ရာ၊ ဒေသဆိုင်ရာအဆင့်များ အခြေအနေများကို ကောင်းစွာဆက်ပေးရန်။

♦ နည်းပညာရှင်များ၊ ဌာနေအုပ်ချုပ်သူများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၏ (IIFB) နှင့်အတူ ပူးပေါင်းလုပ်ဆောင်သည့် ကွဲပြားသောအလုပ်များတွင် ဦးဆောင်ဖြစ်လိမ့်မည်ကို ချိန်ဆချိန်မျှသော ကိုယ်စားပြုခြင်း တစ်ရပ်နှင့်အတူ ဒေသအလုပ်လုပ်သည့် အဖွဲ့များဖွဲ့ရန် လိုသည်။

♦ အားလုံးသော ဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်းစဉ်များကို အသိအမှတ်ပြုခြင်းဖြင့် (IIFB) ပါဝင်မှုကို မြှင့်တင်ရန်တို့ဖြစ်သည်။

လေ့ကျင့်ခန်း-၁။

ဖိတ်ခေါ် ဆွေးနွေးပွဲ၊ ဌာနေတိုင်းရင်းသားများအုပ်စုများ (IIFB) တွင် မည်သို့ပါဝင်နိုင်သနည်း။ (၃၀-မိနစ်)

ဌာနေတိုင်းရင်းသားများ (IIFB) တွင်မည်သို့ပါဝင်သည်ကို စူးစမ်းရှာဖွေနိုင်ရန် မျှဝေရန် ၊-

၁။ ယခုဆိုလျှင် (IIFB) အကြောင်းနှင့် ၎င်း၏အလုပ်ကို သိပြီဖြစ်၍ ပါဝင်သူများက အတွေ့အကြုံ၊ အချို့ကို (IIFB) အလုပ် မည်သို့ပါဝင်ခဲ့သည်ကို မျှဝေပါ။

၂။ အတွေ့အကြုံမျှဝေသူ သို့မဟုတ် အရင်းအမြစ်လူကို မေးခွန်းများမေးပါ။

၃။ အခြားပါဝင်သူများက ၎င်းတို့ကိုယ်၎င်းတို့ သို့မဟုတ် အနာဂါတ် (IIFB) အလုပ်တွင် ပါဝင်ပူးပေါင်းဆောင်ရွက်နေသည့် ၎င်းအုပ်စုများအပေါ် ၎င်းတို့မည်သို့ မြင်သည်အပေါ် တွင် အကြံပြုရန်။

၄။ ကူညီသူက ထွက်ပေါ် လာသောအကြံများ၊ အကျဉ်းအနှစ်ချုပ် ပြီးခဲ့သော သင်ခန်းစာနှင့် ချိတ်ဆက်ဆွေးနွေးချက် အဆုံးသတ် နိဂုံးချုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၇

## ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ရိုးရာဗဟုသုတ

ရည်မှန်းချက်များ။

၁။ ဌာနေတိုင်းရင်းသား ပူးပေါင်းပါဝင်သူများ၏ ရိုးရာဗဟုသုတနှင့် အလေ့အကျင့်ကို အလုပ်ရုံ ဆွေးနွေးပွဲသို့ တစ်စုတစ်စည်းတည်းအဖြစ် မျှဝေရန်နှစ်သက်ရန်။

၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဝန်ဆောင်မှုများကို ရိုးရာဗဟုသုတနှင့်ဆက်စပ် သိနားလည်ရန်။

၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် လုပ်ငန်းအစီအစဉ် ပိုဒ်ခွဲ-၈(ည) နှင့်ဆက်စပ် ပေးဆောင်မှုများ၏ အဓိကအချက်များသည် မည်သည်ဖြစ်သည်၊ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် လုပ်ဆောင်အကောင်အထည်ဖေါ်ခြင်းမှာ ရိုးရာဗဟုသုတအပေါ်တွင် မည်သည်များဆောင်ရွက်ခဲ့သည်တို့ကို သိရှိရန်။

၄။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုနှင့် စားပြုမှုများက ရိုးရာဗဟုဟသုတ အလုပ်ရှေ့ဆက်သွားရန် မည်သို့ပေးဆောင်နိုင်သည်ကို စူးစမ်းဖေါ်ထုတ်ရန် တို့ဖြစ်ပါသည်။

အရင်းအမြစ်များ။

- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ရိုးရာဗဟုသုတ ပါဝါပွိုင့်
- ရိုးရာဗဟုသုတကို တန်ဖိုးထားခြင်း
- ပန်ချာမာမား သတင်းစာစောင်များ

အချိန်

၃ ၁/၂ နာရီ

ဆောင်ရွက်ချက်။

အခမ်းအနားအပိုင်းများ မစမီကြိုတင်ဆောင်ရွက်ခြင်းများ။

ဌာနေရိုးရာဗဟုသုတစနစ်များနှင့် ဌာနေတိုင်းရင်းသားများ အလေ့အကျင့်ကို နှစ်သက်မှု။

၁။ အခမ်းအနားအပိုင်းမစမီ ပါဝင်သူများထဲမှ တစ်ဦးက ဌာနေတိုင်းရင်းသား ဆုတောင်းသူတစ်ဦးနှင့် အတူ အခမ်းအနားဖွင့်ရန် ဖိတ်ခေါ်ထားရမည်။ ဤသည်ကို ပါဝင်သူများအား မကြာမီအချိန်တွင် ဘာသာပြန်ရှင်းပြပေးလိမ့်မည်။

၂။ ပါဝင်သူများအုပ်စုလိုက် အလုပ်ရုံဆွေးနွေးပွဲအတွင်း ၎င်းဌာနေတို့၏ ရိုးရာအစားအစာများကို ပြသနိုင်ရန် မိမိကိုယ်ပိုင်ယဉ်ကျေးမှုအရ ကွဲပြားသော စားဖွယ်များကို သုံးဆောင်ကြရန် ပြင်ဆင်ဖို့ဖိတ်ခေါ်ထားရသည်။ တစ်အုပ်စုစီက ပန်းကန်တစ်ခုစီမှ ပြင်ဆင်မှုများကို ဖေါ်ပြထားသည်။

၃။ ပူးပေါင်းပါဝင်သူများမှာ မိမိတို့ ဌာနေတိုင်းရင်းသားဝတ်စုံများဖြင့် စည်းလုံးညီညွတ်သော ညစာအစ အစဉ်အတွက် ယဉ်ကျေးမှုဆိုင်ရာ ပြသတင်ဆက်ခြင်းများ ပြင်ဆင်လာရန် ဖိတ်ခေါ်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



## တင်ပြချက်နှင့်ဆွေးနွေးခြင်း။ (၁ နာရီ ခွဲ)

၁။ ရိုးရာဗဟုသုတဆိုသည်မှာအဘယ်နည်း။

ရိုးရာဗဟုသုတ ဆိုသည်မှာ ကမ္ဘာတလွှမ်းရှိ ဌာနေတိုင်းရင်းသားများ၏ ဗဟုသုတ၊ ဆန်းသစ်တီထွင်ခြင်း၊ ဓလေ့စရိုက်များကို ရည်ညွှန်းသည်။ ရာစုနှစ်များစွာမှရသော အတွေ့အကြုံများ၊ ဖွံ့ဖြိုးခဲ့သည့် ဒေသဆိုင်ရာ၏ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်၊ ရိုးရာဗဟုသုတနှင့် ညှိယူလာသည်မှာ မျိုးဆက်တစ်ဆက်မှတစ်ဆက်၊ အဆက်ဆက်အပြောအဆိုအားဖြင့် လက်ဆင့်ကမ်းသည်။ ၎င်းမှာ စုပေါင်းပိုင်ဆိုင်သည့် ပုံပြင်၊ သီချင်း၊ ဒေသယုံကြည်မှု၊ ဓဏ္ဍာရီ၊ စကားပုံများ၊ ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများ၊ ယုံကြည်မှု၊ ရိုးရာအစဉ်အလာထုံးတမ်းများ၊ အုပ်စုစည်းမျဉ်းများ၊ ဒေသသုံးဘာသာစကား၊ စိုက်ပျိုးရေး လုပ်ရိုးလုပ်စဉ်များ၊ အပင်မျိုးစိတ်များနှင့် တိရိစ္ဆာန်သားပေါက်ခြင်း ဖွံ့ဖြိုးမှုများအဖြစ် ပုံစံအသွင်ဆောင်ယူထားတတ်သည်။ ရိုးရာဗဟုသုတကို လက်တွေ့ကျကျ သဘာဝဖြစ်သော စိုက်ပျိုးရေး၊ ရေထွက်လုပ်ငန်း၊ ကျန်းမာရေး၊ အပင်စိုက်ပျိုးခြင်း သိပ္ပံနှင့်သစ်တောပညာတို့၌ အဓိကတွေ့ရှိရသည်။

၂။ ၎င်း၏ကဏ္ဍနှင့်တန်ဖိုး။

ယနေ့ရိုးရာဗဟုသုတတန်ဖိုးကို အထူးနှစ်သက် လာကြသည်ဖြစ်သည်။ ဗဟုသုတဟူသည်မှာ နေ့စဉ်ဘဝများ၊ ၎င်းတို့အပေါ် မှီတည်ရုံမျှမဟုတ်ဘဲ ခေတ်မီစက်မှုနှင့် စိုက်ပျိုးရေးလည်း တန်ဖိုးရှိသည် ဖြစ်သည်။ ပရဆေးများ စပလင်အရွက်များအပေါ် မူတည် ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်း စသည့် များစွာကျယ်ပြန့်သည့် ထုတ်ကုန်များမှာ ရိုးရာဗဟုသုတမှဆင်းသက်လာသည်။ အခြားတန်ဖိုးရှိသော ထုတ်ကုန်များသည် လက်မှုပစ္စည်းကဲ့သို့ပင် စိုက်ပျိုးရေးရာနှင့် သစ်တောထုတ်ပစ္စည်းမဟုတ်သည့် ထုတ်ကုန်များအပါအဝင် ရိုးရာဗဟုသုတပညာအပေါ် အခြေခံသည်။

ရိုးရာယဉ်ကျေးမှုသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို ထင်ထင်ရှားရှား ပေးနိုင်သည်။ ဌာနေတိုင်းရင်းသားအများစုနှင့် ဌာနေအုပ်စုများသည် ကမ္ဘာ့သစ်ပင်မျိုးဗီဇအရင်းအမြစ်များ အများစုရှိရာနေရာများတွင် နေထိုင်သည်ကို တွေ့ရသည်။ အများမှာ နှစ်ထောင်ပေါင်းများစွာ ဇီဝမျိုးစုံမျိုးကွဲကို ရေရှည်တည်တံ့သော နည်းတစ်ရပ်ဖြင့် စိုက်ပျိုးခဲ့၊ သုံးခဲ့ကြသည်။ မည်သို့ဆိုစေ ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စု ထိန်းသိမ်းခြင်းနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲသူ မန်နေဂျာများအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍထက် ကျော်လွန်လုပ်ဆောင်ပေးကြသည်။

၎င်းတို့၏ ကျွမ်းကျင်မှုနည်းပညာများက ကမ္ဘာ့လူအုပ်စုများသို့ အဖိုးတန်သတင်းအချက်များကို ပေးသည်။ ဇီဝမျိုးစုံမျိုးကွဲမူဝါဒများအတွက် အသုံးဝင်သောပုံစံတစ်ခုကိုပေးသည်။ ထို့အပြင်ဌာနေ အုပ်စုများက ဒေသပတ်ဝန်းကျင် ဌာနေတိုင်းရင်းသားနှင့် ဌာနေနေအုပ်စုများ၏ ကြီးစွာသော ဗဟုသုတများနှင့်အတူ ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့ရန် အသုံးပြုခြင်း၌ တိုက်ရိုက်အကျုံးဝင် ပါဝင်လျက်ရှိသည်။

ဌာနေနှင့် ဌာနေတိုင်းရင်းသားများ၏ ဗဟုသုတမှာ ဗဟုသုတ၊ နည်းသစ်ဆန်းမှုများ၊ အလေ့အကျင့်များ၊ တင်ဆက်မှုများကို သဘာဝပတ်ဝန်းကျင်နှင့်အတူ အတွင်းကျကျ အပြန်အလှန်ဆက်နွယ်လျက် ချဲ့ထွင်ထားသည့် သမိုင်းကြောင်းများနှင့်အတူ၊ ပြည်သူတို့ စီမံထိန်းသိမ်းသောဖွံ့ဖြိုးစေသည့် စုပေါင်းစုစည်းထားသော ဖွဲ့စည်းမှုများကို ညွှန်းဆိုသည်။ ဤသတိပြုဖွယ်စနစ်များမှာ ဘာသာစကား၊ အရပ်ဒေသနှင့်ဆက်စပ်မှု၊ စိတ်ဓါတ်၊ ကမ္ဘာ့အမြင်များလည်း ပါဝင်သည့် ပေါင်းစုထားသည့် အပိုင်းဖြစ်သည်။ များစွာကွဲပြားသော အခေါ်အဝေါ်များမှာ ၎င်းတို့၏ဗဟုသုတကို ရည်ညွှန်းပြီး အသုံးပြုသည်မှာ ၊-

- TEK ရိုးရာဂေဟဗေဒဆိုင်ရာ ဗဟုသုတ
- IK ဌာနေတိုင်းရင်းသား ဗဟုသုတ
- ဌာနေတို့၏ ဗဟုသုတ
- အခြေခံလူတန်းစား/လယ်သမားတို့၏ ဗဟုသုတ
- လူမျိုးနွယ်စုဆိုင်ရာ ဇီဝဗေဒ/မျိုးနွယ်စုဆိုင်ရာရုက္ခဗေဒ/မျိုးနွယ်စုဆိုင်ရာသတ္တဗေဒ
- လူမျိုးနွယ်စုဆိုင်ရာသိပ္ပံ
- ရိုးရာသိပ္ပံပညာ/ တိုင်းရင်းသားတို့၏ သိပ္ပံပညာ

www.burmeseclassic.com

www.burmeseclassic.com





## လေ့ကျင့်ခန်း ၁။
## ရိုးရာဗဟုသုတ အတွေးကွင်းဆက်ရေးဆွဲခြင်း။

| | |
|---|---|
| အဓိကအတွေးအခေါ်။ ( အယူအဆ ) | အတွေးကွင်းဆက် ရေးဆွဲခြင်းသည် ပူးပေါင်းပါဝင် သူများအတွက် ၎င်းတို့၏ ရိုးရာဗဟုသုတ အတွေးအခေါ်များကို အုပ်စုတစ်စုအနေဖြင့် စူးစမ်းရှာဖွေရန် ထိရောက်သော တန်ဆာပလာ တစ်ခုဖြစ်သည်။ |
| ကြိုတင်စီမံခြင်း။ | ပူးပေါင်းပါဝင်သူများသည် ပုံပြရုပ်များပြုသူ (အတွင်းကွင်းဆက်) များတို့မြင်အောင် ရှင်းလင်းအောင်၊ သတင်းအချက်အလက်ကို ဘာသာပြန်ပြီး ရိုးရာ ဗဟုသုတကို ယုံကြည်စွာ သုံးနိုင်လိမ့်မည်။ ပူးပေါင်းပါဝင်သူများက ရိုးရာဗဟုသုတကို နားလည်နိုင်သော အတွေးအခေါ် တစ်ရပ်နှင့်အတူ ၎င်းသည် အုပ်စုအတွင်း အခြား မည်သည့်များ နှင့် ၎င်း/သို့မဟုတ် နိုင်ငံနှင့် မရေမတွက်နိုင်သော မြင်ကွက်မြင်ကွင်းများကို ရိုးရာဗဟုသုတတွဲဖက်လျက် မည်သို့မည်ပုံ သတ်မှတ်သည်ကို ရင်းနှီးကျွမ်းကျင်လာလိမ့်မည်။ |
| အကြံစီမံခြင်း။ | ဖြည့်စွမ်းကူညီသူများက အတွေးကွင်းဆက်တစ်ခုကို သရုပ်ဖေါ်၍ မိတ်ဆက်ပေးသင့်သည်။ ၎င်းတို့သည် ပညာပေးရေးဆိုင်ရာ ကန့်သတ်စဉ်းစားစရာအချက်မှန်သမျှ (ဘာသာစကားပြောဆို၊ အုပ်စုတွင်း လုပ်နိုင်သောစွမ်းရည်) စသည်နှင့်အတူ ရင်းနှီးကျွမ်းဝင်သင့်သည်။ သို့မှသာ ဖြစ်နိုင်လျှင် ပူးပေါင်းပါဝင်သူများ၏ ပါဝင်လုပ်ဆောင်ခြင်းကို ထောက်ပံ့နိုင်သည်။ |
| အဆင့်ဆင့် လုပ်ဆောင်ခြင်း။ | ပူးပေါင်းပါဝင်သူများကို အုပ်စုဖွဲ့ပါ။ သင့်လျော်သလို နိုင်ငံ/အုပ်စုပေါ်မူတည် ၍စီစဉ်ပါ။ စာရွက်ကြီးတစ်ချပ် စာရွက်အလယ်၌ -ရိုးရာ ဗဟုသုတ- ဟူသည့်အတွေး အခေါ်စရေးပါ။ အဓိကပြောဆိုရေးသားရန် အချက်တစ်ခုစီပေါ်လာတိုင်း ပင်မဗဟိုမှ ဖြာပြီးဆွဲပါ။ လိုင်းများအတွင်း အတွေးအခေါ်များရေးပါ။ အတွေးအခေါ် တစ်ခုစီရတိုင်း၊ လက်ရှိအတွေးအခေါ်မှ ဆင့်ထွက်လာသည်ဟုတ်မဟုတ် စစ်ဆေးပါ။ ဗဟိုလိုင်းမှ ကိုင်းခက်ဖြာအမည်ပေးပါ။ အကယ်၍ ဤအတွေးအခေါ်သည် လုံးဝကိုအသစ်ဖြစ်သော် စာရွက်စာတမ်းထောင့်မှန်စတုဂံမှ လိုင်းအသစ်ဆွဲပါ။ အချိတ်အဆက်များကိုကြည့်ပါ။ လမ်းသွယ်တစ်ကြောင်းစီ၏ သတင်းအစအနများ ချိတ်ဆက်ပုံကို ကြည့်ပါ။ တနည်းနည်းဖြင့် မည်သို့ ဆက်သွယ်နေသည်ကို အချိတ်အဆက်တစ်ခု ဆွဲသည့်ပုံစသည်ဖြင့် သာမန်အချက်များအား အမည်ပေးခြင်းဖြင့် သိသာနိုင်သည်။ အကယ်၍ အတွေးကွင်းဆက်သည် စီမံရန်ရည်ရွယ်ချက် သို့မဟုတ် စကားပြော၏ အခြေခံအဖြစ်သုံးလျှင် အဓိကလမ်းကြောင်းတစ်ခုစီက အလယ် လေးထောင့်ကွက်မှ ခွဲဖြာထွက်ခြင်းဖြင့် ၎င်း၏ကွင်းဆက်အစဉ်ကို နာမည်ပြုမှတ်သားနိုင်သည်။ |
| အပိတ်။ | ပူးပေါင်းပါဝင်သူများ အုပ်စုတစ်ခုစီသည် အုပ်စုကြီးအား ၎င်းတို့၏ အလုပ်ကိုတင်ဆက်၍ ၎င်းအတွေးကွင်းဆက်ကို ပုံဖြင့်ပြသည့် သီးသန့်နေရာများကဲ့သို့ပင် ရိုးရာဗဟုသုတကိုစီစဉ်ခြင်း၊ လုပ်ငန်းစဉ်ဖြင့် ဖေါ်ပြသည်။ အချိန်တိုအတွင်း ပါဝင်သူလူဦးရေ အနည်းအများအရ ဆွေးနွေးခြင်းပြုရန် လျာထားပါ။ ပူးပေါင်းပါဝင်သူများက ၎င်းတို့၏ စီစစ်ခွဲခြားသတ်မှတ်ခြင်းကိုအတွေးကွင်းဆက်အားဖြင့်၎င်း၊ ရိုးရာဖေါ်ပြမှုအားဖြင့်၎င်း၊ ရိုးရာဗဟုသုတ ကာကွယ်ရန်ထောက်ခံခြင်း။ အလားတူ ခြိမ်းခြောက်ခြင်းများကိုလည်း ကျော်ဖြတ်နိုင်သည်။ |
| အရင်းအမြစ်များ။ | လိုအပ်သည့်တန်ဆာပလာများ ၊-<br>ရောင်စုံမှင်တံကြီးများ သို့မဟုတ် ဘောပင်၊ လိုင်းမပါသော စာရွက်ဖြူ အကြီးကြီး၊ နောက်ဆက်တွဲ အရင်းအမြစ် စီဒီညွှန်းအရ နောက်ဆက်တွဲ အရင်းအမြစ်မှာ ထပ်ဆင့်ဖြည့်ပါ။ |

www.burmeseclassic.com

www.burmeseclassic.com



၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် ရိုးရာဗဟုသုတ။

ဌာနေအုပ်စုများနှင့် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတအပေါ် ကမ္ဘာ့ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ် အကြောင်းပေးဆောင်ပြောဆိုခြင်းများ၊ အဓိကအပိုဒ်ခွဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

အဖွင့်။

ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုအဖွဲ့အစည်းများစွာ၏ ဇီဝအရင်းအမြစ်များနှင့် ရိုးရာဗဟုသုတ၊ တီထွင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိန်းသိမ်းခြင်းနှင့်ပတ်သက်သော အလေ့အကျင့်များနှင့် ၎င်း၏ ပါဝင်သည့်အပိုင်းများကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်း။

ပိုဒ်ခွဲ ၈ (ည)။

ပါတီများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့်ပတ်သက် ရိုးရာ ဗဟုသုတကို စီမံထိန်းသိမ်းရန် လေးစားရန် ဖြစ်သည်။

ပိုဒ်ခွဲ ၁၀ (ဂ)

ရိုးရာယဉ်ကျေးမှုဆိုင်ရာ အလေ့အကျင့်များနှင့်အညီ ဇီဝအရင်းအမြစ်များ ထုံးတမ်းအစဉ်အလာ အရ အသုံးပြုခြင်းကို အားပေးရန်နှင့် ကာကွယ်ရန်။

ပိုဒ်ခွဲ ၁၈ (ဃ)

ဌာနေတိုင်းရင်းသားနှင့် ရိုးရာဗဟုသုတ အပါအဝင် နည်းပညာများဖွံ့ဖြိုးမှုနှင့် အသုံးပြုမှု အတွက် အတူလုပ်ဆောင်ခြင်း နည်းလမ်းများကို ဖွံ့ဖြိုးစေရန်။

၄။ ရိုးရာဗဟုသုတပေါ်တွင် ဆောင်ရွက်ချက်များပြုလုပ်ရန် ဂတိပြုခြင်း။

ညီလာခံသည် အပိုဒ်ခွဲများနှင့် ရိုးရာဗဟုသုတလုပ်ငန်း အကောင်အထည်ဖော်ရန် အဆင့်များ ယူသည်။ ၁၉၉၈ ခုနှစ်တွင် (၄) ကြိမ်မြောက် ပါတီများညီလာခံသည် အထူးရည်ရွယ်ချက်ဖြင့် အလုပ်အမှုဆောင်အုပ်စု၊ အပိုဒ်ခွဲ-၈ (ည) အပေါ်နှင့်ဆက်စပ်သော ပေးဆောင်မှုများကို ရိုးရာဗဟုသုတဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ် လုပ်ငန်းစဉ်အတွက် အသေးစိတ်ဆောင်ရွက်သည်။

လုပ်ငန်းစဉ်

- (၄) ကြိမ်မြောက် ပါတီများညီလာခံ (၁၉၉၈) သည် အထူးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော အပိုဒ်ခွဲ-၈(ည) နှင့်ပတ်သက်သည့် ပေးဆောင်မှုများတည်ထောင်သည်။
- အလုပ်အမှုဆောင် အဖွဲ့သည် ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စု အဖွဲ့အစည်း ကိုယ်စားလှယ်များ အပြည့်အဝပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်သည်။
- အလုပ်အမှုဆောင်အဖွဲ့သည် အပိုဒ်ခွဲ-၈(ည) သက္ကရာဇ် ၂၀၀၀ (၅) ကြိမ်မြောက် ပါတီညီလာခံ လက်ခံ အတည်ပြုသည့် အလုပ်အစီအစဉ်ကို အသေးစိတ်ဆောင်ရွက်သည်။

အလုပ်အမှုဆောင်အဖွဲ့သည် အပိုဒ်ခွဲ-၈ (ည) အပေါ်တွင် အစည်းအဝေး (၆) ကြိမ်လုပ်ခဲ့သည်။

၁. စပိန်နိုင်ငံ ဆာဗေး (၁) ကြိမ် ၂၀၀၀ ပြည့်နှစ် မတ်လ (၂၇) မှ (၂၈) ရက်နေ့ထိ။
၂. ကနေဒါနိုင်ငံ မွန်ထရီရယ် (၂) ကြိမ် ၂၀၀၀ ပြည့်နှစ် မတ်လ (၂၇) မှ (၃၁) ရက်နေ့ထိ
၃. ကနေဒါနိုင်ငံ မွန်ထရီရယ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ (၈) မှ (၁၂) ရက်နေ့ထိ
၄. စပိန်နိုင်ငံ ဂရင်ဒါ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ (၂၃) မှ (၂၇) ရက်နေ့ထိ
၅. ကနေဒါနိုင်ငံ မွန်ထရီရယ် ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၅) မှ (၁၉) ရက်နေ့ထိ
၆. ကနေဒါနိုင်ငံ မွန်ထရီရယ် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ (၂) မှ (၆) ရက်နေ့ထိ

အလုပ်အမှုဆောင်အဖွဲ့သည် ရိုးရာဗဟုသုတဆိုင်ရာ အစီရင်ခံစာအပြည့်အစုံတင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ (IIFB) ပူးပေါင်းပါဝင်ခြင်း။

(IIFB) သည် အလုပ်အမှုဆောင်အဖွဲ့ ၈ (ည) ဆောင်ရွက်ချက်များနှင့် ၄င်းနှင့်ပတ်သက်သည့် ပေးဆောင်မှုများကို တက်ကြွစွာပါဝင်၍ အလုပ်အမှုဆောင် ၈(ည)နှင့် ပတ်သက်သည့် ဌာနေတိုင်းရင်းသားတို့၏ ထိရောက်သော ပူးပေါင်းမှုအတွက် ယန္တရားအချို့ကို ထပ်ဆင့် ဖွံ့ဖြိုးစေခဲ့သည်။ ၄င်းတို့သည် အလုပ်အမှုဆောင်အဖွဲ့၏ ဒု-ဉက္ကဌ အဖြစ် ဆောင်ရွက်သည့်ဗျူရိုမှ သူငယ်ချင်းများ အဖွဲ့စည်း၍ ကိစ္စရပ်များတင်သွင်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ - ၈ (ည) အစည်းအဝေးတွင် အဖွင့်ဆုတောင်းပြုခြင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ကွဲပြားသောအခြေအနေများတွင် ဌာနေတိုင်းရင်းသားများကို ညှိခဲ့သည်။

၆။ ပိုဒ်ခွဲ-၈(ည) ပေါ်တွင်အလုပ်အစီအစဉ်၏ အဓိကအခန်းများ။

**(၁) ရိုးရာဗဟုသုတ၏အနေအထား ကဏ္ဍနှင့် လမ်းကြောင်းများ။**

- အစီရင်ခံစာအပြည့်အစုံကို ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့်ပတ်သတ်သော အလေ့အကျင့်များ၊ ဗဟုသုတ၊ တီထွင်မှုများကို အလေးထားလျက် အခြေအနေနှင့်လမ်းကြောင်း ပြင်ဆင်သည်။

» အဆင့်-၁။ ရိုးရာဇီဝမျိုးစုံမျိုးကွဲနှင့်ပတ်သက်သည့် ဗဟုသုတ၏အခြေအနေ။

» အဆင့်-၂။ အမျိုးအစားခွဲခြားသတ်မှတ်ခြင်း၊ တိုင်းတာမှတ်သားခြင်း။ ရိုးရာဗဟုသုတ အသုံးပြုခြင်းကို အားပေးကူညီကာကွယ်သည့် ရှေ့ပြေးများ။

» ရိုးရာဗဟုသုတထိန်းသိမ်းစုဆောင်းသူအတွက် ဆောင်ရွက်မှုအစီအစဉ်ဖွံ့ဖြိုးစေခြင်း။

- အလုပ်အခြေအနေ

အဆင့်-၁ မူလအကြမ်းမှာ ဒေသဆိုင်ရာနှင့် (၇) ကြိမ်မြောက် ပါတီများညီလာခံကို တင်သည့် ဒေသဆိုင်ရာနှင့် အပြည့်အဝအစီရင်ခံစာ။

» အဆင့်-၁။ ရှေ့ဆက်လုပ်ရန် ပြန်လှန်သည့်အပိုင်းထုတ်သည်။

» အဆင့်-၂။ အလုပ်စခြင်း၊ ဌာနေဗဟုသုတအား အသုံးပြုခြင်းကို ကူညီမြှင့်တင်သည့်၊ ကာကွယ်သည့် ရှေ့ပြေးနှင့် တိုင်းတာသည့် အချက်အလက်များ မျိုးစိတ်ကွဲပြားခြင်း။

» အကြံပေးအဖွဲ့ဖွဲ့ခြင်း။ ဦးဆောင်ကော်မတီ၏ ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုများ ILC တင်ဆက်ခြင်းနှင့်အတူ အစီရင်ခံစာကို ပြည့်စုံအောင် ကူညီရမည်။

၎င်းအလုပ်များမှာ ပြီးစီးပြီဖြစ်သည်။

ပါတီညီလာခံ (၈) ကြိမ်မြောက်အပြီးတွင် ၊-

- ဌာနေတိုင်းရင်းသားနှင့် ဌာနေအုပ်စုများ မူလသဘောတူညီမှု မှတ်ပုံတင်လုပ်နိုင်သည်ကို အကြံပေးသည်။
- ဖွံ့ဖြိုးဆဲနည်းပညာ လမ်းညွှန်များရနိုင်မှုကို စူးစမ်းရှာဖွေရန် မှတ်တမ်းတင်ရန်၊ ရိုးရာဗဟုသုတ တီထွင်ခြင်း၊ အလေ့အကျင့်များကို စာတမ်းပြုစုခြင်း မှတ်တမ်းတင်ခြင်း၊ ဌာနေတိုင်းရင်းသားနှင့် ဌာနေအုပ်စုများ ထိရောက်သော အပြည့်အဝပါဝင်မှုနှင့်အတူ ရိုးရာတီထွင်မှုနှင့် အလေ့အကျင့်များ၊ အခွင့်အရေးပိုင်ဆိုင်သူများ၊ ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများကို ခွဲခြားစိစစ်ရန်။
- ရှေ့ဆက်ပြုသောသုတေသနကို အလွန်ထိခိုက်လွယ်သော ဌာနေတိုင်းရင်းသားများ အကြောင်းအရင်းများအပေါ် ချင့်ချိန်ပြုလုပ်ရန် တောင်းဆိုသည်။
- ရိုးရာဗဟုသုတနှင့် အကျိုးအမြတ်ရရှိခြင်းနှင့် မျှဝေခြင်းဖွံ့ဖြိုးမှု သီးသန့်အားအာကာကွယ်မှုပေးသော အုပ်စုများ အခွင့်အရေးအလေးထားသည်ကို အာမခံရန် ဖြစ်နိုင်ခြေရှိသော နည်းများအကြောင်း အစီရင်ခံစာတစ်ရပ် ပြင်ဆင်ခြင်းနှင့် တောင်းဆိုသည့်သုတေသန။
- ပြည့်ဝသည့်အစီရင်ခံစာအဆင့်-၂ ဖွံ့ဖြိုးမှုများအပေါ် အကြံဉာဏ်ပေးခြင်းကို အတိုင်ပင်ခံအဖွဲ့နှင့် ဆက်လက်လုပ်ဆောင်ခြင်းကို ဖြန့်ဝေသည်အစီအစဉ်ရှိ။

www.burmeseclassic.com

www.burmeseclassic.com



**(၂) ကိုးကွယ်သည့်နေရာ၊ ဖွံ့ဖြိုးမှုအတွက် သက်ရောက်မှုများကို မှတ်သားတိုင်းတာခြင်း စောင့်ကြပ်ကြည့်ရှုသည့်လမ်းညွှန်များ။**

- အကွေးခုံး စေတနာ့အလျောက်လုပ်ဆောင်ရန်လမ်းညွှန်ချက်၊ ယဉ်ကျေးမှု ပတ်ဝန်းကျင်၊ လူမှုရေးဆိုင်ရာ သက်ရောက်မှုကိုတိုင်းတာရာတွင် မြေ၊ ရေ၊ ကိုးကွယ်မှုနေရာများ၊ ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူများ မှီရာအရ အသုံးပြုသည့် သက်ရောက်မှုများအပေါ် နေရာယူသော အဆိုပြုဖွံ့ဖြိုးရေး။
- (၇) ကြိမ်မြောက် ပါတီများ ညီလာခံမှထုတ်သည့် သက်ရောက်မှုမှတ်သားခြင်းဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ခြင်းပါတီများကို လမ်းညွှန်ရန်။
- ရည်မှန်းချက် - ယဉ်ကျေးမှု ပတ်ဝန်းကျင်၊ ဇီဝဆိုင်ရာ အပါအဝင် လူမှုရေးကို ဌာနေတိုင်းရင်းသားနှင့် ဌာနေအုပ်စုများအပေါ် သက်ရောက်မှုတိုင်းတာခြင်း လုပ်ထုံးလုပ်နည်း အတွက်အကြံဉာဏ်ပေးသည်။
- အစိုးရနှင့် အဖွဲ့အစည်းများက လမ်းညွှန်များကို အသုံးပြုရန် ဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ မှတ်သား တောက်ယူခြင်းအတွက် ပူးပေါင်းဆောင်ရွက်ရန် မိတ်ခေါ်သည်။

**(၃) မျိုးရိုးဗီဇသုတနှင့် အကျိုးအမြတ်မျှတစွာ မျှဝေခြင်းအတွက် သီးသန့်တစ်ခုတည်းဖြစ်သော စနစ်များ**

(၇) ကြိမ်မြောက် ပါတီများညီလာခံက ရည်ရွယ်ချက်ဖြင့် အလုပ်အဖွဲ့ ဖွဲ့စည်းသည့် ပိုဒ်ခွဲ-ဈ (၂၁) ပေးသည်မှာ -

- ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်မဟုတ်သည့်အပေါ်တွင် အခြေခံသော သီးသန့်တစ်ခုတည်းသောပုံစံများ ကာကွယ်ခြင်းကို စဉ်းစားရန်။
- သီးသန့်တစ်ခုတည်းဖြစ်သော စနစ်အတွက် ဦးစားပေးအခန်းများကို ဖွံ့ဖြိုးစေသည်။
- ဘွန်းလမ်းညွှန်အသုံးပြုခြင်းနှင့် ဆီလျော်ခြင်းကို ပြန်လည်သုံးသပ်ရန်။
- ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်းအပေါ် အပြည်ပြည်ဆိုင်ရာ အချုပ်အခြာအာဏာကို အလေးထားလျက် အကြံပေးရန်။
- မျိုးရိုးဗီဇသုတ ကာကွယ်မှုတွင် အချက်အလက်များ၊ မှတ်ပုံတင်များစသည်တို့ကို မှတ်သားရန်။
- ဉာဏပစ္စည်းပိုင်ခွင့် ကာကွယ်မှု ပုံစံသစ်များနှင့် လက်ရှိ ပုံစံများကို စူးစမ်းရန်။

**(၄) ကျင့်ဝတ်နှင့်ဆိုင်သော စည်းမျဉ်းစည်းကမ်း**

ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အမြဲတမ်းညီလာခံ၏ အကြံပေးခြင်းကို တုံ့ပြန်သောအားဖြင့် (၇) ကြိမ်မြောက် ပါတီများညီလာခံကထောက်ခံသည်မှာ-

- ယဉ်ကျေးမှု ပတ်ဝန်းကျင်၊ လူမှုရေး သက်ရောက်မှု မှတ်သားတိုင်းတာချက်၊ အကွေးခုံး လမ်းညွှန်ကို အခြေခံသည့် အလုပ်ရုံဆွေးနွေးပွဲအတွက် ၎င်းတို့ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုတို့ကြား ခြားနားသည့် ချိတ်ဆက်မှုများအပေါ် နားလည်စေသည်။
- ဌာနေတိုင်းရင်းသားနှင့် ဌာနေအုပ်စုများ၏ ယဉ်ကျေးမှုနှင့် ဉာဏအမွေအနှစ်အတွက် အလေးထားမှုကို အာမခံရန် ကျင့်ဝတ်နှင့်ဆိုင်သော စည်းမျဉ်းစည်းကမ်း၏ အခန်းများကို ဆင့်ပွားရန် ပိုဒ်ခွဲ-ဈ (၂၁) အလုပ်အမှုဆောင်ကော်မတီ။
- ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းအတွက် (၁၀) ကြိမ်မြောက် ပါတီများညီလာခံမှ လက်ခံအတည်ပြုသည်။ ၎င်း (၉) ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး ပိုဒ်ခွဲ-ဈ (၂၁) နှင့် ပတ်သက်သည့် ပေးဆောင်မှုများကို ပြည့်စုံစေသည့် အလုပ်အမှုဆောင်ကော်မတီ။

**(၅) ပူးပေါင်းပါဝင်မှုသဘောတူညီလာခံအလုပ်တွင် ပူးပေါင်းပါဝင်မှု**

- (၇) ကြိမ်မြောက် ပါတီများညီလာခံက ပူးပေါင်းပါဝင်ရန် ငွေကြေးအထောက်အပံ့ တည်ထောင်ခဲ့သည်။
- [illegible] ဒေသန္တရအသိပညာနှင့် ဆက်သွယ်ရေး ကွန်ယက်များနှင့် [illegible] ဖွံ့ဖြိုးတိုးတက်ရန် [illegible] အထောက်အကူပြုရန်။

www.burmeseclassic.com



အမျိုးသားအဆင့်တွင် ပူးပေါင်းပါဝင်မှု။

- ပါတီများညီလာခံအောက်တွင် ဌာနေအစည်းအဝေးများ ကျင်းပရန် ILC များကို ကူညီရန် အားပေးသည်။
- ILC အကြံပေးကော်မတီ အပါအဝင် ILC ပါဝင်ခြင်းအတွက် အမျိုးသားရေးအဆင့်ယန္တရား တည်ဆောက်ရန်။
- ILC ပတ်သက်မှုအတွက် ဆောင်ရွက်ရန် အမျိုးသားရေးအဆင့် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ခြင်း။
- ILC သို့ သတင်းအချက်ပြန့်နိုင်ရန် အမျိုးသားဆက်သွယ်ရန် ဖိုရင့်များ။
- ILC များ၏ စွမ်းရည်ကို တက္ကသိုလ်များ၊ သုတေသနတက္ကသိုလ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်မြှင့်တင်ရန်။

(၆) ဝိုင်ခွဲ-၁၀။ (၆) ကြိမ်မြောက် အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ပေးဆောင်မှု အကြံပေးသည်မှာ ရိုးရာဗဟုသုတနှင့် ဆက်စပ်သောညီလာခံ၏ အနာဂါတ် အလုပ်တွင် အဓိကအခန်းငယ်တစ်ခုအဖြစ် ဝိုင်ခွဲ-၁၀ (၈) အကောင်အထည်ဖေါ်ခြင်းကို ဦးစားပေးရန် (၁၀) ကြိမ်မြောက် ပါတီများညီလာခံ ဆုံးဖြတ်ချက်ချသည်။

(၇) ရိုးရာ ဗဟုသုတအပေါ် အညွှန်းများ။

လေ့ကျင့်ခန်း - ၂။

ဖိတ်ခေါ် အစည်းအဝေး ။ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စု အဖွဲ့အစည်းများသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရိုးရာဗဟုသုတဆိုင်ရာ ရှေ့ဆက်သောအလုပ်များတွင် ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုအဖွဲ့အစည်းများသည် မည့်ကဲ့သို့ပါဝင် ဆောင်ရွက်နိုင်သနည်း။ (၁ နာရီ)

ဌာနေတိုင်းရင်းသားတို့က မည်သို့မည်ပုံ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ရိုးရာဗဟုသုတဆိုင်ရာလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်သည်ကိုငှင်း ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ဒေသအဆင့်ရိုးရာဗဟုသုတအား ကာကွယ်ရာ၌ မည်သို့အသုံးပြုနိုင်သည်ကိုငှင်း သူတို့၏ထင်မြင်ချက်များကို ဆွဲထုတ်ခြင်း။

၁. ပါဝင်သူများသည် အတွေ့အကြုံအနည်းငယ်ရှိလျှင် မည်သို့မည်ပုံ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အလုပ်တွင်ပါဝင်ခဲ့သနည်း ။ ဥပမာ - အတွေ့အကြုံ လေ့လာခဲ့ခြင်းကို တင်ဆက်သည့် အစည်းအဝေးတွင်ပါခြင်း။

၂. ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်(သို့) အထူးပြုပိုဒ်ခွဲများက ၎င်းတို့၏သက်ဆိုင်ရာနယ်များတွင် ရိုးရာဗဟုသုတကို ကာကွယ်ရန် မည်သို့သုံးသနည်း။

၃. အခြားပါဝင်သူများသည် အကြံဉာဏ်ပေးမည့် ၊ အနာဂါတ်တွင် ရိုးရာဗဟုသုတကို ကာကွယ်ရန် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာ သဘောတူစာချုပ်ကို အနာဂါတ်တွင် မည်သို့အသုံးပြုသနည်း။

၄. ကူညီသူက ပူးပေါင်းပါဝင်ချေရှိနိုင်သော စာရင်းတစ်ခုပြုစုသည်။ ဆွေးနွေးပွဲအပြီး ကူညီသူက ထွက်ပေါ်လာသည့်အတွေးခေါ်များကို အကျဉ်းချုပ်၍ ယခင်လေ့ကျင့်ခန်းနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ်၏ ရည်ရွယ်ချက်များကို ထိုအကြံပေးချက်များနှင့် ဆက်စပ်ပေးပြီးနောက် အခမ်းအနားကို ရုပ်သိမ်းသည်။

## အောက်ခြေစာညွှန်းများ။

CBD Website www.cbd.int.
UNESCO LINKS http://portak.unesco.org/science.en.ev.php.URL_ID=1945 &URL_DO=DO_TOPIC&URL_SECTION=201.html

www.burmeseclassic.com

www.burmeseclassic.com



# Notes:

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၆

## ရိုးရာဗဟုသုတနှင့်တကွ မျိုးဗီဇအရင်းအမြစ်၏ အကျိုးကျေးဇူးမျှဝေခြင်းနှင့် ရယူခြင်း။

ရည်မှန်းချက်များ။

၁။ မျိုးဗီဇအရင်းအမြစ်များ ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း ယူဆချက်ကိုနားလည် ရန်။

၂။ ရေးသားပြောဆိုရန် အကြောင်းအချက်နှင့် ပတ်သက်သည့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် လုပ်ငန်းစဉ်များနှင့် ယန္တရား၊ ရိုးရာဗဟုသုတနှင့်တကွ မျိုးဗီဇအရင်းအမြစ်များရရှိခြင်းနှင့် မျှဝေခြင်းကို ရည်ညွှန်းသည့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ပုဒ်ခွဲများကိုသိရှိခြင်း။

၃။ ဌာနေတိုင်းရင်းသားများ၏ မျိုးဗီဇအရင်းအမြစ်များနှင့် ဉာဏမူပိုင်ခွင့်များ ရရှိခြင်း၊ အကျိုးအမြတ် မျှဝေခြင်းနှင့်ဆက်စပ်ကာ ဌာနေတိုင်းရင်းသားများ ရင်ဆိုင်နေရသည့် အကြောင်းရင်းများကို နားလည်ရန်။

၄။ ဌာနေတိုင်းရင်းသားများ၏ မျိုးဗီဇအရင်းအမြစ်များ ရယူခြင်းနှင့် အကျိုးအမြတ် မျှဝေခြင်းကို လမ်းညွှန်ပေးသောအဓိကမူများကို သဘောတူရန်။

အရင်းအမြစ်များ။

- မျိုးဗီဇအရင်းအမြစ်များ ရရှိခြင်းနှင့် မျိုးဗီဇအရင်းအမြစ်များ အသုံးပြုခြင်းမှ ထွက်ပေါ်လာသည့် အကျိုးအမြတ်များ သင့်တင့်မျှတအောင် မျှဝေခြင်း။ (ပါဝါပွိုင့်)
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် (နောက်ဆက်တွဲ)
- မျိုးဗီဇအရင်းအမြစ်များ ရရှိခြင်းနှင့် ၄င်းတို့၏အသုံးပြုခြင်းမှ ထွက်ပေါ်လာသော အကျိုးအမြတ်များ သင့်တင့်မျှတစွာမျှဝေခြင်း ဘွန်း၏လမ်းညွှန်။
- ပါတီများညီလာခံ (၉၂၆) က အပြည်ပြည်ဆိုင်ရာ ရယူခြင်းနှင့် အကျိုးအမြတ် မျှဝေခြင်းဆိုင်ရာ အုပ်ချုပ်မှုစနစ် ၇/၁၉ (ဃ) ကို ညှိနှိုင်းရန်ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ညွှန်ကြားသည်။
- ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်းဆိုင်ရာ အထူးရည်မှန်းချက်ဖြင့် ဖွဲ့စည်းထားသော ဖိတ်ခေါ် အလုပ်အမှုဆောင်ကော်မီတီ (၇) ကြိမ်မြောက်အစည်းအဝေး အစီရင်ခံစာ။
- ရယူခြင်းနှင့် အကျိုးအမြတ် မျှဝေခြင်းဆိုင်ရာ အထူးရည်မှန်းချက်ဖြင့် ဖွဲ့စည်းထားသော မိတ်ခေါ် အလုပ်အမှုဆောင်ကော်မီတီ (၈) ကြိမ်မြောက် အစည်းအဝေး အစီရင်ခံစာ။
- တရားဝင်သော နည်းပညာရှင်များအုပ်စု၏ ယူဆချက်၊ အခေါ်အဝေါ်များ၊ လုပ်ငန်းသုံး အဓိပ္ပါယ်သတ်မှတ်ချက်များ၊ ကဏ္ဍပိုင်းဆိုင်ရာ ချဉ်းကပ်မှုများ အစည်းအဝေး အစီရင်ခံစာ။
- တရားဝင်သောပညာရှင်များနှင့် နည်းပညာရှင်များအုပ်စု၏ အပြည်ပြည်ဆိုင်ရာနှင့် အကျိုးအမြတ်မျှဝေ အုပ်ချုပ်မှု စနစ်၏နောက်ခံတွင် တင်သွင်းခြင်းအစည်းအဝေး အစီရင်ခံစာ။
- မျိုးဗီဇအရင်းအမြစ်နှင့်တကွ ရိုးရာဗဟုသုတဆိုင်ရာ တရားဝင်သော ပညာရှင်များနှင့် နည်းပညာရှင်များ အုပ်စုအစည်းအဝေး အစီရင်ခံစာ။
- ကမ္ဘာမြေပေါ်ရှိ သက်ရှိများအပေါ် ရေရှည်တည်တံ့စေခြင်း ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က သဘာဝနှင့် လူသားအကျိုးစီးပွားအတွက် မည်သို့မည်ပုံ တိုးမြှင့်စေသည်။
- ကမ္ဘာမြေညှိနှိုင်း စကားပြောမှု သတင်းလွှာ။

အချိန်

၂ နာရီ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ချက်။

လေ့ကျင့်ခန်း-၁။

ဇီဝပိုင်းဆိုင်ရာနှင့် မျိုးဗီဇအရင်းအမြစ်များဆိုင်ရာ ဌာနေဗဟုသုတ။

အုပ်စုအတွင်း တွေ့ရှိရသော (အပင်နှင့်အကောင်) ဇီဝပိုင်းဆိုင်ရာနှင့် မျိုးဗီဇအရင်းအမြစ်များကို စာရင်းပြုစုခြင်းနှင့် ၎င်းတို့အား အသုံးပြုသည်များကို သိရှိခြင်း။

၁။ အကယ်၍ အလုပ်ရုံဆွေးနွေးပွဲသည် လူနေမှုအသိုင်းအဝိုင်းတစ်ခုတွင် ကျင်းပပါက ပါဝင်သူများသည် အပြင်သို့ထွက်သွားပြီး ၎င်းတို့တွေ့ရှိသော ကွဲပြားသောသက်ရှိအရာများ အမျိုးမှန်သမျှနှင့် ၎င်းတို့၏အသုံးဝင်ပုံကို စာရင်းမှတ် ပြုစုပါ။ (သို့မဟုတ်ပါက) မိမိတို့၏ လူမှုဝန်းကျင်အတွင်းရှိ သက်ရှိများကို ပြန်လည်စဉ်းစားလျက် ရေးချပြီး ၎င်းတို့၏ကွဲပြားသော အသုံးဝင်ပုံကို စာရင်းပြုပါ။

၂။ ပါဝင်တက်ရောက်သူများက ၎င်းတို့တွေ့ရှိချက်များကို တင်ပြရန်။

၃။ ကူညီပံ့ပိုးသူက တွေ့ရှိချက်များကို အခြေပြုလျက် ဇီဝနှင့်မျိုးဗီဇဆိုင်ရာ အရင်းအမြစ်များနှင့် ၎င်းတို့၏အသုံးဝင်ခြင်းဆိုင်ရာ ခံယူချက်ကိုရှင်းပြသည်။

တင်ပြချက်နှင့် ဆွေးနွေးချက်။ (၁ နာရီ)

၁။ ဇီဝဆိုင်ရာနှင့် မျိုးဗီဇအရင်းအမြစ်များနှင့် ၎င်းတို့အသုံးဝင်ပုံမှာ အဘယ်နည်း။

ဇီဝဆိုင်ရာနှင့် မျိုးဗီဇအရင်းအမြစ်များ အပင်၊ သတ္တဝါများ၊ အဏုကြည့်သက်ရှိများနှင့် မျိုးဗီဇများ ပါဝင်သည်။

သဘာဝနှင့် နီးကပ်စွာ အပြန်အလှန် မှီတင်းနေထိုင်မှုမှတဆင့် ဌာနေတိုင်းရင်းသားများသည် ထိုသဘာဝနှင့် ၎င်းဇီဝဗေဒဆိုင်ရာနှင့် မျိုးဗီဇဆိုင်ရာအရင်းအမြစ်များသည် ၎င်းတို့ရှင်သန်ဖို့ရန် နေ့စဉ်လိုအပ်ချက်များကို ပေးသည်ကို ကောင်းစွာသိနားလည်ထားသည်။ သဘာဝသည် ဖျားနာမှုအမျိုးမျိုးကို ကုသပေးသည်။ တောရိုင်းပင်များသည် ပိုးကျသီးနှံများဖျက်ဆီးမှုမှ ပိုးသတ်ဆေးများပေးပြီး သီးနှံများကိုကာကွယ်သည်။ သတ္တဝါများနှင့် ပိုးမွှားများသည် သဘာဝနှင့် ဂေဟစနစ်သမမျှတမှုကို ထောက်ကူပေးသည်။

ဇီဝမျိုးစုံမျိုးကွဲများ၏ ကွဲပြားသော အစိတ်အပိုင်းများအကြား အတွင်းကျကျ ကျယ်ကျယ်ပြန့်ပြန့် မှီတင်းဆက်နွယ်မှုများသည် လူအပါအဝင် အားလုံးသောမျိုးစိတ်များကို ဤကမ္ဘာဂြိုလ်တွင် နေစရာဂေဟာ ဖြစ်စေသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ကျန်းမာရေး၊ ကျွန်ုပ်တို့၏ စီးပွားရေး ကျေးဇူးနှင့် လူ့အဖွဲ့အစည်းတို့သည် အလွန်အမင်း တန်ဖိုးကြီးလှသည်။ အကြောင်းမှာ နေရာပြန်ရွှေ့ရန် မဖြစ်နိုင်သော၊ တန်ဖိုးကြီးမားလှသော သဘာဝကပေးသည့် ကွဲပြားခြားနားသော ဂေဟဆိုင်ရာ ဝန်ဆောင်မှုများ၏ မပြတ်မလပ် ပံ့ပိုးမှုအပေါ် မှုတည်နေသောကြောင့် ဖြစ်သည်။

ဤသဘာဝ ဝန်ဆောင်မှုများသည် မကုန်ဆုံးနိုင်လောက်အောင်ပင် ကွဲပြားခြားနားမှု များစွာရှိသည်။ ဥပမာ- ဝန်ဆောင်မှုများ၊ ဥပမာ- ကွဲပြားခြားနားသော ပိုးကောင်များအချင်းချင်း ပြန်လည်စားသုံးခြင်းဖြင့် ပိုးကောင်များဦးရေကို ထိန်းချုပ်ထားခြင်း သို့မဟုတ် ဝတ်မှုန်ကူးခြင်းကို ပိုးကောင်များနှင့်ငှက်များက ၎င်းတို့၏နေ့စဉ်စီးပွားရေးကဲ့သို့ ဆောင်ရွက်နေခြင်း၊ ဝန်ဆောင်ခြင်းကို ဂေဟစနစ်များက ပေးသောထုတ်ကုန်များနှင့် ဝန်ဆောင်မှုများမှာ ။-

- အစာ၊ လောင်စာနှင့်အမျှင်ပေးခြင်း။
- အမိုးအကာ၊ ဆောက်လုပ်ရေးပစ္စည်းပေးခြင်း။
- လေနှင့် ရေသန့်စင်စေခြင်း။
- အမှိုက်များကို ဖြိုဖျက်ခြင်းနှင့် အဆိပ်ပျယ်စေခြင်း။
- ကမ္ဘာ့ရာသီဥတုကို တည်ငြိမ်မှန်ကန်စေခြင်း။
- ဒီရေ၊ မိုးခေါင်ရေရှားမှု၊ အပူချိန်လွန်ကဲမှု၊ လေတိုက်အားများကို သမမျှတစေခြင်း။
- အာဟာရလည်ပတ်ပုံ သံသရာအပါအဝင် မြေကြီးမြေဩဇာကို ပြန်လည်အားဖြည့်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



- ♦ များစွာသော သီးနှံများအပါအဝင် အပင်များကို ဝတ်မှုန်ကူးပေးခြင်း။
- ♦ ပိုးမွှားများနှင့် ရောဂါများကို ထိန်းချုပ်ထားခြင်း။
- ♦ သီးနှံမျိုးကွဲများ၊ အိမ်မွေးတိရိစ္ဆာန် သားဖေါက်ခြင်း၊ ဆေးဝါးများနှင့် အခြားထွက်ကုန်များတို့အတွက် အဓိက ပံ့ပိုးမှုဖြစ်သော မျိုးဗီဇအရင်းအမြစ်များကို ထိန်းသိမ်းစီမံခြင်း။
- ♦ ယဉ်ကျေးမှုနှင့် ရသဆိုင်ရာအကျိုးအမြတ်များ။
- ♦ ပြောင်းလဲရန်အတွက် လိုက်လျောညီထွေ ပြုနိုင်စွမ်းရည်။

သို့ဖြစ်၍ ဇီဝမျိုးစုံမျိုးကွဲကာကွယ်ခြင်းသည် ကျွန်ုပ်တို့ ကိုယ်ပိုင်အကျိုးအမြတ်ဖို့သာ ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အရင်းအမြစ်များသည် ကျွန်ုပ်တို့ လူအဖွဲ့အစည်းများ တည်ဆောက်မှု မဏ္ဍိုင်များဖြစ်သည်။ စိုက်ပျိုးရေး၊ အလှကုန်၊ ဆေးဝါး၊ အလွှာသားနှင့်စက္ကူ၊ ဆောက်လုပ်ရေးနှင့် ရေဆိုးပြုပြင်ခြင်း အစရှိသော စက်မှုလုပ်ငန်းအမျိုးမျိုးကို သဘာဝထုတ်ကုန်များက ပံ့ပိုးပေးနေသည်။ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှုသည် ကျွန်ုပ်တို့၏ အစားအစာပံ့ပိုးမှု၊ ကျွန်ုပ်တို့၏ ခရီးသွားလာမှုနှင့် အပန်းဖြေမှုအတွက် အခွင့်အရေးများ၊ ကျွန်ုပ်တို့၏ သစ်အရင်းအမြစ်နှင့် စွမ်းအင်နှင့် ဆေးဝါးရရှိမှု အခွင့်အရေးများကို ခြိမ်းခြောက်နေပါသည်။ ထို့သို့ဆုံးရှုံးမှုသည် မရှိမဖြစ်သော ဂေဟဆိုင်ရာလုပ်ငန်းဆောင်တာများကိုလည်း နှောင့်ယှက်နေပါသည်။

၂။ ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း **(ABS)** ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ပုဒ်ခွဲများ။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အဓိကပန်းတိုင် (၃) ခုအနက်တစ်ခုမှာ မျိုးဗီဇအရင်းအမြစ်များ အသုံးပြုခြင်းမှရရှိသည့် အကျိုးအမြတ်များကို သင့်တင့်မျှတစွာ မျှဝေခြင်းဖြစ်သည်။

ဤပန်းတိုင်သည် အရင်းအမြစ်များကို ရယူခြင်းနှင့် မျှဝေခြင်းတို့ ပါရှိသော သဘောတူစာချုပ်၏ ပုဒ်ခွဲများကို ထင်ဟပ်စေသည်။ ဤပိုဒ်ခွဲများမှာ ၊-

ပိုဒ်ခွဲ ၁။ အရင်းအမြစ်သင့်တင့်မျှတအောင် မျှဝေခြင်း။

♦ မျိုးဗီဇအရင်းအမြစ်များ လိုက်လျောညီထွေစွာရရှိမှု ၊ ဆီလျော်သောနည်းပညာ လိုက်လျောညီထွေ ပြောင်းရွှေ့အပါအဝင် မျိုးဗီဇအရင်းအမြစ်များ၊ အသုံးပြုခြင်းမှထွက်ပေါ်လာသည့် အကျိုးအမြတ်များ သင့်တင့်မျှတအောင် မျှဝေခြင်းသည် နည်းပညာများ၊ ၎င်းတို့အရင်းအမြစ်များနှင့် သင့်လျော်သည့် ငွေကြေးဖြင့် အခွင့်အရေးအားလုံးကို တာဝန်ယူခြင်း။

ပိုဒ်ခွဲ ၁၅။ မျိုးဗီဇအရင်းအမြစ်ရယူခြင်း။

♦ သဘာဝအရင်းအမြစ်များအပေါ်ရှိ နိုင်ငံ၏အချုပ်အခြာအာဏာကို အသိအမှတ်ပြုခြင်း။

♦ တမျိုးသားအစိုးရနှင့်အတူ မျိုးဗီဇအရင်းအမြစ်များ ရယူခြင်းကို အာဏာပိုင်အဖွဲ့က ဆုံးဖြတ်ရန်နှင့် အမျိုးသားဥပဒေပြုရေးအောက်တွင်ရှိသည်။ ပိုဒ်ခွဲ ၁၅ (က)။

♦ ပါတီတစ်ခုစီသည် မျိုးဗီဇအရင်းအမြစ်များကို ပတ်ဝန်းကျင်နှင့် လျော်ညီသည့် အသုံးပြုခြင်းများရရှိရန် ကူညီသည်။ သဘောတူစာချုပ်၏ရည်မှန်းချက်များကို ဆန့်ကျင်သည့် တားမြစ်ချက်များကို မလိုအပ်ပေ။ ပိုဒ်ခွဲ ၁၅ (ခ)။

♦ မျိုးဗီဇအရင်းအမြစ်များ ရယူခြင်းတွင် အပြန်အလှန်သဘောတူညီသည့် အသုံးအနှုန်း များရှိသင့်သည်။ ဤအရင်းအမြစ်များကိုပေးသည့် တစ်ချုပ်ချုပ်ဆိုသည့်ပါတီ၏ မူလသိပြီး သဘောတူညီချက်အောက်တွင်ရှိသင့်သည်။ မဟုတ်လျှင် ပါတီက ဆုံးဖြတ်သည်။ ပိုဒ်ခွဲ ၁၅ (ဃ) နှင့် ၁၅ (င)။

www.burmeseclassic.com

www.burmeseclassic.com



ပိုဒ်ခွဲ ၁၆။ နည်းပညာရယူခြင်းနှင့် ရွှေ့ပြောင်းခြင်း။
ဉာဏမူပိုင်ခွင့်များအတွက် စဉ်းစားခြင်းနှင့်အတူ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် ဆက်စပ်သည့် ဇီဝနည်းပညာအပါအဝင် နည်းပညာရယူခြင်းနှင့် ရွှေ့ပြောင်းခြင်းကို မြှင့်တင်ပေးသည့် ကိစ္စများနှင့်ပတ်သက်သည်။

ပိုဒ်ခွဲ-၁၇။ သတင်းအချက်ဖလှယ်ခြင်း။

သတင်းအချက်ဖလှယ်ခြင်းတွင် နည်းပညာဆိုင်ရာ သိပ္ပံနည်းကျ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သုတေသနနည်းတူ သင်တန်းအချက်အလက်၊ အစီအစဉ်များ ကွင်းဆင်းလေ့လာမှတ်သားမှု၊ အထူးဗဟုသုတ၊ ဌာနေတိုင်းရင်းသားများနှင့် ရိုးရာဗဟုသုတကို အပိုဒ်ခွဲ ၁၆ အပိုဒ် (၁) အရ နည်းပညာများနှင့်အတူ ၄င်းသည်လည်း သတင်းအချက်ကို မူရင်းနေရာသို့ ပြန်ပို့ခြင်းအပါအဝင် လုပ်ဆောင်နိုင်သည့်နေရာဟူ၍ ပါဝင်သင့်သည်။

ပိုဒ်ခွဲ-၁၈။ နည်းပညာနှင့် သိပ္ပံနည်းကျ ပူးပေါင်းပါဝင်ခြင်း။

စာချုပ်ချုပ်ဆိုသည့်ပါတီများသည် အမျိုးသားဥပဒေပြုမှု၊ မူဝါဒများနှင့်အညီ ညီလာခံ၏ ဆွဲဆောင်စည်းရုံးမှုဖြင့် ဌာနေတိုင်းရင်းသားများနှင့် ရိုးရာဗဟုသုတများအပါအဝင် နည်းပညာအသုံးပြုမှု ဖွံ့ဖြိုးခြင်းအတွက် ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို ဖွံ့ဖြိုးလာစေသည်။ အားပေးသည်။ ဤအတွက်ကြောင့်ပင် စာချုပ်ချုပ်ဆိုသည့် ပါတီများသည် ပညာရှင်များလဲလှယ်ခြင်းနှင့် ပုဂ္ဂလိကသင်တန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သင့်သည်။

ပိုဒ်ခွဲ-၁၉။ ဇီဝနည်းပညာကိုင်တွယ် အသုံးပြုခြင်းနှင့် ၄င်း၏အကျိုးအမြတ် ဖြန့်ဖြူးခြင်း။

- ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဇီဝနည်းပညာသုတေသနတွင် ပူးပေါင်းပါဝင်ခြင်းကို မြှင့်တင်ခြင်း။
- မျိုးဗီဇပစ္စည်းများပေးခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက သုတေသန၏ ရလဒ်များနှင့် အကျိုးအမြတ်များ ဦးစားပေးလက်ခံရရှိခြင်းကို မြှင့်တင်ရန်။
- မည်သို့ဆိုစေ မြောက်ပိုင်းမှတောင်ပိုင်းသို့ ဇီဝနည်းပညာ၏ အကျိုးအမြတ်ကို အခြေအနေတစ်ခုဖြင့် ပေးနိုင်ခြင်းသည် ဖွံ့ဖြိုးနေသည်။ ဤသည်မှာ ၄င်းတို့သည် ဇီဝဆိုင်ရာအရင်းအမြစ်များရရှိရန် ဦးဆုံးပေးနေသည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း ABS သမိုင်းနှင့် အချိန်မှီအလုပ် ဆောင်ရွက်ခြင်း။

(၄) ကြိမ်မြောက် ပါတီများညီလာခံ **(COP4)** ၁၉၉၈။

မူလသိပြီး သဘောတူညီမှု ၊ အပြန်အလှန်သဘောတူညီမှု အခေါ် အဝေါ် များ- နှင့် အခြားကဲ့သို့ ၄င်းတို့၏ အသုံးပြုခြင်းမှ ထွက်လာသော သင့်တင့်မျှတသောအကျိုးအမြတ်များ မျှဝေခြင်းနှင့် မျိုးဗီဇအရင်းအမြစ်များ အကြောင်းရပ်နှင့်ပတ်သက်၍ ယူဆချက်များနှင့် စည်းမျဉ်းများကို ရှင်းလင်းရန် ပါတီများညီလာခံသည် ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်းဆိုင်ရာ ပညာရှင်များအုပ်စုကို ထူထောင်ခဲ့သည်။

(၅) ကြိမ်မြောက် ပါတီများညီလာခံ **(COP5)** ၂၀၀၀။

ပိုင်ဆိုင်ခွင့်နှင့် အကျိုးအမြတ် **ABS** ပညာရှင်များအလုပ်ကို ညီလာခံ၏ ပိုင်ဆိုင်ခွင့်နှင့် အကျိုးအမြတ်၊ ပေးဆောင်မှုများ အကောင်အထည်ဖေါ်ခြင်းနှင့်အတူ ပါတီများကို အထောက်အကူပေးသည်။ ပါတီများညီလာခံ ကလမ်းညွှန်များဖွံ့ဖြိုးရန်နှင့် အခြားသော ချဉ်းကပ်မှုများအတွက် အာဏာနှင့်အတူ အထူးရည်ရွယ်ချက်ဖြင့်ထားသော ဖိတ်ခေါ် အလုပ်အမှုဆောင်အဖွဲ့ကို တည်ထောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



**(၆) ကြိမ်မြောက် ပါတီများညီလာခံ (COP6) ၂၀၀၂။**

၂၀၀၂ ခုနှစ်တွင် အလုပ်အမှုဆောင်အဖွဲ့မှ ဖွံ့ဖြိုးလာသည့် ၎င်းတို့၏အသုံးပြုခြင်းမှ ပေါ်ပေါက်လာသည့် သင့်တင့်မျှတသည့် အကျိုးအမြတ်များမျှဝေခြင်းနှင့် မျိုးဗီဇအရင်းအမြစ်များရရှိခြင်း ဘွန်းလမ်းညွှန်မှာ ပါတီများ ညီလာခံ နယ်သာလန်နိုင်ငံ ဟက်ဒ်မြို့တွင် ကျင်းပသော (၆) ကြိမ်မြောက်အစည်းအဝေးမှ လက်ခံအတည်ပြုသည်။ ဤလမ်းညွှန်များမှာ ညီလာခံ၏ အကျိုးအမြတ်မျှဝေခြင်းနှင့် ရယူခြင်းကိုအသုံးပြုရာ၌ မျိုးဗီဇအရင်းအမြစ်များ အသုံးပြုသူများနှင့် ပေးသူများ နှစ်မျိုးစလုံးကိုလမ်းညွှန်ရန် ရည်ရွယ်၍ အခမဲ့ဝန်ဆောင်မှုပေးခဲ့သည်။ ၎င်းတို့သည် အကျိုးအမြတ် မျှဝေခြင်းနှင့်ရယူခြင်းအပေါ် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် မူဝါဒ လမ်းကြောင်းများ တည်ထောင်သည့် အခါတွင်၎င်း၊ သို့မဟုတ် အကျိုးအမြတ်မျှဝေခြင်းနှင့် မျိုးဗီဇအရင်းအမြစ်များ ရရှိရန်အတွက် သဘောတူညီချက် စီစဉ်မှုများကို ညှိနှိုင်းရာတွင်၎င်း၊ ပါတီများကို ထောက်ကူရန် လက်ခံအတည်ပြုသည်။

ဥပမာ- ပံ့ပိုးမှုပေးဆောင်သည့် နိုင်ငံတစ်ခုတွင် ဦးစားပေးအသိပေးထားသည့် သဘောတူညီမှု တစ်ခုရရှိရန် တည်ထောင်နိုင်သည့် လုပ်ထုံးလုပ်နည်းများကို အလေးမူလျက် လမ်းညွှန်မှုပေးခြင်းဖြင့် အကျိုးအမြတ်မျှဝေခြင်းနှင့် ရယူခြင်းလုပ်ငန်းစဉ်အဆင့်များကို ဤလမ်းညွှန်တို့သည် ညွှန်ပြနေသည်။ ၎င်းတို့သည် မျိုးဗီဇအရင်းအမြစ်များနှင့် ရရှိမှုအခြေအနေများကို ရည်ညွှန်း၍ အပြန်အလှန် ဤသဘောတူပုံစံပြု အခေါ်အဝေါ်များ ညွှန်းစာရင်း၊ မျိုးဗီဇအရင်းအမြစ်များ အသုံးပြုသူများနှင့် ပေးမျှသူများကဏ္ဍနှင့် တာဝန်ဝတ္တရားများကို အလေးမူလျက် လမ်းညွှန်ကို ထပ်ဆင့်ပေးသည်။

**ကမ္ဘာ့စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (WSSD) ၂၀၀၂။**

ကမ္ဘာ့စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုညီလာခံကို ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် တောင်အာဖရိကတိုက် ဂျိုးဟန်နက်စဘက်၌ ကျင်းပခဲ့ရာ အစိုးရများက မျိုးဗီဇအရင်းအမြစ်များ အသုံးပြုခြင်းမှ ထွက်ပေါ်လာသည့် အကျိုးအမြတ်များကို သင့်တင့်မျှတစွာ မျှဝေမှုမြှင့်တင်ရန် နိုင်ငံတကာ အုပ်ချုပ်မှုစနစ်ညှိနှိုင်းရန် ဖိတ်ခေါ်ခဲ့သည်။

**(၇) ကြိမ်မြောက် ပါတီများညီလာခံ (COP7) ၂၀၀၄။**

၂၀၀၄ ခုနှစ်တွင် ညီလာခံတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော (၇) ကြိမ်မြောက် ပါတီများညီလာခံက ကမ္ဘာ့စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ **WSSD** ခေါ်ပြီးနောက် **ABS** အကျိုးအမြတ်မျှဝေခြင်းနှင့် ရယူခြင်း အလုပ်အမှုဆောင်အဖွဲ့အား ညီလာခံ၏ရည်မှန်းချက် (၃)ချက်အရ သဘောတူစာချုပ်၏ (ရိုးရာဗဟုသုတ) ၈ (ည)၊ ပိုဒ်ခွဲ-၁၅ (မျိုးဗီဇအရင်းအမြစ်ရရှိခြင်း)များ ထိရောက်စွာ အကောင်အထည်ဖော် ရန် တစ်ခုတရာသို့မဟုတ် အကြောင်းများစွာကို လက်ခံအတည်ပြုခြင်း ရည်ရွယ်ချက်နှင့်အတူ မျိုးဗီဇအရင်းအမြစ်များ ရရှိခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း အပေါ် တွင် အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုစနစ်တစ်ခုကို ညှိနှိုင်းဆောင်ရွက်သည်။ ပါတီညီလာခံက အလုပ်အမှုဆောင် အဖွဲ့အတွက် လုပ်ငန်းစဉ်၊ သဘာဝ၊ မြင်ကွင်းနှင့် အုပ်ချုပ်မှုစနစ် (ဆုံးဖြတ်ချက် ၇/၁၉) အားကောင်းလာစရာအကြောင်းများကို ဦးစားပေးခြင်းအပါအဝင် ရည်ညွှန်းချက်အခေါ် အဝေါ်များကိုလည်း သဘောတူညီခဲ့သည်။

**(၈) ကြိမ်မြောက် ပါတီများညီလာခံ (COP8) ၂၀၀၆။**

ဘရာဇီးလ်နိုင်ငံ ကူရီတီဘာမြို့တွင် ကျင်းပသော (၈) ကြိမ်မြောက် ပါတီညီလာခံ၌ ပါတီများညီလာခံက အလုပ်အမှုဆောင်အဖွဲ့အား အမိန့်အာဏာအပ်နှင်းမှုကို တိုးချဲ့၍ ပြီးနိုင်သမျှစောစောပြီးရန် တောင်းဆိုထားသည်မှာ ၂၀၁၀ ပြည့်နှစ်ထက် နောက်မကျစေရန်ဖြစ်သည်။ ၎င်းသည် ဒု-ဥက္ကဋ္ဌ မစ္စတာတင်မသီဟက်ဂျစ် (ကနေဒါ) နှင့် မစ္စတာဖာနန်ဒို ကာဆတ် (ကိုလံဘီယာ) နှစ်ယောက်ကိုလည်း ညှိနှိုင်းမှုလုပ်ငန်းစဉ်တွင် ဦးဆောင်ရန် ရွေးချယ်လျာထားသည်။ ပါတီများ (၈) ပြီးနောက် (၉) ကြိမ်မြောက် အစည်းအဝေး ကျင်းပသည်။ (၅) ကြိမ်မြောက် အစည်းအဝေးမှာ ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၈) ရက်မှ (၁၂) ရက်နေ့အထိ ကနေဒါနိုင်ငံ မွန်ထရီယဲလ်မြို့၊ (၆) ကြိမ် မြောက်မှာ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၂၁) ရက်မှ (၂၅) ရက်နေ့အထိ ဆွစ်ဇာလန် ဂျနီဗါမြို့ ကျင်းပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**(၉) ကြိမ်မြောက် ပါတီများညီလာခံ (COP9) ၂၀၀၈။**

၂၀၀၈ ခုနှစ် မေလတွင် (၉) ကြိမ်မြောက်ကျင်းပသော အစည်းအဝေးတွင် ပါတီများညီလာခံသည် (ဆုံးဖြတ်ချက် ၉/၁၂) အစည်းအဝေး၌ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် (၁၀) ကြိမ်မြောက် ပါတီများညီလာခံ မပြုလုပ်မီ အကျိုးအမြတ်မျှဝေခြင်းနှင့် ရယူခြင်းဆိုင်ရာ နိုင်ငံတကာအခွင့်အာဏာညှိနှိုင်းခြင်းနှင့် အကျယ်တဝင့် ဆွေးနွေးခြင်းတို့ကို ပြီးမြောက်စေရန် သဘောတူပြီးခဲ့သည်။

ပါတီများညီလာခံက အလုပ်အမှုဆောင်အဖွဲ့ နိုင်ငံတကာ အာဏာညှိနှိုင်းမှုအဖွဲ့ အစည်းအဝေးသုံးခုကို လာမည့်(၂)နှစ်အတွင်းကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ပါတီများညီလာခံက နိုင်ငံတကာ အခွင့်အာဏာညှိနှိုင်းမှုနှင့် အနာဂါတ်အတွက် အကျယ်တဝင့်ဆွေးနွေး၍ အခြေခံကျကျစာသားအပေါ် တွင် ပို၍သဘောတူညီလာခဲ့သည်။ ၄င်းသည် ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း ABS တွင် အလုပ်အမှုဆောင် အဖွဲ့ကကူညီရန် မျိုးဗီဇအရင်းအမြစ်နှင့်တကွ ရိုးရာဝဟုသုတ၊ ကျွမ်းဆိုင်ရာ ချဉ်းကပ်မှုများ၊ လုပ်ငန်းသုံး အဓိပ္ပါယ်သတ်မှတ်ချက်များ၊ အခေါ်အဝေါ်များ၊ ခံယူချက်များ၊ လိုက်လျောညီထွေမှုပြုခြင်း စသည့် တွေ့နိုင်သော အဓိကအကြောင်းများ ပြောဆိုရန် တရားဝင်နည်းပညာရှင်များနှင့် နည်းပညာဆိုင်ရာအုပ်စု (၃) စု တည်ထောင်ရန်လည်း ဆုံးဖြတ်သည်။

Source: CBD Website www.cbd.int

၃။ ဘွန်းလမ်းညွှန်များ။

(၄)ကြိမ်မြောက်ပါတီများညီလာခံအထိ အဓိကအောင်မြင်ပြီးမြောက်မှုမှာ ၄င်းတို့၏အသုံးပြုခြင်းမှ ထွက်ပေါ်လာသည့် သင့်တင့်မျှတသော အကျိုးအမြတ်မျှဝေခြင်းနှင့် မျိုးဗီဇအရင်းအမြစ်များ ရယူစေဖို့ ဘွန်း၏လမ်းညွှန်များဖြစ်သည်။ (ဆုံးဖြတ်ချက် ၆/၂၄) ကို ကြည့်ပါ။

မျိုးဗီဇအရင်းအမြစ်များ ပိုင်ဆိုင်ခွင့်နှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ သဘောတူစာချုပ်နှင့်ပတ်သက်သော ပေးဆောင်မှုများ အကောင်အထည်ဖော်ခြင်းတွင် ဖွံ့ဖြိုးမှုဖြစ်စဉ်တစ်ရပ်၏ အသုံးဝင်သော ပထမဦးဆုံးအဆင့်အဖြစ် ဘွန်း၏ လမ်းညွှန်များကို အသိအမှတ်ပြုသည်။ ဤပရဟိတလမ်းညွှန်မှုများသည် ရရှိခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်းအတွက် အမိန့်အာဏာအပ်နှင်းမှု၊ အုပ်ချုပ်မှု သို့မဟုတ် မူဝါဒနည်းလမ်းများ ဆောက်တည်သည့်အခါ နှင့်/သို့မဟုတ် ပိုင်ဆိုင်ခွင့်နှင့် အကျိုးအမြတ်ခွဲဝေခြင်းအတွက် စာချုပ်ဆိုင်ရာသဘောတူညီချက်များ ညှိနှိုင်းသောအခါ ပါတီများ၊ အစိုးရများနှင့် အခြားသော အရင်းအနှီးမြှုပ်နှံသူများကို ကူညီရန်ဖြစ်သည်။

ဤလမ်းညွှန်များသည်လည်း စီးပွားဖြစ်အဖိုးတန်သော မျိုးဗီဇနှင့် မျိုးစိတ်များရှာဖွေခြင်း စာချုပ်များ အကောင်အထည်ဖော်ခြင်းနှင့် ညှိနှိုင်းခြင်းအတွက် လက်စွဲတစ်ခုလည်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ်က အတည်ပြုပြီးနောက်ပိုင်း မျိုးဗီဇအရင်းအမြစ်များရရှိခြင်းကို သက်ရောက်မှုရှိသည်။ အခြားသောမျိုးဗီဇဝတ္ထုများကို လက်ရှိစုဆောင်းခြင်း မတွေ့ရပေ။ ABS အကျိုးအမြတ်မျှဝေခြင်းနှင့် ရရှိခြင်း လိုအပ်ချက်များမပါဘဲ အားလုံးသော ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အကြို မျိုးဗီဇစုဆောင်းခြင်း အသင့်ရရှိနိုင်သည်။ ၂၀၁၀ ခုနှစ်တွင် (၁၀) ကြိမ်မြောက် ပါတီများညီလာခံသည် မျိုးဗီဇအရင်းအမြစ်များ ရယူခြင်းနှင့် ၄င်းတို့အသုံးပြုခြင်းမှ ပေါ် ထွက်လာသော သင့်တင့်မျှတသော မျှဝေခြင်းနှင့်စပ်လျဉ်း၍ နာဂိုယာ သဘောတူညီချက်ကို လက်ခံအတည်ပြုခဲ့သည်။

၄။ ဌာနေတိုင်းရင်းသားများသည် (ABS) နှင့်ဆက်နွယ်လျက်ရှိသော မည်သည့်အကြောင်းကိစ္စရပ်များကို ရင်ဆိုင်ရသနည်း။

(က) ဇီဝမျိုးဗီဇအရင်းအမြစ်များခိုးယူခြင်း။

ခိုးယူခြင်းဆိုရာတွင် ခွင့်ပြုချက်မရှိဘဲ သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာပေးခြင်းမရှိဘဲ သူတပါးပိုင်ဆိုင်သော ပစ္စည်းတစ်ခုခုကို ယူခြင်းဖြစ်သည်။ သို့ဖြစ်၍ ဇီဝမျိုးဗီဇအရင်းအမြစ်များ ခိုးယူခြင်းမှာ ဇီဝအရင်းအမြစ်များ ခိုးယူခြင်းဖြစ်သည်။ ဤအဖြစ်အပျက်ကို ဌာနေတိုင်းရင်းသားများ တွေ့ကြုံရခြင်းကို မေးခွန်းထုတ်လျှင် - မည်သူ့ထံမှ ဇီဝဆိုင်ရာ အရင်းအမြစ်များကို ယူဆောင်သွား၍ မည်သည်အတွက်ပေးချေငွေကို ပေးခဲ့သနည်း။

www.burmeseclassic.com

www.burmeseclassic.com



တမာပင်တို့၏ မျိုးဗီဇအရင်းအမြစ်ကိုခိုးယူခြင်း။

တမာပင် (Azadirachta Indica) သည် မာ၍ လျင်မြန်စွာကြီးထွားသော အမြဲစိမ်းအပင်ဖြစ်ပြီး အမြင့်အားဖြင့် (၂၀) မီတာရှိကာ အိန္ဒိယနိုင်ငံရှိ ခြောက်သွေ့ဒေသများတွင် တွေ့ရသည့်အပင်မျိုး ဖြစ်ပါသည်။ ထို တမာပင်ကို နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်းများက မျိုးဗီဇခိုးယူထားသည်မှာ သိသာထင်ရှားသော အမှုကိစ္စတစ်ခုဖြစ်ပါသည်။ မကြာမီကပင် အမေရိကနိုင်ငံကုမ္ပဏီများက အချို့သော တမာထွက်ပစ္စည်းများကို မှတ်ပုံတင်ပြီးဖြစ်၍ များစွာသော လယ်သမားတို့မှာ ဉာဏပိုင်းဆိုင်ရာ ခိုးယူခံရခြင်းအဖြစ် ထိုကိစ္စကို ရှုမြင်စိတ်ဆိုးကြသည်။ အိန္ဒိယ ဌာနေတိုင်းရင်းသားများ၏ ဗဟုသုတသင်္ကေတ တစ်ခုဖြစ်သော ရွာ၏တမာပင်ကို မိမိအကျိုးအမြတ်အတွက် ၎င်းဗဟုသုတကို အမြတ်ထုတ်သွားသောကုမ္ပဏီများကို ဌာနေများက ဆန့်ကျင်ကြသည်။

တမာပင်၏ များစွာသောအကျိုးကျေးဇူးမှာ ယင်း၏ဓါတုဝေဒအရည်အသွေးများမှ ဖြစ်သည်။ အမြစ်မှသည်ထိပ်ဖျားတိုင်အောင် ကျယ်ပြန့်စွာအလုပ်လုပ်သော ဒြပ်ပေါင်းများစွာ ပါဝင်သည်။ ထင်ရှားသည်မှာ ဓါတုဗေဒတစ်မျိုးကို (azadirachtin အမည်ခေါ်) ၎င်း၏အစေ့များ၌ တွေ့ရသည်။ ၎င်း၏ ခါးသက်သောဓါတ်က နေရာများစွာအတွက် အသုံးဝင်သည်။ ဆေး၊ အိမ်သာသုံးဆေး၊ ကိုယ်ဝန်တားဆေး၊ သစ်သား၊ လောင်စာ၊ စိုက်ပျိုးရေး၊ ပိုးမွှားသတ်ဆေးအဖြစ် အမျိုးမျိုးအသုံးဝင်သည်။ ၎င်းသတ္တိများနှင့် အခြားအရည်အသွေးများကြောင့် အိန္ဒိယလူမျိုးများ နှစ်ပေါင်းထောင်ချီကာ အကျွမ်းဝင်ခဲ့ပြီး ရောဂါပေါင်းစုံပျောက်ဆေးဟူ၍ အမည်တွင်ခဲ့သည်။ ရာစုနှစ်ပေါင်းများစွာကပင် အနောက်တိုင်း နိုင်ငံများက တမာနှင့် ၎င်း၏ဂုဏ်သတ္တိများကို လျစ်လျူရှုခဲ့ကြသည်။ ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီ ကိုလိုနီနယ်ချဲ့အများစုက အိန္ဒိယလယ်သမားများနှင့် ဆရာဝန်များ၏ ကုထုံးများကို ဂရုမစိုက်ခဲ့ပေ။ မည်သို့ပင်ဆိုစေ လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ အနောက်နိုင်ငံများတွင် ဓါတုထွက်ကုန်များ အတူးသဖြင့် ပိုးသတ်ဆေးများကို ဆန့်ကျင်မှုများ ကြီးထွားလာခြင်းကြောင့် တမာပင်၏ဆေးဖက်ဝင်သောသတ္တိများကို ရုတ်တရက် စိတ်ဝင်စားလာကြသည်။

၁၉၇၁ ခုနှစ် အမေရိကနိုင်ငံ သစ်သွင်းသူ ရောဘတ်လာဆင်သည် အိန္ဒိယနိုင်ငံရှိ သစ်ပင်များ၏ အသုံးဝင်ပုံကို လေ့လာ၍ ဝစ်ကော့ဆင်ရှိ ဌာနချုပ်သို့ တမာစေ့ကို စတင်တင်သွင်းခဲ့သည်။ နောက်ထပ် (၁၀) နှစ်ကျော်ကြာသော်၊ သူသည် စိတ်ချရသည့် စမ်းသပ်ချက်များဖြင့် ပိုးသတ်ဆေးတမာ (မာဂိုဆန့်အို) ကို စမ်းသပ်ပြီး ၁၉၈၅ ခုနှစ်တွင် EPA ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုအေဂျင်စီထံမှ ၎င်း၏ထုတ်ကုန်အတွက် တင်းလွှတ်ခွင့် ရရှိခဲ့သည်။ သုံးနှစ်ကြာသောအခါ ၎င်း၏ထွက်ကုန် မူပိုင်ခွင့်ကို နိုင်ငံပေါင်းစုံ ဓါတုဗေဒတော်ပိုရေးရှင်း (ဒဗလျူ အာတာဂရေ့စ်နှင့် ကုမ္ပဏီ) သို့ ရောင်းချခဲ့သည်။

၁၉၈၅ ခုနှစ်ကတည်းကပင် အမေရိကန် မူပိုင်ခွင့် တစ်ဒါဇင်ကျော်ကို အမေရိကန်နှင့် ဂျပန် ကုမ္ပဏီများမှ တမာအခြေပြု အရည်ဒြပ်ပေါင်းများ ဆီသော၊ တမာသွားတိုက်ဆေးပင် ဖော်စပ်နည်း မူပိုင်ခွင့်ကို ရယူကြသည်။ ၎င်းတို့အထဲမှ အနည်းဆုံး ၄ ခုခန့်မှာ ဒဗလျူ အာတာဂရေ့စ်၏ ပိုင်ဆိုင်မှုဖြစ်ပြီး သုံးခုမှာ အမေရိကန်ကုမ္ပဏီဖြစ်သော တိုင်းရင်းအာယဆေးတက္ကသိုလ်မှ ပိုင်ဆိုင်သည်။ နှစ်ခုမှာ ဂျပန် တယ်မိုနီတော်ပိုရေးရှင်းတို့က ပိုင်ဆိုင်သည်။

၎င်းတို့၏ မူပိုင်ခွင့်များကိုစုဆောင်းပြီး ပတ်ဝန်းကျင်ကာကွယ်မှုအေဂျင်စီ (EPA) မှ လိုင်စင်ရယူပြီး အိန္ဒိယ၌ အခြေစိုက်ထား ၎င်းတို့၏ကုန်ပစ္စည်းကို ထုတ်လုပ်ရန်နှင့် ဈေးကွက်တွင်ကျယ်လာရန် ဆောင်ရွက်သည်။ အချို့သော အိန္ဒိယထုတ်လုပ်သူလုပ်ငန်းရှင်များအား ချောက်လှန့်ဖြင့် ကုမ္ပဏီ၏ နည်းပညာကိုဝယ်ယူရန် သို့မဟုတ်ပါက ထန်ပိုးတက်စေသော ထုတ်ကုန်များထုတ်နေခြင်းကိုရပ်ပြီး ကုမ္ပဏီကို ကုန်ကြမ်းသွင်းရန် ဆွဲဆောင်သည်။

*Source: Van dana Shiva, Third World Network.*

www.burmeseclassic.com

www.burmeseclassic.com



(ခ) မူရင်းလက်မှတ် သို့မဟုတ် တရားဝင်မူရင်းလက်မှတ်။

ဤသည်မှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် အမျိုးသားဥပဒေပြဋ္ဌာန်းခြင်းနှင့်အညီ ရရှိသည့် မျိုးဗီဇအရင်းအမြစ်များပါရှိသည့် နိုင်ငံတကာလက်မှတ်များ စနစ်တစ်ခုဖြစ်သည်။

အမျိုးသားဥပဒေပြုရေးအတွက် လူအများက ဥပဒေအတိုင်းလိုက်နာအောင် လုပ်ဆောင်သည့် နိုင်ငံတကာ စနစ်ကို အမျိုးသားမူပိုင်ခွင့်ဥပဒေများအတွက် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ကြီး **WTO** နှင့် နှိုင်းယှဉ်နိုင်သည်။

လက်မှတ်များမှာ နိုင်ငံတနိုင်ငံအတွင်းတွင် တရားဝင်အရည်အချင်းကောင်းသော အဖွဲ့မှ ထုတ်ပေးခြင်းဖြစ်သည်။ ၎င်း၏အဓိကအသုံးဝင်မှုမှာ **(IFB)** ဉာဏမူပိုင်ခွင့် အသုံးပြုခြင်းများသာ ဖြစ်လိမ့်မည်။

စာချုပ်၏တရားဝင် မူရင်းယန္တရားမှာ ၊-

- အမျိုးသားအစိုးရ အေဂျင်စီများနှင့် ဖွဲ့စည်းထားသည့် ကိုယ်ပိုင်ရပ်တည်နိုင်သောစနစ် လွတ်လပ်သော စာရွက်စာတမ်းတစ်ခုဖြစ်သည်။
- မူပိုင်ခွင့်လျှောက်လွှာ စစ်ဆေးခံခြင်းမပြုမီ အရေးကြီး၍ တိကျသောလိုအပ်ချက်များကိုဖြည့်ရန် စစ်ဆေးပါ။
- လက်မှတ်ပေးသော ရင်းမြစ်တစ်ခု မည်ကဲ့သို့ ဖြစ်ပျက်လာသည်ကို ခြေရာခံရန် လွယ်ကူစေပါ။
- စာချုပ်များသည် အခြားကိစ္စရပ်များအတွက် အသုံးပြုနိုင်သည်။ ဥပမာ- သုတေသန ငွေကြေးရှာဖွေခြင်း၊ အချောပြီးသော ထုတ်ကုန်များကို စျေးကွက်သွင်းခြင်း။

(ဂ) လိုက်နာခြင်း လက်မှတ်။

ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုများကို ထုံးတမ်းစဉ်လာအရ ဥပဒေများသည် ယေဘုယျအားဖြင့် ရိုးရာဗဟုသုတနှင့်တကွ မျိုးဗီဇအရင်းအမြစ်အပါအဝင် သဘာဝသယံဇာတများကို ရည်ညွှန်းသည်။ ဤဥပဒေများသည် နိုင်ငံအသီးသီးနှင့် တစ်နိုင်ငံစီအတွင်းမှာပင် အမျိုးမျိုးကွဲပြားနေသည်။ ဤဥပဒေများနှင့် အမျိုးသားဥပဒေများတို့ ပေါင်းစည်းရာတွင်လည်း နိုင်ငံများ အကြားနှင့် နိုင်ငံတွင်းမှာပင် အမျိုးမျိုးကွဲပြားသည်။

နိုင်ငံတကာ အခွင့်အာဏာများသည် ဌာနေတိုင်းရင်းသားများနှင့် ဒေသအုပ်စုများ၏ ရိုးရာဗဟုသုတနှင့် တကွ မျိုးဗီဇအရင်းအမြစ်အပါအဝင် ၎င်းတို့၏အခွင့်အရေးများကို ဦးတည်ထားသည်။ ၎င်းအခွင့်အရေးများကို နိုင်ငံတကာ အမိန့်အာဏာများတွင် အသိအမှတ်ပြုခြင်းသည် ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုပြည်သူ နေထိုင်ရာဌာနေ နိုင်ငံများ၏ အမျိုးသားဥပဒေများရှိ ထုံးတမ်းစဉ်လာဆိုင်ရာ ဥပဒေများကိုလည်း သွယ်ဝိုက်စွာ မြှင့်တင်ပေးခြင်းဖြစ်ပေသည်။

ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုပြည်သူတို့၏ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေများကိုလိုက်နာသည့် နည်းလမ်းများအား မည်သို့ ထည့်သွင်းစဉ်းစားစေနိုင်သနည်း။ လိုက်နာမှုကို တိုးမြှင့်သည့် အထူးနည်းလမ်းများတွင် ပါဝင်နိုင်သည်မှာ ၊-

(က) ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုပြည်သူတို့၏ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောတားရယူခြင်း ဖြစ်စေသည့်လုပ်ငန်းများကို အကြံပြုသော ဌာနေအရည်အချင်းပြည့်ဝသော အာဏာရှိသူများ၏ ရှေ့ဆောင်မှု သို့မဟုတ် အသိအမှတ်ပြုမှု။

(ခ) နိုင်ငံတကာအသိအမှတ်ပြု လိုက်နာခြင်း လက်မှတ်တစ်ခုတွင် သူတို့၏ မျိုးဗီဇအရင်းအမြစ်များနှင့်တကွ ရိုးရာဗဟုသုတ အခွင့်အရေးများသော်၎င်း၊ ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုပြည်သူများနှင့် ဆက်စပ်နေသော အနိမ့်ဆုံးသတင်းအချက်အလက် အသေးစိတ်များသော်၎င်း ဆီလျော်သလို ဖော်ပြထားခြင်း။

(ဂ) နိုင်ငံတကာရှိ ဥပဒေများနှင့် တရားစီရင်ရေးများအတိုင်း နိုင်ငံအလိုက်ဥပဒေများတွင် တိုင်းရင်းသားများနှင့် ဌာနေပြည်သူတို့၏ ထုံးတမ်းစဉ်လာဆိုင်ရာ ဥပဒေနှင့် ဆက်နွယ်ကာ စုစည်းထားသော လေ့လာမှုအကြမ်းစာစောင်တွင် မှတ်တမ်းတင်ဖော်ပြထားသည့်အတိုင်း ABS သဘောတူညီမှုတွင် ထည့်သွင်းထားသော တိုင်းရင်းသားများနှင့် ဌာနေပြည်သူတို့၏ အခွင့်အရေးဆိုင်ရာ အနိမ့်ဆုံးအဆင့်နှင့် စံနှုန်းပြည့်အဆင့်ရှိ စာချုပ်ပါအချက်အလက်များကို အသိအမှတ်ပြုခြင်း။

(ဃ) ရိုးရာဗဟုသုတအား အသုံးပြုခြင်းကို စစ်ဆေးသင့်သောနေရာများတွင် စောင့်ကြည့် ကြီးကြပ်ခြင်း။

(င) ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူကိုယ်စားလှယ်များ၏ စွမ်းရည်တည်ဆောက်ခြင်းကို ၎င်းတို့၏ကြိုတင်အသိပေးသဘောတူညီမှု၊ အပြန်အလှန် သဘောတူညီသော အခေါ် အဝေါ် များဖြင့် ညှိနှိုင်းလျက် ပူးပေါင်းပါဝင်စေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဃ။ ကြိုတင်အသိပေးသဘောတူညီမှု **(PIC)**

ရည်ရွယ်ထားသော အစိုးရအာဏာပိုင်များ၊ ဌာနေအုပ်စု၊ ဌာနေတိုင်းရင်းသားများ၊ ကာကွယ်ဧရိယာ သို့မဟုတ် မူလသဘာဝနေထိုင်ကျက်စားရာမြေအပြင်ပစုဆောင်းသူ မန်နေဂျာ၊ သို့မဟုတ် ပုဂ္ဂလိကမြေရှင်တို့မှ အားလုံး နားလည်နိုင်သည့် ဘာသာစကားတစ်ရပ်နှင့် လုပ်ငန်းစဉ်ဖြင့် အဖိုးတန် (သယံဇာတ)ရုပ်ဝတ္ထုကို ရှာဖွေရန် အတိုင်းအတာနှင့် ဦးတည်မှုကို ပြည့်ပြည့်ဝဝ ဖော်ပြပြီးသော်၎င်း၊ ဗဟုသုတနှင့် နမူနာစုဆောင်းမှုများ မပြုလုပ်ခင်တွင်သော်၎င်း၊ လျှောက်ထားသူထံမှ ရယူထားသည့် သဘောတူကျေနပ်ချက်ပင်ဖြစ်သည်။

ကြိုတင်အသိပေး သဘောတူညီမှုကိုရရှိရန် လုပ်ထုံးလုပ်နည်းများမှာ အများအားဖြင့် ရည်ရွယ်ထားသည့် အုပ်ချုပ်သူအာဏာပိုင်များထံသို့ လျှောက်လွှာတင်ခြင်းဖြင့် အစပျိုးသည်။ များစွာသော **ABS** မူဝါဒများသည် ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း **ABS** မူဝါဒများစွာအတွက် မျိုးဗီဇအရင်းအမြစ်များနှင့် ရိုးရာဗဟုသုတဖေးသူများမှ ကြိုတင်အသိပေး သဘောတူညီမှုလည်း လိုအပ်သည်။ အချို့သောကိစ္စများတွင် အစိုးရက ကြိုတင်အသိပေး သဘောတူညီမှုကို အထောက်အကူပေးရန် လမ်းညွှန်များ သို့မဟုတ် စံကန်ထရိုက်စာချုပ်များ ပြင်ဆင်ပေးခဲ့သည်။ အစိုးရများက ပေးသည့် အကောင်းဆုံးလမ်းညွှန်မှုများမှာ အပြန်အလှန်သဘောတူညီသည့် အခေါ် အဝေါ် များအတွက် လိုအပ်ချက်၊ သင့်တင့်မျှတသော အကျိုးအမြတ်နှင့် ကြိုတင်အသိပေးသော သဘောတူညီမှုတို့ကို အသေးစိတ်ဖော်ပြပေးမှုများ ဖြစ်သည်။

ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုများမှ ကြိုတင်အသိပေး သဘောတူညီမှု အပေါ် တွင် မသတ်မှတ်ရသေးသည့် လမ်းညွှန်များမှာ ၊-

(က) အုပ်စုများ၏ ကိုယ်စားလှယ်များခွဲခြားခြင်းနှင့် ၄င်းတို့၏ကိုယ်စားပြုမှု အခွင့်အာဏာနှင့် စွမ်းဆောင်ရည်ကို စာရင်းကောက်ယူခြင်း။

(ခ) စီမံကိန်းကြောင့် ထိခိုက်နစ်နာနိုင်သည့်ပါတီများကို စိစစ်ခွဲခြားခြင်း။

(ဂ) အစိုးရ၏ အဖိုးတန်ပစ္စည်းရှာဖွေသော စီမံကိန်း၊ တရားဝင် ယူဆချက်များ၊ အုပ်စုအဖွဲ့အစည်းမှ ၄င်းတို့ နားလည်နိုင်သည့် ပုံစံ၊ ပြုမူဆောင်ရွက်ပုံ၊ အကျိုးအမြတ် စသည်တို့ တင်ပြခြင်း။

(ဃ) အုပ်စုအဖွဲ့များ၏ စီမံကိန်း ပါဝင်ပတ်သက်မှုကို တင်ပြခြင်းနှင့် ခွဲခြားစိစစ်ခြင်း။

(င) ဗဟုသုတတစ်ခုတည်းကို မျှဝေရယူထားသောလူ့အသိုက်အမြုံများကို ခွဲခြားစိစစ်ခြင်း။

(စ) တူညီသော ဇီဝဆိုင်ရာအရင်းအမြစ်ကို စီမံခန့်ခွဲသော ဒေသခံအချို့နှင့် အမျိုးသားအစိုးရ အေဂျင်စီများမှ ကြိုတင်အသိပေး သဘောတူညီမှုများရရှိခြင်း။

အဖိုးတန်ဇီဝပစ္စည်းရှာဖွေမှု ပြုသူများစိတ်ထဲတွင် မှတ်သားထားရှိရမည်မှာ ရိုးရာ အုပ်စု အဖွဲ့အစည်းများနှင့် အစိုးရများက ရရှိသည်ကို ငြင်းပယ်ရန်နှင့် ဤသည်မှာကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ဆိုင်ရာ ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း ဥပဒေများနှင့် မူဝါဒများအားဖြင့် အသိအမှတ်ပြုထားသည့် အမျိုးသားရေးအချုပ်အခြာအာဏာအပေါ် တွင် အခြေခံသော တရားဝင်ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်သည်။

(င) ဌာနေတိုင်းရင်းသားများ၏ ဗဟုသုတကို အထူးအရေးပေးသော ကာကွယ်မှု။

အထူးပြုဆောင်ရွက်သောစနစ်များ နောက်ကွယ်မှ အတွေးအခေါ် မှာ လက်ရှိဉာဏ မူပိုင်ခွင့်အခွင့်အရေး အမိန့်အာဏာတွင် မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ ကုန်သွယ်ရေး လျှို့ဝှက်ချက်များသည် လက်နက်တန်ဆာပလာများအဖြစ် ဌာနေတိုင်းရင်းသားများအတွက် ရိုးရာဗဟုသုတ ကာကွယ်မှုများ ပိုပြည့်ပေးခြင်းဖြင့် ဖွံ့ဖြိုးအောင်ပြုသင့်သည်။

**IPR** ဉာဏမူပိုင်ခွင့်စနစ် ချည်းသက်သက်ဖြင့် ရိုးရာဗဟုသုတကို၎င်း၊ ထုံးတမ်းအစဉ်အလာ ဖြစ်သော ဥပဒေများကို၎င်း၊ ထိထိရောက်ရောက်မကာကွယ်နိုင်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် အနောက်တိုင်း တရားဝင်စနစ်များအပေါ် တွင် အခြေခံ၍ အနောက်တိုင်း စက်မှုနှင့် ယဉ်ကျေးမှု ပန်းတိုင်များကို ကာကွယ်နေသည်။

တစ်ခုတည်း သီးသန့်သက်သက်ရှိသည့် စနစ်များသည် မတူညီနိုင်ပါ။ နိုင်ငံတကာ လမ်းညွှန်များမှာ ၄င်းကိစ္စအတွက် စဉ်းစားရပေမည်။ သို့သော်ကွဲပြားသော ဌာနေအုပ်စုများ၏ အသီးသီးလိုအပ်ချက်များမှာ အုပ်စုတစ်ခုအတွက် သီးသန့်ဆောင်ရွက်သည့် အံဝင်ဂွင်ကျဖြစ်သောစနစ်များ လိုအပ်လိမ့်မည်။ ၄င်းသည် နိုင်ငံများအား သီးသန့်စနစ်များသည် ပြည်တွင်းဥပဒေအဖြစ် သုံးသင့်သလော သို့မဟုတ် ဌာနေတိုင်းရင်းသား အုပ်စုများအတွက်သာ အထူးအသုံးပြုသင့်သည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂရေဟမ်ဒပ်ဖီးလ်က အချေအတင်ပြောသည်မှာ သီးသန့်စနစ်များကိုတီထွင်ရာတွင် မူလပဏာမ အခက်အခဲတစ်ခုသည် တွေ့ထိနိုင်သော ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုနှင့် အခွင့်အရေးများအား မည်သို့ ကိုင်တွယ်ဆောင်ရွက်ရမည်ဟူ၍ဖြစ်သည်။ ဤအခက်အခဲ ကြောင့် မစ္စတာဒပ်ဖီးလ်က သီးသန့်စနစ်များကို အပိုင်း (၂)ခု ခွဲခြားရန် အဆိုပြုသည်မှာ ။-

- မြေအခွင့်အရေးကို ကာကွယ်ပေးသော အမျိုးသားရေးအဆင့် သီးသန့်စနစ်များ။
- ရိုးရာဗဟုသုတနှင့် မျိုးဗီဇအရင်းအမြစ်များကို အုပ်စုအဆင့် ကာကွယ်ပေးသည့်စနစ်များ။

အမျိုးသားရေးအဆင့် သီးသန့်စနစ်များကို လယ်ယာမြေကာကွယ်မှု၊ အခွင့်အရေး များအတွက်လိုအပ်သည်။ အကြောင်းမှာ မြေယာကာကွယ်မှု အခွင့်အရေးနှင့် ရိုးရာဗဟုသုတ ကာကွယ်မှုတို့ကို တပြိုင်နက်တည်း မဆောင်ရွက်လျှင် ဤသို့ဖြစ်နိုင်ချေရှိသော ဖွံ့ဖြိုးမှု၊ ဗဟုသုတတို့ကို ဌာနေတိုင်းရင်းသားများက လက်ခံနိုင်မည်မဟုတ်ပေ။

**ABS** ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း အခွင့်အာဏာတစ်ခုတွင် အမျိုးသားရေးအဆင့် သီးသန့်မူပိုင်ခွင့် အခွင့်အရေးများကို ထူထောင်ရန် ကြိုတင်အသိပေး သဘောတူညီမှု လုပ်ထုံးလုပ်နည်းများနှင့် အပြန်အလှန်သဘောတူညီသည့် အနေအထားများပေါ်တွင် အခြေခံသင့်သည်။

ဌာနေတိုင်းရင်းသား အုပ်စုတစ်စုအတွက် ရိုးရာဗဟုသုတအရ လူစိမ်းများကို မူပိုင်ခွင့်အား ခွဲဝေပေးခြင်းကို လက်ခံရန်မှာ ခက်ခဲမည်ဖြစ်သဖြင့် ရိုးရာဗဟုသုတ၏ စုပေါင်းသဘာဝကို လေးစားသည့် သီးသန့်စနစ်တစ်ခု လိုအပ်လိမ့်မည်။ ဤသို့သောစနစ်တစ်ခုသည် ရိုးရာဗဟုသုတရှိသူများနှင့် ၎င်းတို့ အုပ်စုအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်သာ ဖွံ့ဖြိုးနိုင်သည်။

ဌာနေတိုင်းရင်းသားအဆင့်တွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသအုပ်စု၏ ကြိုတင်အသိပေး သဘောတူညီမှုကို အခြေခံသည့် သီးသန့် တိတိကျကျ အခွင့်အာဏာသည် မျိုးဗီဇအရင်းအမြစ်နှင့်တကွ ရိုးရာဗဟုသုတ ရရှိရန်အတွက် ဥပဒေများဆက်နွယ်မှုကို လွှမ်းမိုး ထိန်းချုပ်လိမ့်မည်။ လိုက်နာရန် ဥပဒေ အသစ်များသည် ရိုးရာဗဟုသုတနှင့် မျိုးဗီဇအရင်းအမြစ်များရရှိခြင်း အတွက်သာမဟုတ်။ ပေးဆောင်သူများ (ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုများ) အပေါ်တွင်လည်း တာဝန်များရှိစေသည်။ ကြိုတင်အသိပေး သဘောတူညီမှု လုပ်ထုံးလုပ်နည်းများကို ထူထောင်သည့်အခါ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေကို လေးစားခြင်းမှာ သေချာရှိသင့်ပြီး ထုံးတမ်းစဉ်လာ ဥပဒေများကို ကျော်မည့် ကြိုးပမ်းမှုများကို ကာကွယ်သင့်ပေသည်။

(စ) ပြည်သူ့နယ်ပယ်/ပြည်သူ့အတိအလင်းဖော်ပြချက်။

၂၀၀၃ ခုနှစ်တွင် တုလာလစ်မျိုးနွယ်စုတို့က ပြောသည်မှာ ဌာနေတိုင်းရင်းသားများသည် ယေဘုယျအားဖြင့် ဗဟုသုတ အကာအကွယ်ပေးရန် တောင်းဆိုသည်မှာ အနောက်တိုင်းစနစ်အရ ပြည်သူ့နယ်ပယ်အတွင်းတွင် စဉ်းစားသည်၊ ၎င်းတို့၏အဆင့်အရ ဗဟုသုတကို ထုံးတမ်းစဉ်လာဖြစ်သောဥပဒေက (ထိန်းသိမ်းနေခဲ့သည်၊ ထိန်းသိမ်းထားသည်။)ထိန်းသိမ်းလိမ့်မည်ဖြစ်သည်။ တိုင်းရင်းသားဗဟုသုတများသည် ပြည်သူ့နယ်ပယ်တွင် တည်ရှိမရှင်သန်နိုင်ခြင်းမှာ အနောက်တိုင်း ဉာဏမူပိုင်ခွင့်စနစ်အတွင်းဗဟုသုတကိုကာကွယ်ရန် လိုအပ်သည့်အဆင့်များအတိုင်း မသွားမိသောကြောင့်မဟုတ်ဘဲ အစိုးရများနှင့် မြို့သူ၊ မြို့သားများက ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေများဖြင့် ထိုဗဟုသုတများအား အသုံးပြုခြင်းကို ထိန်းသိမ်းစီမံကွပ်ကဲခြင်း၊အလေးထားခြင်းများ မရှိသောကြောင့်ဖြစ်သည်။

ဌာနေတိုင်းရင်းသားများ၏ ဗဟုသုတကို ကာကွယ်ရန်အတွက် အဆိုပြုသောမူများစွာမှာ မလုံလောက်ပေ၊ မသင့်လျော်ပေ။ မူပိုင်ခွင့်စနစ်အတွင်း ရှေးဦးအနုပညာကို သရုပ်ဖော်ခြင်း၏ လိုအပ်ချက်များမှာ၊ ဥပမာအားဖြင့် ပြည်သူမှတ်ပုံတင်ထားသည့် စာရွက်စာတမ်းများကို တီထွင်ရန် အကြံပေးခြင်းကို ဦးဆောင်နေခဲ့ပေပြီ။ အတိအလင်းဖော်ပြထားသော ဗဟုသုတသည် ပြည်သူ့နယ်ပယ်ထဲတွင် အသင့်ရှိနေကတည်းက တရားဝင်မှတ်တမ်းများဖြင့် ဌာနေတိုင်းရင်းသားများအား ၎င်းတို့၏ဗဟုသုတကို မူပိုင်ခွင့် စစ်ဆေးသူများက ရှေးဦးအနုပညာရရှိနိုင်သော စုဆောင်းမှုများပေးခြင်းဖြင့် ပိုမိုထိရောက်စွာ ကာကွယ်ရန် ကူညီပေးသည်။ ဌာနေတိုင်းရင်းသားများက မကြာခဏဆိုသလို ၎င်းတို့၏ အတိအလင်းဖော်ပြထားသည့် ဗဟုသုတမှာ ပြည်သူ့နယ်ပယ်အတွင်း ရှင်သန်နိုင်ရေးရန်းကန်မှုကို အချေအတင်ပြောဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**စန်းပြည်သူ့ကိစ္စ - ဟူဒီယာအပင်ရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်းကို ညှိနှိုင်းခြင်း။** ဟူဒီယာ ဟုခေါ်သည့် အပင်ငယ်တစ်ပင်ကို

တောင်အာဖရိကတိုက်ရှိ စန်းပြည်သူတို့သည် ရာစုများစွာက ဟူဒီယာ ဟုခေါ်သည့် အပင်ငယ်တစ်ပင်ကို ပြေစေ အသုံးပြုနေခဲ့သည်။ အမဲလိုက်ရာတွင်၎င်း အစာရှားပါးသည့် အခါတွင်၎င်း ၎င်းသည် ဆာလောင်မှုကို ပြေစေ ဈေးကွက်ကြီး သည်။ ယခုစက်ရုံမှ ၎င်းအရသာ၏ အကျိုးသက်ရောက်မှုကို အရင်းပြု၍ အဆာပြေသည့်ဆေးအဖြစ် ဈေးကွက်ကြီး ကြီးတွင်းသို့ ဈေးကွက်ချဲ့ရောင်းချရန် အာဟာရဆေးဝါးပြုံစုံမှုကိုယ်သွယ်လျော့စေသည့်ဆေးလုံးများအဖြစ် ကြီးတွင်းသို့ ချဲ့ထွင်ပြန့်ပြန့်ရောင်းချရန် အာဟာရဆေးဝါးကုမ္ပဏီကို သဘောတူလျှက်ရှိသည်။

အကျိုးအမြတ်ရရှိရန် ထုတ်လုပ်ခြင်းသို့ တာစူလျှက်ရှိသည်။ အကျိုးအမြတ်ရရှိရန် ထုတ်လုပ်ခြင်းသို့ ရာဖွေရယူမှု၏ သားကောင်များ

ဤသို့ဆိုလျှင် စန်း တို့ကား အဘယ်နည်း။ တန်ဖိုးရှိသောဇီဝပစ္စည်း ရှာဖွေရယူမှု၏ သားကောင်များ ဖြစ်လာ။ စန်းလူမျိုးတို့မသိဘဲ ဟူဒီယာရှိပါဝင်ပစ္စည်းများကို အသုံးပြုနေကြသည်။ မူပိုင်ခွင့်ပြုနေကြသည်။ သို့သော် လော။ စန်းလူမျိုးတို့မသိဘဲ ဟူဒီယာရှိပါဝင်ပစ္စည်းများကို သူတို့စီမံ၍ သဘောတူထားချက်အရ ဟူဒီယာနှင့် စန်းလူမျိုးများသည် ၎င်းတို့၏ ရပိုင်ခွင့်အတွက် ရပ်တည်ခဲ့ကြသည်။ သူတို့စီမံ၍ သဘောတူထားချက်အရ ဟူဒီယာနှင့် သက်ဆိုင်သော အကျိုးအမြတ်များတွင် သူတို့၏ ရပိုင်ခွင့်ရှိလာစေသည်။ ဤအချက်သည် အလွန်ကြီးမားသော သက်ဆိုင်သော အကျိုးအမြတ်များတွင် သူတို့၏ ရပိုင်ခွင့်ရှိလာစေသည်။ ၎င်းတို့ရယူပိုင်ခွင့်များအားလုံးကို စုစည်း အောင်မြင်မှုဖြစ်သည်။ အကယ်၍ နိုင်ငံတကာ စာချုပ်များအားလုံးတွင် ၎င်းတို့ရယူပိုင်ခွင့်များအားလုံးကို စုစည်း နိုင်ခဲ့ပါက စန်းလူမျိုးများအတွက် လက်ရှိခံစားနေရသော အကျိုးအမြတ်ထက်ပင် ပိုမိုရရှိနေပေမည်။

Source: Hoering, Uwe, ၂၀၀၄၊ ကာလာဟာရီတွင် ဇီဝခိုးပြမှုများ ရှိနေသလော။ ဌာနေတိုင်းရင်းသားများမှ သူတို့၏ အခွင့်အရေး အတွက် မားမားမတ်မတ်ရပ်၍ ပြောဆိုလာသော တောင်အာဖရိကရှိ စန်းတိုင်းရင်းသားများ၏ အတွေ့အကြုံ။ ဂျာမနီ၊ ဘွန်းမြို့ ဖွံ့ဖြိုးရေးအတွက် EED and WIMSA.

လေ့ကျင့်ခန်း-၂။ ဆိုကြမယ် ပြောကြမယ် ကဏ္ဍ။

ဌာနေ တိုင်းရင်းသားများ၏ ပိုင်ဆိုင်ခွင့်နှင့် အကျိုးအမြတ်မျှဝေခြင်း ယူဆချက်များ (၃၀ မိနစ်)

ဌာနေတိုင်းရင်းသားများ၏ မျိုးဗီဇအရင်းအမြစ်ရရှိခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်းအပေါ် နိုးကြားလာသော မှုများနှင့် ယုံကြည်မှုများ။

၁. ပါဝင်သူများကို (၃) ယောက်မှ (၅) ယောက်တွဲ အုပ်စုငယ်ဖွဲ့ပါ။ ၁၀ မိနစ်ခန့် ဆိုကြ ပြောကြပါစေ။ မေးခွန်းဖြေပါစေ။ ဌာနေတိုင်းရင်းသားများ၏ ရယူခြင်းနှင့် မျိုးဗီဇအရင်းအမြစ်များ မျှဝေခြင်းကို လမ်းညွှန်သည့် အစီကမူများကို သင်မည်သို့ ယုံကြည်သနည်း။

၂. အစီကမူများ ချရေးထားသည်ကို ကဒ်တစ်ခုစီတွင် ဖြည့်ပါက အုပ်စုငယ်တစ်ခုလျှင် (၅) ကဒ်ရမည်။

၃. ကူညီသူက ကဒ်အားလုံးလိုက်စုဆောင်းပြီး ဘုတ်တွင် တူရာအစုဖွဲ့ကာ တင်ဆက်မည်။

၄. ကူညီသူက ဌာနေတိုင်းရင်းသားများ ယုံကြည်မှုကို ၎င်းတို့၏ရရှိခြင်းနှင့် မျိုးဗီဇအရင်း အမြစ်မျှဝေခြင်း၊ လမ်းညွှန်သင့်သည်များကို အကျဉ်းချုပ်စုရေးပါ။

၅. လမ်းညွှန်သင့်သည်များကို အကျဉ်းချုပ်စုရေးပါ။

အောက်ခြေအညွှန်းများ။

၁ UNEP/CBD/WG-ABS/7/3.

၂ UNEP/CBD/ABS/GTLE/2/INF/3,25.

www.burmeseclassic.com

www.burmeseclassic.com



# Notes:

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၃

## ဌာနေတိုင်းရင်းသူများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်

**ရည်မှန်းချက်များ**

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့် အမျိုးသမီးများ ကျားမမျှတမှုတို့နှင့် ပတ်သက်သည့် ထောက်ပံ့မှုနှင့် အစီအစဉ်များကို သိရှိရန်။

၂။ ဇီဝမျိုးစုံမျိုးကွဲနှင့် ရိုးရာဝဟုသုတကို ကာကွယ်ရန် ဌာနေအမျိုးသမီးများ၏ အထူးအရေးပါသောကဏ္ဍကို နှစ်မြှိုက်ရန်။

၃။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အား အကောင်အထည်ဖော်ခြင်းနှင့် အသုံးပြုခြင်းတွင် မျှတသော ကျားမ ဆက်နွယ်မှု ဖြစ်ပေါ်ရေး အာမခံသည့် ခိုင်မာသောလုပ်ရှားမှုများဖြစ်ပေါ်ရေးကို ခွဲခြားစိစစ်ရန်။

**အရင်းအမြစ်များ။**

- ဌာနေတိုင်းရင်းသားများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အမှတ်စဉ်နံပါတ် (၆)၊ အာရှ ဌာနေတိုင်းရင်းသူများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်။
- အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲအစည်းအဝေးကြီး (၇) ကြိမ်မြောက်ပါတီများညီလာခံ အဖွင့်မိန့်ခွန်း။ ကွာလာလမ်ပူ၊ မလေးရှားနိုင်ငံ။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ လ (၉) ရက်။
- မျိုးကွဲများကခြားနားမှုကိုပြသည့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အသုံးပြုခြင်းတွင် ကျားမ မျှတသော အာမခံချက်နှင့်အတူ လှုပ်ရှားမှုများ။

**အချိန် ၃ နာရီ**

တင်ပြချက်နှင့် ဆွေးနွေးချက်။ (၂၀-မိနစ်)။

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အောက်ရှိ ကျားမလှုပ်ရှားမှု စီမံချက်၊။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က ၎င်း၏အဖွင့်တွင် အဆိုပြုထားသည်မှာ -

- ဇီဝမျိုးစုံမျိုးကွဲကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် မူဝါဒပြုခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းအတွက် အကောင်အထည်ဖော်ခြင်းဆိုင်ရာ အဆင့်အားလုံးတွင် အမျိုးသမီးများပူးပေါင်းပါဝင်ရေး လိုအပ်သည်ကို အတည်ပြုရန်၊ အမျိုးသမီးများ၏ အရေးကြီးသောကဏ္ဍကိုလည်း အသိအမှတ်ပြုကြရန်- ဟု ပါရှိသည်။

၎င်းကိုအသိအမှတ်ပြုခြင်းတွင် သဘောတူစာချုပ်အောက်တွင် ကျားမပါဝင်လှုပ်ရှားမှုစီမံချက်ကို ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က ဖွံ့ဖြိုးစေခဲ့သည်။ အသေးစိတ်ဆောင်ရွက်ခဲ့သည်။

ဤစီမံချက်သည် ညီလာခံအတွင်းရေးမှူးက ကျားမညီမျှမှုကို မြှင့်တင်နိုင်ရန် အခွင့်အလမ်းများနှင့်ဆိုင်သော အကျိုးကျေးဇူးကိုယူရန်နှင့် အတင်းအဓမ္မပြုမှုများကို ကျော်လွှားရန်၊ လှုံ့ဆော်မှု၍ ကူညီရန် အားထုတ်မှုများပြသည့်ကဏ္ဍကို သတ်မှတ်သည်။ ၎င်းသည်လည်း ကျားမမျှတမှုနှင့် အမျိုးသမီးများအား အားပေးမှုသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသော ကြိုတင်အခြေအနေများ ဖြစ်သည်ကို သတိပြုမိခြင်း တိုးမြှင့်လာစေရန် ရောင်ပြန်ဟပ်ချက်တစ်ရပ်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



>> ဤစီမံချက်တွင်ပါဝင်သော ဗျူဟာမြောက်ရည်မှန်းချက် (၄)ခုမှာ -

♦ အတွင်းရေးမှူး၏ အလုပ်နှင့်တကွ ညီလာခံအကောင်အထည်ဖေါ်ရာ၌ ကျားမ ရှုဒေါင့်အမြင် တစ်ခုကို ကျယ်ပြန့်လာစေရန်။

♦ ၂၀၁၀ ပြည့်နှစ် ဇီဝမျိုးစုံမျိုးကွဲပန်းတိုင်နှင့် ညီလာခံ၏ရည်မှန်းချက်သုံးခုကို ပြီးမြောက်အောင်မြင်ရန်အတွက် ကျားမညီမျှမှုကို မြှင့်တင်ရန်။

♦ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် မျိုးဗီဇအရင်းအမြစ်များ သုံးခြင်းမှ အကျိုးအမြတ်မျှဝေခြင်း၊ ကျားမ အမြင်ကျယ်ပြန့်စေခြင်း၏ အကျိုးအမြတ်များကို သရုပ်ပြရန်။

♦ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အတွင်းရေးမှူး၏ လုပ်ငန်းဆောင်တာများ ထိရောက်မှုကို မြှင့်တင်ရန်။

ရည်မှန်းချက်များကို အောင်မြင်ပြီးမြောက်စေရန် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ကျားမအစီအစဉ်တွင် အဓိကဗျူဟာများကား အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မူနယ်ပယ်

၁။ ကျားမနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဗျူဟာမြောက် ဦးစားပေးမှု တစ်ရပ် ဖြစ်အောင်လုပ်ပါ။

၂။ ငွေကြေးမတည်သူမှ ကျားမနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ပံ့ပိုးကူညီရန် ဆောင်ရွက်ဆဲ ကတိကဝတ်များတည်ရန်။

၃။ အစိုးရအုပ်ချုပ်မှုရုံးအတွင်း ကျားမနှင့် ဇီဝမျိုးစုံမျိုးကွဲခြင်းအတွက် ကြီးမားသောကတိများတည်ရန်။

(ခ) အဖွဲ့အစည်းနယ်ပယ်

၁။ SCBD အတွင်း ကျားမညီမျှမှု ဦးတည်သောစနစ်တစ်ရပ် ဆောက်တည်ရန်။

၂။ အတွင်းရေးမှူးနှင့် ရုံးသားအားလုံး၏ ကျားမလုပ်ကိုင်ရည်မြှင့်တင်ရန်။

၃။ ကျားမ တန်းတူညီမျှရေးက လူသားအရင်းအမြစ် စီမံခန့်ခွဲမှုတွင် ရောင်ပြန်ဟပ်သည်ကို အာမခံနိုင်ရန်။

၄။ ကျားမ အမြင်ကျယ်ပြန့်စေရန် ဝန်ထမ်းအားလုံး၏တာဝန်နှင့် သတိပြုမှုကို တိုးမြှင့်ရန်။

၅။ အုပ်ချုပ်မှုရုံးကြီးအတွင်းတွင် ကျားမ အမြင်ကျယ်ပြန့်လာစေရန် တိုင်းတာမှု အညွှန်းများကို ဖွံ့ဖြိုးစေခြင်း။

(ဂ) ဖြန့်ဝေမှုနယ်ပယ်

၁။ သတင်းအချက်အလက်နှင့် ဝတ်သက်သည့် ကျားမ ဇီဝမျိုးစုံမျိုးကွဲပြန့်နှံ့စေသည့် သတင်းကောက်ယူခြင်း။

၂။ ဆင်းရဲမွဲတေမှု ပပျောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ကျားမ ဆက်သွယ်ခြင်း။

၃။ ကျားမ ဇီဝမျိုးစုံမျိုးကွဲအကောင်အထည်ဖေါ်မှု ကိရိယာတန်ဆာပလာများနှင့် နည်းလမ်းများ မြှင့်တင်ဖွံ့ဖြိုးစေခြင်းနှင့် အမျိုးအစားခွဲခြားခြင်း။

၄။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အတွက် ပါတီများတွင် ကျားမအမြင်ကို အမျိုးသားရေးဆိုင်ရာ ဇီဝမျိုးကွဲ စီမံချက် လုပ်ငန်းစဉ်များအဖြစ်သို့ တွဲဘက်လျက် အခြေခံကျကျထူထောင်ရန်။

(ဃ) မဲပေးသည့်နယ်မြေ။

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အတွင်း၊ ကျားမအမြင်ကျယ်ပြန့်စေရန် မြှင့်တင်စေသည့် ကွန်ယက်များကိုတည်ဆောက်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ရန်။

၂။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ကျားမ လုပ်ငန်းအစီအစဉ်ကို ကမ္ဘာ့ကုလသမဂ္ဂ စနစ်များ၏ လုပ်ရှားမှုနှင့် ချိတ်ဆက်ရန်။

၃။ ဇီဝမျိုးစုံမျိုးကွဲအကြောင်းကို ကျားမ နှင့် မ-အဖွဲ့အစည်းများအကြား သတိပြုမှုရှိလာရန် ဆောင်ရွက်ခြင်း။

၄။ အမျိုးသမီး အထူးအဖြင့် ဌာနေတိုင်းရင်းသူများကို ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက်များချရာတွင် ပူးပေါင်းပါဝင်စေနိုင်ရန် စွမ်းရည်မြင့်တင်ပေးရန်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က ဤသဘောတူစာချုပ်၏လုပ်ငန်းစဉ်များသည် အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ခြင်းအတွက် အကျိုးရှိနိုင်ပြီး၊ အမျိုးသမီး အထူးသဖြင့် ဌာနေတိုင်းရင်းသားများသည် အဆင့်အားလုံးတွင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ချခြင်း၌ ညီမျှစွာပါဝင်နိုင်မှုကို ထောက်ခံရန်။ လိုအပ်ချက်များကို စာရင်းကောက်ယူခြင်းကို ကျား-မ ပညာရှင်များနှင့် ပူးတွဲ၍ အမျိုးသမီးများ အထူးသဖြင့် ဌာနေတိုင်းရင်းသူများက ဤအုပ်စုများ၏ စွမ်းရည်တည်ဆောက်ရာတွင်လိုအပ်ချက်ကို စီမံချက်ချ၍ ခွဲခြားစိစစ်လျက် ဆောင်ရွက်သင့်သည်။

ဤလိုအပ်ချက်များကို အခြေခံ၍ အမျိုးသမီးများ အထူးသဖြင့် ဌာနေတိုင်းရင်းသူ အမျိုးသမီး ခေါင်းဆောင်များအတွက် သင်တန်းများ၊ကြိုတင်ပြင်ဆင်မှုအစည်းအဝေးများကိုပါတီများညီလာခံတစ်ခုစီ၌ ရှေးရှုရှေ့တန်းတင်ကာ ပံ့ပိုးမှုရယူရမည်။ ပံ့ပိုးမှုသည်လည်း ဇီဝမျိုးစုံမျိုးကွဲ နှင့် ကျား-မ စွမ်းရည် အကောင်အထည်ဖော်ခြင်းအတွက်လည်း အားပေးမြှင့်တင်သင့်သည်။ ပံ့ပိုးမှုမှာ ဌာနေအမျိုးသမီးများ၏ ကူညီပေးမှုများနှင့် အခြားသော ဆက်နွယ်သည့် ကျား-မ အဖွဲ့အစည်းများ နေရာတွင် စွမ်းရည်ဆောက်တည်မှုပံ့ပိုးရန် ပညာရှင်များ/ကူညီသူများ အဖွဲ့အစည်းဆောင်ရွက်မှုမှတဆင့် ပါဝင်လာစေရမည်။

**လေ့ကျင့်ခန်း-၁။**

ပုံပြင်ပြောခြင်း။ (၄၀ မိနစ်)

အုပ်စုအတွင်း ဇီဝမျိုးစုံမျိုးကွဲကို ထိန်းသိမ်းရေးနှင့်သက်ဆိုင်၍ ဌာနေအမျိုးသမီးများအကြား တစ်ခုခု နိုးကြားလာစေရန်။

၁။ ဌာနေအမျိုးသမီး ပါဝင်သူများသည် ၎င်းတို့၏ကဏ္ဍပုံပြင်များကို မျှဝေရန်နှင့် အရင်းအမြစ် စီမံခန့်ခွဲမှု၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေး၊ ရိုးရာဆေးဝါးဆိုင်ရာ ဗဟုသုတကို အားပေးမြှင့်တင်ရန်နှင့် အုပ်စုအတွင်း စားနပ်ရိက္ခာဖူလုံမှုကို အာမခံပေးရန် အားပေးပါ။ ကူညီသူများက မှတ်စု၏ အဓိကအချက်များကိုယူထားပါ။

၂။ အမျိုးသမီးများက မျှဝေပြီးသောအခါ ပံ့ပိုးကူညီသူက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းတွင် ဌာနေတိုင်းရင်းသူများ၏ အခန်းကဏ္ဍဆိုင်ရာ အဓိကပါဝင်ရမည့် အချက်များနှင့် ၎င်းတို့သည် မိမိတို့လူ့အသိုက်အမြုံအတွက် မည်မျှအရေးကြီးသည်တို့ကို အကျဉ်းချုပ်ရေးပါစေ။

(၂) ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲအရင်းအမြစ်များ ရေရှည်အသုံးပြုခြင်းတွင် ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ အခန်းကဏ္ဍ။

ဌာနေတိုင်းရင်းသားအမျိုးသမီးများသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အတွက် အရေးပါသော ဗဟုသုတအတွေ့အကြုံများစွာတို့ကို ပိုင်ဆိုင်သည်။ မျိုးဆက်များစွာသည် သဘာဝဝန်းကျင်နှင့် အလွန်နီးကပ်စွာ နေထိုင်ခဲ့ခြင်းမှတဆင့် ဌာနေတိုင်းရင်းသူများသည် သယံဇာတအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းအပေါ်တွင် ရိုးရာဗဟုသုတကို ဖွံ့ဖြိုးစေခဲ့သည်။ ဌာနေတိုင်းရင်းသူများသည် မိမိတို့၏ဓလေ့များနှင့် ဗဟုသုတများအကြား မျိုးစေ့ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သိုလှောင်ခြင်း၊ ရိုးရာပရဆေးဝါး၊ ရေရှည်ထိန်းသိမ်းသောစိုက်ပျိုးရေး၊ အပင်စိုက်ခြင်း၊ ပျိုးထောင်ခြင်းနှင့် ပိုးမွှားများမှသီးနှံများကို ကာကွယ်ခြင်း။ စား၍ရနိုင်သော အပင်ငယ်များ ဗဟုသုတ၊ ပိုးမွှားများ ဗဟုသုတ၊ ဇီဝမျိုးစုံမျိုးကွဲ စိုက်ပျိုးရေးကိုမြှင့်တင်ခြင်းတို့နှင့် အခြားအကြောင်းများဖြစ်သည်။ အမှန်စင်စစ်၊ သီးနှံထုတ်လုပ်ခြင်းတွင် ဌာနေတိုင်းရင်းသူများ အခန်းကဏ္ဍ၊ မိသားစုနှင့် အုပ်စုအတွက် အစားအစာဖူလုံမှုကို အာမခံစေခြင်းမှာ မရှိမဖြစ်လိုအပ်သည်။

ကျွန်ုပ်တို့၏ ဌာနေတိုင်းရင်းသူ အမျိုးသမီးပါဝင်သူများ၏ ပုံပြင်များက ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ အမျိုးသမီးများ၏ အရေးပါသောကဏ္ဍအပေါ် ရှေးဦးကျသောနားလည်မှုကို ကျွန်ုပ်တို့အားပေးခဲ့ပေပြီ။ အမျိုးသမီးများ၏ ထိန်းသိမ်းခြင်းတွင် အခရာကျခြင်း၊ ကွဲပြားခြားနားသော ပတ်ဝန်းကျင်များ ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုနှင့် အသုံးပြုခြင်းကို ကောင်းစွာနှစ်မြှုပ် သဘောကျစေမှုကို ဦးဆောင်ခဲ့ပေသည်။

အောက်ဖော်ပြပါများမှာ ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ ရိုးရာဗဟုသုတ မျှဝေရန် နမူနာအချို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးစေ့စောင့်ရှောက်သူ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းသူအဖြစ် အမျိုးသမီးများ။

စားနပ်ရိက္ခာလုံခြုံမှုတွင် အရေးပါသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် အပင်မျိုးဗီဇအရင်းအမြစ်များ ထိန်းသိမ်းခြင်းကို ယနေ့ကျယ်ပြန့်စွာ အသိအမှတ်ပြုခဲ့ပေပြီ။ ဆန်စပါးစိုက်ပျိုးရာတွင် အမျိုးသမီးများက ဇီဝမျိုးစုံမျိုးကွဲထိန်းသူများ၊ မျိုးစေ့များစောင့်ရှောက်သူများအဖြစ် အရေးကြီးသောကဏ္ဍ၌ ပါဝင်သည်။

ကောဒီလရာ ဖိလစ်ပိုင်တွင် ဌာနေအမျိုးသမီးများသည် မျိုးစေ့ရွေးချယ်ခြင်း၌ ရိုးရာကဏ္ဍတစ်ခုတွင် ပါဝင်သည်။ သီးသန့်အားဖြင့် မည်သည့်စပါးစိုက်ပျိုးမည်၊ မည်သည့်အချိန်တွင် အစေ့ပုံပိုးမှုပြုရသည်ကို ဆုံးဖြတ်ခြင်းမှာ ယေဘုယျအားဖြင့် မိန်းမပိုင် သမီးတို့ကို တာဝန်ပေးသည်။

တစ်ဦးတစ်ယောက်ပျက်ကွက်က ယေဘုယျအားဖြင့် အသက်ကြီးသော အမျိုးသမီးကြီးတစ်ဦးအား မျိုးစေ့ရွေးချယ်သူအဖြစ်သတ်မှတ်ရန် အားလုံးသော အမျိုးသမီးကောက်ရိတ်သူများမှ သဘောတူသည်။ ကောက်ရိတ်ချိန်အတွင်း သတ်မှတ်ထားသည့် မျိုးစေ့ရွေးချယ်သူသည် အမီကကောက်ရိတ် အဖွဲ့၏ ဦးဆောင်အဖြစ် လှုပ်ရှားသည်။အောက်ပါ ဝိသေသလက္ခဏာများကို ပြသပြီး ကျရာပန်းဆက်ကို ရွေးချယ်သည်။ ရှည်၍ သန်သောပန်းခတ်များ အဆန်တိုင်းအောင်သော သီးနှံများ လုံးဝ ကောင်းမွန်စွာကြီးထွားပြီး ရောဂါကင်းစင်သော ပန်းခတ်များ၊ မျိုးစေ့ရွေးချယ်သူက အဲန်လစ် ခေါ် ကောက်ကိုနတ်ဓါးဖြင့် တစ်ကြိမ်တွင် တစ်ပင်ပါအောင် ကြိုက်နှစ်သက်ရာပန်းခိုင်များ ရွေးချယ်ဖြတ်ယူသည်။ လိုအပ်သည့် အစီးပမာဏရပြီဆိုလျှင် ကြီးကွင်းပေါ်တွင် ထင်ရှားအမှတ် မှတ်သားသည်။ ဥပမာ- အစီးတစ်စီး တွင်ပို၍ရှည်သော စပါးနှံဖြင့်၎င်း၊ အချို့အရွက်များကို ခပ်ဆောင်းဆောင်းထွင်း၍၎င်း မှတ်သားသည်။ ယေဘုယျအားဖြင့် မျိုးစပါးစည်းသည် ပုံမှန်စပါးစည်းများထက် အရွယ်အားဖြင့် ၅၀% မှ ၇၀% ပို၍ကြီးသည်။

လိုတူဟိုဌာနေအမျိုးသမီးများ ဇီဝမျိုးစုံမျိုးကွဲ ရိုးရာဗဟုသုတ။

ဆူဒန်နိုင်ငံ လိုတူဟိုတွင် လူဦးရေခန့်မှန်း (၅) သိန်းခန့်ရှိသော ဌာနေတိုင်းရင်းသားများ နေထိုင်သည်။ ၎င်းတို့သည် အီမာတန် တောင်တန်းဒေသ ဆူဒန်-ယူဂန်ဒါ နယ်ခြားတလျှောက် တောင်ဆင်းများ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှစ်မျိုးလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းနေထိုင်ကြသူများ ဖြစ်သည်။

လိုတူဟို အမျိုးသမီးတို့သည် အုပ်စုနေထိုင်မှုသဘာဝကိုလိုက်၍ အပင်နှင့် သတ္တဝါ၊ သစ်ပင် ကွဲပြားခြားနားသော မျိုးစိတ်များ အသုံးပြုခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရိုးရာဗဟုသုတ မြောက်မြားစွာကို ပိုင်ဆိုင်သည်။ ၎င်းတို့သည် ကွဲပြားသော အစေ့များစွာကိုရွေးချယ်ရန် သူမ၏တာဝန်ဖြစ်ပြီး အနာဂါတ်တွင် စိုက်ပျိုးရန် ထိုအစေ့များကို စုဆောင်းထားရသည်။ အကယ်၍ တစ်ယောက်ယောက်က ဖျားနာသည်ရှိသော် ရောဂါအတွက် မည်သည့်ဆေးပင်ပေးရမည်ကို အတိအကျသိသည်။ ဤသို့ သူမသည် ဆက်တိုက်ဆောင်ရွက်လာခြင်းဖြင့် အနာဂါတ်မျိုးဆက်များအတွက် ကွဲပြားခြားနားသော သဘာဝအရင်းအမြစ်များကို တာရှည်ခံစေသည်။ ဤဗဟုသုတအားလုံးမှာ သူမ၏အဖွား သို့မဟုတ် အခေါ်ထံမှ သူမငယ်စဉ်ကပင် လက်ဆင့်ကမ်းယူ တတ်မြောက်လာခြင်းဖြစ်သည်။

အုပ်စုအတွင်းရိုးရာဗဟုသုတအရေးပါမှုကို ဌာနေခံတိုင်းရင်းသားများက သဘောပေါက်သည်။ မည်သည့်အတွက်ဖြစ်စေ အဖြေရှာရန်သုံးသည်။ ဥပမာ-ဆူညံသော အသံကို ငှက်တစ်ကောင်မှပြုလျှင် ရန်သူမည်သည့်အချိန် လာနေသည်ကို ပြောနိုင်သည်။ အချို့မှာ ရိုးရာသားဖွားဆရာမများ ဖြစ်ကြသည်။ အသစ်မွေးလာသည့် ကလေးတစ်ဦး၏ အချင်းကြိုးဖြတ်ပြီးနောက် ပိုးမဝင်ရန် မည်သို့ဒဏ်ရာကို ပိုးသတ်ကာကွယ်မည်ကိုသိသည်။

(**Source: Susan Oduho,** အာဖရိက ဌာနေခံတိုင်းရင်းသူများ ဒေသဆိုင်ရာဇီဝမျိုးစုံမျိုးကွဲ ရိုးရာဗဟုသုတနှင့် အမျိုးသမီးများ အခွင့်အရေး အလုပ်ရုံဆွေးနွေးပွဲ)

(၃) အမျိုးသမီးများက ဇီဝမျိုးစုံမျိုးကွဲကိုထိန်းသိမ်းခြင်းနှင့် ရယူခြင်း

ဇီဝမျိုးစုံမျိုးကွဲတို့သည် လူသားတို့၏ လိုအပ်ချက်၊ အထူးသဖြင့် ကျေးလက်ဒေသနေ ဆင်းရဲမွဲတေသော နေထိုင်စားသောက်မှုဘဝတို့၏ လိုအပ်ချက်ကိုရရှိစေသည့် မရှိမဖြစ်ကဏ္ဍတစ်ရပ် ဖြစ်သည်။ ၎င်းတို့မှ သုံးသောအစားအစာနှင့် လောင်စာထုတ်ကုန်များကို ဇီဝမျိုးစုံမျိုးကွဲမှပေးသည်။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အရင်းအမြစ်ကာကွယ်ခြင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းတို့သည် ပြည်သူအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရယူရန် ပြီးမြောက်စေသော **အချက်အချာ** တစ်ခုဖြစ်သည်။ (ဂျူမာ ၂၀၀၃)

ကမ္ဘာ့ဘဏ်အရ ခန့်မှန်းခြေ ၇၅% သော ဆင်းရဲသားများသည် ကျေးလက်တွင် နေထိုင်ကြသည်။ ကမ္ဘာပေါ်ရှိ ဆင်းရဲသူများ၏ ၇၀%မှာ အမျိုးသမီးများဖြစ်သည်။ **(UNDP** ကမ္ဘာ့ထိန်းသိမ်း ၂၀၀၂ အဆို) ဆန့်ကျင်ဘက်အားဖြင့် အမျိုးသမီးများက အာဖရိကတိုက်၏ အစားအစာ ၈၀%၊ အာရှ၏ ၆၀%၊ လက်တင် အမေရိက၏ ၄၀% ကို **(WRID** ၁၉၉၂) ထုတ်လုပ်ပေးသည်။

တိုက်ကြီးများတလွှားရှိ သန်းပေါင်းများစွာသော အမျိုးသမီးများ တွေ့ကြုံနေသောဆင်းရဲမှုများသည် မြေနှင့် ဇီဝမျိုးစုံမျိုးကွဲအပိုင်းများအပါအဝင် သယံဇာတအရင်းအမြစ်များမရနိုင်ရန် ကန့်သတ်ထားချက်များကို ဖြစ်ပေါ်စေသည်။ အမျိုးသမီးများက ဇီဝမျိုးစုံမျိုးကွဲကို ရေရှည်တည်တံ့ရန် အသုံးပြုနေရမည့်အစား ၎င်းတို့သည် မကြာခဏပင် အရင်းအမြစ်များကို ထိန်းချုပ်ခြင်းနှင့် ရရှိခြင်းတွင် အညီအမျှ ပါဝင်ခွင့် မရရှိပေ။

ဥပမာ-သစ်တော ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အရည်အသွေးကျဆင်းခြင်းကြောင့် အမျိုးသမီးထုမှာ ၎င်းတို့၏ မိသားစုနှင့် အုပ်စုအတွက် ရနိုင်/ ပြုစုနိုင်သော ပရဆေးပင်များ အစာများကဲ့သို့ အဖိုးတန်အရင်းအမြစ်များ ရရှိခြင်းကို ဖြည်းဖြည်း ဆုံးရှုံးခဲ့လေပြီ။ ထို့ကြောင့် အမျိုးသမီးတို့သည် ထိုလိုအပ်ချက်များအတွက် မိမိတို့ယောကျ်ားများအား မှီခိုရမှု တိုးမြင့်လာသည်။ ရိုးရာ လူမှုရေး အခြေအနေ လျော့နည်းလာသည်။ မိမိအိမ်နှင့် အုပ်စုအဆင့်တွင် ပါဝင်၍ ဆုံးဖြတ်ချက်ချနိုင်ခွင့် ယုတ်လျော့ခဲ့သည်။ အလုပ်ဝန်းကျင်နှင့် အလုပ်အစီအစဉ်က တဖက်တွင် များလာသည်။ ဤသည်၏ရလဒ်အဖြစ် သစ်တောအရင်းအမြစ်များ အသုံးပြုခြင်းအကြောင်းနှင့်ဆိုင်၍ အမျိုးသမီးများ၏ ဗဟုသုတလည်း ဆုံးရှုံးခဲ့ပြီဖြစ်သည်။ ရိုးရာထုတ်လုပ်မှု စနစ်များ ပြောင်းလဲသည့်အခါ ၎င်းတို့မှာ ပါဝါ (ပြောပိုင်ဆုံးဖြတ်ပိုင်ခွင့်များ) သည်၎င်း၊ အစားအစာ၏ အာဟာရ တန်ဖိုးရရှိမှုသည်၎င်း၊ ဆုံးရှုံးသည်။ အမျိုးသမီးအများစုက မိမိတို့ကိုယ်ကို မိမိတို့ ထုတ်ကုန်အသစ်များနှင့်၎င်း မျိုးစုံမျိုးကွဲမများပြားသော အပင်စုများနှင့်၎င်း ပြောင်းလဲမှီတင်းမှီခိုလာရသည်။ တမျိုးတည်းသော သီးနှံများက အစားအစာ ကွဲပြားခြားနားမှုကို ကန့်သတ်ခဲ့ပြီ။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ အမျိုးသမီးများနှင့် အာဟာရဓါတ်ပြည့်ဝသော အစာများများပြားပြားကွဲပြားစွာ ပြင်ဆင်နိုင်သည့် အခွင့်အရေး ဆုံးရှုံးခဲ့သောကြောင့် ဖြစ်၏။

မည်သို့ဆိုစေ ဤအချက်မှာ ကြိမ်ဖန်များစွာ ဥပေက္ခာပြုခဲ့ကြပြီး၊ အမျိုးသမီးများ၏ အတွေ့အကြုံ အသံ စသည်တို့မှာ ဇီဝမျိုးစုံမျိုးကွဲအစီအစဉ်များ ဆုံးဖြတ်ချက်ချရာ ပါဝင်လေ့မရှိတော့ပေ။ သို့အတွက် ဌာနေတိုင်းရင်းသူများ၏ ဗဟုသုတနှင့် သဘောတူစာချုပ်၏ ရည်မှန်းချက်များရရှိရန် ၎င်းတို့၏ အရေးပါသောကဏ္ဍကို အသိအမှတ်ပြုရန်လိုသည်။ ဒေသခံတိုင်းရင်းသူများသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အား ထိန်းသိမ်းရန်နှင့် ရေရှည်အသုံးပြုရန် အစီအစဉ်များ အကောင်အထည်ဖေါ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲအသုံးပြုခြင်းမှထွက်ပေါ်လာသည့် အကျိုးအမြတ်များမျှဝေခြင်းနှင့် သင့်တင့်မျှတစွာရရှိမှုမှ အကျိုးရှိစေမည့် အပြည့်အဝပါဝင်နိုင်ခွင့် အပေးခံရမည်ဖြစ်သည်။

(၄) ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသူများ ပူးပေါင်းပါဝင်ခြင်း။

**IWBN** ဌာနေတိုင်းရင်းသူများ ဇီဝမျိုးစုံမျိုးကွဲ ကွန်ယက်မှာ ဘရတ်ဆီ ဆလာဂေးမြို့၊ ဆလိုဗက်ကီးယားနိုင်ငံ (၄) ကြိမ်မြောက် ပါတီများညီလာခံ ၁၉၈၈ ခုနှစ်တွင် ဖွဲ့စည်းသည်။ ကွန်ယက်၏ အဓိကပန်းတိုင်မှာ ဌာနေတိုင်းရင်းသူများ၏ သက်ဆိုင်ရာ နိုင်ငံတကာ ဝန်းကျင်ဆိုင်ရာအဆင့်များအားလုံးတွင် ဌာနေအမျိုးသမီးများသည် တက်တက်ကြွကြွ ပူးပေါင်းပါဝင်မှု ခိုင်မာရန်နှင့် မြှင့်တင်ရန်ဖြစ်သည်။

ဌာနေတိုင်းရင်းသူများ၏ အခွင့်အရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဝန်တာများဆိုင်ရာ မိတ်ဆက်စည်းရုံးမှုနှင့် လက်တွေ့မြင်သာခြင်းတို့အကြား ကွာဟနေမှုကိုသိမြင်လျက် အရေးကြီးသော ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်များမတိုင်မီ မှန်မှန်တွေ့ဆုံဆွေးနွေးကြရန် ဆုံးဖြတ်သည်။ ဤသည်မှာ ဌာနေတိုင်းရင်းသူများ၏ အပြည့်အဝထိရောက်သော ပူးပေါင်းပါဝင်မှုကို **IIFB** ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ထိုစည်းဝေးပွဲများ၌ ပြင်ဆင်ပေးနိုင်ရန်ဖြစ်သည်။

ထိုစည်းဝေးပွဲများသည် ဌာနေအမျိုးသမီးများ၏ အခွင့်အရေးများနှင့် ဇီဝမျိုးစုံမျိုးကွဲ အလုပ်ရုံဆွေးနွေးပွဲများကို ရှေးဦးစွာ သုံးပွဲကျင်းပပြီးသည့်နောက် တိကျပီပြင်စွာ ဖွဲ့စည်းခဲ့သည့် ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းများ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခြင်း ကွန်ယက်ဖြစ်သည်။ ထိုကွန်ယက်ကို အာဖရိက ဌာနေတိုင်းရင်းသူအမျိုးသမီးများ အဖွဲ့အစည်း **AIWO** မှ ဖွဲ့စည်းသည့် အာဖရိကန်-အမေရိကန် ဌာနေတိုင်းရင်းသူများ အဖွဲ့အစည်းဖြစ်၍ ကင်ညာနိုင်ငံ နိုင်ရိုဘီတွင် ၎င်း၊ **NCIV** ဌာနေတိုင်းရင်းသားများ နယ်သာလန်စင်တာတွင် တည်ရှိသည်။

ရှေ့ဆက်ရမည့်ပန်းတိုင်ကို မြှင့်တင်ရန်နှင့် ခိုင်မြဲစေရန် အထူးသဖြင့် ဌာနေတိုင်းရင်းသူတို့အား ထိရောက်စွာ ကိုယ်စားပြုခြင်းမရှိသေးသောကြောင့် ဌာနေတိုင်းရင်းသူများ ဇီဝမျိုးစုံမျိုးကွဲကွန်ယက်သည် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆွေးနွေးပွဲများတွင် တိုင်းရင်းသူအမျိုးသမီးများကို တက်တက်ကြွကြွ ပါဝင်လှုပ်ရှားစေပါသည်။ သီးသန့်ဆိုရလျှင် ပတ်ဝန်းကျင်ကိုကာကွယ်ရန် ဌာနေတိုင်းရင်းသူအမျိုးသမီးများက ပါဝင်ရမည့် အရေးကြီးသော အခန်းကဏ္ဍကို ပို၍တိုးမြှင့်ပေးရန်ဖြစ်သည်။ ဌာနေတိုင်းရင်းသူများမှာ ရိုးရာဗဟုသုတ၊ တီထွင်မှုနှင့် ဓလေ့စရိုက်များကို သိမ်းဆည်းထားသူများဖြစ်သောကြောင့် ၎င်းတို့၏လယ်မြေများနှင့် သယံဇာတအရင်းအမြစ်များအား ရယူခွင့်နှင့် ထိန်းချုပ်ခွင့်သည် သဘာဝပတ်ဝန်းကျင်အား ရေရှည်အသုံးပြုရန်အတွက် အလွန်အရေးကြီးလှသည်။ ထို့အပြင် ဌာနေတိုင်းရင်းသူအမျိုးသမီးများမှာ ဝင်ငွေ (စီးပွားရေး)အရ ရှာဖွေခွင့်နည်းပါးသော်လည်း ကလေးမွေးခြင်း၊ မိမိလူ့အသိုက်အမြုံ၏ ကျန်းမာရေး စသည့် ကြီးမားသော တာဝန်ကိုယူကြရသည်။ သို့အတွက် ဌာနေတိုင်းရင်းသူများသည် သဘာဝ အရင်းအမြစ် နှင့် ဇီဝမျိုးစုံမျိုးကွဲတို့အပေါ် တွင် သာ၍မှီခိုမှုရှိနေသည်။

**IWBN** ဌာနေတိုင်းရင်းသူများ ဇီဝမျိုးစုံမျိုးကွဲကွန်ယက်သည် **IIFB** အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသူ ဇီဝမျိုးစုံမျိုးကွဲအစည်းအဝေးကြီး၏ ကဏ္ဍတစ်ခုဖြစ်၍ ဌာနေတိုင်းရင်းသူများသည် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် ဆိုင်ရာအစည်းအဝေးများတွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားသည်။ **IWBN** အစည်းအဝေးများကို သီးခြားစီကျင်းပ သော်လည်း ပါဝင်သူများမှာ အပြည့်အဝ တက်တက်ကြွကြွ **IIFB** တွင်ပါဝင်ကြသည်။ ၎င်းတို့၏ လှုပ်ရှားမှုများကို လည်း **IIFB** သို့ ပုံမှန်အစီရင်ခံစာပို့သည်။

**IWBN** ကဲ့သို့ ကမ္ဘာ့အစည်းအဝေးများအပြင် ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ ဒေသတွင်းဆိုင်ရာ ကွန်ယက်များသည် ၎င်းတို့၏ အလုပ်အားလုံးတွင် ပတ်ဝန်းကျင်ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များ ကျယ်ပြန့်လာစေရန် အားစိုက်ထုတ်ပေးခဲ့ကြသည်။

ထိုကဲ့သို့လှုပ်ရှားမှုတစ်ရပ်မှာ ပနားမားနိုင်ငံတွင် လက်တင်အမေရိက၏ ရှေးဦးမိတ်ဆက်အဖြစ် တိုင်းရင်းသူ များနှင့် ဇီဝမျိုးစုံမျိုးကွဲ ဒေသတွင်းကွန်ယက်ကိုဖွဲ့စည်း၍ ဒေသတွင်းမြင်သာထင်ရှားပြီး တက်ကြွစွာလှုပ်ရှား ဆောင်ရွက် စေကြသည်။ ဤကဲ့သို့ပင် အာဖရိကရှိ ဌာနေတိုင်းရင်းသူများအသင်း **AIWO** နှင့် အာရှ ဌာနေတိုင်းရင်းသူများ ကွန်ယက် **(AIWN)** က ဇီဝမျိုးကွဲညီလာခံနှင့် ဌာနေတိုင်းရင်းသူများဟူ၍ ၂၀၀၇ ခုနှစ်တွင် မိမိတို့ ဌာနေတွင်း အလုပ်ရုံဆွေးနွေးပွဲများကို အသီးသီးကျင်းပခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသူတို့၏ အားကောင်းလာ သောကဏ္ဍသည် **IIFB** နှင့် **CBD** လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ပါဝင်လှုပ်ရှားမှုအပေါ် တိုင်းရင်းသူများ၏ အတွေး အမြင်များကို ဖော်ထုတ်ရေးသားထားသော **IIFB** ၏ အဆိုပြုချက်အချို့ကို ထင်ဟပ်စေပါသည်။

IIFB အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ ဇီဝမျိုးစုံမျိုးကွဲအစည်းအဝေးကြီး (၇) ကြိမ်မြောက် ပါတီများညီလာခံ ကွာလာ လမ်ပူမြို့ မလေးရှား၏ အဖွင့်နှုတ်ခွန်းဆက်မှကောက်နုတ်ချက်။ (၂၀၀၄ ခု နှစ် ဖေဖော်ဝါရီလ (၉) ရက်)။

ဌာနေတိုင်းရင်းသူတို့သည် ၎င်းတို့၏ ယဉ်ကျေးမှုများ အမျိုးမျိုး၊ ဘိုးဘွားမျိုးဆက်ရင်းမြစ်နှင့် တီထွင်ဖြင်းအမြင်များ၊ အဝနှင့် ကမ္ဘာ့အမြင်၊ သက်ရှင်သည့်နည်းလမ်းများကို ခိုင်မာစွာအကာအကွယ်ပြုရန် ဆက်လက်ဆောင်ရွက်သည်။

အလျှင်သန်နေသိုင်းနည်းများသည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှု ထာဝရဖြစ်ကြည်မှုနှင့် အဆင့်မြင့်မှုနှင့် ကမ္ဘာ့ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ရာတွင် မရှိမဖြစ်ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းတွင် အမျိုးသမီးများ၏ ကြီးစွာပါဝင်ရန် လိုအပ်နေခြင်းကို ပိုမိုဦးစားပေးသည့် ပါတီများညီလာခံဆုံးဖြတ်ချက် ၆/၁၀ ကိုပြန်သတိရလျှင် ကျွန်ုပ်တို့၏ အလုပ်အားလုံးသော အစီအစဉ်များတွင် ဌာနေတိုင်းရင်းသူတို့ထံမှ အပြည့်အဝနှင့် ထိရောက်စွာ မူပေါင်းပါဝင်မှု ရရှိနိုင်ရန် ဦးတည်ထားရန် ပါတီများကိုတိုက်တွန်းပါသည်။ ဤသည်ကို ကျွန်ုပ်တို့မြင်မြောက် အောင်မြင်နိုင်ရန်မှာ ဌာနေ တိုင်းရင်းသူအမျိုးသမီးများနှင့် ဒေသဆိုင်ရာ နိုင်ငံဆိုင်ရာ နိုင်ငံတကာဆိုင်ရာအဆင့် ဆွေးနွေးတိုင်ပင်ရမည့် လိုအပ်ချက်တစ်ခုဖြစ်ပါ သည်။

ကျွန်ုပ်တို့သည် လာမည့်နှစ်ပတ်အတွင်း စဉ်းစားမည့် ကျွန်ုပ်တို့အစည်းအဝေးမှ ထွက်ပေါ်လာသည့် အဓိကကိစ္စအချို့ကို မီးမောင်းထိုး ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမဦးစွာ ကျွန်ုပ်တို့၏ပါတီများကို သတိပေးသည်မှာ ဌာနေတိုင်းရင်းသူတို့အတွက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင်အသုံးပြုခြင်း၌ အရေးကြီးသော ကဏ္ဍတစ်ခုရှိသည်။ သို့ဖြစ်၍ ပါတီများညီလာခံ ၆/၁၀ နှင့်အညီ ဇီဝမျိုးစုံမျိုးကွဲ၏ အလုပ်အစီအစဉ်နှင့် ဆုံးဖြတ်ချက်တို့ကို အကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း အဆင့်တိုင်းတွင် ထက်ကြွသော ပူးပေါင်းပါဝင်သူများနှင့် ဆုံးဖြတ်ချက်ချသူများမှာ ဌာနေတိုင်းရင်းသူအမျိုးသမီးများဖြစ်သည်ကို၎င်း၊ ၎င်း ဒေသဂေဟစနစ်များနှင့် ဆိုင်သော ကျွန်ုပ်တို့၏ဗဟုသုတအား အသိအမှတ်ပြုရန်ကို၎င်း အရေးတယူရှိသင့်သည်။

ဒုတိယအနေဖြင့် ဌာနေတိုင်းရင်းသူများ၏ ကျန်းမာရေးနှင့် နေထိုင်မှုကောင်းစေရန်မှာ ဂေဟစနစ်များ၏ ခိုင်ခံ့မှု၊ ရိုးရာဓလေ့များနှင့် ရိုးရာဘယဆေးများကိုရယူနိုင်ခြင်းနှင့် ကျွမ်းဝင်စွာဆက်စပ်လျက်ရှိသည်။ ကျွန်ုပ်တို့နှင့် ကလေးသူငယ်တို့၏ ကျန်းမာမှုနှင့် လူနေမှုအဝကောင်းမွန်မှုကို ခြိမ်းခြောက်သော မျိုးဗီဇအရင်းအမြစ်ခိုးယူခြင်း၊ အမြဲရှိနေသည့်သက်ရှိမအော်ဂဲနစ် ညစ်ညမ်းဝတ္ထုများကဲ့သို့သော ညစ်ညမ်းမှုဖြစ်စေသည့် ဝတ္ထုများ၊ ရာသီဥတုပြောင်းလဲမှု၊ ကန္တာရဖြစ်ခြင်းဆိုင်ရာဖြစ်ရပ်များ စသည့်ကိစ္စများကို ပါတီများက ဦးတိုက် လုပ်ဆောင်ရန် တိုက်တွန်းပါသည်။

တတိယအားဖြင့် ဌာနေတိုင်းရင်းသူတို့၏ အခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်သော၊ သူတို့၏အသက်မွေးဝမ်းကြောင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ရင်းမြစ်များရယူနိုင်မှုကို ကန့်သတ်ထားပြီး လူမျိုးစုတစ်စုလုံးကို ဆင်းရဲမွဲတေသွားရခြင်းမှာ ကာကွယ်မြေဧရိယာများကို စီမံခန့်ခွဲရာ၌ ၎င်း၊ စီစစ်သတ်မှတ်ရာ၌ ၎င်း၊ ဌာနေတိုင်းရင်းသူအမျိုးသမီးများနှင့်အတူ လုံလောက်သောရေစပ်ဆွေးနွေးမှုများ မပြုထားသောကြောင့်ဖြစ်သည်။ ကာကွယ်မြေဧရိယာများနှင့် ဆက်နွယ်နေသောလုပ်ငန်းစဉ်များနှင့် ပါတီများ၏ ဆုံးဖြတ်ချက်များတွင် ညီမျှမှုနှင့်အခွင့်အရေးပေးမှုဆိုင်ရာ ကိစ္စများကိုပါ ပြည့်ပြည့်ဝဝထည့်သွင်းဆောင်ရွက်သွားရန် တိုက်တွန်းနှိုးဆော်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ် UNEP ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် CBD သဘောတူစာချုပ် COP ၇/၇ နှင့်ပတ်သတ်သည့် ထောက်ပံ့မှုများနှင့် အလုပ်အမှုဆောင်အဖွဲ့၏ ပိုဒ်ခွဲ-ခ (ည) စာညွှန်း ၂၆ အရ တိကျသေချာသော စွမ်းရည်မြှင့် လှုပ်ရှားမှုများကို ဌာနေတိုင်းရင်းသူများအတွက် ဆောင်ရွက်သင့်သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်မှ တိုက်တွန်းသည်မှာ ဌာနေအဆင့်၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာရေးရာအဆင့်များ၏ အလုပ်စီမံချက်များနှင့် အကျယ်တဝင့် အတွင်းကျကျ နည်းဗျူဟာတည်ဆောက်မှုတွင် အမျိုးသမီးများ၏ အတွေ့အကြုံများကိုပါ စဉ်းစားကြရန်ဖြစ်သည်။ ထိုသို့ပြုမှသာ ကွဲပြားသောအဆင့်များတွင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်းနှင့် အသုံးပြုခြင်းတို့တွင် မျှတသော ကျား-မ ဆက်ဆံရေးကို ခိုင်မြဲစေသောဆောင်ရွက်ချက်များကို ခွဲခြားစီစစ်နိုင်ပေမည်။

**လေ့ကျင့်ခန်း-၂။**

အလုပ်ရုံဆွေးနွေးပွဲ/အုပ်စုဆွေးနွေးပွဲ (၁ နာရီ)

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်းနှင့် အသုံးပြုခြင်းတွင် ကျား-မ ပါဝင်ဆောင်ရွက်မှုမျှတရေးကို အာမခံနိုင်ရန် ခိုင်မာသောဆောင်ရွက်ချက်များကို ခွဲခြားစီစစ်ခြင်း။

၁။ ပူးပေါင်းပါဝင်သူများကို အုပ်စုငယ် (၃)စုခွဲပါ။ တစ်စုစီက ဖြေဆိုရမည့်မေးခွန်းမှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်းနှင့် အသုံးပြုခြင်းတွင် ဌာနေတိုင်းရင်းသူများအား ပူးပေါင်းပါဝင်ရန် ညီမျှသောအခွင့်အရေးများရရှိရေး အာမခံနိုင်ရန် မည်သို့လုပ်ဆောင်နိုင်သနည်း။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဒေသတွင်းအဆင့်၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာအဆင့်များတွင် ဝင်ရောက်ပါဝင်နိုင်ရန် အကြံပြုပေးပါ။

၂။ အုပ်စုများက ၎င်းတို့၏ အကြံပေးခြင်းများကို အောက်ပါဇယားဆွဲ စက္ကူစာကြမ်းတွင် ဖြည့်စွက်ပါ။

| အကောင်အထည် ဖော်ခြင်း အဆင့်များ။ | ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ဌာနေတိုင်းရင်းသူများ၏ မျှတသောပူးပေါင်းပါဝင်မှုကိုအာမခံသော အကြံပေးခြင်းများ။ |
|---|---|
| ဒေသတွင်း | |
| နိုင်ငံတွင်း | |
| နိုင်ငံတကာ | |

၃။ အုပ်စုတစ်စုစီအတွက် ၎င်းတို့ဆွေးနွေးခြင်းရလဒ်များကို အစီရင်ခံရန် (၁၀) မိနစ်စီပေးပါ။

၄။ ပံ့ပိုးကူညီသူက အဓိကအကြံပေးချက်များကို စုပေါင်း၍ အကျဉ်းချုပ်လိုက်ပြီးနောက် ဆွေးနွေးခြင်းကို နိဂုံးချုပ်သည်။

အောက်ခြေအညွှန်းများ။
၁. CBD, Preamble, paragraph 13, 1996. ၂. Filippini 2002. ၃. http//wwww.nciv.net/spans/wbn/WBN.htm.

www.burmeseclassic.com

www.burmeseclassic.com



# Notes:

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၅

## ဌာနေတိုင်းရင်းသားများနှင့် ဇီဝနည်းပညာ

ရည်မှန်းချက်။

၁။ မျိုးဗီဇကို စီမံပြောင်းလဲချယ်ကိုင်ခြင်း၊ မျိုးဗီဇအရ ပုံပြုပြင်ပြောင်းလဲထားသော သက်ရှိများနှင့် ဌာနေတိုင်းရင်းသားများအပေါ် ၎င်းတို့၏ ထိခိုက်သက်ရောက်မှုများကို နားလည်စေရန်။

၂။ စိတ်ဝင်စားစရာကောင်းသော သို့မဟုတ် စီးပွားရေးအရ တန်ဖိုးရှိသော ဇီဝမျိုးဗီဇ အရင်းအမြစ်ကို ရှာဖွေခြင်း၊ ခိုးယူခြင်းနှင့် ဌာနေတိုင်းရင်းသားများအပေါ် ၎င်းတို့၏ ထိခိုက်သက်ရောက်မှုကို နားလည်စေရန်။

၃။ ကာတီဂျီနား သဘောတူညီချက်နှင့် ဌာနေတိုင်းရင်းသားပြည်သူများအတွက် ၎င်း၏ ပတ်သက်ဆက်နွယ်နေပုံကို သိစေရန်။

၄။ ဌာနေတိုင်းရင်းသားပြည်သူများ နယ်နိမိတ်ဖြစ်သော မြေဧရိယာအတွင်းတွင် မျိုးဗီဇအရင်းအမြစ်များကို စီးပွားရေးအရ အသုံးပြုရန် လာရောက်ရှာဖွေခြင်း ပြဿနာကို ထုတ်ဖော်ပြောဆိုရန် ဒေသခံတို့က မည်သည်တို့လုပ်ဆောင်ရန် လိုအပ်သည်ကို စူးစမ်းရှာဖွေရန်။

၅။ မျိုးဗီဇအရ ပြုပြင်ပြောင်းလဲထားသော သက်ရှိ ဇော်ဂဲနစ်များ GMOs နှင့် ဇီဝနည်းပညာနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ ကနဦးလှုပ်ရှားမှုများနှင့် ဆောင်ရွက်နေမှုများကို မီးမောင်းထိုးပြရန်။

အရင်းအမြစ်များ။

- ဟာဝိုင်ယီ၏ ဇီဝမျိုးစုံမျိုးကွဲကို တာတွယ်ပါ။ ပါဝါပွိုင့်
- ဌာနေတိုင်းရင်းသား၊ မျိုးဗီဇနှင့်မျိုးဗီဇပညာ။ ဌာနေတိုင်းရင်းသားများ သိသင့်သည့် ဇီဝကိုလိုနီနယ်ချဲ့မှု အခြေခံဖြစ်သော အရင်းအမြစ်ဖြစ်သော လက်စွဲစာအုပ်။
- ဇီဝလုံခြုံမှု တိုင်းကာရေးတန်ဆာပလာ။
- GMOs နှင့် ကာတီဂျီနားသဘောတူညီချက်ကို အကောင်အထည်ဖေါ်ခြင်းဆိုင်ရာ သင်တန်း။
- ဇီဝလုံခြုံမှုဆိုင်ရာ ကာတီဂျီနားသဘောတူညီချက်ကို အကောင်အထည်ဖေါ်ရာတွင် ပါဝင်ကူညီရန် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စွမ်းရည်မြှင့်တင်ထည်ဆောက်မှု။

အချိန်

၂ နာရီ

ဆောင်ရွက်ချက်

လေ့ကျင့်ခန်း-၁။

ဗီဒီယိုပြပွဲ - ဆိုကြမယ်၊ ပြောကြမယ်။ (၃၀ မိနစ်)

၁။ ဟာဝိုင်ယီကျွန်းရှိ မျိုးဗီဇအရပုံပြောင်းထားသော သက်ရှိဇော်ဂဲနစ်များ GMOs ဇာတ်လမ်းအတိုကိုပြပါ။ www.indigenousportal.com

၂။ ပါဝင်တက်ရောက်သူများသည် ဇာတ်လမ်း ရုပ်ရှင်ပါအကြောင်းများနှင့်စပ်ဆိုင်၍ မိမိတို့ထင်မြင်ယူဆချက်များကို ပြောကြဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## တင်ပြချက်နှင့် ဆွေးနွေးချက်။ (၁ နာရီ)

၁။ အခေါ်အဝေါ်များကိုအဓိပ္ပါယ်သတ်မှတ်ခြင်း။

မျိုးဗီဇအရ ပြုပြင်ပြောင်းလဲထားသော သက်ရှိအော်ဂဲနစ်များ **GMOs** နှင့်ဆိုင်သောအကြောင်းကိစ္စများကို နားလည်ရန် အောက်ပါအခြေခံ အခေါ်အဝေါ်များသုံးနှုန်းပုံကို အဓိပ္ပါယ်သတ်မှတ်ရန် လိုအပ်ပါသည်။

- ဇီဝမျိုးစုံမျိုးကွဲခြင်း - ယေဘုယျအသုံးအနှုန်းဖြစ်ပြီး မည်သည့်အရင်းအမြစ်မဆို မြေနှင့်သတ္တဝါ ဂေဟစနစ်များ၊ အခြားရေဂေဟစနစ်များနှင့် အခြားဂေဟဆိုင်ရာ စုပေါင်းနေရာများနှင့် အစိတ်အပိုင်းများတွင် သက်ရှိအဖွဲ့အစည်းများ၏ ကွဲပြားမှုများကို ရည်ညွှန်းသည့် အသုံးအနှုန်းများဖြစ်သည်။
ဇီဝဆိုင်ရာအရင်းအမြစ်များ - မျိုးဗီဇအရင်းအမြစ်များ၊ သက်ရှိအဖွဲ့နှင့် အစိတ်အပိုင်းများ၊ အုပ်စုများသော်၎င်း၊ အခြားသောလူသားအကျိုးမြစ် အသုံးပြုနိုင်သော အမှန်တန်ဖိုးရှိသော သို့မဟုတ် တန်ဖိုးရှိနိုင်သော ဂေဟစနစ်များ၏ ဇီဝအစိတ်အပိုင်းများ ဖြစ်သည်။
- ဇီဝဂေဟ - ကမ္ဘာ့မြေမျက်နှာပြင်မှ ၁၅ ကီလိုမီတာနည်းပါးထုရှိသော လေဝန်းကျင်၊ ရေဝန်းကျင် (ကမ္ဘာ့ရေများ)၊ လစ်သိုစဖီးယား (ကမ္ဘာ့မြေမျက်နှာပြင်)တို့ဖြင့် ဖွဲ့စည်းထားသည့် ပတ်ဝန်းကျင်အစုအားလုံး။
- ဇီဝနည်းပညာ - သီးသန့် ရည်ရွယ်အသုံးပြုခြင်းများအတွက် လုပ်ငန်းစဉ်များ သို့မဟုတ် ထုတ်ကုန်များကို ပြုပြင်ပြောင်းလဲလိုက်ခြင်း သို့မဟုတ် အသစ်တီထွင်ခြင်းအတွက် ဇီဝဆိုင်ရာအရင်းအမြစ်များ၊ သက်ရှိအဖွဲ့အစည်းများ သို့မဟုတ် ၎င်းတို့မှ ဆင်းသက်ပစ္စည်းများကိုသုံးထားသော နည်းပညာပိုင်းဆိုင်ရာလုပ်ဆောင်ခြင်း။
- ဇီဝမျိုးဗီဇအရင်းအမြစ်များ - အပင်များ၊ သတ္တဝါများ၊ အဏုကြည့်မြင်ရသော သက်ရှိများ၊ ဆဲလ်များနှင့် မျိုးဗီဇများ အပါအဝင် ဇီဝဆိုင်ရာနှင့် မျိုးဗီဇဆိုင်ရာအအရင်းအမြစ်များ။
- ဇီဝမျိုးဗီဇခိုးယူခြင်း - ဇီဝမျိုးဗီဇဆိုင်ရာ အရင်းအမြစ်များကို ခိုးယူခြင်း။ ဌာနေတိုင်းရင်းသားအုပ်စုများနှင့် လယ်ယာလုပ်ငန်းဆိုင်ရာ မျိုးဗီဇအရင်းအမြစ်များနှင့် ဗဟုသုတများကို တဦးတည်း အကြွင်းမဲ့ပိုင်ဆိုင်ချုပ်ကိုင် ခြယ်လှယ်လိုမှုကို ရည်ညွှန်းသည်။
- ဇီဝမျိုးများရှာဖွေခြင်း - စိတ်ဝင်စားစရာကောင်းသော သို့မဟုတ် စီးပွားရေးအရ တန်ဖိုးရှိနိုင်သော မျိုးဗီဇနှင့် မျိုးစိတ်များကို ရှာဖွေခြင်း။
- မျိုးဗီဇကွဲပြားခြင်း - မျိုးဗီဇများအမျိုးမျိုးနှင့် အထူးမျိုးဗီဇကွဲပြားနေသော မျိုးကွဲများ။
- မျိုးဗီဇအရင်းအမြစ်များ - အမှန်တကယ်တန်ဖိုး သို့မဟုတ် တန်ဖိုးရှိနိုင်ချေရှိသော မျိုးဗီဇ ဆိုင်ရာပစ္စည်းဝတ္ထုများ။
- မျိုးဗီဇဗီမံပြောင်းလဲချုပ်ကိုင်ခြင်း - ဓါတ်ခွဲခန်းတွင် မျိုးဗီဇဝတ္ထုများကို ခြယ်လှယ်ချုပ်ကိုင်ခြင်း။ ဤသို့လုပ်ဆောင်ရာတွင် မျိုးပွားမှုဖြစ်စဉ်များ ကူးလူးခြင်းဖြင့် မတူသောမျိုးစုများ တစ်ခုမှတစ်ခုသို့ **DNA** သို့မဟုတ် မျိုးဗီဇများကို ပြန်လည်စုပေါင်းခြင်း၊ မျိုးဗီဇများပွားယူခြင်း၊ ပုံတူကူးခြင်းနှင့် သီးသန့်ဖြစ်စေခြင်းတို့ ပါဝင်သည်။
- မျိုးဗီဇပြုပြင်ပြောင်းလဲထားသော သက်ရှိများ **GMOs** - ထိုအရာများတွင် အပင်ကိုပြောင်းရန်၊ သီးနှံများ၌ အခြားသက်ရှိ၏ မျိုးဗီဇထည့်သွင်းခြင်းဖြင့် အပင်များကို ပုံပြောင်းခြင်းများပါဝင်သည်။ မျိုးဗီဇပြောင်းထားသော ပဲပိစပ်သည် အပင်သတ်ဆေးနှင့်အတူ ပက်ဖြန်းခြင်းဖြင့် သမရိုးကျပဲပိစပ်ကို သတ်နိုင်သည်။ အမြင်၊ အရသာ၊ ကြီးထွားမှုမှာ မူသသမရိုးကျ ပဲပိစပ်ကဲ့သို့ဟုထင်ရသော်လည်း မော်လီကျူးအဆင့်တွင်မူ ကွာခြားသည်။
- မျိုးဗီဇသုံးရာတွင် တားဆီးမှုနည်းပညာများ **GURTs** - ဤသည်မှာ ကမ္ဘာ့ကုလသမဂ္ဂနှင့် သိပ္ပံပညာရှင်များ သုံးသော အသုံးသတ်ပေးသည့် နည်းပညာ၏ တရားဝင်အမည်ဖြစ်သည်။ ဓါတု သို့မဟုတ် ရူပလှုံ့ဆော်ဝတ္ထု (ဥပမာ-အပူလှိုင်း) ကဲ့သို့သော ပြင်ပဝတ္ထုကိုသုံးလျှက် မူလကရှိနေသောမျိုးဗီဇကို ယန္တရားတစ်ခုတွင် ၎င်းတို့၏ဒီဇိုင်းအရ အဖွင့်/အပိတ်ပြုပေးရသော ယေဘုယျနည်းပညာရပ် တစ်မျိုးဖြစ်သည်။ ၎င်း၏နည်းပညာရပ် နှစ်မျိုးနှစ်စားမှာ အရည်အသွေးနှင့်သက်ဆိုင်သော **T-GURTs** နှင့် အမျိုးအစားအမျိုးမျိုးနှင့်သက်ဆိုင်သော **V-GURTs** ဟူ၍ ဖြစ်သည်။ **T-GURTs** က ပိုးမွှားခံနိုင်ရည်ရှိမှု၊ ဇီအားပြင်းထန်ခြင်းကို ခံနိုင်ရည်ရှိမှု၊ အဟာရများထုတ်လုပ်မှု ကဲ့သို့သော အရည်အသွေးဆိုင်ရာ အသုံးပြုနိုင်မှုကို ထိန်းချုပ်ရန်ရည်ရွယ်သည်။ **V-GURTs** က မျိုးစေ့မအောင်ခြင်း (မြုံခြင်း)ကို ဖြစ်စေတတ်သော မျိုးပွားဖြစ်စဉ်များကို ထိန်းချုပ်ထားသည်။ ဤသို့အားဖြင့် အပင်၏ ကွဲပြားနေသောအစိတ်အပိုင်းများအားလုံး အလုပ်လုပ်နိုင်မှုကို အဓိအဓိုကင်းစွာ ရှင်သန်ဖွံ့ဖြိုးလာနိုင်စေသည်။ **GURTs** ၏ လုပ်ဆောင်မှုကို ရပ်တန့်ရန် သို့မဟုတ် ဆက်လက်လုပ်ဆောင်နေရန် ပြင်ပမှနေ၍ ထိန်းချုပ်နိုင်သောကြောင့် မျိုးစေ့များ၏ အရည်အသွေးကို၎င်း၊ မှီခိုမှုရှင်သန်ဖွံ့ဖြိုးမှုကို၎င်း၊ သက်ဆိုင်ရာမျိုးဝင်မှ ထိန်းချုပ်ပေးနိုင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဇီဝမျိုးဗီဇရှာဖွေခြင်းနှင့် မျိုးဗီဇကို စီမံပြောင်းလဲချုပ်ကိုင်ခြင်းကြောင့် ဌာနေတိုင်းရင်းသားများအတွက် ခြိမ်းခြောက်မှုများ။

**စိုက်ပျိုးရေး မျိုးဗီဇဆိုင်ရာပြဿနာအချို့။ နယ်ချဲ့ခြင်းနှင့် ပိုင်ဆိုင်ရယူခြင်း။**

မပြတ်မလပ် (သို့) မရပ်မနား စိုက်ပျိုးရေး၊ သတ္တုတူးဖော် ခေါင်းပုံဖြတ်ခြင်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ထုတ်လုပ်ခြင်းသည် စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများကို ဆုံးရှုံးခြင်းနှင့် မျိုးဗီဇများ ဒုနှင့်ဒေး လျင်မြန်စွာပြိုလဲခြင်းကို ဦးတည်နေသည်။ စက်မှုလယ်ယာလုပ်ငန်းဆောင်တာများကြောင့် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကပင် စိုက်ပျိုးရေးဆိုင်ရာ မျိုးဗီဇများ၏ ၇၅%ကို ဆုံးရှုံးခဲ့သည်ဟု စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ အဖွဲ့အစည်း **(FAO)**မှ ခန့်မှန်းသည်။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ နိုင်ငံကျော် ကူးလူးဆက်ဆံသော စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးအားဖြင့်၄င်း၊ အလုံးအရင်းဈေးကွက်အားဖြင့်၄င်း၊ မျိုးဗီဇစီမံခန့်ခွဲချုပ်ကိုင်ခြင်းနည်းပညာများ တိုးတက်ဖွံ့ဖြိုးခဲ့ပေပြီ။

ထုတ်ကုန်တစ်မျိုးတစ်စားတည်းအတွက် နိုင်ငံတကာဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးစေရန်ရည်မှန်းသောကြောင့် ကျေးလက်မြေအနိမ့်အမြင့် ကျယ်ပြန့်သောနေရာများ၌ မျိုးဗီဇညီမျှသော သီးနှံတစ်မျိုးတစ်စားတည်းကိုသာ ကျယ်ပြန့်စွာ ဆက်လက်စိုက်ပျိုးသွားတော့မည်။

စိုက်ပျိုးရေးသီးနှံအမျိုးမျိုးနေရာတွင် မျိုးဗီဇစီမံပြောင်းလဲထားသောမျိုးစေ့များဖြင့် အစားထိုးရန်မျှော်လင့်ချက်ဖြင့် လယ်သမားများနှင့် ကျေးလက်တောင်သူဦးကြီးများရှိရာ လူ့ဝန်းကျင်ငယ်များသို့တိုင် မျိုးဗီဇစီမံပြောင်းလဲထားသောသီးနှံများ၏ ကုမ္ပဏီများရောက်ရှိလာသောကြောင့် မျိုးဗီဇပြောင်းလဲခြင်း လုပ်ဆောင်နေသောလမ်းကြောင်းသည် တိုင်းရင်းသားလူမျိုးများနှင့် တပိုင်တနိုင်လုပ်ကိုင်စားသောက်သော လယ်သမားများကို ခြိမ်းခြောက်နေပါသည်။ ထိုကုမ္ပဏီကြီးများသည် သီးနှံမျိုးစုံမျိုးကွဲများနှင့် ၄င်းတို့၏မူရင်းဒေသများသို့ပင် ဝင်ရောက်သွားကြပြီ။ အာလူး၏ မူလရင်းမြစ်ဒေသဖြစ်သော အင်ဒီးတောင်တန်းဒေသများတွင်မွန်ဆန်တိုအာလူးများကို အစပြုတင်သွင်းနေပေပြီ။ နှစ်ပေါင်းထောင်ချီကပင် မေရမ်လူမျိုးများအား ပြောင်းပင်များကို အိမ်တွင်းဝမ်းစာရေးအဖြစ်သုံးခဲ့ပြီး မျိုးကွဲအမျိုးမျိုးတီထွင်ထားခဲ့သော မက္ကဆီကိုနိုင်ငံသို့ မျိုးဗီဇပြောင်းလဲထားသော ပြောင်းဖူးများကို စတင်မိတ်ဆက်ခေါ် ယူလာပေပြီ။

မျိုးဗီဇ စီမံပြောင်းလဲချုပ်ကိုင်ထားသော ကုမ္ပဏီများက အပင်များနှင့် တိရစ္ဆာန်များ၏မျိုးစိတ်များကို ခိုးယူသွားမည်ကို တိုင်းရင်းသားလူမျိုးများစွာက သတိတရပူပန်စိုးရွံ့နေကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အများအားဖြင့် တိုင်းရင်းသားများနှင့် ကျေးလက်တောင်သူများ၏ဝန်းကျင်တွင် သက်ရှင်သတ္တဝါမျိုးစုံမျိုးကွဲများ၏ ၉၀%ကို ကာကွယ်ထားသောကြောင့် အပင်မျိုးဗီဇဆိုင်ရာ ကုမ္ပဏီများသည် ထိုသို့သောနယ်မြေများကို မျှော်မှန်းနေကြသည်။ ထိုဒေသများရှိ အပင်များနှင့်တိရိစ္ဆာန်များ၏ မျိုးစိတ်များကို၄င်း၊ စားသောက်ရန်နှင့်ဆေးဝါးကုသရန် ထိုမျိုးစိတ်များ၏ အသုံးဝင်သော ဂုဏ်သတ္တိများနှင့်ဆိုင်၍ ဌာနေတိုင်းရင်းသားတို့ရှိ ဗဟုသုတများကို၄င်း စိတ်ဝင်စားကြသည်။

ကိစ္စအတော်များများတွင် ထိုကုမ္ပဏီများသည် ဌာနေတိုင်းရင်းသားများ၏ သဘောတူညီမှု (သို့) သိနားလည်မှုမပါရှိဘဲ မျိုးစိတ်ကွဲများကို ယူဆောင်သွားကြပြီးနောက် ထိုတိရိစ္ဆာန်များနှင့် အပင်များနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ခွင့် အခိုင်အမာရှိကြောင်း တရားရေးအရမဟုတ်ဘဲ တောင်းဆိုနေကြသည်။ ထိုတိရိစ္ဆာန်များနှင့် အပင်များအပေါ် မူပိုင်ခွင့်ရရှိရန် လျှောက်ထားကြပြီး မူပိုင်ခွင့်ရယူသွားကြသည်။ ထိုသက်ရှိများ၏ တစ်ဦးတည်း ပိုင်ဆိုင်သူနှင့်တီထွင်ခွင့်ရထားသူများအဖြစ် ထိုကုမ္ပဏီများကို ထိုမူပိုင်ခွင့်များက သတ်မှတ်ထားကြပါသည်။ သက်ရှိသတ္တဝါများအပေါ် မူပိုင်ခွင့်ရှိသည်အတွက်၊ စမ်းသပ်စစ်ဆေး၍ လယ်ယာ၌ စိုက်ပျိုးထားသော မျိုးဗီဇစီမံပြောင်းလဲချုပ်ကိုင်ထားသော မျိုးစေ့များသည်၄င်း၊ စူပါမက်ကပ်များ၊ စားသောက်ဆိုင်များနှင့်ဈေးဆိုင်များရှိ မျိုးဗီဇပြောင်းလဲထားသော အစားအသောက်များအားလုံးသည်၄င်း မျိုးဗီဇပြောင်းလဲစီမံခြင်းပြုသော ကုမ္ပဏီများ၏မူပိုင်ခွင့် ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။

ထိုသို့ မူပိုင်ခွင့်သည် အပင်များအပေါ် မျိုးစေ့ကုမ္ပဏီများက ထိန်းချုပ်ခြယ်လှယ်ခွင့်ရှိစေသောကြောင့် အသက်ရှင်နေခြင်း၏ ပိုင်ရှင်ဖြစ်လိုသော အတွေးအခေါ် အပါအဝင် သစ်ပင်များအပေါ် မူပိုင်ခွင့်ရှိခြင်းကို လူအများက ဆန့်ကျင်ကြသည်။ လွန်ခဲ့သောနှစ်ပေါင်းအနည်းငယ်မှစ၍ ဖြစ်ပေါ် လာသော စိုက်ပျိုးရေးဆိုင်ရာ ဓာတုပစ္စည်းများ စက်မှုလုပ်ငန်းများနှင့် မျိုးစေ့တို့ လျင်မြန်စွာပေါင်းစည်းဖြစ်တည်နေသော အမြင်ရှိနေခြင်းကြောင့် ဤတိုးတက်ဖွံ့ဖြိုးလာမှုကို လယ်ယာအစည်းအရုံးများက အထူးတလည်သတိပြုမိကာ စိတ်ဝင်စားလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**အဆုံးသတ်သည့်မျိုးစေ့-နှင့် -အရည်အသွေးမျိုးစေ့-**

သမရိုးကျနည်းဖြင့် မျိုးစေ့လဲလှယ်ခြင်းနှင့် မျိုးစေ့စုဆောင်းခြင်းအပေါ် မှီခိုနေသော တပိုင်တနိုင်လယ်လုပ်သူလယ်သမားများဦးရေသည် ကမ္ဘာတဝှမ်းတွင် ၁.၄ ဘီလီယံခန့်ရှိသည်။ မျိုးစေ့များစုဆောင်းရာတွင် အသုံးဝင်နိုင်ပြီး မိမိတို့စီးပွားရေးအတွက် စိတ်ဝင်စားဖွယ်ကောင်းသောကြောင့်၊ မျိုးစေ့များတွင် ဓာတုပစ္စည်း သို့မဟုတ် ဇီဝတားဆေးများကိုထည့်သွင်းသော မျိုးပွားခြင်းထိန်းချုပ်မှုနည်းပညာကိုကုမ္ပဏီအတော်များများက တိုးတက်ဖွံ့ဖြိုးလာစေသည်။ ထိုနည်းပညာများသည် မှီခိုမှုကင်းကင်းဖြင့် ရှင်သန်နိုင်သော၊ မိမိတို့ကိုယ်ပိုင်မျိုးစေ့များ ထုတ်လုပ်နိုင်သောအပင်များ၏ စွမ်းရည်ကို ဖျက်ဆီးလိုက်သည်။ ဤနည်းဖြင့် မျိုးစေ့ကုမ္ပဏီများသည် လယ်သမားများကို စိုက်ပျိုးရာသီတိုင်း၌ မျိုးစေ့ဈေးကွက်သို့ ပြန်ရောက်လာရန် သေသေချာချာ လုပ်ဆောင်ထားသည်။ မျိုးဗီဇစီမံပြောင်းလဲထားသော မျိုးစေ့များ၏ မျိုးပွားမှုထိန်းချုပ်ခံထားရခြင်းသည် ဝတ်မှုန်ကူးခြင်းကဲ့သို့သော ဖြစ်စဉ်များမှတဆင့် အခြားမျိုးကွဲမျိုးစိတ်များနှင့် မျိုးစပ်မိသွားပြီး ပျံ့နှံ့သွားမည်ကို စိုးရိမ်နေကြရသည်။ **Terminator** ဟု ဆိုလျော်စွာ အမည်တပ်ထားသော အဆုံးသတ်ပေးသည့်နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်ဆန့်ကျင်လာကြပြီး မေရီလန်းကဲ့သို့ ပြည်နယ်များနှင့် အိန္ဒိယနိုင်ငံတွင် တားမြစ်ပိတ်ပင်ထားသော လုပ်ရပ်များဖြစ်သည်။ ရေရှည်ပျက်စီးဆုံးရှုံးမှုရှိနိုင်သော်လည်း အမေရိကန်နိုင်ငံ၏မြစ်ဝကျွန်းပေါ်ဒေသနှင့် စိုက်ပျိုးရေးဌာနနှင့် ပိုင်းလန်းကုမ္ပဏီတို့သည် ထိုနည်းပညာများကို ဖွံ့ဖြိုးလာရန် ဆက်လက်လုပ်ဆောင်နေသည်။

ဆက်နွယ်နေသော်လည်း သက်တမ်းနုသေးသည့် အပင်ပိုင်းဆိုင်ရာနည်းပညာတစ်ခုမှာ အရည်အသွေးမြင့်မျိုးစေ့နည်းပညာဖြစ်သည်။ အပင်များရှိ ဗီဇအရည်အသွေးများကို တိုးမြှင့်ရန် (သို့) လျှော့ချရန် ပြင်ပဓာတုပစ္စည်းတစ်မျိုးကိုသုံးသော နည်းပညာဖြစ်ပါသည်။ ဥပမာအားဖြင့် ကုမ္ပဏီများသည် အပင်တပင်၏ သဘာဝအလျောက် ခုခံကာကွယ်စွမ်းစနစ် ကိုလျှော့ချရန်ကြိုးစားပြီး ထိုအပင် အလွန်ကြီးထွားဖွံ့ဖြိုးရန် လိုအပ်သောပိုးသတ်ဆေးများကို အသုံးပြုမည်။ ဤနည်းပညာ၏ အမြင်သာဆုံးလက်တွေ့ဆောင်ရွက်နေမှုမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုပစ္စည်းများအပေါ်မှီခိုနေရမှု တိုးလာခြင်းပင်ဖြစ်သည်။ အခြားသောကြောက်လန့်ဖွယ်လုပ်ဆောင်နေမှုများမှာ ဇီဝဗီဇအရ ပဋိပက္ခများအတွက် ထိုနည်းပညာကို သုံးစွဲလာနိုင်ဖွယ်ရှိသောလုပ်ဆောင်မှုများသို့ ဦးတည်နေပါသည်။ မျိုးစေ့များမျိုးပွားမှုကိုအဆုံးသတ်ပေးသောအရည်အသွေးနှင့် မျိုးစေ့၏အချို့ဂုဏ်သတ္တိများကို မြှင့်တင်ပေးသော အရည်အသွေးများကိုထိုပျိုးပင်များ၏ဝတ်မှုန်များက သယ်ဆောင်ထားခြင်းကြောင့် အခြားမရည်ရွယ်သောမျိုးစိတ်ပျိုးပင်များသို့ ပင်ခြားဝတ်မှုန်ကူးသွားခြင်း ဖြစ်လာနိုင်ဖွယ်ရှိခြင်းသည် အန္တရာယ်တစ်ရပ် အမှန်ပင် ဖြစ်ပါသည်။

**ဇီဝမျိုးဗီဇရှာဖွေခြင်းနှင့် မျိုးဗီဇစီမံပြုပြင်ပြောင်းလဲခြင်းကို မည်သူတို့ လုပ်ဆောင်သနည်း။**

- ဆေးဝါးဆိုင်ရာနှင့် စိုက်ပျိုးရေးဆိုင်ရာ ကုမ္ပဏီများ။
- ဇီဝနည်းပညာလုပ်ငန်းအစုများ။
- တက္ကသိုလ်များမှ သုတေသီများ။
- အစိုးရဆိုင်ရာ ကိုယ်စားလှယ်များ။

> မျိုးဗီဇပြုပြင်ထားသော သက်ရှိအော်ဂဲနစ်များ (GMO)ကို လွှတ်လပ်ခွင့်ပေးထားသော လယ်တွင်းပြင်များအတွင်း ခွင့်ပြုချက်ရရှိထားသော ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းများ ဟာဝိုင်အီ၌ လေ့လာစမ်းသပ်မှုများ။
> တောင်အီလီနွိုက်တက္ကသိုလ်၊ ဟာဝိုင်ယီစိုက်ပျိုးရေးသုတေသနဌာန၊ အိုင်အိုဝါ အစိုးရတက္ကသိုလ်၊ အရီဇိုနားတက္ကသိုလ်၊ စတဲန်းဖို့ဒ်တက္ကသိုလ်၊ ဟာဝိုင်ယီတက္ကသိုလ်၊ စတိုင်းဇီဝနည်းပညာ၊ အသုံးချ ဆဲလ်ပညာ၊ ဗီဖဲလ် မျိုးစပ်ခြင်း၊ DNA အပင်နည်းပညာ၊ ကယ်လီဖိုးနီးယားတက္ကသိုလ်၊ ဝတ်စ်တော့ဆင် တက္ကသိုလ်၊ အေဗဲန်းတစ်၊ ပရော့ဒီဂျင်း၊ ဂတ်စ်၊ ဒူးပွန်း၊ ပိုင်အောနီးယား၊ ဆီဂျဲန်တာ၊ မွန်ဆန်တို၊ ဒီကာလို၊ ဟိုဒန်၊ ဒိုး၊ အဲနိုဗီ နှင့် ဟာဘာရစ်၊ ဆီဘာ-ဂီဂီ။

**ဇီဝမျိုးဗီဇရှာဖွေခြင်းနှင့် မျိုးဗီဇစီမံပြုပြင်ပြောင်းလဲခြင်းတို့ မည်သည့်နေရာတွင် ဖြစ်နေသနည်း။**

- မျိုးစိတ်များအကြားနှင့် မျိုးကွဲအရေအတွက်များအကြား ကွဲပြားမှုမျိုးစုံစွာရှိနေသော ဇီဝမျိုးစုံမျိုးကွဲများရှိရာဧရိယာများ။
- တိုင်းရင်းသားများနေထိုင်ရာ နယ်မြေများ။

www.burmeseclassic.com

www.burmeseclassic.com



**အဘယ်ကြောင့် တိုင်းရင်းသားများနှင့် ၄င်းတို့ဆိုင်ရာနယ်မြေများတွင် ဤသို့ဖြစ်နေသနည်း။**

- တိုင်းရင်းသားများသည် မျိုးစုံမျိုးကွဲနေမှုများကို မိမိတို့မျိုးရိုးအဆက်ဆက်ကပင် ထိန်းသိမ်းလာ၍ ဖွံ့ဖြိုးလာစေသည်။
- မျိုးဗီဇအရင်းအမြစ်များ၊ တိရိစ္ဆာန်များ၊ အပင်များကို ထုံးတမ်းစဉ်လာအရ အသုံးပြုခြင်းနှင့်ဆိုင်သော တိုင်းရင်းသားတို့၏ ကျယ်ပြန့်သောဗဟုသုတအသိများကို ရှာဖွေလေ့လာနေကြသည်။

**မျိုးဗီဇရှာဖွေလေ့လာခြင်းကြောင့် မည်သည့်သက်ရောက်မှုများရှိသနည်း။**

- တိုင်းရင်းသားတို့၏ အခွင့်အရေးဖြစ်သော ကြိုတင်၍သတင်းပေးကာ လွတ်လပ်စွာ သဘောတူညီနိုင်ခွင့်ကို ချိုးဖောက်ခံရသည်။ ဆိုလိုသည်မှာ မျိုးစိတ်မျိုးကွဲဆိုင်ရာ ဗဟုသုတများနှင့် မျိုးနမူနာများကို တိုင်းရင်းသားတို့အား ပြည့်ပြည့်စုံစုံအသိပေးကာ ခွင့်ပြုမှုရယူခြင်းမရှိဘဲ ယူဆောင်သွားကြသည်။
- ဌာနေတိုင်းရင်းသားတို့၏ ပါဝင်လုပ်ဆောင်ထားမှုကို အသိအမှတ်ပြုခြင်းမရှိပေ။ ဆိုလိုသည်မှာ မည်သူ့အပိုင်ကို မည်သူ့အရပ်မှ ယူလာခဲ့သည်ဟူသော ရင်းမြစ်ကိုဖော်ပြပြီး အသိအမှတ်ပြုခြင်းမရှိပါ။ စီးပွားရေးအရ ရရှိလာသော အကျိုးအမြတ်များကိုလည်း မျှဝေခြင်းမရှိပါ။

၃။ မျိုးဗီဇစီမံပြောင်းလဲချုပ်ကိုင်ခြင်းနှင့် မျိုးဗီဇပြောင်းလဲထားသော သက်ရှိများ **(GMOs)** မျိုးဗီဇစီမံပြောင်းလဲချုပ်ကိုင်ခြင်းကြောင့် မည်သည့်သက်ရောက်မှုများ ရှိလာသနည်း။

အောက်ပါသက်ရောက်မှုများ ပါဝင်သည်။

ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ။ ဇီဝညစ်ညမ်းမှုဖြစ်လာခြင်း၊ သီးနှံညစ်ညမ်းမှုနှင့် တရားစွဲဆိုခြင်း၊ တရားဝင်စာချုပ်ရေးထိုးခြင်း၊ အာမခံထားခြင်း၊ ယုံကြည်စိတ်ချထားရခြင်း စသည့် တရားရေးအမှုကိစ္စများကို လယ်သမားများ ရင်ဆိုင်ရခြင်း။

- ကျန်းမာရေးဆိုင်ရာ အန္တရာယ်ဖြစ်ဖွယ်ရာများ
  - » ကျွန်ုပ်တို့၏အစားအသောက်များ၌ ဓာတ်မတည့်မှုအသစ်များကို တီထွင်ထားခြင်း။
  - » အစာအဆိပ်ဖြစ်မှုကို တိုးပွားလာစေသော ပြုပြင်ထားမှု။
  - » မျိုးဗီဇစီမံပြုပြင်ထားသော အစာများကိုစားခြင်းဖြင့် လူသားတို့ကျန်းမာရေးကို ထိခိုက်တတ်သော အစွမ်းသတ္တိများရှိနေခြင်း။
  - » ရောဂါပိုးသတ်ပေးသော ပဋိဇီဝဆေးများမတိုးတော့ရန် ခုခံထားနိုင်မှုကို အပင်မှ လူနှင့်တိရိစ္ဆာန်များထံ သယ်ယူပို့ဆောင်ပေးခြင်း။
- ဇီဝညစ်ညမ်းမှုနှင့် သီးနှံများညစ်ညမ်းမှု။

မျိုးဗီဇ ပြုပြင်ပြောင်းလဲထားသော နည်းပညာသုံးသည့် ကောက်ပဲသီးနှံများကို ဟာဝိုင်ယီ၌ ကွင်းဆင်းစမ်းသပ်ချက်။ ဥပမာများမှာ- ဆန်၊ ပြောင်း၊ ဂျုံ၊ ဆေးရွက်၊ သဘော်သီး၊ နေကြာ၊ ကာဖီ၊ နာနတ်သီး၊ ဆလတ်၊ ဝါ၊ ဘာလီ၊ ကြံ၊ ဒန်ဒရီဘီယမ်၊ ပဲ၊ မြေပဲ၊ အာလူး၊ ပန်းသီးများ။

ဟာဝိုင်ယီတွင် မျိုးဗီဇပြုပြင်ထားသောနည်းပညာသုံး ဥပမာများကား ၊-

- လူ၏မျိုးဗီဇဖြင့်ပြောင်း (ဒိုး)
- လူ၏မျိုးဗီဇဖြင့် ကြံသကြား (စိုက်ပျိုးရေးသုတေသနဌာန)
- ပင်လယ်ရေညှိဖြင့်ပြောင်း (စတန်းဖို့ တက္ကသိုလ်)
- ဆလပ်၏မျိုးဗီဇဖြင့်ဆေးရွက်ကြီး (ဟာဝိုင်ယီတက္ကသိုလ်)
- လူ၏မျိုးဗီဇဖြင့်ဆန် (အသုံးချဆဲလ်ပညာ)
- အသဲယောင်အသားဝါပိုးမျိုးဗီဇဖြင့်ပြောင်း (ပရော့ဒီဂျင်း)
- လူ၏ဇီဝရောဂါပိုးကို ဖျက်ဆီးနိုင်သောဇီဝပစ္စည်းဖြင့် ရေမှော်နီ (မီရာဆေးပညာ)

ပါဝင်တက်ရောက် သူများသိထားသော အခြားဥပမာများကိုလည်း ဖလှယ်ပြောဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကာတီဂျီးနား သဘာတူညီချက်ဆိုသည်မှာ အဘယ်နည်း။

"လူသားတို့ကျန်းမာရေးအတွက် အန္တရာယ်များဖြစ်နိုင်ဖွယ်ရာရှိသည်ကို ချင့်ချိန်သုံးသပ်ပြီးနောက် ဇီဝမျိုးစိတ်များ စုံစုံလင်လင်ဖြင့် ကွဲပြားနေခြင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းတို့အပေါ် ဆန့်ကျင်သော သက်ရောက်မှုရှိနိုင်သောကြောင့် ခေတ်မီဇီဝနည်းပညာမှ ဖြစ်ပေါ်လာသော မျိုးဗီဇပြုပြင်ထားသော သက်ရှိများကို အသုံးပြုခြင်း၊ စီမံချုပ်ကိုင်ခြင်းနှင့် လက်ဆင့်ကမ်းခြင်းတို့ကို အန္တရာယ်ကင်းကင်း လုံခြုံစိတ်ချစွာ လုပ်ဆောင်ရေးနှင့် သက်ဆိုင်သော"တရားဥပဒေအရ စုစည်းထိန်းချုပ်ထားသော၊ နိုင်ငံတကာအဓိကစာချုပ်သည် ဇီဝလုံခြုံရေးဆိုင်ရာ ကာတီဂျီးနားစာချုပ် ဖြစ်ပါသည်။

**GMOs** များတင်သွင်းမှုနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရာတွင် ကြိုတင်ကာကွယ် သည့်နည်းလမ်းများအတိုင်း အဆင့်ဆင့်ဆောင်ရွက်သွားခြင်းဖြင့် လူသားတို့ ကျန်းမာရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ခြင်းအတွက် ဤစာချုပ်က တတပ်တအားဝင်ရောက် လုပ်ဆောင်ပေးသည်။ ၂၀၀၀ ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင် အစိုးရအဖွဲ့များသည် ထိုစာချုပ်ကို လက်ခံအတည်ပြုခဲ့သည်။ နောက်ဆုံးစာရင်းအရ ကာတီဂျီးနားသဘောတူညီ ချက်ကိုလက်ခံအတည်ပြုလက်မှတ်ရေးထိုးထားသော ပါတီများမှာ (၁၅၇)ဖွဲ့ ရှိပါသည်။

ဤစာချုပ်သည် တနိုင်ငံမှတနိုင်ငံ **GMOs** သယ်ယူပို့ဆောင်ရေးကို အဓိကရည်ညွှန်းသော်လည်း ၎င်း၏ ထောက်ခံသက်ရောက်မှုသည် အနိမ့်ဆုံးအဆင့် လိုအပ်ချက်များ သတ်မှတ်ပေးခြင်းဖြင့် နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ဇီဝလုံခြုံရေးဆိုင်ရာမူများနှင့် ဥပဒေများချမှတ်ရာတွင်ပါ အကျိုးဝင်သည်။ သဘောတူညီချက်၏ ပိုဒ်ခွဲ -၂ (၄) တွင်ပြန်လည်အတည်ပြုထားသည့်အတိုင်းပါတီများသည်မိမိနိုင်ငံတွင်း၌ အဆင့်အတန်းမြင့်မြင့်ထားကာပို၍နားလည်လွယ်နိုင်သော ဥပဒေများကို ဖွဲ့စည်းဖော်ထုတ်ရန် အခွင့်အရေးရှိကြသည်။

၅။ ဇီဝလုံခြုံမှု သဘောတူညီချက်၏ထူးခြားမှုနှင့် အရေးပါမှု။

ဇီဝလုံခြုံမှုသဘောတူညီချက်သည်တမူထူးခြားရသည့်အကြောင်းမှာ **GMO** များသည်ရှောင်လွှဲ၍မရနိုင်သော ထူးခြားပြောင်းလဲမှုဖြစ်၍ တိကျသောဘေးအန္တရာယ်နှင့် အန္တရာယ်ဖြစ်နိုင်မှုတို့ကို သယ်ဆောင်ထားသည်ဟူသည့် အချက်ကို အသိအမှတ်ပြုထားသည်။ သို့ဖြစ်၍ ၎င်းတို့ကို အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအဖြစ် ထုတ်ရန် လိုအပ်သည်။

နိုင်ငံအစိုးရများသည် **GMOs** များနှင့်သက်ဆိုင်၍ မိမိတိုင်းပြည်များတွင် ၎င်းတို့၏ထုတ်ကုန်ကို စည်းကမ်းချမှတ်ရန် အခွင့်အာဏာရှိသည်။ ဇီဝလုံခြုံမှု၏ စည်းမျဉ်းရှုဒေါင့်များစွာကို အမျိုးသား ဇီဝလုံခြုံမှု ဥပဒေပြုခြင်းဖြင့် အကောင်းဆုံးဖော်ထုတ်နိုင်သော်လည်း **GMOs** များ၏ နယ်ကျော်ရွှေ့လျားမှုနှင့် ပတ်သက်သည့် ရှုဒေါင့်များအတွက် ပြည်တွင်း၌ စည်းမျဉ်းဥပဒေပြုရန်ခက်သည်။ သို့အတွက် အပြည်ပြည်ဆိုင်ရာဥပဒေတရပ် လိုအပ်သည်ဟု တွေမြင်ရသည်။

ဇီဝလုံခြုံမှုဆိုင်ရာ ကာတီဂျီနားသဘောတူညီချက်သည် ယခုဇီဝလုံခြုံမှု ဥပဒေပြုခြင်း၏ အနိမ့်ဆုံးအဆင့်မူဘောင်ကို နိုင်ငံတကာအရ စာချုပ်ချုပ်ဆိုထားပြီး **GMOs** များ၏ နယ်ကျော်ရွှေ့လျားခြင်းအပေါ် နိုင်ငံတကာဥပဒေအုတ်မြစ်ကိုထူထောင်ပေးသည်။

ဤစာချုပ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အရေးပါသည်။ အကြောင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အဓိကအားဖြင့် မြောက်ဖက်မှတင်ပို့လာသည် **GMO** ထုတ်ကုန်များကို လက်ခံထား၍ **GMOs** များ အဓိကတင်သွင်းသူများအဖြစ် ဆက်လက်ရှိလာမည်ဖြစ်သော အကြောင်းတည်း။ **GMO** မှ ထုတ်ကုန်များသည် မြောက်ဖက်မှ မူလတင်ပို့ခဲ့သည်။ **GMO** နှင့် ထွက်ကုန်များကို မြောက်ဘက်၌ ပြည်သူတို့တားမြစ်ဆန္ဒပြခြင်းကြောင့် **GMO** နှင့် ထုတ်ကုန်ဈေးကွက်ရှာမှုများ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် တိုးပွားလာနေခြင်းဟု အဓိပ္ပါယ်ရပါသည်။ အမျိုးသား ဇီဝလုံခြုံမှု ဥပဒေများ သို့မဟုတ် စည်းမျဉ်းများ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် မထားရှိသေးပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် မြောက်ဖက်နိုင်ငံများထက် ပတ်ဝန်းကျင်ဆိုင်ရာ ပို၍ကြီးမားသောစွန့်စားမှုများနှင့် ရင်ဆိုင်နေကြရသည်။ အကြောင်းမှာ ကမ္ဘာ့ကောက်ပဲသီးနှံမျိုးကွဲများနှင့် မူရင်းအရင်းအမြစ်နေရာအများစုမှာ တောင်ဖက်တွင်ရှိသည်။

**GMO** သည် ဂြိုလ်သားမျိုးစိတ်များကဲ့သို့ပင် သဘာဝမျိုးကွဲများကို ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်များဖြစ်၏။ **GMO** များက မူရင်းအော်ဂဲနစ်များထံသို့ ပြန်လည်ရောက်ရှိလာပါက မူလအရင်းအမြစ်တို့ကို ဖျက်ဆီး၍

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမိုးလိုက်မည်ဖြစ်ပြီး ၎င်းတို့ကို ဖယ်ရှား၍မရနိုင်တော့ပေ။ ဥပမာ- မက္ကဆီကိုနိုင်ငံသည် ကမ္ဘာတွင် ပြောင်းထွက်ရာနိုင်ငံဟု အသိအမှတ်ပြုခံရသည်။ မျိုးဗီဇပြုပြင်ထားသောပြောင်းများကို ၎င်းနိုင်ငံတွင် တိရိစ္ဆာန်အစာအဖြစ် သုံးသောအခါ မျိုးဗီဇပြုပြင်ပြောင်းလဲထားသည့် နည်းပညာ ပြောင်းမျိုးကွဲများသည် ဒေသနေမူရင်းပြောင်းများနှင့် မျိုးစပ်မှုဖြစ်သွားသည်။ ထို့ကြောင့် မူလမျိုးရင်းပြောင်းမျိုးကွဲများကို ဘယ်တော့မှမတွေ့ရတော့ပေ။

ကြိုတင်သတိပေးသောမူမှာ သဘောတူညီထားချက်အရ ဆုံးဖြတ်ချက်ချရာတွင် ပြုရမည့်လုပ်ထုံးလုပ်နည်းများကို ပြန်လည်အတည်ပြုပေးပြီးမှ ဆက်လက်ဆောင်ရွက်သွားရခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သိပ္ပံနည်းကျ တိကျမှုမရှိခြင်းကြောင့် ပါတီများသည် ကြိုတင်သတိပြုနေသင့်၍ GMO များ တင်သွင်းမှုသည် ဆန့်ကျင်ဖက်သက်ရောက်မှုများဖြစ်ချေရှိသည်ကို သေချာစွာချင့်ချိန်ပြီး တားမြစ်သင့်သည်။ သဘောတူညီချက်တွင် ကြိုတင်သတိပေးသော မူရှိထားပြီးသောကြောင့် အခိုင်အမာပြန်လည်အတည်ပြုရာတွင်လည်း နိုင်ငံတကာဥပဒေမူ တစ်ခုကဲ့သို့ မှုချမှတ်ရမည်။

BURMESE CLASSIC

၆။ ဇီဝလုံခြုံမှု သဘောတူညီချက်၏ အချို့သောအဓိကအားနည်းချက်များ။

အလွန်ထူးခြားသော သဘောတူညီချက်ဖြစ်သော်လည်း တဖက်မှာ ခက်ခက်ခဲခဲ ညှိနှိုင်းထားရသော စာပိုဒ်များဖြစ်ပြီး အားနည်းချက်၊ မပြည့်စုံမှုများစွာရှိသည်။ GMO ၏ အမျိုးအစားများစွာမှာ သဘောတူညီချက်၏ ယေဘုယျဘောင်အပြင်ဘက်မှ ရောက်နေပြီး ရှေးဦးအသိပေးသဘောတူညီမှုရယူရမည့် လုပ်ထုံးလုပ်နည်းများ၏ ဘောင်အပြင်သို့ ထွက်နေသည်။ ၎င်းတို့ကို ဆေးဝါး သို့မဟုတ် လူသုံးပစ္စည်းကုန်အဖြစ် ခွဲခြားသတ်မှတ်ခြင်း ရှိရှိမရှိရှိ၊ စိုက်ပျိုးရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ သုတေသနလုပ်ငန်းရေးရာဟူ၍ မဆိုနိုင်ဘဲ GMO အားလုံး၏ အန္တရာယ်ဖြစ်ဖွယ် ဒုက္ခပေးနိုင်ဖွယ်များကား အတူတူဖြစ်သည်။

GMO မှ ဆင်းသက်လာသောထုတ်ကုန် (ဥပမာ-ပဲပိစပ်၊ မျိုးဗီဇကူးပြောင်းထားသော ပဲပိစပ်၊ ပရိုတင်း) တို့သည် အဆိုပါသဘောတူညီချက်အတိုင်း ယေဘုယျကန့်သတ်ဘောင်တွင် လုံးဝမပါဝင်ချေ။ ၎င်းတို့ကဲ့သို့သော ထုတ်ကုန်များသည် နိုင်ငံတကာစည်းမျဉ်းဥပဒေပြင်ပတွင် ကျန်ရှိနေသည်။ သို့သော် DNA ဗလာ (လက်ခံ အော်ဂဲနစ်ထဲသို့ ထည့်သွင်းသော မျိုးဗီဇဝတ္ထု)သည် GMO များမှ ဆင်းသက်လာသည့် ထုတ်ကုန်များတွင် ဆက်လက်အသက်ရှင်ပြီး၊ အူလမ်းကြောင်းများထဲမှတဆင့် သွေးကြောထဲသို့ စီးဝင်နိုင်အသက်ရှင်နိုင်သည်။

လူသားများအတွက် မျိုးဗီဇပြုပြင်ပြောင်းလဲထားသော နည်းပညာဖြင့် ထုတ်လုပ်သော ဆေးဝါးများ၏ နယ်ကျော်ရွှေ့လျားခြင်းကို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (သို့) အဖွဲ့အစည်းများမှ ညွှန်ပြပြောဆိုနေသော်လည်း ဤသဘောတူညီချက်အတိုင်း ဘာမျှမဆောင်ရွက်ပေ။

GMO အစုအဖွဲ့များသည် အဆင့်မြင့်အကြောင်းကြားထားသည့် သဘောတူညီချက် (၈။၈) က/က လုပ်ထုံးလုပ်နည်း၏ အပြင်ဘက်တွင်ရှိနေသည်။ က/က လုပ်ထုံးလုပ်နည်းသည် GMO များ တင်သွင်းနိုင်ချေရှိသူများကို ပထမဦးဆုံးသိရှိထား၍ ဆက်စပ်သည့်သတင်းနှင့် အချက်အလက်များကို တိတိကျကျ သိထားရမည်။ ဤသည်မှာ အန္တရာယ်ဖြစ်နိုင်ချေများကို စစ်တမ်းကောက်ယူခြင်း၊ ကြိုတင်ကာကွယ်ရန် မူချထားသည်များအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်တစ်ရပ်ကို ရည်ညွှန်းသည်။

လူတို့အစားအစာနှင့် တိရိစ္ဆာန်အစာအတွက်ဖြစ်သော GMO သည် သဘောတူညီချက်၏ ယေဘုယျဘောင်အတွင်းတွင် ထင်ရှားစွာရှိ၍ ၎င်းတို့မှာ က/က လုပ်ထုံးလုပ်နည်းမှ ဖယ်ထားခြင်းခံရသည်။ ဤသည်မှာ ကူးသန်းရောင်းဝယ်မှုပြုသော GMO ထုဖွဲ့တည်မှုရှိလာ၍ အဓိက GMO တင်ပို့သော ထုတ်ပိုးသူများ၏ ထုတ်ကုန်များ ၉၀% ခန့် ရှိလာသည်။ ဥပမာ - ပြောင်း၊ ပြောင်းတစ်မျိုး (Meize) ပဲပိစပ် (စားသုံးဆီထုတ်လုပ်သော Canola အစေ့)

အလားတူပင် ပါဝင်သော အသုံးပြုနိုင်စွမ်းကို ဖော်ထုတ်ရမည့် GMO (ပြင်ပဝန်းကျင်အပေါ် GMO များ၏ ထိတွေ့မှုနှင့် သက်ရောက်မှုတို့ကို ကန့်သတ်သော သီးသန့်အတိုင်းအတာများ ပါဝင်သောအသုံးပြုနိုင်မှုဟု ဤစာချုပ်မှ အဓိပ္ပါယ်ဖွင့်သည်။) များနှင့် လက်ဆင့်ကမ်းသယ်ဆောင်နေသော GMO များ (တနိုင်ငံမှနောက်တနိုင်ငံသို့ ပို့ဆောင်ရာတွင် ကြားရှိတတိယနိုင်ငံ၏ နယ်နိမိတ်ကိုဖြတ်ကျော်နေသော) ကိုလည်း က/က ၏ဆောင်ရွက်မှုအဆင့်ဆင့်၌ ထည့်သွင်းစဉ်းစားခြင်းမပြုကြပေ။

www.burmeseclassic.com

www.burmeseclassic.com



၇။ ကာတီဂျီးနား ဇီဝလုံခြုံမှု သဘောတူညီချက်နှင့် ကမ္ဘာ့ကုန်သွယ်ရေးသဘောတူညီမှု။

ကာတီဂျီးနား ဇီဝလုံခြုံမှု သဘောတူညီချက်နှင့် ကမ္ဘာ့ကုန်သွယ်ရေး **WTO** သဘောတူညီ ချက်များအကြား ဆက်နွယ်မှုကို အတည်ပြုရုံပြုပြီး ဖြစ်သည်။ **WTO** တွင် ကုန်သွယ်ရေးစည်းမျဉ်းများကို ချိုးဖောက်ရာကျမည်ဟူ၍ ပြောဆိုသော နိုင်ငံခြားသို့တင်ပို့သော ကုမ္ပဏီများထံမှ ပြင်းထန်သော ခြိမ်းခြောက်မှုများအကြား ဇီဝလုံခြုံရေး ကာတီဂျီးနား သဘောတူညီချက်မှာ ပြန်လည်အလျှော့အတင်းပြုခြင်း ခံရသည်။

၎င်းသဘောတူညီချက်နှင့် အခြားသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအကြား ဆက်နွယ်မှုသည် တိတိကျကျ မဖော်ပြနိုင်သောအခါ ၎င်း၏လက်ရှိ ပံ့ပိုးမှုအထောက်အပံ့များမှာ **WTO** ၏တာဝန်ဝတ္တရားများအပေါ် မူတည်နေပါသည်။

ယနေ့ များစွာသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၎င်းတို့၏ အမျိုးသားဇီဝလုံခြုံရေး မူဘောင်အတွက် လုပ်ငန်းစဉ်များကို ဖွံ့ဖြိုးလာစေသည်။ ထိုသို့လုပ်ဆောင်ရာတွင် မျိုးဗီဇပြုပြင်ပြောင်းလဲသော နည်းပညာဆိုင်ရာ နိုင်ငံရေးနှင့် ဆန့်ကျင်ဘက်အယူအဆများလည်း ရှေ့ဆက်တိုးနေသည်။ မရေမတွက်နိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် လိုအပ်သော ဇီဝလုံခြုံမှုအတွက် စဉ်းစားသုံးသပ်ခြင်းများကို နေရာမပေးသေးဘဲ ဇီဝနည်းပညာကို ဖွံ့ဖြိုးလာအောင်နှင့် လက်ခံလာကြအောင် ကူညီသော အမျိုးသားဇီဝလုံခြုံမှုမူဘောင်ဖွဲ့စည်းရန် ပြင်းစွာသောဖိအားများစွာနှင့် ရင်ဆိုင်နေရသည်။

**EU**တွင်ဖြစ်ပျက်ခဲ့သကဲ့သို့**WTO**စောဒကတက်ခြင်းခြိမ်းခြောက်မှုကိုမရင်ဆိုင်ရရန် ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း ၎င်းတို့၏ ဇီဝလုံခြုံမှုစည်းမျဉ်းများသည် ကုန်သွယ်မှုနှင့် တထပ်တည်းကိုက်ညီနေရန် အထူးသတိပြုထားကြသည်။

၈။ မျိုးဗီဇအရင်းအမြစ်များနှင့်၎င်း၊ ဌာနေတိုင်းရင်းသား ဗဟုသုတများနှင့် ဆက်စပ်မှုတွင် ဌာနေတိုင်းရင်းသားများသည် မည်သည့်အနေအထားတွင် ရှိနေသနည်း။

ဌာနေတိုင်းရင်းသားများနှင့် သဘာဝပတ်ဝန်းကျင်ပေါ်တွင် မျိုးဗီဇစီမံပြုပြင်ချုပ်ကိုင်နေခြင်း၏ ပြင်းထန်သည့် ရေရှည်သက်ရောက်မှုကြောင့် ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဤကိစ္စအတွက် ပြင်းထန်စွာ ရပ်တည်လျက် နောက်စာမျက်နှာ၌ ဖော်ပြထားသည့် ကြေငြာချက်စာရွက်အဘိုးကောင်းစွာပေါ် ထုတ်ခဲ့သည်။

**ဌာနေတိုင်းရင်းသားများ၏ မျိုးဗီဇအရင်းအမြစ်များနှင့် ဌာနေဗဟုသုတ အခွင့်အရေးများ ကြေငြာစာတမ်းကို ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများအရေးအရာ (၆) ကြိမ်မြောက် အမြဲတမ်း အစည်းအဝေးကြီး။**

၂၀၀၇ ခုနှစ် မေလ (၁၄) ရက်မှ (၂၅) ရက်နေ့ထိ နယူးယောက်

ကျွန်ုပ်တို့ (လက်မှတ်ရေးထိုးသော ဌာနေတိုင်းရင်းသားများနှင့် အဖွဲ့အစည်းများ)သည် ၂၀၀၇ ခုနှစ် မေလ (၁၄) ရက်မှ (၂၅) ရက်နေ့အထိ ကျင်းပသော (၆) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အမြဲတမ်း အစည်းအဝေးကြီး၌ ဘိုးဘွားဒါတာနိုင်ငံ့ ရိုးရာနယ်နိမိတ်နှင့်စပ်လျဉ်း၍ မျိုးဗီဇအရင်းအမြစ်များနှင့် ဌာနေတိုင်းရင်းသား ဗဟုသုတဆိုင်ရာ ကျွန်ုပ်တို့၏အခွင့်အရေးအရ အောက်ပါကြေငြာချက်စာတမ်းကို တင်ပြခဲ့သည်မှာ -

- ကျွန်ုပ်တို့၏ ရိုးရာနယ်နိမိတ်များအတွင်း ရှင်သန်နေသော သက်ရှိပုံစံများအားလုံးနှင့်အတူ ဆက်နွယ်နေသော ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်နေမှုကို အခိုင်အမာ ပြန်လည်အတည်ပြုလျက်။
- ကျွန်ုပ်တို့၏ နယ်နိမိတ်များ၊ ကုန်းမြေများနှင့် သဘာဝအရင်းအမြစ်များအား စောင့်ရှောက်သူများအဖြစ် ကျွန်ုပ်တို့၏ အခြေခံကဏ္ဍနှင့်တာဝန်ကို အခိုင်အမာ ပြန်လည်အတည်ပြုလျက်။
- ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များမှ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းလာသော ဌာနေတိုင်းရင်းသားများဗဟုသုတကို ကျွန်ုပ်တို့သည် စောင့်ရှောက်သူများဖြစ်သည်ကို အသိအမှတ်ပြုကာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူမျိုးနှင့် ကျွန်ုပ်တို့၏ အနာဂါတ်မျိုးဆက် အကျိုးစီးပွားအတွက် ဤဗဟုသုတကို ကာကွယ်ရန်နှင့် ဆက်လက်တည်တံ့နေစေရန်မှာ ကျွန်ုပ်တို့၏တာဝန်ဟု အခိုင်အမာ အတည်ပြုလျက်။
- ကျွန်ုပ်တို့၏ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးနှင့် ကျွန်ုပ်တို့၏ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေများနှင့်အညီ ကျွန်ုပ်တို့၏ တာဝန်များကို ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့လှုပ်ရှားဆောင်ရွက်မှု၏ အခြေခံဖြစ်သော ကိုယ်ပိုင်သံမဏိဌာန်ချုပ်ကိုင်ခွင့် အခွင့်အရေးကို ထက်သန်စွာ အခိုင်အမာ ပြန်လည်အတည်ပြုလျက်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကို လူ့အခွင့်အရေးကောင်စီမှ လက်ခံအတည်ပြုသည့် အပိုဒ်ခွဲ ၃၁ အပါအဝင် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများဖြစ်သော ၊-

(၁) မိမိတို့၏ သိပ္ပံနည်းပညာ၊ ယဉ်ကျေးမှု၊ အသိပညာများ၊ လူနှင့် မျိုးဗီဇအရင်းအမြစ်များ၊ မျိုးစေ့များ၊ ဆေးများ၊ အပင်များနှင့် သတ္တဝါတို့၏ ဂုဏ်သတ္တိ ဆိုင်ရာဗဟုသုတ၊ စကားဖြင့်ပြောသော ရိုးရာဓလေ့များ၊ စာပေ၊ ဒီဇိုင်း၊ အားကစားနှင့် ရိုးရာကစားနည်းများ၊ မြင်နိုင်၍ တင်ဆက်နိုင်သော အနုပညာများကဲ့သို့သော ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ခြင်းများ၊ ရိုးရာဗဟုသုတများကို စီမံထိန်းသိမ်းခြင်း၊ ထိန်းချုပ်ခြင်း၊ ကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးစေခြင်းအတွက် ဌာနေတိုင်းရင်းသားများ၌ အခွင့်အရေးရှိပါသည်။ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်၊ ရိုးရာဗဟုသုတ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဖော်ပြချက်များနှင့် စပ်လျဉ်းသော ဉာဏဆိုင်ရာမူပိုင်ခွင့်ကိုလည်း ဖွံ့ဖြိုးရန်၊ ကာကွယ်ရန်၊ ထိန်းသိမ်းရန်မှာလည်း ဌာနေတိုင်းရင်းသားတို့တွင် အခွင့်အရေးရှိသည်။

(၂) ဌာနေတိုင်းရင်းသားများနှင့် ဆက်စပ်သော နိုင်ငံအစိုးရများသည် တိုင်းရင်းသားတို့၏ အခွင့်အရေးများအတိုင်း လုပ်ဆောင်နေမှုတို့ကို ကာကွယ်ရန်နှင့် အသိအမှတ်ပြုရန် ထိရောက်စွာစီမံဆောင်ရွက်သင့်သည်။

ဖိးနစ်၊ အာရီဇိုးနား၌ ကမ္ဘာ့အနောက်ဘက်ခြမ်းရှိ ဌာနေတိုင်းရင်းသား အဖွဲ့အစည်းများ၏ (၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ) ကြေငြာစာတမ်းတွင် အဆိုပြုထားသည်မှာ " ဌာနေတိုင်းရင်းသားများအဖြစ် ကျွန်ုပ်တို့တာဝန်မှာ သက်ရှိအားလုံးတို့၏ သဘာဝဖြစ်စဉ်အဆင့်ဆင့်သည် နောင်အနာဂါတ်မျိုးဆက်များအတွက် ဆက်လက်ဖြစ်တည်နေရန် သေချာစွာ လုပ်ဆောင်ထားရမည်။ ...ကျွန်ုပ်တို့သည် သက်ရှိအားလုံး၏ ရှင်သန်မှုဘဝပုံစံများအတွက် ရပ်တည်ပြောဆိုရန်တာဝန်ရှိ၍ သဘာဝဖြစ်စဉ်များ၏ ယှက်နွယ်စုစည်းဖြစ်တည်မှုကို ကာကွယ်ရန်တာဝန်ရှိသည်။ ...ကျွန်ုပ်တို့သည် အားလုံးသော သဘာဝမျိုးဗီဇပစ္စည်းများကို မူပိုင်ယူခြင်းအား ကန့်ကွက်သည်။ အသက်ဆိုသည်မှာ ၎င်း၏အသေးငယ်ဆုံးသောပုံသဏ္ဍာန်၌ ပင်ဝယ်၍မရနိုင်၊ ပိုင်ဆိုင်ရန်၎င်း၊ ရောင်းရန်၎င်း၊ ရှာဖွေစုဆောင်းရန်၎င်း၊ မူပိုင်ပြုရန်၎င်း မရနိုင်သည်ကို ကျွန်ုပ်တို့လက်တိုင်ယုံကြည်ကြသည်။ " ပေကျင်း၌ ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများဆိုင်ရာ (၄)ကြိမ်မြောက် ကမ္ဘာ့ညီလာခံ၌ ထုတ်ပြန်သော ပေကျင်းကြေငြာချက်စာတမ်းတွင် အဆိုပြုထားသည်မှာ ၊-

"ကျွန်ုပ်တို့၏ဉာဏပိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များနှင့်စပ်လျဉ်း၍ အခြားသူများနှင့် မိတ်ဖက်ပြု လဲလှယ်၍မရသော အခွင့်အရေးများကို အသိအမှတ်ပြုပေးရန် လေးစားစွာတောင်းဆိုသည်။ ကျွန်ုပ်တို့ဒေသ၏ လိုအပ်ချက်များကိုရရှိရန် ကျွန်ုပ်တို့၏ ဇီဝမျိုးကွဲများကို လွတ်လပ်စွာ ဆက်လက်၍ အသုံးပြုမည်ဖြစ်ပြီး တဖက်တွင် ကျွန်ုပ်တို့ ဒေသစီးပွားရေး၏ အခြေပြုထားရာ ဇီဝမျိုးစုံမျိုးကွဲများကိုလည်း မပြုန်းတီးမပျက်သုဉ်းအောင် အာမခံသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဗဟုသုတနှင့် ဇီဝမျိုးကွဲစောင့်ရှောက်သူများ၊ ထိန်းသိမ်းသူများအဖြစ် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နှင့် ဇီဝအမွေအနှစ်များကို ပြန်လည်သက်ဝင်လှုပ်ရှားစေကာ ဆက်လက်ပြုစုပေးရလိမ့်မည်။"

ပနားမားနိုင်ငံ၊ ကူနာရာလာ၊ ယူကူဆီနီကြေငြာချက်စာတမ်းကို ၁၉၉၇ ခုနှစ် နိုဝင်ဘာလ (၁၂) ရက်မှ (၁၃) ရက်နေ့ထိ ကြေငြာသည်မှာ ၊-

"ကျွန်ုပ်တို့သည် ဉာဏဆိုင်ရာမူပိုင်ခွင့်နှင့် မူပိုင်ခွင့်စနစ်များ အသုံးပြုခြင်း၊ တရားဝင်ပြုခွင့်ပေးသော လက်ရှိယန္တရားများ၊ ဉာဏဆိုင်ရာမူပိုင်ခွင့် အခွင့်အရေးများ၊ ဗဟုသုတနှင့် မျိုးဗီဇပစ္စည်းအတွက် တရားဝင်ဖြစ်စေသော ဆီလျော်သည့်မူပိုင်ခွင့်များ (မည်သို့သော အရင်းအမြစ်ဖြစ်ပါစေ၊ အထူးသဖြင့် ကျွန်ုပ်တို့၏ လူမှုဝန်းကျင်မှလာသည့် အရင်းအမြစ်များနှင့် စပ်ဆိုင်၍) ကန့်ကွက်သည်။"

အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများဆိုင်ရာ ကဲင်ကန်ကြေငြာချက်စာတမ်းကို (၅) ကြိမ်မြောက် WTO ဝန်ကြီးများညီလာခံ ကဲင်ကန်၊ ကွင်တန်နာရိုး၊ မက်ဆီကို ၂၀၀၃ ခုနှစ် စက်တင်ဘာလ (၁၂)ရက် နေ့တွင် ပြောသည်မှာ ၊-

"သက်ရှိဘဝပုံစံများကို မူပိုင်ခွင့်ရယူခြင်းနှင့် ဇီဝဆိုင်ရာအရင်းအမြစ်များနှင့် ဌာနေတိုင်းရင်းသား ဗဟုသုတကို မှတ်ပုံတင်ခြင်းကဲ့သို့သော အခြားသောဉာဏမူပိုင်ခွင့် အခွင့်အရေးများကို ရပ်တန့်ပါ။ ကျွန်ုပ်တို့ ဌာနေတိုင်းရင်းသားများသည် ကျွန်ုပ်တို့၏မျိုးစေ့များ၊ ပရဆေးပင်များနှင့် ဌာနေဗဟုသုတကို ထိန်းချုပ်ရန် အခွင့်အရေးများရှိသည်ကို သေချာစေပါ။"

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ကာကွယ်ထိန်းသိမ်းမှုအောက်တွင် အခွင့်အရေးများဝေမျှခြင်းနှင့် ရယူခြင်းဆိုင်ရာ နိုင်ငံတကာ စီမံအုပ်ချုပ်မှုစနစ်တစ်ခုကို အပြန်အလှန်ညှိနှိုင်းခြင်းနှင့် အသေးစိတ်အကျယ်တဝင့်လုပ်ဆောင်ခြင်းတို့ဖြင့် အမြန်အဟုန်မြှင့်တင်ရန်သော်၎င်း၊ ကျွန်ုပ်တို့၏ နယ်နိမိတ်များ၊ ကုန်းမြေများနှင့် ရေပိုင်းများ၌ မူလရှိရင်းစွဲ မျိုးဗီဇအရင်းအမြစ်များကို ရယူခြင်းနှင့် အသုံးပြုခြင်းတို့ကို ထိန်းချုပ်ရန်မှာ ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများဖြစ်ကြောင်း အသိအမှတ်ပြုရန်နှင့် မြင့်ဆင့်ပြုစုပေးရန် ညီလာခံ၏ ပါတီများဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



တိုင်းနိုင်ငံများ၏မစွမ်းဆောင်မှုကိုသော်၎င်း သိရှိ၍ တာဝန်ရှိခြင်းကို ခံစားရလျက် - သို့မို့ကြောင့် ဌာနေတိုင်းရင်းသားများ အရေးအရာ ကမ္ဘာ့ကုလသမဂ္ဂ အမြဲတမ်းဖိုရမ်သို့ ကျွန်ုပ်တို့ ပြင်းပြင်းထန်ထန် တောင်းဆိုကြသည်မှာ -

(၁) ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၌ ပါတီများကို အထောက်အကူဖြစ်စေရန် နိုင်ငံများ၊ လူမျိုးများ၊ အချုပ်အခြာအာဏာနှင့် ၎င်းတို့၏ဆက်နွယ်နေမှု၊ မူဘောင်အကျယ်နှင့် ဆောင်ရွက်နေမှုများကို တရားဝင်လေ့လာစီစစ်သုံးသပ်ခြင်းပြုရန်ပြင်ဆင်ပေးပါ။ **ABS** နှင့်ဆိုင်သော နိုင်ငံတကာစီမံအုပ်ချုပ်မှုစနစ်တစ်ခုကို ဖွံ့ဖြိုးစေရာတွင် အချုပ်အခြာအာဏာ၏ အခန်းကဏ္ဍနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဆောင်ရွက်နေမှုများအပေါ် ရှိသော အချုပ်အခြာအာဏာကို သိရှိနားလည်လာစေရန်ဖြစ်သည်။

(၂) ဌာနေတိုင်းရင်းသားတို့၏ မြေနှင့်ရေပိုင်းများ၌ မူလရှိရင်းစွဲဖြစ်သော ဇီဝမျိုးဗီဇအရင်းအမြစ် များနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသော ရိုးရာဗဟုသုတအသိများကို ရယူရာတွင် ထိန်းချုပ်ခွင့်သည် နိုင်ငံတကာ လူ့သားအခွင့်အရေးဆိုင်ရာ ဥပဒေနှင့်အညီ တိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးများဖြစ်ကြောင်း အသိအမှတ်ပြုလျက် ကာကွယ်ပေးရန် နိုင်ငံများ၌ ဝတ္တရားရှိကြောင်းဖြင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်တွင် ထောက်ခံပေးရမည်။ ထိုကဲ့သို့ အသိအမှတ်ပြုပေးခြင်းသည် **ABS** နှင့်ဆိုင်သော အဆိုပြုထားသော နိုင်ငံတကာစီမံအုပ်ချုပ်မှုစနစ်၏ အဓိကပါဝင်မှုသော့ချက်တစ်ခု ဖြစ်ရမည်။

(၃) တိုင်းရင်းသားတို့၏ ဗဟုသုတနှင့် မျိုးဗီဇအရင်းအမြစ်များကို စီးပွားရေးအရ အမြတ်ထုတ်ခြင်းကြောင့် ဌာနေတိုင်းရင်းသားတို့ ခံနေရသော လူမှုရေး ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်သက်ရောက်မှုများကို မှတ်တမ်းရေးသားတင်ပြရန် ပြင်ဆင်ထားပါ။

(၄) ဆက်နွယ်နေသော သက်ဆိုင်ရာ ကုလသမဂ္ဂဖိုရမ်များအားလုံးသို့ အထက်ဖော်ပြပါ ထောက်ခံထားသော မှတ်တမ်းတင်မြဲချက်များနှင့် ဤကြေငြာချက်စာတမ်းကို ဖြန့်ချိပေးပါ။

မျိုးဗီဇအရင်းအမြစ်နှင့် ဌာနေဗဟုသုတနှင့် စပ်လျဉ်း၍ တိုင်းရင်းသားတို့၏ အခွင့်အရေးကြေငြာချက်စာတမ်းကို ပံ့ပိုးသည့် ဒေသခံတိုင်းရင်းသားများနှင့် အဖွဲ့အစည်းများ။

၁။ အင်ဒီးနိုင်ငံ Andes Chinchasuyo Equador

၂။ အိန္ဒိယလူငယ်နှင့် အသက်ကြီးသူများ ရိုးရာစက်ဝန်း

၃။ Tonatierra

၄။ Rapa Nui ပါလီမန်နှင့် အခြား ၄၄ အိုင်ပီအိုများ

www.burmeseclassic.com

www.burmeseclassic.com



၉။ ဌာနေတိုင်းရင်းသားများသည် GMO နှင့်ပတ်သက်၍ မည်သို့ ဆောင်ရွက်ကြသနည်း။

**ဟာဝိုင်အီရှိ ပိန်းဥကို ကာကွယ်ခြင်း။**

ဌာနေတိုင်းရင်းသားများ၏ စကားပြောသောခရီးစဉ် ၂၀၀၅ ခုနှစ်။ မောရီ၊ ပေါ် တီနှင့် ဟာဝိုင်ရီရှိ စိတ်အားထက်သန်သူများက ဌာနေတိုင်းရင်းသားလူမျိုးများကို ဟာဝိုင်ရီကျွန်း (၄) ကျွန်းရှိ ၎င်းတို့၏ လူမှုဝန်းကျင်အပေါ် တွင် GMO ၏ သက်ရောက်မှု အကြောင်း ပြောခဲ့သည်။

ဟာလိုအာအခမ်းအနား။ မေလ ၂၀၀၅ ခုနှစ်

မိုလိုကိုင်ကျွန်းမှ ဝေါ် လတာရိုက်ဟုခေါ်သော ဒေသခံဌာနေဟာဝိုင်ယီလူမျိုး စိတ်အားထက်သန်သူသည် သူ၏ သူငယ်ချင်းများနှင့် ဟာလိုအာအခမ်းအနားတစ်ခုကိုပြုလုပ်၍ ပိန်းဥကိုကာကွယ်ရန် ဟာဝိုင်ယီတက္ကသိုလ် အုပ်ချုပ်သူ အင်ဒရူးဟာရှီမိုတို့ကို ဖိအားပေး၍ ဟာဝိုင်ယီပိန်းဥ၏ သုတေသနကိုအဆုံးသတ်ရန်အတွက် လက်မှတ်ထိုးရန် ဖိအားပေးခဲ့သည်။ ဒေသခံဌာနေဟာဝိုင်ယီလူမျိုး အကြံပေးအဖွဲ့ သို့မဟုတ် ဇီဝကျင့်ဝတ်နယ်ပယ်တစ်ခုကိုဖွဲ့ရန် ဤတက္ကသိုလ်က အခြေအတင် ကြိုးစားခဲ့သည်။ သို့သော် ကံမကောင်းစွာ ဘုတ်အဖွဲ့ဝင်များမှ တက္ကသိုလ်က ရွေးချယ်ထားသူများဖြစ်ပြီး မျိုးဗီဇပြုပြင်ထားသောပိန်းဥကို ဟာဝိုင်အီပြည်သူများအကြား အဝယ်မြှင့်တင်လိုသည့် စိတ်ဝင်စားမှုဖြင့် ဘက်လိုက်သောသူများအုပ်စုဖြစ်နေသည်။

ဆန္ဒပြသူ (၃၅၀) သည် ဟာဝိုင်ရီတက္ကသိုလ်၏ ဥက္ကဋ္ဌရုံးရှေ့တွင် စု၍ ဆန္ဒပြကြသည်။ ဝေါ် လာတာရိုက်က ဤဆန္ဒပြသူ (၃၅၀) နှင့်အတူ ဟာဝိုင်ယီတက္ကသိုလ်မှ မျိုးဗီဇဆိုင်ရာ ပြုပြင်ပြောင်းလဲထားသော ပိန်းဥများလုပ်ဆောင်မှုကိုရပ်ရန်နှင့် ထိုအပင်ပေါ် တွင် ၎င်းတို့၏ မူပိုင်ခွင့်ယူထားခြင်းကို ပြန်လည်လက်လွှတ်လိုက်ရန် ပြင်းပြင်းထန်ထန် တောင်းဆိုသည်။ ပိန်းဥကိုဂုဏ်ပြုသော ဟာလိုအာအကများ၊ သီချင်းများ၊ သံချပ်များအကြောင်းကို နိုင်ငံတဝှမ်းရှိ ပြည်သူတို့က ပြောဆိုကြပြီ နိုင်ငံ၏ အဓိကရုပ်သံလွှင့်စက်ရုံနှင့် သတင်းစာမီဒီယာများတွင် ဆန္ဒပြမှုကိုဖေါ်ပြသည်။ ဤသို့အာရုံစိုက်လာမှုသည် ပြည်သူတို့၏ဒေါသကို ပြန်လည်ဖြေရှင်းရန်အတွက် ဟာဝိုင်အီတက္ကသိုလ်အပေါ် ၌ ဖိအားများ ထပ်ဆင့်ဖြစ်လာစေသည်။

ပြည်သူ့ ဟာဝိုင်ယီတက္ကသိုလ်မှ ပိန်းဥမူပိုင်ခွင့်ကို စွန့်လွှတ်ရန် တောင်းဆိုခြင်းစာ။ ဖေဖေါ် ဝါရီလ (၂၃) ရက်နေ့ ၂၀၀၆ ခုနှစ်တွင် ဒေသခံဟာဝိုင်ယီလူမျိုး ဝေါ် လာတာရိုက်နှင့် ပိန်းဥစိုက်လယ်သမား ခရစ်ကိုဘာရာရှီတို့က စားနပ်ရိက္ခာလုံခြုံမှုဌာန၏ အကူအညီဖြင့် ဟာဝိုင်ရီတက္ကသိုလ်မှ ပိန်းဥအပေါ် မူပိုင်ခွင့်ကို လက်လွှတ်လိုက်ရန် တောင်းဆိုသည်။

၂၀၀၆ မေလ ၁၈ ရက်တွင် ဒေသခံဌာနေဟာဝိုင်အီလူမျိုးများသည် ဟာဝိုင်အီတက္ကသိုလ်၏ တံခါးများကို ချိန်းကြိုးများဖြင့်ခတ်ထားပြီး ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများနှင့် လူထုတွေ့ဆုံပွဲတစ်ခုပြုရန် ဟာဝိုင်အီတက္ကသိုလ်၌ တောင်းဆိုခဲ့ကြသည်။ ပိန်းဥ GMO များအတွက် နစ်နာကြေးပေးရန် တရားဝင်ဆိုင်းငံ့ထားမှုသည် ဟာဝိုင်အီပြည်နယ်၏ အစိုးရဥပဒေပြုပြင်ရေးဆွဲခြင်းအဖွဲ့မှတဆင့် ရွေ့သွားသည်။ အစိုးရဥပဒေပြုပြင်ရေးဆွဲရေးအဖွဲ့၏ ၂၀၀၇ အပိုင်းတွင် မျိုးရိုးဗီဇ စိပ်ပြုပြင်ထားသော ပိန်းဥနှင့်ဆိုင်သော်သုတေသနလုပ်ငန်းကြောင့် နစ်နာကြေးပေးရန် နှောင့်နှေးနေသည့်တောင်းခံလွှာသည် အထက်လွှတ်တော်မှဖြတ်ကျော်ကာ အထက်သို့ ဆက်လက်သတင်းပို့သွားသည်။ ထိုသို့ဖြစ်သောကြောင့် ရွေးကောက်ခြင်းခံထားရသော အရာရှိများနှင့် ပိန်းဥစိုက်လယ်သမားများ၊ ဟာဝိုင်အီဌာနေ ပြည်သူတို့အကြား ဆက်သွယ်ရေးအသစ်များ၊ သတင်းမီဒီယာများ၌ ဖော်ပြချက်များ၊ စကားပြော ဆွေးနွေးမှုများ အများအပြားဖြစ်ပေါ် လာခဲ့သည်။ ကျွန်းများအားလုံးမှ လယ်သမားများ၊ ဒေသခံ ဟာဝိုင်အီများနှင့် ဤကိစ္စကို အရေးတယူရှိသော နိုင်ငံသားများသည် လေကြောင်းဖြင့်ရောက်ရှိလာကြပြီး ရွေးကောက်ခြင်းခံထားရသော အရာရှိများ၏ အမာခံနောက်လိုက်ပရိသတ်များအပေါ် ထိခိုက်သက်ရောက်မှု ရှင်းရှင်းလင်းလင်း ဖြစ်သွားစေသော၊ နစ်နာကြေးငွေတောင်းခံလွှာကို ထောက်ခံသော ကိုယ်တွေ့ဖြစ်ရပ် အထောက်အထားများကို အချိန်ပေးစုဆောင်းကြပါတော့သည်။ SB ၉၅၈ သည် အထက်လွှတ်တော်ကို ဖြတ်ကျော်၍ အိမ်ဖြူတော်သို့ ဝင်ရောက်သွားသည်။ ထိုအခါ လွှတ်တော်အမတ်မင်း ကလစ်ဆူရှီ (စိုက်ပျိုးရေးဆိုင်ရာ ကော်မတီ၏ ဥက္ကဋ္ဌ)သည် ဤအမှုနှင့်ဆိုင်သော ငွေတောင်းခံလွှာအကြောင်းကို နားထောင်ရန် ငြင်းဆိုလိုက်သည်။ ဒေသခံ ဟာဝိုင်အီများနှင့် ပိန်းဥစိုက် လယ်သမားများသည် အစိုးရဥပဒေပြုဌာန်းရေးအဖွဲ့ကို သွားရောက်ဆန္ဒထုတ်ဖော်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခန်း (၂)

ဖိတ်ခေါ် အစည်းအဝေးနှင့် အပြည့်အစုံဆွေးနွေးချက်။ (၃၀ မိနစ်)

မေးခွန်းများ၊ ဝေဖန်ချက်နှင့် အဖိုးတန်ဇီဝရှာဖွေခြင်းနှင့် မျိုးရိုးဗီဇပြုပြင်ပေးသည့် နည်းပညာနှင့်သက်ဆိုင်သော အတွေးအမြင်များ။

တက်ရောက်ပါဝင်သူများသည် ဦးဆောင်တင်ပြဆွေးနွေးသွားသော အရင်းအမြစ်ပုဂ္ဂိုလ်အား သို့မဟုတ် ဤကိစ္စရပ်အပေါ် ဝေဖန်ချက်၊ တုံ့ပြန်မှုများပေးရန် မေးခွန်းမေးစေခြင်း။

၁။ အရင်းအမြစ်ပေး ဦးဆောင်သူမှ မေးခွန်းများနှင့် ဝေဖန်ချက်များကိုတုံ့ပြန်ရန်။

၂။ တက်ရောက်ပါဝင်သူများက ဇီဝရှာဖွေခြင်းနှင့် မျိုးဗီဇပြုပြင်ပြောင်းလဲထားသည့် နေရာများစွာတွင် ထိုပြဿနာများကို ပြောဆိုဆွေးနွေးရန် ဌာနေတိုင်းရင်းသားများက မည်သို့လုပ်ဆောင်ရန် လိုအပ်သည်နှင့်ပတ်သက်၍ ၎င်းတို့၏ အတွေးအခေါ် များကို မျှဝေရန်။

၃။ ကူညီပံ့ပိုးသူက တင်ပြဆွေးနွေးခဲ့ကြသော အဓိကအချက်များကို အနှစ်ချုပ်ပြီးနောက် ဆွေးနွေးနေသည်များကို ရပ်နားရန်။

အောက်ခြေစာညွှန်းများ။


1. Rodriguez Villalobos, Blanco Lobo, Azofeifa Cascante 2004.
2. Harry, Howard, Sheldon 2000. Indigenous Peoples Council on Biocolonialism http://www.ipcb.org Jun00.
3. Lim 2000.
4. Third World Network 2004.


ကျမ်းကိုးစာများ။


Harry Debra, Stephanie Howard, Brett Lee Sheldon, 2000. Indigenous People, Genes and Genetics What Indigenous People Should Know About Biocolonialism. A Primer and Resource Guide. Nixon, NV: IPCB.

Lim Li Lin. 2000. Capacity Building in Developing Countries to Facilitate the Implementation of the Cartagena Protocol on Biosafety, Malaysia. TWN.

Rodriguez Vilalobos, Guiselle Montserrat Blanco Labo, Francisco Azofeifa Cascante. 2004. Diversity Makes the Difference: Actions to Guarantee Gender Equity in the Application of the Convention on Biological Diversity. IUCN.


www.burmeseclassic.com

www.burmeseclassic.com



# Notes:

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၉

## ဌာနေတိုင်းရင်းသားများ၊ ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် ရာသီဥတုပြောင်းလဲမှု။

**ရည်မှန်းချက်များ။**

၁။ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဝဟုသုတများ အတွင်းကျကျ ဆက်နွယ်နေမှုကို နားလည်ရန်။

၂။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လက်ရှိမူဝါဒများနှင့် ဆောင်ရွက်နေမှုများအပေါ် နားလည်သဘောပေါက်မှုကို မြှင့်တင်ရန်။

၃။ 'REDD+'၊ သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲခြင်းတို့ကို နားလည်ရန်။

၄။ ဌာနေတိုင်းရင်းသားများနှင့် ဇီဝမျိုးစုံမျိုးကွဲခြင်းတို့အပေါ် သက်ရောက်နေသော ရာသီဥတုပြောင်းလဲခြင်း၏ ဆန့်ကျင်ဘက်အကျိုးဆက်များနှင့်စပ်လျဉ်း၍ သင့်လျော်သောမူဝါဒများနှင့် လှုပ်ရှားမှုများကို ဖော်ထုတ်ရာတွင် ဌာနေတိုင်းရင်းသားတို့၏ ထိရောက်သော ဝင်ရောက်ပါဝင်မှုကို အားပေးတိုက်တွန်းရန်။

**အရင်းအမြစ်များ။**

- ရာသီဥတုပြောင်းလဲမှုနှင့် ဌာနေတိုင်းရင်းသားများအတွက် လမ်းညွှန်။
- "ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် ဌာနေတိုင်းရင်းသားများ" - ပါဝါပွိုင့်၊ ရုပ်ရှင် - "အဖျားရောဂါ"
- ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောများ၏ အရည်အသွေးများကျဆင်းသွားခြင်းကြောင့် ဖြစ်ပေါ်လာသော ဓါတ်ငွေ့များကို လျော့နည်းစေခြင်း REDD+ ဌာနေတိုင်းရင်းသားများအတွက်လမ်းညွှန်။
- IIPFCC ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒစာတမ်း။
- အဲန်ဂါရေ၃ချ် ကြေငြာစာတမ်း။
- Alia အတွင်းပိုင်း၌ ဖြစ်ပေါ်နေသောရာသီဥတု ပြောင်းလဲမှုအောက်တွင် အာထစ်သမုဒ္ဒရာတွင်းရှိ ကျွန်းငယ်နိုင်ငံများနှင့် တုန်းမြင့်များတွင် နေထိုင်သော အကာအကွယ် အလွန်အကျွံမဲ့နေသော ဌာနေတိုင်းရင်းသားနှင့် ဌာနေ အသိုင်းအဝန်းများအကြောင်း အစီရင်ခံစာ (အန္တရာယ်ဖြစ်ရသောအကြောင်းရင်းများနှင့် ဖြေရှင်းချက်များကို အလေးပေးဖော်ပြလျက်)။

**အချိန်**
**၃ နာရီ**

**ဆောင်ရွက်ချက်။**

**လေ့ကျင့်ခန်း-၁။**

**ရုပ်ရှင်ပြခြင်း။ (၃၀ မိနစ်)**

ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သော ဌာနေတိုင်းရင်းသားများ၏ အရေးအရာများကို တက်ရောက်ပါဝင်သူများ နားလည်လာရန် လှုံ့ဆော်ပါ။

၁။ -အဖျားရောဂါ- အမည်ရှိရုပ်ရှင် (ဌာနေတိုင်းရင်းသားများနှင့် ရာသီဥတုပြောင်းလဲမှု အကြောင်း) ပြခြင်း။

၂။ တက်ရောက်ပါဝင်သူများက မည်သို့နားလည်ခံစားရသည်၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် တိုင်းရင်းသားလူမျိုးများအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်လာမှုများနှင့် ပတ်သက်၍ မည်သို့ထင်မြင်စဉ်းစားမိ သည်ကို တက်ရောက်ပါဝင်သူများအား မေးပါ။

www.burmeseclassic.com

www.burmeseclassic.com



တင်ပြချက်နှင့် ဆောင်ရွက်ချက်။ (၁ နာရီ)

၁။ မိတ်ဆက်။

ဌာနေတိုင်းရင်းသားများသည် ရာသီဥတုပြောင်းလဲစေမှုတွင် ပါဝင်မှုအနည်းဆုံးဖြစ်သော်လည်း ရာသီဥတုပြောင်းလဲသွားခြင်း၏ ဆန့်ကျင်ဘက်အကျိုးဆက်များကို အများဆုံး ခံစားနေရသူများဖြစ်သည်။ သူတို့သည် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို နှစ်ပေါင်းများစွာ ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခဲ့သည်။ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသော ကာဗွန်ထုတ်လွှတ်ခြင်းကို အနည်းပါးဆုံးသာ ဖြစ်ပေါ်စေခဲ့သည်။

ရေရှည်တည်တံ့မှု မရှိသောဖွံ့ဖြိုးတိုးတက်မှုကြောင့် အလျင်အမြန်ဖြစ်ပေါ်လာသော ရာသီဥတုပျက်စီးခြင်းသည် ဌာနေတိုင်းရင်းသားများအားအပေါ် အလွန်အရေးကြီး၍ ရှုတ်ထွေးသော၊ သမမျှတမှုကင်းမဲ့သော ဆန့်ကျင်ဘက် သက်ရောက်မှုများအား ဖြစ်စေသည်။ ထိုဆိုးကျိုးများသည် သူတို့၏ယဉ်ကျေးမှု၊ လူသားနှင့်ပတ်ဝန်းကျင် ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ကောင်းကျိုးချမ်းသာ၊ ရိုးရာအလိုက် စားဝတ်နေရေးဘဝများ၊ အစားအစာစနစ်များနှင့် အစားအစာများ၏သီးသန့်ဖြစ်တည်နေမှုအခွင့်အာဏာ၊ပို့ဆောင်ဆက်သွယ်ရေး၊ရေအရင်းအမြစ်ကဲ့သို့သော ဒေသပိုင်ဖြစ်တည်နေမှုများ၊ စီးပွားရေးအရ သီးခြားရပ်တည်နိုင်မှုနှင့် ဌာနေတိုင်းရင်းသားအဖြစ် အသက်ရှင်နေထိုင်မှုအပေါ်တွင် သက်ရောက်သည်။

ရာသီဥတုပြောင်းလဲမှုသည်နေရာအနှံ့၌ ဖြစ်ပေါ်နေသော ရေရှည်တည်တံ့မှုမရှိသော ဖွံ့ဖြိုးခြင်းပုံစံဖြစ်၍ ကမ္ဘာ့အရင်းရှင်စနစ်ကြောင့် ဖြစ်သည်။ စက်မှုနိုင်ငံအချို့နှင့် နိုင်ငံများစွာပါသော ကော်ပိုရေးရှင်းများတွင် ဓနနှင့်အာဏာရှိရေးကို အာရုံစူးစိုက်နေမှု၊ စည်းစိမ်၌ ဇိမ်ခံယစ်မူးခြင်း၊ ရေရှည်အတွက်မကြည့်သောကုန်ထုတ်လုပ်ခြင်းနှင့် ဝယ်ယူစားသုံးခြင်းတို့သည် ဥတုရာသီပြောင်းလဲခြင်း၏ အကြောင်းရင်းများဖြစ်သည်။

ကျွန်ုပ်တို့နားလည် သဘောပေါက်ရန်လိုသည်မှာ အမိမြေသည် ရာသီဥတုပြောင်းလဲမှု အချိန်ပိုင်းတစ်ခုကိုသာ ရင်ဆိုင်နေရခြင်းမဟုတ်ပါ။ သို့သော် ရာသီဥတုပြောင်းလဲမှု၏ ကပ်ဒုက္ခကြီးထဲတွင်ရှိနေသည်။ အတိတ်နှင့် လက်ရှိ ဌာနေတိုင်းရင်းသားမျိုးဆက်များသည် နှစ် ထောင်နှင့်ချီ၍ ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောနေထိုင်ခဲ့ကြသည်။ သို့တစေ ယနေ့ ရာသီဥတုပြောင်းလဲမှု၏ သဘာဝများနှင့် အရေးပါသောပြောင်းလဲမှုတို့သည် ဌာနေတို့၏ နလန်ထူခြင်းနှင့် စွမ်းဆောင်ရည်များ လိုက်လျောညီထွေနေမှုကို စိန်ခေါ်ခဲ့ပေပြီ။ ထို့ကြောင့် ရာသီဥတုကပ်ဆိုးနှင့် သက်ဆိုင်သောဆုံးဖြတ်ချက်များချကာ ဦးတိုက်ဆောင်ရွက်၍ အသက်ရှင်သန်ခြင်းနှင့် ဆိုင်သောအရာများကို အလွဲသုံးစားပြုနေခြင်းနှင့် ဖျက်ဆီးနေခြင်းများကို အဆုံးသတ်ရန် လိုအပ်သည်။

၂။ ရာသီဥတုပြောင်းလဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတအကြားရှိ အတွင်းကျကျ ဆက်နွယ်နေမှု။

ရိုးရာဗဟုသုတဆိုသည်မှာ ဒေသတွင်းလူမှုရေးဖွဲ့စည်းမှု၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်တို့တွင် လိုက်လျောညီထွေစွာ ကျင့်သုံးလာသော၊ အချိန်နှင့်အမျှ ရရှိလာသောအတွေ့အကြုံများကို ဖွံ့ဖြိုးတိုးတက်စေလျက် အချင်းချင်းမျှဝေဆက်ခံထားသော၊ ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူအုပ်စု၏ အသိဉာဏ်ဗဟုသုတ၊ တီထွင်မှုများနှင့် ဓလေ့များကို ရည်ညွှန်းပါသည်။ ထိုဗဟုသုတများသည် ၎င်းတို့၏သဘောသဘာဝအရ အစုလိုက်တလုံးတစည်းတည်း ဖြစ်တည်လျက်ရှိသည်။ ဤဗဟုသုတအသိများသည် သာမန်အားဖြင့် လက်တွေ့အသုံးချနေကြသော သဘာဝတစ်ရပ်ဖြစ်ပြီး ရိုးရာအလိုက် အသက်မွေးဝမ်းကြောင်းမှု၊ ကျန်းမာရေး၊ ဆေးဝါး၊ အပင်များ၊ တိရစ္ဆာန်များ၊ မိုးလေဝသ အခြေအနေများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအခြေအနေများနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုကဲ့သို့သော ဧရိယာများအတွက် အကျုံးဝင်ပါသည်။

ရာသီဥတုပြောင်းလဲလာမှုသည် ဌာနေတိုင်းရင်းသားများနှင့် ဌာနေလူမှုဝန်းကျင်၏ ဓလေ့များ၊ ဆန်းသစ်တီထွင်ထားမှုများ၊ သက်ဆိုင်ရာ ဗဟုသုတများနှင့် ဇီဝဗေဒအရ မျိုးစုံလင်စွာ၊ မျိုးကွဲပြားစွာတည်ရှိနေမှုအတွက် အန္တရာယ်ဖြစ်စေသော အကျိုးသက်ရောက်မှုတစ်ရပ် ဖြစ်ပါသည်။

- ♦ ဇီဝသဘောအရ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် ရာသီဥတုပြောင်းလဲလာခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့်စပ် လျဉ်း၍ အောက်ပါနည်းဥပဒေစည်းမျဉ်းများကို အသိအမှတ် ပြုပါသည်။
- ♦ ရာသီဥတုပြောင်းလဲလာခြင်းသည် ဇီဝမျိုးစုံမျိုးကွဲခြင်းကို ဆုံးရှုံးလာရခြင်း၏ ဒုတိယအကြောင်းရင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



♦ ဇီဝမျိုးစုံမျိုးကွဲခြင်းကို စီမံခန့်ခွဲခြင်းသည် ရာသီဥတုပြောင်းလဲလာခြင်းကို လျော့ပါးစေပြီး လိုက်လျောညီထွေမှု ဖြစ်လာစေသည်။ သဲကန္တာရဖြစ်ထွန်းလာခြင်းကို တွန်းလှန်ပေးသည်။

ကမ္ဘာကြီး၏ ဇီဝဆိုင်ရာမျိုးစုံမျိုးကွဲခြင်းအပေါ် သက်ရောက်မှုများရှိနေသော ရာသီဥတုပြောင်းလဲလာခြင်းကို ကာကွယ်ရန်နှင့် အလိုက်သင့်လျော့ပါးသွားစေရန် လိုအပ်သော တိုင်းတာကန့်သတ်မှုများ စတင်ထားရှိလာရန်မှာ CBD ၏ပါတီများတွင် ဝတ္တရားရှိပါသည်။ ရာသီဥတုပြောင်းလဲမှု၏ ခေါင်းစဉ်အောက်တွင် ဇီဝမျိုးစုံမျိုးကွဲခြင်းကို ရေရှည်တည်တံ့အောင် အသုံးပြုရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်ရာတွင် တိုင်းရင်းသားများနှင့် ဌာနေပြည်သူအသိုင်းအဝန်း၏ ရိုးရာဓလေ့များ တီထွင်ဆန်းသစ်မှုများနှင့် ဗဟုသုတများသည်လည်း တဆက်တည်း ဆက်နွယ်နေသည်ဟု မြင်ရသောအခါ ထိုရိုးရာဗဟုသုတများကို ပါတီဝင်နိုင်ငံများက လေးစားရန်၊ ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်မှာလည်း ဝတ္တရားရှိသည်။

၃။ ဇီဝမျိုးကဌာနေတိုင်းရင်းသားများနှင့် ဇီဝမျိုးစုံမျိုးကွဲခြင်းအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုမှာ အဘယ်နည်း။

IPCC(နိုင်ငံအစိုးရများအကြား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အလုပ်အမှုဆောင် ကော်မတီ)သည် ရာသီဥတုပြောင်းလဲမှုလမ်းကြောင်း၏ အနာဂါတ်တွင် ဖြစ်နိုင်သောလားရာနှင့် ဖြစ်စဉ်ကို အောက်ပါအတိုင်း ကြိုတင်ခန့်မှန်းပါသည်။

- ကုန်းမြေအများစုမှာ ပိုနွေးသောပိုအေးသောနေ့များညများ။
- ကုန်းမြေအများစုမှာ ပိုနွေးသော မကြာခဏ ပို၍ပူသောနေ့များညများ။
- ကုန်းမြေအများစုမှာ နွေးသောအချိန်များ/အပူလှိုင်းများ၊ ကြိမ်နှုန်းတိုးလာသည်။
- ရေငွေ့ထုထပ်သောအဖြစ်အပျက်များ၊ ပြင်းထန်စွာမိုးရွာသွန်းမှုကြောင့် မိုးရေချိန်စုစုပေါင်း၏ အချိုးအဆများနှင့် ကြိမ်နှုန်းများသည် ကုန်းမြေအများစုတွင် တိုးလာမည်။
- မိုးခေါင်ရေရှားမှု ဖြစ်ပေါ်သောဒေသများ တိုးလာသည်။
- ပြင်းထန်သောအပူပိုင်းဇုန် ဆိုင်ကလုန်းမုန်တိုင်းလှုပ်ရှားမှုတိုးလာသည်။
- (ဆူနာမီမဟုတ်ဘဲ) ပင်လယ်မျက်နှာပြင် အလွန်အမင်း တိုးမြင့်လာခြင်းများ များပြားလာသည်။

ဤပြောင်းလဲမှုများသည် ဇီဝမျိုးစုံမျိုးကွဲခြင်းအပေါ် ပြင်းထန်သော သက်ရောက်မှုရလဒ်များရှိသည်။ IPCC အရ ယနေ့ထိတိုင်းတာချက်အရ ခန့်မှန်းခြေ ၂၀-၃၀% အပင်နှင့်အကောင်မျိုးစိတ်များမှာ အကယ်၍ ကမ္ဘာ့ပျမ်းမျှအပူချိန် ၁.၅- မှ ၂.၅- C° ကျော်လွန်မြင့်မားလာခဲ့သော် မျိုးပျောက်သုဉ်းမှု စွန့်စားမှု တိုးလာခြေမြင်ရသည်။ ထောင်စုနှစ် ဂေဟစနစ် စစ်တမ်းကောက်ယူမှုအရ ရာသီဥတုပြောင်းလဲမှု၏ ရလာဒ်တစ်ခုအဖြစ် မျိုးသုဉ်းခြင်း၏ ခြိမ်းခြောက်မှု တိုးမြှင့်လာသည်ကို မျိုးစိတ်တစ်သန်းက ရင်ဆိုင်နေရသည်။

အားလုံးသောဂေဟစနစ်များ (သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ကုန်းမြင့်တောင်တန်း ဂေစနစ်များ လက်ကျန်ဌာနေမြက်ခင်းပြင်များနှင့် အစဉ်အေးခဲနက်ရှိုင်းမြေလွှာကို ဖုံးအုပ်နေသော ဂေဟစနစ်များ) တို့မှာ ရာသီဥတုပြောင်းလဲလာခြင်း၏ ထိခိုက်မှုကို အကာအကွယ်မဲ့ခံနေရသော်လည်း ၎င်းတို့၏ တုန့်ပြန်မှုများမှာ မတူကြပေ။ တချို့မှာ ဤသို့အကာအကွယ်မဲ့ခြင်းကိုပြရန် နွေးသကဲ့သို့ ဥပမာ-သက်ရှည်ပင်များ အချို့က မြန်မြန်တုံ့ပြန်သည်။ (ဥပမာ - သန္တာကျောက်တန်းများ)

ရာသီဥတုပြောင်းလဲခြင်းကား ဂေဟစနစ်၏ လုပ်ငန်းဆောင်တာများ၊ အသွင်အပြင်၊ ဖွဲ့တည်မှုနှင့် တည်ဆောက်ထားပုံတို့ကို စတင်ထိခိုက်သက်ရောက်နေပြီ။ (ဥပမာ-အာတစ်ဒေသရှိ ပင်လယ်ရေခဲတုံး၏ ထူသောထုထည်လျော့လာခြင်း၊ သန္တာကျောက်တန်းများ ကျယ်ကျယ်ပြန့်ပြန့် အရောင်ပြောင်း/ကျွတ်လာခြင်း၊ စွတ်စိုမြေဆားငန်ဓါတ်ပေါက်ခြင်းနှင့် ဆားရည်ကျူးကျော်ဝင်ရောက်ခြင်း) တို့ဖြစ်သည်။

သဘာဝအဖြစ်အပျက်များ၏ အချိန်အခါများပြောင်းလဲခြင်းက ဂေဟစနစ်၏ ဝန်ဆောင်မှုများနှင့် သဘာဝစွမ်းအားများ သမမျှတစွာတည်ရှိနေမှုကို အနှောင့်အယှက်ပေးခြင်းဖြင့် သက်ရှိအရာများအချင်းချင်း အပြန်အလှန်တုံ့ပြန်ဆက်ဆံနေခြင်းကို ထိခိုက်သက်ရောက်မှု ဖြစ်စေပါသည်။ ရာသီဥတု ရွေ့ပြောင်းခြင်းများသည် သက်ရှိများကို ၎င်း၊ မိမိနေထိုင်မှုကိုလိုက်လျောညီထွေစွာ ပြောင်းလဲလာရန် (သို့မဟုတ်) အခြားတနေရာသို့ ပြောင်းရွှေ့သွားရန်

www.burmeseclassic.com

www.burmeseclassic.com



တွန်းပို့နေသည်။ ထိုသို့ဖြစ်သွားခြင်း၏ရလဒ်မှာ မျိုးစိတ်အသစ်များ ရောက်ရှိလာခြင်း သို့မဟုတ် မျိုးစိတ်များပျောက်ကွယ်သွားခြင်းပင် ဖြစ်သည်။ အကြောင်းမှာ လိုအပ်သလောက် လိုက်လျောညီထွေစွာ မနေထိုင်တတ်ခြင်း သို့မဟုတ် နေထိုင်ကျက်စားရာဝန်းကျင်များ ပျက်စီးယိုယွင်းနေခြင်းကြောင့်ပင်။ ဤအရာသည် အသိုက်အမြုံဝန်းကျင် အမျိုးမျိုးရှိ ဂေဟစနစ်များ၏ လုပ်ငန်းဆောင်တာများကိုလည်း သက်ရောက်မှုရှိနေသည်။

ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်နေသော ရာသီဥတုပြောင်းလဲမှုတွင် ပါဝင်သည်များမှာ၊-

- အားကြီးသော ရေကြီးရေလျှံမှုများ၊ ပြင်းထန်သော ဟာရီကိန်းမုန်တိုင်းများ၊ ဆိုင်ကလုန်းများ၊ တိုင်ဖွန်းများနှင့် မုန်တိုင်းများ ရုတ်တရက်ဖြစ်ပေါ်မှုများသည် အိမ်များ၊ ပြည်သူပိုင်အဆောက်အအုံများ (တံတားများ၊ လမ်းများ၊ လျှပ်စစ်မီးလိုင်းများ၊ ဆည်များ၊ မိုင်းများ၊ ရေတန်များ စသည်ဖြင့်) သစ်တောများ၊ စိုက်ပျိုးမြေများ၊ ကောက်ပဲသီးနှံများ၊ တိရစ္ဆာန်မွေးမြူရေးများ၊ အပင်္ကာဝါရေသတ္တဝါများနှင့် ကမ်းရိုးတန်းအရင်းအမြစ်များကို ပျက်စီးဆုံးရှုံးသွားခြင်းသို့ ဦးတည်နေပါသည်။
- ထုထည်ကြီးသောမြေစိုင်များပြိုခြင်း၊ ရေချိုပေးမှုဆုံးရှုံးခြင်း၊ အကျကြည့်မှန်ပြောင်းနှင့်သာ တွေ့ရသော သေးငယ်သောရောဂါပိုးများတိုးလာခြင်းနှင့် ကူးစက်ရောဂါပြန့်ပွားစေသော ပိုးများတိုးခြင်း၊ လျှပ်စစ်ဓါတ်အားဆုံးရှုံးခြင်း စသဖြင့်)
- ဤသည်တို့ ဦးတည်နေသည်မှာ လူသားနှင့်ဆိုင်သော သက်ရောက်မှုများ ဥပမာ- ရပ်ပိုင်းဆိုင်ရာ သီးသန့်နေခြင်း (ရေလျှံရေကြီးမှုများ၊ အစိုင်အခဲကြီးစွာ မြေပြိုမှုများကြောင့် မွေးမြူရေးတိရစ္ဆာန်များ၊ ရေသတ္တဝါများနှင့် ကမ်းရိုးတန်းအရင်းအမြစ်များ၊ ကောက်ပဲသီးနှံများ စျေးကွက်သို့ ရောက်နိုင်ချေကို ယုတ်လျော့စေသည်။ ရေးဘိုးဘွားမြေယာများ၊ အိမ်များနှင့် ရင်းမြစ်များ ပျက်ဆီးခြင်းနှင့်ဆုံးရှုံးခြင်း၊ အစာရိက္ခာမဖူလုံမှုနှင့် ငတ်မွတ်ခြင်း (သီးနှံပျက်စီးခြင်း၊ သန္တာကျောက်တန်းများ၊ ဒီရေတောများနှင့် ဌာနေငါးများ သားပေါက်ဥဥရာကမ်းပါးများပျက်စီးသွားခြင်း၊ မွေးမြူရေး ယုတ်လျော့ခြင်း)နှင့် ရေချိုနှင့် စွမ်းအင်များ မလုံလောက်မှု၊ ကူးစက်နိုင်သောရောဂါများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်တည်ရှိလာခြင်း (ဥပမာ-ဝမ်းပျက်၊ ဝမ်းလျှောရောဂါ စသည်ဖြင့်/အဆိပ်ဖြစ်ခြင်း)
- ရေကြီးမှုနှင့် မိုးခေါင်ရေရှားဖြစ်မှုတို့မှာ မကြာခဏဖြစ်တာ ရှည်ကြာလာသည်တို့ကား ဌာနေတိုင်းရင်းသားများအား သက်ရှင်မှုကိုဖြစ်စေသော အစာအရင်းအမြစ်များ သို့မဟုတ် ၎င်းတို့၏ ပျော်ရွှင်ဘွယ်ရာ အခမ်းအနားအဝအတွက် မရှိမဖြစ်လိုအပ်သော အပင်နှင့်သတ္တဝါ မျိုးစိတ်တို့ကို ပျောက်ကွယ်စေသည်။
- အလွန်အမင်းဆိုးဝါးသော မကြုံစဖူးထူးကဲစွာအေးသည့်အချိန်နှင့် စွတ်စိုမှုရှည်ကြာမြင့် သည့်ပတ်ဝန်းကျင်ရှိ ကျန်းမာရေးပြဿနာများ ဥပမာ- ခန္ဓာကိုယ်အပူချိန် ပုံမှန်မဟုတ်ဘဲ နိမ့်ကျနေခြင်း၊ လေပြွန်ယောင်ခြင်း၊ အဆုတ်လေပြွန်ယောင်ခြင်းတို့ အထူးသဖြင့် ငယ်သူနှင့် အသက်ကြီးသူများတွင် ဖြစ်ပွားစေသည်။
- ရေမျက်နှာပြင်အဆင့်ကျသွားခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သဲကန္တာရဖြစ်တွန်းခြင်း၊ ဆားရေကျူးကျော်ဝင်ရောက်ခြင်းများသည် ငတ်မွတ်ခြင်းနှင့် ဆင်းရဲခြင်းများ ပိုဖြစ်ပေါ်လာခြင်းသို့ ဦးတည်နေသည်။ ရေနှင့်အစားအစာမလုံလောက်ခြင်းများသည် ပို၍ဆိုးရွားလာသည်။
- ရိုးရာအသက်မွေးဝမ်းကျောင်းမှုများဖြစ်သော အလှည့်ကျစိုက်ပျိုးရေး၊ အမဲလိုက်ခြင်းနှင့် စုဆောင်းခြင်း တပိုင်တနိုင် အိမ်မွေးတိရစ္ဆာန်မွေးမြူရေး၊ တောင်တန်းဒေသမွေးမြူရေး၊ စိုက်ပျိုးရေးထွက် ကုန်ထုတ်လုပ်ခြင်း၊ ကမ်းရိုးတန်းလုပ်ငန်းများနှင့်၊ ရေထွက်လုပ်ငန်း၊ ကောင်ချောက်များ မြှုလုပ်အသုံးချခြင်း၊ သစ်တောစိုက်ပျိုးရေးအသက်မွေးဝမ်းကျောင်းတို့မှာ အခြားလုပ်ငန်းတို့ကတ် ရာသီဥတုပြောင်းလဲမှုကြောင့် အထိအခိုက်ခံရသည်။
- ရိုးရာအသက်မွေးဝမ်းကျောင်းနှင့် ၎င်းတို့၏ ဂေဟစနစ်အပေါ် ဆန့်ကျင်ဘက် သက်ရောက်မှုများသည် ရိုးရာပဟုသုတ၊ ဆန်းသစ်တီထွင်မှုများ၊ တိုင်းရင်းသားတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ဂေဟစနစ်များနှင့် တွဲဆက်လျက်ရှိသော အလေ့အကျင့်များဆုံးရှုံးခြင်းကိုလည်း ဖြစ်စေသည်။
- ပုံမှန်ဝင်ငွေ၊ စီးပွားရေးအခွင့်အရေးများနှင့် ရိုးရာယဉ်ကျေးမှုအလေ့အကျင့် ဆုံးရှုံးခြင်းမှာ ဌာနေတိုင်းရင်းသားများအတွက် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဒီအားများ ပို၍တိုးမြင့်ဖို့ဖြစ်သည်။ ဌာနေလူငယ် တိုင်းရင်းသားများအသည် ရပ်ရွာမြို့ပသို့ ရွှေ့ပြောင်းသွား၍ စီးပွားရေးအခွင့်အရေးများကို ရှာရခြင်းအကြောင်းမှာ ၊ ရာသီဥတုပြောင်းလဲမှုသည် ၎င်းတို့၏ဝန်းကျင်အလွှာ၌ ၎င်းတို့၏ရှေ့ရေးအခွင့်အရေးများကို တန့်သတ်ထိုးခံသောကြောင့် ဖြစ်သည်။ ဤသို့ ဖြစ်လာခြင်းသည် ဌာနေတိုင်းရင်းသားများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှု ပြိုလဲရုတ်သည်းခြင်းသို့ ဦးတည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



- ဌာနေတိုင်းရင်းသားဦးရေ ပတ်ဝန်းကျင်ဆိုင်ရာ ဒုက္ခသည်များ သို့မဟုတ် ပြင်ပသို့ ပြောင်းရွှေ့သွားသူများ တိုးလာနေသည့်အကြောင်းများ ၎င်းတို့၏နေရာများ ဖျက်ဆီးခံရခြင်း သို့မဟုတ် ရေအောက်တွင် လွှမ်းမိုးခံရခြင်းကြောင့် ဖြစ်သည်။
- ဌာနေတိုင်းရင်းသူများသည် ၎င်းတို့၏လုပ်ဆောင်မှုတာဝန်များဖြစ်သော မျိုးစေ့သိမ်းဆည်းသူများ ယဉ်ကျေးမှုနှင့် ဘာသာစကားကို လက်ဆင့်ကမ်းဖြန့်ဝေသူများ၊ ရေရှည်ကောင်းကျိုးဆောင်သူများ ဖြစ်ခြင်းတို့ကို ထမ်းဆောင်နိုင်ခြင်း မရှိတော့ပေ။
- ယဉ်ကျေးမှုအရ အရေးကြီးဆုံးသော မျိုးစိတ်များဆုံးရှုံးခြင်း (သို့မဟုတ်) နေရာပြောင်းရွှေ့သွားခြင်းများသည် သက်ကြီးရွယ်အိုများအတွက် ၎င်းတို့၏ ရိုးရာဂေဟစနစ်ဆိုင်ရာ ဗဟုသုတကို ကျင့်သုံးရန်နှင့် နောက်မျိုးဆက်သို့ လက်ဆင့်ကမ်းရန် ပို၍ခက်ခဲစေသည်။

၄။ ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သောကိစ္စများစဉ်းစားရာတွင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတဆိုင်ရာအရေးကိစ္စကို အဘယ်ကြောင့် အဓိကဗဟိုပြု စဉ်းစားပါသနည်း။

တိုင်းရင်းသားများနှင့် ဒေသခံလူ့အသိုင်းအဝန်းများ၏ ယဉ်ကျေးမှု၊ လူမှုရေးရာဖွဲ့စည်းထားမှု၊ စီးပွားရေး၊ အသက်မွေးဝမ်းကြောင်းများ၊ ယုံကြည်မှုများ၊ ရိုးရာဓလေ့များ၊ လုပ်ထုံးလုပ်နည်း များ၊ ထုံးတမ်းစဉ်လာဥပဒေ၊ ကျန်းမာရေးတို့မှ၄င်း၊ ထို အရာများနှင့် ဒေသခံသဘာဝဝန်းကျင်၏ ဆက်နွယ်နေခြင်းမှ၄င်း ခွဲထုတ်၍မရသော အစိတ်အပိုင်းတစ်ခုမှာ ရိုးရာဗဟုသုတ ဖြစ်ပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့်၄င်း ဇီဝသဘာဝအရ စုံစုံလင်လင် ကွဲပြားနေခြင်းနှင့်၄င်း ယှက်နွယ်နေမှုတွင် ထိုကဲ့သို့သောအရာများ(တိုင်းရင်းသားတို့၏ ထုံးတမ်းနှင့်ရိုးရာများ)တစုတည်းရှိနေမှုသည် အလွန်ပင်အရေးကြီး၍ ဒေသတွင်း ဗဟုသုတ၊ တီထွင်ဆန်းသစ်မှုများနှင့် ဓလေ့စရိုက်များကို ဖြစ်ပေါ်စေပါသည်။
(UNPFII ၂၀၀၈၊ ၅)

ဌာနေတိုင်းရင်းသားများသည် ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာလုပ်ရိုးလုပ်စဉ်များကို သက်သေပြခဲ့ပြီးဖြစ်သည်။ ၎င်းတို့သည် ဇီဝမျိုးစုံမျိုးကွဲခြင်းကို ဂရုစိုက်မှုနှင့် စီမံခန့်ခွဲမှုကို ၎င်းတို့၏ တာဝန်အဖြစ်လည်း သတ်မှတ်ခံယူထားသည်။ ၎င်းတို့၏ရိုးရာကမ္ဘာ့အမြင်များတွင် အပင်နှင့်သတ္တဝါများသည် သဘာဝ၏ အခြားသောအစိတ်အပိုင်းများ အလားတူဆက်နွယ်မှုများ သို့မဟုတ် အပြန်အလှန်အားဖြင့် ကောင်းစွာဂရုစိုက်ရန်နှင့် လေးစားရန်တောင်းဆိုသော၊ လူသားတို့အား ကူညီရန် မိမိကိုယ်ကိုအပ်နှင်းသော ကိုးကွယ်ရာများအဖြစ် မှတ်ယူထားကြသည်။

တိုလီဒို (၂၀၀၀) က အခိုင်အမာ ကြေငြာပြောဆိုသည်မှာ လူမျိုးနွယ်စုများ၏ စရိုက်များနှင့် ဂေဟစနစ်များဆိုင်ရာ သိပ္ပံဗေဒ၊ လူမျိုးနွယ်စုများဆိုင်ရာ ဇီဝဗေဒ၊ ခေတ်ပြိုင်ယဉ်ကျေးမှုများဆိုင်ရာ မနုဿဗေဒနှင့် ဘာသာဗေဒ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဇီဝဗေဒ စသည့်နယ်ပယ်များမှ သိပ္ပံပညာရှင်များသည် တဆင့်ပြီးတဆင့် ရှာဖွေသိမြင်လာ၍ တစုတစည်းတည်းမျှဝေခံယူလာသော နိယာမတစ်ခုရှိလာသည်။ ကမ္ဘာလောကကြီး၏ ဇီဝမျိုးစုံမျိုးကွဲခြင်းအား ထိရောက်စွာထိန်းသိမ်းစောင့်ရှောက်နိုင်ရန်မှာ ယဉ်ကျေးမှုများ မျိုးစုံမျိုးကွဲခြင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့်သာဖြစ်၍ အပြန်အလှန်အားဖြင့် ဇီဝမျိုးစုံမျိုးကွဲခြင်းကို စောင့်ရှောက်မှုသာ ယဉ်ကျေးမှုအမျိုးမျိုးစုံလင်စွာ ကွဲပြားနေခြင်းကို တည်တံ့နေစေမည်။ ဤဘုံအဆိုပြုချက်ကို ခိုင်မြဲစေသော အဓိကအထောက်အထားပြအချက်များ လေးခုရှိပါသည်။

- ဇီဝဗေဒဆိုင်ရာကွဲပြားခြားနားမှု အများဆုံးရှိသောဒေသများတွင် ဘာသာဗေဒဆိုင်ရာကွဲပြားမှု အများဆုံးဖြစ်တည်နေသည်။
- ဇီဝဗေဒဆိုင်ရာ အမြင့်ဆုံးတန်ဖိုးရှိသော ဒေသများသည် ဌာနေတိုင်းရင်းသားများ၏ နယ်မြေများဖြစ်သည်။
- ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ထားသော နေရပ်ဒေသများတွင် နေထိုင်သူများနှင့် စီမံခန့်ခွဲသူများအဖြစ် ဌာနေတိုင်းရင်းသားများကို အသိအမှတ်ပြုရန်အရေးကြီးမှု။
- မျက်မှောက်ခေတ်အကြိုက်၌ ရေပန်းစားစွာတည်ရှိနေသော ယုံကြည်မှုနှင့် ဗဟုသုတဆိုင်ရာလုပ်ရိုးလုပ်စဉ်များတွင် အမြစ်စွဲနေသော တိုင်းရင်းသားလူမျိုးများအကြားရှိ တန်ဖိုးထားမှုများနှင့် ပြုမူစရိုက်များကို ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကို အတည်ပြုပေးနေခြင်း။

ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စုတို့သည် ဇီဝမျိုးစုံမျိုးကွဲခြင်းကို စီမံအုပ်ထိန်းသူများအဖြစ် ၎င်းတို့၏ နေထိုင်ရှင်သန်မှုဘဝပြဿနာများကို လျော့နည်းသက်သာအောင်လုပ်ဆောင်ရာတွင် အထူးပါဝင်ဆောင်ရွက်ခဲ့သူများဖြစ်သည်။ အချို့သော ဇီဝလောင်စာများကဲ့သို့ သုံးစွဲမှုလျော့ကျရန် လိုသောအရာများသည် မနှစ်သက်ဖွယ်ရာတိုက်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှင့် သွယ်ဝိုက်ဆိုးကျိုး ကွင်းဆက်များရှိသည်။ (ဥပမာ- တစ်မျိုးတည်းသော ယဉ်ကျေးမှု ချဲ့ထွင်လာခြင်းနှင့်၊ စ နပ်ရိက္ခာဖူလုံမှုနှင့် ဇီဝမျိုးစုံမျိုးကွဲကျဆင်းမှု တဆက်တည်းဖြစ်လာခြင်း) တိုင်းရင်းသားတို့၏ အပြည့်အဝထိရောက်သေ ပူးပေါင်းပါဝင်မှုသည် နိုင်ငံအစိုးရကထုတ်ပြန်မည့် လျှော့ပေါ့သုံးစွဲရေး နည်းလမ်းများကိုတိုးတက်ရာတွင်အရေးကြ လှပါသည်။ သို့မှသာ အကာအကွယ်ကင်းမဲ့သော၊ အကူအညီလိုအပ်သော အုပ်စုများအပေါ် မကောင်းသော သ ရောက်ခြင်းမရှိလာစေရန် အာမခံလိမ့်မည်။

၅။ ဇီဝမျိုးစုံမျိုးကွဲခြင်းပေါ်တွင် ရာသီဥတုပြောင်းလဲလာခြင်း၏ သက်ရောက်မှုများကို ဌာနေတိုင်းရင်းသားများ မည်သို့တုန့်ပြန်နေသနည်း။

ဇီဝမျိုးစုံမျိုးကွဲများသည်ကမ္ဘာ့မြေ၏သမိုင်းတလျှောက်ဖြစ်ပေါ်သော ယခင်ရာသီဥတုပြောင်းလဲမှုတို့ကို လို လျော်ညီထွေစွာ တုံ့ပြန်ခဲ့သည်။ ယခုအချိန်တွင် ဂေဟစနစ်များသည် လက်ရှိရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျေ ညီထွေရှိစေရန် မည်သည့်အခြေအနေက ထူးခြားစွာခက်ခဲနေရခြင်းအကြောင်း နှစ်ရပ်ရှိသည်။

- ရာသီဥတုသည် အလွန်လျင်မြန်စွာ ပြောင်းလဲနေသည်။
- နေထိုင်ရာစားကျက်ဒေသများ၏ ကြီးမားသောပြောင်းလဲခြင်းများသည် သဘာဝအရ လိုက်လျောညီထွေ နေထိုင်နိုင်ရန် ဖြစ်နိုင်ခြေရှိသောရွေးချယ်မှုများကို အလွန်တရာလျော့နည်းစေသည်။ အကယ်၍ သစ်တောတစ် သည် မည်သည့်အပင်မျှမပေါက်သော စားကျက်မြေ သို့မဟုတ် မြို့ပြစည်ကားလာခြင်းဖြင့် ဝန်းရံခြင်းခံရပါ ဥပမာ-အပင်နှင့်သတ္တဝါများစွာသည် ၎င်းတို့နှင့် ပို၍သင့်လျော်သောဒေသများသို့ ရွှေ့နိုင်သောအစွမ်းမရှိတေ ပေ။ ရာသီဥတုပြောင်းလဲမှုကြောင့် ၎င်းတို့၏ လက်ရှိနယ်နိမိတ်များသည် နေထိုင်ကျက်စားရန် မသင့်တေ တော့ပါ။

လေ့ကျင့်ခန်း။ ၂

အတွေ့အကြုံဖလှယ်ခြင်း။ (၃၀ မိနစ်)

ဌာနေတိုင်းရင်းသားများသည် ကိုယ်ပိုင်အုပ်စုအတွင်း ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကို မည်သို့တုန့်ပြန်နိုင်သနည်း။

၁. ရွေးချယ်ထားသည့် ပါဝင်တက်ရောက်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်အုပ်စုများအတွင်း ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုကို မည်သို့တုန့်ပြန်နိုင်သနည်းကို မေးပါ။

၂. ပံ့ပိုးကူညီသူက အဓိကအချက်များစုစည်း၍ နောက်ခေါင်းစဉ်နှင့်ချိတ်ဆက်ပါ။

ရိုးရာဗဟုသုတနှင့် အလေ့အကျင့်များသည် ပတ်ဝန်းကျင်ကို စီမံခန့်ခွဲရန်နှင့် ရေရှည်ထိန်းသိမ်းရန် အရေးပြ သည်။ ဌာနေတိုင်းရင်းသားသည်စစ်ပွဲနှစ်ပွဲဖြစ်သော ဇီဝမျိုးစုံမျိုးကွဲများပျောက်ကွယ်ခြင်းနှင့်၎င်း၊ ရာသီဥတုပြောင်းလဲ တွင် လိုက်လျောညီထွေနေထိုင်ခြင်းနှင့် ၎င်းတိုက်ခိုက်ရန် နည်းများစွာသုံးသည်။ ဤသည်တို့တွင် ရွှေ့ပြောင်းခြ မြောင်းဖောက်ခြင်း၊ မြေယာပြန်လည် မွမ်းမံဖော်ထုတ်ခြင်း၊ မည်သည့် အပင်ငယ်များကို အနိမ့် / အမြင့် မည်သည့်နေ တွင် မည်သို့စိုက်ပျိုးရန်ပြောင်းလဲခြင်း၊ အသက်မွေးဝမ်းကျောင်းမှုကို လိုက်လျောညီထွေစွာ ပြောင်းလဲခြင်းအစ သည်တို့ ပါဝင်သည်။

မည်သို့ဆိုစေ၊ ဌာနေတိုင်းရင်းသားများသည် လိုက်လျောညီထွေစွာနေထိုင်သော ၎င်းတို့၏ စွမ်းရည်ကိုမြ တင်ရာတွင် ဒေသခံနကိုရှိရင်းစွဲနည်းများနှင့် အခြားသောဗျူဟာများ (ဥပမာ - ကပ်ဘေးအန္တရယ်အတွက် ကြိုတင်ပြ ဆင်မှု၊ မြေယာသုံးစွဲခြင်းစီမံမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် အ သားစီမံချက်များ)နှင့် ပေါင်းစပ်ရန်လိုအပ်နေကြောင်း အသိအမှတ်ပြုရန် လိုအပ်သည်။ ထို့ပြင် ရာသီဥတုပြော လဲမှုတွင် ရေရှည်လိုက်လျောညီထွေစွာ နေထိုင်နိုင်ရန် ရင်းနှီးမြုပ်နှံမှုငွေအရင်းအနှီး၊ လုပ်အား၊ အချိန် ကဲ့သို့သေ ကြိုတင်ပြင်ဆင်ခြင်းများ လိုအပ်သည်။ ကမ္ဘာတစ်လွှား၊ အနယ်နယ်အရပ်ရပ်တွင်ရှိသော ဌာနေတိုင်းရင်းသားမ

www.burmeseclassic.com



သည် လိုက်လျောညီထွေစွာ ဆက်လက်နေထိုင်သွားရန်အတွက် လိုအပ်သောနည်းပညာမရှိခြင်းနှင့် သဘာဝအရင်းအမြစ်များမှ တားမြစ်ထားခြင်းတို့ကို ကြုံနေရပေပြီ။

ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်အနည်းဆုံးများထဲမှတစ်ခုဖြစ်သော ဌာနေတိုင်းရင်းသားများ၏ ထိရောက်သော ပူးပေါင်းပါဝင်မှုသည် ၎င်းတို့အပေါ် သက်ရောက်မှုရှိနေသော ရာသီဥတုပြောင်းလဲမှုနှင့် သက်ဆိုင်၍ ထုတ်ပြန်ရေးဆွဲသော မူဝါဒနှင့် အစီအစဉ်အဆင့်ဆင့်အားလုံးတွင် ပါဝင်ရန်သေချာရမည်။

ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်နေသော အားလုံးသောမူဝါဒ အစီအစဉ်များဖော်ထုတ်ရာတွင် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ၏ အနိမ့်ဆုံးသတ်မှတ်ထားချက်များအဖြစ်၎င်း၊ အခြေခံမူဘောင်အဖြစ်၎င်း ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသား အခွင့်အရေးကြေငြာစာတမ်း **(UNDRIP)** ပေါ်တွင် အခြေခံထားသင့်သည်။

၆။ ရာသီဥတုပြောင်းလဲမှုအတွက် ဇီဝမျိုးစုံမျိုးကွဲခြင်းကို ဖြေရှင်းချက်တစ်ခုအဖြစ် မည်သို့အသုံးပြုနိုင်သနည်း။

ရာသီဥတုပြောင်းလဲမှု လျော့နည်းစေခြင်း - **GHG** ဖန်လုံအိမ်အာနိသင် ဓါတ်ငွေ့ထုတ်လွှတ်ခြင်းကို လျော့နည်းစေသောဖြစ်စဉ်။
ရာသီဥတုပြောင်းလဲမှုတွင် လိုက်လျောညီထွေစွာနေထိုင်ခြင်း - ဂေဟဗေဒဆိုင်ရာ၊ လူမှုရေးဆိုင်ရာ သို့မဟုတ် စီးပွားရေးဆိုင်ရာစနစ်များဖြင့် အတိအကျဖြစ်သော သို့မဟုတ် ခန့်မှန်းထားသော ရာသီဥတုဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုနှင့် ၎င်းတို့၏ သက်ရောက်မှုများကို ထိန်းညှိပေးသော ဖြစ်စဉ်။

ဇီဝမျိုးစုံမျိုးကွဲခြင်းသည် လိုက်လျောညီထွေစွာနေထိုင်ခြင်းနှင့် လျော့နည်းသက်သာမှုများနှစ်မျိုးလုံးကို လုပ်ဆောင်ပေးသည်။ ရာသီဥတုပြောင်းလဲမှုတွင် လိုက်လျောညီထွေဖြစ်စေခြင်း၏ မရှိမဖြစ်သော ဇီဝမျိုးကွဲခြင်းကို ကာကွယ်ခြင်းအား အစိတ်အပိုင်းတစ်ခုအဖြစ် ရှုမြင်ကြသည်။ သစ်ပင်၊ သစ်တောခုတ်ထွင်ရှင်းလင်းခြင်း၊ ပြုန်းတီးခြင်းနှင့် သစ်တောအရည်အသွေး ယုတ်လျော့ခြင်းများကို လျော့နည်းစေခြင်းသည် ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုလျော့နည်းစေခြင်းကို ဦးတည်နေသည်။ ၎င်းကဲ့သို့ဆောင်ရွက်ခြင်းသည် မျိုးဗီဇ၏အရင်းအမြစ်များအား (လိုက်လျောညီထွေမှုရှိစေရန်) -လုံခြုံမှုဒိုင်း- တစ်ခုပေးဆောင်သည်။ ၎င်းသည်ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုး သက်ရောက်မှုကို ဆန့်ကျင်လျက် -ဇီဝဒိုင်း- များကဲ့သို့သော ကာကွယ်မှုကို ပေးသည်။

- ဓါတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းစေခြင်း - သစ်တောများသည် ကမ္ဘာကြီး၏ ကုန်းမြေပေါ်က်သစ်ပင်များနှင့်မြေဆီမြေကြီးအတွင်း သိုလှောင်ထားသည့် ကာဗွန်ဂိုဒေါင်ကြီး၏ ထက်ဝက်တော့်ဖြစ်သည်။
- ဇီဝမျိုးစုံမျိုးကွဲ လုံခြုံမှုဒိုင်းကွန်ယက်များ - သီးနှံများစွာပေါက်ရာကုန်းမြေတို့က မိုးခေါင်ရေရှားခြင်းကို ခံနိုင်ရည်ရှိသောသီးနှံမျိုးကွဲများ ဖွံ့ဖြိုးမှုအတွက် မျိုးဗီဇကိုပေးသည်။
- ကမ်းရိုးတန်းကိုကာကွယ်ပေးသော ဇီဝဒိုင်းများ - ဒီရေတောများ၏ တန်ဖိုးသည် တစ်ဟက်တာလျှင် US$ ၂၅ မှ ၅၀ ခန့်မှန်းခြေရှိ၏။

၇။ ကာဗွန် ကုန်သွယ်မှုနှင့် ဈေးကွက်အခြေပြုမှု တောင်းဆိုခြင်းဟူသည်မှာ အဘယ်နည်း။

ပါတီများညီလာခံ (၃) ကြိမ်မြောက် အစည်းအဝေး **(UNFCC)** တွင် လက်ခံအတည်ပြုခဲ့သော **KP** “ကျိုတိုပရိုတိုကော” ကျိုတိုသဘောတူညီချက်သည် စက်မှုဖွံ့ဖြိုးသောနိုင်ငံများအတွက် ၎င်းတို့၏ညစ်ညမ်းမှုကို လျော့နည်းစေရန် ရည်မှန်းချက်များချပေး၍ ၎င်းတို့၏လုပ်ငန်းပန်းတိုင်းထံ မည်သို့ရောက်နိုင်မည်ကို မိမိတို့ဘာသာ ချိန်ဆခွင့်ပေးခဲ့သည်။

ပါတီများအား ၎င်းတို့၏တရားဝင်ချည်နှောင်ထားသော ပန်းတိုင်များကိုရောက်ရန် မိမိတို့ဘာသာ ဖွံ့ဖြိုးစေသည်။ ဤဈေးကွက် အခြေပြုယန္တယားသည် ပါတီများအား ဖွံ့ဖြိုးဆဲနိုင်ငံများတွင်၎င်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်၎င်း၊ ဤကတိဝန်ခံမှုများနှင့် ကိုက်ညီအောင်သုံးနိုင်သော ဓါတ်ငွေ့ထုတ်လွှတ်မှုကို စီမံခန့်ခွဲမှုများ အကောင်အထည်ဖော်မှုဖြင့် ကုန်သွယ်ဖွံ့ဖြိုးစေသည်တို့မှာ ၊-

- ဓါတ်ငွေ့ထုတ်လွှတ်မှုကုန်သွယ်ခြင်း။
- **JI** တွဲဖက်အကောင်အထည်ဖော်ခြင်း။
- **CDM** သန့်ရှင်းသောဖွံ့ဖြိုးမှု ယန္တယား။

www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ငွေ့ထုတ်လုပ်မှုကုန်သွယ်ခြင်းတွင် ကာဗွန်ထုတ်လွှတ်မှု ကုန်သွယ်ခြင်းအပါအဝင် ဈေးထဲတွင် ကုန်ပစ္စည်း ကုန်သွယ်မှုနှင့် အလားတူပင်ဖြစ်သည်။ ဓါတ်ငွေ့ထုတ်လုပ်မှု ကုန်သွယ်ခြင်းသည် နိုင်ငံများအား ကာဗွန်ဓါတ်ငွေ့ ထုတ်လွှတ်ခွင့်များကို အလဲအလှယ်ပြုခွင့်ပေးသည်။

JI ဆိုသည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုက အခြားဖွံ့ဖြိုးပြီးနိုင်ငံတစ်ခု (စီးပွားရေးအရ ကူးလူးဆက်ဆံမှုရှိသည်။ အထူး သဖြင့် ယခင်အရှေ့ဥရောပနိုင်ငံများ) တွင် ဓါတ်ငွေ့အသားတင်ထုတ်လွှတ်မှုကို လျှော့နည်းစေသည့် စီမံကိန်း များအား ငွေပေးကူညီသောအခါ ဓါတ်ငွေ့ထုတ်လွှတ်မှု လျှော့နည်းစေသည့်ယူနစ်ကို လက်ခံရယူနိုင်သည့် ယန္တယားတစ်ခုဖြစ်သည်။

CDM သန့်ရှင်းသောဖွံ့ဖြိုးမှု ယန္တရားသည် ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုကို ဖန်လုံအိမ်အာနိသင် ဓါတ်ငွေ့လျှော့ချသည့် စီမံကိန်းတစ်ခု အကောင်အထည်ဖော်စေသည်။ သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုတွင် ကာဗွန်စုပ်ယူခြင်းဖြင့် အစိမ်း ရောင်ဖန်လုံအိမ် အာနိသင်များကို ဖယ်ရှားစေသည်။ တားမြစ်မှု အောက်တွင်ရှိစေသည်။ ရရှိလာသည့် ဓါတ် ငွေ့ထုတ်လုပ်မှုလျှော့ချခြင်း အတည်ပြုမှု CERs ကို (CO နှင့်ညီမျှသည့် တစ်မက်ရစ်တန်) ထို ဖွံ့ဖြိုးပြီးနိုင်ငံက အသုံးပြုခြင်းဖြင့် ထိုဓါတ်ငွေ့ထုတ်လုပ်မှု လျှော့နည်းခြင်းပန်းတိုင်ကို ရောက်ရှိစေသည်။

ဌာနေတိုင်းရင်းသားများအတွက် ဈေးကွက်အခြေပြု ဤယန္တယားများကို ပိုမိုပြည့်ဝစွာ နားလည်ရန် အရေး တကြီးလိုအပ်သည်။ လုံလောက်သော သတင်းအချက်များ သိထားပြီးပါက ဓါတ်ငွေ့ထုတ်လုပ်မှု ဈေးကွက်နှင့် ချိတ်ဆက် မိသည်၊ မမိသည်၊ အပေါ်တွင် ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များကိုပြုလုပ်ရန် ၎င်းတို့ကို ခွင့်ပြုမည်ဖြစ်သော စွန့် စားမှုများနှင့် အခွင့်အလမ်းများကို သုံးသပ်နိုင်သည်။

၈။ ရာသီဥတုပြောင်းလဲမှု လျှော့ချချိန်တွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရန် မည်သို့ပြုနိုင်သနည်း။

ရာသီဥတုပြောင်းလဲမှုကိုလျှော့ချရန်နှင့် လိုက်လျောညီထွေရှိစေရန် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှု တစ်ရပ်သည် အထူးသဖြင့် သစ်တောဂေဟစနစ်တစ်ခု၌ သစ်တောများခုတ်ထွင်ရှင်းလင်းခြင်းနှင့် သစ်တောအရည်အသွေးလျော့ နည်းခြင်းမှ ထုတ်လွှင့်သည့် ဓါတ်ငွေ့များကို လျှော့ချခြင်း **REDD+** ဖြစ်သည်။

ဤသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် **GHG** ဓါတ်ငွေ့များ ၂၀% ထုတ်လွှတ်ခြင်းကို လျှော့ချနိုင်သည်။ လျှော့ချ ခြင်းနှင့် သစ်တောများ ခုတ်ထွင်ရှင်းလင်းသည့်လုပ်ဆောင်မှုကြောင့် သစ်တောများပျောက်ဆုံးခြင်းကို လျှော့ချရန် ရည်ညွှန်းသည်။ **REDD+** သည် ကာဗွန်ရှယ်ယာ၊ ထိန်းသိမ်းခြင်းနှင့် သစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းမှု တိုးမြှင့်စေခြင်းကို ရည်ညွှန်းသည်။

ဒီဇင်ဘာလ ၂၀၁၁ ခုနှစ် **UNFCC** (၁၆) ကြိမ်မြောက် ပါတီများညီလာခံ ကန်ကွမ်းတွင် **REDD+** သည် လျှော့ချခြင်း နည်းလမ်းတစ်ခုအဖြစ် လက်ခံအတည်ပြုခံရသည်။ ဤသို့ အတည်ပြုခြင်းမတိုင်ခင်ကပင် **REDD+** ရှေးဦး အစီအစဉ်များကို အပူပိုင်းဇုန်နှင့် နီးကပ်နိုင်ငံများတွင် ပြုလုပ်သည်။ ရန်ပုံငွေရှာသည့် ယန္တရားများသည် အပြည်ပြည် ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းစုများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အစိုးရအဖွဲ့များ၊ ကာကွယ်ထိန်းသိမ်းခြင်းအဖွဲ့များ အပါအ ဝင် နိုင်ငံအများက ဆောင်ရွက်သည် သို့မဟုတ် ဆောင်ရွက်ရန် အဆိုပြုထားကြသည်။

ယခုလတ်တလော ရှေးဦး **REDD+** စီမံကိန်းများအတွက် ငွေကြေးများ အဓိကရနိုင်သည့် အရင်းအမြစ်များမှာ အောက်ပါတို့ ပါဝင်သည်။

(က)ကမ္ဘာ့ဘဏ် သစ်တောကာဗွန် အတူတွဲထောက်ပံ့ခြင်း **(FCPF)** ကဲ့သို့သော ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင် ရာငွေကြေးများ။

(ခ) တိုင်းပြည်များသို့ တိုက်ရိုက်သော်၎င်း၊ နိုင်ငံအများစု၏စုပေါင်းလမ်းကြောင်းမှ တဆင့်သော်၎င်း၊ ပေးကမ်း မည့် နောက်ဆက်တွဲ(၁)ရှိနိုင်ငံများ။

(ဂ) ပုဂ္ဂလိကကဏ္ဍ။

(ဃ)မိမိစိတ်ဆန္ဒအရ ဆောင်ရွက်ထားသော ကာဗွန်ဈေးကွက်။

www.burmeseclassic.com

www.burmeseclassic.com



သစ်တောများတွင်နေထိုင်၍ သစ်တောများကိုမှီခိုသော ဌာနေတိုင်းရင်းသားများသည် သစ်တောနှင့် ရောပြွန်းယှက်ဆက်နေသောဆက်နွယ်မှုကို ထိန်းသိမ်းတည်တံ့စေသည်။ ဤသို့အားဖြင့် ၎င်းတို့သည် သစ်တောများတစ်ခုလုံးကို အဘက်ဘက်မှ လွှမ်းခြုံကြည့်မြင်သည်။ ၎င်းတို့အတွက်မူ သစ်တောများ အကြောင်းပြောခြင်း၊ ကာဗွန် သို့မဟုတ် ဓါတ်ငွေ့ထုတ်လွှတ်ခြင်းများ လျှော့ချခြင်း အစရှိသောအခြင်းအရာများသည် အဓိပ္ပါယ်မရှိပေ။

ကျန်ရှိနေသော အပူပိုင်းဇုန်နှင့် အပူပိုင်းဇုန်ခွဲ သစ်တောများ၏ ထင်ရှားသောအပိုင်းတစ်ခုကို ဌာနေတိုင်းရင်းသားတို့၏ နယ်နိမိတ်အတွင်းတွင် တွေ့ရသည်။ သစ်တောများတွင် နေထိုင်မှီခိုသည့် ဌာနေတိုင်းရင်းသားများအတွက်မူ **REDD+** မှ အတွေးအခေါ်များနှင့် လုပ်ရပ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် အလေးအနက်ထား ဆောင်ရွက်ရမည့် ပြဿနာများကို ဖြစ်ပေါ်စေသည်။

ဌာနေတိုင်းရင်းသားတို့က ကြောက်ရွံ့စိုးရိမ်မည်မှာ၊ ယခင်က သစ်တောကာကွယ်ဇရိယာများ တည်ထောင်ရာတွင် ၎င်းတို့၏သစ်တောများမှ ၎င်းတို့ကိုဖယ်ရှားစေခြင်းတစ်ကြိမ်ဖြစ်ခဲ့၍ ဤသို့ထပ်ဖြစ်မည် စိုးရိမ်သည်။ အကယ်၍ ၎င်းတို့၏သစ်တောများကို ကာဗွန်သစ်တောများအဖြစ်ရည်ရွယ်၍ ဓါတ်ငွေ့ထုတ်လွှတ်မှု ရောင်းဝယ်ခြင်းတွင် အသုံးပြုခံရပါက ၎င်းသည် ၎င်းတို့၏ကိုယ်ပိုင်ဟန် သစ်တောစီမံခန့်ခွဲမှု အလေ့အကျင့်များနှင့် သစ်တောများကို ပွဲတော်များအတွက် အသုံးပြုခြင်း၊ သစ်နှင့် သစ်မဟုတ်သောထွက်ကုန်များနှင့် ဆေးဝါးများ၏အရင်းအမြစ်ဖြစ်သော သီးနှံစိုက်ခင်းရွှေ့ပြောင်းခြင်းနှင့် အခြားသောသစ်တော စိုက်ပျိုးရေးလှုပ်ရှားမှုများမှ ၎င်းတို့ကို ကာကွယ်တားဆီးခံရနိုင်သည်။ **REDD+** အောက်တွင် ကာဗွန်သစ်တောများအဖြစ် သစ်တောများကိုလျှော့ချခြင်းမှာ ဒေသခံတို့၏ ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုစနစ်များကို အားနည်းဆုတ်ယုတ်စေသည်။ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဖြစ်သော ၎င်းတို့၏သစ်တောရရှိခွင့်နှင့် ထိန်းချုပ်ခွင့်ကိုပို၍ ခြိမ်းခြောက်စေသည်။

၉။ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ဌာနေတိုင်းရင်းသားများ၏ အရေးအရာများက မည်သည်တို့ဖြစ်သနည်း။

ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏စိုးရိမ်မှုကို **UNFCCC** အပါအဝင် အစည်းအဝေးများတွင် ထင်ရှားစွာဖော်ထုတ်ခဲ့သည်။ ဌာနေတိုင်းရင်းသားများမှ ဖော်ထုတ်ထားသော ကျန်ပတ်သက်မှုများကို အကျဉ်းချုံး၍ အောက်တွင်ရှိသော မူဝါဒစာတမ်းတွင် ဆွေးနွေးအတည်ပြုထားခြင်းကို အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများ ရာသီဥတုပြောင်းလဲမှု ဖိုရမ် **IIPFCC** ထိုင်းနိုင်ငံ ဘန်ကောက်မြို့ စက်တင်ဘာ (၂၆) ရက် မှ (၂၇) ရက် ၂၀၀၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

**ရာသီဥတုပြောင်းလဲမှုအပေါ် မူဝါဒကြေငြာချက်**

မိခင်ကမ္ဘာမြေကြီးသည် ရာသီဥတုပြောင်းလဲမှု အချိန်အတိုင်းအတာတစ်ခုအတွင်း ဖြတ်ကျော်နေခြင်းမဟုတ်ဘဲ၊ ရာသီဥတုကပ်အတွင်း ရောက်ရှိနေပြီဖြစ်၏။ ဌာနေတိုင်းရင်းသားများသည် မိခင်ကမ္ဘာအား ကာကွယ်မှုနှင့် သက်သာကောင်းမွန်လာစေနိုင်မှုတွင် အရေးပါသော အခန်းကဏ္ဍတွင်းရှိနေသည်။ ကျွန်ုပ်တို့သည် ဌာနေတိုင်းရင်းသားများ၏ လက်ဆင့်ကမ်းဆက်ခံမှု အခွင့်အရေးများကို အားလုံးကဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်နွယ်သော ဆောင်ရွက်ချက်များတွင် အပြည့်အဝ အလေးထား ထည့်သွင်းစဉ်းစားရပေမည်။

- အဲဘားရစ်ချ် ကြေငြာချက် ၂၀၀၉ -

ရာသီဥတုပြောင်းလဲမှုအပေါ်တွင် ဌာနေတိုင်းရင်းသားများ၏ ကမ္ဘာလုံးဆိုင်ရာအစည်းအဝေး

**ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘိုင်းတွင်မည့် ပြောင်းလဲမှုများ။**

၁။ လက်ရှိကမ္ဘာ၏ ငွေကြေး၊ စီးပွားရေး ပတ်ဝန်းကျင်နှင့် အစာပြဿနာများအရ လူသားတို့အား ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး နိုင်ငံရေး လူမှုရေးနှင့် ယဉ်ကျေးမှုအရ ဆက်နွယ်မှုများကို ကမ္ဘာမြေမိခင်နှင့် သဟဇာတဖြစ်အောင် ပြောင်းလဲနေထိုင်ဖို့ အခွင့်အရေးနှင့် မကြုံစဖူးထူးကဲသော စိန်ခေါ်မှုကြီးအဖြစ် ရာသီဥတုပြောင်းလဲမှုက ဖြစ်တည်စေသည်။ ရာသီဥတုညီညွတ်မှုတလာစေခြင်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဝင်တာဝန်များဖြစ်ကြောင်း အသိပေးခြင်းနှင့် ယှဉ်တွဲနေသည်။ ထို့အပြင် နိုင်ငံအတွင်းနှင့် နိုင်ငံများအကြား လူမှုရေးမျှတမှုကို မြှင့်တင်ခြင်း၊ ဂေဟဆိုင်ရာ ယှက်နွယ်နေမှုကိုထိန်းသိမ်းခြင်း၊ ရာသီဥတုဆိုင်ရာနှင့် ဂေဟစနစ်ဆိုင်ရာ ကြွေးမြီများကို ဖြေရှင်းခြင်း၊ ရုပ်ကြွင်းလောင်စာတို့ကို မှီခိုနေရသည်မှ အစိမ်းရောင် စီးပွားရေးသို့ ရောက်လာရန် ထိထိရောက်ရောက် ကြိုးစားရပေသည်။ ထိုသို့ပြုရန် နိုင်ငံတကာဂတိပြုမှုများဖြစ်သော ဆင်းရဲမှုလျှော့ချခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် လူ့အခွင့်အရေးစသည်တို့ကို အလေးထားရန် လိုအပ်သည်။ ဌာနေတိုင်းရင်းသားများ၊ ဒေသခံအုပ်စုပြည်သူများနှင့် အကာအကွယ်မဲ့ အားနည်းသူများ၏ အပြည့်အဝထိရောက်စွာ ပူးပေါင်းပါဝင်မှုသည် ရာသီဥတုညှိနှိုင်းမှု၏ မျှတညီညွတ်သည့်ရလဒ်ကို ရရှိပြီးမြောက်စေမည့် အဓိကအချက်တစ်ခုဖြစ်သည်။

၂။ ရာသီဥတုသိပ္ပံ၊ ဌာနေတိုင်းရင်းသားနှင့် ရိုးရာဗဟုသုတ၊ အပြည်ပြည်ဆိုင်ရာ ကျစ်လစ် ခိုင်မာမှု၊ ညီမျှမှုနှင့် လူ့အခွင့်အရေးများ။ ကျယ်ပြန့်စွာပြန့်နှံ့သော လူမှုရေး ရွေ့လျားဆောင်ရွက်မှု များနှင့် အားကောင်းသော နိုင်ငံရေးခေါင်းဆောင်မှုတို့သည် ကိုပင်ဟေဂင်နှင့် ထိုနေရာအပြင်ထိတိုင် လိုလားနေသော ရလဒ်များသို့ ရေရှည်အတွက် တည်ဆောက်နေသည်ချည်းဖြစ်၏။

၃။ ရာသီဥတုပြောင်းလဲမှုကို စီမံကွပ်ကဲခြင်းသည် နိုင်ငံအစိုးရများ၏ ညှိနှိုင်းဖြေရှင်းမှုများသို့တိုင် ညှိနှိုင်းရမည်ဖြစ်သည်။ ထို့ပြင် ဌာနေတိုင်းရင်းသားများ ရိုးရာအစိုးရများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအားလုံး၏ ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် အပြည့်အဝ ထိထိရောက်ရောက် ပူးပေါင်းပါဝင်ခြင်း အပါအဝင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို အသိအမှတ်ပြုရန်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကို စီမံကွပ်ကဲပေးသော အစိုးရအဖွဲ့သည်လည်း အမျိုးမျိုးသော ပါဝင်လုပ်ဆောင်မှုများ၊ မိမိတို့အတွင်းတွင်ပင် ယဉ်ကျေးမှုရေးရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကလေး၊ လူငယ်နှင့် အမျိုးသမီး၊ ဌာနေတိုင်းရင်းသားများနှင့် ရပ်ရွာပြည်သူအုပ်စု ဒေသခံများတို့၏ အဖိုးတန်သော ထူးခြားသောပါဝင်လုပ်ဆောင်မှုများအား အသိအမှတ်ပြု၍ ကြိုဆိုရမည်ဖြစ်သည်။ အားလုံးသောတုံ့ပြန်သံများကို ရာသီဥတုစီမံကွပ်ကဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် ပါရှိရန်လိုအပ်သည်။ လူသားတို့ကြောင့် ဖြစ်လာသော ရာသီဥတုပြောင်းလဲမှုကို ဦးတည်ပြောဆိုရာတွင် ကျွန်ုပ်တို့အားလုံးသည် သင်ယူလေ့လာသူများ ဖြစ်ကြ၍ ဆရာများလည်း ဖြစ်ကြသည်။

**ဌာနေတိုင်းရင်းသားများသည် အခွင့်အရေးပိုင်ဆိုင်သူများဖြစ်သည်။**

၄။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မြေများ၊ နယ်နိမိတ်များနှင့် သယံဇာတများနှင့် သက်ဆိုင်သော၊ ခွဲခြားပြောင်းလဲ၍မရသော စုပေါင်းအခွင့်အရေးများ ရှိကြသည်။ ညှိနှိုင်းပြီး မူဝါဒများနှင့် ဆောင်ရွက်ချက်များသည် ကျွန်ုပ်တို့၏ ရိုးရာမြေများ၊ နယ်နိမိတ်များ၊ သမုဒ္ဒရာများ၊ ရေများ၊ ရေခဲ၊ အပင်သတ္တဝါ၊ သစ်တောများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည့်အပြင် တဖန်ကမ္ဘာတစ်လွှားရှိနယ်မြေများ အားလုံးတွင်နေထိုင်သော ဌာနေတိုင်းရင်းသားများ၊ သန်း ၃၇၀ ကျော်တို့၏ အသက်ရှင်နေထိုင်မှုနှင့် အသက်မွေးဝမ်းကြောင်းအပေါ် သက်ရောက်မှုရှိနေပေသည်။ မည်သို့ဖြစ်စေ၊ ကျွန်ုပ်တို့၏အရေးကိစ္စများနှင့် အမြင်များကို ရာသီဥတုဆိုင်ရာညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်များတွင် လေးနက်ပြောဆိုသည် မရှိသေးပေ။ ဒေသခံအမျိုးသမီးများ တလေးသူငယ်များနှင့် လူငယ်များအားလုံး၏အရေးအရာများနှင့် အမြင်များကို အနည်းငယ်မျှပင် စဉ်းစားပေးခြင်းမရှိ။

ကျွန်ုပ်တို့သည် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကတိများနှင့် အဆင့်အတန်းများ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေငြာချက်စာတမ်း UN-DRIP ကိုထိန်းသိမ်းရန် နိုင်ငံများနှင့် ကမ္ဘာ့ကုလသမဂ္ဂ စနစ်တစ်ခုလုံး၏ တာဝန်ဝတ္တရားများကို ပြန်လည်၍ ထုတ်ဖော်ပြောဆိုသည်။ ဤတွင် UNDRIP ၏ ပံ့ပိုးမှုများသည်အားလုံးသော ရာသီဥတုဆိုင်ရာ ဆုံးဖြတ်ချက်ပြုခြင်းများနှင့် ဆောင်ရွက်ချက်များတွင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လေး

www.burmeseclassic.com

www.burmeseclassic.com



မူရမည့် အခွင့်အရေးများရှိကြောင်း ထောက်ပြထားသည်။ ထို့အတွက် အကျွန်ုပ်တို့သည် အချုပ်အခြာ အာဏာနှင့် သဘာဝအတိုင်းတည်ရှိသော မြေယာများဆိုင်ရာအခွင့်အရေးများ၊ စာချုပ်များ၊ အခြား အခွင့်အရေးများ၊ သဘောတူညီချက်များ အပါအဝင် စုပေါင်းအခွင့်အရေးများ၏ ပိုင်ရှင်ဖြစ်သည်။ ဤအခွင့်အရေးများကို ကာကွယ်ခြင်းသည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူအုပ်စုများ အား ရာသီဥတုပြောင်းလဲမှုကိုတုန့်ပြန်ခြင်း၌ စွမ်းဆောင်ရည်နှင့် နလန်ထူခြင်းကိုလည်း အားကောင်း စေသည်။

၅။ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူအုပ်စုတို့၏ လူ့အခွင့်အရေးကို လေးစားရမည်။ ကျွန်ုပ် တို့၏ ရိုးရာဗဟုသုတ၊ ဆန်းသစ်တီထွင်ခြင်းများကို တန်ဖိုးထားခြင်းနှင့် ကျွန်ုပ်တို့၏ဒေသ၌ ရာသီ ဥတုနှင့်ဆိုင်၍ သက်သာလျော့နည်းအောင်ပြုခြင်း၊ ပံ့ပိုးခြင်း၊ လိုက်လျောညီထွေစွာနေခြင်းဆိုင်ရာ ဗျူဟာများကို ပံ့ပိုးခြင်းသည် ရာသီဥတုပြောင်းလဲမှုအတွက် လိုအပ်သောဘက်စုံအတွက် လုံလောက် သောဖြေရှင်းချက်များကို ရှာဖွေရာ၌ အရေးကြီးသော တန်ဖိုးမဖြတ်နိုင်သော လိုအပ်ချက်များဖြစ် သည်။

ထိုကဲ့သို့ပင် ကျွန်ုပ်တို့သည် ဤဒေသခံရွာများ၏ ဦးစားပေးမှုများနှင့် ဒေသခံနည်းဗျူဟာများသည် အမျိုးသားရေးဆိုင်ရာ ဆီလျော်သော လျှော့ချသက်သာစေသည့် ဆောင်ရွက်ချက် (NAMAs) နှင့် အမျိုးသားရေးလိုက်လျောညီထွေစွာနေထိုင်ရာ ဆောင်ရွက်ချက် (NAPAs) များတွင် ရောင်ပြန်ထင် ဟပ်နေရမည်။ ထိုဆောင်ရွက်ချက်များ၏ တိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးတွင် ကျွန်ုပ်တို့ အပြည့်အဝထိရောက်စွာ ပူးပေါင်းပါဝင်ရမည်။ ဌာနေတိုင်းရင်းသူ အမျိုးသမီးများနှင့် လူငယ်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ထည့်သွင်းစဉ်းစားကာ ပူးပေါင်းပါဝင်ခွင့်ပြုရန် အလွန်အရေး ကြီးသည်။

၆။ မူဝါဒဘောင်ချခြင်း၊ စီမံခြင်း၊ ဒီဇိုင်းဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ပြန်လည်စုယူခြင်း၊ ပြန်လည် နေရာချထားခြင်း၊ အကျိုးအမြတ်မျှဝေခြင်းနှင့် ပဋိပက္ခဆိုင်ရာများ/အသင်းအဖွဲ့မှုမဲပေးဆုံးဖြတ်သည့် တရားဝင်ဆုံးဖြတ်ချက်အပါအဝင် ကွဲပြားခြားနားသော စီမံကိန်းလည်ပတ်မှုစက်ဝန်း၏ အဆင့်တိုင်း တွင် ကျွန်ုပ်တို့အတွက် (FPIC) ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခြင်း၊ လွတ်လပ်သော ကြိုတင်အသိပေးတိုင် ပင်မှုနှင့် လူထုသဘောထားရယူခြင်းကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အနိမ့်ဆုံးအဆင့်အဖြစ် ရှိရပါမည်။

၇။ ဖော်ပြပါ ဥပဒေများနှင့် နည်းနိဿယများကို ကျွန်ုပ်တို့၏ တိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာအတွင်း လျော့ပါးသက်သာစေခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ခြင်းဆိုင်ရာ စီမံချက်များကို သင့်လျော်သည့်အတိုင်း ပြန်လည်ပြုပြင်ကျင့်သုံးနိုင်သော အခွင့်အရေး ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးအဖွဲ့တွင် လုပ်ပိုင်ခွင့်ရှိသည်။ ကျွန်ုပ်တို့လူမှုဝန်းကျင်၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး နှင့် ယဉ်ကျေးမှုကောင်းကျိုးချမ်းသာများကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်အတွက် ရာသီဥတုပြောင်း လဲမှုနှင့်ဆိုင်သော အရေးကိစ္စများနှင့်သက်ဆိုင်နေ၍ ထိုလုပ်ပိုင်ခွင့်သည် လိုအပ်သောကြောင့် ဖြစ် သည်။ ဌာနေတိုင်းရင်းသားအစိုးရအဖွဲ့တိုင်းတွင် ရနိုင်သမျှသောအကောင်းဆုံးသိပ္ပံပညာကို ဆုံးဖြတ် ရယူကျင့်သုံးပိုင်ခွင့်ရှိသည်။ ထိုအထဲတွင် ဒေသခံသိပ္ပံပညာရပ်များ၊ ရိုးရာစဉ်ဆက်သုံးစွဲခဲ့သော သိပ္ပံ ရပ်များပါဝင်ပြီး ဒေသခံတို့၏ မြေယာများနှင့် အခြားသယံဇာတရင်းမြစ်များကို အသုံးပြုခြင်း သို့မဟုတ် တိုးတက်စေခြင်းတို့အတွက် နည်းပညာများနှင့် ဦးစားထားရမှုများကို ဆုံးဖြတ်ကန့်သတ်နိုင် သော အခွင့်အရေးနှင့်၎င်း၊ ဒေသခံတို့၏ ယဉ်ကျေးမှုဆိုင်ရာ သတ်မှတ်ချက်များနှင့်၎င်း ကိုက်ညီသော သိပ္ပံပညာရပ်များ ဖြစ်နေရမည်။

www.burmeseclassic.com

www.burmeseclassic.com


**ဂေဟစနစ်အခြေပြု လျော့နည်းထက်သာဖြစ်စေနှင့် လိုက်လျောညီထွေဖြစ်ခြင်းအတွက် ဌာနေတိုင်းရင်းသားများ၏ ပေးဆောင်ဖြစ်မှုများ။**

၈။ ကျွန်ုပ်တို့သည် ရာသီဥတုကပ်ဆိုးများကို ထုတ်ဖော်ပြောဆိုရာတွင်၎င်း၊ လူနှင့် သဘာဝကြား ဆက်နွယ်မှုကို ပြန်လည်အသစ်ဖြစ်စေရာတွင်၎င်း၊ အလွန်တရာအရေးကြီးသည့် ပါဝင်ဆောင်ရွက်မှုများကို ပြုခဲ့ပါသည်။ မျိုးဆက်ပေါင်းများစွာ ကျွန်ုပ်တို့သည် ဂေဟစနစ်ယှက်နွယ်မှုနှင့် အမျိုးမျိုးပေါင်းစုနေခြင်းကို ရေရှည်တည်တံ့၍ ယဉ်ကျေးမှုအရ ကွဲပြားသောနည်းလမ်းများဖြင့် ဂေဟစနစ်များကို ပြုစုပျိုးထောင်လျက် စီမံခန့်ခွဲခဲ့ကြသည်။ ကျွန်ုပ်တို့၏ ထုံးတမ်းစဉ်လာဖြစ်သော အရင်းအမြစ်သယံဇာတ စီမံခန့်ခွဲမှုစနစ်များသည် ကာဗွန်စီးပွားရေးနိမ့်ကျစေပြီး ဂေဟစနစ်ဆိုင်ရာအရ ရေရှည်တည်တံ့ကြောင်း သက်သေပြခဲ့ပြီဖြစ်သည်။ ဤစီမံမှုတွင် ခြောက်သွေ့မြေများနှင့် ကုန်းမြင့်များတွင် ရွှေ့ပြောင်းနိုင်သော အိမ်မွေးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ အလှည့်ကျစိုက်ပျိုးရေးနှင့် အပူပိုင်းဒေသများတွင် ဂေဟစနစ်နှင့်ဆီလျော်သော ဆိုင်ရာစိုက်ပျိုးရေး သဘာဝဂေဟ စနစ်များဖြစ်သော ဒီရေ တောများ၊ စွတ်စိုမြေများ၊ သဲကန္တာရ၊ အားတစ်ရေခဲဒေသ၊ ကျွန်းငယ်များ၏ဂေဟစနစ်များကို ထိန်းသိမ်းရေး စီမံခန့်ခွဲမှုနှင့် ပြန်လည်အားဖြည့်ရေးတို့ပါဝင်သည်။ ရိုးရာဗဟုသုတ၊ ဆီထွင်မှုနှင့် လိုက်လျောညီထွေစွာနေထိုင်ရေး အလေ့အကျင့်များသည် ပြောင်းလဲနေသောပတ်ဝန်းကျင်၌ ဒေသခံများသည် လိုက်လျောညီထွေစွာ စီမံခန့်ခွဲမှု၊ သိပ္ပံနည်းကျ သုတေသနဆိုင်ရာ လေ့လာမှု၊ စောင့်ကြပ်ကြည့်ရှုမှုကို အားဖြည့်ပေးသည်။

၉။ ရာသီဥတု ပြင်းထန်စွာပြောင်းလဲသွားခြင်းသည် ကျွန်ုပ်တို့၏ရှင်သန်မှု အထူးသဖြင့် သစ်တောမှီခိုပြည်သူများ၊ ရေခဲပြင်မှီခိုပြည်သူများ၊ သီးခြားမိမိဘာသာနေထိုင်သော ပြည်သူ့အုပ်စု၊ ကျွန်းငယ်များတွင်နေထိုင်သော ဌာနေတိုင်းရင်းသားများအား ခြောက်လန့်လျက်ရှိသည်။ ဤအကာအကွယ်မဲ့ဖြစ်ရခြင်းများကို ထုတ်ဖော်ပြောဆိုရာတွင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတကို လေးစားခြင်း၊ အသိအမှတ်ပြုခြင်းနှင့် အားကောင်းစေခြင်းသော်၎င်း၊ ရာသီဥတုပြောင်းလဲမှုအတိုင်း လိုက်လျောညီထွေနေထိုင်ပြုနိုင်သည့် ဒေသခံအုပ်စုတို့နှင့် ဌာနေတိုင်းရင်းသားများ၏စွမ်းရည်နှင့် ဂေဟစနစ်များ ပြန်လည်နလန်ထူစေခြင်းကို အားကောင်းစေခြင်းသော်၎င်း လိုအပ်သည်။ ဌာနေတိုင်းရင်းသားများ၏ စနစ်များနှင့် အခွင့်အရေးများတစ်ခုလုံးကို လွှမ်းခြုံကြည့်မြင်သည့်အပေါ်တွင် အခြေခံသည့် ဂေဟစနစ်အခြေပြု လိုက်လျောညီထွေစွာနေခြင်းသည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စုပြည်သူတို့အတွက်၎င်း၊ အလားတူ ဒေသခံနယ်မြေများနှင့် နယ်နိမိတ်များအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများအတွက်၎င်း၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စိတ်ဓါတ်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ တန်ဖိုးများကို သိသိသာသာ ဖြည့်ပေးနိုင်သည်။ ဤသို့ဆောင်ရွက်မှုများကိုစီမံခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့တွင် ဌာနေတိုင်းရင်းသားများ၏ အပြည့်အဝပါဝင်နိုင်ခြင်းကို ထည့်သွင်းစဉ်းစားသင့်သည်။

၁၀။ ကျွန်ုပ်တို့၏ကမ္ဘာ့မြေပေါ် အမြင်၊ ရှင်သန်နေထိုင်ပုံများနှင့် ရိုးရာအလေ့အကျင့်များသည် အချိန်ကြာမြင့်စွာ တည်ရှိနေခဲ့သည်။ **Sumak Kausay, Penker Pujustiv** နှင့် အခြားသော ဌာနေတိုင်းရင်းသားများ၏ အမြင်နှင့်စံတန်ဖိုးများသည် သဘာဝနှင့်အံဝင်ခွင်ကျရှိသော၊ သမမျှတသော၊ တာဝန်ယူထားသော၊ လေးစားမှုရှိသော ဘဝရှင်သန်မှုပုံစံတစ်ခုကိုအဆိုပြု၍ ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွားအတွက် လမ်းညွှန်သော မူများအဖြစ် မျှတမှုနှင့် ကျစ်လစ်ခိုင်မာမှုကို ပေးဝေနေသည်။

ဌာနေတိုင်းရင်းသားများ၏ ကမ္ဘာ့အမြင်များသည် ရာသီဥတုပြောင်းလဲမှုတွင် လိုက်လျောညီထွေစွာနေထိုင်ရေး၊ ဗျူဟာများအောင်မြင်ရန်မှာ တိုင်းရင်းသားလူမျိုးများနှင့် ဒေသခံလူအသိုင်းအဝိုင်း၏ အင်တိုက်အားတိုက်သိရှိနားလည်မှုရှိရန် အလွန်တရာအရေးကြီးလှသည်။ ပုံမှန်ဒီမိုကရေစီစနစ်ထက် သာလွန်၍ ဒီမိုကရေစီ၏လူမှုရေးကဏ္ဍတရပ်ကို ထူထောင်ပေးသည်။ ထို့ရှုထောင့်အရ စီးပွားရေးသည် မိခင်ကမ္ဘာမြေအား လေးစားမှု၊ စည်းလုံးစွာစုစည်းမှုနှင့် လူသားမျိုးဂုဏ်သိက္ခာရှိမှုဘောင်တွင်

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးအမျိုးမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာဖြစ်သော လက်ဝေခံဆောင်ရွက်မှုတစ်ခုသာ ဖြစ်လာသည်။

**ဌာနေတိုင်းရင်းသားများ၏ နယ်နိမိတ်များကို လုံခြုံစေခြင်း။**

၁၁။ ရေရှည်တည်တံ့သော၊ ကာဗွန်ထုတ်လုပ်မှုနိမ့်သော ဖွံ့ဖြိုးရေးဆီသို့ ကူးပြောင်းနေသော ကမ္ဘာ့စီးပွားရေးသည် ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်ဆုံးဖြတ်ထားသည့် ဖွံ့ဖြိုးမှုအတွက် ပံ့ပိုးမှုအပါအဝင် ဒေသတွင်းစီးပွားရေးများအမျိုးမျိုးကို ပြန်လည်ရှင်သန်လာစေရန် လုပ်ဆောင်ပေးရန် လိုအပ်လိမ့်မည်။ ရာသီဥတုပြောင်းလဲမှုဖြင့် လိုက်လျောညီထွေစွာ စီမံခန့်ခွဲမှုနှင့်အတူ စီးပွားရေးရာ စီမံချက်ချထားခြင်းသည် ဂေဟစနစ်ကိုအခြေခံသော ချဉ်းကပ်မှုတစ်ခုကို ထည့်သွင်းရန်လိုအပ်လိမ့်မည်။ ၎င်းစီမံချက်သည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူအုပ်စုများ၏ အခွင့်အရေးနှင့် အကျိုးအမြတ်ကိုလည်း လေးစားဂရုပြုရမည်။ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်ပိုင်မြေယာများ၊ သစ်တောများ၊ ရေနှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ ကျွန်ုပ်တို့၏အခွင့်အရေးများကို လုံခြုံမှုရှိအောင်စောင့်ရှောက်ခြင်းသည် ရေရှည်တည်တံ့သော ဒေသခံလူမှုရေး၊ ယဉ်ကျေးမှု၊ ကိုးကွယ်မှုဆိုင်ရာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ရေရှည်တည်တံ့ရန်အတွက် အခြေခံဖြစ်သည်။ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုအတွက် ကျွန်ုပ်တို့၏ အကာအကွယ်မဲ့နေမှုကို ကာကွယ်ပေးရန် တချို့သောအာမခံချက်များ လိုပေသည်။ ဤသည်မှာ ဂေဟစနစ်အုပ်ချုပ်မှု၊ ဂေဟစနစ် ပြန်လည်နလန်ထူမှုနှင့် ဂေဟစနစ်၏ ဝန်ဆောင်မှုများကို ဖြန့်ဝေခြင်းတို့ကို ရေရှည်တိုးတက်ပေးနိုင်သော အကျိုးများရှိသည်။

၁၂။ သစ်တောများစွာသည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူအုပ်စုများ၏ ရိုးရာစဉ်ဆက် လယ်မြေနယ်နိမိတ်များ အတွင်းတွင်တည်ရှိ၍ တိုင်းရင်းသားတို့သည်လည်း ၎င်းတို့၏အသက်ရှင်သန်မှုအတွက်မှီခိုလျက် သစ်တောနှင့် လယ်မြေကိစ္စဆိုင်ရာ အခြေခံအခွင့်အရေးများကို ခံစားရယူလျက် သစ်တောများအပေါ်မှီခိုနေထိုင် လျက်ရှိသည်။ သစ်တောများနှင့် မြေများသည် ကျွန်ုပ်တို့အတွက် ယဉ်ကျေးမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ယုံကြည်မှုဆိုင်ရာအတွက် ထူးခြားအရေးပါ၍ လူသားမျိုးနွယ်အတွက် အကျိုးစီးပွားကိုလည်း ပံ့ပိုးပေးသည်။ ကျွန်ုပ်တို့၏လယ်မြေနှင့် သယံဇာတဆိုင်ရာ အခွင့်အရေးများအပါအဝင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ဒေသပိုင်းဆိုင်ရာ ပြည်တွင်းဆိုင်ရာ နိုင်ငံတကာဆိုင်ရာ အဆင့်အားလုံးတွင် **REDD+** ရေ့ပြေးနှင့် စီမံကိန်းများကို မစဉ်းစားမီ အသိအမှတ်ပြုလေးစားရမည်။
ကျွန်ုပ်တို့၏ အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အဆင့်အတန်းများ **UNDP** နှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်အစည်းအဝေး (၁၆၉) အပါအဝင် အခြားသော လူ့အခွင့်အရေးများဆိုင်ရာ တိုင်းတာသတ်မှတ်ချက်များနှင့် တညီတညွတ်တည်းရှိရမည်။ အကယ်၍ ဌာနေတိုင်းရင်းသားများအတွက် သယံဇာတအရင်းအမြစ်များ၊ မြေယာနှင့် နယ်နိမိတ်များဆိုင်ရာအခွင့်အရေးများကို အပြည့်အဝအသိအမှတ်ပြုခြင်းနှင့် အပြည့်အဝကာကွယ်ခြင်း မရှိခဲ့လျှင်သော်၎င်း၊ ထိခိုက်သက်ရောက်မှုခံရသည့် ဒေသခံတိုင်းရင်းသားများ၏ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောတားရယူခြင်းဆိုင်ရာ ကျွန်ုပ်တို့၏အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ လေးစားခြင်းမရှိခဲ့လျှင်သော်၎င်း၊ ကျွန်ုပ်တို့သည် **REDD**၊ **REDD+** နှင့် ကာဗွန်ထုတ်လွှတ်မှုအတွက် လျော့ကြေးပေးသည့်စီမံကိန်းများ **CDM** စီမံကိန်းများ အပါအဝင်တို့ကို ဆန့်ကျင်ပါမည်။ **REDD**၊ **REDD+** နှင့် သန့်ရှင်းမှုဖွံ့ဖြိုးရေးယန္တယား၊ မြေယာအသုံးချမှု၊ မြေယာနှင့် သစ်တောအသုံးချပုံပြောင်းလဲမှု (**LULUCF**)၊ စိုက်ပျိုးရေး၊ သစ်တောနှင့် အခြားမြေယာအသုံးချခြင်း (**AFOLU**) ၎င်းတို့နှင့်အလားတူ ဂေဟစနစ်အခြေပြု လျော့နည်းသက်သာစေခြင်းနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်နည်းများနှင့် စီမံကိန်းများ၏ ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်တိုင်းတွင် ဌာနေတိုင်းရင်းသား

www.burmeseclassic.com

www.burmeseclassic.com


များ၏ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (FPIC) အတိုင်း ပြောင်းလဲညှိနှိုင်းမှု ရှိရမည်။

၁၃။ တိုင်းရင်းသားမျိုးနွယ်စုများ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ နယ်နိမိတ်ဆိုင်ရာ ဥပဒေပြဌာန်းမှုဘောင်အတွင်း သက်ရောက်နေသော ရာသီဥတုပြောင်းလဲမှုကို လျှော့နည်းသက်သာစေရန် သို့မဟုတ် လိုက်လျောညီထွေမှုရှိစေရန် တိုင်းတာရာတွင် ဆက်နွယ်နေသော စွန့်စားမှုများ၊ တန်ဖိုးများနှင့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချနိုင်ခြင်း၊ အုပ်ချုပ်နိုင်ခြင်းအဖြစ် ကျွန်ုပ်တို့ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စီမံကိန်းများကို အသိအမှတ်ပြုသင့်သည်။

ရာသီဥတု ဆိုးရွားစွာပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ကျွန်ုပ်တို့၏ ပါဝင်ဆောင်ရွက်မှုများ၊ ရိုးရာဗဟုသုတနှင့် ကျွန်ုပ်တို့၏အမြင်ကို အသိအမှတ်ပြုခြင်းနှင့် ကျွန်ုပ်တို့၏ စုပေါင်းအခွင့်အရေးများအပေါ်တွင် ခံစားပိုင်ခွင့်ရှိခြင်းများကို သဘောပေါက်ရန် ကျွန်ုပ်တို့၏ကမ္ဘာလုံးဆိုင်ရာ စုစည်းရပ်တည်မှုကို IIPFCC မှ အတည်ပြုထားသည်။

www.burmeseclassic.com



လေ့ကျင့်ခန်း (၃)။

ဖိတ်ခေါ် အစည်းအဝေး (မိနစ် ၃၀)

ဆောင်ရွက်ရန်လိုအပ်နေသောအရာများ စဉ်းစားရာတွင် ရရှိလာသော ရာသီဥတု ပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် ဆက်နွယ်၍ ဌာနေတိုင်းရင်းသားများ ဆောင်ရွက်နိုင်သော အတွေးခေါ်များ၊ မေးခွန်းများ၊ မှတ်ချက်များ။

၁. ပါဝင်တက်ရောက်သူများက ရှင်းပြရန် သို့မဟုတ် ခေါင်းစဉ်နှင့်ပတ်သက်၍ တုံ့ပြန်မှုပေးရန်အတွက် လာရောက်ဦးဆောင်တင်ပြသူကို မေးခွန်းများမေးမည်။ ထိုသူက မှတ်ချက်များနှင့် မေးခွန်းများ ကိုတုံ့ပြန်ဖြေဆိုမည်။

၂. ပါဝင်တက်ရောက်သူများက လိုအပ်သည့် ဌာနေတိုင်းရင်းသားများနှင့် ဇီဝမျိုးစုံမျိုးကွဲများသို့ ဆန့်ကျင်သက်ရောက်သည့် ကွင်းဆက်များအပေါ် တွင် သက်ဆိုင်ရာမူဝါဒများနှင့် ဆောင်ရွက်ချက်များကို ပုံဖော်ရန် ဌာနေတိုင်းရင်းသားများ၏ ထိရောက်သော ပူးပေါင်းပါဝင်မှုကို အာမခံနိုင်သော၊ တိုင်းရင်းသားတို့လုပ် ဆောင်နိုင်သော၊ လုပ်ဆောင်ရန်လိုအပ်သော တွေးမိသောအချက်များ သို့မဟုတ် ဖြစ်ခဲ့သော အတွေ့အကြုံများကို မျှဝေသည်။

၃. ကူညီပံ့ပိုးသူက အဓိကအချက်များကို အနှစ်ချုပ်၍ ဆွေးနွေးတိုင်ပင်ခြင်းကို နိဂုံးချုပ်သည်။

အောက်ခြေစာညွှန်း။

1 John Henriksen Report to WG on Article 8(j).
2 CBD 2008.
3 CBD Secretariat 2008.
4 Turner 2007.
5 UNPFII 2008, 7.
6 UNPFII 2008.

www.burmeseclassic.com

www.burmeseclassic.com



# Notes:

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၁၀

## ဌာနေတိုင်းရင်းသားများ နှင့် ကာကွယ်ဧရိယာများ

ရည်မှန်းချက်များ။

၁။ ကာကွယ်ဧရိယာများ၊ အမျိုးသားဥယျာဉ်များနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို သိပ္ပံနည်းကျကျ လုပ်ကိုင်ဆောင်ရွက်ခဲ့မှု၏ သမိုင်းတလျှောက် ပြောင်းလဲတိုးတက်လာခြင်းကို နားလည်သွားရန်။

၂။ ကာကွယ်ဧရိယာများ၏ အုပ်ချုပ်မှုစနစ်များနှင့် အမျိုးအစားများ ကွဲပြားခြားနားစွာရှိနေပုံများကို နားလည်လာရန်။

၃။ ကာကွယ်ဧရိယာများသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ဘဝများကို မည်သို့သက်ရောက်သည်ကို မီးမောင်းထိုးပြရန်။

၄။ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် စပ်ဆိုင်သော ဌာနေတိုင်းရင်းသားများ၏ အတွေးအခေါ်များကို မီးမောင်းထိုးပြရန်။

၅။ ကာကွယ်ဧရိယာများကို CBD က မည်သို့ ကိုင်တွယ်ထိန်းသိမ်းသည်ကိုဎင်း၊ ကာကွယ်ဧရိယာများကို ချဲ့ထွင်ရန်နှင့် ကာကွယ်ထိန်းသိမ်းရန် CBD ၏ဆောင်ရွက်မှုလုပ်ငန်းစဉ်က မည်သို့ဖြစ်သည်ကိုဎင်း ရှင်းလင်းပြရန်။

၆။ လူ့အခွင့်အရေးများနှင့် ကာကွယ်ထိန်းသိမ်းခြင်းများဆိုင်ရာ လတ်တလော အစပြုဆောင်ရွက်နေမှုများကို ပါဝင်ဆောင်ရွက်နေသူများအား အသိပေးရန်။

အရင်းအမြစ်များ။

- ဆူရီနမ်းဒေသ (တောင်အမေရိကတိုက် အရှေ့မြောက်ဖက် ရှိနိုင်ငံ) တွင် ဌာနေတိုင်းရင်းသားများ၏ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အရေးကို လျှော့ချစေခြင်း ပြန်လည်သုံးသပ်ချက်။
- ဌာနေတိုင်းရင်းသားများ၏ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အရေးများကို လျှော့ချစေခြင်း ကင်မရွန်း၌ တိုးတက်မှုကို မြှင့်တင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။
- ဌာနေတိုင်းရင်းသားများ၏ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုင်ရာ အခွင့်အရေးများကို လျှော့ချစေခြင်း ဇန်ဂစန်ဂရှိ ကာကွယ်ဧရိယာအစုနှင့်ဆိုင်သော ပြဿနာနှင့် အကောင်အထည်ဖော်ခြင်း သုံးသပ်ချက်။
- ဌာနေတိုင်းရင်းသားများနှင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်း ဒါယန်မှု၏ လုပ်ငန်းစဉ်ကို စစ်တမ်းယူခြင်း။
- ဌာနေတိုင်းရင်းသားများ၏ IUCN ၏ စီစစ်ခြင်းနှင့် ထောက်ခံခြင်း နှိုင်းယှဉ်လေ့လာတမ်း။
- လူ့အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်း။
- သဘာဝကို ကယ်ဆယ်ယူခြင်း - ဌာနေတိုင်းရင်းသားများ၊ ကာကွယ်ဧရိယာများနှင့် ဇီဝမျိုးကွဲကာကွယ်ထိန်းသိမ်းခြင်း။
- ကာကွယ်ဧရိယာများ စီမံခန့်ခွဲမှုတာဝန်ရှိသူများအား အသုံးပြုခြင်းလမ်းညွှန်။

အချိန်

၃ ၁/၂ နာရီ

www.burmeseclassic.com

www.burmeseclassic.com



## တင်ပြချက်နှင့် ဆောင်ရွက်ချက် (၂နာရီ)

၁။ မိတ်ဆက် ။

ကာကွယ်ဧရိယာတစ်ခုအတွက် **IUCN** (ကမ္ဘာ့ထိန်းသိမ်းရေးသမဂ္ဂ)၏ အဓိပ္ပါယ်သတ်မှတ်ပေးခြင်း။

ကာကွယ်ဧရိယာတစ်ခုသည် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးများနှင့် ဆက်နွယ်နေသောသဘာဝကို ရေရှည်ထိန်းသိမ်းကာကွယ်မှုရရှိရန် တရားဝင်သော သို့မဟုတ် ထိရောက်သောနည်းလမ်းများမှတစ်ဆင့် အသိအမှတ်ပြုသော၊ စီမံခန့်ခွဲထားသော၊ ရည်ရွယ်ချက်ထားရှိသော ရှင်းလင်းစွာသတ်မှတ်ထားသော ပထဝီနေရာတစ်ခု ဖြစ်သည်။

ကာကွယ်ဧရိယာများမှာ ၎င်းတို့၏ပတ်ဝန်းကျင်ဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် အလားတူတန်ဖိုးရှိသောအရာများကြောင့် ကာကွယ်ထိန်းသိမ်းမှုရရှိသည့် နေရာများဖြစ်သည်။ တိုင်းပြည်များတွင် နှစ်ပေါင်းများစွာကပင် ဖွံ့ဖြိုးလာသည့် ကာကွယ်ဧရိယာများ၏ တိုးချဲ့စနစ်များရှိကြသည်။ ဤစနစ်များမှာ နိုင်ငံ၏လိုအပ်ချက်များနှင့် ဦးစားပေးမှုများပေါ်တွင်၎င်း၊ ဥပဒေပြုပိုင် နိုင်ငံအခွင့်အာဏာ၊ ဖွဲ့စည်းပုံဥပဒေနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုတို့ပေါ်တွင်၎င်း မူတည်၍ တိုင်းပြည်တစ်ပြည်မှ တစ်ပြည်သို့ ကွဲပြားခြားနားကြသည်။

ကာကွယ်ဧရိယာများသည် အမြင့်မားဆုံးတောင်များမှသည် အနက်ရှိုင်းဆုံးပင်လယ်အထိ သစ်တောများ၊ သဲကန္တာရများ၊ ရေအိုင်များ၊ အမျိုးသားနယ်နိမိတ်များဟူ၍ ပတ်ဝန်းကျင်အမျိုးမျိုးကို ဖြတ်ကျော်ကာ တည်ရှိနေသည်။

**IUCN** ကာကွယ်ဧရိယာများ **စီမံခန့်ခွဲမှု/အမျိုးအစားများနှင့်/အုပ်ချုပ်မှုပုံစံများမှာ အဘယ်နည်း။**

**(PAS)** ကမ္ဘာပေါ်တွင် ကာကွယ်ဧရိယာများသည် တစ်သိန်းကျော်ရှိသည်။ ၎င်းတို့သည် ကွဲပြားသော ဒေသများဖြစ်၍ ကွဲပြားသောရည်ရွယ်ချက်များဖြင့် စီမံခန့်ခွဲထားသည်။ အပြည်ပြည်ဆိုင်ရာအဆင့်၏ ပုံမှန်အဆင့်အတန်းတစ်ခုကို အသုံးပြုခြင်းနှင့် ၎င်းတို့၏နောက်ခံအဖွဲ့အစည်းကို ကူညီရန် **ICN** သည် ကမ္ဘာလုံးဆိုင်ရာ အမျိုးအစား ခွဲခြားမှုစနစ်တစ်ခုကို ဒီဇိုင်းရေးဆွဲခဲ့သည်။ ဤစနစ်မှာ ၁၉၉၄ ခုနှစ် **IUCN** အသင်းဝင်များက လက်ခံအတည်ပြုလိုက်သည့် စနစ်ဖြစ်၍ ကာကွယ်ဧရိယာများ၏ စီမံခန့်ခွဲမှု ရည်ရွယ်ချက်များနှင့်အညီ ဆွဲထားသည့် အမျိုးအစား ၆ မျိုးကို အသိအမှတ်ပြုသည်။ ၎င်းတို့မှာ-

၁။ တားမြစ် သဘာဝနယ်မြေ/သားရိုင်းတိရစ္ဆာန် ကာကွယ်ဧရိယာ - သိပ္ပံ သို့မဟုတ် သားရိုင်းတိရစ္ဆာန်ကာကွယ်မှုအတွက် အဓိကစီမံခန့်ခွဲသည့် ကာကွယ်ဧရိယာ။

၂။ အမျိုးသားဥယျာဉ် - ဂေဟစနစ်ကာကွယ်မှုနှင့် အပန်းဖြေမှုအတွက် အဓိကစီမံခန့်ခွဲထားသည့် ကာကွယ်ဧရိယာ။

၃။ သဘာဝအမှတ်အသားရှိသောမြေ - သီးသန့်ရှိနေသောအသုံးပြု သဘာဝလက္ခဏာရပ်များကို ကာကွယ်ထိန်းသိမ်းရန်အတွက် စီမံခန့်ခွဲသည့် ကာကွယ်ဧရိယာ။

၄။ နေထိုင်ကျက်စားမြေ/ မျိုးစိတ်များ စီမံခန့်ခွဲထားသောဧရိယာ - စီမံခန့်ခွဲမှု ဝင်ရောက်ခြင်းဖြင့် ထိန်းသိမ်းခြင်းအတွက် အဓိကစီမံခန့်ခွဲသည့် ကာကွယ်ဧရိယာ။

၅။ ကာကွယ်မြေအနိမ့်အမြင့်/ပင်လယ်မြင်ကွင်း - ကုန်းမြင်ကွင်း၊ ပင်လယ်မြင်ကွင်းကို ကာကွယ်ထိန်းသိမ်းရန်နှင့် အပန်းဖြေသွားရောက်ရန်အတွက် အဓိကစီမံခန့်ခွဲသည့် ကာကွယ်ဧရိယာ။

၆။ စီမံခန့်ခွဲထားသည့် အရင်းအမြစ်ကာကွယ်ဧရိယာ - သဘာဝဂေဟစနစ်များ ရေရှည်အသုံးပြုနိုင်ရန် အဓိကစီမံခန့်ခွဲသည့် ကာကွယ်ဧရိယာ။

www.burmeseclassic.com

www.burmeseclassic.com



**IUCN** သည် မည်သည့်စီမံခန့်ခွဲမှု ရည်မှန်းချက်နှင့်မဆို ဆက်စပ်ပေးနိုင်သော ကာကွယ်ဧရိယာများကို အုပ်ချုပ်မှု အကျယ်အားဖြင့် ပုံစံ ၄ ခု ရှိသည်။

(က) အစိုးရ၏အုပ်ချုပ်မှု - အစိုးရဌာနကြီးတစ်ခုက (အစိုးရသို့ တိုက်ရိုက်အစီရင်ခံသော ပန်းခြံယများဆိုင်ရာအေဂျင်စီ (သို့မဟုတ်) ဝန်ကြီးဌာနကဲ့သို့သော) ကာကွယ်ဧရိယာများစီမံခန့်ခွဲမှုအတွက် အခွင့်အာဏာ၊ တာဝန်ယူမှု၊ တာဝန်ခံမှုကို ဆောင်ရွက်သည်။ ၎င်းတို့၏ကာကွယ်ထိန်းသိမ်းမှု ရည်မှန်းချက်များကို ဆုံးဖြတ်သည်။ ၎င်း၏စီမံခန့်ခွဲမှု အစီအစဉ်ကိုဖွံ့ဖြိုးစေရန် အားဖြည့်ပေးသည်။ အုပ်ချုပ်သည့်အပြင် ကာကွယ်ဧရိယာ၏ မြေ၊ ရေ၊ သက်ဆိုင်သည့် အရင်းအမြစ်များကိုလည်း ပိုင်ဆိုင်လေ့ရှိသည်။

(ခ) မျှဝေအုပ်ချုပ်မှု - အစိုးရမဟုတ်သောအဖွဲ့များနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့များက စုပေါင်း၍ (စည်းဘောင်နှင့်ဖြစ်စေ၊ အလွတ်သဘောနှင့်ဖြစ်စေ) တာဝန်ယူခြင်းနှင့် အခွင့်အာဏာကို အတူတကွမျှဝေထားသော စီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းများ စုပေါင်းဆက်နွယ်နေသော အလုပ်ယန္တရားနှင့် အဆင့်ဆင့်ဆောင်ရွက်ခြင်းများ ဖြစ်ပါသည်။

(ဂ) ပုဂ္ဂလိကအုပ်ချုပ်မှု - ပုဂ္ဂလိကအုပ်ချုပ်မှုသည် ကာကွယ်ဧရိယာများကို တစ်ဦးချင်းဖြစ်စေ/ ပူးပေါင်းလျက်ဖြစ်စေ/ အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်စေ/ တွဲဖက်အုပ်ချုပ်မှုနှင့်/သို့မဟုတ် တွဲဖက်ပိုင်ဆိုင်မှုဖြစ်စေ၊ အမြတ်ရှိသောအစီအစဉ်များ/ သို့မဟုတ် အမြတ်မရှိသောအစီအစဉ်များအောက်တွင်ဖြစ်စေ စီမံခန့်ခွဲထားမှုတို့ ပါဝင်သည်။

(ဃ) ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုများဖြင့် အုပ်ချုပ်မှု - ဤပုံစံတွင် အပိုင်းခွဲနှစ်ခု ပါရှိသည်။

၁။ ဌာနေတိုင်းရင်းသားများ၏ ဧရိယာများ၊ နယ်နိမိတ်များကို ဌာနေတိုင်းရင်းသား များကပင် ထူထောင်ထား၍ စီမံခန့်ခွဲမှုဆောင်ရွက်သည်။

၂။ ဌာနေအုပ်စုတို့က စောင့်ရှောက်ခံဧရိယာများ ထူထောင်သတ်မှတ်ထားပြီး ဌာနေအုပ်စုတို့ကပင် စီမံဆောင်ရွက်သည်။

၂။ ဌာနေတိုင်းရင်းသားများ၏ နယ်နိမိတ်များနှင့် ကာကွယ်ဧရိယာများ။

အထူးဒေသများဖြစ်သော လက်တင်အမေရိက၊ မြောက်အမေရိက၊ အာဖရိက၊ အာရှနှင့် အာတိတ်ကဲ့သို့ ဒေသများတွင် တောင်ပစိဖိတ်နှင့် အလယ်ပိုင်းသမုဒ္ဒရာများရှိ ကျွန်းများတွင်၎င်း ပုံစံတကျ သတ်မှတ်ထားသည့် ကာကွယ်ဧရိယာများစွာတို့သည် တစ်ချိန်တည်းမှာပင် ဌာနေတိုင်းရင်းသားတို့၏ ဘိုးဘွားပိုင်မြေများ၊ ရေများနှင့် ယဉ်ကျေးမှုများနှင့်လူ့နေဝန်းကျင်အုပ်စုများတို့ ဖြစ်သည်။

**IUCN** သည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် အကျိုးအမြတ်တို့ကို လေးစားသည့် ကာကွယ်ဧရိယာမူဝါဒများကိုကြာမြင့်စွာကပင်လက်ခံအတည်ပြုပြီး မြင့်တင်ခဲ့သည်။ ၎င်းတို့ကို အသိအမှတ်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို အထောက်အကူပြုသော ချဉ်းကပ်မှုများနှင့် ကိရိယာတန်ဆာပလာများကိုလည်း ဖွံ့ဖြိုးစေခဲ့ပါသည်။ မူဝါဒများနှင့်ကိုက်ညီစွာ **IUCN** က ဌာနေတိုင်းရင်းသားများ၏ ရိုးရာမြေများ၊ ရေများနှင့် အရင်းအမြစ်များနှင့် ထပ်တူဖြစ်နေသည့် ကာကွယ်ဧရိယာများကို စီမံရမည်ဖြစ်သောကြောင့် ကောင်းမွန်သောအုပ်ချုပ်မှု၏ အောက်ပါမူများကို အသုံးပြုသည်။

- ဌာနေတိုင်းရင်းသားများတို့၏ မြေများ၊ နယ်နိမိတ်များနှင့် အရင်းအမြစ်များတွင် ထူထောင်ထားသော ကာကွယ်ဧရိယာများသည် ရိုးရာမိရိုးဖလာပိုင်ရှင်များ၊ စောင့်ရှောက်သူများ၊ သို့မဟုတ် ဤမြေများ၊ နယ်နိမိတ်များနှင့် အရင်းအမြစ်များကို အသုံးပြုသူများ၏ အခွင့်အရေးများကို လေးစားလိုက်နာသင့်သည်။
- ကာကွယ်ဧရိယာစီမံခန့်ခွဲမှုသည်လည်း ဌာနေတိုင်းရင်းသားများ၏ အဖွဲ့အစည်းများနှင့် ထုံးတမ်းစဉ်လာဥပဒေများကို လေးစားသင့်သည်။
- ထို့အတွက် ကာကွယ်ဧရိယာများသည် ဌာနေတိုင်းရင်းသားပိုင်ရှင်များ သို့မဟုတ် စောင့်ရှောက်သူများအား ၎င်းဧရိယာတွင်း ဥပဒေပြုရေးဆွဲထားသော နည်းဥပဒေများကို ထိန်းသိမ်းသူများအဖြစ် အသိအမှတ်ပြုသင့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့အတွက် ဌာနေတိုင်းရင်းသားများ၏ လုပ်ပိုင်ခွင့်အတိုင်း ဆောင်ရွက်ခြင်း၊ ဤဧရိယာများကို ထိန်းချုပ်ထိန်းသိမ်းခြင်းကို လေးစား၍အားကောင်းလာအောင် ပြုလုပ်ပေးသင့်သည်။

မကြာမီနှစ်များကပင် ကာကွယ်ဧရိယာများနှင့် ထပ်တူဖြစ်နေသော ဌာနေတိုင်းရင်းသားများ၏ မြေယာ၊ ရေနှင့် သယံဇာတအရင်းအမြစ်များနှင့် ဆက်နွယ်၍ အရေးကြီးသော ဖွံ့ဖြိုးတိုးတက်မှုများစွာရှိလာသည်။ ဦးစွာ UN-CN က ၄င်း၏ ကမ္ဘာ့ထိန်းသိမ်းရေးကွန်ဂရက်တွင် ကာကွယ်ဧရိယာများနှင့် ဌာနေပြည်သူတို့၏ အခွင့်အရေးများအပေါ် အထူးပြုသောမူဝါဒများကို လက်ခံအတည်ပြုခဲ့ကြသည်။ ဒုတိယအနေဖြင့်၊ နိုင်ငံများစွာက နိုင်ငံအဆင့် တရားဝင်မူဝါဒ မူဘောင်သစ်များကို ဌာနေတိုင်းရင်းသားများ အခွင့်အရေး နှင့် ဆက်နွယ်လျက် ကာကွယ်ဧရိယာများအတွက် အရေးကြီးသော အကြံပြုဆောင်ရွက်ချက်များကို လက်ခံအတည်ပြု၍ အသုံးပြုခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ အဆင့်တွင် ကာကွယ်ဧရိယာများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ လုပ်ငန်းအစီအစဉ်၊ အလားတူပင် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေပြည်သူများ၏ အခွင့်အရေးများကြေငြာစာတမ်း **(UNDRIP)** စသည့်ကဲ့သို့သော တိုင်းတာချက်တို့ကို လက်ခံအတည်ပြု၍ဌာနေတိုင်းရင်းသားများနှင့် ကာကွယ်ဧရိယာများအတွက် အလေးမူလျက် နိုင်ငံရေး၏ ပုံသဏ္ဍာန် အနိမ့်အမြင့်များသည်လည်း ထင်ရှားစွာပြောင်းလဲခဲ့ပြီဖြစ်သည်။

၃။ ကာကွယ်ဧရိယာများ၏ သမိုင်းနှင့် ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်။

လူ့အဖွဲ့အစည်းများသည် သဘာဝပတ်ဝန်းကျင်၏ အထူးဧရိယာများကို ဂေဟဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များအတွက် ရည်စူးလျက် ကြာမြင့်စွာကပင် သီးသန့်ဖယ်ထားခဲ့ကြပြီ။ ဤဧရိယာများမှာ အများပြည်သူတို့၏ အရင်းအမြစ်ဧရိယာများ၊ ကိုးကွယ်ရာအပင်များ၊ ထုံးတမ်းစဉ်လာအုပ်စုများ၏ သစ်တောဧရိယာငယ်များမှသည် အမဲလိုက်ရာ လူမှုရေးအထက်တန်းအလွှာများ၊ သို့မဟုတ် တော်ဝင်လူမှုအဖွဲ့အစည်းရှိ အရေးပါသောလူပုဂ္ဂိုလ်တို့၏ အပန်းဖြေစရာဟူ၍ တိတိကျကျထားရှိသော နေရာများဖြစ်သည်။ မည်သို့ဆိုစေ၊ ယနေ့ခေတ် ကာကွယ်ဧရိယာမြေများ စီမံခန့်ခွဲမှုသည် ၁၈၇၂ ခုနှစ်၊ အမေရိကန် နိုင်ငံခရီး၊ ဘလက်ဖီ၊ ရှိုးရှုန်း-ဘမ်းနော့ နယ်နိမိတ်တွင်းရှိ **Yellowstone** ရဲလိုးစတုန်း၊ ကမ္ဘာ့ပထမဆုံး အမျိုးသားဥယျာဉ်ထူထောင်ခြင်းမှ မူလအရင်းတည်ခဲ့ပါသည်။ ရဲလိုးစတုန်းဥယျာဉ်ကို ရွေးချယ် ရခြင်းမှာ - ၄င်း၏ထူးခြားသော သဘာဝအလှများကြောင့် ဖြစ်သည်။ ယနေ့တွင်မူ ကာကွယ်ဧရိယာများသည် ကမ္ဘာ့ကုန်းမြေမျက်နှာပြင်၏ ၁၀ရာခိုင်နှုန်းထက် ပိုမိုကျယ်ပြန့်လာသည်။

ကမ္ဘာ့တိုက်ကြီးများအားလုံး၌ ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူထားသော ကြီးကြပ်အုပ်ချုပ်မှုများအဖြစ် တိုင်းရင်းသားတို့၏အခန်းကဏ္ဍကို ကောင်းစွာမှတ်တမ်းတင်ထားသော်လည်း ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန် အတိတ်က အားထုတ်မှုများတွင်မူ ဌာနေတိုင်းရင်းသားများကို မကြာခဏဖိနှိပ်ကန့်သတ်ခဲ့သည်။ သဘာဝကာကွယ်ထိန်းသိမ်းသူများနှင့် ဌာနေတိုင်းရင်းသားများအကြား ကာလကြာမြင့်စွာ ပဋိပက္ခများလည်းဖြစ်ခဲ့သည်။ ၁၉ ရာစု နှစ်မှစ၍ ဌာနေတိုင်းရင်းသားများ၏ နယ်နိမိတ်များမှ ထိန်းသိမ်းမြေ၊ အမျိုးသားဥယျာဉ်များနှင့် အခြားကာကွယ်တောဧရိယာများကို မကြာခဏဖြတ်ယူခဲ့ကြသည်။ ဤသို့ရွှေ့ပြောင်းရခြင်းများမှာ ယနေ့တိုင်ဆက်လက်ရှိမြဲရှိဆဲဖြစ်ပြီး အထူးသဖြင့် အာဖရိကတိုက်နှင့် အာရှတိုက်၏ အချို့ဒေသများတွင် ရိုးရာအစဉ်အလာအရ တိုင်းရင်းပြည်သူတို့၏ တရားဝင်အခွင့်အရေးများ နည်းပါးလှသည့် နေရာများတွင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဤကိစ္စရပ်ကို အလွန်လူသိများသော ဥပမာတစ်ခုဖြင့် တင်ပြနိုင်သည်။ မူလ ရဲလိုးစတုန်းဥယျာဉ်နေရာမှာ လူသူမနေသည့်တောပိုင်းတောရိုင်းဒေသဟု နားလည်ထားကြသည်။ ၁၈၇၁ ခုနှစ် ရှိုးဇုန်း-ဘမ်းနော့ ဌာနေလူများမှာ ဝင်းမြစ်ထိန်းသိမ်းရေးဒေသသို့ ပြောင်းရွှေ့နေရာချခံသည်။ ပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်းကို ဖော်ပြသော သမိုင်းဝင်အဖြစ်အပျက်သက်သေများမှာ မရှင်းလင်းဘဲ ရောထွေးခဲ့သည်။ သို့သော် ၁၈၈၇ ခုနှစ်၌ မြို့ပြအုပ်ချုပ်သူများနှင့် လူမျိုးနွယ်စုများအကြား တိုက်ခိုက်ပွဲများတစ်ပွဲပြီးတစ်ပွဲ ဖြစ်ပွားခဲ့သည်။ ထွက်လာသည့်ရလဒ်ကား၊ လူ ၃၀၀ ကျော်သေဆုံး၍ ဥယျာဉ်နေရာအုပ်ချုပ်မှုကို ၁၈၈၆ ခုနှစ်တွင် အမေရိကန်စစ်တပ်လက်အောက်ခံ အဖြစ်ပြောင်းခဲ့ခြင်း ဖြစ်သည်။

ကာကွယ်ဧရိယာများကို ရဲလိုးစတုန်း ကိစ္စကဲ့သို့ လက်ခံအတည်ပြုခြင်းပုံစံများသည် အချို့ဧရိယာများရှိ ဒေသခံတိုင်းရင်းသားများအတွက် အဓမ္မ ပြန်လည်နေရာ ရွှေ့ပြောင်းချပေးခြင်းရလဒ်သာ ဖြစ်စေသည်။ ယူဂန်ဒါနိုင်ငံရှိ ကီဒပို အမျိုးသားဥယျာဉ်ထူထောင်ရန် အင့်ခ်လူမျိုးများကို မိမိတို့၏နယ် ပြောင်းရွှေ့ခံရခြင်းနှင့် ဆူလာပါစီနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ဒိုမန်ဂါ- ဘုံး အမျိုးသားဥယျာဉ်ဖန်တီးရန် မန်ဂွန်ယို မျိုး နှစ်စုတို့အား နယ်မှရွှေ့ပြောင်းနေရာသို့ ဖယ်ပေးရခြင်းများ အပါအဝင်၊ အတင်းအဓမ္မ နေရာရွှေ့ပြောင်းစေခြင်းများ ဖြစ်လာသည်။

နေထိုင်သူများရှိသော ကာကွယ်ဧရိယာများ ဖန်တီးရန်ကြိုးစားမှု မူဝါဒသည် အစိုးရများနှင့် ကာကွယ်ထိန်းသိမ်းရေး အေဂျင်စီတို့က ကာကွယ်ရန် ကြိုးစားနေသော ဧရိယာတောများနှင့် ထိခိုက်ခံရသော ဒေသခံဌာနေပြည်သူများ နှစ်မျိုးစလုံးအတွက် မနှစ်မြို့ဖွယ် ကွင်းဆက်ဆိုးကျိုးများကို မကြာခဏ ဖြစ်စေခဲ့သည်။ ဤဧရိယာများစွာ၌ ထိခိုက်ခံရသူ/သို့မဟုတ် ထိခိုက်ခံရဖို့ရှိသော ပြည်သူများနှင့် အစိုးရ၊ ကာကွယ်ထိန်းသိမ်းရေး အေဂျင်စီများအကြား ယုံကြည်မှုကင်းမဲ့ခြင်း အမွေကို ယနေ့ ဆက်ခံနေရပြီဖြစ်သည်။

တွက်ချက်မှုအရ၊ ကမ္ဘာ့ကာကွယ်တော ဧရိယာများ၏ ၈၅% သောနေရာများတွင် ဌာနေတိုင်းရင်းသားများ နေထိုင်ကြသည်။ ဤကိန်းဂဏာန်းများအရ ဤကိစ္စကို ခပ်ပေ့ါပေ့ါထား၍မရတော့ပေ။ ဤရှုပ်ထွေးမှုကို ၂၀၀၃ ခုနှစ် **IUCN** ကမ္ဘာ့ဥယျာဉ်ကွန်ဂရက်တွင် အသိအမှတ်ပြုပြီးဖြစ်သည်။ ကွန်ဂရက်၏ အကြံပြုထောက်ခံချက် နံပါတ် (၂၄) ၌ များစွာသောကာကွယ်တောများသည် ဌာနေတိုင်းရင်းသားနှင့် အစဉ်အလာဖြစ်သော ဌာနေပြည်သူတို့၏ မြေယာ၊ နယ်နိမိတ်နှင့် အရင်းအမြစ်များနှင့် ထပ်ထူဖြစ်နေကြသည်ဟု မှတ်သားထားသည်။ ဤအကြံပြုချက်မှ ထပ်မံသိမှတ်ထားသည်မှာ အမှုများစွာ၌ ကာကွယ်ဧရိယာများထူထောင်ခြင်းသည် ဌာနေပြည်သူတို့၏ စားဝတ်နေရေး၊ အကျိုးအမြတ်၊ အခွင့်အရေးများကို ထိခိုက်သက်ရောက်ခဲ့မှုများရှိခဲ့သည်ဖြစ်၍ နောက်ဆက်တွဲ ဆိုးကျိုးရလဒ်အဖြစ် ပဋိပက္ခများ ကြာရှည်စွာဖြစ်ပွားနေခြင်းဖြစ်သည်။

ထပ်လောင်း၍ ဤအကြံပြုချက်မှ မှတ်တမ်းတင်ထားသည်မှာ **အကယ်၍သာ ကာကွယ်တော ပြခြင်း၏ ရည်ရွယ်ချက်များမှာ၊ ကာကွယ်ဧရိယာ၏ဒေသနှင့် ဒေသအနီးဝန်းကျင်နေ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို မထိပါးမလွန်ကျူးလျှင် ထိရောက်သော ရေရှည်တည်တံ့စေသော ကာကွယ်ထိန်းသိမ်းမှုကို ပို၍ရရှိအောင်မြင်နိုင်စေသည်ဟူ၍ ဖြစ်သည်။ ဆက်လက်၍ အောင်မြင်သောကြာရှည်ခံသော ထိန်းသိမ်းရေးပရိုဂရမ် အစီအစဉ်များ အကောင်အထည်ဖော်ခြင်းကို အခြားသောအကြောင်းအရင်းများအနက် ဌာနေတိုင်းရင်းသားများ၏ သဘောတူညီကျေနပ်မှု ရှိသည့်အခါမှသာ ကာကွယ်ထိန်းသိမ်းမှုအစီအစဉ်များ အောင်မြင်ကြာရှည်ခံ၍ အကောင်အထည်ပေါ်လာမည်ကို အာခံနိုင်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် သိထားရမည်။ အကြောင်းမှာ ၄င်းတို့၏ယဉ်ကျေးမှု၊ ဗဟုသုတနှင့် နယ်နိမိတ်များသည် ကာကွယ်ဧရိယာ များထူထောင်မှုကို ကြီးပွားလာအောင် ပံ့ပိုးပေးဆောင်နိုင်သောကြောင့် ဖြစ်သည်။ အကြံပြုချက်နံပါတ်(၂၄)၌ ဆက်လက်မှတ်သားထားသည်မှာ ၄င်းတို့၏မြေယာ၊ နယ်နိမိတ်များနှင့် အရင်းအမြစ်များကို ပြင်ပခြိမ်းခြောက်မှုများမှကာကွယ်ရန် ဌာနေတိုင်းရင်းသားများ၏ လိုအပ်ချက်နှင့် ကာကွယ် ဧရိယာများအကြား ထားရှိသောရည်မှန်းချက်များ၏ ဘုံဝိသေသအချက် မျှဝေမှုတစ်ခုရှိနေသည်ကို ဖော်ပြထားသည်။

၁၉၉၆ ခုနှစ် မွန်ထရီယဲလ်၌ ကျင်းပသော ကမ္ဘာ့ပထမဦးဆုံး ကာကွယ်ထိန်းသိမ်းရေး ကွန်ဂရက် **IUCN** အဖွဲ့ဝင်များက မူလဆုံးဖြတ်ချက်အပေါ် မှ လက်ခံအတည်ပြု တည်ဆောက်ထားသည့် ကမ္ဘာ့ဥယျာဉ်များ ကွန်ဂရက်ဆုံးဖြတ်ချက် ၁.၅၃ အရ တိုးမြှင့်လိုက်သော မူဝါဒမှာ အောက်ပါမူများ အပေါ် မှ အခြေခံထားပါသည်။

၁။ ကာကွယ်ဧရိယာများအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏မြေယာများ၊ သို့မဟုတ် နယ်နိမိတ်နှင့် အရင်းအမြစ်များအရ ၄င်းတို့၏အခွင့်အရေးများကို အသိအမှတ်ပြုခြင်း။

၂။ ၄င်းတို့၏မြေများ၊ သို့မဟုတ် နယ်နိမိတ်များတွင်ရှိသော ကာကွယ်ဧရိယာများ ထူထောင်ခြင်းမတိုင်မီ ထို ဌာနေတိုင်းရင်းသားများနှင့်အတူ သဘောတူညီမှုတခုသို့ ရောက်ရှိရန်လိုအပ်ခြင်းကို အသိအမှတ်ပြုခြင်း။

၃။ ၄င်းတို့၏မြေများ၊ သို့မဟုတ် နယ်နိမိတ်များအပေါ် တွင် တည်ထောင်မည့် ကာကွယ်တောများ စီမံခန့်ခွဲမှု ထိရောက်စွာပူးပေါင်း ပါဝင်နိုင်ရန်၄င်း၊ ၄င်းတို့၏မြေ သို့မဟုတ် နယ်နိမိတ်များနှင့်ဆိုင်၍ အကျိုးအမြတ်နှင့် အခွင့်အရေးများအပေါ် သက်ရောက်သည့် မည်သည့်ဆုံးဖြတ် ချက်ကိုမဆို လက်ခံအတည်ပြုခြင်းအပေါ် ဆွေးနွေးတိုင်ပင်ခံရန်၄င်း စသည်ဖြင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို အသိအမှတ်ပြုခြင်း။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခန်း (၁)။

နှိုင်းယှဉ်ခြင်းနှင့် ခြားနားမှုရှာဖွေခြင်း။ (၃၀မိနစ်)

သစ်တောကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ ချဉ်းကပ်လုပ်ဆောင်မှုများ၏ ကွဲပြားခြားနားမှုကို နားလည်ခြင်း။

၁. ၎င်းတို့၏သစ်တောများကို ကာကွယ်ထိန်းသိမ်းရာတွင် အစဉ်အလာဖြစ်သော အလေ့အကျင့် အချို့အကြောင်း ပါဝင်တက်ရောက်သူများကို မေးမြန်းပါ။

၂. ခြားနားမြင်သာလာရန် အခြားနိုင်ငံများ သို့မဟုတ် အုပ်စုအဖွဲ့အစည်းတွင်းရှိ အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီများက တည်ထောင်ထားသည့် ကာကွယ်ဇရိယာများနှင့် ဆိုင်၍ ပါဝင်တက်ရောက်သူအချို့မှ ၎င်းတို့၏ အတွေ့အကြုံအချို့ကို မျှဝေပါ။

၃. ပံ့ပိုးကူညီသူက အောက်ပါမေးခွန်းများကိုမေးပါ။ ပါဝင်တက်ရောက်သူများက စုပေါင်းဖြေရမည် - ဌာနေတိုင်းရင်းသားများနှင့် အစိုးရ တည်ထောင်သည့် ကာကွယ်ဇရိယာများအကြား သစ်တောကာကွယ်ထိန်းသိမ်းမှု ဆောင်ရွက်ပုံ ချဉ်းကပ်နည်းများသည် မည်သို့ကွဲပြားခြားနားသနည်း။

၄. ပံ့ပိုးကူညီသူက နိုင်ငံကတည်ထောင်သည့် ကာကွယ်ဇရိယာများနှင့် ဌာနေတိုင်းရင်းသားများမှ အစဉ်အလာဖြစ်သော သစ်တောထိန်းသိမ်းရေးအကြား ကွာခြားခြင်း၏ အဓိကအချက်များကို သက်ဆိုင်ရာဝေဖန်ပိုင်းခြားအဆိုပြုချက်များနှင့်အတူ အနှစ်ချုပ်သည်။

သဘာဝပတ်ဝန်းကျင်နှင့် မြေယာများကို ဌာနေတိုင်းရင်းသားများက ဆက်နွယ်ထားပုံအရ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုသည် တိုင်းရင်းသားတို့၏ ကမ္ဘာ့အမြင်နှင့် နေ့စဉ်ရှင်သန်သွားလာမှုတွင် ဆက်စပ်ပေါင်းစုထားပြီးကြောင်း ရှင်းလင်းစွာတွေ့မြင်ရသည်။ ဤသည်မှာ၊ ၎င်းတို့၏ ကမ္ဘာ့မြေကြီးကိုမြင်သောအမြင်များသည် ၎င်းတို့၏ မြေယာများနှင့် နီးကပ်စွာ ဆက်စပ်ကြည့်မြင်ထားကြပြီး ကာကွယ်ထိန်းသိမ်းရေးသည် ၎င်းတို့စံတန်ဖိုးများ၏ အလွန်အရေးပါလှသော အပိုင်းတစ်ရပ်ဖြစ်သည်။ ဌာနေတိုင်းရင်းသားများအတွက်မူ ကမ္ဘာ့တစ်ခုလုံးကို သုံးနေသည့်နည်းသည် ကမ္ဘာ့တစ်ခုလုံး ကာကွယ်ရန်သာဖြစ်၏။ ကာကွယ်ဇရိယာများကို စောင့်ရှောက်ရာတွင် အနောက်တိုင်းရှိ ချဉ်းကပ်မှုသည် စီးပွားဖြစ်ရည်ရွယ်ချက်အတွက် သဘာဝကိုအသုံးပြုရန်နှင့် ထုတ်ယူရန် အဓိကအကွက်ချထားသည်။ ထို့ကြောင့် သစ်တောများ အရည်အသွေးကျဆင်းခြင်းနှင့် အလွန်အမင်း ထုတ်ယူအမြတ်ကြီးစားခံရခြင်းသို့ ဦးတည်သွားသည်။ ထိုအကြောင်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များသည် သစ်တောများကို ထိန်းသိမ်းရန် လိုအပ်ချက်ရှိသည်ဟု ထင်ကြသည်။ မည်သို့ဆိုစေ ပတ်ဝန်းကျင်ထိန်း သိမ်းရေးပညာရှင်တို့က သိမြင်ထားသော ကာကွယ်ထိန်းသိမ်းရေးဆိုသည်မှာ လူသားတို့သည် သစ်တောများမှ ထွက်ကုန်များကို မထုတ်ယူရကြောင်း၊ ကာကွယ်ဇရိယာများ ကြေငြာချက်မှတဆင့် ပြောဆိုရန် ဖြစ်သည်။

၄။ ကာကွယ်ဇရိယာများနှင့်ဆိုင်သော ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ လုပ်ငန်းအစီအစဉ်

**CBD** ၏ဝက်ဘ်ဆိုဒ်အရ ကာကွယ်ဇရိယာများသည် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်း၏ အဓိကကျသော မှတ်ကျောက်တိုင်များဖြစ်သည်။ ၎င်းဇရိယာတို့သည် သဘာဝ၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရေးကြီးသော အရင်းအနှီးအစုများဖြစ်သည်။ ၎င်းတို့မှ စီးပွားရေးအရ စံချေးကိုက်သော တန်ဖိုးရှိ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအဘို့ သီးပွင့်စေသည်။ လူအဖွဲ့အစည်းကို အကျိုးပြုသည်။ စားဝတ်နေရေး ဖူလုံစေသည်။ ထောင်စုနှစ် ပန်းတိုင်များသို့ရောက်ရှိမှုကို ဖြစ်စေသည်။ ထို့အပြင် ကာကွယ်ဇရိယာများသည် မကြာခင်ဖြစ်ပေါ်နေပြီဖြစ်သည့် မခန့်မှန်းနိုင် မမြင်နိုင်သည့် ရာသီဥတုပြောင်းလဲမှုဒါဏ်ကို ကြားခံပေးသည့် အဓိကသော့ချက် အကာအကွယ်ကြားခံဖြစ်သည်။ ကာကွယ်ဇရိယာများအတွက် **CBD** ဆောင်ရွက်ချက်များသည် ကမ္ဘာတဝှမ်းရှိ ဒေသတွင်း နိုင်ငံတွင်း ကာကွယ်ဇရိယာစနစ်များအတွက် ထင်ရှားမြင်သာသော ထိရောက်စွာ စီမံခန့်ခွဲနိုင်သော ရေရှည်တည်တံ့စေမည့် ငွေကြေးအရင်းပြုပေးသော ကမ္ဘာလုံးဆိုင်ရာလက်ခံသည့် မူဘောင်တစ်ခုကို ပံ့ပိုးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ကာကွယ်ဧရိယာများမှ ထောက်ကူပံ့ပိုးမှုများ။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် ကာကွယ်ဧရိယာများအတွက် ထုတ်ဖော်ပြောဆိုရာတွင် အပြည်ပြည်ဆိုင်ရာ အရေးကြီးဆုံးသော တရားဝင်ဆောင်ရွက်ချက်တစ်ရပ် ဖြစ်ပါသည်။ -"ကာကွယ်ဧရိယာ" - ဟူသည့် အခေါ် အဝေါ် ကို သဘောတူစာချုပ်၏ပိုဒ်ခွဲ (၂) တွင် "ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အထူးသီးသန့် ရည်ရွယ်ချက်များကို ရရှိပြီးမြောက်ရန် ဥပဒေပြုထားသည့် စီမံခန့်ခွဲထားသည့် သို့မဟုတ် သတ်မှတ်ထားသည့် -ပထဝီအနေအထားအရ ကန့်သတ်ထားသော ဧရိယာ" - ဟုဖွင့်ဆိုပါသည်။

ပါတီများကို အားပေးတိုက်တွန်းထားပြီး ကာကွယ်ဧရိယာများအတွက် အထူးရည်ညွှန်းထားချက်ကို သဘောတူစာချုပ်၏ ပိုဒ်ခွဲ (၈)၌ ဖော်ပြထားသည်မှာ-

- ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန် အထူးမှတ်သားထားရန် လိုအပ်သော ဧရိယာများ သို့မဟုတ် ကာကွယ်ဧရိယာများ၏ စနစ်တစ်ခု ထူထောင်ရန်။
- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရန် အထူးမှတ်သားရန် လိုအပ်သောဧရိယာများ သို့မဟုတ် လိုအပ်သည့်နေရာများတွင် ကာကွယ်ဧရိယာများကို ရွေးချယ်ခြင်း၊ ထူထောင်ခြင်း၊ စီမံခန့်ခွဲခြင်းအတွက် လမ်းညွှန် များကို ဖွံ့ဖြိုးစေရန်။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အတွက် အရေးကြီးသော ၎င်းတို့၏ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့စွာ အသုံးပြုရေးကို အာမခံသည့်အမြင်တစ်ရပ်နှင့်အတူ ကာကွယ်ဧရိယာများ၏ အတွင်း သို့မဟုတ် ပြင်ပတွင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ထိန်းသိမ်းရန် အရေးကြီးသော ဇီဝပိုင်းဆိုင်ရာ အရင်းအမြစ်များကို စီမံခန့်ခွဲရန် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ရန်။
- ကာကွယ်ဧရိယာများနှင့် တစ်ဆက်တစ်စပ်တည်း ဧရိယာများအား ထပ်မံကာကွယ်ရမည့် အမြင်တစ်ရပ်နှင့်အတူ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်သော ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်။
- နေရာဒေသတိုင်းတွင် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းခြင်းအတွက် ငွေကြေးနှင့် အခြားလိုအပ်သော ပံ့ပိုးမှုများ ပေးဆောင်ရာတွင် ပူးပေါင်းပါဝင်ရန်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က ဌာနေတိုင်းရင်းသားများ၏ အုပ်ချုပ်မှုအပိုင်းတစ်ရပ်ဖြစ်သော ကာကွယ်ဧရိယာများဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်စေသည်။ ဌာနေတိုင်းရင်းသားများသည် ကာကွယ်ဧရိယာများအပေါ် စီမံအုပ်ချုပ်ရမည်ကို **CBD** မှ အသိအမှတ်ပြုထားသည်။ အကယ်၍ ကာကွယ်ဧရိယာအသစ် တည်ထောင်လျှင် လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း **(FPIC)** ကို ပတ်သက်ထိခိုက်ခံရသည့် ဌာနေတိုင်းရင်းသားများနှင့်အတူ ပြုလုပ်သင့်သည်ကိုလည်း အသိအမှတ်ပြုထားသည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ (၇) ကြိမ်မြောက် ပါတီညီလာခံ (ကာကွယ်ဧရိယာအပေါ် တွင်) ဆုံးဖြတ်ချက် ၇.၂၈ အရ ၊-

(၂၃) ပိုဒ်ခွဲ ၈ (ည) နှင့် ဆက်နွယ်သည့် ပေးကမ်းဆောင်မမှုများအရ ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူအုပ်စုများသို့ ပါတီများမှ ထားရှိရသောဝတ္တရားများကို ပြန်လည်သတိပြုလျက် ကာကွယ်ဧရိယာများ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံအုပ်ချုပ်ခြင်း၊ ထူထောင်ခြင်းများတွင် ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူအုပ်စုများ၏ ပြည့်ဝသော ထိရောက်သော ပူးပေါင်းပါဝင်မှုရှိ၍ သူတို့၏အခွင့်အရေးများကို လေးစားကာ နိုင်ငံအတွင်းဥပဒေနှင့် ဆက်နွယ်နေသော အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ကိုက်ညီစွာလုပ်ဆောင်ရန် မှတ်သားထားသည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ကာကွယ်ဧရိယာများဆိုင်ရာ လုပ်ငန်းအစီအစဉ်၌ အောက်ပါအချက်(၄) ချက် ပါဝင်ပါသည်။

၁. ကာကွယ်ဧရိယာများဆိုင်ရာ စီမံရေးဆွဲခြင်း၊ ရွေးချယ်ခြင်း၊ ထူထောင်ခြင်း၊ အားကောင်းစေခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ကာကွယ် ဧရိယာ၏တည်နေရာနှင့်စနစ်များကို တိုက်ရိုက် အရေးတယူဆောင်ရွက်ရန်။

၂. စီမံအုပ်ချုပ်ခြင်း၊ ပူးပေါင်းပါဝင်ခြင်း၊ ညီတူမျှတမှုရှိခြင်း၊ အကျိုးအမြတ်ခွဲဝေခြင်း၊ အုပ်ချုပ်မှုပုံစံများအမျိုးမျိုးကို အလေးအနက် အသိအမှတ်ပြုရန်။ ဥပမာ- (၆) မျိုး ရှိသော ကာကွယ်ဧရိယာများ၊ ကမ္ဘာ့အမွေအနှစ်နေရာများ။

www.burmeseclassic.com

www.burmeseclassic.com



၃. ကာကွယ်ဧရိယာများအတွက် အမှန်တကယ် လိုက်နာနိုင်သောမူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာ၊ လူမှုစီးပွားရေး ဆိုင်ရာ ပတ်ဝန်းကျင်ကို ပံ့ပိုးပေးခြင်း။

၄. အဆင့်အတန်းများ၊ မှတ်သား ကောက်ယူချက်များနှင့် စောင့်ကြည့်ကြီးကြပ်မှု။

ပန်းတိုင်(၂.၂)။ ။ ဌာနေတိုင်းရင်းသားများ၊ ဒေသခံအုပ်စုပြည်သူများနှင့် အကျိုးစပ်ပါဝင်သူများ၏ ပါဝင်လုပ်ဆောင်မှုကို မြှင့်တင်ရန်နှင့် လုံခြုံစေရန်။

မျှော်မှန်းချက်။ ။ ၂၀၀၈ခုနှစ်တွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စုပြည်သူများ၏ အပြည့်အဝ ထိထိရောက်ရောက် ပူးပေါင်းပါဝင်မှု။ နိုင်ငံတွင်းအဆင့်တွင်၎င်း၊ အသုံးပြုနိုင်သော အပြည်ပြည်ဆိုင်ရာတာဝန်ဝတ္တရားများတွင်၎င်း၊ ၎င်းတို့၏အခွင့်အရေးများကို အပြည့်အဝလေးစားမှုနှင့် ၎င်းတို့၏တာဝန်များကို အသိအမှတ်ပြုခံရမှု၊ ထို့ပြင် ကာကွယ်ဧရိယာအသစ်များ ထူထောင်မှုနှင့် တည်ရှိခြင်း၏ စီမံခန့်ခွဲမှုတွင် သက်ဆိုင်သူများ၏ ပူးပေါင်းပါဝင်မှု။



၆။ ကာကွယ်ဧရိယာများနှင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်လုပ်ငန်း၏ အခြားသော အစီအစဉ်။

ညီလာခံသို့ ပါတီညီလာခံမှ ထောက်ပြပြောဆိုခဲ့သည့် ပိုင်းခြားသတ်မှတ်ခံရသည့် ကိစ္စရပ်များနှင့် ဦးတည်ချက် အကြောင်းရင်းများအလိုက်ရှိသောဧရိယာများတွင် အလုပ်၏ဗဟိုအချက်အခြာတစ်ရပ်ကို ကာကွယ်ဧရိယာများတွင် ဖွဲ့စည်းခဲ့သည်။ အောက်ဖော်ပြပါ အစီအစဉ်တစ်ခုစီက ကာကွယ်ဧရိယာများအတွက် ပေးကမ်းဆောင်မပေးသည်မှာ -

၁။ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လုပ်ငန်းအစီအစဉ်- ပါတီညီလာခံက ၂၀၀၄ ခုနှစ် ဆုံးဖြတ်ချက် [illegible] (၅) အရ၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်း ကာကွယ် ဧရိယာများမှာ ပင်လယ်နှင့် ကမ်းရိုးတန်း ဇီဝမျိုးကွဲတို့ကို [illegible] ရေရှည်အသုံးပြုမှုအတွက် အရေးပါသော [illegible] [illegible] [illegible] ဧရိယာများနှင့် [illegible] [illegible] [illegible] အဏ္ဏဝါနှင့်ကမ်းရိုးတန်း [illegible] COP

www.burmeseclassic.com



ပါတီများသို့ ညီလာခံမှ အဆောတွေညီထားပါသည်။

၂။ ကုန်းတွင်းရေချကြောင်း ဂေဟာစနစ်များလုပ်ငန်းအစီအစဉ် - ပါတီများညီလာခံက ၂၀၀၄ ခုနှစ် (ဆုံးဖြတ်ချက် ၇/၄) တွင် ရေဝေရေလဲဒေသ၊ မြစ်ဝှမ်းစီမံခန့်ခွဲခြင်းဆိုင်ရာ မူဘောင်အတွင်း ကာကွယ်ထားသောကုန်းတွင်းရေချကြောင်း ဂေဟာစနစ်များအတွက် အဆက်အစပ်မှ လုံလောက်သေချာစွာ ထည့်သွင်းစဉ်းစားထားသော၊ ပုံသေကိုယ်စားပြုပေးနိုင်သော ကာကွယ်စောင့်ရှောက်မှုပုံစံဘောင်တစ်ခုကို ထူထောင်ရန် မှာကြားထားသည်။

၃။ ခြောက်သွေ့၍ စိုစွတ်မှုလည်းရှိသော မြေများလုပ်ငန်းအစီအစဉ် - ဆုံးဖြတ်ချက် ၅/၂၃ အရ၊ ကာကွယ်ဧရိယာများနှင့် တိုးချဲ့ကာကွယ်ဧရိယာများ ထူထောင်ခြင်းနှင့် အသုံးပြုခြင်းကို လိုအပ်သည့် ပန်းတိုင်ဆောင်ရွက်ချက်တစ်ချို့အဖြစ် ခွဲခြားသတ်မှတ်သည်။

၄။ သစ်တောဇီဝမျိုးစုံမျိုးကွဲလုပ်ငန်းအစီအစဉ် - ဆုံးဖြတ်ချက် ၆/၂၂ အရ လက်ခံအတည်ပြုသည့် လုပ်ငန်းအစီအစဉ်၌ ဖန်လုံအိမ်ဓာတ်ငွေ့အာနိသင်ရှိ ဓါတ်ငွေ့များထုတ်လွှတ်မှုကို ရှောင်ရန်နှင့် သစ်တောခုတ်ထွင်ရှင်းလင်းခြင်းကိုကာကွယ်ရန်အတွက် သစ်တောကာကွယ်ဧရိယာအသစ်များ တည်ထောင်မှုနှင့် သစ်တောကာကွယ်ဧရိယာများ၏ ထိရောက်မှုကိုတိုးတက်စေရန် တောင်းဆိုမှုအပါအဝင်၊ ကာကွယ်ဧရိယာများနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်အမျိုးမျိုး ပါဝင်သည်။

၅။ တောင်တန်းဇီဝမျိုးစုံမျိုးကွဲ လုပ်ငန်းအစီအစဉ် - ပံ့ပိုးပေးမှု၌ ကာကွယ်ဧရိယာများ၏ ပတ်ဝန်းကျင်ရှိကြားခံဇုန်များအပါအဝင် တောင်တန်းဂေဟာစနစ်များရှိ ကာကွယ်ဧရိယာများကို မည်သို့စီမံခန့်ခွဲ ထူထောင်ရန်အတွက်ဖြစ်သည်။ (ဆုံးဖြတ်ချက် ၇/၂၇)။ ထို့ပြင် တောင်တန်း ဂေဟာစနစ်များရှိ ကာကွယ်ဧရိယာများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ၊ နိုင်ငံဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ၊ ကာကွယ်ဧရိယာများ ကွန်ယက်များကို ထူထောင်ခြင်းနှင့် နယ်စည်းဒေသများ၏ ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာမြှင့်တင်ပေးဖို့၍ ပါဝင်သည်။

၆။ မျိုးရာဗဟုသုတဆိုင်ရာ လုပ်ငန်းအစီအစဉ် - ပိုဒ်ခွဲ ၈ (ည) တွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူအုပ်စုများမှ စီမံခန့်ခွဲနေသော ကာကွယ်ဧရိယာများနှင့် ဆက်စပ်နေသော ကာကွယ်ဧရိယာများကို (ဆုံးဖြတ်ချက် ၆/၁၀) အရ အပိုင်းတစ်ရပ်အဖြစ် ပါဝင်စေသည်။ အထူးပြုသော မူစိုက်မှုမှာ ကာကွယ်ဧရိယာအသစ်များ တည်ထောင်သောအခါ (ဆုံးဖြတ်ချက် ၇/၁၆) အရ ၎င်းတို့၏ အခွင့်အရေးများကို လေးစားအသိအမှတ်ပြုရသည်။

၇။ ဇီဝမျိုးစုံမျိုးကွဲနှင့် ခရီးသွား လုပ်ငန်းဆိုင်ရာအစီအစဉ် - ပါတီညီလာခံ ဆုံးဖြတ်ချက် ၇/၁၄ တွင် ကာကွယ်ဧရိယာများတွင်းနှင့် ဝန်းကျင်တွင် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် ညီမျှသောချဉ်းကပ်မှုများတွင် မည်သို့ပူးပေါင်းရမည့်လမ်းညွှန်များကို ထည့်သွင်းထားသည်။

၈။ ကမ္ဘာ့မျိုးကွဲဗေဒ ရှေ့ဦးဆောင်ရွက်မှု - ကာကွယ်ဧရိယာနယ်မြေများ ရွေးချယ်မှုတွင်ထောက်ကူသည့် မျိုးခွဲမှုအာ ချက်အလက်အနိုင်ကို ဆုံးဖြတ်ချက် ၆/၁ တွင်ပါဝင်သည့်အတိုင်း ကမ္ဘာ့မျိုးခွဲဗေဒ ရှေ့ဦးလုပ်ငန်း အစီအစဉ်တွင် အသိအမှတ်ပြုထားသည်။

၉။ အပင်ထိန်းသိမ်းရေး အတွက်ကမ္ဘာ့ဗျူဟာ - ၌ ပါတီများညီလာခံက ၂၀၁၀ ပြည့်နှစ်အတွက် ပန်းတိုင် ၄ နှင့် ပန်းတိုင် ၅ ကို လက်ခံအတည်ပြုသည်။ (က) ကာကွယ်ဧရိယာများရှိ ကွဲပြားခြားနားသော ဂေဟဒေသဆိုင်ရာဒေသများ၏ ကိုယ်စားပြုခြင်းကို တိုးမြှင့်စေရန်နှင့် ကာကွယ်ဧရိယာများ၏ ထိရောက်မှုကို တိုးမြှင့်စေရန် ရည်မှန်းလျက် ကမ္ဘာ့ဂေဟဆိုင်ရာဒေသတိုင်း၏ အနည်းဆုံး ၁၀ရာခိုင်နှုန်းအား ထိထိရောက်ရောက် ထိန်းသိမ်းထား ရှိရမည်။ (ခ) အပင်ဇီဝမျိုးကွဲအတွက် အရေးကြီးဆုံး ဧရိယာများ၏ ၅၀%ကို ကာကွယ်ထားမှု သေချာခိုင်မာရမည်။

www.burmeseclassic.com

www.burmeseclassic.com



၇။ ကာကွယ်ဧရိယာများနှင့်ဆိုင်သော ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် **CBD** ၏လုပ်ငန်းအစီအစဉ် **POW** အကောင်အထည်ဖော်ခြင်း အချိန်ဇယား။

| နေ့စွဲနှင့်နေရာ | ဆောင်ရွက်ချက် | ရလဒ်များ |
|---|---|---|
| မွန်တီဆာတီနီ - ဒွန် ၂၀၀၅ | **(WGPA)** - ကာကွယ်ဧရိယာများ ဆိုင်ရာ အလုပ်အမှုဆောင် အစည်းအဝေး ပထမ အကြိမ် | - အကောင်အထည်ဖော်ရန်ထောက်ကူပစ္စည်းအစုံလိုက်။<br>- ပြန်လည်သုံးသပ်ချက်- ၂၀၀၇ခုနှစ်အတွင်း ဒေသဆိုင်ရာအစည်းအဝေးများနှင့် (၉) ကြိမ်မြောက်ပါတီများညီလာခံပြန်လည်သုံး သပ်ချက်။<br>- **(PoWPA)** ကာကွယ်ဧရိယာများ ဆိုင်ရာ လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှုအတွက်ငွေကြေးမတည်မှုများ။ |
| ရောမ - ဖေဖော်ဝါရီ ၂၀၀၈ | ဒုတိယအကြိမ်မြောက် **(WGPA)** အစည်းအဝေး | **POW** အတွက် ငွေကြေး အရင်းအမြစ်များ ရွှေ့ပြောင်းခြင်း **(POW)** လုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော်ခြင်းကို ပြန်လည်သုံးသပ်ချက်။ |
| ဘွန်း - ၂၀၀၈ | (၉) ကြိမ်မြောက်ပါတီများညီလာခံ | ဆုံးဖြတ်ချက် ၉/၁၈ - ကာကွယ်ဧရိယာများလုပ်ငန်းအစီအစဉ် **PoWPA** အကောင် အထည်ဖော်မှုပြန်လည်သုံးသပ် ချက်၊ **POW** အတွက် ငွေကြေးအရင်းအမြစ်များ ပြောင်းရွှေ့ခြင်း။ |
| ဘွန်း - ၂၀၀၉-၂၀၁၀ | **CBD** -ဒေသဆိုင်ရာ ကာကွယ်ဧရိယာ အစည်းအဝေးများ၊ သိပ္ပံနည်းကျအကြံပြု ဆိုင်ရာလက်အောက်ခံအုပ်စု (၁၄) | |
| နာဂိုရာ - အောက်တိုဘာ ၂၀၁၀ | (၁၀)-ကြိမ်မြောက်ပါတီများညီလာခံ၌ **(PoWPA)** အကောင် အထည်ဖော်ခြင်းကို အသေးစိတ် ပြန်လည်သုံးသပ်ခြင်း | |

www.burmeseclassic.com

www.burmeseclassic.com



(၉) ကြိမ်မြောက် ပါတီများညီလာခံအတောအတွင်း ချမှတ်လိုက်သည့် အရေးကြီးသောဆုံးဖြတ်ချက် (ဆုံးဖြတ်ချက် ၉/၁၈) တစ်ရပ်မှာ **PoWPA** အကောင်အထည်ဖော်ခြင်းကို ပြန်လည်သုံးသပ်ရန် ဖြစ်သည်။

ပါတီများညီလာခံက **PoW** လုပ်ငန်းအစီအစဉ်၏ အကောင်အထည်ဖော်ခြင်းတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူအုပ်စုများ အပြည့်အဝ ပူးပေါင်းပါဝင်မှုအား မြင့်တင်ရန်လိုအပ်ချက်ကို အသိအမှတ်ပြုသည်။ ထို့အပြင် ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်းကို မှတ်သားခြင်းနှင့်အတူ ပါတီများကို ဖိတ်ခေါ်သည်မှာ -

(၄ - ဂ) ကာကွယ်ဧရိယာများဆိုင်ရာလုပ်ငန်းအစီအစဉ်၏ အစီအစဉ် အကောင်အထည်ဖော်မှု နံပါတ် (၂) အားအထူးစိတ်ဝင်စားမှုပေးရန်။

(၅ - ခ) လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ရာ၌ ထောက်ပံ့ရန် - ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စုများ၊ သက်ဆိုင်ရာအစိုးရအေဂျင်စီများနှင့် ဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် ဘက်ပေါင်းစုံပါဝင်ဆောင်ရွက်သူများ ပူးပေါင်းရေးကော်မတီများကို တည်ထောင်ရန်။

(၆- ခ) အမျိုးသားဥပဒေပြုခြင်းနှင့် အခြားသောအသိပေးအကြောင်းကြားမှုများကို အသိအမှတ်ပြုလျက် အမျိုးသားကာကွယ် ဧရိယာစနစ်အတွင်းရှိ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စုပြည်သူများ ထိန်းသိမ်းသောဧရိယာများ၊ ပုဂ္ဂလိကာကွယ်ဧရိယာများ၊ တွဲဖက်စီမံသော ကာကွယ်ဧရိယာများတို့၏ လုပ်ဆောင်မှုများအားအသိအမှတ်ပြုရန်။

(၆- ဃ) အမျိုးသားရေးဥပဒေနှင့်အတူနိုင်ငံတကာအသုံးပြုနိုင်သောတာဝန်ဝတ္တရားများနှင့်အညီကာကွယ်ဧရိယာများကို အုပ်ချုပ်သော ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စုပြည်သူများ၏ တာဝန်ဝတ္တရားများကို အသိအမှတ်ပြုခြင်း၊ ၄င်းတို့၏အခွင့်အရေးများကို အပြည့်အဝလေးစားခြင်းနှင့်အတူ သူတို့၏အပြည့်အဝ ထိထိရောက်ရောက်ပူးပေါင်းပါဝင်မှုအတွက် ထိရောက်သော လုပ်ငန်းစဉ်များကို တည်ဆောက်ရန်။

(၆ - င) အမျိုးသားဥပဒေပြုခြင်းနှင့် အသုံးပြုနိုင်သော အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အတူ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသောပါဝင်မှုတစ်ရပ်အဖြစ် ကာကွယ်ဧရိယာများအားတည်ထောင်ရန်နှင့် ကာကွယ်ဧရိယာ စီမံခန့်ခွဲမှုနှင့် တည်ထောင်မှုမှရရှိသည့် အကျိုးအမြတ်များနှင့်ကုန်ကျမှုနှစ်ခုလုံးအား မျှတစွာ ခွဲဝေယူရန် အတိုင်းအတာများကို ဖော်ထုတ်ကာ တိုးတက်လာစေရန်။

၁၉။ ဆင်းရဲမှုပပျောက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပေးကမ်းဆောင်မရန် ကာကွယ်ဧရိယာများဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို သေချာစွာဆောင်ရွက်ရန်၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စု ပြည်သူတို့၏ ကိုယ်ပိုင်စီမံခန့်ခွဲမှုစနစ်များနှင့် ထုံးတမ်းစဉ်လာအရ အသုံးပြုခြင်းကို ထည့်သွင်းစဉ်းစားလျက် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စုပြည်သူတို့၏ အပြည့်အဝ ထိထိရောက်ရောက်ပူးပေါင်းပါဝင်မှုနှင့်အတူ အမျိုးသားဥပဒေပြုမှုနှင့် အခြေအနေများနှင့်အညီ သင့်တင့်စွာ၊ မျှတစွာ ခွဲဝေထားသည့် ကာကွယ်ဧရိယာများတည်ထောင်မှုနှင့် စီမံခန့်ခွဲမှုမှ အကျိုးအမြတ်များထွက်ပေါ်လာခြင်းကို အာမခံနိုင်ရန် ပါတီများကိုအားပေးရန်။

(၉) ကြိမ်မြောက် ပါတီညီလာခံအစည်းအဝေးကလည်း လုပ်ငန်းအစီအစဉ်အတွက် ငွေကြေးအရင်း အမြစ်များရွှေ့ပြောင်းခြင်းကိုတောင်းဆိုသည်မှာ-

၂။ စျေးကွက်အခြေခံသည့် ချဉ်းကပ်မှုများအပါအဝင် တီထွင်မှုယန္တရားများသည် ပြည်သူ ရန်ပုံငွေနှင့် ဖွံ့ဖြိုးမှု အကူအညီကို အစားမထိုးနိုင်သော်လည်း ထပ်လောင်းဖြည့်စွက်နိုင်သည်ကို အသိအမှတ်ပြုရန်။

၃ (ဃ) ကာကွယ်ဧရိယာများကပေးသည့် ဂေဟစနစ်ကုန်များနှင့် ဝန်ဆောင်မှုများ၏တန်ဖိုး အထူးသဖြင့် ဒေသခံတိုင်းရင်းသာများနှင့် ဒေသခံအုပ်စုပြည်သူများနှင့် အခြားသောသက်ဆိုင်သည့် ပါဝင်ဆက်စပ်သူများအတွက် လူမှုစီးပွားရေးကုန်ကျငွေနှင့် အကျိုးအမြတ်များတန်ဖိုးကို မြှင့်တင်ရန်။ ထိုမြှင့်တင်မှုသည် ကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးများပိုမိုကောင်းမွန်အောင် စုပေါင်းလုပ်ဆောင်သည့် လုပ်ငန်းစဉ်များ ရရှိပြီးမြောက်ရန်၊ ကာကွ

www.burmeseclassic.com

www.burmeseclassic.com



ဧရိယာများအတွက် တိုးမြင့်လာသည့်ငွေကြေးရန်ပုံငွေများကို ရွေ့ပြောင်းရန်၊ ပြည်ထောင်ဖွံ့ဖြိုးမှုပန်းတိုင်များ ရရှိပြီးမြောက်ရန်နှင့် ဆင်းရဲမွဲတေမှုပပျောက်ရန်အတွက် ကာကွယ်ဧရိယာများက ပါဝင်ပေးဆောင်ခြင်းကို ကူညီဖြည့်ဆည်းရန်။

၃ (ဇ) ပါတီများ ညီလာခံဆုံးဖြတ်ချက် ၈/၃၀ က မှတ်သားထားသည့်အတိုင်း သစ်တောပြုန်းတီးခြင်းကို ထိရောက်စွာလျော့ချသောလုပ်ဆောင်ချက်သည် ဇီဝမျိုးစုံမျိုးကွဲဖြစ်ခြင်းအတွက် သီးသန့်အထူးအခွင့်အရေးတစ်ခုကိုဖွံ့တည်ပေးနိုင်သည်ကို ပြန်သတိပြုလျက်၊ ရာသီဥတုပြောင်းလဲလာခြင်းအတွက် ကြိုးစားဆောင်ရွက်မှုများအနေဖြင့် ကာကွယ်ဧရိယာများ ဒီဇိုင်းရေးဆွဲခြင်း၊ ထူထောင်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲခြင်းများအတွက် ရံပုံငွေရရှိနိုင်သော အခွင့်အလမ်းများကို စူးစမ်းရှာဖွေရန်။

၆ (ဇ) ကာကွယ်ဧရိယာများစီမံခန့်ခွဲမှုတွင် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့အောင် အသုံးပြုရေးဆိုင်ရာ ရိုးရာဗဟုသုတကိုထိန်းသိမ်းထားရန်နှင့် စီမံစောင့်ရှောက်ရန်ကို ပံ့ပိုးပေးရန်။

မည်သို့ ကာကွယ်ဧရိယာများကို အကောင်အထည်ဖော်၍ ဤအရာမှ ဌာနေတိုင်းရင်းသားများအပေါ် မည်သည်တို့က သက်ရောက်နေသနည်း။

ကာကွယ်ဧရိယာများကို နိုင်ငံအများတွင် မည်သို့အကောင်အထည်ဖော်သည်ကို **(FPP)** သစ်တောနေပြည်သူ့အစီအစဉ်က လေ့လာခဲ့သည်။ ဤလေ့လာစရာ အမှုအရေးများမှ ထင်ရှားစွာပြသည်မှာ လူသားတို့၏ လိုအပ်ချက်နှင့် အခွင့်အလမ်းများကို သူတို့၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်များနှင့် ဖြစ်နိုင်ချေတို့ကို ပြန်၍ညှိနှိုင်းပေးသည်မှာ ယေဘုယျအားဖြင့် လူသားမျိုးနွယ်တစ်ခုလုံး အထူးသဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုကို ရင်ဆိုင်နေရသော စိန်ခေါ်ချက်တစ်ခုဖြစ်သည်။

လေ့ကျင့်ခန်း (၂)။ ။

လေ့လာစရာအမှုတွဲ သင်ခန်းစာများကို ပြန်လည်သုံးသပ်ခြင်း။ မိနစ် ၃၀

၁။ ပါဝင်တက်ရောက်သူများအား အုပ်စုငယ်များဖွဲ့၍ အောက်ဖော်ပြပါအမှုအရေးများကို ဖတ်၍ ဆွေးနွေးပါစေ။

၂။ အုပ်စုတစ်ခုစီသည် ဖတ်ရှုနေသော အမှုတွဲတခုစီမှ ကာကွယ်ဧရိယာများအကောင်အထည်ဖော်ရာတွင် အားနည်းချက်များနှင့် ဌာနေတိုင်းရင်းသားများအပေါ်တွင် သက်ရောက်နေမှုများကို ဆွေးနွေးခဲ့ပြီး၍ အုပ်စု၏ဆွေးနွေးခြင်းရလဒ်အား ပြန်လည်တင်ပြပါ။

၃။ ပံ့ပိုးကူညီသူကအဓိကအချက်များကိုအနှစ်ချုပ်ပါ။

**လေ့လာစရာအမှုတွဲ - ယူဂန်ဒါနိုင်ငံ**

ဤလေ့လာမှုသည် အီချူရာကာကွယ်သစ်တောနှင့် ဘဝင်နှင့် မကာဟင်ဂါ ကာကွယ်ဧရိယာများ တည်ထောင်မှုကြောင့် ဘိုးဘွားမြေနေရာများမှ အနှင်ထုတ်ခံရသော ယူဂန်ဒါနိုင်ငံ၏ အနောက်တောင်နေ (Ba+wa) ဘတွာလူမျိုးတို့၏ စူးစိုက်လေ့လာထားသည်။ ၁၉၉၀ခုနှစ် အစောဦးပိုင်းကပင် ဤဘတွာအုပ်စုတို့၏ အခြေအနေနှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုနေကြသည်။ အတင်းအဓမ္မရွှေ့ပြောင်းခံရသော ဘတွာလူမျိုးလူနည်းစုကို သေးငယ်သောမြေကွက်များပေးရန် တောင်းဆိုအားထုတ်မှုများနေစဉ်ပင် ဤလျော်ကြေးပေးခြင်းအစီအစဉ်များကို မကြာမီပင်ရပ်စဲခဲ့သည်။

အလားတူပင် စီမံခန့်ခွဲရေးတွင် ဘတွာတို့ပါဝင်ရန် အားထုတ်မှုများလည်း မအောင်မြင်ပေ။ ဒေသခံ အုပ်စုပြည်သူအတွက် အကျိုးအမြတ်မျှဝေခြင်းအစီအစဉ်သည် ဘတွာလူတို့ထံ ထိရောက်စွာမရောက်ရှိခဲ့ပေ။ အမျိုးမျိုး အထွေထွေအသုံးပြုခွင့်ရှိသော ဇုန်များရှိသစ်တောရင်းမြစ်များသုံးစွဲခြင်းကို တင်းကျပ်စွာကန့်သတ်ထားသော စနစ်များကြောင့် ဘတွာလူတို့သည် သူတို့ကိုလွှမ်းမိုးထားသော အိမ်နီးချင်းများအောက်လျော့၍ အကျိုးခံစားခွင့်ရခဲ့သည်။ ဘတွာလူမျိုးလေးဆယ်ငါးရာခိုင်နှုန်းကျော်သည် အေးဖယ်ထားသည့် လုံးဝမြေယာမဲ့များအဖြစ် ယူဂန်ဒါနိုင်ငံအနောက်တောင်ပိုင်းတွင်ရှိနေသည်။ တချို့မှာ လယ်ယာမြေငယ်လေးပေါ်တွင် ခက်ခဲစွာစားသောက် နေထိုင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလေ့လာမှုကို ယူဂန်ဒါနိုင်ငံဘတ္တွာလူမျိုးဖွံ့ဖြိုးမှု ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းကဆောင်ရွက်သည်။ ၎င်းနှင့်အတူ သစ်တောနေပြည်သူစီမံချက်၏ အကူအညီက ပါဝင်ထားပြီး မေးထားသည်မှာ "ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အစိုးရများသည် ပြည်သူတို့၏အခွင့်အရေးကို ကာကွယ်ရန်ကတိပြုလျက် အမှန်တကယ် အကောင်အထည်ဖော်မဆောင်ရွက်လျှင် အကျိုးမည်သို့ရှိမည်နည်း။" လေ့လာချက်ကို အဆုံးသတ်ထားသည်မှာ ကာကွယ်ဧရိယာများနှင့် ပတ်သက်သည့် ပြည်သူအုပ်စု အခွင့်အရေးများကို အသိအမှတ်ပြုမှု ကြီးထွားလာ၍ သေချာသည့်မူဘောင် များရှိနေလျက်ပင် အလုပ်လုပ်သည့်အခါ မျှတစွာဖြင့် ဘတ္တွာလူမျိုးတို့၏ ပူးပေါင်းပါဝင်မှု၊ အစစ်အမှန်သည် ယူဂန်ဒါတွင် အစစ်အမှန်မဟုတ်ဘဲ ရှိနေသည်။ အစိုးရအာဏာပိုင်အဖွဲ့အစည်းများက ဒေသခံအုပ်စုများသို့ မိဘသဖွယ် အုပ်ထိန်းသူ၏သရုပ်ဖြင့် ဆက်လက်ဆောင်ရွက်နေပြီး ဘတ္တွာအုပ်စုအဖွဲ့အစည်းများအား ဆုံးဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် တက်ကြွစွာပါဝင်နိုင်မည့်လက်တွဲဖော်များဖြစ်ရန် အားပေးခြင်းကိုမပြုဘဲ ထိုအုပ်စုများကို အနည်းငယ်မျှသော တာဝန်ဝတ္တရားကိုသာ ပေးအပ်ထားသည်။

ဘတ္တွာလူတို့သည် ကာကွယ်ဧရိယာစီမံခန့်ခွဲခြင်းတွင် သီးခြားဘေးဖယ်ထားခြင်းပုံစံမျိုးစုံကို ကြိမ်ဖန်များစွာဆက်လက်ခံစားခဲ့ရသည်။

သူတို့သည် သူတို့၏မိခင်မြေမှ နယ်နှင်ခံရရုံတင်မဟုတ်၊ အလွန်ကြီးမားသော မတရားမှုများကို လွန်မင်းစွာခံစားနေကြရသည်။ ယနေ့အချိန်တွင် လူမှုရေးအရပို၍ တာဝန်ရှိသော ကာကွယ်ဧရိယာစီမံခန့်ခွဲမှုကို ဆောင်ရွက်ဆဲအားထုတ်မှုများတွင်ပင် ဘတ္တွာလူတို့သည် အစိုးရ၏အာရုံစိုက်မှု အနည်းဆုံးသာရရှိသည်။ ဤပြန်လည်သုံးသပ်ချက်မှ ရှင်းလင်းသည်မှာ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး ပုံစံသစ်တစ်ခု၊ ထိုဖြစ်ရပ်ကို ပြန်လည်ရောင်ပြန်ဟပ် မှုရှိသော အဆင့်များပါရှိသော စနစ်အသစ်တစ်ခု လိုအပ်နေသော်လည်း လက်တွေ့တွင် ယူဂါဒန်ရှိအနောက်တောင်ရှိ ကာကွယ်ဧရိယာ မန်နေဂျာများသည် ဌာနေတိုင်းရင်းသားတို့ကို ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်မှု၏ ပြင်ပလူများအဖြစ်ယနေ့တိုင်အောင် မှတ်ယူထားသောကြောင့် ဒါပန်လုပ်ငန်းစီမံချက်နှင့် ကာကွယ်ဧရိယာများဆိုင်ရာ **CBD** ၏အစီအစဉ်များကို ပြန်လည်ထုတ်ပြန်ထားချက်များသည် အားရဖွယ်ရာ မရှိပေ။

ယူဂန်ဒါနိုင်ငံအစိုးရ၊ ယူဂန်ဒါသားရဲတိရစ္ဆာန်ဆိုင်ရာ အာဏာပိုင်များနှင့် မြို့ပြအုပ်ချုပ်မှုအဖွဲ့အစည်းများမှ ဤအမှုနှင့်ပတ်သက်၍ ချက်ခြင်းအကောင်အထည်ဖော်ရန်နှင့် စီမံထားသည့်အတိုင်း အားထုတ်မှုများ လိုအပ်သည်။ သို့မှသာ ဤတရားမမျှတမှုများကို ထုတ်ဖော်ပြောဆိုနိုင်၍ ဒါပန်လုပ်ငန်းစီမံချက်နှင့် ကာကွယ်ဧရိယာများဆိုင်ရာ **CBD** ၏လုပ်ငန်းအစီအစဉ်များကို ထိရောက်စွာဆောင်ရွက်ပြောဆိုနိုင်မည်။

**လေ့လာစရာအမှုတွဲ ကင်မရွန်**

ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ကြေငြာထားသော ဒီဂျေ သားငှက် တိရစ္ဆာန်ထိန်းနယ်မြေ၊ ချမ်ပိုပန်အမျိုးသားဥယျာဉ်များ၊ နကီ၊ ဘွန်ဘပိတ်၊ လိုဘီတ်တွင်းငှင်း၊ ပတ်ဝန်းကျင်အနီးတွင်နေထိုင်သော အထူးသဖြင့် ဘကာ၊ ဘာကိုရာ၊ ဘာကူရီလူတို့ကဲ့သို့ ကင်မရွန်တောင်ပိုင်း သစ်တောများတွင်နေထိုင်သော ဌာနေတိုင်းရင်းသားလူမျိုးများအား လေ့လာစစ်တမ်းယူထားမှုကို ဤလေ့လာသုံးသပ်ချက်က စစ်ဆေးထားပါသည်။

ဤအမှုအရေးအရာကို အိုကနီရှိ မစ်ကပီအဖွဲ့မှ သစ်တောနေပြည်သူများအစီအစဉ်၏ ကူညီမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ လူနေဝန်းကျင်အခွင့်အရေးများကို အသိအမှတ်ပြုသော ကာကွယ်ထိန်းသိမ်းရေးစနစ်အသစ်တခုကို အာဖရိကအလယ်ပိုင်း၌ မည်သည့်အတိုင်းအတာထိလက်ခံသည်ကို မှတ်တမ်းတင်ရန် ဒေသခံလုပ်ဖော်ဆောင်ဖက်များနှင့်အတူ FPP သည် ၂၀၀၀ ခုနှစ်ကတည်းကပင် စတင်ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များကို အခြေပြုထားသောလေ့လာမှုဖြစ်သည်။ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအား သက်ရောက်နေသော ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းများတွင် ဤကာကွယ်ထိန်းသိမ်းရေးစနစ်သစ်ကို မြှင့်တင်ရန် ဆောင်ရွက်ခဲ့ကြသည်။ ထိုလုပ်ငန်းစဉ်များမှာ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်ပြုမှုနှင့် လက်တွေ့အောက်ခြေနေရာအကြား ကွာဟချက်များကို မည်သို့ထုတ်ဖော်စူးစမ်းလေ့လာရန် အလျှုရှင်များ၊ လက်တွေ့ပါဝင်လုပ်ဆောင်နေသူများ၊ NGOs များနှင့် ဒေသခံပြည်သူကိုယ်စားလှယ်များတွေ့ဆုံသော ဒေသတွင်းအစည်းအဝေးများ၊ ကင်မရွန်တခွင်ရှိ သစ်တောနေ လူ့အသိုင်းအဝန်းများနှင့် အလုပ်လုပ်ထားသော NGOs ၊ ကာကွယ်ဧရိယာညွှန်ကြားရေးမှူးများနှင့် ဥယျာဉ်ဝန်ထမ်းများ၊ ကင်မရွန်အစိုးရဘက်ဝန်ကြီးဌာနများ၊ IUCN၏ ဝန်ထမ်းများနှင့်ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုအသစ်များ ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလေ့လာသုံးသပ်ချက်သည် အထက်တွင်ဖော်ပြထားသော ကန်ဘိုမန်းအမှုကိစ္စကိုလည်း ထည့်သွင်းစဉ်းစားလျက်၊ လူ့အခွင့်အရေးကို ကာကွယ်သော တိုင်းတာချက်အသစ် အသုံးပြုခြင်းကိုအားပေး၍ မီးမောင်းထိုးပြထားသည်။ ၂၀၀၄ ခုနှစ်ကပင် ဖြစ်တည်လာသော အပြုသဘောဆောင် ရှေးဦးလုပ်ဆောင်မှုများကိုလည်း မီးမောင်းထိုးပြသည်။ သို့ရာတွင် ဤလုပ်ငန်းဆောင်တာများအားလုံးနီးပါးကို ကင်မရွန်အစိုးရ သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ **NGOs** များက မဟုတ်ဘဲ မြို့ပြလူမှုဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများကသာ လုပ်ဆောင်ပြီးစီးခဲ့ပေသည်။

ဤမှတ်တမ်းမှ အဆုံးသတ်တင်ပြထားသည်မှာ ကင်မရွန်ရှိ သစ်တောတွင်းနေထိုင်သော လူမှုအသိုင်းအဝိုင်း၏အခွင့်အရေးများ လုံခြုံရန်ဆောင်ရွက်မှုသည် ကံမကောင်းလှစွာဖြင့် အနည်းငယ်မျှသာ တိုးတက်မှုရှိသည် ကင်မရွန်တွင် အစိုးရ၊ အလှူရှင်များနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်းများသည် ၎င်းတို့၏ ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းများတွင် ဒေသခံတို့၏အခွင့်အရေးများကို ကာကွယ်မည့် ၎င်းတို့၏အပြည်ပြည်ဆိုင်ရာ ကတိပြုသဘောတူညီချက်များကို အကောင်အထည်ဖော်မှု အနည်းငယ်သာရှိသေးသည်။ သူတို့သဘောတူညီခဲ့သော သတ်မှတ်ချက်အသစ်များထဲမှ အတော်တော်များများကို ဒေသခံအဆင့်တွင် မည်သူမှမသိရှိပေ။ ထို့အပြင် ထိုသတ်မှတ်ချက်အသစ်များအကြောင်း အသိပေးရန် အလိုအပ်ဆုံးနှင့် အကောင်အထည်ဖော်ခြင်းတွင် ပံ့ပိုးထောက်ကူပေးရန် အလိုအပ်ဆုံးသူများမှာ အစိုးရဘက်ဆိုင်ရာလူများပင် ဖြစ်သည်။ သတင်းအချက်အလက်များနှင့် ပံ့ပိုးကူညီမှုများ လုံးဝကြာရှည်စွာ ပြတ်လပ်နေကြသည့်အပြင် ထိုပုဂ္ဂိုလ်များသည် အစိုးရ၏ လက်တလော နိုင်ငံတကာဂတိပြု သဘောတူညီချက်များနှင့် ကွဲလွဲဆန့်ကျင်နေသော ဒိတ်လွန်ဥပဒေများဖြင့်သာ ကန့်သတ်လုပ်ဆောင်နေကြသည်။

ဤအစီရင်ခံစာတွင် တိတိကျကျ ထောက်ပြထားသည်မှာ လက်တွေ့လုပ်ငန်းခွင်၌ လုပ်ဆောင်မှုမရှိဘဲ သင်တန်းများစီစဉ်နေသည့် အလားအလာများနှင့်၊ နောက်ဆက်တွဲလုပ်ငန်းစဉ်များမပါရှိဘဲ အလုပ်ရုံများနှင့် ညီလာခံဆွေးနွေးပွဲများကို အစိုးရ၊ ကာကွယ်စောင့်ရှောက်ရေးအင်ဂျင်စီများနှင့် အလှူရှင်များက ဦးဆောင်လုပ်ဆောင်နေသည့် အလားအလာများ ဖြစ်ပါသည်။ သတ်မှတ်ထားသော လူမှုနေထိုင်ဝန်းကျင်များတွင် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းများမှ ထုတ်ဖော်ထားသော ရှေ့ဦးလုပ်ဆောင်ချက်များသည် အကျိုးထိရောက်မှု အလွန်နည်းပါးပါသည်။ ထိုဆောင်ရွက်ချက်များကို အဓိကအကျိုးအမြတ်ခံစားခွင့်ရှိသူများ ဖြစ်ရမည့် လူမှုဝန်းကျင်အသိုင်းအဝိုင်းတွင် အများက မသိဘဲ ရှိနေကြပါသည်။

အစီအရင်ခံစာသည် အစိုးရအပေါ် မှီတင်ပြီး ထိန်းသိမ်းရေးအေဂျင်စီများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန်အလှူရှင်များ၊ အလုပ်ရုံဆွေးနွေးပွဲများဖြစ်မြောက်ရန်၊ ညီလာခံများအကြောင်းကိစ္စများကို ခွဲခြားသတ်မှတ်သည်။ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန်၊ မည်သည့်နောက်ဆက်တွဲမှ မပါသော ဇီဝမျိုးစုံမျိုးကွဲအဖွဲ့အစည်းများ မည်သို့ဆိုစေ ရေရှည်ခံသော သတင်းအချက်အလက်မပါသည့် သွယ်ဝိုက်စာ၊ ယနေ့တားမြစ်ထားသောဥပဒေများဖြစ်ကြ၍ အပြည်ပြည်ဆိုင်ရာ ဂတိဝတ်များနှင့် အတိုက်အခံဖြစ်သည်။

ဤအစီရင်ခံစာသည် အစိုးရပေါ် မှီခိုမှုကိုလည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီများ၊ အလှူရှင်များကလည်း အလုပ်ရုံဆွေးနွေးပွဲများကို ဆွေးနွေးရန် အလှူရှင်များကိုလည်းကောင်း၊ နောက်ဆက်တွဲမပါသော ညီလာခံများကိုလည်းကောင်း ကွင်းဆင်းဆောင်ရွက်ခြင်း မရှိသောသင်တန်းများကို စီစဉ်ခြင်းကိုလည်းကောင်း ခွဲခြားပြသည်။ ထိန်းသိမ်းရေးအဖွဲ့အစည်းများ တောင်းဆိုသော ဤရှေးဦးအလုပ်များသည် လူထုကိုပန်းတိုင်ထား၍ သက်ရောက်မှုအနည်းဆုံး ဖြစ်ရန်ကြိုးစားကြသည်။

**လေ့လာစရာအမှုတွဲ မလေးရှား**

မလေးရှားနိုင်ငံလေ့လာမှုကို ဌာနေတိုင်းရင်းသားလူမျိုး၏ အဖွဲ့အစည်းဖြစ်သော **PACOS Trust** မှ မြောက်ဘော်နီယိုရှိ မလေးရှား၏ပြည်နယ်တခုဖြစ်သော စပါးဒေသတွင် ဆောင်ရွက်ထားသည်။ ဤလေ့လာမှုသည် ကာကွယ်ဧရိယာများနှင့် ဌာနေတိုင်းရင်းသားများနှင့် ဆက်နွယ်နေသော အမျိုးသားမူဝါဒများနှင့် ဥပဒေများကို ပြန်လည်သုံးသပ်သည်။ ခရောကာရေ့ အမျိုးသားဥယျာဉ်ကို အထူးရည်ညွှန်းသောအထူးကိုးကားချက်နှင့်အတူ စပါးဒေသ၏ အခြေအနေကို အသေးစိတ်စူးစမ်း၍ အမျိုးသားရေးအမြင်မှနေ၍ ထိုအခြေအနေကိုသုံးသပ်ကာ အကျဉ်းချုပ် ဖော်ပြထားသည်။

ပန်နီစူလာမလေးရှားဒေသရှိ အိုရန်အေစီတိုင်းရင်းသားများသည် ယခုတွင် အုပ်စုအနည်းငယ်ဖြစ်၍ ၎င်းတို့၏လယ်မြေကို နိုင်ငံဥပဒေအောက်တွင် အုပ်ချုပ်ရန် အခွင့်အရေးအနည်းငယ်သာရှိကြသည်။ ဆန်ရာဝက်နှင့် စပါးဒေ

www.burmeseclassic.com

www.burmeseclassic.com



တွင်မူ ဒါရတ်၊ ကာဒါဆန်ဒူဆန်နှင့် မြူရက်လူမျိုးများစွာရှိ၍ အရေအတွက်အရ ဒေသကို ကြီးစိုးထားကြသည်။ သူတို့၏ အခွင့်အရေးများမှာ ၁၉၆၀ ကပင် ဗြိတိသျှတို့၏ ကိုလိုနီနယ်မြေစနစ်အောက်၌ စတင်ရရှိလာခဲ့သည်။ အရေးမပေး လှသော အသိအမှတ်ပြုထားသည့် အနေအထားဖြင့်သာရှိနေသည်။ ယခုအခါ ကာကွယ်ဧရိယာများကို ကြေငြာအသိ ပေးခြင်းဖြင့် ထိုအခွင့်အရေးများကို ပပျောက်လိုက်ရန် အုပ်ချုပ်ရေးပိုင်းမှ စဉ်းစားမှတ်ယူထားသည်။

လက်တွေ့တွင်မူ ပန်နီဆူးလားနှင့် ဘော်နီရိုဒေသနှစ်ခုလုံးတွင် ဌာနေတိုင်းရင်းသားများသည် ဓလေ့ထုံးစံ ဖြစ်သော ဧရိယာများတွင် အလုပ်လုပ်နေကြပြီး ကာကွယ်တောဧရိယာများဟု သတ်မှတ်ထားသည့်နေရာများတွင်ပင် အလုပ်လုပ်နေကြသည်။ ဘော်နီရိုရှိ လူနေဝန်းကျင်အား ပြန်လည်နေရာချပေးရန် ကြိုးပမ်းမှုများသည် ထိရောက်မှု လုံးဝမရှိဘဲ ခုခံတားဆီးမှုကိုသာခံနေရသည်။ စပါးတွင်မူ အုပ်ချုပ်ရေးပိုင်းက ဒေသခံတို့ကို အတိတကျပုံသေမဟုတ် သော သို့မဟုတ် လျှပ်တပြက်ဖြစ်သောအုပ်ချုပ်နည်းများဖြင့် ဥပမာ - ကာကွယ်သစ်တောမြေများတွင် အလုပ်လုပ်ခွင့် ခွင့်ပြုချက်များကို ဒေသခံပြည်သူမှ တောင်းဆိုရန်လိုကြောင်းဖြင့် သူတို့ကို ပြန်လည်နေရာချပေးရေးအတွက် ဖြေရှင်း ပေးနေသည်။ ကာကွယ်ဧရိယာများကို ချဲ့ထွင်လာသောအခါ ခရောကာရေ့ အမျိုးသားဥယျာဉ်မှာကဲ့သို့ပင် အများ ပြည်သူအသုံးပြုနိုင်သောဇုန်များကို ထူထောင်ပေးခြင်းနှင့် ဒေသခံပြည်သူတို့အား "ဂုဏ်ပြုထိုက်သောဥယျာဉ်စောင့် ရှောက်သူများ" အဖြစ် တာဝန်ထမ်းဆောင်စေခြင်း စသည့်တို့ဖြင့် ဒေသခံပြည်သူအဖွဲ့များကို ညှိနှိုင်းဆွေးနွေးထား သည်။ ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးကို အသိအမှတ်ပြုသင့်သလောက် မပြုပေးသေးသော်လည်း ဒေသခံ လူနေဝန်းကျင်အား အုပ်ချုပ်ရေးပိုင်းမှ လေးစားမှုရှိခြင်းသည် အလျော့အတင်းရှိနိုင်ကြောင်း အထောက်အထားနှင့် အတူ မှန်ကန်သောဦးတည်ရာသို့ သွားနေသောခြေလှမ်းများအဖြစ် ဤဆောင်ရွက်ချက်များကို လက်သင့်ခံယူထား သည်။

အိုနီရိုပြည်နယ်များတွင်မူ အများသဘောတူ တရားဝင်အုပ်ချုပ်ရေးစနစ်များရှိပြီး လက်ခံထားသည်မှာ ထုံးတမ်းစဉ်လာဟူသည် ဒေသတွင်းတရားခွင်များမှ စီမံချုပ်ကိုင်ထားသော ဥပဒေများနှင့် အခွင့်အရေးများ၏ အရင်း အမြစ်အချက်အချာတစ်ခု ဖြစ်ပါသည်။ စပါးပြည်နယ်တွင်မူ ကာကွယ်ဧရိယာပြင်ပ၌ မြစ်ချောင်းနှင့် ငါးဖမ်းလုပ်ငန်း စီမံအုပ်ချုပ်မှု တဂဲလ်စနစ်အရ ထုံးတမ်းစဉ်လာအရ မြေယာအသုံးပြုခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အတိုင်းအတာတခုအထိ အသိအမှတ်ပြု ခွင့်ပြုထားသည်။ သဘာဝငါးအဆိပ်များ အသုံးပြုခြင်းကို ကန့်သတ်ထားသော၊ ဒေသတွင်းငါးဖမ်းလုပ်ငန်းများကို ချုပ်ကိုင်ထားသော တဂဲလ်စနစ်ကို ကုန်းတွင်းငါးဖမ်းလုပ်ငန်းများနှင့် ရေတွင်းမွေး မြူရေးဆိုင်ရာ အက်ဥပဒေ ၂၀၀၃ အောက်တွင် တရားဝင်အသိအမှတ်ပြုထားသည်။ အားဖြစ်ဖွယ် နောက်ထပ် လက္ခဏာရပ်တစ်ခုမှာ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာဗဟုသုတနှင့် ထိုအသိများကိုအသုံးချခြင်း၏ ကောင်းကျိုးများ ဆိုင်ရာ တိုင်းရင်းသားတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုလျက် စပါးဒေသ၌ ဥပဒေမူကြမ်းရေးဆွဲရာတွင် သူတို့အား ပါဝင်ဆွေးနွေးခွင့် ပေးထားခြင်းပင် ဖြစ်သည်။

**လေ့လာစရာအမှုတွဲ ဖိလစ်ပိုင်**

အခြေခံဥပဒေသည် တိုင်းရင်းသားတို့၏ အခွင့်အရေးများကို တိကျရှင်းလင်းစွာ ကာကွယ်ရမည်ဟူသော အမြင်အောက်တွင် အခြားနိုင်ငံများနှင့်ခြားနားသော ဖိလစ်ပိုင်နိုင်ငံရှိအခြေအနေမှာ မြေယာဆိုင်ရာအခွင့်အရေးများ ကို အသိအမှတ်ပြုထားသောဥပဒေများ ထိရောက်စွာရှိ၍ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထု သဘောထားရယူခြင်း (FPIC) ကိုလည်း အမျိုးသားဥပဒေများတွင် မျက်မှောက်ပြုထားပါသည်။ ထက်ထပ်ဘာ ဟူသော ဌာနေတိုင်းရင်းသားများ၏ ပညာရေးနှင့် မူဝါဒသုတေသနဌာနမှ ဆောင်ရွက်ထားသော ဤလေ့လာမှုသည် ဌာနေတိုင်း ရင်းသားအခွင့်အရေးများကို လေးစားလျက် ချမှတ်ထားသော အမျိုးသားရေးမူဘောင်နှင့် အကောင်အထည်ဖော် ခြင်း လုပ်ဆောင်ချက်များကို ပြန်လှန်သုံးသပ်၍ ဘာတာအန် အမျိုးသားဥယျာဉ်တည်ထောင်မှုကြောင့် နစ်နာခဲ့ရ သော အေတာလူမျိုးများ၏ အခြေအနေကိုလည်း အသေးစိတ်လေ့လာကြည့်ရှုသည်။

ဥပဒေအရ ဇီဝမျိုးစုံမျိုးကွဲခြင်းဆိုင်ရာ အမျိုးသားရေးဗျူဟာနှင့် ဆောင်ရွက်မှုစီမံချက်သည် ဇီဝဆိုင်ရာ အရင်း အမြစ်များနှင့် သက်ဆိုင်သော ဌာနေတိုင်းရင်းသားတို့၏ ဗဟုသုတများတန်ဖိုးကို အသိအမှတ်ပြုထားပါသည်။ အမျိုး သားရေး စုပေါင်းလက်တွဲ ကာကွယ်ဧရိယာများ အက်ဥပဒေ (IPRA) အရ ကာကွယ်ဧရိယာတည်ထောင်ခြင်းတွင် စုပေါင်းပါဝင်လုပ်ဆောင်မှု လိုအပ်သည်။ တိုင်းရင်းသားယဉ်ကျေးမှုဆိုင်ရာ အစုအဖွဲ့ကို အသိအမှတ်ပြုထားချက်အရ တိုင်းရင်းသားတို့၏ မြေယာပိုင်ဆိုင်မှုအားကာကွယ်ခြင်းနှင့် ကာကွယ်ဧရိယာစီမံအုပ်ချုပ်ရေးအုတ်အဖွဲ့တွင် မျိုးနွယ်

www.burmeseclassic.com

www.burmeseclassic.com



များကို ကိုယ်စားပြုပေးခြင်းတို့ လိုအပ်ပါသည်။ ဌာနေတိုင်းရင်းသားတို့၏အခွင့်အရေး အက်ဥပဒေသည် ဘိုးဘွားပိုင်မြေနေရာများဆိုင်ရာ တိုင်းရင်းသားတို့၏အခွင့်အရေးနှင့် ထိုပိုင်နက်မြေပေါ် သို့ ဖြစ်ပျက်လာသမျှကို ချုပ်ကိုင်ခွင့်ကို အသိအမှတ်ပြုသော ရှင်းလင်းသည့်ဆောင်ရွက်စရာ ယန္တရားတရပ်ကိုလည်း ထောက်ပံ့ပေးပါသည်။ တွဲဘက်လှည့်လည် ဆောင်ရွက်ချက်တစ်ရပ်မှာလည်း ဌာနေတိုင်းရင်းသားများကို မြေပိုင်ရှင်များအဖြစ် ကာကွယ်ဇရိယာများအား အဓိက အခြေခံတာဝန်ယူစေလျက် ကာကွယ်ဇရိယာစီမံခန့်ခွဲမှုနှင့် တိုင်းရင်းသားတို့၏ မြေယာအခွင့်အရေးများကို သင့်တင့် အဆင်ပြေစေသော ဆောင်ရွက်မှု ယန္တရားများကို ချမှတ်ပေးထားပါသည်။

ဤဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခြင်းမှာ အမျိုးမျိုးရှိပါသည်။ ဌာနေတိုင်းရင်းသားတို့၏ မြေနေရာများဟု တောင်းဆိုထားသောမြေများ၏ တစ်ဝက်မျှပင်မရှိသော မြေနေရာများကိုသာ အမည်တပ်သတ်မှတ် ပေးလိုက်သည်။ ကာကွယ်ဇရိယာများနှင့် တထပ်တည်းကျနေသော တိုင်းရင်းသားနေရာများကို အသိအမှတ်ပြု လက်ခံပေးထားသော်လည်း စီမံခန့်ခွဲမှုလက်ပြောင်းပေးခြင်းကိုမူ မပြုပေးပါ။ ထိုသို့ တထပ်တည်းကျနေသော ကာကွယ်ဇရိယာများ (၉၆)ကွက်အနက် (၁၈)ကွက်တွင်သာ လိုအပ်သော ဘိုးဘွားပိုင်နက်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေး စီမံချက်များကို ဆောင်ရွက်ဖွံ့ဖြိုးစေပါသည်။ ဇရိယာ (၆)ကွက်တွင်သာ ကာကွယ်ဇရိယာစီမံခန့်ခွဲရေးဘုတ်အဖွဲ့တွင် ဌာနေတိုင်းရင်းသားတို့မှ ကိုယ်စားပြုခွင့်ရရှိ၍ ဤတိုင်းရင်းသားကိုယ်စားလှယ်များသည် ထိုဘုတ်အဖွဲ့ ဆွေးနွေးပွဲများကို တက်ရောက်ရန်ပင် ခက်ခဲမှုရှိသည်ဟုပင် ပြောဆိုဝေဖန်ခြင်းများရှိလာသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပံ့ပိုးမှုအထောက်အကူ (GEF) ၏လေ့လာချက်တစ်ရပ်တွင် တွေ့ရှိသည်မှာ ဌာနေတိုင်းရင်းသားများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းသည် လုံလောက်မှုမရှိပေ။

လူဝုန်ဒေသ အနောက်ဘက်နေ၊ နက်ဂရိတို လူမျိုးတမျိုးဖြစ်သော အေတာအုပ်စုနွယ်သည် ၁၆ရာစု စပိန်လူမျိုးများ ဖိလစ်ပိုင်တွင် ကိုလိုနီနယ်ချဲ့ခြင်းမတိုင်မီကပင် ရှိခဲ့သော ဘာတာအန်ဇရိယာသို့ ခြေရာခံကြည့်ကြသည်။ ရှေးဘိုးဘွားဘီဘင်နယ်မြေများနှင့် အလွန်နီးစပ်စွာနေထိုင်ကာ မြေယာပိုင်ဆိုင်မှုများရှိခဲ့သည်။ ထိုဇရိယာများကို ၁၉၃၄ခုနှစ်တွင် ကာကွယ်ဇရိယာတစ်ခုအဖြစ် ပထမဦးစွာသတ်မှတ်ခဲ့သော်လည်း ၁၉၈၇ခုနှစ်မတိုင်မီအထိ ကာကွယ်ဇရိယာ ၄၁ ဟတ်တာအတွင်း နေရာငယ်တစ်ခုမှာ အေတာထိန်းသိမ်း နယ်မြေတစ်ခုအဖြစ် ကျယ်ပြန့်စွာ နေရာယူထားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အေတာတို့က IPRA အောက်တွင် တောင်းဆိုမှုတစ်ခုပြုခဲ့သည်မှာ- ၄င်းတို့၏ ဘိုးဘွားပိုင်မြေနေရာမှာ ၁၀,၀၀၀ ဟတ်တာ ထိကျယ်ပြန့်ကြောင်းအသိအမှတ်ပြုရန်ဖြစ်သည်။ ထက်ဝက်မှာ ဘာတာအဲန်အမျိုးသားဥယျာဉ်ဖြစ်နေ ပြီဖြစ်သည်။ ဤတောင်းဆိုမှုနှင့် ပတ်သက်၍ တိုးတက်မှုတစ်စုံတစ်ရာ မရှိခဲ့သေးပေ။ မည်သို့ဆိုစေ ကာကွယ်ဇရိယာစီမံခန့်ခွဲမှုဘုတ်အဖွဲ့သည် ဤအုပ်ချုပ်ရေးအဖွဲ့တွင် အေတာလူများအတွက် (၂) နေရာထားပေးသော်လည်း ကာကွယ်ဇရိယာ အာဏာပိုင်များနှင့်ချိတ်ဆက်မိရန် အေတာတို့အား မည်သည့်သင်တန်းမျှပေးခြင်း၊ အပြင်သို့ခေါ် ထုတ်ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက်ချိတ်ဆက် ပေးမှုများမရှိပေ။

၉။ ကာကွယ်ထိန်းသိမ်းရေးမူဝါဒများ၊ ဥပဒေများနှင့် ကာကွယ်ဇရိယာများအကောင့်အထည်ဖော်ခြင်းနှင့် ဆက်စပ်လျက် ဌာနေတိုင်းရင်းသားများ၏ တောင်းဆိုမှုများ။

ဌာနေတိုင်းရင်းသားများသည် ကာကွယ်ထိန်းသိမ်းမှု၊ မျိုးစိတ်များနှင့် ဂေဟစနစ်များအား ကာကွယ်မှု၊ ရာသီဥတုပြောင်းလဲမှုကို ပြောဆိုရန်အတိုင်းအတာများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် မြှင့်တင်ပေးမှုတို့ကို တောင်းဆိုမှုကိုကြာမြင့်စွာကပင် တောင်းဆိုထားပါသည်။ ဤတောင်းဆိုချက်များကို တိုင်းရင်းသားတို့၏ လူ့အခွင့်အရေးနှင့်အညီ ဥသုံကိုက်ညီသော နည်းလမ်းများဖြင့် ပြီးပြည့်စုံစေလိုကြသည်။ သဘာဝကို လူသားတို့အသုံးပြုခြင်းအား ကန့်သတ်တားမြစ်သောနည်းဥပဒေများသည် သမိုင်းတလျှောက် ဖိနှိပ်ခံလျစ်လျူရှုခံရသောလူများ၏ တောင်းဆိုသံများအတွက် မတရားရာကျသွားခြင်းမဖြစ်ရန် သတိပြုရမည်။

လူ့အခွင့်အရေးများသည် အပြန်အလှန်မှီခိုအားပြုလျက်ရှိသည်။ အခွင့်အရေးတစ်ခုကိုချိုးဖောက်ခြင်းသည် အခြားသော အခွင့်အရေးများအား ချိုးဖောက်ခြင်းသို့ ဦးတည်လာနိုင်သည်။ သို့အတွက် ကာကွယ်ထိန်းသိမ်းရေးစီမံတရပ်ကို ဌာနေတိုင်းရင်းသားများ၏ မြေယာနှင့်သံယံဇာတအရင်းအမြစ်ဆိုင်ရာ အခွင့်အရေးများကို အလေးမထားသော နည်းလမ်းဖြင့် အကောင်အထည်ဖော်ခဲ့လျှင်၊ အခြားသောအခွင့်အရေးများကိုလည်း ချိုးဖောက်မိသွားမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ထိန်းသိမ်းရေးကိုစပ်လျဉ်း၍ ဌာနေတိုင်းရင်းသားများ၏ အဓိကအခွင့်အရေးများနှင့် တောင်းဆိုမှုအချို့မှာ -

- မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့် အခွင့်အရေး
- မြေ၊ နယ်နိမိတ်များ၊ အရင်းအမြစ်များနှင့်ဆိုင်သော အခွင့်အရေး
- ပူးပေါင်းပါဝင်မှု၊ ဆွေးနွေးတိုင်ပင်မှု၊ လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း။
- ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ဆိုင်ရာအခွင့်အရေး။
- မလိုလားသောနေရာပြန်လည်ချထားရေးမှ လွတ်လပ်မှုအခွင့်အရေး။
- ကျန်းမာရေးဆိုင်ရာအခွင့်အရေးနှင့် ကြံ့ခိုင်စည်ပင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး
- ပိုင်ဆိုင်ခွင့်ပြန်လည်ရယူခြင်းနှင့် လျော်ကြေးရယူခြင်းဆိုင်ရာအခွင့်အရေး။

၁၀။ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ရှေ့ဦးဆောင်ရွက်မှုများနှင့် လတ်တလောအကြောင်းရပ်များ။

၁။ ဌာနေတိုင်းရင်းသားများနှင့် လူနေဝန်းကျင်တို့ ထိန်းသိမ်းကာကွယ်ထားသောဧရိယာများ။

အခြေတကျနေထိုင်ကြသည်ဖြစ်စေ၊ ရွှေ့ပြောင်းကြသည်ဖြစ်စေ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူနေဝန်းကျင်များသည် အမျိုးစုံလင်လှသော သဘာဝပတ်ဝန်းကျင်များနှင့် မျိုးစိတ်ကွဲများကို ကာကွယ်ထိန်းသိမ်းရာတွင် နှစ်ထောင်ပေါင်းများစွာကပင် အလွန်အရေးပါသောကဏ္ဍတစ်ခု ဖြစ်ကြသည်။ သူတို့သည် ဤသို့ ကာကွယ်ထိန်းသိမ်းရာတွင် စီးပွားရေး၊ ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှုနှင့် ရသပိုင်းခံစားမှုဆိုင်ရာ ဟူ၍ ကွဲပြားသောရည်ရွယ်ချက်မျိုးစုံရှိကြသည်။ ယနေ့တွင် သစ်တောများ၊ စွတ်စိုမြေများ၊ မြေမျက်နှာပြင်အနိမ့် အမြင့်၊ ကျေးရွာပိုင်ရေကန်များ၊ ရေစုရာအရပ်များ၊ မြစ်များ၊ ကမ်းရိုးတန်းမြေပြင်ကျယ်များနှင့် ရေပြင်ဧရိယာများအပါအဝင် ကမ္ဘာတလွှား၌ ဌာနေတိုင်းရင်းသားများနှင့် လူနေဝန်းကျင်အဖွဲ့ပိုင် ကာကွယ်ထိန်းသိမ်းမြေဧရိယာ (ICCAs) များစွာထောင်နှင့်ချီ၍ ရှိကြသည်။ ဤဧရိယာအတော်များများ၌ ကာကွယ်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့အောင်အသုံးပြုမှုဆိုင်ရာ သမိုင်းကြောင်းမှာ အစိုးရစီမံခန့်ခွဲနေသည့် ကာကွယ်ဧရိယာများထက်ပင် ပို၍ကြာညောင်းခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင်အောင်ပင် တရားဝင်ကာကွယ်ထိန်းသိမ်းရေးစနစ်များတွင် လျစ်လျူရှုခံရ၍ အသိအမှတ်ပြုခြင်း မခံရသေးပေ။ ထိုမြေနေရာများစွာတို့မှာ ကြီးမားပြင်းထန်သော ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေရသည်။

ကံကောင်းလှစွာ ICCAs ကို အသိအမှတ်ပြုခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်းမှုတွင် ၎င်းတို့၏ အခန်းကဏ္ဍကို ဂုဏ်ယူအသိအမှတ်ပြုခြင်းများ တိုးတက်လာပါသည်။ (၅) ကြိမ်မြောက် ကမ္ဘာ့ဥယျာဉ်များ ကွန်ဂရက်နှင့် CBD ၏ ကာကွယ်ဧရိယာများဆိုင်ရာ လုပ်ငန်းများမှ (ICCAs) များကို တရားဝင်ထိန်းသိမ်း နယ်မြေများအဖြစ်လက်ခံခဲ့ကြသည်။ နိုင်ငံတွင်းနှင့် နိုင်ငံတကာစနစ်များတွင် ဆီလျော်သလိုပံ့ပိုးမှုများနှင့် ထိုက်တန်ကြောင်းလက်ခံခဲ့ကြသည်။ အချို့အစိုးရများက ဤသို့လိုက်နာသည်။ အချို့တို့က ၎င်းတို့၏ တရားဝင်ကာကွယ်ဧရိယာစနစ်များ၌ ထည့်သွင်းပါဝင်စေပြီး ဖြစ်သည်။

၂။ လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးရှေ့ဦးဆောင်ရွက်ချက်များ (CIHR)

လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်ထိန်းသိမ်းရေးရှေ့ဦးဆောင်ရွက်ချက်များ (CIHR) သည် ကာကွယ်ထိန်းသိမ်းရေးမူဝါဒနှင့် ကျင့်သုံးခြင်းဆိုင်ရာ လူ့အခွင့်အရေးများကို ယှက်နွယ်စုပေါင်း၍ တိုးတက်စေခြင်းဖြင့် ကာကွယ်ထိန်းသိမ်းရေးကို မြှင့်တင်သော နိုင်ငံတကာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး NGOs များ၏ စုပေါင်းအဖွဲ့တစ်ဖွဲ့ဖြစ်သည်။ CIHF အဖွဲ့ဝင်များ အတူတကွစုပေါင်းရသည်မှာ ဌာနေတိုင်းရင်းသားများ၏ သက်မွေးမှုဘဝလုံခြုံရန်၊ ကျန်းမာကြံ့ခိုင်၍ပွားများမှုရှိသော ပတ်ဝန်းကျင်များတွင် ပျော်မွေ့နိုင်ရန်၊ ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်ရန် စသည့် အခွင့်အရေးများနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းအကြား အပြုသဘောဆောင်သော အချိတ်အဆက်များ မြှင့်တင်လိုသော တူညီစိတ်ဝင်စားမှုရှိကြ၍ဖြစ်သည်။

CIHR အဖွဲ့ဝင်များမှာ ကာကွယ်ထိန်းသိမ်းရေး CEOs များ ဖိုရမ်တွင်ပူးပေါင်းပါဝင်ခဲ့သော နိုင်ငံတကာ ကာကွယ်ထိန်းသိမ်းရေးအဖွဲ့အစည်းများ ဖြစ်ကြသည်။ ဤအဖွဲ့အစည်းများမှာ ဌက်သဘာဝအမြည်ပြည်ဆိုင်ရာအဖွဲ့

www.burmeseclassic.com



**(Bird- life International)**၊ အပြည်ပြည်ဆိုင်ရာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ **(Conservation International)**၊ အပင်နှင့်သတ္တဝါ အပြည်ပြည်ဆိုင်ရာအဖွဲ့ **(Fauna & Flora International)**၊ ကမ္ဘာ့ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး ညွန့်ပေါင်းချုပ် **(IUCN)**၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ပေးမှု **The Nature Conservancy**၊ အပြည်ပြည်ဆိုင်ရာ စိုစွတ်မြေများအဖွဲ့ **Wetlands International**၊ တောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ခြင်းအသင်း **Wildlife Conservation Society** နှင့် ကမ္ဘာ့တဝှမ်း ရံပုံငွေအဖွဲ့ **WWF** တို့ဖြစ်သည်။

**CIHR** ၏ပန်းတိုင်မှာ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးအလုပ်တွင် ယှက်နွယ်ပူးတွဲပေးရန် အဖွဲ့ဝင်အသင်းများ၏ ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များကို တိုးတက်စေရန်ဖြစ်သည်။ ဤဦးဆောင်ချက်အောက်တွင်၊ ပူးပေါင်းပါဝင်သည့်အဖွဲ့အစည်းတစ်ခုစီက လူ့အခွင့်အရေးမှုများကို ကိုင်စွဲရန် ၎င်းတို့၏ စွမ်းဆောင်ရည်များကို မြှင့်တင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအာမခံနိုင်ရန် ဂတိရှိထားကြသည်။ တာဝန်ခံမှုအတိုင်းအတာများကိုလည်း ဆီလျော်စွာနေရာချထားရန်လည်း ပါရှိသည်။ အဖွဲ့အစည်းတစ်ခုစီက အချက်အလက်များ ဝေမျှကာ သင်ယူမှုများတွင် ပံ့ပိုး၍ ပူးပေါင်းပါဝင်ပြီး မိမိတို့၏အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အစီရင်ခံတင်ပြရမည်ဖြစ်သည်။

လေ့ကျင့်ခန်း (၃) ။ ။

မျှဝေခြင်းနှင့် ဆွေးနွေးခြင်း။ (၃၀ မိနစ်)

ကာကွယ်ဧရိယာများ၏အခွင့်အရေးဆိုင်ရာ ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများကိုကာကွယ်ရန် နောက်ထပ်ခြေလှမ်းများ။

၁။ ပါဝင်တက်ရောက်သူများက မိမိတို့၏လူနေဝန်းကျင်များရှိ ကာကွယ်ဧရိယာများ ထူထောင်ခြင်းတွင် မိမိတို့၏အခွင့်အရေးများကို မည်သို့ကာကွယ်နိုင်ကြောင်းနှင့် ကာကွယ်ဧရိယာများနှင့် ဆက်စပ်နေသော မိမိတို့၏အခွင့်အရေးများအား လေးစားမှုရှိရန် မိမိတို့ရပ်ရွာ၌ မည်သည့်လှုံ့ဆော်ဆောင်ရွက်မှုများ လုပ်ဆောင်လိုကြောင်းနှင့် စပ်လျဉ်း၍ မိမိတို့၏အတွေးအမြင်များကို ဝေမျှကြသည်။

၂။ ပံ့ပိုးကူညီသူက ဆွေးနွေးသွားသော အဓိကအချက်များကို အကျဉ်းချုပ်ကာ ဆွေးနွေးခြင်းကိုရပ်နားသည်။

အောက်ခြေအညွှန်း

1. IUCN website www.iucn.org
2. IUCN Gukdelines for Applying Protected Area Management Categories Edited by Nigel Dudley.
3. Claudia Sorbrevila, 2008.
4. Brechin et al, 2003; Neumann 1998; Colchester 1997.
5. IUCN/WCPA 2000, 2004.
6. Maurizio ppt.
7. Forest Peoples Programme.
8. ICCA Website www.iccaforum.org
9. Ibid.

ကိုးကားချက်

Dudley, Nigel, ed. 2008. *Gudelines for Applying Protected Area Management Categories*. Glaud: IUCN.

Sobrevila, Claudia. 2008. *The Role of Indigenous Peoples in Biodiversity Conservation. The Natrual but Often Forgotten Parters*. World Bank.

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၁၁

## အမျိုးသားအဆင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အား အကောင်အထည်ဖော်ခြင်း။

ရည်မှန်းချက်များ။

၁။ သတင်းအိမ်မှတဆင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ် အားအကောင်အထည်ဖော်ခြင်းဆိုင်ရာ သတင်းအချက်များကို မည်သို့ရယူရမည်ကို သင်ယူရန်။

၂။ နိုင်ငံအလိုက် အစီရင်ခံစာများနှင့် ဇီဝမျိုးစုံမျိုးကွဲခြင်းဆိုင်ရာ အမျိုးသားအဆင့်ဗျူဟာနှင့် ဆောင်ရွက်မှုစီမံချက် (NBSAP)တွင်ပါရှိသည့်အတိုင်း အစိုးရအဖွဲ့များ၏ CBD နှင့် စပ်ဆိုင်သောနိုင်ငံတကာ တာဝန်ဝတ္တရားများကို သိမြင်လာရန်။

၃။ အောက်ခြေအဆင့်ရှိ အမှန်တကယ်ကြုံတွေ့နေရခြင်းများနှင့် နှိုင်းယှဉ်လျက် CBD ဆိုင်ရာ တာဝန်ဝတ္တရားများကို အစိုးရအဖွဲ့မှ အကောင်အထည်ဖော်နေခြင်းအား သုံးသပ်စစ်ဆေးရန်။

၄။ ဒေသတွင်းအဆင့်နှင့် အမျိုးသားရေးအဆင့်တို့တွင် CBD ကို အကောင်အထည်ဖော်ရာ၌ ယခုသင်တန်းအား ပါဝင်တက်ရောက်နေသူများ ပါဝင်လုပ်ဆောင်နိုင်သော စီမံကိန်းများနှင့် ရှေ့ဦးလှုပ်ရှားဆောင်ရွက်မှုများအကြောင်း ဆွေးနွေးလာရန် လှုံ့ဆော်နိုးဆွပေးရန်။

အရင်းအမြစ်များ။

- CBD အကောင်အထည်ဖော်မှု သုံးသပ်ချက် (ပါဝါပွိုင့်)
- NBSAPs အမျိုးသားဇီဝမျိုးစုံမျိုးကွဲဗျူဟာနှင့် လှုပ်ရှားမှုစီမံချက်များ။
- ဖိလစ်ပိုင်နိုင်ငံ၏ဗျူဟာနှင့်လှုပ်ရှားမှုစီမံချက်
- ဖိလစ်ပိုင်နိုင်ငံ – ၂၀၁၀ ဇီဝမျိုးစုံမျိုးကွဲခြင်း ရည်မှန်းချက်ဆီသို့ တိုးတက်လာမှုကို သုံးသပ်ဆန်းစစ်ခြင်း (၄) ကြိမ်မြောက် CBD ဆိုင်ရာ အမျိုးသားရေးအစီရင်ခံစာ ၂၀၀၉။
- ကင်မရွန်နိုင်ငံရှိ ရိုးရာအတွင်း ရေရှည်တည်တံ့အောင်အသုံးပြုမှုကို ကာကွယ်ခြင်းနှင့် အားပေးခြင်း
- ကင်မရွန် ဒီဂျာ အနောက်ပိုင်းဒေသရှိ ကာကွယ်ထိန်းသိမ်းနယ်မြေ၏ ဌာနေတိုင်းရင်းသားများနှင့် ဌာနေ ပြည်သူများ၏ ထုံးတမ်းအစဉ်အလာအတိုင်း ဇီဝမျိုးစုံမျိုးကွဲ အရင်းအမြစ်များကို အသုံးပြုခြင်း။
- ဌာနေတိုင်းရင်းသားများနှင့် ဌာနေအဖွဲ့အစည်းများ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထုံးတမ်းအစဉ်အလာအတိုင်း ရေရှည်တည်တံ့အောင်အသုံးပြုမှု
- ဥပမာများ၊ စိန်ခေါ်မှုများနှင့် CBD ပိုဒ်ခွဲ ၁၀(ဂ) နှင့် ဆက်စပ်နေသည့် ထောက်ခံအကြံပြုချက်များ။

အချိန်
၄ နာရီ

ဆောင်ရွက်ချက်။

ဆောင်ရွက်ချက်။

လေ့ကျင့်ခန်း ၁။

အမျိုးသားရေးအဆင့် CBD အကောင်အထည်ဖော်ခြင်းအကြောင်း သတင်းအချက်များ ရယူခြင်း။(၃၀ မိနစ်)

၁။ ကွန်ပျူတာတလုံးရှိပြီး အင်တာနက်သုံးနိုင်သောနေရာတွင် ပါဝင်တက်ရောက်သူများက CBD ဝက်ဘ်ဆိုဒ်ကိုကြည့်သည်။ *http://www.cbd.int*

၂။ NBSAPs၊ နိုင်ငံအလိုက်အစီရင်ခံစာများ၊ နိုင်ငံအလိုက်အဓိကဦးတည်ချက်များနှင့် နိုင်ငံအလိုက် သတင်းအိမ်ယန္တရားများနှင့်ဆိုင်သော သတင်းများကို ထိုဝက်ဘ်ဆိုဒ်တွင် ရှာဖွေသည်။

၃။ ဤခေါင်းစဉ်များဆိုင်ရာ လိုအပ်သော သတင်းအချက်အလက်များကို ရယူသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ပြချက်နှင့် ဆွေးနွေးချက်။ (၁နာရီ)

၁။ မိတ်ဆက်

ဇီဝဗေဒဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် **(CBD)** အား အကောင်အထည် ဖော်ခဲ့သော **UNEP** မှ ဦးစီးထားသော ပြန်လှန်သုံးသပ်မှုတစ်ခုတွင် တိတိကျကျထုတ်ဖော်ထားသည်မှာ ၁၉၉၃ မှစ၍ အားစိုက်ဆောင်ရွက်ခဲ့ရသော ဤ **CBD** ၏အဓိက ပြီးမြောက်အောင်မြင်မှုများ ဖြစ်ပါသည်။ အောက်ပါတို့မှာ အဓိကပြီးမြောက်အောင်မြင်မှုများတွင် ပါဝင်သည်ဟု သတ်မှတ်ထုတ်ဖော်ထားပါသည်။

၂။ အောင်မြင်ပြီးမြောက်မှုများ

- အကြောင်းရင်းများ ဆက်နွယ်နေသောကိစ္စများနှင့် တိတိကျကျပိုင်းခြားရသော ကိစ္စများ နှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုစီမံချက်ကို တိကျစွာသတ်မှတ်၍ တိုင်းတာနိုင်သော ပန်းတိုင်များနှင့်အတူ **CBD** ၏ထောက်ပံ့ကူညီမှုများကို အောင်မြင်စွာ ဘာသာပြန်ဆိုနိုင်ခြင်း။
- ဇီဝလုံခြုံမှု သဘောတူညီချက်ကို လက်ခံအတည်ပြုခြင်း။
- အကျိုးအမြတ်မျှဝေခြင်းနှင့် ရရှိခြင်းဆိုင်ရာ နိုင်ငံတကာအုပ်ချုပ်မှုစနစ်အတွက် ညှိနှိုင်းခြင်းများ။
- အသိအမှတ်ပြုနိုင်သော အစိုးရအဖွဲ့များအတွင်း သိပ္ပံနည်းပညာဆိုင်ရာ ခန္ဓာအဖွဲ့ချုပ် တစ်ခုသို့ **SBSTTA** ၏ အဆင့်ဆင့်ပြောင်းလဲလာခြင်း။
- ကမ္ဘာ့ဇီဝမျိုးကွဲအမြင် **(GBO)** စုပေါင်းတည်းဖြတ်ထားသောစာအုပ်သုံးအုပ်အား ထုတ်ဝေခြင်းနှင့် **CBD** လက်စွဲနှင့် နည်းပညာဆိုင်ရာ စာစဉ်များ ** **CBD** သတင်းများကို ထုတ်ဝေခြင်း။
- သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ခိုင်မာစွာပူးပေါင်းဆောင်ရွက်ခြင်း။
- ဌာနေတိုင်းရင်းသားများနှင့် ဒေသခံအုပ်စုအဖွဲ့များအတွက် ဖိုရမ်တစ်ခုကိုညီလာခံအတွက် ပြုလုပ်ပေးခြင်း။
- ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲများတွင် မျိုးစုံမျိုးကွဲခြင်းနှင့် **CBD** ၏ အရေးပါ ထင်ရှားမှုရှိခြင်းနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် အထွေထွေအစည်းအဝေး၏ ဆွေးနွေးပွဲစဉ်များတွင် **CBD** ၏ တက်ကြွစွာရပ်တည်နေမှု။
- ဤကြိုးပမ်းမှုများကို အသိအမှတ်ပြုလျက် အတွင်းရေးမှူးချုပ်သို့ ပေးပို့သောရံပုံငွေများသည် နှစ်ပေါင်းများစွာတလျှောက်လုံးတွင် တိုးတက်လာကာ ရုံးဝန်ထမ်းအနည်းငယ်နှင့် ရုံးခန်းအနည်းငယ်သာရှိရာမှ ပါတီဝင်များ၏ လိုအပ်ချက်များကို ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ပေးရန် စွမ်းဆောင်နိုင်သော စိတ်ရောကိုယ်ပါနှစ်၍ လုပ်ဆောင်ပေးသော ဝန်ထမ်းများ အပြည့်ရှိသော အဖွဲ့တစ်ဖွဲ့အဖြစ် တိုးတက်လာခြင်း။

၃။ စိန်ခေါ်မှုများ။

အခြားတစ်ဖက်တွင် စိန်ခေါ်မှုအချို့ကိုလည်း သတ်မှတ်ခွဲခြားခဲ့သည်မှာ -

- ၂၀၁၀ ပန်းတိုင်အား အမျိုးသားပန်းတိုင်များနှင့် ဦးတည်ချက်များသို့ ပြန်လည်ဖော်ပြပေးရန်။
- အားလုံးသော စီးပွားရေးကဏ္ဍများရှိ ဇီဝမျိုးစုံမျိုးကွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာစေရန်။
- အကျယ်အားဖြင့် မြို့ပြအဖွဲ့အစည်းများအပါအဝင် ဌာနေတိုင်းရင်းသားများ၊ ဌာနေပြည်သူများ၊ တစ်ဦးချင်းကဏ္ဍများနှင့်ဆက်နွယ်ပတ်သက်နေသူများကို ချိတ်ဆက်ပေးရန်။
- အမျိုးသားအစီရင်ခံစာများတင်ပြရာတွင် ထိရောက်မှုများကိုတိုးပွားစေရန်။
- ဗျူဟာမြောက်စီမံချက်နှင့် သီးသန့်စီမံချက်တို့တွင် ခွဲခြားသတ်မှတ်ထားသည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှိလာသောအနှောက်အယှက်များကို ကျော်လွှားရန်။
- ပါတီများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ချက်ကို ဖြည့်ဆည်းရန်။
- ထိရောက်သော လှုပ်ရှားမှုအတွက် ထပ်လောင်းလိုအပ်သည့် ငွေကြေးအရင်းအမြစ်နှင့် နိုင်ငံရေးအရ လိုလားချက်ကို ဖော်ထုတ်ရန်။

ဤနေရာတွင် အမျိုးသားအဆင့်၌ **CBD** ၏ပန်းတိုင်များရယူရန် အမှန်တကယ်တိုးတက်မှု ဖြစ်စဉ်အဖြစ်သို့ နိုင်ငံတကာအဆင့်၏ ပြီးမြောက်အောင်မြင်မှုများက မည်သို့ပြောင်းလဲရောက်ရှိသွားသည်ကို မြင်တွေ့ရန် အမျိုးသားရေးအဆင့် **CBD** အကောင်အထည်ဖော်ခြင်းကို စစ်ဆေးရန်လိုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ အမျိုးသားအဆင့်ဇီဝမျိုးစုံမျိုးကွဲခြင်းဆိုင်ရာဗျူဟာများနှင့် ဆောင်ရွက်မှုအစီအစဉ်များ(**NBSAPs**)ဆိုသည်မှာ အဘယ်နည်း။

အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲခြင်းဆိုင်ရာဗျူဟာများနှင့် ဆောင်ရွက်မှုအစီအစဉ်များ (**NBSAPs**) ဆိုသည်မှာ ကိုယ်ပိုင်ဇီဝမျိုးစုံမျိုးကွဲများကို အလေးထား၍ ပါတီတစ်ခု၏ စီမံချက်အခြေခံအုပ်မြစ် ဖြစ်သည်။ ကိုယ်ပိုင်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ၊ ဦးစားပေးမှုများနှင့် ပန်းတိုင်များကို ထည့်သွင်းပြင်ဆင်ထားသည့် ဗျူဟာတစ်ခုကိုချမှတ်ပေးသည်။ ဤဗျူဟာနှင့်အတူ ဗျူဟာအတွင်းမှ ပန်းတိုင်တွင်းရောက်ရှိအောင် လိုအပ်သည့် အဆင့်များဆောင်ရွက်ရန် လုပ်ရှားမှုစီမံချက်တစ်ခုရှိသင့်သည်။ ဤသတ်မှတ်ချက်ဖြင့် (**CBD**)ရည်မှန်းချက် ၃ခု သို့ ရောက်ရှိနိုင်သည်။ (**NBSAP**) ပုံမှန်သုံးသပ်ချက်မှာ လိုအပ်သလိုညှိနှိုင်းမှုများ ဆောင်ရွက်သည်ကို အာမခံရန်အရေးကြီးသည်။ လှုပ်ရှားမှုစီမံချက်သည်လိုအပ် သလိုသုံးသပ်ပေးသည်။ အမှန်စင်စစ် သဘောတူစာချုပ်၏အောက်တွင် တရားဝင်ချည်နှောင်ထားသောဝန်ခံဂတိဖြစ်သည်။

သဘောတူစာချုပ်၏ ပိုဒ်ခွဲ ၆ က အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲစီမံမှုအတွက် တာဝန်ဝတ္တရားများကို ဖန်တီးပေးသည်။ သီးသန့်ဖြစ်သော နိုင်ငံအလိုက်အခြေအနေများအတွင်း သဘောတူစာချုပ်၏ ရည်မှန်းချက်များပြည့်စုံရန်မည်သို့ နိုင်ငံတနိုင်ငံစီက ရည်ရွယ်ထားသည်များကို တုံ့ပြန်လိမ့်မည်။ ဆက်နွယ်ဆောင်ရွက်သည့်လှုပ်ရှားမှုစီမံချက်များက ဤပန်းတိုင်များရောက်ရှိရန် အဆင့်များကွင်းဆက်ကို ဖွဲ့စည်းပေးသည်။

ကာကွယ်ထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့အောင်အသုံးပြုခြင်းအတွက် ယေဘုယျနည်းလမ်းများ သဘောတူစာချုပ်တွင် ပိုဒ်ခွဲ ၆ က ဆိုသည်မှာ စာချုပ်ချုပ်ဆိုသည့် ပါတီတစ်ခုစီသည် သီးသန့်ဖြစ်သောအခြေအနေများနှင့် စွမ်းဆောင်ရည်များနှင့်အညီ ဆောင်ရွက်သင့်သည်မှာ ၊

- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ရည်ရှည်တည်တံ့အောင်အသုံးပြုခြင်းအတွက် အစီအစဉ်များ သို့မဟုတ် စီမံကိန်းများ၊ အမျိုးသားအဆင့်ဗျူဟာများကို ဖွံ့ဖြိုးစေပါ သို့မဟုတ် ဤလက်ရှိ ဗျူဟာများစီမံကိန်းနှင့် အစီအစဉ်များ၏ ရည်ရွယ်ချက်ကိုညှိပါ။ စာချုပ်ချုပ်သော ပါတီကမျက်မှောက်ပြုလိုသောအချက်များ ဤသဘောတူစာချုပ်၏ နည်းလမ်းများနှင့် ကိုက်ညီမှုရှိသင့်သည်။
- ဆီလျော်သလိုနှင့် ဖြစ်နိုင်သလောက် ဇီဝမျိုးစုံမျိုးကွဲကိုထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် အသုံးပြုခြင်းကို ဆက်စပ်သည့်အပိုင်းကဏ္ဍများ၊ အပြန်အလှန်ဆက်စပ်မှုရှိသည့်စီမံကိန်းများ၊ မူဝါဒများနှင့် ဆက်နွယ်ပေါင်းစည်းပါ။

၁၆၆ ပါတီများသည် (**NBSAPs**)ကို ဖွံ့ဖြိုးစေခဲ့သည်။ (၉) ကြိမ်မြောက် **COP9** ပါတီများညီလာခံက ကျန်ရှိနေသည့်ပါတီ ၂၅ခု ကို ၂၀၁၀ခုနှစ်တွင် (**NBSAPs**) ဖွံ့ဖြိုးရန်ဖိတ်ခေါ် ဆွေးနွေးပါသည်။

၅။ အမျိုးသားအဆင့်အစီရင်ခံစာတင်ပို့ခြင်း။

ပါတီများကညီလာခံသို့ သူတို့၏ဆုံးဖြတ်ချက်များမှတဆင့် မူဝါဒပြုရန်အရေးကြီးသည့် အသေးစိတ်အချက်များပါဝင်သော၊ အမျိုးသားအဆင့်အစီရင်ခံစာများ **CBD** သို့ တင်ပို့ရန်တာဝန်ရှိသည်။ သတင်းအချက်များပါဝင်သည့် အမျိုးသားအစီရင်ခံစာများသည်လည်း ကမ္ဘာလုံးဆိုင်ရာဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ဦးစားပေးမှုများကို စီစဉ်ပြင်ဆင်သည်။ ဤစာတို့ကို ကမ္ဘာလုံးဆိုင်ရာရှုမြင်မှုနှင့် အခြားသောထုတ်ဝေမှုများအတွက် သတင်းအရင်းအမြစ်အဖြစ်အသုံးပြုသည်။ ထို့ကြောင့် မူဝါဒချမှတ်မှုနှင့် သဘောတူစာချုပ် အကောင်ထည်ဖော်ခြင်း၏ အောင်မြင်မှုကို တိုင်းတာရာတွင် အရေးကြီးသောလက်နက်ဖြစ်သည်။ အမှန်စင်စစ် သဘောတူစာချုပ်၏ငွေကြေးယန္တရားဖြစ်သော ကမ္ဘာ့ပတ်ဝန်းကျင်ရံပုံငွေ **GEF** သည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပါတီများသို့ ပါတီ၏အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲအခြေအနေတစ်ခုပြင်ဆင်မှုနှင့်ပတ်သတ်၍ ရှင်းလင်းတိကျသောသတင်းအချက်များ ပြင်ဆင်ထားကြောင်း သေချာစေပြီးနောက် ၎င်း၏ အကောင်အထည်ဖော်ပေးသည့် အေဂျင်စီများမှတဆင့် ငွေကြေးအကူအညီပေးခဲ့သည်။

သဘာတူစာချုပ်ပိုဒ်ခွဲ ၂၆ က အဆိုပြုသည်မှာ အမျိုးသားအဆင့်အစီရင်ခံစာ၏ ရည်ရွယ်ချက်သည် သဘောတူစာချုပ်၏ အကောင်အထည်ဖော်မှုအား တိုင်းတာစစ်ဆေးသောနည်းလမ်းများနှင့် ဤနည်းလမ်းများ၏ ထိရောက်မှုနှင့်ဆိုင်သောသတင်းအချက်အလက်များကို ပေးပို့ရန်ဖြစ်သည်။

**CBD** ကို အကောင်အထည်ဖော်ရန်အတွက် ဗျူဟာများနှင့် အစီအစဉ်များတို ဦးတည်သည့် အစိုးရများအကြား အေဂျင်စီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သိပ္ပံနည်းကျအဖွဲ့အစည်းများကိုကူညီရန် အမျိုးသားအစီရင်ခံစာ

www.burmeseclassic.com



များကို ပြည်သူထံသို့ရောက်ရှိသွားအောင် ဆောင်ရွက်ထားသည်။ ၄င်းစာတို့သည် ပါတီများ သို့မဟုတ် ပါတီများ၏ အုပ်စုများကို အများနှင့်ဆိုင်သော အရေးအရာများကို ခွဲခြားပြောဆိုနိုင်ရန် ကူညီပေးသည်။ ဤသို့အားဖြင့် ကုန်ကျသည်နှင့် ကိုက်သော အပြန်အလှန်ကူညီပံ့ပိုးပေးသော ဒေသဆိုင်ရာရှေ့ဦးဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်လာရန် ကူညီပေးပါသည်။

ပါတီများညီလာခံ (၅) ကြိမ်မြောက်အစည်းအဝေး **COP5** တွင် အမျိုးသားအစီရင်ခံစာများကို ၄နှစ်တကြိမ် တင်ပြရန်နှင့် ပါတီများညီလာခံ၏ အလှည့်ကျအစည်းအဝေးများတွင် စစ်ဆေးသုံးသပ်ရန် သဘောတူခဲ့ကြသည်။ ၂၀၀၆ခုနှစ်အရ ပါတီများညီလာခံက အမျိုးသားအစီရင်ခံစာ ၄ ခု ကိုတောင်းဆိုခဲ့သည်။ (၄) ကြိမ်မြောက် အမျိုးသား အစီရင်ခံစာများကို ၁၀ရက်မေလ ၂၀၀၉ခုနှစ်တွင် (ဆုံးဖြတ်ချက် ၈/၁၄) နောက်ဆုံးထား ၍တင်ရန်ဖြစ်သည်။ ၄င်းတို့သည် ၂၀၁၀ ဇီဝမျိုးစုံမျိုးကွဲ ပန်းတိုင်ကိုဦးတည်၍ အမျိုးသားအဆင့် ညီလာခံအကောင်ထည်ဖော်ရာတွင် ဆောင်ရွက်ရမည်များ၌ မည်သည့်အားထုတ်မှုများ ပိုမိုလိုအပ်သည်ကိုစဉ်းစား၍ ဇီဝမျိုးစုံမျိုးကွဲလမ်းကြောင်းများနှင့် လက်ရှိအခြေအနေတို့အားစိစစ်ကာ အမျိုးသားအဆင့်၌ မရှိမဖြစ်လိုအပ်သောသတင်းအချက်များကို ပေးလိမ့်မည်။

၆။ အမျိုးသားအဆင့် အဓိကတာဝန်အပ်နှင်းခြင်းခံရသူများဆိုသည်မှာ အဘယ်နည်း။ သူတို့ဘာလုပ်ကြသနည်း။

အဓိကတာဝန်အပ်နှင်းခြင်းခံရသူဆိုသည်မှာ၊ **CBD** ပါဝင်သောအကြောင်းရပ်များကို ပါတီညီလာခံများနှင့် အတွင်းရေးမှူးရုံးများအကြား အလှည့်ကျအစည်းအဝေးများဆောင်ရွက်ရာတွင် ပါတီဝင်များ၏ ကိုယ်စားဆက်ဆံရန် အစိုးရမှခန့်အပ်ထားပေးသော -လူ- သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါသည်။ ဤဆက်ဆံရေးများ၌ ပါဝင်သောလှုပ်ရှားမှုများမှာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်ပြန့်ပွားရေး၊ အစည်းအဝေးများ၌ ကိုယ်စားပြုရေး၊ အမျိုးမျိုးသောတောင်းဆိုမှုများကို တုန့်ပြန်ပေးခြင်း၊ အခြားပူးပေါင်းပါဝင်သူအုပ်စုများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ ညီလာခံကို အမျိုးသားအဆင့်အကောင်ထည်ဖော်ရာ၌ ကူညီမြှင့်တင်ပေးခြင်းတို့ ဖြစ်ပါသည်။

ပါတီများညီလာခံ၏ ပါတီတစ်ခုဖြစ်သော နိုင်ငံတစ်ခုသည် အမျိုးသားအဆင့်အဓိကတာဝန်အပ်နှင်းခြင်းခံရသူ (သို့မဟုတ်) **NFP** ညီလာခံအတွက် ခန့်အပ်ထူထောင်ထားသည်။ သာမန်အားဖြင့် အဓိကတာဝန်အပ်နှင်းခြင်းခံရသူသည် ညီလာခံနှင့်အတူ တာဝန်ယူဆောင်ရွက်ရန် - ပတ်ဝန်းကျင်ဝန်ကြီးဌာနကဲ့သို့သော အစိုးရအဖွဲ့အစည်းအတွင်း အဆင့်မြင့်အာဏာပိုင် တစ်ဦးတစ်ယောက်မှ အမည်အဆိုပြုခံရသူဖြစ်သည်။ မူလအဓိက တာဝန်အပ်နှင်းခြင်းခံရသူကို ထပ်လောင်းအားဖြည့်သည့်အနေဖြင့် အထူးလုပ်ငန်းစဉ်များအတွက် တာဝန်ခံများ ထပ်မံအဆိုပြုခန့်အပ်ပေးသည်။ **CBD**၏လုပ်ငန်းတာဝန်ကဏ္ဍများစွာတွင် ပါဝင်ဆောင်ရွက်ရန်လိုအပ်သော လူအရင်းအမြစ်မရှိပါက အမျိုးသားအဆင့် အဓိကတာဝန်အပ်နှင်းခြင်းခံရသူမှ သက်ဆိုင်သောတာဝန်များနှင့် အခန်းကဏ္ဍတစ်ခုလုံးကို တာဝန်ယူရသည်။

**NEP** တို့သည် အောက်ပါတို့တွင်တာဝန်ရှိသည်။

(က) ညီလာခံနှင့်ဆက်စပ်သည့် သတင်းအချက်အလက်ရရှိခြင်းနှင့် ဖြန့်ချီခြင်း။

(ခ) ညီလာခံအောက်တွင် ကျင်းပသည့်အစည်းအဝေးများ၌ ကိုယ်စားပြုပါဝင်တက်ရောက်ပေးခြင်း။

(ဂ) အထူးကိစ္စရပ်များအတွက် ဖွဲ့စည်းထားသည့် ပညာရှင်များအဖွဲ့တွင်ပါဝင်ခြင်း၊ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များနှင့် အခြားလုပ်ငန်းများအတွက် သင့်တော်သည့်ပညာရှင်များ စီစစ်သတ်မှတ်ပေးခြင်း။

(ဃ) ပါတီများညီလာခံနှင့် အတွင်းရေးမှူးရုံးမှ အချက်အလက်များပေးရန်တောင်းဆိုလာသည့်အခါတွင် ပြန်လည် အကြောင်းပြန်ဖြေကြားပေးခြင်း။

(င) ညီလာခံသဘောတူချက်အတိုင်း အကောင်အထည်ဖော်မှုကို အကူအညီပေးရန် အခြားနိုင်ငံများရှိ အမျိုးသားအဆင့် အဓိကတာဝန်အပ်နှင်းခြင်းခံရသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(စ) ညီလာခံ၏သဘောတူညီချက်များကိုအမျိုးသားအဆင့် အကောင်ထည်ဖော်နိုင်ရန် ကူညီပံ့ပိုးခြင်းနှင့် သို့မဟုတ် စောင့်ကြပ်ကြည့်ရှု ခြင်းနှင့် မြှင့်တင်ခြင်း။

၇။ အမျိုးသားသတင်းအိမ်

အမျိုးသားသတင်းအိမ် **NCHM** ဆိုသည်မှာ အဘယ်နည်း။

ရိုးရိုးရှင်းရှင်းဆိုလျှင် အမျိုးသားသတင်းအိမ် **NCHM** ဆိုသည်မှာ သီးသန့်နိုင်ငံတစ်ခုအတွက် သဘောတူစာ

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဆိုင်ရာဆိုင်ရာဆက်စပ်သော သတင်းအချက်အလက်များပေးသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။ အမျိုးသား သတင်းအိမ်များစွာကိုပါတီများစွာက သဘောတူထားပြီးဖြစ်၍ အီးမေးလ်ရရှိသူများ ဦးရေများလာသော်လည်း ပါတီ အနည်းငယ်သာ သတင်းအိမ်ဝက်ဘ်ဆိုက်ကို တည်ထောင်နိုင်ခဲ့သည်။

မည်သည်သတင်းအချက်အလက်ကို **NCHM** ဝက်ဘ်ဆိုက်တစ်ခုက ပေးသနည်း။

မူဝါဒပြုသူများနှင့် စိတ်ဝင်စားသော ပါဝင်ပတ်သတ်သူများအား သဘောတူစာချုပ်အောက်တွင် တာဝန်ကျေ ပွန်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲကို အမျိုးသားအဆင့် ထိန်းသိမ်းရန်၊ ရေရှည်တည်တံ့အောင် အသုံးပြုနိုင်ရန်လိုအပ်သည့် အားလုံးသော အမျိုးသားဇီဝမျိုးစုံမျိုးကွဲနှင့်ဆက်စပ်သည့် သတင်းအချက်အလက်များ ပါဝင်သင့်သည်။ သတင်းအချက် အလက်များစုဆောင်းရန်နှင့် အလွယ်တကူသတင်းရနိုင်ရန်မှာ နည်းလမ်းများစွာ မရေမတွက်နိုင်အောင်ရှိသည်။ သာမန်အားဖြင့် သတင်းအချက်အလက်စုစည်းရန်နှင့်၊ အမျိုးအစားများခွဲခြားပုံတွင် **CBD** သဘောတူစာချုပ်၊ **NCHM** ဝန်ဆောင်မှုများ အမျိုးသားရေးအဆင့် ပါဝင်ဆောင်ရွက်မှုများ၊ အတူတွဲလုပ်ဖော်ဆောင်ဖက်များ၊ အချိတ်အဆက်များ နှင့် သတင်းများစသည်တို့ ပါဝင်နိုင်သည်။

လေ့ကျင့်ခန်း ၂။

စာရွက်စာတမ်းသုံးသပ်ချက်။ (၃၀ မိနစ်)

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ဆိုင်ရာ သင့်အစိုးရ၏ ကတိကဝတ်ပြုချက်များနှင့် အစီရင်ခံစာများကိုသိရှိခြင်း။

၁။ အစိုးရ၏ နောက်ဆုံး **NBSAPs** မိတ္တူများနှင့် **CBD** သို့တင်သော အစီရင်ခံစာများသည် ပါဝင်တက် ရောက်သူများရရှိသည်။ ပံ့ပိုးပေးထားသည်။

၂။ ပါဝင်တက်ရောက်သူများအား ၁၅မိနစ်ပေး၍ စာရွက်စာတန်းများကို ဖတ်ရှုစေပြီးငင်းတို့အစိုးရက ပေးထားသော ကတိကဝတ်များနှင့် ရင်းနှီးကျွမ်းဝင်ပါစေ။

၃။ ပါဝင်တက်ရောက်သူများသည် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း အထင်ရှားဆုံးကတိကဝတ် များနှင့် အောင်မြင်ပြီးမြောက်ခြင်းကို ခွဲခြားစိစစ်ပါစေ။

၄။ ၎င်းတို့ကိုယ်ပိုင်ဗဟုသုတနှင့်အတွေ့အကြုံအရ ပါဝင်တက်ရောက်သူများက ၎င်းတို့၏သက်ဆိုင်ရာ နိုင်ငံ များအတွင်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် အခြားကိစ္စများကို အလေးထားလျက် အမျိုးသားအဆင့်အစီရင်ခံစာများနှင့် **NBSAPs** အကောင်အထည်ဖော်ရာတွင် အသိသာဆုံးကွာဟ ချက်များကို ခွဲခြားစိစစ်သည်။

၈။ နိုင်ငံအဆင့်နှင့် ဒေသအဆင့်၌ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို အကောင်ထည်ဖော် ရန် ဌာနေတိုင်းရင်းသားများ၏ ရှေ့ဦးဆောင်ရွက်မှုများ။

အောက်ဖော်ပြပါ လေ့လာစရာအမှုတွဲက ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ကိုယ်ပိုင်နိုင်ငံများ၌ **CBD** ကို အကောင်ထည်ဖော်ရန် ရှေ့ဦးဆောင်ရွက်လှုပ်ရှားခဲ့သည်ကို သရုပ်ပြနေသည်။

တဂဲလ်စနစ် - မလေးရှားနိုင်ငံ စဘာမြို့ ငါးအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်ကောင်းတစ်ခု။

စဘားဒေသခံအုပ်စု ပြည်သူအများဆုံးတွင် ၎င်းတို့ကိုယ်ပိုင်အသက်နှင့်အမျှ ကြာမြင့်သော ဓလေ့ထုံး တမ်းများ ရှိသည်၊ သို့မဟုတ် အဒတ်နှင့် ရေအရင်းအမြစ်များနှင့် ၎င်းအတွင်းရှိ သက်ရှိအော်ဂဲလ်နစ်များ စောင့် ရှောက်ရန်နှင့် ကာကွယ်ရန်သဘောတူညီချက်ရှိသည်။ ၎င်းတို့အနက် တစ်ခုမှာ တဂဲလ်စနစ်သည် ဘွန်ဘုန်းဟု အချို့နေရာများတွင် လူသိများသည့် စပါးရှိဌာနေတိုင်းရင်းသားများဖြစ်သော ကာဒါဇန်ဒူဆန်နှင့် မြူရဲလ်လူ တို့က မျိုးရိုးစဉ်ဆက် အသုံးပြုသည့်နည်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကာဒါဖန်ဒူဆန်ဘာသာစကားအရ 'တဂဲလ်' ဆိုသည်မှာ 'တားမြစ်ခြင်း' ဖြစ်၏။ ဤစနစ်နောက်ကွယ်ရှိ ခံယူချက်မှာ စုပေါင်းပိုင်ဆိုင်မှုနှင့် တာဝန်၊ သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့အောင် အသုံးပြုမှုနှင့် ရှင်သန်မှုဘဝကို မျှတအောင်စီမံထိန်းသိမ်းခြင်းဖြစ်၏။ ၎င်း၌ အုပ်စုအဖွဲ့အစည်းတွင်းရှိ အရေးကြီးသော အရင်းအမြစ်များ ဥပမာ ရေစေးရေလဲ ဒေသသီးပင်များ၊ သားရိုင်းတိရစ္ဆာန်၊ မြစ်များကို စီမံထိန်းသိမ်းရန် ဖြစ်သည်။ သို့သော် အောင်မြင်စွာ အသုံးပြုခြင်းမှာ ငါးအရင်းအမြစ်များထိန်းသိမ်းစီမံခြင်း ဖြစ်၍အထူးသဖြင့် ရေသတ္တဝါများကို မြစ်အတွင်းမှ အလွန်အမင်းထုတ်ယူခြင်းနှင့် မြစ်ညစ်ညမ်းမှုကို ကာကွယ်ရန်ဖြစ်သည်။

၁၉၇၀ ခုနှစ်နောက်ပိုင်း၌ ငါးအရင်းအမြစ်များ စတင်လျော့ကျခဲ့ပြီး မြစ်ကမ်းပါးဝန်းကျင်တွင် သစ်ခုတ်ခြင်းက ငါးတို့၏ သားပေါက်ရာနေရာကို ဖျက်ဆီးလိုက်သောကြောင့် ငါးမျိုးစိတ်တို့ မျိုးတုန်းခြင်း နှုတ်ခမ်းဖျားတွင် ရှိနေကြပြီဖြစ်သည်။ ငါးတို့ကိုဖျက်ဆီးသော ငါးဖမ်းနည်းများက ငါးများမျိုးတုန်းစေသည်။ ဤသည်ကို သဘောပေါက်ခြင်းဖြင့် အချို့အုပ်စုများက တဂဲလ်စနစ်ကို ရိုးရာစနစ်နှင့် ယနေ့ စနစ်များပေါင်းစပ်ကာ အသုံးပြုကြသည်။ တဂဲလ်စနစ်သည် မြစ်များညစ်ညမ်းမှုမှ ကာကွယ်ခြင်း၊ ငါးမျိုးသုန်းခြင်းမှကာကွယ်ခြင်း၊ ငါးထုတ်လုပ်မှုကို အဓိကပရိုတင်း အရင်းအမြစ်နေရာတစ်ခုအဖြစ် ထုတ်လုပ်ခြင်း၊ ဗုံးခွဲခြင်း၊ လျှပ်စစ်၊ အဆိပ် စသည့် ဖျက်ဆီးသောငါးဖမ်းနည်းများသုံးခြင်းကို ရပ်တန့်စေခြင်းနှင့် ပြည်သူတို့အတွက် ဝင်ငွေရရှိရန် အခြားလုပ်ရှားမှုများဆောင်ရွက်ခြင်းကို ရည်ရွယ်၏။

တဂဲလ်တစ်ခုအား ရွာလူကြီးမှအုပ်ချုပ်၍ ဌာနေတိုင်းရင်းသားခေါင်းဆောင်မှ ဦးဆောင်ထိန်းသိမ်းသည်။ တဂဲလ် ကော်မတီတစ်ခုကို ရွာတစ်ရွာစီတွင် အုပ်စုတစ်ခုလုံးကသဘောတူထားသည့် တဂဲလ်စနစ်ဖြစ် ဥပဒေကြမ်း ဆွဲရန်တည်ထောင်သည်။ ကော်မတီများက တဂဲလ်စနစ်ဖြင့် နယ်နိမိတ်များကို ခွဲခြားစိစစ်သည်။ မြစ်၏ အနီး၊ အဝါ၊ အစိမ်း ဇုန်များကိုမှတ်သားသည်။ ဇုန်နီမှာ ငါးမျှားခြင်းလုံးဝတားမြစ်မြေ၊ ယေဘုယျအားဖြင့် ငါးသားပေါက်မြေ အရေးကြီးနေရာများဖြစ်သည်။ လိမ္မော်ဇုန်များမှာ တစ်နှစ်လျှင်တစ်ကြိမ် ငါးမျှားခွင့်ကို အုပ်စုမှခွင့်ပြုသည်။ ဇုန်စိမ်းမှာ တဂဲလ်ကော်မတီ၏သဘောတူညီချက်ဖြင့် ရွာသားများအား ငါးဖမ်းခွင့်ပြုသည့် နေရာများဖြစ်သည်။ ငါးဖမ်းရာတွင် အရွယ်အစားနှင့် မျိုးစိတ်အမျိုးအစား သတ်မှတ်ထားသည်။ အကယ်၍ အထူးပွဲလမ်းများ ဥပမာ ကလေးမွေးဖွားခြင်း ဓလေ့အတွက်ဆိုလျှင် တဂဲလ်ကော်မတီမှ သဘောတူခွင့်ပြုသည်။ တဂဲလ်အုပ်စုမှ အာမခံရသည်မှာ ပြည်သူအုပ်စုက ဤစနစ်ကြောင့် ပျော်ရွှင်အကျိုးများရမည်ဟူ၍ ဖြစ်သည်။ ၎င်းတို့သည် ရိတ်သိမ်းချိန်အတွင်း တဂဲလ်ဧရိယာ၌ အားလုံးသော အဖွဲ့ဝင်များမှငါးဖမ်းရန် အခွင့်အရေးရရှိမှု မျှတရပေမည်။

တဂဲလ်စနစ်က ငါးအရင်းအမြစ်စီမံခန့်ခွဲခြင်းနှင့် အုပ်စုအဖွဲ့အစည်းက ရေရှည်တည်တံ့အောင် အသုံးပြုခြင်းဖြင့် မြစ်ကိုထိန်းသိမ်းခြင်း၏ အရေးကြီးဆုံးစနစ်များမှ တစ်ခုအဖြစ် သက်သေထူထားသည်။ စပါးအစိုးရ၏ ရေထွက်ပစ္စည်းဌာနက အုပ်စုအဆင့်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည်ဟု တဂဲလ်စနစ်ကို သတိပြုမိလာသောအခါ ၎င်းတို့သည် တဂဲလ်ကို ၎င်းတို့၏ စီမံခန့်ခွဲမှု စီမံချက်တွင် လက်ခံအတည်ပြုလာသည်။ ကြာသော် စပါးပြည်တွင်း ငါးနှင့်ရေသတ္တဝါ မွေးမြူရေးဥပဒေ ၂၀၀၃ ကို လက်ခံအတည်ပြုလာသည်။ ဤသည်မှာ တဂဲလ်စနစ်အရ ချိုးဖောက်သူများအား အပြစ်ရှိကြောင်း မြို့နယ်တရားရုံးသို့ ဒဏ်ငွေရိုက်ရန် အသိအမှတ်ပြုသည်။

ဤသည်မှာ သဘာဝအရင်းအမြစ်များကာကွယ်ထိန်းသိမ်းရာတွင် အစိုးရနှင့် ပြည်သူအုပ်စုအကြား ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်း ပုံစံကောင်း တစ်ခုဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းကို ၎င်း၏ သဘာဝအရင်းအမြစ်နယ်မြေတွင် ထိန်းသိမ်းမှုနမူနာကောင်းတစ်ခုလည်း ဖြစ်သည်။ ဌာနေတိုင်းရင်းသားများ၏ ရိုးရာစီမံခန့်ခွဲမှုစနစ်အားအသိမှတ်ပြုခြင်းသည် ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ ၎င်း၏ အောင်မြင်ခြင်းကြောင့် စပါး၏မြင်ပရှိ အခြားပြည်နယ်အေဂျင်စီများကလည်း ဤစနစ်ကို ထပ်တူကျင့်သုံးနေသည်။ တဂဲလ်ကို ကျင့်သုံးသောသူအရေအတွက်လည်း နေ့တိုင်းကြီးထွားတိုးတက်ဆဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဖိလစ်ပိုင်ရိုးရာဗဟုသုတကွန်ယက်။

ဖိလစ်ပိုင်နိုင်ငံ၌ ဌာနေတိုင်းရင်းသားများသည် ဒေသခံလှုပ်ရှားဆောင်ရွက်မှုများကို စာရွက်စာတမ်းပြုသည်၊ ပြန်လည်ဆန်းစစ်သည်၊ မြှင့်တင်သည်၊ ၎င်းတို့ ဒေသခံဗဟုသုတ၊ ဘာသာစကား၊ ရိုးရာအလုပ်အကိုင်များ၊ မြေအသုံးပြုမှုအား ၎င်းတို့၏ ကိုယ်ပိုင်သံနှိဌာန်ချထားသည့် စုပေါင်းအခွင့်အရေးများကို အဆိုပြုထားသကဲ့သို့ပင် တာဝန်ယူသည်။ ဖွံ့ဖြိုးစေသည်။ ဖိလစ်ပိုင်ရိုးရာဗဟုသုတကွန်ယက်သည် မြောက်မှတောင်သို့ ကြီးမားကျယ်ပြန့်သော ရိုးရာဗဟုသုတကိုင်ဆောင်သူများ၏ ကွန်ယက်တစ်ခုဖြစ်သည်။ ဤကွန်ယက်သည် အခြားသူများထံမှ အတွေ့အကြုံများကိုသင်ယူရန် ဌာနေတိုင်းရင်းသားပြည်သူတို့အတွက် အခွင့်အရေးများကို ပေးခြင်းဖြင့် ဒေသတွင်းရှေ့ဦးဆောင်ရွက်မှုများကို အားဖြည့်ပေးခဲ့သည်။ ဤကွန်ယက်သည် နှစ်စဉ်တွေ့ဆုံ၍ ဒေသအဆင့်နှင့် အမျိုးသားအဆင့်၊ ရိုးရာဗဟုသုတနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကိုတိုးမြှင့်ရန် ဗျူဟာများနှင့် ဆောင်ရွက်မှုစီမံချက်များကို ထပ်မံဆင့်ပွားဆောင်ရွက်နေသည်။ အဖွဲ့ဝင်များမှခွဲခြားစိစစ်သည့် အရေးကြီးသောလှုပ်ရှားမှုတစ်ခုမှာ အုပ်စုအဖွဲ့အစည်း နေရာလှည့်ပြောင်းလေ့လာရေးဖြစ်ပြီး ၎င်းမှာ ကွန်ယက်အဖွဲ့ဝင်များသည် တစ်ဦးကိုတစ်ဦး အလည်သွားရောက်ကာ လူနေဝန်းကျင်ရှိ အတွေ့အကြုံများကို တိုက်ရိုက်သင်ယူလေ့လာခြင်းဖြစ်သည်။ ကွန်ယက်အုပ်စုအဖွဲ့စည်းဝင်တစ်ဦးသည် အခြားသောကွန်ယက်အဖွဲ့ဝင်များထံ လည်ပတ်ရောက်ရှိခြင်းကို ညှိခံစဉ်မှာ ၎င်း၏ အဆင့်မြင့်လက်တွေ့ဆောင်ရွက်ချက်များကို ရိုးရာဗဟုသုတကို အလေးထားလျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ထုံးတမ်းအစဉ်အလာဖြစ်သော အရင်းအမြစ်စီမံခန့်ခွဲမှု၊ ရေရှည်တည်တံ့အောင်အသုံးပြုခြင်း၊ ပြည်သူအုပ်စုများဖွံ့ဖြိုးတိုးတက်မှုကိုမီးမောင်းထိုး၍ဆောင်ရွက်ညှိခံသည်။ ယနေ့ထိ အုပ်စုလေးဖွဲ့သည်ကွန်ယက်အတွင်း အပြန်အလှန်သွားရောက်လေ့လာမှုကို အိမ်ရှင်အဖြစ် ညှိခံခဲ့သည်။

(၁) ဘူတစ်နွန်မှ တလန်ဒစ်အုပ်စု၊

(၂) ဘာဇူမြို့လိုတန်ရှိအီဘာလောအုပ်စု၊

(၃) ဘတန်၊ မိုရွန်ရှိမက်ဘူကန်အိုက်တာအုပ်စုနှင့်

(၄) စီဘူကေး၊ ဇန်ဘိုကာရှိဆူဘာနင်အုပ်စု။

ဤဌာနေတိုင်းရင်းသားများသည် မြောက်ပိုင်းမှတောင်ပိုင်းသို့ စုဝေးခြင်းမှာ အတွေ့အကြုံများကို ဆွေးနွေး၍ မျှဝေနိုင်သော အဖိုးတန်သောအခွင့်အရေးတစ်ခုကိုပေးသည်။

ကွန်ယက်သည်ကွဲပြားခြားနားသောခေါင်းစဉ်များ-ရိုးရာဗဟုသုတနှင့် မျိုးဗီဇအရင်းအမြစ်များ၊ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေနှင့်အုပ်ချုပ်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် စားနပ်ရိက္ခာ၊ လုံခြုံမှု၊ ကာကွယ်ရေိယာများ၊ ရိုးရာဗဟုသုတထွက်ကုန်များ၏ တန်ဖိုးများနှင့်အဆင့်များ၊ မြို့ပြစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းအတွက် အောက်ခြေလူတန်းစားရှေ့ဆောင်သူများအတွက် ရိုးရာဗဟုသုတ စသည်တို့ကိုတင်ပြဆွေးနွေးရန် အလုပ်ရုံများနှင့် ဆွေးနွေးပွဲများကို ဦးဆောင်ပေးနေသည်။ အမျိုးသားအဆင့် ဆွေးနွေးပွဲစကားဝိုင်းတို့ကိုမူ အစိုးရအဖွဲ့အစည်းများ၏ အေဂျင်စီများ ပါဝင်လျက်ကျင်းပခဲ့သည်။

ကွန်ယက်၏ အခြားလှုပ်ရှားဆောင်ရွက်မှုများမှာ ရိုးရာဗဟုသုတဆိုင်ရာ သီချင်းခွေထုတ်လုပ်ခြင်း (ချူဗာစီ) ၊ မြို့ပြနွမ်းပါးသောအုပ်စုအဖွဲ့ကိုအခြေခံသည့် ဌာနေတိုင်းရင်းသားများ မှုကြို၊ မြို့ပြစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများ (ဇီဝဓါတ်ငွေ့၊ တီကောင်များမွေးမြူခြင်း မြို့ပြအုပ်စုအဖွဲ့အစည်း၏ သီးခြားပညာရေး ကျွန်ဝင့်ကျောင်း)၊ ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာဇီဝမျိုးစုံမျိုးကွဲနေ့နှင့် အီဗာလော ဘာသာစကားသင်ခန်းစာနှင့် စကားပြောပွဲများကိုဆင်နွှဲရန် လူငယ်လူရွယ်/ကလေးများ၏ နွေရာသီ ဇီဝမျိုးစုံမျိုးကွဲစခန်းတို့ ဖြစ်ပါသည်။

www.burmeseclassic.com



အီဖြူကိုဒေသ တူနေဘတွင် ဂေဟစနစ်ချဉ်းကပ်မှုကိုအသုံးပြုခြင်း။

အီဖြူကို၊ တူနေဘ၏ ဘာတန်ဂေအုပ်စု(၅)စုမှ ကာလန်ဂူရာ ဌာနေတိုင်းရင်းသားများက ဂေဟစနစ်ချဉ်းကပ်မှုကိုအသုံးပြုသော ရှေ့ဦးစီမံချက်တွင် ပါဝင်ချိတ်ဆက်နေရန် သဘောတူခဲ့သည်။ ဤဧရိယာတွင် ဖိလစ်ပိုင်နိုင်ငံ ကာလန်ဂူရာရှိရေညှိများသော သစ်တောနောက်ဆုံးလက်ကျန်များကို တွေ့ရသည်။ ရေဝေရေလဲဒေသပံ့ပိုးမှုသည် အုပ်စုအဖွဲ့ ပိုင်ရေသွင်းစပါးစိုက်ပျိုးခင်း အတွင်းလည်းကောင်း၊ အိမ်သုံးအတွက်လည်းကောင်း၊ သမပိုင်းဇုံ ရာသီဥတု ဟင်းသီးဟင်းရွက်ခင်းများ မဂတ်မာလစ်-စီဖူမြစ် မြစ်ညာပိုင်းနှင့် မဂတ်ဆည်ကို ရေပေးသည်။ သမိုင်းအရ ဤဧရိယာသည် အဓိကအားဖြင့်လူမှုစီးပွားရေး ဆောင်ရွက်ချက်များကို ရေသွင်းစပါးစိုက်ပျိုးခြင်းအားဖြင့်လည်းကောင်း ရွှေ့ပြောင်းလယ်ယာမြေဖြင့်လည်းကောင်း ဆောင်ရွက်ရသည့် ကလန်ဂူရာ လူမျိုးတို့၏ အမဲလိုက်ရာ အစာစုဆောင်းရာ နေရာဖြစ်သည်။ အခြားသောလုပ်ကိုင်စားသောက်မှုများမှာ ဥယျာဉ်ပန်းခြံစိုက်ပျိုးခြင်း၊ အိမ်နောက်ဖေး တိရိစ္ဆာန်မွေးမြူရေး၊ စားကျက်နယ်မြေများ၊ သစ်သားလက်မှုပညာ၊ ပန်းပဲ၊ ဝါးလက်မှုပညာထုတ်လုပ်ခြင်း၊ ကြွံထုတ်လုပ်ခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းနှင့် ဆားထုတ်လုပ်ခြင်းတို့ပါဝင်သည်။

၁၉၉၀ခုနှစ်များတွင်အာလူးအချိုခင်းများကို စီးပွားဖြစ်အင်နှင့်အားနှင့် စိုက်ပျိုးသောဟင်းသီးဟင်းရွက်ထုတ်လုပ်ခြင်းသို့ပြောင်းလဲ၍ ဤဧရိယာ၏ဇီဝမျိုးစုံမျိုးကွဲကို ဆုတ်ယုတ်စေသော ရလဒ်ထွက်သည့် သစ်တောအဖြစ်သို့ပြောင်းလဲစေခဲ့ပြီ။ *ကလန်ဂူရာများသည် ကြွယ်ဝသော* ရိုးရာဗဟုသုတဖြစ်သည့် စိုက်ပျိုးရေး၊ သစ်တော၊ မြစ်အရင်းအမြစ်စီမံခန့်ခွဲမှု၊ တိုင်းရင်းပရဆေး အရင်းအမြစ်များထိန်းသိမ်းမှုတို့ရှိကြသည်။ မည်သို့ဆိုစေ ဤဗဟုသုတများစွာသည် ကြာရှည်မသုံးရတော့ပေ။

အောက်ပါအချက်များကိုသတ်မှတ်သည့် ဂေဟစနစ်ချဉ်းကပ်မှုအသုံးပြုသည့် နည်းလမ်းများမှာ နေရာရွေးချယ်ခြင်း၊ ဒေသခံဘာရန်ဂေနှင့် မြူနီစီပယ်အရာရှိများထံ စီမံချက်မိတ်ဆက်တွင် လွတ်လပ်သောဦးစားပေးအကြောင်းကြားသည့် သဘောတူညီချက်ရယူခြင်း **(FPIC)**၊ ပူးပေါင်းပါဝင်သော ဆောင်ရွက်ချက် သုတေသနနှင့် အတွေးကွင်းဆက်ရေးဆွဲခြင်း၊ သတိပြုမှုမြှင့်တင်ခြင်း၊ သိပ္ပံနှင့် ရိုးရာဗဟုသုတဆိုင်ရာပညာပေးရေးနှင့် လူနေဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုစီမံချက်ကို ပုံဖော်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

စီမံကိန်းပြီးမြောက်အောင်မြင်မှု (ယနေ့ထိတွင်) များမှာ မြေအသုံးပြုခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲကို ရိုးရာအလုပ်အကိုင်နှင့် နှိုင်းယှဉ်ခြင်းနည်းလမ်းနှင့် အခြေအနေများကို ရှေ့ဦးစိစစ်ချက်တစ်ခု၊ ပူးပေါင်းပါဝင်သောအတွေးကွင်းဆက်ရေးဆွဲခြင်းနှင့် ဧရိယာနှစ်ခုတွင်မြေသုံးခြင်းအဆင့်ကိုပြသော သရီးဒီမြေပုံဆွဲခြင်း၊ ရိုးရာဗဟုသုတနှင့် ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေအစပျိုးစာရွက်စာတမ်း၊ ရိုးရာဗဟုသုတအလေ့အကျင့်များနှင့် ဒေသခံတိုင်းရင်းသားတို့၏ နိုင်ငံရေးရာစနစ်များဖွံ့ဖြိုးမှုကို အားကောင်းစေခြင်းနှင့် မြှင့်တင်ခြင်းအတွက် အဓိကခေါင်းဆောင်များအားခွဲခြားသတ်မှတ်ခြင်းတို့ဖြစ်သည်။

ဤလှုပ်ရှားမှုများ၏ရလဒ်တစ်ခုအဖြစ် အုပ်စုအဖွဲ့ အစည်းပြည်သူများသည် ရိုးရာဗဟုသုတကိုကြီးမားစွာသဘောကျနှစ်ခြိုက်မှုကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ ၎င်းတို့သည် ရိုးရာဗဟုသုတနှင့် အလေ့အကျင့်များကို ရိုးရာမျိုးစေ့များ၊ မျိုးစေ့အလဲအလှယ်ပြုခြင်းတို့၌ အသုံးပြုခြင်းမှတဆင့် ရိုးရာဗဟုသုတနှင့် အလေ့ကျင့်များကို ပြန်လည်ဆန်းစစ်ရန် ကောက်ပဲသီးနှံပြက္ခဒိန်ကို ချင့်ချိန်ခြင်းအားဖြင့် စီမံချက်တစ်ခု လွှတ်ခဲ့သည်။အစိုးရသည် စီမံကိန်းကိုငွေကြေးပံ့ပိုးရန်ကတိကဝတ်ပေးခဲ့သည်။

အနာဂတ်အလုပ်အတွက် ပြည်သူအုပ်စုအဖွဲ့အစည်းက ယဉ်ကျေးမှုဆိုင်ရာပြန်လည်ဆန်းစစ်ခြင်းအတွက် စီမံကိန်းချရန် စီစဉ်သည်။ ရိုးရာဗဟုသုတပြန်လည်ဆန်းသစ်ရန်နှင့် အဓိကခေါင်းဆောင်များ၊ ရိုးရာဗဟုသုတပိုင်ရှင်များ၊ အုပ်ချုပ်သူများက ထုံးတမ်းအစဉ်အလာဖြစ်သော ဥပဒေပေါ်တွင် ဂေဟစနစ်များချဉ်းကပ်မှုအားဖွံ့ဖြိုးလာရေး တက်ကြွစွာဦးဆောင်နိုင်ရန် စီစဉ်ထားသည်။ ရိုးရာအလုပ်အကိုင်များတိုးမြှင့်ရန် ဦးဆောင်သူများကို ပံ့ပိုးပေးလိမ့်မည်။ ကလန်ဂူရာနယ်နိမိတ်အတွင်းရေးဆိုင်ရာ ရိုးရာဗဟုသုတအလေ့အကျင့်များနှင့် ဇီဝမျိုးစုံမျိုးကွဲကျဆင်းသည်ကို ကာကွယ်ထိန်းသိမ်းရန်အတွက် စီမံချက်များကို မြှင့်တင်ပေးရန် စီစဉ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


**သစ်တောပြည်သူစီမံချက် (FPP)၊ ပိုဒ်ခွဲ၁၀ (c) လေ့လာစရာအမှုတွဲ**

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သည် ဌာနေတိုင်းရင်းသားများက ဇီဝမျိုးစုံမျိုးကွဲရေရှည်တည်တံ့အောင် အသုံးပြုနေခြင်းကို သဘောတူစာချုပ်၏ ပိုဒ်ခွဲ၁၀ (c) အကောင်ထည်ဖော်ရာတွင် လမ်းညွှန်ပေးရန် အကောင်ထည် ဖော်ပေးရန် လာရောက်လေ့လာမှုများကို ဖိတ်ခေါ် ထားသည်။ ဤဖိတ်ခေါ်ချက်ကြောင့် (FPP) သစ်တောပြည်သူ အစီအစဉ်သည် ဗီနီဇွဲလာနိုင်ငံ၊ ဂူရာနာ၊ ဆူရီနိမ်း၊ ကင်မရွန်နှင့် ထိုင်းနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၏ အဖွဲ့အစည်းများနှင့်အတူ ၎င်းတို့၏ထုံးတမ်းစဉ်လာဖြစ်သော စနစ်များ စာရွက်စာတမ်းပြုရာတွင်၎င်း၊ ရေရှည်တည်တံ့အောင်အသုံးပြုခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် ၎င်းတို့၏ပေးဆောင်မှုကို စာရင်းမှတ်သားရာတွင်၎င်း၊ အမျိုးသားဥပဒေများ၊ အစိုးရမူဝါဒများနှင့် အားပေးရန်အတွက် စာရင်းကောက်ယူမှတ်သားရာ၌ လေ့လာစရာအမှုတွဲ(၅)ခုကို ကောက်ယူမှတ်သားခဲ့သည်။

အားလုံးသောသင်ခန်းစာ(၅)ခုသည် သိသာစွာရှုပ်ထွေးနေသော ကွဲပြားမှုဖြစ်စဉ်များနှင့် ထုံးတမ်းစဉ်လာအရ အရင်းအမြစ်သုံးစွဲမှုအမျိုးမျိုးကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ၎င်းတို့မှ အစဉ်အလာအများစုကို ဒေသအုပ်ချုပ်ရေးသစ်တော နှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာနများနှင့် ထိန်းသိမ်းရေးအေဂျင်စီများ၌ မမြင်နိုင်ပေ။ အမျိုးသားအဆင့် အတွေးအမြင်အရ ပြည်သူတို့ကို နောက်ကျန်နေသူများ၊ နိမ့်ကျသူများ၊ ထီးထီးနေအုပ်စုများ အဖြစ်စဉ်းစားသည်။ အမှန်မှာ သူတို့သည် မိမိတို့ဓလေ့များနှင့် အထူးဖြစ်သောဂေဟစနစ်များနှင့် ဒေသခံတို့နှင့်အတူ ၎င်းတို့၏ယဉ်ကျေးမှုများနှင့်အချိန်ကြာလှစွာဖွဲ့စည်းတည်ရှိသော အဖွဲ့အစည်းများတွင်အခြေပြုကာ ပတ်ဝန်းကျင်ဆိုင်ရာဓလေ့များ သိမ်းမွေ့ရှုပ်ထွေးပုံများဖြင့် ကြာမြင့်စွာ ရှင်သန်နေထိုင်လာကြသည်။

လူမှုအဆင့်စည်းမျဉ်းများ၊ သို့မဟုတ် တားမြစ်ပိတ်ပင်ချက်များက အုပ်ချုပ်စီမံသည့်အချိန် ကျော်လွန်ပြီးမှ အသုံးပြုသည့်အုပ်စုပြည်သူများ၏ ဥပဒေများ အဖြစ်ပိုဒ်ခွဲ ၁၀(င) ကိုညွှန်းသည့် 'ရိုးရာယဉ်ကျေးမှု အလေ့အကျင့်' များကို သုတေသနကပြန်ဆိုသည်။ အုပ်စုပြည်သူအချို့ပါဝင်သည့် လေ့လာမှုများသည် ထုံးတမ်းအစဉ်အလာဖြစ်သော ဥပဒေများ၏ ပုံစံကျသောသင်္ကေတအဖြစ် ဖွံ့ဖြိုးစေသည်။ သို့မဟုတ် ရေးချရာတွင် အားလုံးမှာ ပုံစံတကျမဟုတ်သော ထုံးတမ်းစဉ်လာများ၊ လူမှုရေးစည်းမျဉ်းများနှင့် လိုက်နာခြင်းကို အားပေးရန်အတွက် အများသိသောနည်းလမ်းများဖြင့် ရေးသည်။

လေ့လာစရာအမှုကိစ္စများသည် စာရွက်စာတမ်းထက် ပို၍အရှေ့သို့သွားနေသည်။ ဌာနေတိုင်းရင်းသားများ ကိုယ်ပိုင်အဖွဲ့အစည်းများပါဝင်ခြင်းနှင့် အုပ်စုအဖွဲ့အစည်းဝင်များခေါင်းဆောင်များ ပါဝင်ချိတ်ဆက်ခြင်းဖြင့် ဤလေ့ကျင့်ခန်းများကိုဆောင်ရွက်ခြင်းသည် ၎င်းတို့က အုပ်စုအဖွဲ့အစည်းပြည်သူများ အားကောင်းစေရန်၊ အမျိုးသားဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများအောက်ရှိ ဌာနေတိုင်းရင်းပြည်သူများအခွင့်အရေးအကြောင်း သတိပြုမှုတိုးမြှင့်ရန်၊ ထုံးတမ်းကိုလေးစားရန်၊ အုပ်စုအဖွဲ့အစည်း လူကြီးပိုင်းများ၏ ဉာဏ်ပညာနှင့်အတူ လူငယ်များကိုချိတ်ဆက်ရန် ၎င်းတို့၏နေ့စဉ်ဘဝများတွင် ဓလေ့ထုံးတမ်းအရဖြစ်သော အသုံးပြုခြင်းနှင့် ဥပဒေများကို ပြန်လည်ဆန်းစစ်ရာတွင်၎ စိတ်ဝင်စားမှုတိုးမြှင့်စေခြင်း ကျေးရွာအခြေပြုစီမံခန့်ခွဲမှု ဖွံ့ဖြိုးမှုစီမံချက်များနှင့် အာဏာပိုင်များနှင့်အတူ ပုံသေမဟုတ်သောစကားပြောခြင်းများ၏ အရေးပါပုံကို သဘောကျနှစ်သက်ရန်ဦးဆောင်သည်။

အားလုံးသော အုပ်စုအဖွဲ့အစည်းပုံပမာသင်ခန်းစာများတွင် သဘောတူညီချက်သို့ပါတီများ (နိုင်ငံများ) က၎င်းတို့၏ လိုအပ်ချက်များနှင့်အတူ ယနေ့လိုက်နာရန်လိုအပ်သည်တို့အပေါ် တွင် ခိုင်မာသောအကြံပြုချက်များ ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခန်း ၃။

အတူတကွ ရှာဖွေဆက်စပ်စဉ်းစားမှုများ။ (၃၀ မိနစ်)

၁။ အုပ်စုကြီးတစ်ခုအဖြစ်၊ ပါဝင်တက်ရောက်သူများက ဤမေးခွန်းကိုဖြေရန် ဦးနှောက်ကို အလုပ်ပေးကာ အတူတကွ ရှာဖွေဆက်စပ်စဉ်းစားကြသည်။ "အမျိုးသားရေးအဆင့်နှင့် ဒေသတွင်းအဆင့် **CBD** ကို အကောင်အထည်ဖော်ရာတွင် ဆက်လက်ဆောင်ရွက်သွားနိုင်သော ရှေးဦးလုပ်ဆောင်မှုများ (သို့) စီမံကိန်းများမှာ မည်သည်တို့ဖြစ်သနည်း။

၂။ ပံ့ပိုးကူညီသူက အကြံပြုထားဆောင်ရွက်ချက်များကို စာရင်းတစ်ခုပြုသည်။

၃။ အကြံပြုဆောင်ရွက်မှုများစာရင်းမှ ရွေးထုတ်၍ပါဝင်သူတစ်ဦးစီက ကဒ်ပြား၌ ရေးချ၍ အဆိုပြုချက်ကို ဖြည့်ရမည်မှာ ...

"ကျွန်ုပ်အိမ်ပြန်သောအခါ **CBD** အကောင်ထည်ဖော်ရန် ကျွန်ုပ်လုပ်ချင်သည်မှာ ______ "

၄။ အားလုံးသောပါဝင်သူများက ထိုကဒ်ပြားများကို သတ်မှတ်ထားသည့် ဘုတ်/နံရံတစ်ခုတွင် တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



# Notes:

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း ၃၂

## ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟစနစ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှု။

**ရည်မှန်းချက်များ။**

၁. ဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းအစဉ်အလာ သယံဇာတစီမံခန့်ခွဲပုံနှင့် ရေရှည်တည်တံ့အောင် အသုံးပြုပုံသည် ဂေဟစနစ်ချဉ်းကပ်မှုကို အသုံးပြုခြင်းနှင့် ကိုက်ညီနေမှုကို သဘောကျ နှစ်သက်ရန်။

၂. ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ဂေဟစနစ်ချဉ်းကပ်မှု၏ မူဝါဒများနှင့် အလုပ်လမ်းညွှန်များအကြောင်း နားလည်ရန်။

၃. အုပ်စုများ၊ အစိုးရများနှင့် အခြားသူများက ဂေဟစနစ်အတွင်း မည်သို့မည်ပုံ ဇီဝမျိုးစုံမျိုးကွဲ၏ ဂေဟစနစ်ချဉ်းကပ်မှုကို အသုံးပြုရာ၌ အခြားတစ်ဦး၏ အားထုတ်မှုကို ဖြည့်စွမ်းကူညီနိုင်သည်ကို စဉ်းစားရန်။

**အရင်းအမြစ်များ။**

- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟစနစ် ချဉ်းကပ်မှု (ပါဝါပွိုင့်)
- ဂေဟစနစ်ချဉ်းကပ်မှုကို သုံး၍သာအစဦး လမ်းညွှန်။
- အထူးရည်ရွယ်ချက်ဖြင့် ဖွဲ့ထားသော ဖိတ်ခေါ် အလုပ်အမှုဆောင် အဖွဲ့ပိုဒ်ခွဲ ၈ (ည) နှင့် ဆက်နွယ်သော ပေးဆောင်မှုများ၏ (၆) ကြိမ်မြောက် အစည်းအဝေး အစီရင်ခံစာ။

**အချိန်**

၃ နာရီ

**ဆောင်ရွက်ချက်။**

**လေ့ကျင့်ခန်း - ၁။**

**ဂေဟစနစ်ကိုနားလည်ခြင်း။ (၁၀ မိနစ်)**

၁. ကူညီပံ့ပိုးသူက ကုန်းမြေအဏ္ဏဝါ ကမ်းရိုးတန်း၊ သစ်တော၊ မြက်ခင်းပြင်၊ စိုက်ပျိုးမြေ၊ သဲကန္တာရ၊ ခြောက်သွေ့သော သို့မဟုတ် စွတ်စိုမြေများ၊ တောင်၊ ကျွန်း တို့ပါဝင်သော ကွဲပြားခြားနားသည့် ဂေဟစနစ်များကို ပုံများပြ မိတ်ဆက်သည့်လှုပ်ရှားမှုမှ စတင်ပါ။

၂. ပါဝင်သူများက ၎င်းတို့နှင့်သက်ဆိုင်သော ဂေဟစနစ်များကို ခွဲခြားရန်အတွက် မေးခွန်းမေးခံရပါမည်။

၃. တစ်နေရာမှ ကူညီသူက ဂေဟစနစ်တစ်ခုနှင့် ၎င်း၏အပိုင်းများကို မည်သို့ဖြစ်သည်ဟု အဓိပ္ပါယ်သတ်မှတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်သတ်မှတ်ချက်။ ဂေဟာစနစ်တစ်ရပ်ဆိုသည်မှာ အဘယ်နည်း။

ဂေဟာစနစ်တစ်ရပ်ဆိုသည်မှာ သီးခြားဝန်းကျင်တစ်ခုတွင်နေသော သက်ရှိများဖြင့် ဖွဲ့စည်းထားသော ဥပမာ-သစ်တောတစ်ခု၊ သန္တာကျောက်တန်းတစ်ခုနှင့် ၎င်းတို့ကို ထိခိုက်သော ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာအပိုင်းများတွင် နေထိုင်သော သက်ရှိအပင်သတ္တဝါတို့ ပါဝင်ဖွဲ့စည်းသည်။ ဂေဟာစနစ်၏ ယူဆချက်မှာ ဂေဟာဗေဒဘာသာရပ်ဟု အမည်တွင်သည့် ၎င်းတို့ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် သက်ရှိများအကြားဆက်စပ်မှုကို လေ့လာခြင်းအား သိပ္ပံပညာရှင်များမှ လွယ်ကူအောင်ပြုသည့် သဘာဝကို အစီအစဉ်တကျမြင်သည့်အမြင် ထင်စေခြင်းဖြစ်သည်။ ဂေဟာဗေဒဟု ကွင်းတွင်အသိများသည်။ ဗယားပုံ၏ ထိပ်စဉ်းဆုံးတွင် ကမ္ဘာဂြိုလ်သက်ရှိတို့ နေရာဝန်းကျင်ဖြစ်သည့် -ဇီဝနယ်- **(Biosphere)** ဟု အမည်တွင်သည်။ ဤဇီဝနယ်အတွင်း သက်ရှိအုပ်စုများ၏ များပြားသောအမျိုးအစား ဇီဝဂေဟာ **(Biomes)** ၎င်းတို့၏လွှမ်းမိုးသော အပင်စိမ်းစိမ်းများ ဥပမာ-မြက်ခင်းပြင်၊ အပူပိုင်းသစ်တော၊ သဲကန္တာရ ဟူ၍ များသောအားဖြင့် ဝိသေသပြုသည်။ ဇီဝဂေဟာများသည် အလှည့်အပြောင်းများဖြင့် ဂေဟာစနစ်များဖြစ်သည်။ ဂေဟာစနစ်တစ်ခု၏ သက်ရှိအစိတ်အပိုင်း ဥပမာ-အပင်၊ သတ္တဝါ၊ မြေတွင်းရှိ ဘက်တီးရီးယားများ စသဖြင့် အဖွဲ့အစည်းတစ်ခုဖြစ်၏။ ရူပဆိုင်ရာဝန်းကျင်၊ သို့မဟုတ် ဇီဝမဟုတ်သောအပိုင်း သက်ရှိပညတ်သောအပိုင်းများ ဥပမာ-မြေကြီးတွင်းရှိ သတ္တုများကို ပတ်ဝန်းကျင် သို့မဟုတ် နေထိုင်ကျက်စားရာမြေဟု ခေါ်တွင်သည်။

ဂေဟာစနစ် အစိတ်အပိုင်းများသည် ဂေဟာစနစ်တစ်ခု၏ အစိတ်အပိုင်း တစ်ခုခုအတွင်းရှိ ပြောင်းလဲခြင်းတစ်ခုသည် လွန်စွာ အတွင်းပိုင်းဆိုင်ရာ ဆက်စပ်မှုများ ရှိသည်ဖြစ်၍ စနစ်အတွင်း ကွင်းဆက်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည်။

ဂေဟာစနစ် စီမံခန့်ခွဲမှုအတွင်း ရှိ ဌာနေတိုင်းရင်းသားများ၏ ချဉ်းကပ်မှု။

လေ့ကျင့်ခန်း-၂။

ပုံပြင်ပြောခြင်း သို့မဟုတ် ပုံပမာသင်ခန်းစာတစ်ခုကို တင်ပြခြင်း။ (၃၀ မိနစ်)

အတွေ့အကြုံမျှဝေခြင်းဖြင့် ဌာနေတိုင်းရင်းသားများစနစ်၏ ဂေဟာစနစ်စီမံခန့်ခွဲမှုကို နှစ်ခြိုက်ခြင်း။

၁။ အရင်းအမြစ်လူ သို့မဟုတ် ပါဝင်သူနှစ်ဦးက သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုကို ဌာနေတိုင်းရင်းသားများအား နည်းလမ်းများဖော်ပြပေးရန် မေးခြင်း သို့မဟုတ် ၎င်းတို့၏ သက်ဆိုင်ရာအုပ်စုအတွင်း၊ ဂေဟာစနစ်ကို မည်သို့ စီမံခန့်ခွဲရသည်ကို ဖော်ပြရန် မေးခွန်းမေးခံရသည်။

၂။ ပုံပြင်ပြောပြီးသော် သို့မဟုတ် ကိစ္စရပ်ကိုတင်ပြပြီးသော် ပါဝင်သူများအားလုံးက မေးခွန်းများကို ဖြေရသည်။ ကူညီသူက ကဒ်တွင်မှတ်သည်။ ဘုတ်တွင် သင့်လျော်သလို ကော်လံဖွဲ့၍တင်သည်။
(ဂေဟာစနစ် စီမံခန့်ခွဲခြင်း၊ ဌာနေတိုင်းရင်းသားများချဉ်းကပ်မှု ဝိသေသလက္ခဏာများကိုဖော်ပြပါ။ ဥပမာ-လွှမ်းခြုံပါဝင်ကြည့်ခြင်း၊ တာရှည်ခံခြင်း၊ စုပေါင်းခြင်း၊ ထိန်းသိမ်းခြင်း၊ အားကောင်းခြင်း၊ ကနဦးတီထွင်ခြင်း စသည်ဖြင့်)

၃။ ကူညီသူက အဖြေများကို အကျဉ်းချုပ်ရေးသည်။ အဓိကအချက်များကို ထုတ်သည်။ ထို့နောက် ခေါင်းစဉ် ဂေဟာစနစ်ချဉ်းကပ်မှုကို ဆက်စပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်းမှုနှင့် ဆွေးနွေးချက်။ (၃၀ မိနစ်)

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟစနစ်ချဉ်းကပ်မှုဆိုသည်မှာ အဘယ်နည်း။

ဂေဟစနစ် ချဉ်းကပ်မှုဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အတွက် ပဏာမ လုပ်ရှားမှု မူဘောင်ဖြစ်သည်။ ၄င်းသည် ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့သောအသုံးပြုမှုကို မျှတသည့်နည်းလမ်း ဖြင့် မြှင့်တင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စနစ်များနှင့်အတူ သဘာဝစနစ်ချိတ်ဆက်မှုကို စဉ်းစားခြင်းအားဖြင့် ရေ၊ မြေ၊ သက်ရှိအရင်းအမြစ်များကို စီမံခန့်ခွဲမှု ဗျူဟာဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က ဂေဟစနစ်ချဉ်းကပ်မှုအောက်တွင် အဆင့် (၅)ဆင့်အားဖြင့် အကောင်အထည်ဖော်ရန် မျှော်လင့်သည်။ ၄င်းအဆင့်များမှာ ။-

အဆင့်-၁။ အဓိက ရင်းနှီးမြှုပ်နှံပါဝင်သူများကို ဆုံးဖြတ်ပါ။ ဂေဟစနစ်ဧရိယာကို သတ်မှတ်ပါ။ ၄င်းတို့အကြား ဆက်စပ်မှုကို ဖွံ့ဖြိုးပါစေ။

အဆင့်-၂။ ဂေဟစနစ်၏ တည်ဆောက်ပုံ၊ အလုပ်ကိုဖော်ပြပါ။ စီမံခန့်ခွဲမှုအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုကို ပံ့ပိုးခြင်းနှင့် ပူးတွဲဆက်နွယ်ဆောင်ရွက်ခြင်းအပါအဝင် ၄င်းကိုစီမံခန့်ခွဲရန် စောင့်ကြည့်ကြီးကြပ်ရန် အလုပ်ယန္တရား နေရာချပါ။

အဆင့်-၃။ ဂေဟစနစ်နှင့် ၄င်းတွင်နေထိုင်သည့်သက်ရှိများကို ထိခိုက်စေနိုင်သည့် အရေးကြီးသော အကြောင်း များကို ခွဲခြားစိစစ်ပါ။

အဆင့်-၄။ ဂေဟစနစ်ပေါ်တွင် သက်ရောက်မှုနှင့် ၄င်းနှင့် ထိစပ်ဂေဟစနစ်များပေါ်တွင် သက်ရောက်မှုကို ဆုံးဖြတ်ပါ။

အဆင့်-၅။ ရေရှည်ပန်းတိုင်များနှင့် ၄င်းတို့ကို စောင့်ကြည့်ကြပ်မတ်ခြင်း ပုံသေမဟုတ်သော ချဉ်းကပ်ရောက်ရှိနိုင် ခြင်း။

၂။ ဂေဟစနစ်ချဉ်းကပ်မှုကို အသုံးပြုရာတွင် မှတ်မိရန်ပစ္စည်းများ။

ဦးစွာ-ချဉ်းကပ်မှုမူမှာ အသုံးပြုရန်အတွက် နည်းလမ်းတစ်ခုတည်းမဟုတ်ပါ။
ဒုတိယ-ဌာနေ ရင်းနှီးမြှုပ်နှံပါဝင်သူတို့သည် ဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရာ၌ ပါဝင်သင့်သည်။
တတိယ-သင်သည်ဂေဟစနစ်ချဉ်းကပ်မှုကို အသုံးပြုနေသည်ဖြစ်မည်။
စတုတ္ထ- သက်မွေးဝမ်းကြောင်းနှင့် ဆက်စပ်သည့်မူများမှာ စီးပွားရေးအကျိုးအမြတ်ကို ဦးတည်သည်။
နောက်ဆုံး- အကြောင်းရပ်များမှာ အခြေခံကျသောကုန်များထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို စီမံထိန်းသိမ်း သောဂေဟစနစ်နလန်ထူမှုနှင့်အတူလုပ်စရာများစွာရှိသည့်စားဝတ်နေရေး၊လုံခြုံမှုနှင့်ဆက်စပ်သောအကြောင်း များမှာ သာမန်အားဖြင့် မစဉ်းစားကြခြင်းပင်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟစနစ်ချဉ်းကပ်မှုကိုအသုံးပြုရာ၌ လုပ်ဆောင်ရန် လမ်းညွှန်များ။

အောက်ပါတို့သည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ဝက်ဘ်ဆိုက်မှ ရရှိသည့်ဂေဟ စနစ်ချဉ်းကပ်မှုကို သုံးသော စဦးသုံးပြုသူ၏ လမ်းညွှန်လက်စွဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ မိတ်ဆက်။

ဂေဟစနစ်ချဉ်းကပ်မှုသည် တန်ဆာပလာတစ်ခုဖြစ်သည်။ ၎င်းသည်အခြားသောဝတ္ထုများ၊ ကာကွယ်ဧရိယာများ၊ ဂေဟစနစ်ကွန်ယက်အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်သုံးနိုင်သော မူဘောင်ကိုပေးသည်။ ရေ၊ မြေ၊ သက်ရှိအရင်းအမြစ် စီမံခန့်ခွဲမှု ဂေဟစနစ်ချဉ်းကပ်မှုကို အသုံးပြုရန် မှန်ကန်သောလမ်းတစ်လမ်းတည်း ရှိသည်မဟုတ်ပါ။ ဂေဟစနစ်ကို ထင်ရှားစေသောမူများမှာ ကွဲပြားသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်နောက်ခံများတွင် စီမံခန့်ခွဲသောအကြောင်းများကို အပြောင်းအလဲ သင့်လျော်သလိုဖြင့် ပြန်ဆိုနိုင်သည်။

ဌာနများနှင့် အစိုးရများက အပိုင်းလိုက်၊ ပုံပိုးဖြည့်စွက်မှု သို့မဟုတ် ဂေဟစနစ်ချဉ်းကပ်မှု နှင့် ညီမျှသည်။ (ဥပမာ-တာဝန်ရှိသော ငါးဖမ်းကျင့်ဝတ်များ) ရေရှည်တည်တံ့သော သစ်တောထိန်းသိမ်းမှု၊ လိုက်လျောညီထွေသော သစ်တောစီမံခန့်ခွဲမှု) လမ်းညွှန်များကို ဖွံ့ဖြိုးစေခဲ့သည်။ ဂေဟစနစ် အကောင်အထည်ဖော်ရန် ရွေးချယ်စရာများ ရှိသည်။ ဥပမာ-ဒေသဆိုင်ရာနှင့် နိုင်ငံဆိုင်ရာမူဝါဒများ လုပ်ငန်းစဉ်များ စီမံကိန်းရေးဆွဲခြင်း၊ ဌာနဆိုင်ရာ စီမံချက်တို့ ပါဝင်နိုင်သည့်မူများဖြစ်သည်။ ၎င်းတို့မှာ ဒေသအဆင့်စီမံကိန်းငယ်တို့တွင်လည်း သုံးနိုင်သည်။

၂။ ဂေဟစနစ်ချဉ်းကပ်မှုသုံးရန်အဆင့်များ။

ပြဿနာအဓိပ္ပါယ်သတ်မှတ်ချက်။

ပထမအလုပ်များ ပြောဆိုရန်လိုအပ်သော ပြဿနာ သို့မဟုတ် ပြဿနာများကို သတ်မှတ်ရန်ဖြစ်သည်။ ဥပမာ-ကျွန်းတစ်ကျွန်းတွင် ဒေသခံအမျိုးစိတ်မဟုတ်သည့် ကျူးကျော်မျိုးစိတ်ကို ထိန်းချုပ်ခြင်း။ အကယ်၍ ပြဿနာမှာရှုပ်ထွေးပါက ပြဿနာကိုအငယ်များခွဲချလျှင် ပြောဆိုရန်လွယ်ကူစေသည်။ ဥပမာ-စွတ်စိုဂေဟစနစ်ကို ၎င်း၏ ရေရှည်တည်တံ့သော အသုံးပြုခြင်းကို ကူညီနေသည့်အခိုက် ထိန်းသိမ်းပေးပြောဆိုရန် လိုမည်မှာ၊ (၁) ဂေဟဆိုင်ရာ စွတ်စိုမြေသယံဇာတများကို ရေရှည်တည်တံ့မှုမရှိစေသည့် အသုံးပြုခြင်းများမှ ထွက်ပေါ်လာသည့် အရည်အသွေး လျော့ကျလာခြင်းကို ထိန်းရန် (၂) ကျေးလက်အုပ်စုများ၏ ကောင်းကျိုး၊ ဥပမာ-ကျန်းမာရေး၊ ပညာရေး၊ အစားအစာလုံခြုံမှု နှင့် ယဉ်ကျေးမှုတန်ဖိုးများ။

အကြောင်းရပ်များကို ခွဲခြားစီစစ်ပြီးသောအခါ နောက်ထပ်အဆင့်မှာ ပြဿနာကိုပြောဆိုရန် မည်သည့် အလုပ်မျိုးက ခွင့်ပြုသနည်း။ ပြဿနာကို ဆောင်ရွက်မှုစီမံချက်တစ်ခု စီစစ်ခွဲခြားခြင်းကိုရေးရှုသည့် ကနဦးအဆင့် တစ်ခုအဖြစ် အောက်ပါအတိုင်းအလုပ်များမှာ မှတ်သားကောက်ယူနိုင်သည်။ လုပ်ငန်းစဉ်ကို လှုပ်ရှားမှုများ ဆောင်ရွက်ရန် ဦးစားပေးဆုံးဖြတ်နိုင်သည်။

၃။ ပြဿနာများခွဲခြားစီစစ်ရန် အလုပ်များအားခွဲခြားစီစစ်ခြင်း။

ဂေဟစနစ်ချဉ်းကပ်မှုမူများမှ အောက်ပါအလုပ်များကို ဆွဲနိုင်သည်။ ကိစ္စရပ်တစ်ခုစီတွင် ဂေဟစနစ်ချဉ်းကပ်မှုမူကို မေးခွန်းတစ်ခုအဖြစ် စာလုံးများပြင်ဆင်၍ ပြဿနာများပြောဆိုရန် ဆက်စပ် မေးမြန်းနိုင်သည်။ ပြဿနာများအား အရေးကြီးဦးစားပေးပုံစံဖြင့် စီထားမည်မဟုတ်ပါ။ ၎င်းတို့ကို ပြဿနာနှင့် အကောင်းဆုံးမည်သို့ ဂွင်သင့်မည်ကို နည်းလမ်းတစ်ခုရှာသင့်သည်။ မေးခွန်းများကိုဖြေဆိုနည်းမှာ အလုပ်များအကြောင်း ၎င်းများတစ်ခုစီ၏ နောက်ကွယ်တွင်ရှိသည်ကို သတင်းပိုမို၍ရရန် အဆင့်မြင့်လမ်းညွှန်လက်စွဲကို ညွှန်းပေးပါ။

လုပ်ငန်း-၁။ ရေ၊ မြေနှင့် သက်ရှိသယံဇာတနှင့်တကွ ဆုံးဖြတ်ချက်များ သင်သည်အုပ်စုဝင်အဖြစ် မည်သို့ပါဝင်သနည်း။

လုပ်ငန်း-၂။ စီမံခန့်ခွဲမှုကို ဗဟိုဦးစီးမဟုတ်စေရန် အနိမ့်ဆုံးသင့်လျော်သည့်အဆင့် သင်မည်သို့ အာမခံနိုင်သနည်း။

လုပ်ငန်း-၃။ စီမံခန့်ခွဲမှုလုပ်ငန်းများ (ဖြစ်နိုင်ချေ သို့မဟုတ် အတိအကျ) ၏ ကပ်လျက်နှင့် အခြားဂေဟစနစ်များ

www.burmeseclassic.com

www.burmeseclassic.com


အပေါ်တွင် သက်ရောက်မှုကို သင်မည်သို့တာဝန်ယူသနည်း။
လုပ်ငန်း-၄။ စီးပွားရေးနောက်ခံကို စျေးကွက်ကစားခြင်း လည့်ပြောင်းခြင်းများက ဇီဝမျိုးစုံမျိုးကွဲကို ယုတ်လျော့စေသည်ကို မြင်သိရန် မည်သို့နားလည်စေနိုင်သနည်း။ ဇီဝမျိုးစုံမျိုးကွဲနှင့် ရောသွင်းသုံးစွဲနိုင်မှုတိုးမြှင့်ရန် မည်သို့ဆွဲဆောင်မှု တိုးပွားစေမည်နည်း။ ဂေဟစနစ်ကုန်ကျငွေနှင့် အကျိုးအမြတ် မည်သို့မျှဝေသားမည်နည်း။
လုပ်ငန်း-၅။ ဂေဟစနစ်ကွင်းဆက်ပုံကို ထိန်းသိမ်းရန်နှင့် အလုပ်လုပ်ရန်ကို ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းစီမံရန်အတွက် လမ်းကြောင်းများသုံးမည်နည်း။
လုပ်ငန်း-၆။ ၎င်းတို့၏လုပ်ငန်းတွင် သတ်မှတ်ချက်များအတွင်း ဂေဟစနစ်များကို မည်သည့်နည်းများဖြင့် ထိန်းသိမ်းရန် စီမံအာမခံနိုင်မည်နည်း။
လုပ်ငန်း-၇။ ပြဿနာများကို သင့်လျော်သောအချိန်၊ သင့်လျော်သောနေရာ၊ သင့်လျော်သော အချိန်ယူပြောဆိုရန် မည်သည့်လှုပ်ရှားမှုများ ပြုရမည်နည်း။
လုပ်ငန်း-၈။ ဂေဟစနစ်ကို ရေရှည်အသုံးပြုနိုင်ရန်စဉ်းစားရာတွင် နောက်ကျန်နေသော/ ဖွံ့ဖြိုးမှု နှေးသောသက်ရောက်မှုများနှင့် ကွဲပြားခြားနားသော အချိန်ပေးမှုများကို မည်သို့ဆောင်ရွက်မည်နည်း။
လုပ်ငန်း-၉။ ပြဿနာများကို ခွဲခြားစီစစ်ရန် လိုက်လျောညီထွေစီမံခန့်ခွဲမှုကို မည်သို့ပြုနိုင်မည်နည်း။
လုပ်ငန်း-၁၀။ ထိန်းသိမ်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲအသုံးပြုခြင်းကြား / ယှက်နွယ်မှုကို မည်သို့ဆီလျော်အောင် ချိန်ဆနိုင်မည်နည်း။
လုပ်ငန်း-၁၁။ သိပ္ပံနည်းကျ၊ ဌာနေတိုင်းရင်းသားများနှင့် ဌာနေဗဟုသုတ၊ တီထွင်မှုနှင့် လက်တွေ့ပြုလုပ်မှုများအပါအဝင် သက်ဆိုင်သောဗဟုသုတ အားလုံးသောပုံစံများကို မည်သို့အာမခံမည်နည်း။
လုပ်ငန်း-၁၂။ သိပ္ပံနည်းကျ စည်းကမ်းများနှင့် လူ့အဖွဲ့အစည်း အားလုံးသောကဏ္ဍများ အပါအဝင် အားလုံးသောသက်ဆိုင်ပါဝင်သူများ၏ ပါဝင်မှုကို မည်သည့်နည်းများဖြင့် ကူညီနိုင်သနည်း။

အရေးကြီးသော မှတ်သားသတိရရန်မှာ ဂေဟစနစ်ချဉ်းကပ်မှု အကောင်အထည်ဖော်ရာတွင် မည်သည့်မှန်ကန်သည့် နည်းလမ်းတစ်ခုမျှမရှိပါက မူလအားလုံးမှာ တစ်ခုလုံးကိုလွှမ်းခြုံကြည့်ပြီး သီးခြားအခြေအနေအလိုက် သင့်လျော်သော ဝန်ပိမှုကိုသာပေးသင့်ပါသည်။

ခွဲခြားမရသည့်ကိစ္စရပ်များ။

အုပ်စုအဖွဲ့အစည်းများ ပါဝင်ပတ်သက်သူများဆက်စပ်မှု၊ နိုင်ငံရေးဆိုင်ရာ အသင်းအဖွဲ့အစည်းဆိုင်ရာ စိတ်ပါမှုကို လေ့ကျင့်ရန်နှင့် အားကောင်းလာစေရန် အခြားအလှူရှင်များ၊ ငွေကြေးတာဝန်ယူသူများဆီမှ အောင်မြင်သောရလာဒ်များအတွက် အရေးကြီးသည့် စွမ်းရည်မြှင့်တင်မှုကို ငွေကြေးနှင့် အဆောက်အအုံတို့မှတဆင့် ပံ့ပိုးခြင်းသည် အောင်မြင်မှုအတွက်အရေးကြီးသည်။

ခွဲခြားမရသည့်ကိစ္စရပ်များ။

အုပ်စုအဖွဲ့အစည်းများ ပါဝင်ပတ်သက်သူများ ဆက်စပ်မှု၊ နိုင်ငံရေးဆိုင်ရာ အသင်းအဖွဲ့အစည်းဆိုင်ရာ စိတ်ပါမှုကို လေ့ကျင့်ရန်နှင့် အားကောင်းလာစေရန် အခြားအလှူရှင်များ၊ ငွေကြေးတာဝန်ယူသူများဆီမှ အောင်မြင်သောရလဒ်များအတွက် အရေးကြီးသည့်စွမ်းရည်မြှင့်တင်မှုကို ငွေကြေးနှင့် အဆောက်အအုံတို့မှတဆင့် ပံ့ပိုးခြင်းသည် အောင်မြင်မှုအတွက် အရေးကြီးသည်။

သတင်းအချက် သုတေသနနှင့် ဖွံ့ဖြိုးမှု။

အရင်းအမြစ်၊ ဇီဝရူပ၊ လူမှု၊ စီးပွားရေး သတင်းအချက်အလက်များသည် ဂေဟစနစ်ချဉ်းကပ်မှုကိုသုံးသော စီမံကိန်းတစ်ရပ် အောင်မြင်စွာအကောင်အထည်ဖော်မှုအတွက် အရေးကြီးပါသည်။ ဗဟုသုတလစ်ဟာမှုများကို သွားရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလိုအပ်မည်။ သတင်းအချက်သည် အားလုံးသောပါဝင်ပတ်သက်သူများကို အားပေးရန်နှင့် ဆုံးဖြတ်ချက်ချရန် ပို၍ ထင်လင်းမြင်သာစေရန် ခွင့်ပြုဖို့ အလွယ်တကူ ရရှိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြပ် ကြည့်ရှုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။

စောင့်ကြပ် ကြည့်ရှုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းသည် ဂေဟာစနစ်ချဉ်းကပ်မှု မူဘောင်ကို သုံးသည့် မည်သည့်အစီအစဉ်မဆို အရေးကြီးသောအပိုင်းများဖြစ်သည်။ ၎င်းတို့က ဖွံ့ဖြိုးရန် အလုပ်နှင့်ရလဒ်အပေါ် အစီရင်ခံခြင်းတို့အတွက် ဆီလျော်တုန့်ပြန်သော စီမံခန့်ခွဲမှုတစ်ခုကို ခွင့်ပြုသည်။

အုပ်ချုပ်မှု။

ဂေဟာစနစ်ချဉ်းကပ်မှု အောင်မြင်သောအသုံးပြုခြင်း အခက်အခဲတစ်ခုရှိလျှင် ကောင်းမွန်သော အုပ်ချုပ်မှုသည် မရှိမဖြစ်လိုအပ်သည်။ ကောင်းမွန်သောအစိုးရခြင်း ပြည်သူအတွက်လိုအပ်ချက်ကို တုန့်ပြန်မှုပေးသော ကောင်းမွန်သည့် ပတ်ဝန်းကျင်၊ အရင်းအမြစ်နှင့် စီးပွားရေးရာ မူဝါဒများနှင့် အုပ်ချုပ်မှုအဖွဲ့အစည်းများ ပါဝင်သည်။ ကိစ္စရပ်များပြီးမြောက်ကောင်းမွန်ရန် မည်သို့လုပ်ရမည်ကို သတ်မှတ်ခွဲခြားခြင်းသည် စီမံခန့်ခွဲမှု စီမံချက်တစ်ရပ်ကိုတီထွင်ရန် နောက်အဆင့်ကိုမြှင့်တင်ပေးသည်။

စီမံခန့်ခွဲမှု စီမံချက်တစ်ရပ်ဖန်တီးခြင်း။

စီမံချက်တစ်ရပ်ဖန်တီးရန် လမ်းမှန်ဟူ၍မရှိ။ အခြေအနေတိုင်းသည် ခြားနားပြီး မည်သည့်စီမံကိန်းအောက်တွင်အလုပ်လုပ်မည် သို့သော် အခြေအနေကိုအံဝင်တကျစီမံချက်ကို ထိန်းပေးရန်အရေးကြီးပါသည်။

အောက်ပါတို့မှာ စီမံချက်စီမံခန့်ခွဲရာတွင် ဖွံ့ဖြိုးမှုအတွက် သော့ချက်အဖြစ်စဉ်းစားသည့် အဆင့်များဖြစ်သည်။

ကိစ္စရပ်များ ခွဲခြားသတ်မှတ်ခြင်း။

ကိစ္စရပ်သတ်မှတ်ခွဲခြားစိစစ်ခြင်းနှင့် စီမံကိန်းဆွဲခြင်းဖွံ့ဖြိုးမှုမှာ ခွဲခြားရန်ခက်ခဲသည်။ ဂေဟာစနစ်ချဉ်းကပ်မှုအသုံးပြုခြင်းမှာ အကြောင်းတစ်ခုဖြစ်သင့်သည်။ အကြောင်းကိစ္စတစ်ရပ် သို့မဟုတ် အများခွဲခြား စိစစ်ခြင်းကို ကဏ္ဍ (၃) အထက်တွင် ချထားသည့်အလုပ်ကိုကျော်၍ ကောက်ယူမှတ်သားနိုင်သည်။

စီမံကိန်းတစ်ခုစီမံရန် ပုံကြမ်းဖန်တီးခြင်း။

စီမံခန့်ခွဲမှုပုံကြမ်းတွင် အလုပ်များချမှတ်ပြီး ပါဝင်သူကို ဆုံးဖြတ်ခြင်းနှင့် ဆောင်ရွက်မှု အချိန်ဇယားအကြမ်း ဖန်တီးခြင်းပါဝင်သည်။

အချိန်ချခြင်း။

စီမံကိန်းတစ်ခုအတွက်မှန်ကန်သောအချိန်ချမှတ်ခြင်းသည်အရေးကြီးသည်။ အခွင့်အရေး သို့မဟုတ် အခြေအနေများက စီမံကိန်းအောင်မြင်မှုကို ကူညီနိုင်/နှောင့်ယှက်နိုင်သည်များကား-

- နိုင်ငံရေးတည်ငြိမ်မှု
- အစိုးရနှင့်အဖွဲ့အစည်းများ၏ ပြန်လည်ဖွဲ့စည်းခြင်း
- အစိုးရသစ်၏မူဝါဒနှင့် ဗျူဟာများ
- ဂေဟာစနစ်ပြန်လည်ထိန်းသိမ်းရန် သို့မဟုတ် စီမံခန့်ခွဲရန် ယူသောအချိန်မှာ လျော့တွက်၍မရပေ။
- ပါဝင်သက်ဆိုင်သူများက အကယ်၍ ဖြစ်နိုင်သည့်အချိန်ချခြင်းကို ပေးသင့်သည်။ သို့မှသာ စီမံခြင်းမှ လှုပ်ရှားခြင်းနှင့် ရသည့်ရလဒ်များအတွက် ပေးသည့်အချိန်ကြောင့် စိတ်ရှုပ်ထွေး စိတ်ပျက်ခြင်း ဖြစ်မည် မဟုတ်ပေ။

အဓိကလုပ်မည့်သူများ။

မူလပထမအလုပ်မှာ မည်သည့်အဖွဲ့အစည်းက စီမံကိန်းဖွံ့ဖြိုးမှုကို ဦးဆောင်ဦးရွက်ပြုသင့်သည်။ ဆောင်ရွက်မှုပြုသည်ကို ဆုံးဖြတ်ရန်ဖြစ်၏။ အဖွဲ့တစ်ခုတည်းပေါ်၌ ပုံမပေးသင့်။ အကြောင်းမှာ အောင်မြင်မှုအတွက်

www.burmeseclassic.com

www.burmeseclassic.com


ဖိအားဖြစ်နိုင်သည်။ အစိုးရဖြစ်စေ၊ အစိုးရမဟုတ်သောအဖွဲ့ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုတည်းက အခြားသော ပါတနာ တွဲဖက်လုပ်ဆောင်သည့်အသင်းများနှင့်အတူ အလုပ်လုပ်ရန် တစ်ဆင့်တည်း အပြည့်အဝကတိပြုခြင်းမှာ မကြာခဏရှိသည့် အောင်မြင်သောစီမံကိန်းများရှိ၏။

ပါဝင်ပတ်သက်သူများနှင့် ချိတ်ဆက်ခြင်း။

ပါဝင်ပတ်သက်သူများနှင့်အတူ မြန်နိုင်သမျှ မြန်မြန်ချိတ်ဆက်ပါ။ ကြိုတင်ဆွေးနွေး တိုင်ပင်ခြင်းများသည် ပြည်သူကို ၎င်းတို့စီမံခန့်ခွဲမှု စီမံရန်ဖွံ့ဖြိုးမှုကို ပေးနိုင်သည်။ အထူးသဖြင့် အခြားလုပ်ရှားမှုများအပေါ် သက်ရောက်မှုများရှိခဲ့လျှင်ဟု ခံစားမှုလျော့စေရန် အရေးကြီးပါသည်။ ပါဝင်ပတ်သက်သူများက စီမံကိန်းဖွံ့ဖြိုးမှု ကူညီရန် အတွေးအခေါ်နှင့် တုန့်ပြန်မှုများပေးနိုင်သည်။

ရည်မှန်းချက်များချမှတ်ခြင်း။

စီမံကိန်းအားလုံးသည် ကောင်းစွာသတ်မှတ်သည့်အဆင့် ခွဲခြားစိစစ်နိုင်သည့် ရည်မှန်းချက်များ လိုအပ်သည်။ ဤလုပ်ရှားမှုမှန်သမျှ ပါဝင်ပတ်သက်သူများ ဆွေးနွေးချက်များမှတဆင့် သဘောတူညီသင့်သည်။ သို့မှသာ ပြောဆိုရန်အကြောင်းရပ်များနှင့် လှုပ်ရှားမှုများကို နားလည်ခြင်းကို သဘောတူနိုင်၊ နားလည်နိုင်သည်။

စီမံကိန်းပုံစံ။

စီမံကိန်းပုံစံဖွံ့ဖြိုးမှုတွင် စဉ်းစားသင့်သည်မှာ ၊-

- လိုက်လျောညီထွေစီမံခန့်ခွဲမှု
- ရေရှည်ရရှိနိုင်မှု
- စီမံကိန်းမှန်သမျှ အန္တိမရည်မှန်းချက်မှာ စီမံကိန်းသက်တမ်း ကုန်သွားသည့်နောက်ပိုင်းတွင် ရည်မှန်းချက် ဆက်လက်ရှိခြင်းဖြစ်သည်။ ငွေကြေးတည်ငြိမ်မှု ရေရှည်ခံနိုင်မှု/ရနိုင်မှု၏ သော့ချက်လည်းဖြစ်သည်။

နယ်နိမိတ်သတ်မှတ်ခြင်း မြင်ကွင်းနှင့် အချိန်အတိုင်းအတာ။

နယ်နိမိတ်များမှာ သတ်မှတ်ချက်များရှိလင့်ကစား စီမံခန့်ခွဲမှုစနစ်များအတွင်း လိုအပ်သည်။

စီမံကိန်းအလုပ်လုပ်ရန် စီမံချက်ထုတ်လုပ်ခြင်း။

အလုပ်လုပ်မည့် အခရာအုပ်စု၏ ပထမဆုံးအလုပ်မှာ အလုပ်စီမံကိန်းတစ်ခုရေးဆွဲရန် ၎င်းမှာ ပြဿနာကို စိစစ်ရာတွင် ကူညီသော၊ စီမံကိန်းဆွဲရာတွင် ပံ့ပိုးသောဖြစ်နိုင်ချေရှိသည့် မူဘောင်နည်းပညာများသုံးပြီး ပူးပေါင်းမှု၊ ပါဝင်မှုဖြင့် ဆောင်ရွက်သင့်သည်။

စီမံကိန်းရလဒ်အတွက် စွန့်စားရမှုလျော့သွားရန်။

စွန့်စားမှုခွဲခြားစိစစ်ခြင်းကို စီမံကိန်းအတွက် အရေးကြီးသောကိစ္စများ/ စွန့်စားရမှုများကို ခွဲခြားစိစစ်ရန် သုံးသင့်သည်။

စောင့်ကြပ်ကြည့်ရှု ထိန်းသိမ်းခြင်းနှင့် သုံးသပ်ခြင်း။

စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းခြင်းကို အလုပ်တိုးတက်မှု သိရှိမှတ်သားရန်နှင့် နောင်အနာဂါတ် စီမံခန့်ခွဲမှုက စီမံကိန်းပန်းတိုင်သို့ရောက်ရှိရန် မည်သို့ဖွံ့ဖြိုးတိုးတက်လုပ်ရှားမှုများကို စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းခြင်း ဦးတည်ချက်၊ ရည်မှန်းချက်များကို မပြင်သင့်ပေ။ သို့သော် ဗဟုသုတ၊ နားလည်မှုနှင့် အကြောင်းကိစ္စရပ်များ စသည့် ပြောင်းလဲသည့်အခြေအနေနှင့်အတူ လိုက်လျောညီထွေကျစေရန် ပြင်ဆင်သင့်သည်။ ပြေရှင်းသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com


စီမံကိန်းအကောင်အထည်ဖော်ခြင်း။

သဘာဝသယံဇာတ စီမံခန့်ခွဲမှု စီမံကိန်းများ အဓိကပတ်သက်သည်များမှာ ။-

- လိုအပ်သောအချိန်က နေရပ်အတွက် မြေပြန့်လည်သိုလှောင်ခြင်းမှာ ရလဒ်များ မထင်ရှားမီ (၁၀) နှစ်မှ (၁၅) နှစ်အတွင်း လိုအပ်သည်။
- ဝန်ထမ်းများပြိုင်ဆိုင်စေခြင်းနှင့် ကတိကဝတ်တွင် စီမံကိန်းအောင်မြင်ရေးအတွက် အရေးကြီးသည်။
- စီမံကိန်းလှုပ်ရှားမှုများ အကောင်အထည်ဖော်ရေး တိုးတက်စေနိုင်သည့် စိတ်ဝင်စားသောအုပ်စုများနှင့် တွဲဖက်ပါတနာ အေဂျင်စီများ ကွန်ယက်တစ်ခု ဖန်တီးခြင်းမှာအရေးကြီးသည်။

နိုင်ငံရေးရာအသင်းအဖွဲ့အစည်းဆိုင်ရာ အုပ်စုပံ့ပိုးမှုများမှာ စီမံကိန်းပန်းတိုင်နှင့် ရည်ရွယ်ချက်များအတွက် ကြည့်ရှုစေရန် အာမခံမှုရှိရမည်။

စီမံကိန်းအကောင်အထည်ဖော်မှုသည် အဆင့်တွဲများစွာ နောက်တွင်လိုက်ပါသည်။ တချို့မှာ ထပ်ဆင့် အဆင့်အချို့ ပါဝင်နိုင်သည်။ ဥပမာ ။-

အဆင့်-၁။

(က) စီမံကိန်းအသင်းဖွဲ့စည်းခြင်း။

(ခ) အလုပ်လုပ်ရန် စီမံချက်ထုတ်သည်။ ဒေသအုပ်စုအဖွဲ့အတွင်းနှင့် အချိတ်အဆက်ဖွံ့ဖြိုးစေသည်။

(ဂ) အကြံပေးကော်မတီများ တည်ထောင်သည်။

အဆင့်-၂။

(က) စီမံကိန်းလှုပ်ရှားမှုများ ဆုံးဖြတ်သည်။

(ခ) စားပွဲထိုင် အလုပ်လုပ်ခြင်း။

(ဂ) စွမ်းရည်မြှင့်တင်ခြင်း။

(ဃ) စီမံကိန်းသုံးသပ်ခြင်း။ (စောင့်ကြည့်ကြပ်မတ်ထိန်းသိမ်းခြင်းကို လိုက်လျောညီထွေပြုခြင်းနှင့် လိုအပ်လျှင် သုတေသနပြုခြင်း)

အဆင့်-၃။

(က) သဘောတူပြီး စီမံကိန်းကို ဆောင်ရွက်ခြင်း။

အဆင့်-၄။

(က) ရှေ့သို့တက်ခြင်းနှင့် ရှေ့စီမံချက်ဆွဲခြင်း။

(ခ) အလိုက်လှုပ်ရှားမှုအတွက် ဗျူဟာစီမံချက်။

လေ့ကျင့်ခန်း-၃။

နှိုင်းယှဉ်ချက်နှင့် ခြားနားချက်ကိုဖော်ပြခြင်း။

ဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာဖြစ်သော သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်အတူ ဂေဟစနစ်ကို နှိုင်းယှဉ်ချက်။

၁. အချို့သောအုပ်စုငယ်များ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ဂေဟစနစ်ချဉ်းကပ်မှုကို ဌာနေတိုင်းရင်းသားများ၏ သဘာဝသယံဇာတစီမံခန့်ခွဲမှု မူပိုင်အလေ့အကျင့်များနှင့် တူညီမှုများကို တစ်ရောင်တည်း သုံးသောကဒ်များဖြင့် စာရင်းပြုခြင်း၊ မတူညီမှုများကို အခြားအရောင်ကဒ်များဖြင့် စာရင်းပြု၍ ပါဝင်သူများအား မေးခွန်းမေးပါသည်။

၂. အုပ်စုများက အချင်းချင်း အဖြေများမျှဝေပါသည်။

၃. ကူညီသူက တူသည့်ကဒ်အုပ်စု၊ မတူသည့်ကဒ်အုပ်စု ကော်လံခွဲ၍ ကဒ်အုပ်စုဖွဲ့သည်။

၄. ကူညီသူက အဓိကအချက်များဖြင့် စုစည်းထားသော ဌာနေတိုင်းရင်းသားများ၏ သဘာဝသယံဇာတစီမံခန့်ခွဲမှု နှင့် ဂေဟစနစ်ချဉ်းကပ်မှုအကြား တူညီမှု၊ မတူညီမှုများကို ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဌာနေတိုင်းရင်းသား စနစ်ချဉ်းကပ်မှုကြား ကွာဟမှုကိုဆက်ပေးခြင်း။

ဌာနေတိုင်းရင်းသား နယ်ပယ်တစ်ခုမှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ပိုဒ်ခွဲ ၁၀ (ဂ) နှင့် ၈ (ည) အကောင်အထည်ဖေါ်ခြင်းမှတဆင့် ဆိုင်သည်မှာ ။-

- ပိုဒ်ခွဲ ၈ (ည)။ ရိုးရာဗဟုသုတ (မူလပေါက်ပွားရာဌာနေ ထိန်းသိမ်းခြင်း)

  စာချုပ်ချုပ်ဆိုသောပါတီတစ်ခုစီမှာ အသင့်လျော်ဆုံး ရနိုင်သမျှရနိုင်ဆုံး။

(ည) အမျိုးသားဥပဒေပြုခြင်းအောက် ဌာနေတိုင်းရင်းသားနှင့် ဒေသခံအုပ်စုများ၏ ဗဟုသုတ၊ တီထွင်မှု၊ လေ့ကျင့်မှုများကို လေးစားမှု၊ ထိန်းသိမ်းမှုနှင့် ရေရှည်ခံအောင်ထိန်းမှုကို ဇီဝမျိုးစုံမျိုးကွဲ ရေရှည်အသုံးပြုမှုနှင့် ထိန်းသိမ်းမှုတို့အတွက် ပတ်သက်သော ရိုးရာဘဝစတိုလ်တည်ဆောက်ခြင်း ပြုသင့်သည်။ ဗဟုသုတ၊ တီထွင်မှု၊ လေ့ကျင့်ရာ ကိုင်တွယ်သူများပါဝင်မှု သဘောတူညီမှုကို အလေ့အကျင့်ရှိမှု ရသောအသုံးပြုခြင်းမှ ထွက်ပေါ်လာသည့်အကျိုးအမြတ်များ မျှတအောင်မျှဝေခြင်းကို အားပေးသင့်သည်။

- ပိုဒ်ခွဲ ၁၀။ ရေရှည်စွာအသုံးပြုခြင်း။

  စာချုပ်ချုပ်ဆိုသည့် ပါတီတစ်ခုစီသည် အတတ်နိုင်ဆုံး အဆီလျော်ဆုံး။

(ဂ) ထိန်းသိမ်းခြင်း သို့မဟုတ် ရေရှည်အသုံးပြုရန် လိုအပ်ချက်များနှင့်အတူ လိုက်ဖက်သည့် ရိုးရာယဉ်ကျေးမှုအလေ့အကျင့်များနှင့်အညီ ဇီဝဆိုင်ရာအရင်းအမြစ်များ၏ ထုံးတမ်းစဉ်လာအသုံးပြုခြင်းကို ကာကွယ်သင့်သည်၊ အားပေးသင့်သည်။

လေ့ကျင့်ခန်း-၄။

အုပ်စုငယ်ဖွဲ့၍ ဆွေးနွေးချက် - ရှေ့သို့လမ်းစဉ်များ (၁ နာရီ)။

(၁) ကူညီသူက ချရေးရန်။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ပိုဒ်ခွဲ ၈ (ည) နှင့် ၁၀ (ဂ) ကို ပါဝင်သူများအား ဖတ်စေသည်။ အလုပ်အမှုဆောင်အဖွဲ့အုပ်စု (၆) ပိုဒ်ခွဲ ၁၀ (ဂ) နှင့် ၈ (ည) အား အားပေးဆက်ခံမှု၊ ဆုံးဖြတ်မှုများကို ဖေါ်စေသည်။

(၂) အုပ်စုငယ်များအတွင်း ပါဝင်သူများက အောက်ပါမေးခွန်းများဖြေခြင်းဖြင့် ရှေ့သို့လမ်းစဉ်များ ဆွေးနွေးသည်။

- ဂေဟစနစ်ချဉ်းကပ်မှုကို သင်မည်သို့ စသုံးနိုင်သနည်း။
- ဌာနေတိုင်းရင်းသား အုပ်စုအဖွဲ့အစည်းများနှင့် ဌာနေအုပ်စုများက အလုပ်အမှုဆောင်အဖွဲ့ ၈ (ည) ၏ ဆုံးဖြတ်ချက် အကောင်အထည်ဖေါ်ခြင်းကို မည်သို့စတင်နိုင်သနည်း။

(၃) အုပ်စုများက ၎င်းတို့၏ ဆုံးဖြတ်ချက်များ၏ရလဒ်ကို အစီရင်ခံသည်။

(၄) ကူညီသူက အဓိကအချက်များကို အကျဉ်းချုပ်ရေး၍ ဆွေးနွေးချက် နိဂုံးချုပ်သည်။

အောက်ခြေစာညွှန်း။

Clement 2006.

ကိုးကားစာ။

Clement, Joel P.2006. "Ecosystem," Microsoft Encarta.

www.burmeseclassic.com

www.burmeseclassic.com


# Notes:

www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း ၁၃

## ဇီဝမျိုးစုံမျိုးကွဲနှင့် ၎င်းနှင့်ဆက်စပ်သော ရိုးရာဗဟုသုတကာကွယ်မှု။

### ရည်မှန်းချက်များ။

၁။ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့၏ ရိုးရာဗဟုသုတ(TK) ကိုကာကွယ်ရန် ဆောင်ရွက်နေသည့် ကိစ္စ လေ့လာမှုများမျှဝေခြင်း။

၂။ **UNESCO, UNDRIP** နှင့် **WIPO** တို့၏ရိုးရာဗဟုသုတ TK အသိအမှတ်ပြုမှုနှင့် ကာကွယ်မှုအတွက် ကွဲပြားသော ကမ္ဘာ့တရားဝင်မူဘောင်များကို နားလည်ရန်။

၃။ TK ကာကွယ်ခြင်းတွင် နိုင်ငံတကာဥပဒေများ၊ အမျိုးသားဥပဒေများ၊ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေများ၊ ဆက်စပ်နေမှုများကို နားလည်ရန်။

၄။ TK ကာကွယ်ခြင်း လက်တွေ့ကျသော နည်းလမ်းများ ဌာနေတိုင်းရင်းသားများ ရင်ဆိုင်နေရသော ဆုံးရှုံးမှုဖြစ်စေသည့် ကွဲပြားသည့် အခြေအနေများ ဆွေးနွေးခြင်း။

### အရင်းအမြစ်များ။

- (၆) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများ အမြဲတမ်းဖိုရမ် **UNPFII** အစည်းအဝေး ဌာနေတိုင်းရင်းသားများ ရိုးရာဗဟုသုတဆိုင်ရာ အုပ်ချုပ်မှုရုံးကြီးမှ အစီရင်ခံစာ။
- ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုများ၏ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေ၊ အမျိုးသားဥပဒေ၊ တရားစီရင်မှုများနှင့် နိုင်ငံတကာဥပဒေတို့ကို လိုက်နာမှုအပေါ် လေ့လာမှု။
- ရိုးရာဗဟုသုတကာကွယ်ခြင်းနှင့် စီးပွားဖြစ်ထွန်းစေခြင်းအတွက်စနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အစည်းအဝေး အစီရင်ခံစာ။
- ဘားတတ်မှ ဒူနောင်း။
- ကျွန်ုပ်တို့၏ ကောက်ရိတ်သိမ်းမှု ဒုက္ခအတွေ့အကြုံ။
- စားနပ်ရိက္ခာအတွက် ဌာနေတိုင်းရင်းသားများဗဟုသုတကို တိုးမြှင့်ခြင်း။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အပေါ် ဌာနေတိုင်းရင်းသားများ၏ ပတ်သက်မှု - ပါဝါပွိုင့်။

**အချိန်**
၃ နာရီ

### ဆောင်ရွက်ချက်။

လေ့ကျင့်ခန်း-၁။

စားပွဲထိုင်ဆွေးနွေးပွဲ။ (၃၀-မိနစ်)

ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတကို မည်သည်ကခြိမ်းခြောက်သနည်း။ TK ရိုးရာဗဟုသုတကို ဌာနေတိုင်းရင်းသားများက ကာကွယ်ရန် မည်သို့ဆောင်ရွက်သနည်း။

၁. ပါဝင်သူများမှ စကားပြောသူများ သို့မဟုတ် အရင်းအမြစ်ပုဂ္ဂိုလ်များအား ဤမေးခွန်းကိုဖြေရန် ဆွေးနွေးမည့် စကားဝိုင်းတစ်ခုဖွဲ့၍ မေးခွန်းများဖြေသည်။

၂. ပုံပမာ သင်ခန်းစာတစ်ချို့ကို တင်ပြသည်။

၃. ကူညီသူက အဓိကခြိမ်းခြောက်မှုများကို အကျဉ်းချုပ်ရေး၍ TK ကာကွယ်မှုနှင့် နောက်ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပုံပမာသင်ခန်းစာ။ ကာကွယ်မှုအတွက် ဌာနေအစပျိုးဆောင်ရွက်မှုများအချို့။
အုပ်စုအဖွဲ့ သဘောတူညီမှု။

ဖိလစ်ပိုင်နိုင်ငံ၊ ဘူကီနွန်၊ လန်တာပန်၊ ဆန်ကို ဌာနေတိုင်းရင်းသားများဖြစ်သော တာလန်ဒစ်လူမျိုးတို့က ညွှဲသည်များနှင့် ပြင်ပလာရောက်သူတို့ ဒေသခံယဉ်ကျေးမှုကို ထိခိုက်မှုမပြုဘဲ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေကို လေးစားလိုက်နာစေရန် အာမခံစေဖို့ ဒေသခံအုပ်စုတို့၏ သဘောတူညီချက်တစ်ခု ဆောင်ရွက်ခဲ့သည်။

ဤရိုးရာက ဒေသခံအုပ်စုတို့က လက်ခံမှုကိုပြု၍ ညွှဲသည်များကိုကြိုဆိုစေသည်မှာ သက်ကြီးနှင့် အမျိုးသမီးများ၏လုပ်ဆောင်မှုဖြင့် ညွှဲသည်တစ်ဦးလျှင် တစ်ပီဆို အလှူငွေ၊ ကြက် (၄) ကောင်၊ ဆုတောင်းခြင်းများနှင့် သံချပ်များ ပါဝင်သည်။ သဘောတူညီချက်အရ ညွှဲသည်တို့သည် ၎င်းတို့၏လုံခြုံမှုနှင့် ကျန်းမာရေးကို လူမျိုးစုပိုင်နက်အတွင်း အာမခံမှုရရှိစေသည်။

မလေးရှားနိုင်ငံ စဘားရှိ ဌာနေတိုင်းရင်းသားများက ရရှိမှုနှင့် မျိုးဗီဇအရင်းအမြစ်များနှင့် ဇီဝဆိုင်ရာ အသုံးပြုခြင်းကို ဆက်စပ်သည် ကဒန်ဆန်ဒူဆန်း၏ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေများနှင့် အလေ့အကျင့်တို့ကို အလားတူ ယန္တရားတစ်ခုထူထောင်သည်။ (စာ-၁၁၀ ကြည့်ပါ)

ထည့်သွင်းမှုနှင့် ဆွေးနွေးချက်။ (၂ နာရီ)

-ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတ- ကို ယေဘူယျအခေါ်အဝေါ်အားဖြင့် ရိုးရာဓလေ့အကျင့်၊ ယဉ်ကျေးမှု၊ အပင်၊ သတ္တဝါ ၎င်းတို့ တိုးပွားများပြားလာခြင်းနည်းလမ်းများအတွက် အသုံးပြုသည်။ ၎င်းတွင် ယဉ်ကျေးမှုတန်ဖိုး၊ ယုံကြည်မှု၊ ဓလေ့၊ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေအပြင် မြေနှင့် ဂေဟစနစ်စီမံခန့်ခွဲမှုကို အလေးဂရုပြုသော ဗဟုသုတပါဝင်သည်။

၎င်းသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ များစွာမရေးဘဲ စကားပြောများအားဖြင့် မကြာခဏ အခါခါလက်ဆင့်ကမ်းခဲ့ကြသည်။ ဤနည်းဖြင့် ပို့လွှတ်ထိန်းသိမ်းသည့် အချို့ဗဟုသုတတွင် အချို့မှာ ကြီးစွာသောကိုးကွယ်မှုနှင့် လျှို့ဝှက်မှုသဘာဝမြင့်မားစွာ ရှိသည်။ သို့အတွက် သီးခြားအုပ်စုအဖွဲ့ဝင်များမှာ ယဉ်ကျေးမှုအရ ထင်ရှားသကဲ့သို့ လွှန်မင်းစွာ အထိမခံရှိကြသည်။

၁။ နောက်ခံပြည်သူနှင့်အပြိုင် ရိုးရာဗဟုသုတဆွဲထုတ်ယူမှု။

-ရိုးရာဗဟုသုတ- အခေါ်အဝေါ်သည် ၎င်း၏ ကျယ်ပြန့်သော စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ အသင်းအဖွဲ့အုပ်စုဆိုင်ရာ နောက်ခံမှ သီးသန့်ပြည်သူများ၊ နေရာများ၊ သမိုင်းတို့မှ ဆွဲထုတ်ယူသောအခါ ရိုးရာဗဟုသုတကို အမျိုးအစားခွဲခြားခြင်း၊ အသုံးပြုခြင်း၊ သိမ်းပိုက်ခြင်း ဆက်စပ်မှုများအကြောင်း လေးလေးနက်နက်နားလည်ခြင်းမှ ဝေဖန်မှုရှိသည်။

ဌာနေတိုင်းရင်းသားများက အခိုင်အမာအဆိုပြုသည်မှာ ရိုးရာဗဟုသုတ မြှင့်တင်ရန် ပြုလုပ်သောနည်းလမ်းကား ၎င်းတို့၏အခွင့်အရေးကို အသိအမှတ်ပြုခြင်း၊ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်း ၎င်းတို့ကို ခွင့်ပြုအားပေးခြင်းတို့ဖြစ်သည်။ ၎င်းတွင် ၎င်းတို့၏အခွင့်အရေးကို လွတ်လပ်သော အသိပေးသော ဦးစားပေးသော ဖွံ့ဖြိုးမှုအားလုံးအတွက် သဘောတူညီကြောင်း သတင်းပေးရန် ထိန်းသိမ်းခြင်းနှင့် အခြားသက်ရောက်မှု ရှိသည့်လှုပ်ရှားမှုတို့ ပါဝင်သည်။

၂။ ဗဟုသုတ၏နိုင်ငံရေးရာ။

သုတေသီများက ပြည်သူ၊ သို့မဟုတ် ၎င်းတို့၏လူမှုရေးနှင့် နိုင်ငံရေးနောက်ခံထက်ပို၍ ဗဟုသုတကို မီးမောင်းထိုးပြသော နိုင်ငံရေးမဟုတ်သော ချဉ်းကပ်မှုများ၏ အန္တရာယ်များအကြောင်း သတိပေးခဲ့ပြီးဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလူမှုသိပ္ပံဂျာနယ်က နိုင်ငံရေးခေါင်းစဉ်အောက်တွင်ပါသော အေဂွန်အေဂရာဝေ၏ ဆောင်းပါးသည် ဌာနေတိုင်းရင်းသားများ၏ သီးသန့်ဖြစ်ခြင်း၊ ခိုင်မာခြင်း၊ ထုတ်ယူခြင်း၊ ယေဘူယျဖြစ်ခြင်း၊ ပြန့်ပွားခြင်းတို့ဖြင့် ရိုးရာဗဟုသုတအချက်အလက်များ ထူထောင်သောလုပ်ငန်းစဉ် စစ်ဆေးခဲ့သည်။

စာရေးသူ အဆုံးသတ်ထားသည်မှာ ရိုးရာဗဟုသုတကို အကန့်/ကတ်တလော့ ခွဲခြင်းနှင့် စာရွက်စာတမ်းဖြစ်

www.burmeseclassic.com



အောင်အားထုတ်မှုမှာ ဗဟုသုတ၏အထူးသီးသန့်ဖြစ်သော အဓိပ္ပါယ်နှင့်သက်ရောက်မှုအတွက် အရေးကြီးသည့် အသေးစိတ်နောက်ခံ အသုံးချသည့်အမြင်များမှ ရှင်းထုတ်သွားနိုင်ကြောင်းဖြစ်သည်။ ဤအလေ့အကျင့်မှာ ရိုးရာဗဟုသုတကို သီးသန့်လုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးမှုအတွက် တန်ဆာပလာများအဖြစ် ပြောင်းလဲနိုင်သည်။

ဌာနေတိုင်းရင်းသားများ၏ ဗဟုသုတကို သိပ္ပံနည်းကျဖြစ်ရန်နှင့် စာရွက်စာတမ်းဖြစ်စေရန် အားထုတ်မှုသည် နှစ်ဆက်ဆိုးသွားနိုင်သည်။ ပထမ၊ ပို၍အရေးကြီးသော နိုင်ငံရေးရာ ပါဝါဆက်စပ်မှုများကို ပုံပြောင်းစေသည့် နိုင်ငံရေးရာအလုပ်မှ အရင်းအမြစ်များကို လမ်းပြောင်းလွှဲနိုင်သည်။ ဒုတိယ၊ ဆီလျော်သည့် အသုံးဝင်သောဌာနေတိုင်းရင်းသားဗဟုသုတကို ပို၍အားကောင်းသော လူမှုရေးလုပ်ဆောင်သူများအတွက် နည်းလမ်းများကိုပေးနိုင်သည်။

ကွဲပြားသောလူမှုရေး အုပ်စုများအကြား အတွင်းကျကျတုန့်ပြန်မှုများကို သတ်မှတ်ဖော်ပြသော ဆက်စပ်မှုကိုပြောင်းလဲရန် အမှန်တကယ်အားထုတ်မှုမရှိလျှင် အားနည်းသောအုပ်စုများ ပိုင်ဆိုင်သည့် အဖိုးတန်ဗဟုသုတကို လေ့လာနိုင်သည်။ ၎င်းတို့၏ဗဟုသုတမှာ လူတို့မြင်သာစေနိုင်လျှင် ၎င်းကိုထပ်သန့်စင်စေပြီး ဉာဏမူပိုင်ခွင့် အခွင့်အရေးများ၊ လက်ရှိမူပိုင်စနစ်မှတဆင့် ပုဂ္ဂလိကပြုနိုင်သည်။ ဆင်းရဲခြင်း အခြေအနေများနှင့် အချိုးမညီ သြဇာသက်ရောက်မှုများတွင် အခြေပြုသော ပိုဆင်းရဲသည့်၊ ပိုအားနည်းသည့်အုပ်စုများမှာ ဤသို့ဝေဖန်မှုများကိုခံနိုင်ရန် ပြင်ဆင်အားနည်းနိုင်သည်။

ရိုးရာဗဟုသုတကို ခြိမ်းခြောက်မှုနှင့်ဖြစ်စေသော ထင်ရှားသည့်အကြောင်းရင်းများမှာ သမိုင်းဝင်နှင့် ယနေ့ခေတ်ပြိုင် ကိုလိုနီနယ်ချဲ့ခြင်းနှင့် ဌာနေတိုင်းရင်းသားများနှင့် ၎င်းတို့၏ရိုးရာဗဟုသုတကို အညွန့်ခူး အမြတ်ထုတ်ခြင်းများအဖြစ် အောက်ပါတို့ပါဝင်သည်။

- လူ့အခွင့်အရေးလေးစားလိုက်နာမှုကို အကောင်အထည်ဖော် မှုမရှိခြင်း။
- မြေနှင့်ပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်း။
- နယ်ချဲ့ပညာရေး။
- ခရီးသွားလုပ်ငန်းက စီးပွားရေးဆောင်ရွက်ခြင်းများနှင့် အလွဲသုံးစားပြုခြင်း။
- သုတေသနပြုသူများက သိမ်းပိုက်ခြင်း။

မြေပြိုခြင်း၊ မဆီမလျော်ဖြစ်ခြင်း၊ ရိုးရာဗဟုသုတကို လေးစားမှုအားနည်းခြင်းပြဿနာသည် အလွန်ပင်လေးနက်၍ လိုအပ်ချက်များကို အဆင့်အားလုံးတွင် အုပ်စုအားဖြင့်၊ နိုင်ငံအစိုးရများအားဖြင့်နှင့် အပြည်ပြည်ဆိုင်ရာ အုပ်စုအဖွဲ့အစည်းများအားဖြင့်ပြောဆိုရန် လိုအပ်သည်မှာ အောက်ပါတို့မှတဆင့်ဖြစ်ပါသည်။

- ယဉ်ကျေးမှုဆိုင်ရာ ပြန်လည်ဖြည့်ဆည်းခြင်းနှင့် ပြန်လည်အားရှိစေခြင်း။
- အမျိုးသား တရားဝင်အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ခြင်း။
- ဆီလျော်သော နိုင်ငံတကာအဆင့်များ။

ယနေ့ ခေတ်မီသတင်းအချက်များ၊ ဆက်သွယ်ရေး၊ ဇီဝဆိုင်ရာနည်းပညာများဖြင့် ထူထောင်ပံ့ပိုးသည့် ထပ်လောင်းလိုအပ်ချက်တစ်ခုမှာ ရိုးရာဗဟုသုတကို ခြိမ်းခြောက်မှုသစ်များဖြစ်သည်။

၎င်းအပြင် ကွဲပြားခြားနားသော အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များ လူ့အခွင့်အရေး **HR**၊ ကုန်သွယ်ရေး **WTO & WIPO** (ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းနှင့် ကမ္ဘာ့ဉာဏမူပိုင်ခွင့် အဖွဲ့အစည်းများ)၊ ပတ်ဝန်းကျင် **CBD** (ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်)၊ ယဉ်ကျေးမှု **UNESCO** (ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှုအဖွဲ့အစည်း)၊ အစားအစာနှင့် စိုက်ပျိုးရေး **FAO** (အစားအစာရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း) စသည်ဖြင့် ကွဲပြားခြားနားသော မူဝါဒများအကြား အချိတ်အဆက်များကို နားလည်ရန်လိုအပ်သည်။

၎င်းသည် ဌာနေတိုင်းရင်းသားများ ရိုးရာဗဟုသုတကိုကာကွယ်ရန်နှင့် မြှင့်တင်ရန်လည်း အာမခံသည့် မူဝါဒမူဘောင် ပုံပြောင်းရန်လိုအပ်သည်။

၃။ ကမ္ဘာ့မူဘောင်။

ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများမှာ ၎င်းတို့၏ ရိုးရာဗဟုသုတကို ပျော်ရွှင်နှစ်ခြိုက်ရန်နှင့် ကာကွယ်ရန် အောက်ပါအပြည်ပြည်ဆိုင်ရာများကို တရားဝင်စာရွက်စာတမ်းများပါသည်ကို ၎င်းတို့၌ အသိအမှတ်ပြုသည်မှာ ၊-

www.burmeseclassic.com

www.burmeseclassic.com



- ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေငြာစာတမ်း ပိုဒ်ခွဲ ၂၇။
- အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာစာချုပ် ပိုဒ်ခွဲ ၁၅၊ စာပိုဒ် ၁(ဂ)။
- အပြည်ပြည်ဆိုင်ရာမြို့ပြနှင့် မူဝါဒအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် ပိုဒ်ခွဲ ၂၇။
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ပိုဒ်ခွဲ ၈(ည)။
- အပြည်ပြည်ဆိုင်ရာစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်မျိုးဗီဇအရင်းအမြစ်များဆိုင်ရာစာချုပ်။
- လွတ်လပ်သော နိုင်ငံများအတွင်း ဌာနေတိုင်းရင်းသားများနှင့် မျိုးနွယ်စုလူမျိုးများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (၁၆၉) ကြိမ်မြောက်ညီလာခံ ပိုဒ်ခွဲ ၁၃ ၊ ၁၅ ၊ ၂၃။
- ၁၉၇၉ ခုနှစ်က ပြင်ဆင်သည့် စာပေနှင့်အနုပညာဆိုင်ရာ အလုပ်များကာကွယ်မှု ဘန်း ညီလာခံ။
- ကုန်သွယ်ရေးနှင့်ဆက်စပ်သည့် ဉာဏမူပိုင်ခွင့် အခွင့်အရေးများ သဘောတူညီချက်။
- ကမ္ဘာ့ကုလသမဂ္ဂ အလွန်အမင်း မိုးခေါင်ရေရှားခြင်း၊ သဲကန္တာရ ဖြစ်ထွန်းခြင်း တွေ့ကြုံနေရသည့် နိုင်ငံများ၊ အထူးသဖြင့် အာဖရိကတိုက်၊ သဲကန္တာရကာကွယ်တိုက်ဖျက်ရေးညီလာခံ ပိုဒ်ခွဲ ၃။
- အုပ်ချုပ်မှုဆိုင်ရာ တရားဝင်မဟုတ်သော ချုပ်ဆိုထားသည့် သစ်တောမျိုးပေါင်းစုံကို စီမံခန့်ခွဲမှု၊ ထိန်းသိမ်းမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကမ္ဘာ့စာရင်းဇယားကောက်ယူခြင်းမူများ စာတမ်းအပိုဒ် ၁၂ (ဃ)။
- အေဂျင်ဒါ ၂၁ စာပိုဒ် ၂၆.၁။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း ရိုးရာပရဆေး ဗျူဟာ ၂၀၀၂-၂၀၀၅။
- ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှု ရီအို ကြေငြာချက်စာတမ်းမူ ၂၂။
- ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်း ပိုဒ်ခွဲ ၁၁ နှင့် ၃၁။

အထက်ဖော်ပြပါ စာသားတို့နှင့် အပြည်ပြည်ဆိုင်ရာ တရားဝင်စာရွက်စာတမ်းတို့ကို ထပ်လောင်း၍ ဒေသဆိုင်ရာ ကာကွယ်မှုစနစ်များစွာတို့ ပါဝင်သည်မှာ ၊-

- အမေရိကန်ပြည်ထောင်စု ဌာနေတိုင်းရင်းသားများအဖွဲ့အစည်း အခွင့်အရေးဆိုင်ရာ အမေရိကန်ကြေငြာချက်မူကြမ်း။
- အာဖရိကအာဏာမူပိုင်ခွင့် အဖွဲ့အစည်း၏ ဘန်ဂွီးသဘောတူညီချက်။
- ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တူးနစ် ယနေ့ခေတ် ဥပဒေမိတ္တူ။
- ဥပဒေမဲ့သယံဇာတများ ထုတ်ယူခြင်းနှင့် အခြားသော အစွန်းရောက်လှုပ်ရှားမှုများကို ဆန့်ကျင်သည့် ကျေးလက်ဒဏ္ဍာရီဖော်ပြမှုများ ကာကွယ်ခြင်းဆိုင်ရာအမျိုးသားဥပဒေများအတွက် ယနေ့ခေတ်မီပေးဆောင်မှုများ။
- မတာကျူအာ ကြေငြာချက်စာတမ်း။
- ကာရီအိုကာ ကြေငြာချက်စာတမ်း။

ရှေးဦးဥပဒေပြုမှုအာဏာနှင့် ရှေးဦးမူဝါဒများစွာတို့သည် အမျိုးသားအဆင့်၌ ဌာနေတိုင်းရင်းသား ဗဟုသုတ အကြောင်းပြောဆိုသည်ကို ရည်ရွယ်သည်။ ရိုးရာယဉ်ကျေးမှုဖော်ပြချက်ကို ကာကွယ်ခြင်းကိုဦးတည်သည့် ဥပဒေပြုစာသားများ၏ ဖတ်ရ နားလည်ရလွယ်သော စာရင်းတစ်ခုကို **WIPO** ကမ္ဘာ့ဉာဏပိုင်းဆိုင်ရာ မူပိုင်ခွင့်အဖွဲ့အစည်း ဝက်ဘ်ဆိုက်တွင် တွေ့နိုင်သည်။ ဥပမာများစွာမှာ နိုင်ငံတွင်းဥပဒေများသည် မြေနှင့် မြေဆက်ခံခွင့်နှင့် ဆိုင်သော ဌာနေတိုင်းရင်းသားတို့ အခြေခံအဖြစ် ဌာနေတိုင်းရင်းသားများ ထုံးတမ်းစဉ်လာဖြစ်သောဥပဒေကို အသိအမှတ်ပြုသည်။

၄။ ရိုးရာဗဟုသုတကာကွယ်မှုကို ရှေးရှုသည့် ကွဲပြားခြားနားသောချဉ်းကပ်မှုများ။

လူ့အခွင့်အရေးအပြိုင် အထူးဖြစ်သော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ။

အပြည်ပြည်ဆိုင်ရာ စာရွက်စာတမ်းပေးဆောင်မှုများသည် လူ့အခွင့်အရေး ဥပဒေရှုဒေါင့် တစ်ခု သို့မဟုတ် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတကို အထူးပြုပြောဆိုသည့် ကာကွယ်မှုအဖြစ် အဓိကအဆင့် ကာကွယ်မှု အဆင့် အမျိုးမျိုးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတကို ဆက်စပ်မှုရှိသည့် လူ့အခွင့်အရေးများအပေါ် အခြေခံသည့် ကာကွယ်မှုဥပမာများကို ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးများ ကြေငြာစာတမ်းပိုဒ်ခွဲ ၂၇၊ စာပိုဒ် ၂ တွင်တွေ့ရှိရသည်။ ဤကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေငြာစာတမ်းတွင် လူတိုင်း မိမိထုတ်လုပ်သည့် အနုပညာ၊ သို့မဟုတ် သိပ္ပံနည်းကျကုန် သို့မဟုတ် စာပေကို မည်သည့်စာရေးသူ မဆိုထုတ်လုပ်ခြင်းမှ ရလဒ်ဖြစ်သည့် စာရိတ္တပိုင်းဆိုင်ရာနှင့် ဝတ္ထုဆိုင်ရာစိတ်ဝင်စားမှုတို့ကို ကာကွယ်မှုအတွက် အခွင့်အရေးရှိသည်ကို အသိအမှတ်ပြုသည်။ မည်သို့ပင်ဖြစ်စေ မည်သည့် ပေးဆောင်မှုကဖြစ်စေ ပေးဆောင်ခြင်းကိုပံ့ပိုးသည့်ကာကွယ်ခြင်းမှာ အကန့်အသတ်ရှိသည်။

တစ်ဦးတစ်ယောက်ခြင်း အများနှင့်ဆိုင်သော ထီထွင်မှုနှင့် ပိုင်ဆိုင်မှုကို အလွယ်တကူ မပိုင်ဆိုင်နိုင်ခြင်းအား တစ်ဦးချင်းကို နားလည်မှုနိုးထလာစေရန် စာရေးသူ၏ပြဿနာဖြစ်ချေကို စဉ်းစားသတိပြုမှုဖြင့် ပုံပြုဖေါ်ပြပေးနိုင်သည်။

နောက်အချက်မှာ လူတိုင်းသည် ယဉ်ကျေးမှုဘဝတွင်ပါဝင်ခွင့်ရှိသည်ဟု အခွင့်အရေးရှိသည်ကို အသိအမှတ်ပြုသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်ပိုဒ်ခွဲ ၁၅ စာပိုဒ် ၁ (င) တွေ့ရသည်။

ဌာနေတိုင်းရင်းသားများ ရိုးရာဗဟုသုတနှင့် ဆက်စပ်သည့် ပိုအထူးပြုသောပေးဆောင်မှု ဥပမာတစ်ခုမှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ပိုဒ်ခွဲ ၈ (ည) ဖြစ်သည်။ ပိုဒ်ခွဲ ၈ (ည) က ပါတီများကို ဇီဝမျိုးစုံမျိုးကွဲ ရေရှည်အသုံးပြုမှုနှင့် ထိန်းသိမ်းခြင်းအတွက် ဆက်စပ်သည့် ရိုးရာဘဝစတိုင်လ်များကို တစ်စုတစ်စည်းဖြစ်စေသည့် ဌာနေတိုင်းရင်းသားများနှင့် ဌာနေပြည်သူတို့၏ ဗဟုသုတ၊ တီထွင်မှုနှင့် အလေ့အကျင့်တို့ကို ထိန်းသိမ်းခြင်း၊ အလေးထားခြင်း စီမံခြင်းပြုစေသည်။

ပိုဒ်ခွဲ ၈ (ည) က ဌာနေတိုင်းရင်းသားများ ရိုးရာဗဟုသုတကို တိုက်ရိုက်စဉ်းစားခဲ့သော်လည်း ရိုးရာဗဟုသုတနှင့် ဇီဝမျိုးစုံမျိုးကွဲဆက်စပ်မှု ကန့်သတ်သည့် အခြေအနေများရှိသည်။ ဌာနေတိုင်းရင်းသားများ ရိုးရာဗဟုသုတအတွက် လွှမ်းခြုံကာကွယ်မှုပေးရန် ဒီဇိုင်းရိုးရှင်းစွာ ပြုလုပ်ပေးခြင်းမရှိပေ။

ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတကာကွယ်ရန်အတွက် အများဆုံးအသေးစိတ်ဖေါ်ပြချက်ပေးသည်မှာ၊ **UNDRIP** ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်းတွင် ပါဝင်သည်။ **UNDRIP** သည် ဌာနေတိုင်းရင်းသာများ၏ ရိုးရာဗဟုသုတကို ကာကွယ်မှုပံ့ပိုးသည့် အားကောင်းသော အဆိုပြုချက်တစ်ခုကိုပေးသည်။ ပိုဒ်ခွဲ ၃၁၊ စာပိုဒ် ၁ ပါ ကြေငြာချက်က အောက်ပါအတိုင်းဆိုမှာ -

> ‘ ဌာနေတိုင်းရင်းသားများသည် လူနှင့် မျိုးဗီဇအရင်းအမြစ်များ၊ အစေ့များ၊ ဆေး၊ အပင်နှင့် သတ္တဝါများ ဂုဏ်သတ္တိဗဟုသုတ၊ နှုတ်ပြောရိုးရာများ၊ စာပေ၊ ဒီဇိုင်း၊ အားကစား၊ ရိုးရာ ကစားနည်းများ၊ မြင်တွေ့နိုင်သောဆောင်ရွက်မှု အနုပညာအပါအဝင် ၎င်းတို့၏ သိပ္ပံ၊ နည်းပညာ၊ ယဉ်ကျေးမှုများကို ထင်ရှားအောင်ပြုသည့်အလားတူ ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာအမွေဆက်ခံမှု ရိုးရာဗဟုသုတ၊ ရိုးရာယဉ်ကျေးမှု ဖေါ်ပြချက်များကို စီမံကိန်းထိန်းသိမ်းခြင်း၊ ကာကွယ်မှု၊ ဖွံ့ဖြိုးအောင်ပြုမှု အခွင့်အရေးများလည်းရှိကြသည်။ ’

အရေးကြီးသည့် ပိုဒ်ခွဲ-၃၁ ၊ စာပိုဒ်-၂ မှ အဆိုပြုသည်မှာ ‘ နိုင်ငံများက ဤအခွင့်အရေးများကို လေ့ကျင့်ရန် ကာကွယ်ရန်နှင့် အသိအမှတ်ပြုရန် ထိရောက်သောနည်းကိုယူသင့်သည်။ ’ ဟူ၍ဖြစ်သည်။

ကြေငြာချက်ပိုဒ်ခွဲ-၁၁ က အထူးပြုသည်မှာ ရိုးရာယဉ်ကျေးမှုဆိုင်ရာများ၊ ဓလေ့ထုံးတမ်းနှင့် ထုံးတမ်းများကို လေ့ကျင့်ရန် ပြန်လည်ဆန်းသစ်ရန်အခွင့်အရေးနှင့် ၎င်းတွင်အဆိုပြုသည်မှာ နိုင်ငံများသည် ၎င်းတို့၏ ဥပဒေများ၊ ရိုးရာများ၊ ဓလေ့ထုံးတမ်းကို ပြင်းထန်မှု သို့မဟုတ် လွတ်လပ်သော၊ ဦးစားပေးသော၊ အသိပေးသည့်ကျေနပ်မှု မပါသော ဌာနေတိုင်းရင်းသားဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အာဏာပိုင်းဆိုင်ရာ၊ ဗဟုသုတဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ စိတ်ဓါတ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိကိုအားပြုသည့် ထိရောက်သောယန္တရားမှတဆင့် ပြန်လည်ပြင်ဆင်မှုပေးသင့်သည်။

ကြေငြာချက်စာတမ်း၏အဖွင့်သည် ဌာနေတိုင်းရင်းသားများဗဟုသုတကို ‘ကာကွယ်ရန် ပံ့ပိုးရာတွင် ဌာနေတိုင်းရင်းသားများ ရိုးရာဗဟုသုတ၊ ယဉ်ကျေးမှုများ၊ ရိုးရာလေ့ကျင့်မှုများက ပတ်ဝန်းကျင်ရေရှည်တည်တံ့ရန် မျှတသောဖွံ့ဖြိုးမှုရရှိရန်၊ ကောင်းမွန်သော စီမံခန့်ခွဲမှုကိုပေးရန် အလေးထားခြင်းကို အသိအမှတ်ပြုခြင်းဖြင့် ကူညီသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်ကြီးမားခြင်းအပြိုင် ကျဉ်းမြောင်းသောကာကွယ်ခြင်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးအပြိုင် ဉာဏမူပိုင်ခွင့် အခွင့်အရေးများ။

ကျယ်ပြန့်ကြီးမားခြင်းအပြိုင် ကျဉ်းမြောင်းသောကာကွယ်ခြင်း ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးအပြိုင် ဉာဏမူပိုင်ခွင့် အခွင့်အရေးများ။

ဒေသအဆင့်၊ နိုင်ငံအဆင့်၊ အပြည်ပြည်ဆိုင်ရာအဆင့် စာရွက်စာတမ်းများသည် ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတကို ကာကွယ်မှုပေးသော်လည်း ၎င်းတို့သည် ကျယ်ပြန့်စွာပါဝင်မှုပေးနိုင်ရန် ရှုံးနိမ့်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံအစိုးရများအကြား အဖွဲ့အစည်းများစွာတို့သည် WIPO ကမ္ဘာ့ ဉာဏမူပိုင်ခွင့် အဖွဲ့အစည်းအပါအဝင် UNDP ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် UNCTAD ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ၊ FAO စားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့၊ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်း၏ ပါတီများညီလာခံ ၊ UNESCO ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း UNESCO အပါအဝင် မလုံလောက်သောကာကွယ်မှုတို့ကို ပြောဆိုရန်ရည်ရွယ်လျက် ယနေ့အခါတွင် ဆောင်ရွက်ချက်များ ပြုလုပ်နေသည်။

WIPO က ဦးဆောင်နေရာက ဘဏ္ဍာမှုနေ၍ ဌာနေတိုင်းရင်းသားများ ရိုးရာဗဟုသုတကို အသိအမှတ်ပြုခြင်းကို အားတွန်းပေးသည့် မဆီလျော်ခြင်း၊ မလျော်မမှန်အသုံးပြုခြင်းတို့မှ ၎င်း၏ကာကွယ်မှုပေးသည်။ မည်သို့ဆိုစေ WIPO ၏ ထင်ရှားသောကဏ္ဍမှာ နိုင်ငံတကာ စကားအချေအတင်ပြောပွဲသည် မူလပထမ ဉာဏမူပိုင်ခွင့်ဥပဒေ၏ ထူးခြားသော သွင်ပြင်လက္ခဏာများ အတွင်းတွင် ပြုလုပ်သည်ကိုဆိုလိုသည်။

အပြည်ပြည်ဆိုင်ရာ ဉာဏမူပိုင်ခွင့်ဥပဒေက စာပေ၊ ဂီတ၊ အက၊ အနုပညာ စသည့် နယ်များ တစ်ခုခု အလုပ်များတွင် တီထွင်သူများအတွက် ကာကွယ်မှုကိုပေးသည်။ ဤသည်မှာ အချိန်လုံလောက်သည်မှန်သော်လည်း ဉာဏမူပိုင်ခွင့် ဥပဒေအပိုင်းများစွာက ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် စိတ်ဝင်စားမှုကို ကာကွယ်မှုပေးနိုင်မှု မရှိခဲ့ပေ။ အကြောင်းမှာ အနောက်တိုင်းဉာဏမူပိုင်ခွင့်အဆောက်အအုံမှာ ပြည်သူတို့၏ မျိုးဆက်တစ်ဆင့်မှတစ်ဆင့် ကူးပြောင်းသောဗဟုသုတထက် တစ်ဦးချင်းဗဟုသုတနှင့် တီထွင်မှုကို ဦးတည်သောကြောင့်ဖြစ်၏။

ဉာဏမူပိုင်ခွင့်ဥပဒေကို လှည့်ပြောင်းရန်ကြိုးစားခြင်းမှာ ရိုးရာဗဟုသုတကို နေရာပေးခြင်း၊ ဗဟုသုတသည် အနှစ်သာရအားဖြင့် လုံးဝကွဲပြားခြားနားခြင်း၊ စကားပုံတစ်ခုပြန်ပြောင်းပြောရလျှင် -လေးဒေါင့်အပေါက်ထဲကို သင်အဝိုင်းကွင်းသွင်း မရနိုင် - ဆိုသကဲ့သို့ပင်။ မည်သို့ပင်ကြိုးစားပါစေ မည်သို့မှမဝင်၊ ဂွင်မကျနိုင်။ သို့ဖြစ်၍ လုံးဝ ပကတိအသစ်ဖြစ်သောဓလေ့ထုံးစံကို ချဉ်းကပ်နည်းတစ်ခုသည် လိုသည်သာဖြစ်သည်။

IPR အာဏာမူပိုင်ခွင့် အခွင့်အရေးများသည် ယနေ့စကားစစ်ထိုးပွဲများကို ဆွဲဆောင်သည့် အာရုံရှိလင့်ကစား၊ ၎င်း၏ ရိုးရာဗဟုသုတ TK အား စောင့်ရှောက်ခြင်းမှာ လုံးဝကျဉ်းမြောင်း၍ အကန့်အသတ်ဖြစ်ဖွယ်ရှိသည်။ IPR များ၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို ထိန်းသိမ်းရန် သို့မဟုတ် ဗဟုသုတကို ထိန်းသိမ်းရန်မဟုတ်ဘဲ သီးခြားသတင်းအစအနများ ခွဲခြားသတ်မှတ်ခြင်းများလိုအပ်လျက် အကာအကွယ်ယူသည့် သတင်းအချက်အလက်များ သီးသန့်ခွဲခြားရှိနေမှု ဈေးကွက်တစ်ရပ်အား ဖြစ်စေသည်။

TK ရိုးရာဗဟုသုတကို ထိရောက်သောကာကွယ်မှုလိုအပ်သည်မှာ ဗဟုသုတစနစ်တစ်ခုလုံးကို ထိန်းသိမ်းရန် လိုအပ်သည်။ ၎င်း၏ သီးသန့်ပတ်ဝန်းကျင်တစ်ခုနှင့်အတူ အတွင်းပိုင်းဆိုင်ရာတုန့်ပြန်မှုအပေါ်တွင် မှီခိုမှု၊ လွှမ်းခြုံ သက်ရောက်မှုရှိသည်။ TK ရိုးရာဗဟုသုတကိုကာကွယ်ရန် အာဏာမူပိုင်ခွင့် အုပ်ချုပ်မှုစနစ်တစ်ခု ဖွံ့ဖြိုးရန်ထက် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ခွင့်ပြုသက်ဝင်ရန် နိုင်ငံများအတွက် ပို၍အရေးကြီးပါသည်။

ရိုးရာယဉ်ကျေးမှုကိုကာကွယ်ခြင်းမှာ ကျဉ်းမြောင်းသောကာကွယ်မှုထက်ပို၍ တစ်ခုလုံးခြုံငုံသော ချဉ်းကပ်မှုတစ်ခုသုံးသင့်သည်။

- တလွဲသုံးခြင်းနှင့် မဆီမလျော်သုံးခြင်းမှ ကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ပြန်လည်ဖြည့်တင်းခြင်း နှစ်မျိုးစလုံး။
- ပြင်ပခြိမ်းခြောက်မှုများမှ မြေယာနှင့် သယံဇာတများကို ကာကွယ်ခြင်း။
- အသက်မွေးဝမ်းကြောင်းလုံခြုံမှု စီမံထိန်းသိမ်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



- ဌာနေတိုင်းရင်းသားများ၏ ဘာသာစကားများ အသုံးပြုခြင်း။
- ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ပြန်လည်ဆန်းစစ်ခြင်း။
- ဌာနေအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးအဆင့် အတန်းများကို လက်ခံအတည်ပြုခြင်းအတွက် မူဝါဒ နှုတ်ခွန်းဆက်မိတ်ဆက်ခြင်း။

" ကာကွယ်ခြင်းနှင့် အဆင့်မြှင့်ခြင်းအဓိပ္ပါယ် "

ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအသင်းကြီး UNESCO အခေါ်အဝေါ်တွင် ကာကွယ်ခြင်းသည် ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်း၊ တိုးတက်စေခြင်းကို ရည်ရွယ်သည့်နည်းလမ်းများအား လက်ခံအတည်ပြုခြင်းကိုရည်ညွှန်းသည်။ ဆိုလိုသည်မှာ ကွဲပြားသည့်နေရာများသုံးသော အခေါ်အဝေါ်များမှာ ဥပမာ-ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ် ကာကွယ်ခြင်းဆိုင်ရာသဘောတူစာချုပ် (၁၉၇၂) နှင့် ကိုင်တွယ်မရသော ယဉ်ကျေးမှုအမွေအနှစ်ကို စောင့်ရှောက်ခြင်းညီလာခံ (၂၀၀၃) တို့တွင် ဤအဓိပ္ပါယ်ဆောင်သည်ကို တွေ့ရသည်။ ကာကွယ်မှု ဟူသောအခေါ်အဝေါ်ကို စာသားတွင်သုံးခြင်းမှာ စီးပွားရေးလောကမှာ နိုးကြွလာသောအဓိပ္ပါယ်များမဟုတ်။ ဥပမာ-ဉာဏမူပိုင်ခွင့် အခွင့်အရေးအဆိုပြုချက် သို့မဟုတ် ၎င်းနှင့်မဆီမလျော်ဖြစ်ခြင်းမှ ကာကွယ်ခြင်း။

အခေါ်အဝေါ် -အဆင့်မြှင့်ခြင်း- ကို -စကားဆက်- နှင့်တွဲသုံးသောအခါ ၎င်းသည် အလွန်လျင်မြန်စွာ ပျံ့နှံ့နေသော ကမ္ဘာလုံးဆိုင်ရာပျံ့နှံ့ခြင်း ခြေလှမ်းအားဖြင့် ယဉ်ကျေးမှုဆိုင်ရာဖော်ပြချက်များ၊ စဉ်းစားရမည့်အဆင့် (ပျောက်ကွယ်နိုင်သည့်အဆင့်) မှ ရှင်သန်တည်မြဲရန် လိုအပ်မှုကို သွယ်ဝိုက်သောနည်းအားဖြင့် အကြံပေးသည်။

အဆင့်မြှင့်ခြင်းမှာ ၎င်းတို့သည်ပြတိုက်များသို့ သတ်သတ်မှတ်မှတ် ရှိနေခြင်းမဟုတ်သည်ကို သေချာစေရန် ယဉ်ကျေးမှုဆိုင်ရာဖော်ပြချက်များကို ပြန်ထုတ်လုပ်သည်။ ထို့အပြင် ကာကွယ်ခြင်းနှင့် အဆင့်မြှင့်ခြင်း ဝေါဟာရအတွဲကို ကျယ်ပြန့်သောနည်းတစ်ရပ်ဖြင့် ခွဲမရအောင်အသုံးပြုလေသည်။

၅။ ရိုးရာဗဟုသုတ ကာကွယ်မှုအဆင့်များနှင့် ဆက်သွယ်မှုများတန်ဖိုးကို အစဉ်အဆင့်စီသောစနစ် နှင့် ကာကွယ်ခြင်း အဆင့်များ။

ပစ္စည်းအုပ်ချုပ်မှုစနစ်များမှာ ပို၍မြင့်သောအဆင့်ဖြစ်သည်။ လူ့အခွင့်အရေးများနှင့် ဌာနေတိုင်းရင်းသားများ၏ မူများ၏ လက်အောက်ခံဖြစ်သည်။ ၎င်းတို့သည် ထိုအခွင့်အရေးများတွင် တိုးတက်မှုကိုတုန့်ပြန်ရန် လိုအပ်လိမ့်မည်။ ဉာဏမူပိုင်ခွင့်မူများနှင့် ဥပဒေတွင် မူများဖွံ့ဖြိုးမှုကို အစွန်းမရောက်စေသည်ကို အာမခံရန်လိုပေသည်။

လက်ရှိ ဉာဏမူပိုင်ခွင့် အုပ်ချုပ်ရေးစနစ်များ၏သတ်မှတ်ချက် မာကျင်နားရှိ ပြုပြင်ပြောင်းလဲမှုများသည် ရိုးရာဗဟုသုတနှင့် အရင်းအမြစ်များကြောင့် ကာကွယ်မှုနယ်အဝန်းကိုမပေးဘဲ တစ်ခုတည်းသာရှိသည့် အုပ်ချုပ်မှုစနစ်တစ်ရပ်လိုအပ်သည်။

ချဉ်းကပ်နည်းနှစ်မျိုးမှာ ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေအတွင်း ဌာနေတိုင်းရင်းသားများနှင့် ဌာနေအုပ်စုများ၏ ရိုးရာဗဟုသုတကာကွယ်မှုကို အလေးထားခြင်းနှင့်အတူ အောင်မြင်သည်။

တစ်ခုမှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများမှ ယဉ်ကျေးမှုအခွင့်အရေး၊ ဌာနေတိုင်းရင်းသားများ အခွင့်အရေး အုပ်ချုပ်မှုစနစ်များ (ဥပမာ- HRC, UNESCO) တို့မှတဆင့် ဖြစ်သည်။ အခြားမှာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ရိုးရာဗဟုသုတနှင့် ရိုးရာအရင်းအမြစ်များ အသုံးပြုခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးခြင်းများမှ ဖွံ့ဖြိုးတိုးတက်လာသည့် အုပ်ချုပ်မှုစနစ်များမှတဆင့်ဖြစ်သည်။ ဤအုပ်ချုပ်မှုပုံစံနှစ်ခုကို ဆက်သွယ်ရန် နည်းလမ်းရှာရမည်။

www.burmeseclassic.com


www.burmeseclassic.com



## ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ကာကွယ်ခြင်း

ပုံမှန်မှုဘောင်၏ ပယောဂ

- ပုံစံကျသော စည်းမျဉ်းများမှာ ပုံစံကျသောစနစ်အတွက် မဆီလျော်ပေ - သို့သော် ဘက်မလိုက်ပါ။
- မဆီလျော်၊ သည့်အပြင် ပုံစံမကျသည့်စနစ်ကို ဆန့်ကျင်ပြီး ဘက်လိုက်သည်။
- ၄င်းတို့သည် ပုံစံမကျသောစနစ်ကို တားဆီးနိုင်သည်။
- ၄င်းတို့က ၄င်းတို့အားထုတ်ယူနိုင်သည်။
- ၄င်းတို့ကို တရားမဝင်ဟု ကြေငြာခြင်းခံရသည်။
- ၄င်းတို့သည် ၄င်းတို့အားပုံပိုးနိုင်သည်။




၆။ ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေ၊ အမျိုးသားဥပဒေပြုခြင်းနှင့် နိုင်ငံတကာအဆင့်အတန်းများအကြား အတွင်းကျကျ ချိတ်ဆက်မှုများ။

သို့မဟုတ်သင်ခန်းစာ ၊ ရိုးရာဗဟုသုတကာကွယ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း။
ပြည်တွင်းဒေသခံအုပ်စု အဖွဲ့အစည်းများမှ နိုင်ငံတကာနယ်ဝန်းခရီးစဉ်။

ဖိလစ်ပိုင်နိုင်ငံရှိ ကော်ဒီလရာဒေသတွင် လူ (၁) သန်းနီးပါးနေထိုင်သည့် လူဦးရေထူထပ်သော တောင်တန်းဒေသဖြစ်သည်။ ဒေသအတွင်း ဘာသာ၊ ဓလေ့ လူမျိုးဘာသာမတူသည့် (၁၀)စု ဌာနေတိုင်းရင်းသားများနေထိုင်သည်။ အများစုအလေ့အကျင့်မှာ လှေခါးထစ် စပါးယဉ်ကျေးမှုအလေ့အကျင့် မိသားစုတောင်ယာအဆင့်၊ အုပ်စုအဖွဲ့ပိုင်သစ်တော၊ ခုတ်ရှို့လယ်ယာစိုက်ပျိုးရေး၊ လက်မှုပညာသည်များ၊ အမဲလိုက်ခြင်းဖြင့် နေထိုင်ကြသည်။

ကော်ဒီလရာနယ်၏ စပါးလှေခါးထစ်စိုက်သီးနှံများက အထူးဖြစ်၍ အမြင့် (၁၅၀၀) မီတာ အထက်ရှိပြီး၊ မတ်စောက်သော တောင်ခါးပန်းအထဲဆင်းလျှင် (၇၀) ဒီဂရီအများဆုံးရှိ၏။ ဆည်များ၊ မြောင်းများ၊ ရေလက်ကြား၊ ဝါးပိုက်များဖြင့် လှေခါးထစ်လယ်ယာစိုက်ပျိုးခင်းများဖြင့် စုပေါင်းသောစနစ်မှာ ရေလျှံခဲ့သည်။ ကမ္ဘာကျော် အီဖူဂါအို ဆန်လှေခါးထစ်ခင်းများမှာ အနှစ် (၂၀၀၀) ကျော်သက်တမ်းရှိ၍ ယနေ့တိုင်သုံးဆဲ၊ အီဖူဂါအိုအား လယ်သမား **Ifugao** များက ဆက်လက်ထိန်းသိမ်းစီမံပေးခဲ့သည်။

၁၉၇၃ ခုနှစ်၌ သမ္မတမာကို့စ်မှ ဘနောလှေခါးထစ်များကို နိုင်ငံ၏ သင်္ကေတအမှတ်အသားတစ်ခုအဖြစ် အသိအမှတ်ပြုသည့် သမ္မတဆိုင်ရာဥပဒေထုတ်ပြန်သည်။ ၁၉၉၅ ခုနှစ် အီဖူဂါအိုရှိ လှေခါးထစ်အုပ်စု ၅ စုက **UNESCO** ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် သက်ရှိယဉ်ကျေးမှုဆိုင်ရာ မြေအနိမ့်အမြင့်များ (မယိုရာအို၊ ဟွန်ဒေါင်း၊ ကီဂဲန်၊ ဘနော်)။ ၁၉၉၆ ခုနှစ်တွင် အမေရိကန် မြို့ပြအင်ဂျင်နီယာအဖွဲ့အစည်းများ ကမ္ဘာ့မြေ၊ ရေအကောင်းဆုံးထိန်းသိမ်းသည့် နည်းပညာ ဥပမာများတစ်ခုအဖြစ် ဆန် စပါး လှေခါးထစ်ခင်းများကို အသိအမှတ်ပြုခဲ့သည်။

မြေကြီးပေါ်၌ အီဖာဂါအို ဌာနေတိုင်းရင်းသားများသည် "မူယုံ" ခေါ် "မိသားစုပိုင်သစ်တော" ဟုညွှန်းသော သစ်တောစီမံခန့်ခွဲမှု ရိုးရာအလေ့အကျင့်တစ်ခုရှိသည်။ အီဖူဂါအိုမူကြား သစ်တောကွက်တစ်ခုစီမှာ "ယူယုံ" ဟူ၍သိကြပြီး ပုဂ္ဂလိကပိုင်ဖြစ်ကာ သီးသန့်မိသားစုတစ်စုမှ စောင့်ရှောက်သည်။ အကြောင်းမှာ မူယုံသည် ရေအရင်းအမြစ်၊ လောင်စာနှင့် သစ်အတွက် အရင်းအမြစ်တစ်ခုဖြစ်သည်။ ၄င်းကို စီမံထိန်းသိမ်းရန်မြန်စိုက်ဖို့ လိုအပ်သည်။ ကောင်းစွာစောင့်ရှောက်ထိန်းသိမ်းထားသော မူယုံသည် အချို့သောမူလသစ်တောများမှ များစွာကွဲပြားပြီး ဇီဝယင်တစ်ခုသာဖြစ်၍ အပင်မျိုးကွဲ ၂၀၀ခန့် မူယုံကလက်ခံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စ၌ ကျွန်ုပ်တို့သည် ဓလေ့ထုံးစံဖြစ်သောဥပဒေနှင့် အမျိုးသားဥပဒေပြုခြင်းအကြား ကြားခံတစ်ခုဖြစ်၍ ဖိလစ်ပိုင်နိုင်ငံ အီဖူဂါအို၊ ဘနော်သစ်ကွက်များနှင့် စပါး လှေခါးထစ်စိုက်ခင်းများ အမှုဖြစ်သည်။

လှေခါးထစ်များကို အမည်ပေးခြင်းဖြင့် "ယဉ်ကျေးမှုအမွေအနှစ်" ဟုအမည်ပေးခြင်းဖြင့် အဖြစ်စိတ်ဝင်စားမှုကို ခံယူခဲ့သည်။ ၎င်းမှာ လိုအပ်ချက်များ၏ မိတ်ဆက်အဖြစ်ဦးဆောင်သည်။ ဤသည်မှာ၊ "အမွေအနှစ် တန်ဖိုး" ကို ထိန်းသိမ်းစေရန်ဖြစ်ပြီး ဥပမာ - သီးနှံများရွေးချယ်ခြင်းနှင့် အဆောက်အဦးများကန့်သတ်ခြင်း။ ၎င်းမှာ၊ ကုန်သွယ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ဆက်လက်သည့် ရေရှည်တည်တံ့ခြင်းကို ဆက်ရန်ညှိနှိုင်းသည်။

တချိန်တည်းမှာပင် လူမှုစီးပွားရေးပြောင်းလဲမှုများကို အာရုံထားသည်မှာ ကြီးထွားလာသော နိုင်ငံခြားဧည့်သည်ခရီးသွားလုပ်ငန်း အပါအဝင်ဖြစ်သည်။ ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အတူ သစ်တောထွက်လှုပ်ရှားမှုများ၏ လက်မှုလုပ်ငန်းဈေးကွက်၊ လယ်ယာသီးနှံတိုးမြှင့်နိုင်ရေးနှင့် နိုင်ငံခြားဧည့်သည်များအတွက် အဆောက်အဦးများ တည်ဆောက်ခြင်းတိုးစေသည်။

ဤအဆောက်အဦးများသည် **UNESCO** စာရင်းဝင်အမွေအနှစ်ရောမျာနှင့်ယှဉ်၍ ရိုးရာဇဟုသုတစနစ်များအောက်တွင် မြေ၏တန်ဖိုးသက်မှတ်ချက်များအကြား ဤအဆောက်အဦးများက အငြင်းပွားစေသည်။ အဆောက်အဦးများမှာ လှေခါးထစ်များ အထက်ဟောင်းကြီး၏ မှုယုံဇုန်အပိုင်းမှ အများဆုံးအပိုင်းဆောက်သည်။ ယခင်က ရေရှည်တည်တံ့သော မြေကြီးစီမံခန့်ခွဲမှုက အရေးကြီးဆုံးနှင့် ကာကွယ်မှုလှေခါးထစ်များအထက် သစ်တောဧရိယာများတွင် ရေအရင်းအမြစ်များနှင့် မြေကြီးထိန်းသည်အဖြစ် နေရာယူသည်။ "အမွေအနှစ်" မြင်ကွင်းက မြေအနိမ့်အမြင့် ကျန်သည့်အပိုင်းများမှာ လှေခါးထစ်များကို ကာကွယ်မှုလိုသော အရေးကြီးဆုံးသောနေရာအဖြစ် မီးမောင်းထိုးပြသည်။

ထပ်လောင်း၍ ဖိလစ်ပိုင်နိုင်ငံအစိုးရက မူဝါဒတစ်ခုထုတ်သည်မှာ- ဌာနေ ရိုးရာသစ်တောနှင့်ပတ်သက်သည့်ဇဟုသုတကို အထူးအသိအမှတ်ပြုသည်။ **DENR** (ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဌာန လက်ကမ်းလွှာ ၉၆-၀၂ (**MC** ၁၉၉၆-၂၀၀၂) ၁၉၉၆ က အီဖူဂါအို ဒေသ **MRP** "မှုယုံ အရင်းအမြစ်များခွင့်ပြုချက်" ထုတ်ဝေမှုကို လွှမ်းမိုးသည့် ကြားခံလမ်းညွှန်များကိုပေးသည်။ ဤမှတ်တမ်းမှာ ကော်ဒီလီရာရှိ ဌာနေတိုင်းရင်းသားအုပ်စုများက မှုယုံကို စားဝတ်နေရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက်၎င်း၊ ကုန်းမြင့်ဖက်ရှိ ဖျက်ဆီးလူသားများနှင့် ကျူးကျော်ခြင်းကို ကြားခံသည့် ကြားဇုန်အဖြစ်၎င်း၊ အရေးကြီးသည့် ကမ္ဘာမှပါဝင်သည်။

**DENR** မှတ်တမ်းက အရည်အချင်းပြည့်ဝသည့်တစ်ဦးချင်းအတွက် နေရာနှင့်အရင်းအမြစ် ထုတ်ယူမှု မူပိုင်အခွင့်အရေးကိုပေးသည့် **MRP** တစ်ခုထုတ်ပေးသည်။ ၎င်းသည် **MRP** လျှောက်ရာတွင် မှုယုံ၏နေရာ၊ ပမာဏ စိုက်အပင်များ အရေအတွက်၊ အသုံးပြုသူစားဝတ်နေရေးအတွက် လိုအပ်ချက်ကုန်ကြမ်းစုနှင့် လျှောက်တင်ဝယ်ယူသူသည် ရိုးရာမှုယုံတွင် လွန်ခဲ့သောအနှစ် ၂၀ က လေ့ကျင့်ခဲ့သည့် အောင်လက်မှတ်တစ်ခုကို သတ်မှတ်သည်။ မှတ်တမ်းက **MRP** ကိုင်ဆောင်သူအား သစ်ပင်များခုတ်ရန်၊ ရိတ်သိမ်းရန်၊ ခရီးသွားလာရေးအတွက် ရွှေ့သို့လုပ်ဆောင်ရန်၊ ပြန်လည်သိုလှောင်သိမ်းဆည်းရန်နှင့် စောင့်ကြပ်ကြည့်ရှုရန် လုပ်ဆောင်စေသည်။

မှုယုံ အသိအမှတ်ပြုခြင်း၏ ဆန့်ကျင်ဘက်ရလဒ်များရှိသည်။ **DENR** မူဝါဒသည် မှုယုံအား ကြာရှည်တည်တံ့ဖွံ့ဖြိုးဖြစ်စေသော သစ်တောစနစ်တစ်ခုအဖြစ် အသိအမှတ်ပြုသည်။ အခြားတစ်ဖက်တွင်၊ မူဝါဒက ၎င်းပေးခဲ့သည်ကို သစ်ကွက်ပိုင်ရှင်များက **MRP** အတွက် လျှောက်လွှာတင်ခြင်းကို၎င်း၊ မှုယုံနှင့် ရှေ့ဆက်ရမည့် အလေ့အကျင့်ပေါ်တွင် တားမြစ်ချက်များ၊ လုပ်ဆောင်စေခြင်းဖြင့်၎င်း၊ **MRP** ကိုင်ဆောင်မှုများက **MC** ၉၆-၀၂ ရှေ့သို့ အခြေအနေ ပို့လွှတ်ခြင်းဖြင့်၎င်း ပြန်ယူသည်။

ဤကိစ္စတွင် အချို့မေးခွန်းများဖြေရန်လိုအပ်သည်မှာ- "အတွေ့အကြုံမှ သင်မည်သည့် သင်ခန်းစာရသနည်း။ မည်သည်က သင့်လျော်သောကဏ္ဍများနှင့် ဓလေ့ထုံးတမ်းဖြစ်သောဥပဒေ၊ အမျိုးသားဥပဒေပြုခြင်းနှင့် နိုင်ငံတကာက ရိုးရာဇဟုသုတတိုးမြှင့်မှုနှင့် ကာကွယ်မှုအတွက် အသိအမှတ်ပြုခြင်း ဆက်ဆံရေးများဖြစ်သနည်း။"

ထပ်လောင်း၍ ရိုးရာဇဟုသုတကာကွယ်ခြင်းသည် အောက်ပါအရေးကြီးသောကိစ္စရပ်အချို့ကို စဉ်းစားရန်လိုသည်။

www.burmeseclassic.com



- မြေယာလုံခြုံမှုမရှိခြင်း
- အစိုးရဖွံ့ဖြိုးမှု စီမံကိန်းများဖြစ်သော ဆည်များ ၊ ပန်းခြံများပြုခြင်း၊ ခရီးသွားလာရေးတို့၏ ဌာနေစီးပွားရေးနှင့် မြေအနိမ့်အမြင့်ကို ပုံပေါ်စေသည်။
- ဝင်ငွေဆင်းရဲခြင်း၊ အထူးသဖြင့် အခြေခံဝန်ဆောင်မှုများရရှိရန် လူမှုရေးဝန်ဆောင်မှုများမရှိခြင်း၊ မြို့များသို့ ပြောင်းရွှေ့ခြင်းကို အားပေးသော လူမှုဝန်ဆောင်မှုမရှိခြင်း။
- ဌာနေတိုင်းရင်းသားများကို အသိအမှတ်ပြုခြင်း လူ့အခွင့်ရေးအက်ဥပဒေ **(IPRA)**

နိဂုံးချုပ်အားဖြင့် အချို့အခြေခံယူဆချက်များနှင့် အကြံပေးချက်များ ရိုးရာဗဟုသုတကာကွယ်ခြင်းအတွက် ပါဝင်သည်မှာ-

- ရိုးရာဗဟုသုတကာကွယ်ခြင်း အဓိကမှာ ထုံးတမ်းအစဉ်အလာဖြစ်သော ဥပဒေဖြစ်သည်။
- ဌာနေတိုင်းရင်းသားများမှာ အမျိုးသား သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဗဟုသုတအပိုင်း မဟုတ်သော ၎င်းတို့၏ ဗဟုသုတနှင့် အရင်းအမြစ်များအပေါ် အခွင့်အရေးရှိသည်။ သို့သော် ထုံးတမ်းစဉ်လာဖြစ်သော ဥပဒေနှင့် မျှထားသည့် အာကာသအရဖွဲ့စည်းသည်။
- ဌာနေတိုင်းရင်းသားများမှာ မျှဝေခြင်းရိုးရာရှာ၍ အများမှာ အများအပြားပေးဆောင်ရာမှ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုသို့ ပေးဆောင်ရန်စိတ်ဝင်စားကြသော်လည်း ၎င်းအဆင့်ရောက်ရန် အပြန်အလှန်ဖယ်ရှားကြရန် တာဝန်ဝတ္တရား၊ အပြန်အလှန်ဖြစ်ခြင်းနှင့် ယုံကြည်မှု။
- ဌာနေတိုင်းရင်းသားများ ဗဟုသုတကို အသုံးချသောအခါ ပြည်သူတို့၏ ယဉ်ကျေးမှုဆိုင်ရာ အပိုင်းနေရာ၏ ကန့်သတ်ချက်များကို အသိအမှတ်ပြုရန်လိုအပ်ချက်တစ်ခုရှိသည်။ လက်ရှိ IR ၂ ဥပဒေနှင့် ဌာနေတိုင်းရင်းသားများတို့ ထုံးတမ်းအစဉ်အလာဖြစ်သောဥပဒေကို နိုင်ငံတကာတရားဝင်အချုပ်အခြာအာဏာဖွံ့ဖြိုးစေခြင်းတို့၌ အသိအမှတ်ပြုရန်လိုအပ်သည်။

လေ့ကျင့်ခန်း (၂)

အုပ်စုမျှဝေခြင်း - ဆွေးနွေးချက် (မိနစ် ၃၀)

ရိုးရာဗဟုသုတကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းလက်တွေ့ကျသောနည်းများ

၁။ ပါဝင်သူများသည် အုပ်စုငယ်များဖွဲ့၍ လက်တွေ့ကျသောနည်းလမ်းများကို ဆွေးနွေးရန်၊ ဌာနေတိုင်းရင်းသားများ၏ ရိုးရာဗဟုသုတကို ကာကွယ်ရန်နှင့်မြှင့်တင်ရန် ၎င်းတို့ကိုယ်ပိုင်အုပ်စု အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့အစည်းများ အသုံးပြုသည့်နည်းလမ်းများ သို့မဟုတ် ၎င်းတို့သိသည့် လက်တွေ့ကျသော နည်းလမ်းများကို ဆွေးနွေးသည်။

၂။ ဆွေးနွေးပွဲအပြီးတွင် အုပ်စုများက အချင်းချင်းဆွေးနွေးချက် ရလဒ်များကို မျှဝေသည်။

၃။ ကူညီသူက ဌာနေတိုင်းရင်းသားများ၏ ဌာနေဗဟုသုတကို တိုးမြှင့်ရန်နှင့် အသုံးပြုသည့် နည်းလမ်းများကို ဆွေးနွေးပြီးခဲ့သောအချက်နှင့်အတူ ချိတ်ဆက်၍ဆွေးနွေးလျက် အနှစ်ချုပ်၍ ခေါင်းစဉ်ကိုဆွေးနွေးသည်။

www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း ၁၄

## ဆက်သွယ်ရေး၊ ပညာရေးနှင့် ပြည်သူလူထုသတိပြုမှု။

**ရည်မှန်းချက်များ။**

၁။ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ ကျယ်ပြန့်သောဆက်သွယ်မှု **(CEPA)** မှုဘောင်ကို နားလည်ရန်။

၂။ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများ၏ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အပြီး **(IIFB)**က **CEPA** တွင် မည်သို့အလုပ်လုပ်သည်ကိုလေ့လာရန်။

၃။ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှစ်မှ အပြည်ပြည်ဆိုင်ရာဇီဝမျိုးကွဲ ဆယ်ခုနှစ်သို့ ဦးတည်မီးမောင်းထိုးပြရန်။

၄။ အချို့လက်တွေ့ပညာရေးဆိုင်ရာ နည်းလမ်းအတိုအစများနှင့် လှုပ်ရှားမှုများကို မျှဝေရန်။

**အရင်းအမြစ်များ။**

- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်သို့ဆုံးဖြတ်ချက်များ ပါတီများညီလာခံမှ ၄င်း၏ (၈) ကြိမ်မြောက်အစည်းအဝေးတွင် လက်ခံအတည်ပြုရန်။
- **(CBD)** ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အစီအစဉ်အပေါ်တွင် အခြေခံသည့် **CEPA** ၏ **IIFB** အစီအစဉ်။ (ပါဝါပွိုင့်)
- ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် **(CBD)** ပါတီများနှင့် **(COP)** ပါတီများညီလာခံဆုံးဖြတ်ချက်များပေါင်းစု၍ ပြည်သူပညာပေးရေးနှင့် သတိပြုမှု ပိုဒ်ခွဲ ၁၃နှင့် **IIFB** လုပ်မှုဆောင်ဖွဲ့ **CEPA** စီမံချက်။
- နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနှစ်အတွက် အကောင်အထည်ဖော်ခြင်းဗျူဟာ။
- နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနှစ်ကိုကြိုဆိုခြင်း။

**အချိန်**
၃ နာရီ

### ထည့်သွင်းမှုနှင့် ဆွေးနွေးချက်။ (၃နာရီ)

၁။ အပြည်ပြည်ဆိုင်ရာဇီဝမျိုးစုံမျိုးကွဲနှစ်

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက် ၆၁ / ၂၀၃ ဖြင့်ကြေငြာသော အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှစ် **IYB** ကို ၂၀၁၀ခုနှစ်တွင် ကျင်းပခဲ့သည်။ ယခုနှစ်သည် ပါတီများမကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်ကို၄င်း၊ အစိုးရများမှ ၂၀၀၂ ခုနှစ် ဂျိုဟာမ်နက်စ်ဘတ် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုညီလာခံက လက်ခံအတည်ပြုသည့် ၂၀၁၀ ဇီဝမျိုးစုံမျိုးကွဲပန်းတိုင်နှင့် တိုက်ဆိုင်သည်။ ဤပွဲများသည် ပြည်သူနှင့် နိုင်ငံရေးရာ ဇီဝမျိုးစုံမျိုးကွဲ၏ လူသားတို့အကျိုး စီးပွားအတွက် အရေးပါပုံကို သတိပြုမှုမြှင့်တင်ဖို့ရည်ရွယ်သည်။ ဤသို့နောက်တွင် **(IYB)** အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှစ်က ၂၀၁၀ ပန်းတိုင်ရရှိရေး အောင်မြင်မှုကျင်းပခြင်းအပါအဝင် သက်ဆိုင်သည့်ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့် ညီလာခံပန်းတိုင်များသို့ ကမ္ဘာ့အုပ်စုအဖွဲ့အစည်းများအား အားဖြည့်ကူညီရန် ကတိကဝတ်ပြုဆွေးနွေးပွဲ အဆုံးသတ်ခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com


၂၀၁၀ ဇီဝမျိုးစုံမျိုးကွဲပန်းတိုင်

ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံဆိုင်ရာအဆင့်များ၌ ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးခြင်း၏ လက်ရှိနှုန်းထက် သိသာစွာလျှော့ရန်နှင့် ဆင်းရဲမှုလျှော့ချရန်၊ ၂၀၁၀ ခုနှစ်တွင် ကမ္ဘာမြေရှိ အားလုံးသောသက်ရှိများဘဝ အကျိုးစီးပွား ရရှိကြရန်။

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှစ်သည် ဆက်သွယ်ရေး၊ ပညာရေးနှင့် ပြည်သူ့သတိပြုမှု **(CEPA)** အတွက် လုပ်ငန်းအစီအစဉ်၏ အရေးကြီးသော အကောင်အထည်ဖော်ခြင်းဖြစ်သည်။

၎င်းအပိုဒ်ခွဲ (၁၃) **(IVB)**အောက်ရှိ အာဏာအပ်နှင်းခြင်းမှာ ပါတီများအတွက် ကမ္ဘာ့ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏အမျိုးသားက အကောင်အထည်ဖော်မှုကိုဆက်သွယ်ရန် အခွင့်အရေးတစ်ခုဖြစ်၍ ဇီဝမျိုးစုံမျိုးကွဲလမ်းကြောင်းကို ပညာရေးသို့၎င်း၊ အရေးကြီးသော စီးပွားရေးအခန်းကဏ္ဍအလုပ်အတွက်၎င်း တက်ရန် ခြေလှမ်းများဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဇီဝမျိုးစုံမျိုးကွဲနှစ်သည် ဇီဝမျိုးစုံမျိုးကွဲက ကမ္ဘာမြေရှိသက်ရှိရေရှည် တည်တံ့ဖွံ့ဖြိုးရန်အရေးကြီးသော ကဏ္ဍဖြစ်ခြင်းနားလည်မှုတိုးမြင့်ရန် ထူးခြားသော အခွင့်အရေးတစ်ခုလည်းဖြစ်သည်။

အဓိကပန်းတိုင်များ

- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှု၏ အရေးပါပုံနှင့် ဇီဝမျိုးစုံမျိုးကွဲကို ခြိမ်းခြောက်နေသည်များကို ပြည်သူတို့ သတိပြုမှု တိုးမြင့်ပေးရန်။
- ကျေးလက်အုပ်စုအဖွဲ့အစည်းများနှင့် အစိုးရများမှသဘောပေါက်သည့်ဇီဝမျိုးစုံမျိုးကွဲအားကာယ်ဆယ်ရန်နှင့် ကြောက်သည့်အချက်တို့ကို သတိပြုမိမြင့်တင်ရန်။
- ဇီဝမျိုးစုံမျိုးကွဲကို ခြိမ်းခြောက်မှုများလျှော့ချရန် စဉ်းစားတီထွင်ထားသော အဖြေများကိုမြှင့်တင်ရန်။
- တစ်ဦးချင်းအဖွဲ့များ၊ အစိုးရများမှ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုများကို ချက်ခြင်းဆောင်ရွက်သော ခြေလှမ်းများအား အားပေးရန်။
- ၂၀၁၀ ခုနှစ်နောက်ပိုင်း ပါဝင်ပတ်သက်သူများအကြား လှုပ်ရှားဆောင်ရွက်မည့် အဆင့်များနှင့် စကားပြောပွဲများကို အားပေးရန်။

၂။ **CEPA** ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်၏ အလုပ်ဗျူဟာ

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ အဘယ်နည်း။ အဘယ်ကြောင့် ကျွန်ုပ်တို့ပတ်သက်သင့်သနည်း။ ဂြိုလ်ကမ္ဘာရှိ ဇီဝဆိုင်ရာ အရင်းအမြစ်များကို လာမည့်မျိုးဆက်များအတွက်ရနိုင်သည်ဟု အာမခံနိုင်သည့် နည်းလမ်းတစ်ခုဖြင့် မည်သို့အသုံးပြုနိုင်သနည်း။

ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်က အသက်ကွန်ယက်ကိုထိန်းရန် မည်သို့လုပ်ဆောင်သနည်း။ ဤဂြိုလ်ကမ္ဘာ၏ ဇီဝဆိုင်ရာအရင်းအမြစ်များကို လာမည့်မျိုးဆက်သစ်များအတွက် ရရှိနိုင်ဖို့အာမခံနိုင်ရန် နည်းတစ်ခုဖြင့် မည်သို့အသုံးပြုနိုင်မည်နည်း။ **CBD** က အသက်ကွန်ယက်စောင့်ရှောက်ဖို့ မည်သည့်အလုပ် လုပ်သနည်း။ သဘောတူစာချုပ်လုပ်ငန်းအစီအစဉ်က ထိန်းသိမ်းရေး ရည်ရွယ်ချက်များ၊ ဇီဝမျိုးစုံမျိုးကွဲ ရည်ရှည်တည်တံ့အောင် အသုံးပြုခြင်းနှင့် မျိုးဗီဇအရင်းအမြစ်များအသုံးပြုခြင်းမှ ထွက်ပေါ်လာသောအကျိုးအမြတ်များကို ညီမျှဝေမျှရန် မည်သို့ပေးဆောင်သနည်း။ ဤမေးခွန်းများမေးခြင်းသည် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အစီအစဉ်၏ ဆက်သွယ်ရေး၊ ပညာရေးနှင့် ပြည်သူလူထုသတိပြုမှု **(CEPA)** ၏ **CBD** ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းတွင် မြို့ပြအဖွဲ့အစည်းများ၊ ပညာပေးသူများနှင့် ပါတီခွဲများကိုကူညီပံ့ပိုးရန် အမျိုးမျိုးသောပရိသတ်တို့အတွက် ပေးရန်ရည်ရွယ်သည်။

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် ပိုဒ်ခွဲ ၁၃ မှ ထွက်ပေါ်လာသည့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ် လုပ်ငန်းအစီအစဉ်က ရှာဖွေသည်မှာ-

- သဘောတူစာချုပ်၏ သိပ္ပံနည်းကျနည်းပညာအလုပ်ကို ဘာသာစကားတစ်မျိုးဖြင့် များပြားကွဲပြားသော အုပ်စုများ ရရှိစေနိုင်ရန် ဆက်သွယ်ရန်။
- ဇီဝမျိုးစုံမျိုးကွဲကို ပညာရေးစနစ်များသို့ အားလုံးသောပါတီတွင်းမှ ညီလာခံသို့ ဆက်သွယ်ရန်။

www.burmeseclassic.com

www.burmeseclassic.com



- ဇီဝမျိုးစုံမျိုးကွဲက ကျွန်ုပ်တို့၏ အသက်ရှင်မှုဘဝများအတွက် အရေးပါခြင်းကို ၄င်းတို့၏သဘာဝ တန်ဖိုးနှင့် ထပ်တူ ပြည်သူတို့သတိပြုမိအောင်မြှင့်တင်ပါ။

(CBD) လူထုပညာပေးရေး သို့မဟုတ် သတိပြုမှုဆိုင်ရာပိုဒ်ခွဲ ၁၃ စာချုပ်ချုပ်ဆိုသောပါတီများက ပြုသင့်သည်မှာ-

(က) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းအတွက် လိုအပ်သောနည်းလမ်းများနှင့် အရေးပါပုံအကြောင်း နားလည်မှုကို အားပေးမြှင့်တင်ရန်။ အလားတူပင် သတင်းမီဒီယာ၊ ပညာပေးအစီအစဉ်များကို ဤခေါင်းစဉ်များ ခွဲခြင်းတို့ဖြင့် သဘောပေါက်အားပေးရန်။

(ခ) အခြားသောနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပညာရေးနှင့် သတိပြုမိမှုအစီအစဉ်များကို ဇီဝမျိုးစုံမျိုးကွဲရရှိခြင်းနှင့် အသုံးပြုခြင်း အလေးထားမှုနှင့် အတူတကွ ဖွံ့ဖြိုးရန်သင့်လျော်သလို ပူးပေါင်းအလုပ်လုပ်ရန်။

၃။ ပါတီများညီလာခံ COPM ပိုဒ်ခွဲ ၁၃ ကို စဉ်းစားခြင်း

ပါတီများညီလာခံက ၄င်း၏ (၄) ကြိမ်မြောက်အစည်းအဝေးတွင် ပိုဒ်ခွဲ ၁၃ ကို ပထမဆုံးကြိမ်ပြောဆိုကြသည်။ COPU မှ ဆုံးဖြတ်ချက်ချသည်မှာ - လူထုပညာပေးရေးနှင့် သတိပြုမှုကိစ္စများမှာ၊ ဆက်နွယ်ကြသည်ဖြစ်ပြီး ညီလာခံလုပ်ငန်း အစီအစဉ်အောက်တွင် အားလုံးသောအခန်းကဏ္ဍများနှင့် အဓိကပြောမည့် အကြောင်းများ စုစည်းဆက်နွယ်မှု တစ်ခုဖြစ်လာသည်။

COPU က UNESCO ကို လူထုသတိပြုမိမှုနှင့် ဇီဝမျိုးစုံမျိုးကွဲပညာပေးခြင်းနှင့် သင်တန်းများ အပေါ် ကမ္ဘာလုံးဆိုင်ရာသို့ ရှေးဦးမိတ်ဆက်အလုပ်လုပ်ရန် စဉ်းစားခဲ့သည်။ COPU (၄)က အမှုဆောင်အတွင်းရေးမှူးအား CPO(၅) သို့ ရွေ့ပြောအစီရင်ခံပို့ခြင်းတောင်းဆိုပြီး ၄င်းမှာလုပ်နေဆဲဖြစ်သည်။ ဤ (၅) ကြိမ်မြောက်အစည်းအဝေး၌ ပါတီများညီလာခံက အမှုဆောင်အတွင်းရေးမှူးအား UNESCO နှင့် ပူးတွဲလျက် ပညာရှင်များအလုပ်အမှုဆောင် အတိုင်ပင်ခံ အုပ်စုအတွင်းအဝေးပြုရန်ကို ဇီဝမျိုးစုံမျိုးကွဲ ပြည်သူပညာပေးနှင့် သတိပြုမိမှုဆိုင်ရာအဆိုပြု ကမ္ဘာ့ရွေ့ပြေးအတွက် ဦးစားပေးလှုပ်ရှားမှုများ ခွဲခြားစီစစ်ရန်အတွက်တောင်းဆိုခဲ့သည်။

(၆)ကြိမ်မြောက် ပါတီညီလာခံ COP(၆)က ဆက်သွယ်ရေး၊ CEPA အပေါ် ကမ္ဘာ့ရွေ့ပြေး တစ်ခုအဖြစ် သတင်းအချက်အလက်များ ပါဝင်သည်။ ပညာရေးနှင့် ပြည်သူလူထုသတိပြုမှုဆိုင်ရာ ဆုံးဖြတ်ချက် ၆/၁၉ ကို လက်ခံအတည်ပြုရာ တင်ပြသည်။ ဆုံးဖြတ်ချက်နောက်ဆက်တွဲသည်လည်း ကမ္ဘာ့ရွေ့ပြေးလုပ်ငန်းအစီအစဉ်အခန်းများလည်း ပါဝင်သည်။

CEPA လုပ်ငန်းအစီအစဉ်

အစီအစဉ်အခန်း (၁) ။ "ကမ္ဘာ့ဆက်သွယ်ရေး၊ ပညာရေး၊ ပြည်သူလုထု သတိပြုမှုကွန်ယက်တစ်ခုဆီသို့"

ရှိရာဆက်သွယ်ရေး ယန္တရားများနှင့် သတင်းအချက်အလက်၊ နည်းပညာအသစ်များပါဝင်သည့် ကွန်ယက်များလှုံ့ဆော်မှုနှင့် ပူးပေါင်းအလုပ်လုပ်ခြင်း။

အစီအစဉ်အခန်း (၂) ။ "ဗဟုသုတကျွမ်းကျင်မှုနှင့် ကျွမ်းကျင်မှုဖလှယ်ခြင်း"

ဗဟုသုတနှင့် ကျွမ်းကျင်မှုဖလှယ်ခြင်းကို CEPA၏ ရွေ့ပြေးတီထွင်မှုနှင့် ဖွံ့ဖြိုးမှုကို တိုးတက်စေရန် အသက်မွေးဝမ်းကြောင်းပညာရှင်များအကြား ဗဟုသုတကျွမ်းကျင်မှုဖလှယ်ခြင်း။

အစီအစဉ်အခန်း (၃) ။ "ဆက်သွယ်ရေး၊ ပညာပေးရေးနှင့် လူထုသတိပြုမှုအတွက် စွမ်းရည်မြှင့်ခြင်း"

ဇီဝမျိုးစုံမျိုးကွဲဈေးကွက်သို့ အခြားသောကဏ္ဍများနှင့် ပါတီများစွမ်းဆောင်ရည် ဖွံ့ဖြိုးစေခြင်းနှင့် အခြားကဏ္ဍများ၏အလုပ်တွင် ကျယ်ပြန့်စွာဆောင်ရွက်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၈) ကြိမ်မြောက်ပါတီညီလာခံက CEPA လုပ်ငန်းအစီအစဉ် ၂နှစ်အတွင်း အကောင်အထည်ဖော်မှုကို လမ်းညွှန်ရန်ဦးစားပေးသည့် လှုပ်ရှားမှုများကို လက်ခံအတည်ပြုသည်။ ၄င်းဦးစားပေး (၁၀)ခု ပါသောစာရင်းမှာ-

- ♦ **CEPA** လှုပ်ရှားမှုများအတွက် အကောင်အထည်ဖော်မှု အဆောက်အအုံ သို့မဟုတ် လုပ်ငန်းအစီအစဉ်ဆောင်ရွက်ခြင်း။
- ♦ ဇီဝမျိုးစုံမျိုးကွဲဗဟုသုတနှင့်သတိပြုမှုအဆင့်ကိုမှတ်သားကောက်ယူရန်နှင့်ဆက်သွယ်ရေးအတွက်စွမ်းဆောင်ရည်ဆုံးဖြတ်ခြင်း။
- ♦ အဓိကသတင်းအချက်များ ဖွံ့ဖြိုးစေခြင်း။
- ♦ သတင်းမီဒီယာ ဆက်သွယ်မှုဗျူဟာ အကောင်အထည်ဖော်ခြင်း။
- ♦ **CEPA** ဗျူဟာများ အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးရန်ထောက်ကူပစ္စည်းများ အသေးစိတ်ပူးပေါင်းလုပ်ဆောင်ခြင်း။
- ♦ **CEPA** ဗျူဟာများ ပူးတွဲလုပ်ဆောင်ရန် အလုပ်ရုံဆွေးနွေးပွဲများစည်းရုံးခြင်း။
- ♦ ကမ္ဘာ့ကွန်ယက်တစ်ခုအတွက် ပံ့ပိုးရန်နှင့် အဆောက်အအုံပံ့ပိုး မှုဖွံ့ဖြိုးစေခြင်း။
- ♦ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့။
- ♦ ပါတီများညီလာခံအစည်းအဝေးများနှင့် သိပ္ပံနည်းကျ၊ နည်းပညာနှင့် နည်းပညာဆိုင်ရာအကြံပေးမှု (**SBSTTA**) အကြောင်း အနှစ်ချုပ်ဖော်ပြမြှင့်တင်ခြင်း။
- ♦ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပုံစံကျသော၊ မကျသော ပညာပေးရေးများနှင့် အားမြှင့်ရန်။

ပါတီများအတွက် ပါတီညီလာခံလမ်းညွှန်။

ပါတီများညီလာခံက ပါတီများကို အမျိုးသားဗျူဟာနှင့် လှုပ်ရှားမှုစီမံချက်တွင်ဖွံ့ဖြိုးရန် ပိုဒ်ခွဲ ၁၃ကို အထူးပြုချဲ့၍ ပြောဆိုသည်။

- ♦ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သည့်အဖွဲ့အစည်းများမှတစ်ဆင့် ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်အပေါ်တွင် ပညာပေးရေးကိုမြှင့်တင်ခြင်း။
- ♦ ပညာရေးအသုံးပြုမှုနှင့် ဆက်သွယ်ရေး ထောက်ကူပစ္စည်းများအတွက် အရင်းအမြစ်များကို လျာထားခြင်း။
- ♦ ပညာရေးနှင့် ဆက်သွယ်ရေးထောက်ကူပစ္စည်းများကို ဗျူဟာမြောက်အသုံးပြုရန် သင့်လျော်သော အရင်းအမြစ်များကို မူဝါဒဖွဲ့ခြင်း၊ စီမံခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း အဆင့်တစ်ခုစီလျာထားခြင်း။
- ♦ ပညာရေးဗျူဟာများသို့ ဇီဝမျိုးစုံမျိုးကွဲပတ်သက်မှုကို ပူးတွဲဆက်နွယ်ရန်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် ရေရှည်မှုတည်တံ့အောင် အသုံးပြုခြင်းအတွက် ဆီလျော်သောနည်းလမ်း များနှင့် အရေးပါခြင်းကို ပါဝင်ပတ်သက်သူများ လူထုပညာပေးခြင်း၊ သတိပြုမှုမြှင့်တင်ရန် သတင်းမီဒီယာသုံး၍ ပါတီများအား အားပေးပံ့ပိုးခြင်း။ ဆုံးဖြတ်ချက် ၄/၁၀(ခ) စာပိုဒ် ၃ နှင့် ၄ အရ လိုအပ်လျှင် ညီလာခံမှ ပုံများ၊ ဘာသာပြန် (ဌာနေစကား/ဘာသာဖြင့်) ပေးဆောင်သင့်သည်။

ပိုဒ်ခွဲ ၈ (ည) နှင့်ဆက်စပ်၍ ၄င်းနှင့်ဆက်ဆိုင်သည့် ပေးဆောင်မှုများနှင့် ပါတီများညီလာခံက ပါတီများကို တိုက်တွန်းသည်မှာ ဒေသတွင်းဆက်သွယ်မှုများထက် သတင်းစာအပါအဝင် လက်ကမ်းလွှာ၊ ရေဒီယို၊ ဌာနေဘာသာစကားသုံး၍ တိုးတက်စေခြင်း။ (ဆုံးဖြတ်ချက် ၅/၁၆ အပိုဒ် ၁၂ (င) ပါတီများညီလာခံကလည်း ပါတီများနှင့် အစိုးရများကို ပညာပေးရေးနှင့် သတိပြုမှု၊ မြှင့်တင်ရန်တောင်းဆို၍ ဌာနေနှင့် တိုင်းရင်းသားများ၊ အုပ်စုအဖွဲ့အစည်းနှင့် ပြည်သူကို ကျယ်ကျယ်ပြန့်ပြန့်သတိပြုမိစေရန် ဆက်သွယ်ရေးဗျူဟာများကို ပိုဒ်ခွဲ ၈ (ည) ၆/၁၀ အကြံပေးချက်များဖြင့် ဖွံ့ဖြိုးစေရန်ဆောင်ရွက်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာသဘောတူစာချုပ်အစီအစဉ်အပေါ် အခြေခံသည့်CEPAဆိုင်ရာIIFBအစီအစဉ်။

CEPA ၂၀၁၀ ဆိုင်ရာတွင် အလုပ်အစီအစဉ်အတွက် ဦးစားပေးလှုပ်ရှားမှုစာရင်း။

ဦးစားပေးလှုပ်ရှားမှု (၁) ။CEPA လှုပ်ရှားမှုအတွက် အဆောက်အအုံ၊ သို့မဟုတ် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း။

IIFP အဆိုပြုလှုပ်ရှားမှုများ-

- IIFB ၏ CEPA အလုပ်အမှုဆောင်ကော်မတီအား ကောင်းမွန်စေသည်။

ဦးစားပေးလှုပ်ရှားမှု (၂) ။ဆက်သွယ်ရေးအတွက် စွမ်းရည်ဆုံးဖြတ်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲအပေါ် သတိပြုမှု။ ဗဟုသုတ အဆင့်တိုင်းတာကောက်ယူရန်။

- IIFB ၏ CEPA အပေါ် အလုပ်အမှုဆောင်ကော်မတီကို ဌာနေတိုင်းရင်းသားများ၏ သတိပြုမှုအဆင့်နှင့် နားလည်ဆိုင်ရာ (ဒေသအဆင့်နှင့် အမျိုးသားအဆင့်)ကို ကွင်းဆင်းစာရင်းကောက်ယူခြင်း။
- ဒေသအဆင့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်အပေါ်တွင် အလုပ်စီမံချက်အတွက် ဆီလျော်သည့် ပန်းတိုင်များ ခွဲခြားသတ်မှတ်ခြင်း။
- မေးခွန်းတိုဖွံ့ဖြိုးစေခြင်းနှင့် လိုအပ်ချက်များ စစ်တမ်းကောက်ယူရန် ဦးစားပေးအုပ်စု ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း။

ဦးစားပေးလှုပ်ရှားမှု (၃) ။အဓိကသတင်းအချက်ဖွံ့ဖြိုးစေခြင်း

IIFB အဆိုပြုသည့် အဓိကသတင်းအချက်များမှာ-

- ဌာနေတိုင်းရင်းသားများ၏ ဗဟိုအဓိကအရေးကြီးသောကဏ္ဍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှု၊ ရေရှည်တည်တံ့သောအသုံးပြုခြင်းနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု။
- အကယ်၍အစိုးရများက ဆင်းရဲမွဲတေမှုပပျောက်ရန် အလေးအနက်ထားလျက် ၎င်းတို့သည် ဌာနေတိုင်းရင်းသားများ၏ မြေများ၊ ကုန်း၊ အရင်းအမြစ်များ (အခွင့်အရေး) များကို အလေးထားရန်၊ ကိုယ်ပိုင်ဆုံးဖြတ် သန္နိဋ္ဌာန်ချရန်၊ အရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲကို ထုံးတမ်းအစဉ်အလာအရ စီမံခန့်ခွဲရန် ဆောင်ရွက်ခြင်း။
- အဓိကသတင်းအချက်များကို အားလုံးသော CEPA အလုပ်လုပ်နေသူများ၊ အုပ်စုများသိရန်၊ ပြန့်ပွားရန် ဆောင်ရွက်ခြင်း။
- ရာသီဥတုပြောင်းလဲမှု အကြောင်းသတင်း ပါဝင်စေခြင်း။
- CEPA အလုပ်လုပ်နေသော ဌာနေအုပ်စုများအားလုံးသို့ အဓိကသတင်းများကို ပြည်သူသိရန်နှင့် ပြန့်ပွားရန်ဆောင်ရွက်ခြင်း။

ဦးစားပေးလှုပ်ရှားမှု (၄) ။သတင်းမီဒီယာ ဆက်သွယ်မှုဗျူဟာ အကောင်အထည်ဖော်ခြင်း။

- ဌာနေအခြေအနေများအတွက် ကွဲပြားသော သတင်းမီဒီယာအသုံးဝင်မှု၏ ကောင်းမွန်သော သတိပြုမှုရှိခြင်း။
- ဌာနေနှင့် ရပ်ရွာရှိသတင်းစာစောင်များသုံး၍ ဇီဝမျိုးစုံမျိုးကွဲစာမျက်နှာ တိုးမြင့်စေခြင်း၊ အယ်ဒီတာအာဘော်ရေးသားခြင်း။
- အုပ်စုအလိုက် ရေဒီယိုသုံးခြင်း၊ အုပ်စုအဖွဲ့ ချိတ်ဆက်သော ရေဒီယိုကွန်ယက်အသုံးပြုခြင်း။
- မျက်နှာချင်းဆိုင် သတင်းမီဒီယာ/နည်းလမ်း/အစည်းအဝေးသုံးခြင်း။
- ပြဇာတ်/ဗီဒီယို/ရုပ်ရှင်များ/လူထုဝန်ဆောင်မှု ရုပ်မြင်သံကြားကြော်ငြာချက်များ အသုံးပြုခြင်း။
- ဂီတပညာရှင်များ အလုပ်လုပ်ခြင်းဖြင့် ဂီတကိုအသုံးပြုခြင်း။
- ပိုစတာများကဲ့သို့ မြင်ရသည်များသုံးခြင်း။
- ဌာနေတိုင်းရင်းသားများ၏ ဆက်သွယ်ရေးပုံစံများသုံးခြင်း။ (ဆိုလိုသည်မှာ၊ ပုံပြောခြင်းနှင့် အခြားသောနှုတ်ပြောများ။)

ဦးစားပေးလှုပ်ရှားမှု (၅) ။ CEPA ဗျူဟာများနှင့် အကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးမှုအတွက် ဆောက်ကုပစ္စည်းတန်ဆာပလာများဖြင့် ပူးတွဲအလုပ်လုပ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



- IP နှင့် CBD ဆိုင်ရာ ပညာရေးအရင်းအမြစ်ကိုသုံးပြီး ကျယ်ပြန့်ပွားများစေသည်။
- လက်ရှိ CBD ဝတ္ထုများကို အသုံးပြုခြင်း။
- IIFB အဆိုပြုချက်များကို ကွဲပြားခြားနားသော ဘာသာရပ်များဖြင့်စုဆောင်းခြင်း။

ဦးစားပေးလုပ်ရှားမှု (၆) ။ CEPA ဗျူဟာများအတွက် အလုပ်ရုံဆွေးနွေးပွဲများ စည်းလုံးဆောင်ရွက်ခြင်း။

- ဒေသအဆင့်၊ အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့်၊ အလုပ်ရုံဆွေးနွေးပွဲများအားဖြင့် ပညာပေးသူများနှင့် ပိုမိုသင်တန်းပေးနိုင်ရန် စည်းရုံးခြင်း။

ဦးစားပေးလုပ်ရှားမှု (၇) ။ အဆောက်အအုံဖွံ့ဖြိုးစေခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာကွန်ယက်ကိုပံ့ပိုးမှု။

- IIFB ဝက်ဆိုဒ် <http//iifb.indegenousportal.com> မြင့်တင်ခြင်းနှင့် အသုံးပြုခြင်း။
- IIFB ဝက်ဆိုဒ်နှင့်အတူ အသင်းဝက်ဘ်ဆိုဒ်ချိတ်ဆက်ခြင်း။
- စာရင်းမှတစ်ဆင့် ကွန်ယက်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း။

ဦးစားပေးလုပ်ရှားမှု (၈) ။ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့။

- UNPFII ပံ့ပိုးမှုကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့အတွက် IPနှင့် ဇီဝမျိုးစုံမျိုးကွဲအပေါ် ဦးတည်ခေါ်ခြင်း။
- အမျိုးသားအရင်းအမြစ်လူများနှင့် အလုပ်လုပ်ခြင်း/ဇီဝမျိုးစုံမျိုးကွဲအမျိုးသားနေ့များ၏ ဖြစ်နိုင်ချေရှိသည်တို့ကိုကြည့်ခြင်း။
- အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ အပြည်ပြည်ဆိုင်ရာနေ့ကိုအသုံးဝင်စေခြင်း။

ဦးစားပေးလုပ်ရှားမှု (၉) ။ COP နှင့် SBSTTA အစည်းအဝေးများ၏ အကျဉ်းချုပ်ကိုမြှင့်တင်ခြင်း။

- IP များအစည်းအဝေးတွင်ပါဝင်ခြင်းနှင့် IPများနှင့်ပတ်သက်သည့် အခြားသောအစည်းအဝေးများအားကောင်းစေခြင်း။
- CEPA ပွဲတွင်ပါဝင်ခြင်း။
- ပွဲများကျင်းပရန် လှုံ့ဆော်ဆောင်ရွက်ပေးခြင်း။
- IP နှင့် CBD ကို IIFB နှင့် တက်ဒီဘာအားဖြင့်ဖွံ့ဖြိုးစေသည့် အရင်းအမြစ်ထောက်ကူ ပစ္စည်းများအားအသုံးပြုခြင်း။

ဦးစားပေးလုပ်ရှားမှု ၁၀ ။ ဇီဝမျိုးစုံမျိုးကွဲအပေါ် တွင်ပုံစံကျသော၊ ပုံမကျသောပညာရေး အားကောင်းစေခြင်း။

- အစိုးရနှင့် ဌာနေအာဏာပိုင်များကို ပုံစံကျသောအဆင့်အားလုံးရှိ သင်ရိုးညွှန်းတမ်း၊ အထူးသဖြင့် မူလတန်းအဆင့်ကိုအားပေးခြင်း။
- ဆရာများ/ကျောင်းများသို့ လက်ကမ်းလှမ်းမီရောက်ရှိစေခြင်း။(ဥပမာ-ကျောင်းဆရာမများ၏ သင်တန်း)
- စာရွက်စာတမ်းများ၊ ပညာပေးအရင်းအမြစ်များ ဖွံ့ဖြိုးစေခြင်း။
- ရှင်သန်နေထိုင်ရာရိုးရာများနှင့် ကျောင်းများ/သက်ကြီးအစည်းအဝေးများ။
- UNDRIP နှင့် CBD လုပ်ရှားမှုများနှင့် ဆုံစည်းစုပေါင်း၍ဆောင်ရွက်ခြင်း။
- ဒေသ သင်ရိုးညွှန်းတမ်း လှုပ်ရှားမှုများ၊ အစီအစဉ်များဖွံ့ဖြိုးစေခြင်း။

အောက်ခြေအညွှန်း

CBB website: www.cbd.int

www.burmeseclassic.com

www.burmeseclassic.com



## သင်ယူရေး အထောက်အကူများနှင့် နည်းလမ်းများ

**အရင်းအမြစ်များ။**

- အပိုင်းပြုခြင်းများအတွက်သင်တန်းအခြေခံအနှစ်ချုပ် (ပါဝါပွိုင့်)
- ရုပ်ရှင် - "အဖျားရောဂါ/ Fiebre"
- အင်တာနက်တွင်ရှိသောလင့်ခ်များ (Links) - TEMATEA ဖြစ်ရပ်အခြေခံသော အပိုင်းအဆက်များ၊ ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲခြင်းအပေါ် အမြင်များ၊ CBDမှ စာအုပ်အမျိုးမျိုး၊ သစ်တော၊ မြက်ခင်းစားကျက်များဖြင့် မွေးမြူရေး စသည်ဖြင့် IUCN ၏ စာအုပ်များ။
- TEMATEA - ဇီဝမျိုးစုံမျိုးကွဲခြင်းနှင့် ဆက်စပ်နေသောအဖွဲ့ချုပ်များကို ပူးတွဲအကောင်အထည်ဖော်ခြင်းဆိုင်ရာ ဖြစ်ရပ်အခြေခံထားသော သင်ခန်းစာအခန်းများ။
- "ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲအမြင် (၂)"
- "အိမ်မွေး တိရစ္ဆာန်များမွေးမြူရေးဝါဒ"
- "ခြောက်သွေ့မြေများနှင့် အိမ်မွေးတိရစ္ဆာန်များမွေးမြူရေးဝါဒ"
- အိမ်မွေးတိရစ္ဆာန်များ မွေးမြူရေးဝါဒ၊ သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေး - ကောင်းမွန်သော လက်တွေ့လမ်းညွှန်။

**မိတ်ဆက်။**

ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ ဌာနေတိုင်းရင်းသားတို့၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုင်ရာ(၂)နှစ်စီမံကိန်းသင်တန်း၌ သင်ယူရေးအထောက်အကူနှင့်နည်းလမ်းအချို့ကိုတက်တီဘာကအသုံးပြုခဲ့ပြီး ပါဝင်တက်ရောက်သူများကို လေ့ကျင့်ပေးရာတွင် ထိရောက်၍အသုံးဝင်ကြောင်း သက်သေတွေ့ခဲ့သည်။ ဤအထောက်အကူများတွင် ပိုစတာများအသုံးပြုခြင်းနှင့် အတွေးကွင်းဆက်ရေးဆွဲခြင်းတို့ ပါဝင်သည်။ ဇီဝဆိုင်ရာအရင်းအမြစ်များကို ညီမျှစွာခွဲဝေခြင်း၊ ရေရှည်တည်တံ့အောင်အသုံးပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်းတို့ ပြုလုပ်ရာတွင် ဌာနေတိုင်းရင်းသားများအပေါ် သက်ရောက်နေသောပြဿနာများနှင့် အရေးကိစ္စများကို သရုပ်ပြရှင်းလင်းရာ၌ အမြင်ထောက်ကူပစ္စည်းများကို အသုံးပြုပါသည်။

ပရော်ဖက်ဆာ ရေမွန်ဒိုရိုဇီလို၏ "အပိုင်းများမည်သို့ရေးမည်နည်း။" လမ်းညွှန်စာအုပ်သည် ၂၀၀၆၊ မတ်လ၊ ဘရာဇီးနိုင်ငံရှိ တူရီတီဘာ၌ ကျင်းပသော COP8၏ ဆွေးနွေးချိန်များအကြား တက်တီဘာက ဦးဆောင်ဦးရွက်ပြုခဲ့သော ဌာနေတိုင်းရင်းပညာပေးသူများ၏ အလုပ်ရုံဆွေးနွေးပွဲတွင် အရေးပါလှသော အရင်းအမြစ်တစ်ခုဖြစ်ခဲ့သည်။

အောက်ဖော်ပြပါတို့သည် ဧရိယာအသီးသီး၌ ဆက်သွယ်ရေး၊ ပညာပေးရေးနှင့် လူထုသတိပြုမိရေး ဆောင်ရွက်ရာတွင် ပညာပေးသူတို့အား ကူညီပေးနိုင်သောသင်ကြားရေးအပိုင်းများ ပြင်ဆင်ပြုလုပ်ခြင်း၊ အတွေးကွင်းဆက်ရေးဆွဲခြင်း၊ ပိုစတာသုံး၍တင်ပြခြင်းတို့ကိုအသုံးပြုရန် လမ်းညွှန်ချက်များပင်ဖြစ်ပါသည်။

ဤ သင်ထောက်ကူများအပြင်၊ အဖွဲ့လိုက်လှုပ်ရှားမှု (ဥပမာ - ဆူဆူညံညံပြောဆိုဖလှယ်ခြင်း)၊ လေ့လာစရာအမှုတွဲများ၊ အမိကအချက်များ ပြန်လည်တင်ပြခြင်း၊ ပြန်လှန်သုံးသပ်ခြင်းစသည့် အသုံးဝင်သောသင်ကြား/ယူရေးအထောက်အကူများလည်း ပါရှိသည်။ ၎င်းတို့မှအချို့ကို ဤသင်တန်း၏ အပိုင်းများထဲတွင်လည်း အသုံးပြုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com


**၁။ ပိုစတာတင်ဆက်မှုများ - ဌာနေကိစ္စရပ်များ၊ နိုင်ငံ၏နောက်ခံအခြေအနေနှင့် CBD ၏ ရည်မှန်းချက်များကို ချိတ်ဆက်ခြင်း။**

**အဓိကယူဆချက်များ** - ပိုစတာများသည် လေ့လာမှုစာတမ်း သို့မဟုတ် ကြောင်းကျိုးရှင်းပြ အစီရင်ခံစာများ (အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများတွင်အသုံးပြုသည့် သမရိုးကျနည်းလမ်းတစ်ခု)၏ နေရာကိုယူလျက် ဇီဝဗေဒနှင့် ယဉ်ကျေးမှုအရ စုံစုံလင်လင်ကွဲပြားနေခြင်းနှင့်ဆိုင်သော ဒေသတွင်း၊ နိုင်ငံတွင်း၊ နိုင်ငံတကာ၌ ရှိနေသော အရေးကိစ္စများနှင့် ဦးစားပေးချက်များသည် အပြန်အလှန်ဆက်နွယ်နေသည်ကို ရှင်းလင်းဖော်ပြရာတွင် အသုံးပြုသည်။

**ဆောင်ရွက်ချက်၏ ရည်မှန်းချက်များ။**

သဘာဝအရင်းအမြစ်များ (ဇီဝဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ စုံလင်စွာကွဲပြားနေခြင်း) ကို ထုံးတမ်းစဉ်လာ အသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ရိုးရာဗဟုသုတများကို ပါဝင်တက်ရောက်နေသူများက နားလည်၍ မိမိတို့ကိုယ်တွေ့ဖြစ်ရပ်များကိုလည်း ပိုင်းခြားသိမြင်လာရန်။

CBD ၏ ရည်မှန်းချက်များကို မိတ်ဆက်ရာတွင် ဆက်နွယ်နေသော ဒေသတွင်းနှင့် နိုင်ငံတွင်း အခြေအနေဖြစ်ရပ်များကို ဖော်ထုတ်ပြောဆိုရန်။

**အဆင့်များ**

(၁) ပါဝင်တက်ရောက်သူများသည် မိမိဘာသာအုပ်စုဖွဲ့၍ သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းခြင်း၊ ရေရှည်တည်မြဲအောင် အသုံးပြုခြင်း၊ ရယူနိုင်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေယူခြင်းနှင့် စပ်လျဉ်းသော မိမိတို့၏နားလည်ထားမှုနှင့် ကိုယ်တွေ့ဖြစ်ရပ်များကိုငှ်း၊ ဤအကြောင်းအရာများနှင့်အတူ ဆက်စပ်နေသော အစိုးရ၏ဥပဒေများ၊ မူများ၊ အစီအစဉ်များနှင့်စီမံချက်များကို ထုတ်ဖော်တင်ပြရန်ကြိုးပမ်းခဲ့သော မိမိတို့၏ လုပ်ဆောင်မှုများကိုငှ်း၊ ဆွေးနွေးကြပါသည်။ ဤမိတ်ဆက်ဆွေးနွေးခြင်းအတွက် CBD ၏ ရည်မှန်းချက်များ(သို့) "ဇီဝမျိုးစုံမျိုးကွဲခြင်း" အခေါ်အဝေါ်ကို ချက်ချင်းမိတ်ဆက်ပေးရန် မလိုအပ်သေးပေ။ ဤဆွေးနွေးချိန် အသုံးပိုင်းရောက်မှသာ CBD ၏ရည်မှန်းချက်များကို မိတ်ဆက်ပေးရန်အတွက် ဆွေးနွေးနေခြင်းမှတဆင့် ဒေသတွင်းနှင့် နိုင်ငံတွင်း၌ ဖြစ်ပေါ်နေသောအခြေအနေများကို သိမြင်နားလည်လာမည်။

(၂) ဂရပ်ဖစ် သရုပ်ပြပုံများသုံးခြင်းဖြင့် ပါဝင်တက်ရောက်သူများက ပိုစတာတစ်ခုကိုအောက်ပါ လမ်းညွှန်များအပေါ်အခြေပြု၍ရေးဆွဲသည်။ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ရိုးရာဗဟုသုတမူဘောင်အတွင်း၊ သင်၏ရပ်ရွာအုပ်စုနှင့် ပြည်သူတို့အတွက် ဦးစားပေးဆောင်ရွက်ချက်များနှင့် အဓိကကိစ္စများကိုဖော်ပြပါ။ ၎င်းတို့ကို အောက်ပါတို့နှင့် ဆက်စပ်ပါ။

- သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းခြင်း (ဇီဝမျိုးဆိုင်ရာမျိုးစုံမျိုးကွဲနေခြင်း)
- သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့အောင်အသုံးပြုခြင်း (ဇီဝဆိုင်ရာမျိုးစုံမျိုးကွဲနေခြင်း)
- သဘာဝအရင်းအမြစ်များကိုရယူခြင်းနှင့် အကျိုးအမြတ်မျှဝေခြင်း။

အထက်ဖော်ပြပါတို့နှင့် ဆက်နွယ်နေသော လက်ရှိနှင့်အဆိုပြုတင်ပြထားသော အစိုးရမူဝါဒများ၊ ဥပဒေပြုခြင်းများ၊ လုပ်ငန်းအစီအစဉ်များ သို့မဟုတ် စီမံချက်များကို စာရင်းပြုစုပါ။

(၃) အလုပ်ရုံဆွေးနွေးပွဲရှိ အုပ်စုတစ်စုစီမှ အစီရင်ခံတင်ပြသူတစ်ယောက်သည် မိမိတို့၏ ပိုစတာကိုတင်ပြ၍ အခြားပါဝင်တက်ရောက်သူများက မေးခွန်းများမေးမည်။ အချိန်သက်သာရန် အခြားပါဝင်တက်ရောက်သူများက မေးခွန်းများ သို့မဟုတ် ကောက်ချက်များကို စာရွက်ပိုင်းပေါ်တွင်မှတ်စုရေးချ၍ တင်ပြမှုအပြီးတွင် ထိုပိုစတာအပေါ်၌ ကပ်ပေးပါ။ ဤသည်တို့ကို စုစည်းပြီး၊ နောက်အချိန်၌ တုံ့ပြန်ဖြေဆိုရန်ဖြစ်သည်။

(၄) ပံ့ပိုးကူညီသူက ပါဝင်တက်ရောက်သူများအား အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကအရင်းအမြစ်များနှင့် ရလဒ်များအဖြစ် ပိုစတာများကိုအသုံးပြုရသဖြင့် ကျေးဇူးတင်စကားပြောပါ။ ဤညီလာခံတွင်ဆွေးနွေးခဲ့သော အဓိကအကြောင်းရင်းများကို ပါဝင်တက်ရောက်သူများက နားလည်သဘောပေါက်ကြောင်းကိုငှ်း၊ သူတို့၏တင်ပြချက်များသည် ဒေသတွင်းနှင့် နိုင်ငံတွင်းအခြေအနေများ၌ CBD၏ ရည်မှန်းချက်များကို ထည့်သွင်းပုံဖော်လိုက်ကြောင်းကိုငှ်း သင်တန်းပံ့ပိုးကူညီသူမှ အတည်ပြုပြောဆိုပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂ ရိုးရာဇဟုသုတ အတွေးကွင်းဆက်ရေးဆွဲခြင်း

| | |
|---|---|
| အဓိက ယူဆချက်။ | အတွေးကွင်းဆက်ရေးဆွဲခြင်းသည် ပါဝင်တက်ရောက်သူများ၏ ရိုးရာဇဟုသုတယူဆချက်များကို အုပ်စုလိုက်စူးစမ်းလေ့လာရာတွင် ထိရောက်သော အထောက်အကူကိရိယာတစ်ခု ဖြစ်သည်။ |
| ရည်မှန်းချက်များ။ | ရိုးရာဇဟုသုတဆိုင်ရာအချက်အလက်များကို ပုံဖော်ပြရန်၊ ရှင်းလင်းရန်နှင့် အနက်အဓိပ္ပါယ်နားလည်နိုင်ရန် ပါဝင်တက်ရောက်သူများက မျဉ်းကြောင်းများ (အတွေးကွင်းဆက်ခြင်း)ရေးဆွဲ၍ တင်ဆက်မည်။ ရိုးရာဇဟုသုတဆိုင်ရာ နားလည်လွယ်သော ယူဆချက်တစ်ရပ်၊ ဒေသတွင်းနှင့် နိုင်ငံတွင်းပြည်သူများက ထိုယူဆချက်ကို မည်သို့အဓိပ္ပါယ်သတ်ကြပုံနှင့် ဇဟုသုတဆိုင်ရာ ရှုထောင့်အစုံအလင်တို့နှင့် သင်တန်းပါဝင်တက်ရောက်သူတို့ ပိုမိုသိရှိလာကြမည်။ |
| ကြိုတင်စီမံခြင်း | ပံ့ပိုးကူညီသူများသည် အတွေးကွင်းဆက်ရေးခြင်းကို မိတ်ဆက်ပေး၍၊ ပုံဆွဲပြပေးသင့်သည်။ ဖြစ်နိုင်လျှင် ပညာပေးရေးဆိုင်ရာ ကန့်သတ်ချက်များ (ဘာသာစကားအုပ်စုအတွင်း ထိထိရောက်ရောက်လုပ်နိုင်စွမ်းရှည် စသည်ဖြင့်)ကို သိမြင်သဘောပေါက်ထားရမည်။ ၎င်းတို့သည် ပါဝင်သူများ၏ ပါဝင်လှုပ်ရှားမှုကို အဆီးအတားဖြစ်စေ၍ ဆောင်ရွက်ချက်မတိုင်မီ ထိုအချက်အလက်များကို ရှင်းလင်းပြောဆိုထားနိုင်ရမည်။ |
| လုပ်ထုံးလုပ်နည်း | ပါဝင်သူများကို ရပ်ရွာအလိုက် (သို့) နိုင်ငံအလိုက်ဆီလျော်သလို အုပ်စုများခွဲပါ။ စာရွက်ကြီးတစ်ချပ်ပေါ်၌ ပါဝင်တက်ရောက်သူများက ‘ရိုးရာဇဟုသုတ’ ယူဆချက်ကို စာရွက်အလယ်တွင်ရေးပါ။ အဓိကအကြောင်း (သို့) အတွေးအခေါ် တစ်ခုစီတိုင်းအတွက် ပါဝင်တက်ရောက်သူများက စာရွက်ဗဟိုမှ ရှက်ကြောဖြာထွက်ကာ အတွေးအခေါ်ကွင်းဆက်များကို ချဲ့ထွင်ဆက်စပ်၍ရေးဆွဲသွားပါ။ အတွေးအခေါ် တစ်ခုကို မျဉ်းဆွဲဖော်ပြတိုင်း ၎င်းသည် ဖော်ပြပြီးသားအတွေးတစ်ခု၏ အကျယ်ချဲ့လာခြင်း ဟုတ်မဟုတ်ကို လျှင်မြန်စွာစစ်ဆေးပါ။ အကယ်၍ ချဲ့ထွင်လာခြင်းဖြစ်ပါက ထိုမျဉ်းကြောင်းအတိုင်းသာ ဆက်ဆွဲ၍ဖော်ပြပါ။ အကယ်၍ အတွေးအခေါ် တရပ်သည် ရှိပြီးသားအတွေးအခေါ်နှင့်ဆက်စပ်နေ နောက်ထပ်အကြောင်းအရာကို ဖော်ပြပါက၊ ၎င်းကို အဓိကအလယ်ဗဟိုမျဉ်းမှ ခွဲထွက်ရေးဆွဲပြ၍ အမည်တပ်ပေးပါ။ အကယ်၍ အတွေးအခေါ် တရပ်သည် အသစ်စက်စက်ဖြစ်ပါက ၎င်းကိုဖော်ပြရန် စာရွက်အလယ်ရှိ စတုဂံမှနေ၍ မျဉ်းကြောင်းအသစ်တစ်ကြောင်းကို ဆွဲလိုက်ပါ။ မျဉ်းကြောင်းတကြောင်း၏ အဆုံးရှိ သတင်းအချက်များ တနည်းနည်းဖြင့် ဆက်နွယ်နေနိုင်သော အပြန်အလှန်ဆက်စပ်နေပုံများကို ရှာဖွေပါ။ ထိုသို့ဆက်နွယ်နေမှုများကို သင်္ကေတရုပ်ပုံများ စကားလုံးများဖြင့် ဘုံတူညီချက်များကို အမည်ထိုးပေးခြင်း (သို့) အချက်နှစ်ချက်ကြားတွင် မျဉ်းကွေးတစ်ကြောင်း ဆက်ဆွဲလိုက်ခြင်းဖြင့် ဖော်ပြထားနိုင်သည်။ ဤသို့အတွေးကွင်းဆက်ခြင်း (အတွေးမြေပုံဖော်ခြင်း)အား ဆွေးနွေးတင်ပြချက်တစ်ခု၏ အခြေခံ (သို့) ရည်ရွယ်ချက်များကို စီမံချက်ဆွဲခြင်း၏ အခြေခံအဖြစ် အသုံးပြုနေပါက အလယ်ဗဟိုစတုဂံမှဖြာထွက်လာသော အဓိကမျဉ်းများတကြောင်းစီတိုင်းတွင် ၎င်းတို့၏အကျိုးဆက်များကို ပြသရန် နံပါတ်စဉ်အလိုက် အမည်တပ်ပေးနိုင်ပါသည်။ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အဆုံးသတ်ခြင်း။ | ပါဝင်တက်ရောက်သူတစ်အုပ်စုစီသည် သူတို့၏အတွေးမြေပုံပေါ်တွင် ဖော်ပြထားသောသီးသန့်ဧရိယာများနှင့် ရိုးရာဗဟုသုတများအား အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ပေးပုံကိုဖော်ပြလျက် သူတို့၏လုပ်ဆောင်မှုကို တင်ဆက်သည်။ ဆွေးနွေးခြင်းပြုရန် ပါဝင်တက်ရောက်သူဦးရေအရ အချိန်တိုတချိန်သတ်မှတ်ပေးသင့်သည်။ သို့မှသာ ပါဝင်တက်ရောက်သူများသည် ရိုးရာဗဟုသုတကိုကာကွယ်ရန် အကြံပြုထောက်ခံချက်များ (သို့) ခြိမ်းခြောက်နေမှုများကိုစစ်ဆေးလျက် သူတို့၏လေ့လာသုံးသပ်နေမှုကို အတွေးကွင်းဆက်မြေပုံဖြင့် (သို့) အစဉ်အလာအတိုင်း မျဉ်းဖြောင့်များသုံးကာ ဖော်ပြခြင်းဖြင့် ဆက်လက်ဆွေးနွေးသွားနိုင်လိမ့်မည်။ |
| အရင်းအမြစ်များ။ | လိုအပ်သည့်ပစ္စည်းများ။<br>ရောင်စုံမာကာ၊ ရောင်စုံဘောပင်များ၊ မျဉ်းမပါသော အဖြူရောင်စက္ကူအကြီးကြီးများ၊ ထပ်မံဖြည့်စွက်ရမည့်အရင်းအမြစ်အဖြစ် နောက်ဆက်တွဲ အချပ်ပိုအရင်းအမြစ်စီဒီကို ညွှန်းပေးပါ။ |

**အတွေးကွင်းဆက်ပိုင်းရေးဆွဲခြင်း - (သို့) "အတွေးမြေပုံရေးဆွဲခြင်း" ဆိုသည်မှာအဘယ်နည်း။**

သဘာဝအရ ဗဟုသုတအသိများရှာဖွေရယူခြင်းတွင် စိတ်ပိုင်းဆိုင်ရာမြေပုံ (ကွက်လပ်ဖြစ်နေသောမြေပုံများ၌ အပြန်အလှန်ထိတွေ့နေသော ဆက်စပ်နေမှုများကို စစ်ဆေးခြင်းနှင့် အသစ်တီထွင်တည်ဆောက်ခြင်းတို့ပါဝင်သည်။ ကွက်လပ်ဖြစ်နေသောမြေပုံတစ်ခုသည် အတွေးအမြင်များနှင့် ထိုအတွေးအခေါ်တို့သည် တစ်ခုနှင့်တစ်ခု မည်သို့ဆက်နွယ်နေသည်ကို (စိတ်ပိုင်းဆိုင်ရာမြေပုံ (သို့) အတွေးမြေပုံ) ရုပ်ပုံသင်္ကေတများဖြင့် ကိုယ်စားပြုပေးချက်တစ်ရပ်ဖြစ်သည်။ အတွေးမြေပုံတစ်ခုဖြစ်တည်လာရန် လူ၏အတွေးသည် တစုတည်းရှိနေသော အတွေးအခေါ်တရပ် သို့မဟုတ် အကြောင်းရင်းတရပ်ကိုအာရုံပြုထားသည်။ အကြောင်းရင်းများဟူသည် အတွေးမြေပုံဆွဲခြင်း (မြေပုံဖြင့်သင်ယူခြင်း) တီထွင်မှုဖြစ်စဉ်မှ ထွက်ပေါ်လာသောအဓိပ္ပါယ်များကို စုစည်းထားချက်များ ဖြစ်ပါသည်။ အတွေးမြေပုံဆွဲ၍သင်ယူခြင်းသည် ဆက်နွယ်သက်ဆိုင်နေမှုများကို နားလည်ရန်အတွက် တစ်စုတည်းရှိနေသော အကြောင်းရင်းများကိုအသုံးပြု၍ ထည့်သွင်းစဉ်းစားရသော တီထွင်ဖန်တီးမှုဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ ရိုးရာဗဟုသုတဆိုင်ရာ နောက်ခံအကြောင်းရင်းများကို တင်ပြရာတွင် အတွေးမြေပုံဆွဲခြင်းနည်းလမ်းသည် ဆက်နွယ်နေမှုများကို နားလည်လာရန်နှင့် အတွေးအခေါ်အသစ်များကို ထုတ်ဖော်ရန် ဦးနှောက်ကို လှုံ့ဆော်ပေးသော အစွမ်းထက်သော နည်းလမ်းတစ်ခုဖြစ်သည်။


အတွေးမြေပုံ (အတွေးကွင်းဆက်ခြင်း)တစ်ခုသည် မျဉ်းကြောင်းများသုံးရသော မြေပုံတစ်ခုဖြစ်၍ သတင်းအချက်အလက်နယ်ပယ်တစ်ခု သို့မဟုတ် အကြောင်းတစုံတခုကို စုစည်းပေးသော နည်းလမ်းဖြစ်ပါသည်။ ဦးနှောက်၏ဆဲလ်တစ်ခုကဲ့သို့ပင် အတွေးမြေပုံတစ်ခုစီတိုင်းတွင် အဓိကဗဟိုအချက်တစ်ချက်ရှိ၍ ပုံရိပ်တစ်ခု သို့မဟုတ် စကားလုံးတစ်လုံးအဖြစ် ရှိနေနိုင်သည်။ ထိုအရာသည် အဓိကအာရုံပြုထားရာဖြစ်ပြီး မြေပုံ၏အဓိကအခြင်းအရာကို ကိုယ်စားပြုသည်။ ထို့နောက် ထိုအခြင်းအရာနှင့်ဆက်နေသော အရေးအကြီးဆုံးသောအကြောင်းရင်းများသည် ထိုဗဟိုပုံရိပ် သို့မဟုတ် စကားလုံးမှ ဆက်လက်အခက်ဖြာထွက်လာသည်။ ထို့နောက် အဓိကအခက်များတွင် ပိုမိုသေးငယ်သောအခက်များ ဆက်နေကြသည်။ အခက်အလက်များအားလုံးသည် အဆက်အစပ်ရှိနေသော ဖွဲ့စည်းပုံတစ်ခုကို တည်ဆောက်လိုက်သည်။

အတွေးစိတ်ဟူသည် တဖြောင့်တတန်းတည်းပုံမျိုးမဟုတ်ဘဲ သဘာဝအတိုင်း ကွေ့ကောက်ဆက်စပ်ဖွဲ့တည်နေပါသည်။ မည်သည့်အတွေးအခေါ်မဆို သင်၏အတွေးစိတ်ထဲတွင် အတွေးအချိတ်အဆက်များ ထောင်ချီရှိနေပါသည်။

www.burmeseclassic.com



အတွေးမြေပုံဆွဲခြင်း (အတွေးကွင်းဆက်ဆွဲခြင်း)သည် အချိတ်အဆက်များနှင့် ဆက်နွယ်ဖွဲ့တည်နေခြင်းများကို မှတ်တမ်းတင်ထားရန်နှင့် ပြန်လည်အားဖြည့်ပေးရန် လုပ်ဆောင်ပေးသည်။



**၃။ အပိုင်းများ(မော်ဂျူး) ရေးသားပြုစုခြင်း**

အောက်ပါတို့သည် အပိုင်းများရေးသားပြုစုခြင်းနှင့်ဆိုင်သော သင်တန်းသုံးအခြေခံအကြောင်းအချက်များဖြစ်ပါသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**မိတ်ဆက်။**

"မိတ်ဆက်"သည် ပါဝင်တက်ရောက်သူများကို ဘာသာရပ်အဖွင့်ဖြင့်ကြိုဆိုပေးသည်။ ဘာသာရပ်၏ ခေါင်းအတွင်းမှ အတွေးအခေါ် တချို့နှင့် မည်သည့်ကို သင်ယူတတ်မြောက်ရန် မျှော်မှန်းထားသည်နှင့်ပတ်သက်၍ အတွေးအခေါ် အချို့ကို ဖော်ပြပေးသည်။ ဤအပိုင်းသည် ရိုးရှင်းပြီးတိုတိုတုတ်တုတ်နှင့် ဖော်ဖော်ရွေရွေဖြစ်သင့်သည်။

**ဦးတည်ချက်များ။**

ဦးတည်ချက်များမှာ သင်ကြားမည့်ဘာသာရပ်၏ တောင်းဆိုမှုများကိုအခြေပြုလျက် မည်သို့လုပ်ဆောင်ရန် ကြိုးစားကြောင်း သတ်မှတ်ထားသည့် ကျယ်ပြန့်သောအဆိုပြုချက်များ ဖြစ်သည်။ ၎င်းတို့သည် ယေဘုယျကျနိုင်၍ သင့်ဘာသာရပ်၏ ခေါင်းအကျယ်ကို၎င်း၊ အခြားဘာသာရပ်များ သို့မဟုတ် သင်တန်းတလျှောက်လုံးတွင် ယေဘုယျအားဖြင့် ၎င်း၏ဆက်နွယ်နေပုံကို၎င်း ဖော်ပြညွှန်းဆိုချက်တစ်ရပ်အဖြစ် တင်ပြသင့်သည်။

ဥပမာများ - ဤဘာသာရပ်သင်ယူမှု ပြီးဆုံးချိန်၌ ကျောင်းသားများသည်

- စီးပွားရေးရာခွဲခြားစီစစ်မှုနှင့် အကြောင်းကိုးပြခြင်း (စီးပွားရေးရာ) အရည်အချင်းများကို ရရှိသွားသင့်သည်။
- အတိတ်နှင့်ပတ်သက်၍ ရည်ရွယ်ချက်ရှိသောမေးခွန်းများမေးခြင်းနှင့် စိတ်ကူးထင်မြင်ချက်များဖြင့် ပြန်လည်ဖြေဆိုနိုင်ခြင်းရှိရမည်။ (သမိုင်းရေး)
- ဥပဒေပြု ပြဋ္ဌာန်းချက်များကို၎င်း၊ သူတို့၏လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးပုံစံများကို၎င်း နားလည်သင့်သည်။ (ဥပဒေရေး)
- အသစ်သောဒီဇိုင်း ပြဿနာများအကြောင်းကို စိတ်ကူးစိတ်သန်းများဖြင့် လွတ်လပ်စွာတွေးခေါ် နိုင်စွမ်းနှင့် ထိုပြဿနာများကို ဖြေရှင်းရန် ကိုယ်ပိုင်လုပ်ရည်ကိုင်ရည်ကို တိတိကျကျ ခန့်မှန်းနိုင်စွမ်းကို ဖွံ့ဖြိုးစေသင့်သည်။ (အင်ဂျင်နီယာဆိုင်ရာ)
- ဥပဒေပြန်ပြုပြင်ဖွဲ့စည်းရာတွင် ဝေဖန်ပိုင်းခြားလိုသော စိတ်ဝင်စားမှုတစ်ခုကို ဖွံ့ဖြိုးစေသင့်သည်။ (ဥပဒေရေးရာ)

**ရည်မှန်းချက်များ။**

ပါဝင်တက်ရောက်သူများက သင်ယူလိုသော အရာများကိုပို၍တိကျသော ထင်ရှားသေချာသော စာကြောင်းများဖြင့် ရေးသားသတ်မှတ်ပါ။ သင်ကြားပေးသောအရာများကို သင်ယူလိုက်နိုင်သောရလဒ်အဖြစ်၊ သင်ယူသူများသည် မည်သည့်အရာများကို လုပ်ဆောင်၊ သရုပ်ပြ၊ နားလည်လာနိုင်သင့်သည်ကို ဤအဆိုပြုချက်များက ညွှန်ပြသည်။ သင်ကြားရေးရည်မှန်းချက်များသည် သင်တန်းပေးသူများနှင့် သင်တန်းသူ/သားများအတွက် လမ်းညွှန်မှုကို ပံ့ပိုးပေးပါသည်။ တိကျရှင်းလင်းသော ရည်မှန်းချက်များသည် သင်တန်းပေးသူကို သင်ကြား/သင်ယူရေးတွင် ပါဝင်ရမည့်အကြောင်းအရာများနှင့် လုပ်ရှားဆောင်ရွက်မှုများကို အဆက်အစပ်ရှိစွာ ရွေးချယ်နိုင်စေခြင်းဖြင့် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးလာအောင် ပံ့ပိုးပေးသော တန်ဖိုးကြီးကိရိယာဖြစ်သည်။ သင့်တော်သော တိုင်းတာစစ်ဆေးမှုကို စီစဉ်ရာတွင်လည်းအရေးပါလှသည်။ ထိုရည်မှန်းချက်များသည် ပါဝင်တက်ရောက်သူများအား မည်သည့်အချက်များကို သင်ယူလိုစေကြောင်း ရှင်းလင်းစွာညွှန်ပြပေး၍ တိကျသော ခံယူချက်သဘောတရားများကို အာရုံစိုက်မိလာရန် ကူညီပေးသည်။

ဥပမာ ဤခေါင်းစဉ်အဆုံးတွင် ကျောင်းသားများသည်

- ဖိလစ်ပိုင်နိုင်ငံ၏ ၁၉၉၇ IPRA (ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ အက်ဥပဒေကို အသေးစိတ်စစ်ဆေးလေ့လာခြင်းဖြင့် အုပ်ချုပ်မှုရေးရာတွင် ဌာနေတိုင်းရင်းသားတို့၏ အခန်းကဏ္ဍကို သိမြင်သဘောပေါက်လာ၍ ပြန်လည်ရှင်းလင်းတင်ပြလာနိုင်မည်။
- တိုင်းရင်းသားတို့၏လူမှုဝန်းကျင်၌ နိုင်ငံတကာမှသတ္တုတူးဖော်ခြင်း၏ အကျိုးများနှင့် ကုန်ကျမှုများ

www.burmeseclassic.com

www.burmeseclassic.com



အား မျဉ်းကြောင်းရုပ်ပြများနှင့် ကိန်းဂဏန်းများ အသုံးပြုလျက်ရှင်းလင်းပြနိုင်လာမည်။

- ဌာနေတိုင်းရင်းသားလူမျိုးစုများ၏ စားနပ်ရိက္ခာဖူလုံမှုနှင့်ပတ်သက်၍ ရွေးချယ်စရာမူဝါဒများ တည်တံ့တန်းရှိနေခြင်းကို နားလည်၍ တန်ဖိုးထားတတ်လာမည်။
- တိုင်းရင်းသားများကို ဖိနှိပ်ကာ ဘေးဖယ်ထားရခြင်း၏ သမိုင်းရေးရာ အမြစ်တွယ်နေသော အကြောင်းများကို ရှင်းလင်းပြနိုင်လာမည်။
- ဌာနေတိုင်းရင်းသားတို့၏ လူနေဝန်းကျင်အထောက်များများ၌ လက်ရှိလေ့ကျင့်ဆောင်ရွက်မှုများကို သိမြင်လာ၍ CBD ၏ဥပဒေပိုဒ်ခွဲ ၈(ည)ကို အဓိပ္ပါယ်ဖွင့်ဆို အနက်ပြန်လာနိုင်မည်။

**ဦးတည်ချက်များနှင့် ရည်မှန်းချက်များရေးခြင်း။**

မည်သည့်ရည်မှန်းချက်မဆို အဓိကစာလုံးမှာ ကြိယာ ဖြစ်၍ ရည်ရွယ်သည့် သင်ယူမှုရလဒ်သည် မည်သည့်လုပ်ရှားဆောင်ရွက်မှုဖြစ်သည်ကို အတိအကျဖော်ပြပေးသည်။ သင်ယူမှု ရည်ရွယ်ချက်များကိုပို၍ တိကျရှင်းလင်းစေနိုင်ပါသည်။ ထိုသို့ဖြစ်ရန် မည်သို့တင်ဆက်မှုဖြင့် ပြီးမြောက်အောင်မြင်ရမည့်အခြေအနေနှင့် ရရှိသင်ယူထားရမည့် တတ်စွမ်းမှုအဆင့်ကို ရည်ညွှန်းပြထားရမည်။ ထို့ကြောင့် ရည်မှန်းချက်များကို အောက်ဖော်ပြပါ အစိတ်အပိုင်း (၃)ပိုင်းဖြင့် တည်ဆောက်ထားသည်။

- အမူအရာပြအသုံး- သင်ယူသူများက ပြုလုပ်သင့်သည့်လှုပ်ရှားမှုစာလုံးတစ်လုံး။
- အခြေအနေတစ်ရပ်- လှုပ်ရှားမှုပြုရသည့် အောက်ရှိအခြေအနေကို ရည်ညွှန်းမှုတစ်ခု။
- အဆင့်အတန်းတစ်ခု- သရုပ်ပြရမည့်ကျွမ်းကျင်မှုအဆင့်ကို ပုံဖော်မှုတစ်ခု။

**ရည်မှန်းချက်ဆိုင်ရာအသုံးအနှုန်းအခေါ်အဝေါ်။**

- တွေးခေါ်မှု (ဗဟုသုတ၊တွေးတောခြင်း)
- သက်ရောက်မှု (သဘောထားများ၊ ခံစားမှုများ)
- အတွေးနှင့်လက်တွေ့ ကိုက်ညီစွာ လုပ်ဆောင်မှု (လက်တွေ့ကျကျ လုပ်ရည်ကိုင်ရည်များ)

သင်၏ရည်မှန်းချက်များကို ရေးသားရာတွင် အောက်ပါသတိပြုဖွယ်နယ်ပယ်(၆) ခုကို အလေးထားသုံးသပ်ရန် လိုအပ်သည်။ - ဗဟုသုတ၊ နားလည်မှု၊ အလုပ်လုပ်မှု၊ ခွဲခြားစိစစ်မှု၊ တစ်လုံးတစ်စုတည်း ပေါင်းဖက်လေ့လာမှုနှင့် ပြန်လည်သုံးသပ်မှု။

**မာတိကာ။**

- အဓိကအချက်အလက်များရှင်းလင်းပါစေ။
- သင်ကြားမည့်အကြောင်းရပ်များနှင့် ပါဝင်သောအချက်များဖော်ပြလျက် အဓိကအချက်များကို အကျိုးအကြောင်းဆီလျော်စွာ၊ ထိရောက်စွာ အစဉ်လိုက်စဉ်ပါ။
- အဓိကအချက်များအတွက် (အထောက်အထားနှင့် ကျိုးကြောင်းဆီလျော်သောငြင်းဆိုချက်) လုံလောက်သောပံ့ပိုးမှုပေးပါ။
- အတည်ပြုပြောဆိုဖော်ချက်များကို အထောက်အထားဖြင့် ပံ့ပိုးပေးပါ။

**သင်ကြားမှုရည်မှန်းချက်များကို မှတ်သားစစ်ဆေးချက်နှင့် ညှိပေးခြင်း**

ရည်ရွယ်ချက်များသည် စာရင်းကောက်ယူမှတ်သားသည့် နည်းလမ်းများနှင့်တွဲဖက်ကိုက်ညီရန် ညီတူညီမျှ အရေးကြီးသည်။ သင်ရိုးများမှာ စာရင်းကောက်ယူမှတ်သားချက်နှင့် ရည်မှန်းချက်များမှလွဲနေ၍ မျှော်မှန်းချက်များကို မဖြည့်ဆည်းနိုင်တော့ပေ။ သင်ရိုးရည်မှန်းချက်များနှင့် စာရင်းကောက်ယူမှတ်သားမှုများ မညီလျှင်၊ သင်တန်းသားများ၏ သင်ယူရေးတွင် အချိတ်အဆက်မိမှု နည်းသွားပေသည်။ ဤသို့ ညှိရန်ပိမ်ခြင်းသည် ရည်မှန်း

www.burmeseclassic.com

www.burmeseclassic.com





လေ့ကျင့်ခန်း (၁)

ပညာပေးခြင်းဆောင်ရွက်ရာ၌ လက်တွေ့ကွင်းဆင်းလေ့လာခြင်း။ (၄၀ မိနစ်)

(၁) ပါဝင်တက်ရောက်သူနှစ်ဦးသုံးဦးကို ပညာပေးရေးလုပ်ဆောင်မှုအတွက် ဆွေးနွေးလိုသည့် အထူးပြု ခေါင်းစဉ်ကိုရွေးချယ်ရန် မေးလိုက်ပါ။

(၂) ထိုပါဝင်တက်ရောက်သူများက ဆွေးနွေးမည့်ခေါင်းစဉ်အကြောင်းကို အထောက်အကူဖြစ်မည့် ပညာပေးရေးလှုပ်ရှားမှုတစ်ခု (သို့) ထိုခေါင်းစဉ်အတွက် အပိုင်း(မော်ကျူး)တစ်ခုကို ပြင်ဆင်ထားပါ။

(၃) ရွေးချယ်ထားသည့်ဆောင်ရွက်ချက် ၊သို့မဟုတ် ပြင်ဆင်ထားသည့် အပိုင်း(မော်ကျူး)ကို အသုံးပြုကာ ထိုခေါင်းစဉ်ကို ဆွေးနွေးရာတွင် လက်တွေ့လုပ်ရမည့်အချိန်တချိန်ကို ဦးဆောင်ပါ။

(၄) အခြားပါဝင်သူများနှင့် ပံ့ပိုးကူညီသူများက အပိုင်း(မော်ကျူး)နှင့် သင်ပေးသူဆွေးနွေးသွားသည့် ခေါင်းစဉ်အပေါ် တွင် ကောက်နှုတ်ချက်နှင့် ဝေဖန်ချက်များပေးပါ။

(၅) ပံ့ပိုးကူညီသူများက CEPA ခေါင်းစဉ်တစ်ခုလုံးကို စုစည်းလေ့လာ၍ ဆွေးနွေးခြင်းကိုနိဂုံးချုပ်ပါ။

အောက်ခြေစာညွှန်း

[1] Dean of the College of Social Sciences, University of the Philippines Baguio,

[2] Prepared by Dr. Raymundo Rovillos. He shared the module which he designed for indigenous educators.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



[redacted]

**ABS** — Access and Benefit Sharing
ပိုင်ဆိုင်ခွင့်နှင့် အကျိုးအမြတ်ခွဲဝေခြင်း။

**AFOLU** — Agriculture, Forestry and Other Land Use
စိုက်ပျိုးရေး၊ သစ်တောဌာနနှင့် အခြားသော မြေယာအသုံးပြုပုံ။

**AIA** — Advance Information Agreement
အဆင့်မြင့်သတင်းအချက်အလက်များ သဘောတူညီချက်။

**AIWN** — Asian Indigenous Women's Network
အာရှ ဌာနေတိုင်းရင်းသူများ၏ ကွန်ယက်။

**AIWO** — African Indigenous Women's Organisation
အာဖရိကန် ဌာနေတိုင်းရင်းသူများ၏ အဖွဲ့အစည်း။

**AMAN** — Aliansi Masyarakat Adat Nusantara
အင်ဒိုနီးရှားနိုင်ငံ ဌာနေတိုင်းရင်းသား ကွန်ယက်။

**CBD** — Convention on Biological Diversity
ကမ္ဘာ့ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူစာချုပ်။

**CCA** — Cultural Conservation Act
ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ခြင်း ဥပဒေ။

**CDM** — Clean Development Mechanism
သန့်ရှင်းသောဖွံ့ဖြိုးမှု ယန္တယား။

**CEPA** — Communication, Education and Public Awareness
ဆက်သွယ်ရေး၊ ပညာပေးရေးနှင့် လူထုသတိပြုမှု။

**CERs** — Certified Emissions Reductions
သက်သေပြထားပြီးသော ဓါတ်ငွေ့ထုတ်လွှင့်မှုလျှော့ချခြင်းများ။

**CHM** — Clearing House Mechanism
သတင်းအိမ်၊ တိုင်းပြည်တစ်ခုရှိ ညီလာခံနှင့်ဆက်ဆိုင်သည့် သတင်းအချက်အလက်ဖော်ပြထားသည့် ဝက်ဆိုဒ်(အင်တာနက်စာမျက်နှာ)။

**CIHR** — Conservation Initiative on Human Rights
လူ့အခွင့်အရေးများ ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ ရှေ့ဦးဆောင်ရွက်ချက်များ။

**CITES** — Convention on International Trade in Endangered Species
ရှားပါးမျိုးစိတ်များကို နိုင်ငံတကာ ကုန်သွယ်ရေးဆိုင်ရာ အဖွဲ့ချုပ်။

**COP** — Conference of the Parties
ပါတီများညီလာခံ (သို့မဟုတ်) အဖွဲ့ဝင်နိုင်ငံများ ညီလာခံ။

**CSD** — Commission on Sustainccble Development
ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ကော်မရှင်။

**DENR** — Department of Environment and Natural Resources
ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဌာန။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ECO SOC | Economic and Social Council<br>စီးပွားရေးနှင့် လူမှုရေးကောင်စီ။ |
| EPA | Environmental Protectioin Agency<br>သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေး အေဂျင်စီ။ |
| EU | European Union<br>ဥရောပသမဂ္ဂ။ |
| FCPF | Forest Carbon Partnership Facility<br>သစ်တောကာဗွန် ဆောင်ရွက်မှုတွင် လက်တွဲပါဝင်သူများအတွက် အထောက်အပံ့။ |
| FPIC | Free, Prior and Informed Consent<br>လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း။ |
| FPP | Forest Peoples Programme<br>သစ်တောပြည်သူများ အစီအစဉ်။ |
| GBO | Global Biodiversity Outlook<br>ကမ္ဘာ့ဇီဝမျိုးကွဲအမြင်။ |
| GE | Genetic Engineering<br>ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲခြင်းအမြင်။ |
| GEF | Global Environment Facility<br>ကမ္ဘာ့ပတ်ဝန်းကျင် ငွေကြေးရန်ပုံငွေအဖွဲ့။ |
| GHG | Greenhouse gas<br>ဖန်လုံအိမ် အာနိသင်ဓါတ်ငွေ့။ |
| GMO | Genetically Modified Organisms<br>မျိုးဗီဇ ပြုပြင်ပြောင်းလဲထားသောနည်းများ။ |
| GURTs | Genetic Use Restriction Technoogies<br>မျိုးဗီဇ အသုံးပြုမှုဆိုင်ရာတားမြစ်ခြင်း နည်းပညာများ။ |
| IAIPTF | International Alliance of Indigenous and Tribal Peoples of Tropical Forest<br>အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနှင့် အပူပိုင်းဇုန်သစ်တောရှိ မျိုးနွယ်စုများ မိတ်ဖက်အဖွဲ့။ |
| ICCAs | Indigenous and Community Conserved Areas<br>ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူ့အုပ်စုတို့၏ကာကွယ်ထိန်းသိမ်းဧရိယာများ။ |
| IEN | Indigenous Environmental Network<br>ဌာနေတိုင်းရင်းသားများ ပတ်ဝန်းကျင်ဆိုင်ရာကွန်ယက်။ |
| IIFB | International Indigenous Forum on Biodiversity<br>အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများ၏ ဇီဝမျိုးစုံမျိုးကွဲခြင်းအစည်းအဝေးကြီး။ |
| IPFCC | International Indigenous Peoples Forum on Climate Change<br>ရာသီဥတုပြောင်းလဲမှု အတွက် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ပြည်သူ့ဖိုရမ်။ |
| IITC | International Indian Treaty Council<br>အပြည်ပြည်ဆိုင်ရာ အိန္ဒိယစာချုပ်ကောင်စီ။ |
| IK | Indigenous Knowledge<br>ဌာနေတိုင်းရင်းသားများ၏ ဗဟုသုတ။ |

www.burmeseclassic.com

www.burmeseclassic.com



ILCS Indigenous and Local Communities
ဌာနေတိုင်းရင်းသားများနှင့် ဒေသခံကျေးလက်ပြည်သူအုပ်စုများ။

ILO International Labor Organization
အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း။

IN BRAPI Insituto Indigena Brasileiro para Propriedade Intelectual

IPCB Indigenous Peoples Council on Biocolonialism
ဇီဝနယ်ချဲ့မှုအတွက် ဌာနေတိုင်းရင်းသားလူမျိုးများ ကောင်စီ။

IPCCC Indigenous Peoples Coordinating Committee on Conservation
ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဌာနေတိုင်းရင်းသားများမှ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ။

IPR Intellectual Property Rights
ဉာဏမူပိုင်ခွင့်များ။

IPRA Indigenous Peoples Rights Act
ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဥပဒေ။

IUCN World Conservation Union
ကမ္ဘာ့ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးသမဂ္ဂ။

IWBN Indigenous Women's Biodiversity Network
ဇီဝမျိုးစုံမျိုးကွဲခြင်းဆိုင်ရာ ဌာနေတိုင်းရင်းသူများ ကွန်ယက်။

IWGIA International Work Group for Indigenous Aggairs
ဌာနေတိုင်းရင်းသားများ၏ အရေးကိစ္စများဆိုင်ရာ နိုင်ငံတကာအလုပ်အမှုဆောင်အဖွဲ့။

IYB International Year of Biodiversity
အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနှစ်။

JI Joint Implementation
တွဲဖက်အကောင်အထည်ဖော်ခြင်း။

KP Kyoto Protocol
ကျိုတို သဘောတူညီချက်။

LULUCF Land Use and Land Use Change and Forest
မြေအသုံးပြုခြင်းနှင့် မြေယာအသုံးချမှု ပြောင်းလဲခြင်းနှင့် သစ်တော။

MEAs Multilateral Environmental Agreements
ပတ်ဝန်းကျင်ဆိုင်ရာ အများသဘောတူညီချက်များ။

MRDC Montanosa Research and Development Center
မွန်တာနိုဆာ သုတေသနနှင့် ဖွံ့ဖြိုးရေး စင်တာ။

MRP Muyong Resources Permit
မူယုံအရင်းအမြစ်များ ခွင့်ပြုချက်။

NAMAs National Adaptation and Mitigation Action
ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမျိုးသားအဆင့် လျော့ချခြင်း လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်။

NAPAs National Adaptation Programmes of Action
ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမျိုးသားအဆင့် လိုက်လျောညီထွေ ဆောင်ရွက်မှု အစီအစဉ်

www.burmeseclassic.com

www.burmeseclassic.com



**NBSAP** — National Biodiversity Strategy and Action Plans
ဇီဝမျိုးစုံမျိုးကွဲခြင်းဆိုင်ရာ အမျိုးသား အဆင့်မဟာဗျူဟာနှင့် လုပ်ရှားမှုစီမံချက်များ။

**NCIV** — Netherlands Centre for Indigenous Peoples
ဌာနေတိုင်းရင်းသားများဆိုင်ရာ နယ်သာလန်စင်တာ။

**NFP** — National Focal Point
အမျိုးသားအဆင့် အဓိကတာဝန် အပ်နှင်းခံရသူ / အဖွဲ့အစည်း။

**NGOs** — Non-Government Organizations
အစိုးရမဟုတ်သောအဖွဲ့အစည်းများ။

**PAs** — Protected Areas
ကာကွယ်တောဧရိယာများ

**PACOS** — Partners of Community Organization
ဒေသခံအဖွဲ့စည်းများ၏ မိတ်ဖက်အဖွဲ့အစည်း။

**PIC** — Prior Informed Consent
ကြိုတင်အကြောင်းကြားပြီးသော သဘောတူညီချက်။

**POPS** — Persistent Organic Pollutants
အမြဲမပျက်မစီးရှိသောအော်ဂဲနစ် ညစ်ညမ်းစေသည့် ဝတ္ထုများ။

**PoW** — Program of Work
လုပ်ငန်းအစီအစဉ်။

**PoWPA** — Program of Work on Protected Areas
ကာကွယ်တောဧရိယာများရှိ လုပ်ငန်းအစီအစဉ်။

**RAIPON** — Russian Association of Indigenous Peoples of the North
မြောက်ဖက်ပိုင်း ဌာနေတိုင်းရင်းသားများဆိုင်ရာ ရုရှားအစည်းအရုံး။

**REDD** — Reducing Emissions from Deforestation and Forest Degradation
သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းစားကျဆင်းမှုမှ ကာဗွန်ထုတ်လုပ်မှုကို လျော့ချခြင်း။

**SBSTTA** — Subsidiary Body on Scientific, Technical and Technological Advice
သိပ္ပံနည်းကျနည်းပညာနှင့်နည်းပညာဆိုင်ရာအကြံပေးအထောက်အကူပြုအဖွဲ့။

**TEK** — Traditional Ecological Knowledge
ဂေဟဗေဒဆိုင်ရာ ရိုးရာဗဟုသုတ။

**TWN** — Third World Network
တတိယ ကမ္ဘာ့ကွန်ယက်။

**UN** — United Nations
ကမ္ဘာ့ကုလသမဂ္ဂ။

**UNCCD** — United Nations Convention to Combat Desertification
ကမ္ဘာ့ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုဆိုင်ရာတိုက်ဖျက်ခြင်း သဘောတူစာချုပ်။

**UNCED** — United Nations Conference on Environment and Development
ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံ။

**UNCHE** — United Nations Conference on the Human Environment
ကမ္ဘာ့ကုလသမဂ္ဂလူသားပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံ။

**UNCLOS** — United Nations Convention on the Law of the Sea
ကမ္ဘာ့ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ သဘောတူစာချုပ်။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| UNCTAD | United Nations Conference on Trade and Development<br>ကမ္ဘာ့ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံ။ |
| UNESCO | United Nations Educational, Scientific and Cultural Organization<br>ကမ္ဘာ့ကုလသမဂ္ဂ ပညာပေးရေး၊ သိပ္ပံနည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း။ |
| UNDRIP | United Nations Declaration on the Rights of Indigenous Peoples<br>ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်း |
| UNEP | United Nations Environment Programme<br>ကမ္ဘာ့ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်။ |
| UNFAO | United Nations Food and Agriculture Organization<br>ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း။ |
| UNFCCC | United Nations Framework Convention on Climate Change<br>ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ။ |
| UNFF | United Nations Forum on Forests<br>ကမ္ဘာ့ကုလသမဂ္ဂ သစ်တောများဆိုင်ရာ ဖိုရမ်။ |
| UNPFII | UN Permanent Forum on Indigenous Issues<br>ဌာနေတိုင်းရင်းသားများအရေးကိစ္စဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အမြဲတမ်းဖိုရမ်။ |

| | |
|---|---|
| UNRISD | United Nations Research Institute on Social Development<br>ကမ္ဘာ့ကုလသမဂ္ဂလူမှုဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနအဖွဲ့အစည်း။ |
| WGIP | Working Group on Indigenous Populations<br>ဌာနေတိုင်းရင်းသားများလူဦးရေဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီ။ |
| WGRI | Working Group to Review Implementation<br>လုပ်ငန်းအကောင်အထည်ဖော်မှု ပြန်လည်ဆန်းစစ်ရေးဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီ။ |
| WIPO | World Intellectual Property Organization<br>ကမ္ဘာ့ဉာဏမူပိုင်ခွင့်အဖွဲ့အစည်း။ |
| WSSD | World Summit on Sustainable Development<br>ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကမ္ဘာ့ညီလာခံ။ |
| WTO | World Trade Organization<br>ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း။ |
| WWF | World Wide Fund<br>ကမ္ဘာ့သားရဲတိရစ္ဆာန်ငွေကြေးရန်ပုံငွေ အဖွဲ့။ |
| WWW | World Wide Web<br>ကမ္ဘာ့အွန်လိုင်းကွန်ယက်။ |

www.burmeseclassic.com